ထရန်စ်နေရှင်နယ်အင်စတီကျူ

(Transnational Institute)

# လက်လွတ်ဆုံးရှုံးမှုကိုဆက်လက်ရှင်သန်တိုးပွားစေခြင်း

## မြန်မာနိုင်ငံမြောက်ပိုင်းရှိ

## တရုတ်၏ဘိန်းအစားထိုးအစီအစဉ်

**တီအင်န်အိုင်**

**(TNI)**

**ရေးသားသူများ**
Tom Kramer နှင့် Kevin Woods

Amira Armiente, Tom Blickman, Jennifer Franco နှင့်ဒေသခံသုတေသီများ၏ကူညီပံ့ပိုးမှုများနှင့် အတူ။

**အယ်ဒီတာ**
Guido Jelsma, www.guidojelsma.nl

**ဓာတ်ပုံများ**
Tom Kramer
Kevin Woods
SKT
နှင့်အခြားသောဒေသခံသုတေသီများ

**မျက်နှာဖုံးဓာတ်ပုံ**
ယခင်‘ဝ’ဘိန်းစိုက်တောင်သူတစ်ဦးရာဘာစေးမည်သို့ခြစ်ယူသည်ကိုလေ့လာနေစဉ်

**ပုံနှိပ်ခြင်း**
Drkkerij Primavera Quint
အမ်စတာဒမ်


**ဆက်သွယ်ရန်**
ထရန်စ်နေရှင်နယ်အင်စတီကျု (Transnational Institute, TNI)
မူးယစ်ဆေးဝါးနှင့်ဒီမိုကရေစီအစီအစဉ် (Drugs & Democracy Programme)
စာတိုက်သေတ္တာအမှတ် ၁၄၆၅၆၊ ၁၀၀၁ အယ်လ်ဒီ အမ်စတာဒမ်
နယ်သာလင်
တယ်လီဖုန်း-+၃၁-၂၀-၆၆၂၆၆၀၈
ဖက်စ်-+၃၁-၂၀-၆၇၅၇၁၇၆
အီးမေးလ်-drugs@tni.org
www.tni.org/drugs
www.ungassondrugs.org
အမ်စတာဒမ်၊ဖေဖော်ဝါရီလ

# အတိုကောက်စာလုံးများစာရင်း

| | |
|---|---|
| အေအက်စ်အီးအေအင်န် | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| အေတီအက်စ် | အမ်ဖက်တမင်းအမျိုးအစားစိတ်ကြွဆေးများ |
| အေဒဗလျူဘီ | အာရှမနဘဏ် |
| ဘီဂျီအက်ဖ် | နယ်ခြားစောင့်တပ်ဖွဲ့ |
| ဘီအက်စ်ပီပီ | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ |
| စီပီဘီ | ဗမာပြည်ကွန်မြူနစ်ပါတီ |
| အိုင်ဒီယူ | မူးယစ်ဆေးအကြောထဲထိုးသွင်းသုံးစွဲသူ |
| အက်ဖ်ဒီအိုင် | နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု |
| ကေဒီအေ | ကချင်ကာကွယ်ရေးတပ်မတော် |
| ကေအိုင်အေ | ကချင်လွတ်လပ်ရေးတပ်မတော် |
| ကေအိုင်အို | ကချင်လွတ်လပ်ရေးအဖွဲ့ |
| ကေအင်န်ပီပီ | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ |
| ကေအင်န်ယူ | ကရင်အမျိုးသားသမဂ္ဂ |
| ကေအက်စ်ပီပီ | ကချင်ပြည်နယ်တိုးတက်ရေးပါတီ |
| အမ်မ်အင်န်ဒီအေအေ | မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ်တပ်ပေါင်းစုတပ်မတော်(ကိုးကန့်) |
| အင်န်ဒီအက်ဖ် | အမျိုးသားဒီမိုကရက်တစ်တပ်ဦး |
| အင်န်အယ်လ်ဒီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| အင်န်အမ်မ်အက်စ်ပီ | မွန်ပြည်သစ်ပါတီ |
| အင်န်အင်န်စီစီ | အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်(တရုတ်) |
| အင်န်ဒီအေအေ | အမျိုးသားဒီမိုကရက်တစ်တပ်ပေါင်းစုတပ်မတော်(မိုင်းလား) |
| အင်န်ဒီအေ-ကေ | ဒီမိုကရက်တစ်တပ်မတော်သစ်-ကချင် |
| ပီအင်န်အို | ပအိုဝ့်အမျိုးသားအစည်းအရုံး |
| ပီအက်စ်အယ်လ်အို | ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ |
| အက်စ်အယ်လ်အိုအာရ်စီ | နိုင်ငံတော်တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| အက်စ်ပီဒီစီ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ |
| အက်စ်အက်စ်အေမြောက် | ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော်မြောက်ပိုင်း |
| အက်စ်အက်စ်အေတောင် | ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော်တောင်ပိုင်း |
| အက်စ်အက်စ်ပီပီ/အက်စ်အက်စ်အေ | ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် |
| ယူအင်န်အိုဒီစီ | ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး |
| ယူအက်စ်ဒီပီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ယူဒဗလျူအက်စ်အေ | ‘ဝ’ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် |

# မာတိကာ

**အကျဉ်းချုပ်** ၇

မြေပုံ၊မြန်မာနိုင်ငံ-ပြည်နယ်နှင့်တိုင်းဒေသကြီးများ

**နိဒါန်း** ၁၃

**မြန်မာပြည်မြောက်ပိုင်းရှိသဘာဝသယံဇာတများ၊မူးယစ်ဆေးဝါးနှင့်ပဋိပက္ခများ** ၁၇

လူမျိုးရေးပဋိပက္ခနှင့်ပြည်တွင်းစစ် ၁၇

အပစ်အခတ်ရပ်စဲရေးရာစီးပွားရေး ၁၈

သဘာဝသယံဇာတများထုတ်ယူခြင်း ၁၉

မြန်မာနိုင်ငံတွင်းဘိန်းထုတ်လုပ်မှု ၂၀

ဘိန်းစိုက်ပျိုးမှုအသစ်တဖန်တိုးတက်လာခြင်း ၂၂

မူးယစ်ဆေးဝါးများနှင့်ပဋိပက္ခ ၂၄

စစ်သို့မဟုတ်ငြိမ်းချမ်းရေးလား ၂၆

မြန်မာနိုင်ငံ၏နိုင်ငံရေးမြင်ကွင်းသစ် ၂၈

၂၀၁၁ ခုနှစ်မှအစပြုသည့် နိုင်ငံတော်-တိုင်းရင်းသားလူမျိုးစုအဖွဲ့ဆက်ဆံရေးများ ၂၉

ကြာရှည်ခံမည့်ပြုပြင်ပြောင်းလဲရေးလား ၃၂

**တရုတ်၏ပြည်တွင်းနှင့်ပြည်ပမူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးစစ်ပွဲ** ၃၄

တရုတ်နိုင်ငံတွင်းမူးယစ်ဆေးဝါးသုံးစွဲမှု ၃၄

အိပ်ချ်အိုင်ဗွီနှင့်အေအိုင်ဒီအက်စ်ရောဂါတိုးတက်လာခြင်း ၃၅

တရုတ်နိုင်ငံ၏ဘိန်းအစားထိုးအစီအစဉ် ၃၈

အစားထိုးဖွံ့ဖြိုးတိုးတက်မှုမှရရှိသောသင်ခန်းစာများ ၄၂

တောင်အမေရိကတွင်ကိုကာအစားထိုးခြင်းအစီအစဉ် ၄၃

တရုတ်၏အရင်းအမြစ်နှင့်ကုန်သွယ်ရေးသံခင်းတမန်ခင်း ၄၅

တရုတ်လယ်ယာစိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုအတွက်တွန်းအားပေးမှု ၄၉

မြစ်ဆုံဆည်တည်ဆောက်မှုဆိုင်းငံ့ခြင်း ၅၀

**မြေ - အန္တိမနယ်ပယ်** **၅၂**

မြန်မာနိုင်ငံရှိစီးပွားရေးအသွင်ပြောင်းလဲမှု ၅၂

မြေယာဖွံ့ဖြိုးတိုးတက်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဥပဒေများ ၅၄

မြေယာပြုပြင်ပြောင်းလဲမှု၏အနာဂတ် ၅၆

ခြိမ်းခြောက်ခံလုပ်ကွက်ကျဉ်းတောင်သူလယ်သမားများ ၅၈

စိုက်ပျိုးရေးလုပ်ပိုင်ခွင့်ဆောင်ရွက်မှုမှုအပေါ် စိန်ခေါ်မှုများ ၆၂

ကမ္ဘာတစ်ဝှမ်းမြေယာသိမ်းဆည်းရယူခြင်း ၆၅

**မြန်မာပြည်မြောက်ပိုင်းမှရာဘာစိုက်ပျိုးရေးတစ်ဟုန်ထိုးတိုးတက်မှု** **၇၀**

ရာဘာစိုက်ပျိုးမှုကိန်းဂဏန်းများ ၇၀

ရင်းနှီးမြှုပ်နှံမှုပုံစံအသွင်သဏ္ဌာန်များ ၇၃

စီးပွားရေးမဟာမိတ်များ ၇၆

တောင်သူလယ်သမားအပေါ် သက်ရောက်မှု ၇၈

"ယုံချင်ယုံမယုံချင်နေ" ၇၈

ရွှေ့ပြောင်းခြင်းနှင့်အခစားလုပ်အား ၈၀

သဘာဝပတ်ဝန်းကျင်ဆိုင်ရာနောက်ဆက်တွဲအကျိုးသက်ရောက်မှုများ ၈၃

တရုတ်ရာဘာစိုက်ပျိုးခြင်းများ၏ဆိုးကျိုး ၈၄

**ကချင်ပြည်နယ်တွင်းမြေယာအသွင်ပြောင်းလဲမှု** **၈၆**

အိမ်နီးချင်းနိုင်ငံများ၏အခန်းကဏ္ဍ ၈၇

ပဋိပက္ခတွင်ပါဝင်သူဇာတ်ကောင်များ ၈၈

ကချင်ပြည်နယ်ရှိဘိန်းအစားထိုးစီမံကိန်းများ၏တရုတ်ပို့ကုန်ခွဲတမ်း ၉၁

စိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်များ ၉၁

လုပ်ပိုင်ခွင့်ဖြစ်ရပ်များကိုလေ့လာခြင်း ၉၅

တရုတ်နိုင်ငံဘိန်းအစားထိုးစီမံကိန်းအပေါ် ကေအိုင်အို၏ရပ်တည်မှုသဘောထားစာလွှာ ၉၇

ခယာဒေသလုပ်ငန်းလုပ်ပိုင်ခွင့်အားလေ့လာခြင်း ၁၀၁

ယူနန်ပြည်နယ်၊ ပေါက်ရှန်းမြို့အစိုးရနှင့်အင်ဒီအေ-ကေတို့အကြားသဘောတူညီချက် ၁၀၅

စံပြလဘက်စိုက်ခင်းအတွက်တရုတ်-မြန်မာသဘောတူညီချက် ၁၀၇

**မြေပုံ၊မြန်မာနိုင်ငံ-ကချင်ပြည်နယ်**

ဟူးကောင်းချိုင့်ဝှမ်းဒေသတွင်မြေယာသိမ်းယူခြင်း ၁၀၈

## ရှမ်းပြည်နယ်မှရွှေဖြူ ၁၁၁

အိမ်နီးချင်းနိုင်ငံများ၏အခန်းကဏ္ဍ ၁၁၂

ပဋိပက္ခတွင်ပါဝင်သူဇာတ်ကောင်များ ၁၁၄

ရာဘာလုပ်ငန်းလုပ်ပိုင်ခွင့်များ ၁၁၇

စိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်များ၏ပမာဏ ၁၁၈

ဟောင်ယုဂရုပ်ကုမ္ပဏီ ၁၂၁

'ဝ'ရာဘာတော်လှန်ရေး ၁၂၃

စားနပ်ရိက္ခာဖူလုံရေး ၁၂၄

'ဝ'စီးပွားရေးပုံစံ ၁၂၅

အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု ၁၂၆

**မြေပုံ၊မြန်မာနိုင်ငံ-ရှမ်းပြည်နယ်**

လက်လွတ်ဆုံးရှုံးမှု ၁၂၇

စိုက်ပျိုးရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုနိုင်ငံရေး ၁၂၈

ရာဘာလုပ်ငန်းလုပ်ပိုင်ခွင့်ဖြစ်ရပ်လေ့လာမှုများ ၁၃၀

ရာဘာစိုက်ခင်းများရှိလုပ်အားစု ၁၃၂

ရှမ်းပြည်နယ်ရှိဘိန်းအစားထိုးစီမံကိန်းများမှတရုတ်သွင်းကုန်ခွဲတမ်း ၁၃၃

## နိဂုံးနှင့်အကြံပြုချက်များ ၁၃၅

## ရှင်းလင်းချက် ၁၄၃

## ကျမ်းကိုးစာရင်း ၁၆၁

## အကျဉ်းချုပ်

မြန်မာနိုင်ငံ ြမြောက်ပိုင်းနယ်စပ်ဒေသများသည် လွန်ခဲ့သည့်ဆယ်စုနှစ်ခုအတွင်း ကြီးမားလှသည့်အပြောင်းအလဲများကို ကြုံတွေ့ဖြတ်သန်းခဲ့ကြရသည်။ ဆယ်စုနှစ်ချီကြာရှည်သောစစ်ပွဲများအပြီး ၁၉၈၀ ပြည့်နှစ်များအကုန်ပိုင်းနှင့် ၁၉၉၀ ပြည့်နှစ်များ၏အစောပိုင်းကာလများတွင် တပ်မတော်အစိုးရနှင့်ဆန့်ကျင်ဘက်လက်နက်ကိုင်အဖွဲ့အသီးသီးများအကြားတွင် ဒေသခံပြည်သူများကိုသက်သာရာရစေသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကို တစ်ခုပြီးတစ်ခုရရှိခဲ့ကြသော်လည်း စစ်ပွဲများ၏အဆုံးသတ်နိဂုံးက ပြည်သူများ၏ဘဝနှင့်သက်မွေးဝမ်းကျောင်းမှုများကို ထိခိုက်စေပြီး ရေရှည်အကျိုးမရှိသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကိုလည်းလမ်းပြခေါ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် မကြာသေးမီကဖြစ်ပေါ်ခဲ့သော နိုင်ငံရေးဖြစ်ထွန်းတိုးတက်မှုများအပေါ် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းမှ အဓိကအာရုံစိုက်နေကြချိန်ဝယ် တိုင်းရင်းသားလူမျိုးစုများနေထိုင်ကြရာ သဘာဝသယံဇာတပေါများကြွယ်ဝလှသည့် မြောက်ပိုင်းနယ်စပ်ဒေသများတွင် ရုတ်ခြည်းဖြစ်ပေါ်နေသော လူမှုစီးပွားပြောင်းလဲမှုများ၏အရေးပါမှုကို ယခုအစီရင်ခံစာက အသားပေးတင်ပြထားခြင်းဖြစ်သည်။

အပြန်အလှန်ဆက်နွယ်နေကြသော အဓိကဖြစ်ပေါ်ပြောင်းလဲမှုသုံးမျိုးသည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်အတွင်း တစ်ပြိုင်နက်တည်းဖြစ်ပွားလျက်ရှိသည်။ ၎င်းတို့မှာ (၁) ဆယ်စုနှစ်တစ်ခုကြာ ပုံမှန်ကျဆင်းနေခဲ့ရာမှ ၂၀၀၆ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအတွင်းဘိန်းစိုက်ပျိုးမှုတိုးတက်လာခြင်း၊ (၂) တစ်ချိန်တည်းလိုလိုမှာပင် တရုတ်နိုင်ငံ၏ဘိန်းအစားထိုးအစီအစဉ်၊ အထူးသဖြင့်ရာဘာစိုက်ပျိုးရေးအစီအစဉ်ဖြင့် မြန်မာနိုင်ငံမြောက်ပိုင်း၌ တရုတ်စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်းနှင့်၊ (၃) ဆက်စပ်၍မြန်မာနိုင်ငံမြောက်ပိုင်းနယ်စပ်ဒေသများ၌ဒေသခံတို့၏ မြေယာနှင့်အသက်မွေးဝမ်းကျောင်းမှုများကိုလက်လွတ်ဆုံးရှုံးမှုတိုးပွားလာခြင်းတို့ဖြစ်ကြသည်။ ၂၀၀၀ ခုနှစ်များအလယ်မှစတင်၍ မြန်မာနိုင်ငံမြောက်ပိုင်း၌ တစ်ဆက်တစ်စပ်တည်းဖြစ်ပေါ်နေသော မြေယာရင်းနှီးမြှုပ်နှံမှုနှင့်မူးယစ်ဆေးဝါးထုတ်လုပ်မှုပုံစံများသည် နိုင်ငံတစ်ဝှမ်းမြန်မာနှင့်နိုင်ငံခြားသားပိုင်စက်မှုစိုက်ပျိုးရေးလုပ်ပိုင်ခွင့်များ အရှိန်အဟုန်ဖြင့် တိုးတက်လာနေသည့် နောက်ခံဖြစ်ရပ်ပေါ်တွင်အခြေပြုနေသည်။

တစ်ချိန်က ကမ္ဘာ့ဘိန်းအများဆုံးထုတ်လုပ်သည့် မြန်မာနိုင်ငံ၏ဘိန်းစိုက်ပျိုးမှုသည် ၁၉၉၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ပုံမှန်လျော့နည်းကျဆင်းခဲ့သည်။ ဤသို့ဘိန်းစိုက်ပျိုးမှုကျဆင်းရသည့် အရေးအကြီးဆုံးအကြောင်းရင်းမှာ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အပစ်ရပ်အဖွဲ့များ၏အဓိကဘိန်းစိုက်ပျိုးရာဒေသများတွင် ဘိန်းစိုက်ပျိုးမှုတားဆီးပိတ်ပင်မှုအချို့ကြောင့်ဖြစ်သည်။ ဆယ်စုနှစ်များစွာကြာမြင့်ခဲ့သည့် စစ်ပွဲနှင့်အထီးကျန်သီးခြားရပ်တည်မှုများနောက်ပိုင်းတွင် အဆိုပါအပစ်ရပ်အဖွဲ့များသည် အပြည်ပြည်ဆိုင်ရာမှနိုင်ငံရေးအရ အသိအမှတ်ပြုလာရေး၊ ချွတ်ခြုံကျလျက်ရှိသော ၎င်းတို့၏ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီရရှိရေးတို့ကိုမျှော်လင့်ခဲ့ကြသည်။ အလေးထားသုံးသပ်မှုနည်းသော်လည်း အခြားအရေးပါသောအကြောင်းတစ်ခုမှာ ကမ္ဘာ့ဈေးကွက်အနေအထားပင်ဖြစ်သည်။ ၁၉၉၀ ခုနှစ်များအတွင်း မြန်မာနိုင်ငံမှလာသော မူးယစ်ဆေးဝါးများကိုအမေရိကန်နှင့်ဥရောပဈေးကွက်များတွင် ကိုလံဘီယာနှင့်အာဖဂန်နစ္စတန်နိုင်ငံများမှလာသော ဘိန်းဖြူများကအား လုံးနီးပါးလိုလိုအစားထိုးနေရာဝင်ယူခဲ့သည်။ ထို့အပြင်အမ်ဖက်တမင်းမျိုးအစားစိတ် ကြွဆေး (အေတီအက်စ်) ထုတ်လုပ်မှုသည်လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း သိသိသာသာ ပင်တိုးတက်လာခဲ့သည်။

သို့သော် ၂၀၀၆ ခုနှစ်မှစ၍ မြန်မာ၊ လာအိုနှင့်ထိုင်းနိုင်ငံတို့ပါဝင်သော ရွှေတြိဂံဒေသအတွင်း ဘိန်းစိုက်ပျိုးမှုနှစ်ဆမြင့်တက်လာခဲ့သည်။ အဓိကတိုးတက်လာသည့်ဒေသမှာ မြန်မာနိုင်ငံ၊ အထူးသဖြင့် ရှမ်းပြည်နယ်တွင်ဖြစ်သည်။ အခြားနိုင်ငံများဖြစ်သော လာအိုနှင့်အာဖဂန်နစ္စတန်နိုင်ငံများမှာကဲ့သို့ပင် ဆင်းရဲနွမ်းပါးမှုသည် မြန်မာနိုင်ငံဘိန်းစိုက်ပျိုးမှုအား သတ်မှတ်ပြဋ္ဌာန်းပေးသည့် အဓိကအချက်ပင်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုသည် ဝင်ငွေနှင့်အပြန်အလှန်ဆက်စပ်ပြောင်း

လဲသည့်လုပ်ငန်းရပ်တစ်ခုမျှသာလျှင်မဟုတ်ဘဲ၊ ၄င်းတွင် လူသားတို့ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်စွမ်းကိုအဓိပ္ပါယ်ဖွင့်ဆိုပေးသည့် လူမှုစီးပွားနှင့်လုံခြုံမှုဆိုင်ရာအကြောင်းရင်းများစွာပါဝင်လျက်ရှိသည်။

မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းနှင့်တို့အတူယင်းတို့နှင့်ဆက်စပ်နေသည့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကဲ့သို့သော ကူးစက်ရောဂါများသည် တရုတ်နိုင်ငံအတွက်အရေးပါလှသည့် လုံခြုံရေးနှင့်ကျန်းမာ ရေးဆိုင်ရာပြဿနာများဖြစ်ကြသည်။ တရုတ်နိုင်ငံပြည်တွင်းဈေးကွက်မှ ဘိန်းနှင့်ဘိန်းဖြူအများစုသည် မြန်မာနိုင်ငံမှစတင်မြစ်ဖျားခံလာခြင်းဖြစ်ကြသည်။ တရုတ်နိုင်ငံတွင်မူးယစ်ဆေးဝါးသုံးစွဲမှု အထူးသဖြင့် မူးယစ်ဆေးကိုအကြောတွင်းသို့ထိုးသွင်းသုံးစွဲမှုသည် လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုအတွင်း သိသိသာသာပင်တိုးတက်လာခဲ့သည်။ တရုတ်အစိုးရအနေဖြင့် အဆိုပါပြဿနာအားမက်သဒုံးကုထုံးနှင့်ဆေးထိုးအပ်အသစ်လဲလှယ်ပေးခြင်းစသည့် အငြင်းပွားဖွယ်ရာအန္တရာယ်လျော့ချရေးအစီအစဉ်များကိုလက်ခံကျင့်သုံး၍ကိုင်တွယ်ဖြေရှင်းခဲ့သည်။ အခြားတစ်ဖက်တွင်လည်း မူးယစ်ဆေးဝါးကုန်သည်များအားကွပ်မျက်ခြင်း၊ မူးယစ်ဆေးစွဲသူများအား မဖြစ်မနေဆေးကုသပေးသည့်စခန်းများသို့ အတင်းအကျပ်စေလွှတ်ကုသစေခြင်းစသည့် တင်းကျပ်သည့်အပြစ်ပေးအရေးယူမှုများကိုဆက်လက်ဆောင်ရွက်ဆဲဖြစ်သည်။

ပြည်တွင်းမူးယစ်ဆေးဝါးသုံးပြဿနာအားဖြေရှင်းရန်ကြိုးပမ်းနေသည့်အပြင် တရုတ်အစိုးရသည် ဒေသအတွင်းဘိန်းစိုက်ပျိုးမှုလျှော့ချရေးအတွက်လည်းကြိုးပမ်းခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် မြန်မာနှင့်လာအိုနိုင်ငံများအတွက် ဘိန်းအစားထိုး ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်ကို ယူနန်ပြည်နယ်မှအတည်ပြုခဲ့ပြီး ဘိန်းအစားထိုးအထူးရန်ပုံငွေတစ်ရပ်ကိုလည်းမတည်ခဲ့သည်။ ထိုအချိန်မှစ၍ တရုတ်အစိုးရသည် ယင်းစီမံချက်ကိုအားပေးခြင်း၊ ထိုစီမံချက်တွင်ပါဝင်လာရေးအတွက် တရုတ်ကုမ္ပဏီများကိုအားပေးလှုံ့ဆော်ခြင်းများကို တက်တက်ကြွကြွဆောင်ရွက်လာခဲ့သည်။ မြန်မာနိုင်ငံမြောက်ပိုင်းတွင် တရုတ်စိုက်ပျိုးရေးလုပ်ငန်းများ အလွန်အမင်းတိုးတက်များပြားလာခြင်းကို တရုတ်ကုမ္ပဏီများအတွက်အထောက်အပံ့များ၊ အခွန်ကင်းလွတ်ခွင့်များ၊သွင်း ကုန်ခွဲတမ်းများကိုရရှိစေသည့် တရုတ်နိုင်ငံဘိန်းအစားထိုးစီမံကိန်းက တိုက်ရိုက်တွန်းအားပေးနေသည်။

အပစ်အခတ်ရပ်စဲရေးအဖွဲ့များ၏ ဘိန်းစိုက်ပျိုးမှုတားဆီးပိတ်ပင်ရေးအား တင်းကျပ်စွာအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ဘိန်းအစားထိုးရေးအတွက်နည်းလမ်းများရှာဖွေကြရာတွင် အပစ်အခတ်ရပ်စဲရေးအဖွဲ့များအနေဖြင့် တရုတ်နိုင်ငံ၏ဘိန်းအစားထိုးအစီအစဉ်မှပံ့ပိုးပေးသော သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းအား အလေးထားဆောင်ရွက်ခဲ့ကြသည်။ အဆိုပါအစီအစဉ်များ၏အဓိကအကျိုးအမြတ်များသည် ယခင်ဘိန်းစိုက်တောင်သူများထံသို့ ဦးတည်ရောက်ရှိခြင်းမရှိဘဲ၊ တရုတ်စီးပွားရေးသမားများနှင့်ဒေသခံအာဏာပိုင်များထံသို့သာ ရောက်ရှိသွားကြသည်။ ထို့ကြောင့် ဤဘိန်းအစားထိုးအစီအစဉ်များသည် တောင်သူများကိုနောက်ထပ်အပယ်ခံဘဝသို့ ကျရောက်သွားစေသည်။ ဘိန်းစိုက်ပျိုးမှုတားဆီးပိတ်ပင်ရေး၏သက်ရောက်မှုများမှသက်သာရာရစေရန် တောင်သူများအားရေရှည်အကျိုးရှိသည့် အစားထိုးသက်လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများအတွက် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏လက်ရှိလုပ်ကိုင်ဆောင်ရွက်နေမှုများသည်လည်း လုံလောက်မှုမရှိသေးဘဲ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဘေးဒုက္ခအကျပ်အတည်းအား တားဆီးပေးသည့်အရေးပေါ်တုန့်ပြန်မှုအဖြစ်မျှသာရှိနေသည်။

မတည်ငြိမ်မှု၏ဇစ်မြစ်ဖြစ်လာနိုင်ဖွယ်ရှိသည့် ဗဟိုချက်နှင့်အစွန်အဖျားဒေသရှိ လူမှုစီးပွားရေးရာမညီမျှမှုအား ကျော်လွှားဖြေရှင်းနိုင်ရန် အရှေ့တောင်အာရှနှင့်ထိစပ်လျှက်ရှိသောတရုတ်နိုင်ငံနယ်စပ်တစ်လျှောက်ရှိစီးပွားရေးတိုးတက်မှုအားတရုတ်နိုင်ငံအစိုးရအဆင့်ဆင့်မှအားပေးပံ့ပိုးလျှက်ရှိကြသည်။ ယူနန်နှင့်ဘေဂျင်းရှိအစိုးရအဆင့်ဆင့်သည်မြန်မာနိုင်ငံနှင့်သယံဇာတ၊ ကုန်သွယ်ရေးနှင့်ပတ်သက်သည့်သံတမန်ဆက်ဆံရေးကိုဆက်ဆံကျင့်သုံးခဲ့ကြသည်။ ၁၉၉၀ ခုနှစ်များအလယ်ပိုင်း ကေအိုင်အိုနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရပြီးချိန်မှစတင်ပြီး ၂၀၀၆ ခုနှစ်၌ နှစ်နိုင်ငံပူးပေါင်း၍

နယ်စပ်ဖြတ်ကျော်သစ်ကုန်သွယ်ရောင်းဝယ်မှုကိုထိန်းချုပ်နှိမ်နင်းခဲ့သည့်အချိန်မတိုင်မီအထိ တရုတ်ကုမ္ပဏီများသည် ကချင်ပြည်နယ်ရှိသစ်တောများကိုခုတ်ယူခဲ့ကြသည်။ ဤတွင်စိုက်ပျိုးမြေယာများသည် တရုတ်နိုင်ငံဗဟိုနှင့်ပြည်နယ် အစိုးရများ၏ပံ့ပိုးမှုကိုရရှိနေကြသော တရုတ်ကုမ္ပဏီများ၏စီးပွားအကျိုးအမြတ်ဆိုင်ရာ အရေးပါသည့်အရင်းအမြစ်တစ်ခုဖြစ်လာခဲ့ကြသည်။ မြန်မာနိုင်ငံမြောက်ပိုင်းနှင့်လာအိုနိုင်ငံတို့တွင် စိုက်ပျိုးလျက်ရှိကြသောသီးနှံများအနက် အဓိကကျသောသီးနှံမှာ စိုက်ပျိုးရေးအတွက်သင့်လျော်သောမြေယာများအကန့်အသတ်ဖြင့်သာကျန်ရှိနေသည့် တရုတ်နိုင်ငံတွင်ဝယ်လိုအားမြင့်မားနေသော ရာဘာသာလျှင်ဖြစ်သည်။

ကုန်းတွင်းပိတ်ယူနန်ပြည်နယ်အနေဖြင့် ဒေသတွင်း 'လိုက်ဖက်ညီ' သည့်ပူးပေါင်းဆောင်ရွက်မှုအားမြင့် တင်အားပေးခြင်းသည် အရေးပါသည့် နိုင်ငံရေးစီးပွားရေးဦးတည်ချက်တစ်ခုပင်ဖြစ်သည်။ သို့သော်လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံ၏သယံဇာတနှင့်ကုန်သွယ်ရေးဆိုင်ရာ သံခင်းတမန်ခင်းဆောင်ရွက်ချက်များသည် တရုတ်ကုမ္ပဏီများအတွက်ရေတိုစီးပွားရေးအကျိုးအမြတ်ကိုသာလျှင် ရရှိစေခဲ့ကြသည်။ အဆိုပါကုမ္ပဏီများ၏ သယံဇာတထုတ်ယူရေးလုပ်ငန်းဆောင်ရွက်ချက်များသည် ဒေသခံများ၏သက်မွေးဝမ်းကျောင်းမှုနှင့်မြေယာလုပ် ပိုင်ခွင့်အာမခံချက်တို့အားခြိမ်းခြောက်လျှက်ရှိကြပြီး၊ သဘာဝပတ်ဝန်းကျင်ကိုလည်းအကြီးအကျယ်ပျက်စီးစေခဲ့ကြသည်။ ၎င်းတို့၏နယ်စပ် ဖြတ်ကျော်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြသည့် တရုတ်ကုမ္ပဏီများ၏နည်းလမ်းကြောင့် တရုတ်နိုင်ငံအစိုးရမှတိုက်တွန်းအားပေးလျက်ရှိသော အိမ်နီးချင်းနိုင်ငံများနှင့် 'လိုက်ဖက်ညီ' ပူးပေါင်းဆောင်ရွက်ရေးဟူသောမူဝါဒအား တရုတ်ကုမ္ပဏီများက အင်အားချည့်နဲ့စေခဲ့ကြသည်။ ကမ္ဘာ့အရှည်ကြာဆုံးပြည်တွင်းစစ်ဖြစ်ပွားလျက်ရှိနေသော နိုင်ငံရေးအရအလွန်ထိလွယ်ခိုက်လွယ်ရှိသည့်ဒေသများ၌ ဒေသခံတပ်မတော်အာဏာပိုင်များနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် အနာဂတ်ပဋိပက္ခများကို ချုပ်ငြိမ်းစေရေးထက် တိုးပွားလာစေနိုင်သောအလားအလာကိုဖန်တီးပေးနေကြသည်။

မြန်မာနိုင်ငံမြောက်ပိုင်းဘိန်းအစားထိုးလုပ်ငန်းတွင် တရုတ်တို့၏ဆောင်ရွက်မှုနည်းလမ်းသည် သက်ဆိုင်ရာဒေသခံများနှင့်တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဒေသခံများအာဏာပိုင်များနှင့်သာ ဆက်ဆံဆောင်ရွက်ကြသောကြောင့် ဒေသခံများ၏နစ်နာဆုံးရှုံးစေခြင်းအားဖြင့် ဒေသခံအာဏာပိုင်များကိုသာလျှင် ရှင်သန်အားကောင်းစေသည့်ရလာဒ်ကိုသာလျှင်ဖြစ်စေသည်။ ဤဖြစ်ရပ်သည်ပဋိပက္ခသမိုင်းကြောင်းအရ ဒေသခံအာဏာပိုင်များအား အယုံအကြည်မရှိဘဲကြောက်ရွံ့နေကြသည့်၊ ဆင်းရဲနွမ်းပါးလျက်ရှိနှင့်နေကြရပြီးဖြစ်သည့် ဒေသခံပြည်သူများအပေါ်သေရေးရှင်ရေးတမျှအရေးပါသည့် အကျိုးဆက်များကို ဖြစ်ပွားစေခဲ့သည်။

မြန်မာနိုင်ငံအတွင်း တရုတ်တို့၏ဖွံ့ဖြိုးရေးနှင့်အကူအညီပေးရေးပုံစံသည် ကျေးလက်လူမှုဘဝသက်မွေးဝမ်းကျောင်းအတွက်အစီအစဉ်များ ပါဝင်ခြင်းမရှိဘဲ တရုတ်ကုမ္ပဏီများအား ပမာဏကြီးမားလှသော စိုက်ပျိုးရေးစီမံကိန်းများတွင်ရင်းနှီးမြှုပ်နှံလာစေရန်မက်လုံးပေးခြင်းအားဖြင့် အကောင်အထည်ဖေါ်ဆောင်ရွက်သည့် အထက်မှအောက်ခြေသို့ညွှန်ကြားဆောင်ရွက်သည့် ဒေသဆိုင်ရာစီးပွားရေးဖွံ့ဖြိုးမှုပုံစံဖြစ်သည်။ ဆန့်ကျင်ဖက်အားဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်အနောက်နိုင်ငံများမှဘဏ္ဍာငွေပံ့ပိုးပေးထားသော အပြည်ပြည်ဆိုင်ရာနှင့်ပြည်တွင်း အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ကြိုးပမ်းဆောင်ရွက်ချက်များမှာမူ အစားထိုးလူမှုဘဝသက်မွေးဝမ်းကျောင်းမှုများကိုဖန်တီးပေးနိုင်ရေး အတွက်ရည်ရွယ်သည့် လူထုအခြေပြုဖွံ့ဖြိုးရေးအစီအစဉ်များဖြင့် ယခင်ဘိန်းစိုက်တောင်သူများကို တိုက်ရိုက်ဦးတည်ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းတို့အနက်မှအချို့သောအဖွဲ့အစည်းများသည် 'အစားထိုးဖွံ့ဖြိုးတိုးတက်မှု' ဟုရည်ညွှန်းကြသည့် မူးယစ်ဆေးဝါးထုတ်လုပ်ရာနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရန် အကောင်းဆုံးမူဝါဒစည်းမျဉ်းများနှင့်ယင်းတို့မှရရှိသောသင်ခန်းစာများနှင့်ပတ်သက်သောငြင်းခုံဆွေးနွေးမှုတွင်ပါဝင်ပတ်သက်နေကြသည်။ သို့သော် ကမ္ဘာ့

အခြားနေရာဒေသများတွင် စိုက်ပျိုးစီးပွားလုပ်ငန်းများသည် ဘိန်းနှင့်ကိုကာစိုက်ပျိုးခြင်းအားအစားထိုးရန် အစားထိုး သီးနှံအဖြစ်တိုက်တွန်းအားပေးဆောင်ရွက်လျှက်ရှိသည်။

တောင်ပေါ်နေဆင်းရဲနွမ်းပါးသည့်ရွာသားများအတွက် ရေရှည်စီးပွားရေးအကျိုးအမြတ်များနှင့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းဖွံ့ဖြိုးမှု အထူးသဖြင့်ရာဘာအတွက် ထိခိုက်နစ်နာမှုများနှင့်ပတ်သက်၍ အထူးအလေးထားပူပန်စရာကိစ္စများ ပေါ်ပေါက်လာသည်။ ရာဘာလုပ်ငန်းဖွံ့ဖြိုးမှုမှရရှိလာသော စီးပွားရေးအကျိုးအမြတ်များသည်အကန့်အသတ်ဖြင့်သာရှိသည်။ ရွှေ့ပြောင်းအလုပ်သမားများငှားရမ်းရသည့်အခြေအနေမျိုးတွင်စိုက်ပျိုးရေးလုပ်ငန်းများသည် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းအနည်းအကျဉ်းကိုသာလျှင် ဖြစ်ပေါ်စေသည်။ ဒေသခံလုပ်အားများကိုရယူသည့်အခါတွင်လည်း ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများအတွက်လိုအပ်နေသောလုပ်အားစု၊ မြေယာများနှင့်ယှဉ်ပြိုင်နေရပြန်သည်။ အဆုံးသတ်တွင် အလွန်နည်းပါးလှသည့်လုပ်အားခကိုသာရရှိကြပြီး လုပ်ကွက်ကျဉ်းလယ်သမားများကိုယ်တိုင်အတွက် ရင်းနှီးရန်အတွက်စုဆောင်းငွေရရှိရန်ပင်မဖြစ်နိုင်သည့် အခြေအနေဖြစ်နေရသည်။

မြန်မာနိုင်ငံမြောက်ပိုင်းတွင် ပမာဏကြီးမားလှသောစီးပွားဖြစ်စိုက်ခင်းများအများအပြား တိုးတက်ချဲ့ထွင်လာမှုသည် စည်းမျဉ်းဥပဒေကန့်သတ်အုပ်ထိန်းမှုမရှိသော အစွန်အဖျားဒေသအရင်းရှင်စီးပွားရေးဖြစ်ထွန်းသည့် အနေအထားတွင်ပေါ်ပေါက်လျက်ရှိနေသည်။ မြေယာများချဉ်းနင်းဝင်ရောက်လုပ်ကိုင်လာမှုနှင့် တောရှင်းလင်းခုတ်ထွင်မှုကြောင့် သစ်တောများ၏ဇီဝမျိုးစုံပေါ်များကြွယ်ဝမှုကိုဆုံးရှုံးစေခြင်း၊ မြေဆီလွှာပျက်စီးခြင်းနှင့်ရေအရင်းအမြစ်များ ကုန်ခန်းလာစေခြင်းစသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာအသစ်များကို ဖန်တီးလျက်ရှိစေသည်။ စိုက်ပျိုးရေးလုပ်ပိုင်ခွင့်များသည် တရားမဝင်သစ်ထုတ်ယူမှုများကို အကာအကွယ်ဖြစ်စေပြီး၊ ရွာသားများ၏အစဉ်အဆက်ပိုင်ဆိုင်သော သစ်တောမြေများနှင့် အသစ်ပိုင်း ခြားသတ်မှတ်ထားသော ရပ်ရွာပိုင်သစ်တောများကိုလည်း မကြာခဏဆိုသလိုဝိုင်းရံလွှမ်းမိုးသွားသည်။

ရာဘာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်အတွက် အရင်းအနှီးနှင့်မြေယာမရှိဘဲရွှေ့ပြောင်းတောင်ယာလုပ် ကိုင်နေကြသောတောင်ပေါ်နေ တောင်သူများ (အများစုမှာယခင်ဘိန်းစိုက်တောင်သူများဖြစ်ကြသည်) သည် အခြားရွေးချယ်စရာနည်းလမ်းအနည်းငယ်သာကျန်ရှိကြသဖြင့်၊ စိုက်ပျိုးရေးလုပ်ငန်းများ၌ အခစားအလုပ်သမားအဖြစ်အလုပ်ရရှိနိုင်အောင်သာလျှင်ကြိုးပမ်းနိုင်ကြတော့သည်။ သို့သော် ‘ဝ’ ဒေသမှလွဲ၍ မြန်မာနိုင်ငံအလယ်ပိုင်းနှင့်မြစ်ဝကျွန်းပေါ်ဒေသမှ ရောက်ရှိလာကြသော ပြင်ပရွှေ့ပြောင်းလုပ်သားများကိုသာ ငှားရမ်းလုပ်ကိုင်နေကြသဖြင့် ဒေသခံအနည်းငယ်သာအလုပ်အကိုင်ရကြပြီး၊ လူမျိုးရေးမုန်းတီးမှုအား နှိုးဆွစေပါသည်။ ပိုင်ဆိုင်မှုများကိုလက်လွတ်ဆုံးရှုံးခဲ့ကြရသည့် ရွာသားများသည် ယင်းတို့၏လုပ်အားကိုဈေးပေါပေါဖြင့်ပေးနိုင်ရန်အတွက် ရာဘာစိုက်ခင်းများနှင့်နီးရာသို့ ရွှေ့ပြောင်းခြင်းခံကြရသည်။ အခြားသူများသည်လည်း စိုက်ပျိုးလုပ်ကိုင်ရန်သစ်ပင်သစ်တောပေါက်ရောက်နေသော တောင်ကုန်းနေရာများအားရှာဖွေခြင်း၊ အခစားလုပ်သားအဖြစ် လမ်းဘေးရှိစိုက်ပျိုးရေးလုပ်ငန်းများတွင်လုပ်ကိုင်ရန်ရွှေ့ပြောင်းကြရခြင်း၊ သို့မဟုတ် အန္တရာယ်ရှိသည့်သယံဇာတထုတ်ယူရေးလုပ်ငန်းအသေးစားများဖြစ်ကြသော သတ္တုတူးဖော်ရေးနှင့် သစ်ခုတ်လှဲရေးလုပ်ငန်းများတွင်လုပ်ကိုင်လာကြရခြင်းများကိုဖြစ်ပေါ်စေခဲ့သည်။ တောင်ပေါ်ဒေသများရှိ ဤဖွံ့ဖြိုးတိုးတက်မှုပုံစံသည် အစိုးရများနှင့်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအတွက် ပို၍အကျိုးဖြစ်စေသည့်နည်းလမ်းအားဖြင့် သဘာဝတောတောင် ရေမြေမြင်ကွင်းနှင့်တစ်ပိုင်တစ်နိုင်စိုက်ပျိုးလုပ်ကိုင်ကြသည့် တောင်သူတို့၏ဘဝများကို ခေတ်မီစေအောင်ကြိုးပမ်းချက်တစ်ခုဖြစ်နေသည်။ ဤဖွံ့ဖြိုးရေးသည် မြန်မာနိုင်ငံမြောက်ပိုင်းတွင်ရှိကြသော ရပ်ရွာလူထုများအတွက် မည်သို့သောနည်းနှင့်မျှကောင်းကျိုးဖြစ်စေသော ဖွံ့ဖြိုးရေးမဟုတ်ချေ။ အကျိုးခံစားရသောသူများမှာ ဒေသခံအာဏာပိုင်များနှင့်တရုတ်စီးပွားရေးသမားများသာလျှင်ဖြစ်ကြသည်။ ဒေသခံရွာသားများအနေဖြင့် အမှီသဟဲပြုစရာလျော့ကြေး သို့မဟုတ် အခြားရွေးချယ်စရာအလုပ်ကိုင်အနည်းငယ်မျှအားဖြင့် သားစဉ်မြေးဆက်လုပ်ကိုင်လာကြသော မြေယာများနှင့်လူမှုဘဝသက်မွေးဝမ်းကျောင်းမှုများကိုဆုံးရှုံးခဲ့ကြရသည်။

တရုတ်ပြည်တွင်းမူးယစ်ဆေးဝါးပြဿနာအား အိမ်နီးချင်းနိုင်ငံများမှဘိန်းစိုက်ပျိုးမှုအား လျော့ကျစေသည့်နည်းဖြင့်ဖြေရှင်း၍မရနိုင်ချေ။ ယင်းအစား တရုတ်အစိုးရအနေဖြင့်မူးယစ်ဆေးဝါးဘေးအန္တရာယ်လျော့ချရေးမူများအပေါ်အခြေခံပြီး မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ၏အရည်အသွေးနှင့် အရေအတွက်ကိုမြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ်သည်။ မူးယစ်သုံးစွဲသူများအားဖမ်းဆီးခြင်း၊ ဆေးကုသရေးစခန်းများသို့အတင်းအကျပ်စေလွှတ်ခြင်းကဲ့သို့သော ပြင်းထန်သည့်မူဝါဒများချမှတ်ဆောင်ရွက်ခြင်းမှရှောင်ကြဉ်သင့်သည်။ မူးယစ်ဆေးဝါးပြန်လည်သုံးစွဲလာသည့်နှုန်းမြင့်မားလာခြင်းသည် အဆိုပါနိုင်ထက်စီးနင်းဆန်သောမူဝါဒများဖြင့် ပြန်လည်တုံ့ပြန်ဖြေရှင်းမှုများ၏ထိရောက်မှုအပေါ်တွင်သံသယဖြစ်စရာဖြစ်လာစေခဲ့သည်။ ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲမှုပုံသဏ္ဌာန်များပြောင်းလဲလာခြင်းနှင့်အေတီအက်စ်များပြားလာခြင်းတို့သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရာ၌ဘိန်းနှင့်ဘိန်းဖြူတို့အား ဆီလျော်သက်ဆိုင်မှုလျော့နည်းလာစေခဲ့သည်။

ဘိန်းနှင့်ကိုကာစိုက်ပျိုးခြင်းသည်ပဋိပက္ခ၊မလုံခြုံခြင်းနှင့်ခုခံနိုင်မှုအားနည်းခြင်းတို့ဖြင့်ပြည့်နှက်နေသောနေရာဒေသများ၌ မကြာခဏဖြစ်ပွားနေသည်။ ယင်းတို့အားဖြေရှင်းသည့်ဆောင်ရွက်စီမံချက်များတွင် လူ့အခွင့်အရေးအကာအကွယ်ပေးရေး၊ ပဋိပက္ခဖြေရှင်းရေး၊ ဆင်းရဲနွမ်းပါးမှု လျော့ချရေးနှင့် လူသားလုံခြုံရေးဆိုင်ရာကိစ္စများကိုပါဝင်ထည့်သွင်းသင့်သည်။ ထို့အတူ ယင်းစီမံချက်တို့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့်နည်းလမ်းဖြင့်ချမှတ်ဆောင်ရွက်ပြီး၊ ရိုးရာယဉ်ကျေးမှုနှင့်တန်ဖိုးများကိုလည်းအလေးထားသင့်သည်။ အထူးသဖြင့် အောင်မြင်နိုင်ရန်အလားအလာရှိပြီး ရေရှည်တည်တံ့သောလူမှုဘဝသက်မွေးဝမ်းကျောင်းမှု နည်းလမ်းများမရှိသေးပါကဘိန်းနှင့်ကိုကာစိုက်ပျိုးမှုများအား အမြစ်ပြတ်ချေမှုန်းခြင်းသို့မဟုတ် တင်းကျပ်သည့်တားဆီးပိတ်ပင်မှုများကိုမဆောင်ရွက်သင့်ပေ။ ကူညီထောက်ပံ့မှုများကိုလည်း ဘိန်းနှင့်ကိုကာစိုက်ပျိုးမှုလျော့နည်းကျဆင်းရေးများအပေါ်တွင် ကန့်သတ်ချက်မထားသင့်ချေ။ ထိုသို့ဆောင်ရွက်မည့်အစား အောင်မြင်သောမူဝါဒတစ်ခုအတွက် အညွှန်းကိန်းများသည်ရေရှည်ဖွံ့ဖြိုးရေးကိုဦးတည်သော တိုးတက်မှုအပေါ်တွင်သာ အခြေခံသင့်သည်။

ထို့အပြင်မြေယာလုပ်ပိုင်ခွင့်နှင့်အခြားဆက်စပ်နေသည့် အရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲရေးကိစ္စများသည် ဒေသခံရပ်ရွာလူထုများအတွက် တရားဥပဒေနှင့်ကိုက်ညီပြီး ရေရှည်အကျိုးရှိသော လူမှုဘဝသက်မွေးဝမ်းကျောင်းမှုများကို တည်ဆောက်ရန်အတွက် အရေးပါသည့်အစိတ်အပိုင်းများဖြစ်ကြသည်။ သီးနှံတစ်မျိုးတည်းကိုစိုက်ပျိုးခြင်းသည် ရပ်ရွာလူထုများအတွက် သဘာဝပတ်ဝန်းကျင်ဆုတ်ယုတ်နိမ့်ကျလာခြင်း၊ ဈေးကွက်၏ဝယ်လိုအားနှင့် ဈေးနှုန်းများအပေါ်မှီခိုနေရခြင်းနှင့်၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အခြားသောလူမှုဘဝသက် မွေးဝမ်းကျောင်းမှုများအား သက်ရောက်မှုရှိသော စိုက်ပျိုးမြေဇရိယာလျော့ကျလာခြင်းစသည်တို့ပါဝင်သည့် ဆိုးကျိုးအမြောက်အများကိုဖြစ်ပေါ်စေပါသည်။

ဘိန်းအစားထိုးရေးနှင့်သက်ဆိုင်သောရင်းနှီးမြှုပ်နှံမှုများသည် ပို၍ရေရှည်တည်တံ့သော၊ ပွင့်လင်းမြင်သာပြီးတာဝန်ခံမှုရှိသော၊ တန်းတူညီမျှမှုအပေါ်အခြေခံသောပုံစံဖြင့်ဆောင်ရွက်သင့်သည်။ ပြင်ပအကျိုးအမြတ်များခံစားခွင့်အစား အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်အတွင်းရှိ ရေရှည်ဖော်ဆောင်သတ်မှတ်ထားသောစံချိန်စံညွှန်းများအတိုင်း လူထုအခြေပြုသောချဉ်းကပ်မှုနည်းလမ်းအား လိုက်နာအသုံးပြုဆောင်ရွက်သင့်သည်။ စီမံကိန်းအကောင်အထည်ဖော်ရာဒေသများသည် အစိုးရလွှတ်တော်မှပြဋ္ဌာန်းထားသော မြေယာဥပဒေပြဋ္ဌာန်းချက်များသက်ဝင်လွှမ်းမိုးမှုမရှိသည့်အတွက် ဒေသအစဉ်အလာအရ မြေယာလုပ်ပိုင်ခွင့်များနှင့်ဓလေ့ထုံးတမ်းများကိုလေးစားသင့်သည်။ စီမံကိန်းများသည် မြေယာလုပ်ပိုင်ခွင့်အာမခံချက်ကိုလျော့ပါးသွားစေခြင်းထက် ရှင်သန်အားကောင်းမှုကိုဖြစ်စေမည့် အထောက်အကူပြုပေးသည့်လုပ်ငန်းများဖြစ်သင့်သည်။ စီမံကိန်းဝန်းကျင်ရှိ ဒေသခံများကိုလည်း ကနဦးကတည်းကဆွေးနွေးတိုင်ပင်ညှိနှိုင်းသင့်သည်။ ဒေသခံများသည် စီမံကိန်းကိုလက်ခံလိုလားပါက စီမံကိန်း၏အဆင့်တိုင်းတွင် ဆွေးနွေးတိုင်ပင်ညှိနှိုင်းသင့်သည်။ ရပ်ရွာလူထုများနှင့်အတူတကွလက်တွဲ ဆောင်ရွက်ခြင်းသည် ၄င်းတို့ကို အကျိုးဖြစ်ထွန်းစေခြင်းကို ပိုမိုအာမခံချက်ရှိစေသည်။

တရုတ်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တောင်သူများ၏မြေယာအားစိုက်ပျိုးလုပ်ငန်းအတွက် သိမ်းယူမည့်အစား ၄င်းတို့၏ စိုက်ပျိုးရေးလုပ်ကွက်ငယ်ပုံစံများအတိုင်းဆောင်ရွက်သင့်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ရာဘာအပြင်အခြားသီးနှံများ ပါဝင်သော သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကိုလည်းလျော့နည်းစေမည်ဖြစ်သည်။ စီးပွားရေးအကျိုးအမြတ်ကို အနီးအနားရှိဒေသခံလူထုများရရှိစေရန်အတွက် ပြင်ပရွှေ့ပြောင်းအလုပ်သမား များအစား ဒေသခံများအားငှားရမ်းလုပ်ကိုင်သင့်သည်။ ထောက်ပံ့မှုများအပါအဝင်စီမံကိန်းစာချုပ်ချုပ်ဆိုခြင်းအတွက် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများအား ပွင့်လင်းမြင်သာစွာဆောင်ရွက်ခြင်းအားဖြင့် ဒေသခံပြည်သူများနှင့်သုတေသီပညာရှင် များ၏ယုံကြည်မှုကိုတည်ဆောက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် တရုတ်နိုင်ငံမှပိုမိုခိုင်မာအားကောင်းသော စည်းကမ်းထိန်းသိမ်းပေးနိုင်မှုအနေအထားနှင့် ဥပဒေဆိုင်ရာစည်းမျဉ်းစည်းကမ်းလုပ်ငန်းစဉ်များသည် ဒေသခံများကိုအကျိုးအမြတ်ဖြစ်စေပြီး ပဋိပက္ခဖြစ်နိုင်ချေများကိုလျော့နည်းစေသည့် ပိုမိုကောင်းမွန်သည့်လုပ်ကိုင်ဆောင်ရွက်မှုလုပ်ငန်းခွင်တစ်ခုကို ထောက်ကူဖြစ် ပေါ်စေရမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုမှဖြစ်ပေါ်လာသောမြေယာမဲ့အခြေအနေများသည်မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းနှင့်တကွ တရုတ်နိုင်ငံဘေဂျင်းဗဟိုအာဏာပိုင်တို့မှ အထူးစိုးရိမ်ကြောင့်မှုအရှိဆုံးဖြစ်သည့်တရုတ်နိုင်ငံနှင့်ထိစပ်နေသော နယ်စပ်ဒေသများတစ်လျှောက် နယ်စပ်တည်ငြိမ်ရေးနှင့် ကျယ်ပြန့်စွာဆက်နွယ်ပတ်သက်လျက်ရှိကြသည်။ တရုတ်အစိုးရ၏ဘိန်းအစားထိုးအစီအစဉ်သည် ဘိန်းစိုက်ပျိုးမှုအပေါ်မှီခိုနေမှုလျော့ချရန်နည်းလမ်းများ သို့မဟုတ် ဘိန်းစိုက်တောင်သူဟောင်းများအား အခြားအစားထိုးလူမှုဘဝသက်မွေးဝမ်းကျောင်းမှုများကိုလည်းပံ့ပိုးနိုင်စွမ်းမရှိချေ။ နယ်စပ်ပဋိပက္ခနှင့်မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တိုးပွားလာနေသောမုန်းတီးမှုများကို ရှောင်ရှားနိုင်ရန်အတွက် တရုတ်အာဏာပိုင်များအနေဖြင့် ၄င်းတို့၏ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နည်းလမ်းများကို အထူးအလေးအနက်ထား၍ ပြန်လည်သုံးသပ်ရန်လိုအပ်နေပေသည်။ လက်လွတ်ဆုံးရှုံးနေမှုကိုဆက်လက်ရှင်သန်ဖြစ်ပေါ်နေစေခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုမဟုတ်ချေ။

## နိဒါန်း

မြန်မာနိုင်ငံ[၁]မြောက်ပိုင်းနယ်စပ်ဒေသများသည် လွန်ခဲ့သည့်ဆယ်စုနှစ်ခုအတွင်း ကြီးမားလှသည့်အပြောင်းအလဲများကို ကြုံတွေ့ဖြတ်သန်းခဲ့ကြရသည်။ ဆယ်စုနှစ်ချီကြာရှည်သောစစ်ပွဲများအပြီး ၁၉၈၀ ပြည့်နှစ်များအကုန်ပိုင်းနှင့် ၁၉၉၀ ပြည့်နှစ်များ၏အစောပိုင်းကာလများတွင် တပ်မတော်အစိုးရနှင့်ဆန့်ကျင်ဘက်လက်နက်ကိုင်အဖွဲ့အသီးသီးများအကြားတွင် ဒေသခံပြည်သူများကိုသက်သာရာရစေသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကို တစ်ခုပြီးတစ်ခုရရှိ ခဲ့ကြသည်။ သို့သော်စစ်ပွဲများ၏အဆုံးသတ်နိဂုံးက ပြည်သူများ၏ဘဝနှင့်သက်မွေးဝမ်းကျောင်းမှုများကိုထိခိုက်စေပြီး ရေရှည်အကျိုးမရှိသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကိုလည်းလမ်းပြခေါ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် မကြာသေးမီက ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးဖြစ်ထွန်းတိုးတက်မှုများအပေါ် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းမှ အဓိကအာရုံစိုက်နေကြချိန်ဝယ် တိုင်းရင်းသားလူမျိုးစုများနေထိုင်ကြရာ သဘာဝသယံဇာတပေါများကြွယ်ဝလှသည့် မြောက်ပိုင်းနယ်စပ်ဒေသများတွင် ရုတ်ခြည်းဖြစ်ပေါ်နေသော လူမှုစီးပွားပြောင်းလဲမှုများ၏အရေးပါမှုကို ယခုအစီရင်ခံစာက အသားပေးတင်ပြထားခြင်းဖြစ်သည်။

ကာလအတော်ကြာ အမြစ်တွယ်လျက်ရှိသော တိုင်းရင်းသားလူမျိုးစုပဋိပက္ခများ၊ မူးယစ်ဆေးဝါးဆိုင်ရာပြဿနာများ၊ ရေရှည်တည်တံ့မှုမရှိသောဖွံ့ဖြိုးတိုးတက်မှုပုံစံများအား မဖြေရှင်းပေးနိုင်သရွေ့ နိုင်ငံတော်စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်မှုများကို အပြည့်အဝရရှိနိုင်မည်မဟုတ်ပေ။ ဤအစီရင်ခံစာတွင်တစ်ချိန်က ‘ရွှေတြိဂံ’ ဟုလူသိများသောဒေသ၌ ‘ရာဘာရပ်ဝန်းဒေသ’[၂] တစ်ခုအဖြစ်သို့အသွင်ပြောင်းလဲစေခဲ့ပြီး၊ မြန်မာနိုင်ငံမြောက်ပိုင်းတွင် တိုးတက်များပြားလှသော တရုတ်စိုက်ပျိုးရေးလုပ်ငန်းများရင်းနှီးမြုပ်နှံမှုကို အားပေးလှုံ့ဆော်ခဲ့သည့် တရုတ်နိုင်ငံ၏ဘိန်းအစားထိုးမူဝါဒမှ သက်ရောက်မှုအပေါ်အလေးပေးဖော်ပြထားသည်။ နိုင်ငံ၏ရွေးကောက်ပွဲအလွန်ကာလ ဖွံ့ဖြိုးတိုးတက်မှုရှေ့အလားအလာသည် တိုင်းရင်းသားလူမျိုးစုများနေထိုင်ကြရာ နယ်စွန်နယ်ဖျားဒေသများ၏ အနာဂတ်တိုးတက်မှုအပေါ်တွင်လည်း မူတည်နေသည့်အားလျော်စွာ ဤလေ့လာမှု၏ဆက်နွယ်မှုများသည်တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့်လည်းအကျုံးဝင်မည်ဖြစ် သည်။

မြန်မာနိုင်ငံသည်အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယဘိန်းအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်သည်။ ဘိန်းထုတ်လုပ်မှုမှာ ဆယ်စုနှစ်တစ်ခုထိပုံမှန်ကျဆင်းလျက်ရှိနေခဲ့ရာမှ ၂၀၀၆ ခုနှစ်မှစတင်၍ ရွှေတြိဂံဒေသ (မြန်မာ၊လာအိုနှင့်ထိုင်းနိုင်ငံများ) တွင်ဘိန်းစိုက်ပျိုးမှုနှစ်ဆတိုးတက်လာခဲ့သည်။ ယင်းထုတ်လုပ်မှု၏ အများစုမှာ မြန်မာနိုင်ငံတွင်ထုတ်လုပ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုတိုးတက်လာခြင်းအား သေချာစွာလေ့လာမည်ဆိုလျှင် ကျယ်ပြန့်စွာအဓိပ္ပါယ်သတ်မှတ်ထားကြသည့် ဆင်းရဲနွမ်းပါးမှုသည် ဘိန်းစိုက်ပျိုးမှုတိုးတက်လာခြင်း၏အဓိကတရားခံပင်ဖြစ်သည်။[၃] ဘိန်းကိုမြန်မာပြည်မြောက်ပိုင်း ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်များရှိ လူသူအရောက်အပေါက်နည်းသည့် တောင်တောင်ထူထပ်သည့်ဒေသများမှ အပယ်ခံလယ်သမားများက အဓိကစိုက်ပျိုးကြခြင်းဖြစ်သည်။ ၎င်းတို့အများစုမှာ ဝင်ငွေရသီးနှံအဖြစ်စားနပ်ရိက္ခာ(အဓိကအားဖြင့်ဆန်)၊ အဝတ်အထည်အပြင် ကျန်းမာရေးနှင့် ပညာရေးလိုအပ်ချက်များအတွက် စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံမြောက်ပိုင်းမှထုတ်လုပ်သည့် ဘိန်းနှင့်ဘိန်းမှချက်လုပ်ရရှိသည့် ဘိန်းဖြူအများစုသည် တရုတ်နိုင်ငံ၏ပြည်တွင်းဈေးကွက်သို့ရောက်ရှိအဆုံးသတ်သွားကြသည်။ ၎င်းမူးယစ်ဆေးဝါးများသည်တရုတ်နိုင်ငံတွင်းရှိ မူးယစ်ဆေးကိုအကြောထဲထိုးသွင်းသူများစွာ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနေပြီး တရုတ်အာဏာပိုင်များအနေဖြင့် သမားရိုးကျမဟုတ်သောလုံခြုံရေးဆိုင်ရာအဓိကစိုးရိမ်မှုတစ်ရပ်အနေဖြင့်မှတ်ယူထားသည်။ ဤခြိမ်းခြောက်မှုအန္တရာယ်ကိုတုံ့ပြန်ရန်တရုတ်

အစိုးရသည် မြန်မာပြည်မြောက်ပိုင်း (လာအိုနိုင်ငံအတွက်လည်းအလားတူပင်) ဘိန်းအစားထိုးအစီအစဉ်တစ်ရပ်ကို စတင်ဆောင်ရွက်ခဲ့သည်။ ဤစီမံချက်များသည် တရုတ်ကုမ္ပဏီများ၏ကြီးမားလှသော စိုက်ပျိုးရေးရင်းနှီးမြုပ်နှံမှုများကို တိုက်တွန်းအား ပေးသည်။ ရင်းနှီးမြုပ်နှံမှုများတွင် အထူးသဖြင့် ရာဘာတစ်မျိုးတည်းကို အသားပေးစိုက်ပျိုးစေပြီး၊ ကြံ၊ ပြောင်း၊ နှမ်း၊ လဘက်စိုက်ပျိုးရေးများလည်းပါဝင်ကြသည်။ ၂၀၀၆ ခုနှစ်မှစ၍ ပြန်လည်ပြောင်းလဲ ထားသောအစီအစဉ်နောက်ပိုင်းတွင် ဤစိုက်ပျိုးရေးဆိုင်ရာရင်းနှီးမြုပ်နှံမှုများသည် တဟုန်ထိုးတိုးတက်လာခဲ့သည်။ ထိုနောက် တရုတ်နိုင်ငံဘေဂျင်းရှိဗဟိုအစိုးရသည် တရုတ်နိုင်ငံ၏စီးပွားရေးပြုပြင်ပြောင်းလဲမှုပုံစံနှင့်အညီ မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးပြဿနာကိုကိုင်တွယ်ဖြေရှင်းရာ၌ စီးပွားရေးကိုပိုမိုဗဟိုပြုထားသည့် ချဉ်းကပ်မှုနည်းလမ်းကိုအသုံးပြုလာခဲ့သည်။

အစိုးရအာဏာပိုင်များအပါအဝင် ဒေသခံအာဏာပိုင်များနှင့်တကွ ရှမ်းပြည်နယ်ရှိ 'ဝ' ပြည်သွေးစည်းညီ ညွတ်ရေး တပ်မတော်(ယူဒဗလျူအက်စ်အေ)နှင့်၊ ကချင်ပြည်နယ်ရှိ ကချင်လွတ်လပ်ရေးတပ်မတော် (ကေအိုင်အေ) ကဲ့သို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ရင်းနှီးမြုပ်နှံမှုကင်းမဲ့သည့်ဒေသများတွင်ယခင်ဘိန်းစိုက်တောင်သူများအား အခြားအစားထိုးဝင်ငွေရရှိနိုင်သည့်နည်းလမ်းတစ်ခုအဖြစ် ဤသို့သီးနှံတစ်မျိုးတည်းကိုစိုက်ပျိုးစေခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှုနှင့် ဘိန်းစိုက်ပျိုးမှုတို့အား ထွက်ပေါက်ရှာဖြေရှင်းသည့်နည်းလမ်းအဖြစ်ဖြင့် တရားဝင်တိုက်တွန်းအားပေးဆောင်ရွက်ခဲ့ကြသည်။ ဤကိစ္စနှင့်အတူဆက်စပ်တွေ့ကြုံနေရသည့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကိုလည်း အဆုံးသတ်ရန်လည်း ရည်ရွယ်ထားသည်။ အခွင့်အရေးအရအစိုးရပိုင်းနှင့်တကွ တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့များမှ ဒေသခံတာဝန်ရှိပုဂ္ဂိုလ်အချို့သည် မိမိတို့၏အခွင့်အရှိန်အဝါကို အသုံးချပြီးစီမံကိန်းများမှငွေကြေးအရအမြတ်ထွက်နေခဲ့ကြသည်။ စောင့်ကြည့်လေ့လာမှုနှင့်အကဲဖြတ်ဆန်းစစ်မှုအနည်းငယ်သာရှိသည့်အတွက် တရုတ်ကုမ္ပဏီများ အနေဖြင့်လည်း ပြဋ္ဌာန်းထားသည့်တရားဝင်စည်းမျဉ်းများအား မကြာခဏဆိုသလိုလိုက်နာမှုမရှိဘဲ ဘိန်းအစားထိုးအစီအစဉ်များကိုမိမိတို့စီးပွားရေးအမြတ်ထုတ်ရန်အတွက်သာလျှင်အသုံးချခဲ့ကြသည်။ ထို့အပြင် ကန်ထရိုက်စာချုပ်အများစုမှာလည်း သက်ဆိုင်ရာဒေသခံရပ်ရွာလူထုများ သို့မဟုတ် ကျေးရွာသားများတိုးတက်ရေးအတွက် တစ်ခါတစ်ရံတွင် ပိုမိုသက်ဆိုင်တာဝန်ရှိနေသည့်နိုင်ငံတော်အစိုးရဌာနများနှင့် ဆောင်ရွက်ကြခြင်းမဟုတ်ကြဘဲ၊ ဒေသခံတပ်မတော်အာဏာပိုင်များနှင့် ကုမ္ပဏီများအကြားချုပ်ဆိုဆောင်ရွက်မှုသာဖြစ်ကြသည်။

တရုတ်ရင်းနှီးမြုပ်နှံမှုများသည် ဒေသဖွံ့ဖြိုးတိုးတက်မှုအချို့ကိုဖြစ်ပေါ်စေခဲ့သော်လည်း မြန်မာပြည်မြောက်ပိုင်းရှိဒေသခံရပ်ရွာလူထုများနှင့်ရေရှည်တည်တံ့သောစိုက်ပျိုးရေးအလားအလာကောင်းများအပေါ်တွင် ပြင်းထန်သောနောက်ဆက်တွဲဆိုးကျိုးများစွာကိုဒွန်တွဲဖြစ်ပေါ်စေသည်။ ဤအစီရင်ခံစာတွင်အသေးစိတ်ဖော်ပြထားသကဲ့သို့ပင် ဤစီမံကိန်းများသည် မကြာခဏပင်ပတ်ဝန်းကျင်အားထိခိုက်ယုတ်လျော့စေခြင်း၊ လယ်ယာမြေများကိုသိမ်းယူခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်များစားကျက်အတွက်လွတ်ကျောင်းခြင်းအတွက်မြေယာများအားဆုံးရှုံးခြင်းနှင့်၊ လူထုများအားအတင်းအကျပ်နေရာပြန်လည်ရွှေ့ပြောင်းချထားခြင်းတို့အားဖြစ်ပေါ်စေခဲ့ကြသည်။ ထို့အပြင် သက်သေအချက်အလက်များသည် တရုတ်ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးမူဝါဒသည် မြန်မာပြည်ဘိန်းစိုက်ပျိုးမှုလျော့ချရေးနှင့်ရေရှည်တည်တံ့ သည့်အစားထိုးလူနေမှုဘဝသက်မွေးဝမ်းကျောင်းမှုများရရှိစေရေးဟူသော ရည်မှန်းချက်များကိုမအောင်မြင်ကြောင်း ဖော်ညွှန်းလျက်ရှိသည်။ ဘိန်းစိုက်ပျိုးမှုတိုးတက်လာခြင်းနှင့်မကြာသေးမီနှစ်များအတွင်းတရုတ်စိုက်ပျိုးရေးလုပ်ပိုင်ခွင့်များအတွက် မြေယာသိမ်းဆည်းမှုများအပေါ်တောင်ပေါ်ဒေသနေတောင်သူများအကြားမကျေနပ်မှုများကြီးထွားလာနေခြင်းတို့သည် ဤချဉ်းကပ်မှုနည်းလမ်းသည်အလုပ်မဖြစ်ကြောင်း ရှင်းလင်းသောသတိပေး ချက်ပင်ဖြစ်သည်။

တရုတ်နိုင်ငံသည်မြန်မာနိုင်ငံအတွက်နိုင်ငံရေးနှင့်စီးပွားရေးအရအထူးအရေးပါသောမဟာဗျူဟာမြောက် မိတ်ဘက်နိုင်ငံဖြစ်သကဲ့သို့ အဓိကလက်နက်ပံ့ပိုးပေးသောနိုင်ငံလည်းဖြစ်သည်။ အနောက်နိုင်ငံများ၏ပိတ်ဆို့မှုကြောင့် တရုတ်နိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာအသက်သွေးကြောအဖြစ် တစ်စိတ်တစ်ပိုင်းအားဖြင့်မှီခိုနေရသည်။ မြန်မာနိုင်ငံအပေါ်တွင်ထားရှိသည့် တရုတ်နိုင်ငံ၏မူဝါဒများသည်စီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာစဉ်းစားသုံးသပ်မှုများမှ အဓိကတွန်းအားပေးနေသည်။ သို့သော် သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းကိုတိုက်တွန်းအားပေးသည့် စီးပွားရေးဆန်သောချဉ်းကပ်မှုနည်းလမ်းကို အကျိုးအမြတ်ရရန်ရည်ရွယ်ချက်များကသာလျှင် အဓိကအားပေးလှုံ့ဆော်နေသည်ဟု ဒေသခံလူထုများနှင့်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများမှ ရှုမြင်သုံးသပ်ကြပြီးရေရှည်တည်တံ့မှုနှင့်လျော်ကန်သင့်မြတ်မှု များအပေါ်တွင်သံသယဝင်လျက်ရှိကြသည်။ နောက်ဆက်တွဲအနေဖြင့် တရုတ်အစိုးရ၏ပုံရိပ်နှင့် ထိုဒေသများရှိပြည်သူများမှာထိခိုက်နစ်နာခဲ့ကြရသည်။

၂၀၁၁ခု၊ မတ်လအတွင်းမြန်မာနိုင်ငံတွင်အရပ်သားတစ်ပိုင်းအစိုးရတက်လာခဲ့သည်။ သမ္မတသစ်ဦးသိန်းစိန်က ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လုပ်ဆောင်လာရာတွင် ဒီမိုကရေစီအတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံမှုများ၊ သူမ၏အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(အင်န်အယ်လ်ဒီ)မှတ်ပုံတင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်ခြင်းများ၊ အရေးပါသည့်နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးခြင်းနှင့်၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့်ဆင်းရဲနွမ်းပါးမှုလျှော့နည်းပပျောက်ရေးဆွေးနွေးခြင်းများတို့ပါဝင်လာခဲ့သည်။ ထို့အပြင် အစိုးရသစ်အနေဖြင့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းနှင့်ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ လက်ခံကြိုဆိုနေကြသောစီးပွားရေးပြုပြင်ပြောင်းလဲမှုပုံစံသစ်များကို အခြေအတင်ဆွေးနွေးရန်စတင်ဆောင်ရွက်လာခဲ့သည်။ သို့သော်ဤဖြစ်ထွန်းစနိုင်ငံရေးစီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် မြောက်ပိုင်းတောင်ပေါ်ဒေသမှယခင်ဘိန်းစိုက်တောင်သူများအပါအဝင် ပြည်သူတစ်ရပ်လုံးအား အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စစ်မှန်သောနိုင်ငံရေးနှင့်လူမှုစီးပွားရေးအပြောင်းအလဲဆီသို့ဦးတည်သွားမသွားဆိုသည်မှာမူ ရှင်းလင်းကွဲပြားမှုမရှိသေးချေ။

၂၀၁၁ခုနှစ်၊ ဇွန်လတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များပျက်ပြားသွားခဲ့ပြီးနောက် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းနှစ်ခုလုံး၌ ပဋိပက္ခများပြန်လည်စတင်လာခဲ့သည်။ အစိုးရသစ်အနေဖြင့် နိုဝင်ဘာလကုန်၌ အဓိကလက်နက်ကိုင်အဖွဲ့အများစုနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုပြုလုပ်ခဲ့ရာတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များအပြင် နိုင်ငံတွင်းရှိတိုင်းရင်းသားလူမျိုးစုဒေသများ၏ အနာဂတ်နိုင်ငံရေးနှင့်တကွ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များအား ဆွေးနွေးနိုင်မည့်အမျိုးသားညီလာခံ ကွန်ဖရင့်တစ်ရပ်ကျင်းပရန်ကိုလည်းကမ်းလှမ်းခဲ့သည်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် အဓိကတိုင်းရင်းသား လူမျိုးစုလက်နက်ကိုင်ဆန့်ကျင်ဘက်အဖွဲ့များနှင့် ပဏာမငြိမ်းချမ်းရေးသဘောတူညီချက်များကိုသဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် ပြီးခဲ့သည့်ဆယ်စုနှစ်အနည်းငယ်က အောင်မြင်မှုမရှိခဲ့သည့် တိုင်းရင်းသားလူမျိုးစုဆိုင်ရာမူဝါဒများမှ ခွဲထွက်သောချဉ်းကပ်မှုပုံစံပြောင်းလဲမှုကိုအလွန်အမင်းလိုအပ်လျက်ရှိကြောင်းပြသလျက်ရှိသည်။ သို့သော် မြန်မာနိုင်ငံအတွင်းပဋိပက္ခများချုပ်ငြိမ်း ပြီးစစ်မှန်သောတိုင်းရင်းသားလူမျိုးရေးဆိုင်ရာငြိမ်းချမ်းမှုရရှိရန်အတွက် လက်ရှိဆွေးနွေးပွဲများသည်အပစ် အခတ်ရပ်စဲရေးများကိုရရှိရုံမျှနှင့်သာမကဘဲ ထိုထက်ကျော်လွန်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဤလုပ် ငန်းစဉ်နောက်ဆက်လက်၍ ပြည်ထောင်စုအဆင့်နိုင်ငံရေးဆွေးနွေးပွဲများလုပ်ဆောင်ပြီး၊ တိုင်းရင်းသားလူမျိုးစုများ၏အဓိကမကျေနပ်ချက်များနှင့် ဆန္ဒများကို ပြေလည်အောင်ဖြေရှင်းရေးတို့ကလည်းအရေးပါလှသည်။ ကာလရှည်ကြာဖြစ်ပွားနေသည့်ပဋိပက္ခများသည် မူးယစ်ဆေးဝါးကိစ္စနှင့်ခိုင်မြဲစွာဆက်စပ်လျက်ရှိနေကြသည်။[၇] ထို့ကြောင့်တိုင်းရင်းသားလူမျိုးစုပဋိပက္ခများအား အကြမ်းမဖက်ဘဲ၊ စစ်မှန်သည့်နိုင်ငံရေးနည်းလမ်းများဖြင့်သေချာစွာမဖြေရှင်းပါက ဒေသတွင်းရှိမူးယစ်ဆေးဝါးနှင့်ဆက်နွယ်နေသော ပြဿ

နာများသည်လည်းပျောက်ကွယ်သွားမည့်ဟန်မရှိပေ။ ဤအစီရင်ခံစာရေးသားသည့်ကာလအတွင်းမှာပင် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိနေသည်။

ထိုအတောအတွင်း တရုတ်ဘေဂျင်းနှင့်ကူမင်းအစိုးရများသည် စစ်တလင်းအဖြစ်ပြန်ဖြစ်ရန်အလားအလာရှိနေသော ဒေါ်လာသန်းထောင်ပေါင်းများစွာမြုပ်နှံထားသည့် မြန်မာပြည်မြောက်ပိုင်းတွင ဖြစ်ထွန်းလာနေသည့် ရွေးကောက်ပွဲကာလအလွန် နိုင်ငံရေးအခြေအနေများကို စိုးရိမ်တကြီးစောင့်ကြည့်လျက်ရှိနေသည်။ မြန်မာအစိုးရသစ်၏ကချင်ပြည်နယ်အတွင်း တရုတ်တို့၏ငွေကြေးမတည်မှုဖြင့် တည်ဆောက်မည့်မြစ်ဆုံဆည်စီမံကိန်းဖျက်သိမ်းခြင်းနှင့် မကြာမီအချိန်အတွင်း တဖြည်းဖြည်းတိုးတက်လာနေသောအမေရိကန်-မြန်မာသံတမန်ဆက်ဆံရေးများသည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုများ၏အနာဂတ် အားထပ်မံ၍မေးခွန်းများထုတ်စရာဖြစ်လာခဲ့သည်။

ဤအစီရင်ခံစာသည် တီအင်န်အိုင်၏မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒအကျဉ်းချုပ်ဖြစ်သည့် ‘အစားထိုးဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် သမားရိုးကျစီးပွားရေး-မြန်မာနှင့်လာအိုရှိတရုတ်နိုင်ငံ၏ဘိန်းအစားထိုးမူဝါဒ’ စာတမ်းတွင် အချက်အလက်များကို ထပ်မံဖြည့်စွက်ရေးသားပြုစုထားသည့်မူတစ်ခုဖြစ်သည်။[၅] မြန်မာနိုင်ငံမြောက်ပိုင်းရှိ ယခင်ဘိန်းစိုက်တောင်သူများ အပေါ် တရုတ်ဘိန်းအစားထိုးမူဝါဒများ၏ပကတိအကျိုးသက်ရောက်မှုများကို ဤအစီရင်ခံစာသစ်တွင်ဖော်ပြထားပြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်ပတ်သက်သည့်အချက်အလက်အသစ်များကိုလည်းပံ့ပိုးထားသည်။ တရုတ်စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုများသည် စစ်ပွဲအလွန်ကာလမြန်မာနိုင်ငံမြောက်ပိုင်းရှိ ဒေသခံတိုင်းရင်းသားလူမျိုးစုလူထုများ အပေါ်တွင် ပြင်းထန်သောလူမှုစီးပွားရေးရာဆက်စပ်သက်ရောက်မှုများနှင့်အတူ မြေယာပိုင်ဆိုင်မှု၊ လူမှုဘဝသက်မွေးဝမ်းကျောင်းမှုနှင့်လူထုများအား မည်သို့မည်ပုံပြန်လည်ရှုပ်လုံးသွင်းလျက်ရှိသည်ကိုလည်းဆန်းစစ်လေ့လာထား သည်။

ယခုအစီရင်ခံစာသည် တီအင်န်အိုင်၏ပြည်တွင်းသုတေသီများအဖွဲ့မှ ပံ့ပိုးပေးသော သတင်းအချက်အလက်များ၊ စိစစ်သုံးသပ်ချက်များအပြင် နှစ်အနည်းငယ်ရှိနေပြီဖြစ်သည့် တီအင်န်အိုင်၏ခရီးစဉ်များအတွင်းစုဆောင်းထားသည့် အချက်အလက်များအပေါ်တွင်အခြေခံထားသည်။ သက်ဆိုင်သည့်အခါ၌ ကွင်းဆင်းသုတေသနပြုလုပ်ထားသည့် အချက်အလက်များအားဖော်ပြရာတွင် ရက်စွဲဖြင့်သာရည်ညွှန်းထားပြီး၊ နေရာအတိအကျနှင့်ပါဝင်သည့် သုတေသီများနှင့်အဖွဲ့အစည်းအမည်များကိုမူ လုံခြုံမှုအရချန်လှပ်ထားခဲ့သည်။ အစီရင်ခံစာတွင်ဆွေးနွေးထားသည့်ကိစ္စရပ်များသည် ထိခိုက်လွယ်ရှိသည့်အတွက်ပြည်တွင်းသုတေသီများကအမည်မဖော်ပြရန်တောင်းဆိုခဲ့ကြပြီး၊ နေရာအတိအကျနှင့်ပါဝင်သည့်ပုဂ္ဂိုလ်များ၏ အသေးစိတ်အချက်အလက်များကို ချန်လှပ်ထားခဲ့သည်။

# မြန်မာပြည်မြောက်ပိုင်းရှိသဘာဝသံယံဇာတများ၊မူးယစ်ဆေးဝါးနှင့်ပဋိပက္ခများ

## လူမျိုးရေးပဋိပက္ခနှင့်ပြည်တွင်းစစ်

ခန့်မှန်းခြေလူဦးရေ ၅၆ သန်းရှိသည့်အနက် တိုင်းရင်းသားလူနည်းစု ၄၀ ရာခိုင်နှုန်းပါဝင်သော မြန်မာနိုင် ငံသည် ကမ္ဘာပေါ်ရှိ တိုင်းရင်းသားလူမျိုးစုအများဆုံးမှီတင်းနေထိုင်သည့်နိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ လူများစုဖြစ်သော မြန်မာလူမျိုးအများစုသည် မြန်မာပြည်အလယ်ပိုင်းရှိ လွင်ပြင်များနှင့်ချိုင့်ဝှမ်းဒေသများတွင် အခြေချနေထိုင်ကြပြီး လယ်ယာစပါးစိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည်။ လူနည်းစုတိုင်းရင်း သားလူမျိုးများထဲတွင် အများစုသည်နိုင်ငံ၏ အစွန်အဖျားထိကျယ်ပြောလှသော တောင်ပေါ်နှင့်တောင်တန်းဒေသများတွင်နေထိုင်ကြ၍ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးကိုလုပ်ကိုင်ကြလျက်ရှိသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံကို မြန်မာအများစုနေထိုင်ရာ တိုင်းဒေသကြီး ၇ ခုနှင့် အဓိကတိုင်းရင်းသားလူမျိုးများကိုဖော်ညွှန်းသော မွန်၊ ကရင်၊ ကယား(သို့မဟုတ်ကရင်နီ)၊ ရှမ်း၊ ကချင်၊ ချင်းနှင့်ရခိုင်လူမျိုးများနေထိုင်ရာ တိုင်းရင်းသားပြည်နယ် ၇ ခုအဖြစ်အုပ်ချုပ်ရေးအရပိုင်းခြားထားသည်။[၆] ထို့အပြင် တိုင်းရင်းသားလူအနည်းစုများအတွက် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသစ်များ' ၆ ခုကိုလည်း သတ်မှတ်ပေးထားသည်။ ၄င်းတို့မှာစစ်ကိုင်းတိုင်းဒေသကြီးရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ရှမ်းပြည်နယ်ရှိ ဓနု၊ ပအို့၊ ပလောင်၊ ကိုးကန့်ဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအပြင် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသတို့လည်းပါဝင်သည်။ လူမျိုးစုပြည်နယ်များမှာ မြန်မာနိုင်ငံအကျယ်အဝန်း၏ ၆၀ ရာခိုင်နှုန်းနီးပါးရှိ သည်။

၁၉၄၈ ခုနှစ်တွင် ဗြိတိသျှတို့ထံမှလွတ်လပ်ရေးရပြီးချိန်ကတည်းကစ၍ မြန်မာနိုင်ငံသည်တိုင်းရင်းသား လူမျိုးစုပဋိပက္ခနှင့်ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီး ကမ္ဘာပေါ်တွင်အရှည်ကြာဆုံး လက်နက်ကိုင်ပဋိပက္ခများဖြစ် ပွားလျက်ရှိသောနိုင်ငံများတွင် တစ်နိုင်ငံအပါအဝင်အဖြစ်သို့ရောက်ရှိစေခဲ့သည်။ လူနည်းစုတိုင်းရင်းသား များအနေဖြင့် ၄င်းတို့အားကာလကြာရှည်စွာ ပယ်ကြဉ်ထားပြီးခွဲခြားဆက်ဆံသကဲ့သို့ ခံစားခဲ့ကြရသည်။ ၁၉၆၂ ခုနှစ်တွင် တပ်မတော်အာဏာသိမ်းယူလိုက်ချိန်တွင် အခြေအနေသည်ပိုမိုဆိုးရွားသွားခဲ့ပြီး တိုင်းရင်းသားလူနည်းစုအခွင့်အရေးများကို ဆက်လက်လျော့ကျစေခဲ့သည်။ တပ်မတော်အစိုးရအဆက်ဆက်ကလည်း တိုင်းရင်းသားများ၏နိုင်ငံရေးဆိုင်ရာတောင်းဆိုမှုများကို ထည့်သွင်းစဉ်းစားရန်ငြင်းပယ်ခဲ့ကြပြီး တိုင်းရင်းသားရေးရာကိစ္စများကို စစ်ရေးကိစ္စနှင့်လုံခြုံရေးရာခြိမ်းခြောက်မှုများအဖြစ် ရှုမြင်ကိုင်တွယ်ခဲ့ကြသည်။

ယနေ့ မြန်မာနိုင်ငံနိုင်ငံရေးနှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းအများစုသည် လူမျိုးစုအုပ်စုအလိုက်ဖွဲ့စည်းထားကြသည်။ တန်းတူအခွင့်အရေးများနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရန်အတွက် အစိုးရကို ဖိအားပေးတောင်းဆိုရန်လက်နက်စွဲကိုင်တော်လှန်ခဲ့ကြသော အဖွဲ့အစည်းများ၏စစ်ရေးနေအထားသည် လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုအကြာကာလတွင် အင်အားချည့်နဲ့လာခဲ့ကြသည်။ ၁၉၈၉ ခုနှစ်ကတည်းကစ၍ လက်နက်ကိုင်အဖွဲ့အစည်းအများစုသည် တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများရရှိခဲ့ကြသည်။ အချို့မှာမူ စစ်ရေးအရဆုတ်ခွာမှု (သို့မဟုတ်)ရှုံးနိမ့် မှုများကိုကြုံတွေ့ခဲ့ကြရသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များသည် သွေးမြေကျမှုများကိုအဆုံးသတ်စေခဲ့ပြီး ဆိုးရွားလှသည့် လူ့အခွင့်ရေးချိုးဖောက်မှုများကိုလည်းလျော့နည်းစေနိုင်ခဲ့သည်။ စစ်ဘေးဒဏ်သင့်ဒေသတွင်းရှိရပ်ရွာလူထုများအကြား ခရီးသွားလာမှုနှင့်ဆက်သွယ်ရေးများကို ပိုမိုလွယ်ကူစေခဲ့ပြီး ကျန်းမာရေးနှင့်ပညာရေးလုပ်ငန်းတိုးတက်မှုအချို့ကိုလည်းဖြစ်ပေါ်စေခဲ့သည်။ ယင်းအချိန်မှစတင်၍ ယခင်ပဋိပက္ခဖြစ်ပွားခဲ့သည့်နေရာအချို့တွင် တည်ဆောက်ရေး

လုပ်ငန်းများကိုစတင်နိုင်ခဲ့ကြသည်။ သို့သော်ထိုအပစ်အခတ်ရပ်စဲမှုများသည် နိုင်ငံရေးသဘောတူညီမှုများဆီသို့ဦးတည်ခြင်းလည်းမရှိသလို ရေရှည်ခံသောငြိမ်းချမ်းရေးအဖြစ်လည်းအသွင်ပြောင်းလဲပေးနိုင်ခြင်းမရှိခဲ့ကြချေ။

## အပစ်အခတ်ရပ်စဲမှုရေးရာစီးပွားရေး

အပစ်အခတ်ရပ်စဲရေးသည် စီးပွားရေးအပေါ်အကြီးအကျယ်အကျိုးသက်ရောက်မှုရှိစေခဲ့သည်။ တိုက်ပွဲများ၏နိဂုံးအဆုံးသတ်သည် ကြီးမားလှသည့်ဖွံ့ဖြိုးရေးစီမံကိန်းကြီးများနှင့်ကုန်သွယ်မှုတို့ကို ဖြစ်ပေါ်စေခဲ့သည်။ မြန်မာနိုင်ငံမြောက်ပိုင်းတွင် အပစ်အခတ်ရပ်စဲရေးလက်စသတ်ရရှိခဲ့ပြီးသည့်နောက် အိမ်နီးချင်းနိုင်ငံများသည် ၄င်းတို့၏နယ်စွန်နယ်ဖျားဒေသများတစ်လျှောက် 'စစ်ဖြစ်ခြင်းလည်းမဟုတ် ငြိမ်းချမ်းရေးလည်းမကျ'[၇] သည့်အနေအထားမှ အကျိုးအမြတ်များစွာကိုရရှိခဲ့ကြသည်။ ရေရာမှုမရှိသည့်အခြေအနေသည် ပမာဏကြီးမားလှသည့်သတ္တုတူးဖော်ရေးနှင့်သစ်ခုတ်ရေးစသည့် သဘာဝသယံဇာတများကို လောဘဇောတိုက်ထုတ်ယူခြင်း၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများအတွက် ကြီးမားသည့်အခွင့်အရေးများနှင့်မူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်း၊ လောင်းကစားမှုနှင့်လူကုန်ကူးမှုများအပါအဝင်တ ရားမဝင်စီးပွားရေးလုပ်ငန်းများအတွက် လုပ်ကွက်ဖန်တီးပေးသည်။ ဒေသခံများ၏သဘာဝပတ်ဝန်းကျင်နှင့်လူမှုဘဝသက်မွေးဝမ်းကျောင်းမှုများအပေါ် အလွန်ဆိုးရွားလှသောသက်ရောက်မှုများရှိခဲ့သည်။ လူနည်းစုဒေသတွင် ဒေသခံများအကြား၌ မကျေနပ်မှုအသစ်များကိုလည်း ဖန်တီးခဲ့သည်။[၈]

လက်နက်ကိုင်အဖွဲ့အများအနေဖြင့် ၄င်းတို့၏အဖွဲ့အစည်းအသီးသီးကိုဘဏ္ဍာရေးအရပံ့ပိုးနိုင်ရန်ဝင်ငွေရ လမ်းရှာကြံရန်လိုအပ်လျက်ရှိသေးသည်။ ဗဟိုအစိုးရအနေဖြင့် အပယ်ခံတိုင်းရင်းသားလူမျိုးစုအဖွဲ့များအား လိုအပ်သည့်အရင်းအမြစ်အကူအညီများကို ပံ့ပိုးပေးလိုသည့်ဆန္ဒမရှိဘဲ တရားဝင်ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခွင့်ကို ဆက်လက်၍လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားခဲ့သဖြင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့များသည် တရားမဝင်စီးပွားရေးလုပ်ငန်းများအပေါ်တစ်စိတ်တစ်ပိုင်းမှီခိုကြရပြီး မိမိတို့ရေ့ ဆက်ရပ်တည်နိုင်ရေးအတွက် ဤသို့အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို ထောက်ပံ့ရန်အခြားနည်းလမ်းများဖြင့်ရှာကြံရခြင်းဖြစ်သည်။ "အစိုးရက လုပ်ငန်းအားလုံးကိုချုပ်ကိုင်ထားလို့ ဒီလက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးအတွက် တရားဝင်ကုန်သွယ်မှုလုပ်ငန်းတွေလုပ်ကိုင်နိုင်ဖို့အရမ်းခက်တယ်"ဟုရှမ်းပြည်မြောက်ပိုင်းမှအပစ်အခတ်ရပ်စဲရေးအဖွဲ့၏အဖွဲ့ဝင်ဟောင်းတစ်ဦးကဆိုခဲ့သည်။ "ဒါကြောင့်လည်းသူတို့တွေမှောင်ခိုလုပ်ငန်းကိုမှီခိုနေကြရတာပါ။ တစ်နည်းအားဖြင့် အစိုးရကလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ဒီကိစ္စနဲ့ပတ်သက်နေအောင်လှုံ့ဆော်ပေးထားတယ်။ သူတို့အတွက်တခြားရွေးစရာလမ်းလည်းပေးမထားဘူး"[၉]

နိုင်ငံအတွင်းလက်ရှိနိုင်ငံရေးမတည်ငြိမ်မှု၊ လက်နက်ကိုင်အဖွဲ့များ၏ မရေရာသောအနေအထားနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ၏အနာဂတ်အပေါ်မူတည်ပြီးအမြတ် (စီးပွားရေးဆိုင်ရာအမြတ်ထွက်မှုအများစု) ထွက်နေကြသည့် လက်နက်ကိုင်အဖွဲ့များနှင့်၊ နိုင်ငံရေးနှင့်မပတ်သက်သည့် အခြားသောအရှိန် အဝါရှိသည့်ပုဂ္ဂိုလ်များလည်းရှိနေကြသည်။ ၎င်းတို့မှာဒေသခံပြည်သူစစ်အဖွဲ့များအပြင် ငြိမ်းချမ်းရေးနှင့်ပြန်လည်သင့်မြတ်ရေးတို့သည် ၄င်းတို့အတွက်အကျိုးအမြတ်လုံးဝမရှိဟုရှုမြင်ကြသည့် တရုတ်၊ ထိုင်းသစ်ကုမ္ပဏီများနှင့်မူးယစ်ဆေးဝါးကုန်သည် နိုင်ငံခြားသားများဖြစ်ကြသည်။

ထို့အပြင် နိုင်ငံတော်ကဏ္ဍ၏အားနည်းချက်ကြောင့်လည်း တပ်မတော်နှင့်အစိုးရအာဏာပိုင်အဆင့်ဆင့်တို့အပြင် ဒေသခံအပစ်အခတ်ရပ်စဲရေးအဖွဲ့ခေါင်းဆောင်များ၏ အကျင့်ပျက်ခြစားမှုကိုလည်းဖြစ်ပေါ်စေခဲ့သည်။ ရလာဒ်အနေဖြင့် သ

ဘာဝသယံဇာတများကိုထုတ်ယူပြီး၊ နယ်စပ်ကိုကျော်ဖြတ်ကာ ထိုင်းနှင့် တရုတ်နိုင်ငံသို့တန်ဖိုးမြင့်ထုတ်လုပ်ခြင်းမရှိဘဲ ဈေးပေါပေါနှင့်တင်ပို့ခြင်းပင်ဖြစ်သည်။ နိုင်ငံခြားကုမ္ပဏီ များနှင့်ဒေသခံအာဏာပိုင်များအတွက် အမြတ်အစွန်းကြီးမား စွာရရှိကြပြီး၊ အနည်းငယ်မျှသောအလုပ်အကိုင်ဖန်တီးပေးမှုနှင့်ရပ်ရွာအကျိုးအတွက်မဆိုသလောက်သာ ပြန်လည်ရင်းနှီး မြှုပ်နှံခြင်းသာရှိခဲ့သည်။[၁၀]

## သဘာဝသယံဇာတထုတ်ယူခြင်း

မြန်မာနိုင်ငံ၏တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ နယ်စပ်ဒေသများသည် အဖိုးတန်သစ်မာ၊ ရွှေ၊ ငွေ၊ ကျောက်စိမ်းနှင့် ပတ္တမြားအပါအဝင် အဖိုးတန်ကျောက်မျက်မျိုးစုံစသည့် သဘာဝသယံဇာတများပေါများ ကြွယ်ဝကြသည်။ သစ်ခုတ်လှဲခြင်းသည် အပစ်အခတ်ရပ်စဲရေးစတင်ဆွေးနွေးပြီး ထိုင်း၊ တရုတ်တို့နှင့် နယ်စပ်ကုန်သွယ်ရေးကို မြန်မာအစိုး ရမှခွင့်ပြုခဲ့ချိန် ၁၉၈၈ ခုနှစ်ကတည်းကစ၍ တဟုန်ထိုးတိုးတက်လာခဲ့သော လုပ်ငန်းတစ်ခုဖြစ်သည်။ ပထမဦးဆုံးအနေ ဖြင့် ၁၉၉၀ ပြည့်နှစ်အစောပိုင်းတွင် ထိုင်းနိုင်ငံနယ်စပ်တစ်လျှောက်နှင့် ၂၀၀၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံနယ်စပ်တစ် လျှောက် ထိုင်းနှင့်တရုတ်ကုမ္ပဏီများသည် အစိုးရနှင့်ဒေသခံတိုင်းရင်းသားများ၏ သစ်တောကြိုးဝိုင်းများအပါအဝင် တန်ဖိုးမြင့်သစ်များကို ခုတ်ယူခဲ့ကြသည်။ မိမိတို့နိုင်ငံတွင်း၌ သစ်တောစောင့်ရှောက်ရေးဥပဒေပြဋ္ဌာန်းထားသော ထိုင်း နှင့်တရုတ်နိုင်ငံများတွင် သဘာဝသယံဇာတလိုအပ်ချက်သိသိသာသာတိုးတက်များပြားလာမှုနှင့် ပေါင်းယှက်သွားခဲ့ပြန် သည်။

၂၀၀၆ ခုနှစ်၊ မေလတွင် ခုတ်လှဲပြီးသစ်လုံးကုဗမီတာတစ်သန်းခန့်ကို မြန်မာနိုင်ငံမြောက်ပိုင်းမှ ယူနန်ပြည်နယ်အထိ ကုန်းလမ်းမှနှစ်စဉ်တင်ပို့နေမှုအားဆိုင်းငံ့ရန် တရုတ်နိုင်ငံကအမိန့်ထုတ်ပြန်လိုက်သည်။[၁၁] ၂၀၀၉ ခုနှစ်တွင် ဂလိုဘယ်လ် ဝစ်တနက်စ်အဖွဲ့၏အစီရင်ခံစာအရ မြန်မာ-တရုတ်နယ်စပ်ဖြတ်ကျော် သစ်အရောင်းအဝယ်ရှိနေဆဲဖြစ်ပြီး ပမာဏအနေ ဖြင့်လျော့နည်းသွားခဲ့ကြောင်းဖော်ပြခဲ့သည်။[၁၂] သို့သော် အစိုးရထိန်းချုပ်ရာလမ်းကြောင်းများမှတစ်ဆင့် ပြည်ပသို့တင်ပို့ ရန်အတွက် ရန်ကုန်သို့သယ်ယူနေသည့် ပိုမိုများပြားသည့်ပမာဏနှင့်ဆိုလျှင် တစ်စိတ်တစ်ပိုင်းပြန်လည်ကာမိသွား သည်။[၁၃] နှစ်နိုင်ငံသဘောတူနယ်ခြားဖြတ်ကျော်သစ်ရောင်းဝယ်မှု ပိတ်ပင်ထားသည့်ကာလအတွင်း တရုတ်နိုင်ငံဘေဂျင်း ဗဟိုအစိုးရနှင့် ယူနန်ပြည်နယ်အစိုးရများသည် ကချင်ပြည်နယ်နှင့်ရှမ်းပြည်မြောက်ပိုင်းတို့တွင် ရေအားလျှပ်စစ်ထုတ်ယူ ရန်အတွက် အကြီးစားရေကာတာကြီးများတည်ဆောက်ရန် မြန်မာအစိုးရအာဏာပိုင်များနှင့်သဘောတူညီမှု ရယူခဲ့ကြ သည်။[၁၄]

အဓိကအားဖြင့် တရုတ်အလုပ်သမားများကိုအသုံးပြုကြသည့် တရုတ်ကုမ္ပဏီအများစုပါဝင်သည့် နိုင်ငံခြားကုမ္ပဏီများ သည် ကြွယ်ဝလှသောသတ္တုသိုက်များကို အကြီးအကျယ်တူးဖော်နေခြင်းသည် ဒေသခံရပ်ရွာလူထုများအတွက် အလုပ်အ ကိုင်နှင့်အခြားဝင်ငွေရလမ်းများကိုဆုံးရှုံးစေခြင်းနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းများသို့ ဦးတည်စေခဲ့သည်။ တရုတ် ကုမ္ပဏီများသည် သတ္တုတူးဖော်ရေးလုပ်ကိုင်ခွင့်များကို သက်ဆိုင်ရာဒေသတပ်မတော်တိုင်းမှူးများ၊ ပြည်သူ့စစ်အဖွဲ့ ခေါင်းဆောင်များ၊ အစိုးရထိန်းချုပ်မှုမရှိသောဒေသရှိ အပစ်အခတ်ရပ်စဲရေးအဖွဲ့များစသဖြင့် မည်သူ့ထံမှဖြစ်စေ ရောင်း ချမည့်သူများထံမှ မကြာခဏဝယ်ယူလုပ်ကိုင်ခဲ့ကြသည်။ နိုင်ငံရေးသစ္စာခံ၍ဘက်ပြောင်းလာခြင်းအတွက် ဆုချခြင်းခံရ သည့်အနေဖြင့် အချို့သတ္တုတူးဖော်ရေးလုပ်ပိုင်ခွင့်များကို အစိုးရလိုလားသည့်ပြည်သူ့စစ်အဖွဲ့များက ပိုင်ဆိုင်ကြသည်။ သတ္တုတူးဖော်ရေးကုမ္ပဏီကြီးများ၏ သတ္တုတူးဖော်ရာတွင်သုံးစွဲသည့် ပြဒါးကဲ့သို့အဆိပ်အတောက်ဖြစ်စေသောအရာ များ၊ ဖိအားသုံးသတ္တုတူးဖော်ရေးပစ္စည်းများစသည့် ရေရှည်အကျိုးမရှိသော သတ္တုတူးဖော်မှုနည်းလမ်းများသည် သဘာဝ

ပတ်ဝန်းကျင်ပျက်စီးမှုကိုဖြစ်ပေါ်စေခဲ့ပြီး၊ ဒေသခံများ၏ကျန်းမာရေးကို လည်းခြိမ်းခြောက်သည့်အလားအလာဖြစ်စေခဲ့သည်။ ကြီးမားလှသောသတ္တုတူးဖော်ခြင်းများသည် သစ်တောပြုန်းတီးမှု၊ ရပ်ရွာပိုင်မြေယာများနှင့်မြစ်၊ ချောင်းများအားအသုံးချနိုင်ခွင့်ဆုံးရှုံးခြင်းများကိုလည်း ဖြစ်စေခဲ့သည်။[၁၅] ရွှေအပြင်အခြားသတ္တုများကိုလည်း ဗဟိုမှစည်းကမ်းသတ်မှတ်မှုမရှိသော်လည်း ဒေသခံအာဏာပိုင်များမှခွင့်ပြုထားသည့် စည်းကမ်းတကျမဟုတ်သည့်ပုံစံဖြင့် မကြာခဏတူးဖော်လျက်ရှိသည်။ ၎င်းတူးဖော်မှုများကို အဓိကအားဖြင့် ဟောင်ကောင်နှင့်တရုတ်နိုင်ငံတောင်ဖက်ပိုင်းမှရင်းနှီးမြုပ်နှံသူများ က ငွေကြေးမတည်ထောက်ပံ့ထားသည်။[၁၆]

ရင်းနှီးမြုပ်နှံမှုအများစုမှာ ပြည်ပတိုက်ရိုက်ရင်းနှီးမြုပ်နှံမှု အများစုဖြစ်ကြပြီး သယံဇာတပေါများကြွယ်ဝသော တိုင်းရင်းသားလူမျိုးစုပြည်နယ်များတွင်ဖြစ်သည်။ ကချင်နှင့်ရှမ်းပြည်နယ်များသည် သတ္တုတူးဖော်ရေး၊ ရေအားလျှပ်စစ်၊ သစ်ထုတ်လုပ်ခြင်းအပြင် မကြာမီက ဒေသခံစီးပွားဖက်များနှင့် တရုတ်ရင်းနှီးမြုပ်နှံသူများအတွက်သာလုပ်ပိုင်ခွင့်ရကြသည့် လယ်ယာစီးပွားရေးလုပ်ငန်းများနှင့်ဆက်နွယ်ပြီး မြေယာအပေးအယူများအတွက် သည်းသည်းမည်းမည်း မျက်စေ့ကျခြင်းခံရသည်။ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းခန့် သို့မဟုတ် အမေရိကန်ဒေါ်လာ ၈. ၃ ဘီလီယံနှင့်ညီမျှသောပမာဏကို ကျောက်စိမ်းနှင့်ရွှေတူးဖော်ရေး၊ ရေအားလျှပ်စစ်စီမံကိန်းများတည်ရှိသော ကချင်ပြည်နယ်တွင်ရင်းနှီးမြုပ်နှံခဲ့ကြသည်။ အမေရိကန်ဒေါ်လာ ၇. ၅ ဘီလီယံတန်ဖိုးရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရာ ရခိုင်ပြည်နယ်သည် ဒုတိယ လိုက်ပြီး၊ ယင်းနောက်တွင်အမေရိကန်ဒေါ်လာ ၆. ၆ ဘီလီယံရင်းနှီးမြုပ်နှံမှုရှိသော ရှမ်းပြည်နယ်ဖြစ်သည်။ ဤပြည်နယ်သုံးခုရှိ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုပမာဏသည် မြန်မာနိုင်ငံရှိနိုင်ငံခြားရင်းနှီးမြုပ်နှံမှုအားလုံး၏ ၆၅ ရာခိုင်နှုန်းရှိသည်။[၁၇]

သို့သော် ဗဟိုအစိုးရအနေဖြင့် လူမျိုးစုပြည်နယ်များတွင် သဘာဝအရင်းအမြစ်များကိုထုတ်ယူပြီး နိုင်ငံခြားသို့ရောင်းချရန်စိတ်အားထက်သန်နေသော်လည်း ထိုသို့ရောင်းချခြင်းမှရရှိခဲ့သောဝင်ငွေကို ဝေးလံခေါင်ဖျားစစ်ဘေးသင့်ဒေသ များ၏ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြုပ်နှံမှုမရှိသဖြင့် ဒေသခံတိုင်းရင်းသားလူထုခေါင်းဆောင်များမှမကျေမနပ်ဖြစ်နေကြသည်။ ထို့အပြင် စီမံကိန်းများနှင့်ပတ်သက်ပြီးလည်း ညှိနှိုင်းတိုင်ပင်မှုမရှိသည့်အပြင် ဒေသခံရပ်ရွာလူထုများအနေဖြင့် လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာအကျိုးဆက်များကိုလည်းခံစားနေကြရသည်။ ၎င်းတို့အနေဖြင့် သဘာဝအရင်းအမြစ်များကိုဆုံးရှုံးခဲ့ကြရပြီး ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာထိခိုက်ပျက်စီးမှုအတွက် လျော်ကြေးမရကြသည့်အပြင် ရရှိလာသောအကျိုးအမြတ်များတွင် ဝေစုတစ်စုဝေမျှခံစားရန် ကမ်းလှမ်းခြင်းခံရသည်လည်းမရှိချေ။ အကျိုးအမြတ်ရခဲ့ကြသူများမှာ လူထုဆီကျယ်ကျယ်ပြန့်ပြန့်မရောက်ရှိခဲ့သည့်ငွေကြေးအကျိုးအမြတ်များကိုရရှိရေးအတွက် မိမိတို့၏အဆက်အသွယ်များအားကိုယ်ကျိုးရှာအခွင့်အရေးကို အသုံးချခဲ့ကြသော တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့မှ အဖွဲ့ဝင်များဖြစ်လေ့ရှိကြသည်။[၁၈]

## မြန်မာနိုင်ငံတွင်ဘိန်းထုတ်လုပ်မှု

စစ်ပွဲများ၏အဆုံးသတ်နိဂုံးသည် တောင်သူများအနေဖြင့် သေနတ်ဖြင့်အပစ်ခံရမည်ကိုကြောက်ရွံ့စရာမလိုကြတော့ဘဲ မိမိတို့မြေယာများကိုထွန်ယက်စိုက်ပျိုးလာနိုင်ကြသည့်အခွင့်အရေးကို ဆောင်ကျဉ်းပေးလာခဲ့သည့်အတွက် ပထမအပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိခဲ့သည့် ၁၉၈၉ ခုနှစ်တွင် ဘိန်းထုတ်လုပ်မှုသည် ကနေဦးအနေဖြင့် သိသိသာသာပင်တိုးတက်ခဲ့သည်။ အချို့အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို တပ်မတော်အစိုးရမှအနှောက်အယှက်မပေးဘဲ ဘိန်းစိုက်ပျိုး၊ သယ်ဆောင်ခွင့်အားအစောပိုင်းလောက်၌ အနည်းဆုံးခွင့်ပြုထားခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် အာဖဂန်

နစ္စတန်နိုင်ငံက ၎င်းနေရာကိုအစားဝင်မယူခင်အထိ ကမ္ဘာ့ဘိန်းအများဆုံးထုတ်လုပ်ရာနိုင်ငံဖြစ်ခဲ့သည်။ ၂၀၀၃ ခုနှစ်မတိုင်မီအထိ မြန်မာနိုင်ငံ၏ဘိန်းပင် ၉၀ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်တွင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ‘ဝ’ နှင့်ကိုးကန့်ဒေသများ ချည်းမှပင် ၄၀-၅၀ ရာခိုင်နှုန်းခန့်ထွက်ရှိခဲ့သည်။[၁၉]

သို့သော် ယူအင်န်အိုဒီစီ၏အဆိုအရ မြန်မာနိုင်ငံတွင်ဘိန်းထုတ်လုပ်မှုသည် ၁၉၉၇ ခုနှစ်တွင် ခန့်မှန်းခြေ ၁,၆၇၆ မက်ထရစ်တန်မှ ၂၀၀၆ ခုနှစ်တွင် ၃၁၅ မက်ထရစ်တန်အထိကျဆင်းခဲ့ကြောင်းသိရှိရသည်။ ထိုကာလအတွင်း ဘိန်းစိုက်ပျိုးမှုကျဆင်းရသောအရေးအကြီးဆုံးအကြောင်းရင်းမှာ ရှမ်းပြည်နယ်မြောက်ပိုင်း ရှိအပစ်ရပ်အဖွဲ့များ၏အဓိကဘိန်းစိုက်ပျိုးရာဒေသများတွင် ဘိန်းစိုက်ပျိုးမှုတားဆီးပိတ်ပင်မှုအချို့ကြောင့်ဖြစ်သည်။ ဘိန်းစိုက်ပျိုးမှုတားဆီးပိတ်ပင်မှုများအား ၁၉၉၇ ခုနှစ်တွင် မိုင်းလားဒေသမှအင်န်ဒီအေအေ၊ ၂၀၀၃ ခုနှစ်တွင် ကိုးကန့်ဒေသမှအမ်မ်အင်န်ဒီအေအေနှင့် ၂၀၀၅ ခုနှစ်တွင် ‘ဝ’ ဒေသရှိယူဒဗလျူအက်စ်အေအဖွဲ့တို့မှ ချမှတ်ပြဋ္ဌာန်းခဲ့ကြခြင်းဖြစ်သည်။ ဆယ်စုနှစ်များစွာကြာမြင့်ခဲ့သည့် စစ်ပွဲနှင့်အထီးကျန်သီးခြားရပ်တည်မှုများနောက်ပိုင်းတွင် အဆိုပါအပစ်ရပ်အဖွဲ့များသည် အပြည်ပြည်ဆိုင်ရာမှနိုင်ငံရေး အရအသိအမှတ်ပြုလာရေး၊ ချွတ်ခြုံကျလျက်ရှိသော ၎င်းတို့၏ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီရရှိရေး တို့ကို မျှော်လင့်ခဲ့ကြသည်။

ဘိန်းထုတ်လုပ်မှုကျဆင်းခြင်းတွင် အိမ်နီးချင်းတရုတ်နိုင်ငံနှင့်ဆက်ဆံရေးသည်အရေးပါသောအခန်း၌ရှိနေသည်။ “ဘိန်းတားဆီးပိတ်ပင်တာ အဓိကကတော့တရုတ်ကဖိအားပေးလို့ပါ”ဟု မိုင်းလားအဖွဲ့ကိုယ်စားလှယ်တစ်ဦးကဆိုသည်။[၂၀] ဘိန်းစိုက်ပျိုးမှုတားဆီးပိတ်ပင်ရေးအား အပစ်ရပ်အဖွဲ့များမှ တင်းကျပ်စွာဆောင်ရွက်ခဲ့ကြသည်။ ဘိန်းစိုက်ပျိုးမှုတားဆီးရေး လှုပ်ရှားမှုများတွင် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်များရှိ အခြားလက်နက်ကိုင်အဖွဲ့များကလည်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ကချင်ပြည်နယ်ရှိကေအိုင်အို နှင့်အင်န်ဒီအေ-ကေအဖွဲ့များကလည်း ဘိန်းခင်းများကိုဖျက်ဆီးခဲ့ကြသည်လည်းရှိ၊ တစ်ခါတစ်ရံအစိုးရနှင့်ပူးပေါင်းပြီးဘိန်းခင်းများကိုဖျက်ဆီးခဲ့ကြသည်များလည်းရှိကြသည်။ ထိုအဖွဲ့အစည်းနှစ်ခုစလုံးသည် ထိုသို့ဆောင်ရွက်ရန် တရုတ်နိုင်ငံ၏အပြင်းအထန်ဖိအားပေးခြင်းကိုခံခဲ့ကြရသည်။

အစိုးရ၏ဘိန်းတိုက်ဖျက်ရေးဆောက်ရွက်ချက်များကလည်း ဘိန်းစိုက်ပျိုးမှုကျဆင်းရေးကိုအထောက်အကူ ဖြစ်ကောင်းဖြစ်ခဲ့ပါသည်။ ၁၉၉၉ ခုနှစ်တွင် ဗဟိုအစိုးရသည် ဒေသအသီးသီးတွင်အဆင့် ၃ ဆင့်ပါဝင်သောဘိန်းစိုက်ပျိုးမှုတားဆီးရေး ၁၅ နှစ်စီမံကိန်းကိုကြေညာခဲ့သည်။ ဤဆောင်ရွက်ချက်သည် အာဆီယံ၏သဏ္ဍာရာဇ် ၂၀၁၅ တွင်ဒေသတွင်း မူးယစ်ကင်းစင်ရေးဟူသည့် ကျယ်ပြန့်သည့်ရည်ရွယ်ချက်နှင့်တိုက်ဆိုင်နေသည်။ ဤသို့လက်တွေ့မကျသည့် ရည်မှန်းချက်သည် ဒေသတွင်းဘိန်းစိုက်တောင်သူနှင့်မူးယစ်ဆေးဝါးသုံးစွဲသူများအပေါ် အတိုင်းထက်အလွန်နှိပ်ကွပ်မှုကို ဦးတည်သွားစေခဲ့သည်။[၂၁]

အလေးထားသုံးသပ်မှုနည်းသော်လည်း အခြားအရေးပါသောကြောင်းတစ်ခုမှာ ကမ္ဘာ့ဈေးကွက်အနေအထားပင်ဖြစ်သည်။ ၁၉၉၀ နှစ်များအတွင်း မြန်မာနိုင်ငံမှလာသောမူးယစ်ဆေးဝါးများကို အမေရိကန်နှင့်ဥရောပဈေးကွက်များတွင် ကိုလံဘီယာနှင့်အာဖဂန်နစ္စတန်နိုင်ငံများမှလာသော ဘိန်းဖြူများက အားလုံးနီးပါးလိုလိုအစားထိုးနေရာဝင်ယူခဲ့သည်။ အရှေ့တောင်အာရှ၊ တရုတ်၊ အိန္ဒိယ၊ ဩစတြေးလျနှင့်ဂျပန်စသည့်နိုင်ငံများတွင် မြန်မာ့ဘိန်း နှင့်ဘိန်းဖြူအားလုံးကို သုံးသည်ဟုထင်ရသလောက်ထိဖြစ်လျက်ရှိသည်။[၂၂]

မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုသည်အတိုင်းအတာတစ်ခုထိကျဆင်းသွားခဲ့ချိန်တွင် အမ်ဖက်တမင်းအမျိုးအစားစိတ်ကြွဆေးများ၊ အထူးသဖြင့် ပိုမိုပြင်းထန်သောအာနိသင်ရှိသည့် မက်သာအမ်ဖက်တမင်းထုတ်လုပ်မှုသည် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ထူးထူးခြားခြားတိုးတက်လာခဲ့သည်။ တိကျခိုင်လုံသည့်ကိန်းဂဏန်းများမရရှိသော်လည်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်ထိစပ်လျက်ရှိရာ မြန်မာနိုင်ငံနယ်စပ်တစ်လျှောက်တွင် မက်သာအမ်ဖက်တမင်းဆေးပြားထုတ်လုပ်မှုသည် ခန့်မှန်းခြေအားဖြင့် သန်းပေါင်းအတော်များများရှိခဲ့သည်။[၂၃] မြန်မာနိုင်ငံမှထုတ်လုပ်သော ဘိန်း၊ ဘိန်းဖြူနှင့်စိတ်ကြွဆေးပြားအများစုကို ရှမ်းပြည်နယ်မှတစ်ဆင့် တရုတ်၊ ထိုင်းနှင့်လာအိုနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ကြသည်။ အက်ဆစ်တစ်အင်ဟိုက်ဒရိုက်(ဟီးရိုးရင်း)၊ အက်ဖီဒရင်းနှင့်ဆူဒိုအက်ဖီဒရင်း(မက်သာအမ်ဖက်တမင်း)တို့ကဲ့သို့ မူးယစ်ဆေး ဝါးချက်လုပ်ရာတွင်အသုံးပြုသောဓာတုပစ္စည်းများကို မြန်မာနိုင်ငံတွင်မထုတ်လုပ်ချေ။ ၎င်းတို့အား ထိုင်း၊ တရုတ်နှင့်အိန္ဒိယ နိုင်ငံတို့မှ တရားမဝင်တင်သွင်းလာခဲ့ကြခြင်းဖြစ်သည်။ အေတီအက်စ်စိတ်ကြွဆေးပြား ထုတ်လုပ်မှုသည် ကမ္ဘာတဝှမ်းအလျင်အမြန်ကြီးထွားလာနေသော တရားမဝင်မူးယစ်ဆေးဝါးဈေးကွက်များ အနက်တစ်ခုဖြစ်သည်။ ထိုလုပ်ငန်းစဉ်တစ်လျှောက်အမြတ်အစွန်းများစွာရရှိပြီး ဒေသဆိုင်ရာအာဏာပိုင်များ၊ ပြည်သူ့ရဲတပ်ဖွဲ့၊ အကောက်ခွန်ဝန်ထမ်းများနှင့်ဒေသတွင်းရှိတပ်မတော်အရာရှိများအား အကျင့်ပျက်ခြစားမှုများကိုဖြစ်စေခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံတွင် မက်သာအမ်ဖက်တမင်းထုတ်လုပ်မှု တိုက်ဖျက်ရေးဆောင်ရွက်ချက်၏ရလာဒ်အဖြစ် မက်သာအမ်ဖက်တမင်းအကြီးအကျယ်ထုတ်လုပ်မှုသည် မြန်မာနိုင်ငံသို့တစ်စိတ်တစ်ပိုင်းအဖြစ်ရွှေ့ပြောင်းရောက်ရှိလာခဲ့သည်။

စိတ်ကြွဆေးထုတ်လုပ်မှုတိုးတက်မြင့်မားလာခြင်းသည် ‘အစားထိုးနေရာယူခြင်း’ ဟုဆိုနိုင်သည့်ဖြစ်ရပ်ကို ဖော်ပြနိုင်သောသာဓကတစ်ခုဖြစ်သည်။ မူးယစ်ဆေးဝါးတစ်မျိုး(ဘိန်းနှင့်ဘိန်းဖြူ)အားတိုက်ဖျက်ရန် လှုပ်ရှားဆောင်ရွက်မှုသည် အလားတူအာနိသင်ရှိသော သို့မဟုတ် ပို၍အန္တရာယ်ပေးနိုင်ချေရှိသော အခြားသောမူးယစ်ဆေးဝါး (မက်သာအမ်ဖက်တမင်း) တိုးတက်များပြားလာမှုသို့ဦးတည်စေနိုင်သည်။ အပြည်ပြည်ဆိုင်ရာမှုဖိအားနှင့် ပြည်တွင်းဘိန်းတိုက်ဖျက်ရေးလှုပ်ရှားမှုများသည် ရွှေတြိဂံဒေသတွင် ဘိန်းစိုက်ပျိုးမှုနှင့်ဘိန်းဖြူထုတ်လုပ်ကျဆင်းခြင်းသို့ဦးတည်စေခဲ့သည်။ တစ်ချိန်ထဲမှာပင် အရှေ့နှင့်အရှေ့တောင်အာရှ၏ မက်သာအမ်ဖက်တမင်းဈေးကွက်သည်လည်း ဖွံ့ဖြိုးကြီးထွားလာခဲ့ပြီး၊ အစဉ်အလာအရ ဘိန်းနှင့်ဘိန်းဖြူထုတ်လုပ်သုံးစွဲရာနေရာဒေသများတွင် စိတ်ကြွဆေးထုတ်လုပ်သောအဆောက်အအုံများတိုးပွားလာခဲ့သည်။

## ဘိန်းစိုက်ပျိုးမှုအသစ်တဖန်တိုးတက်လာခြင်း

မကြာသေးမီနှစ်များအတွင်း မြန်မာ၊ လာအိုနှင့်ထိုင်းနိုင်ငံများပါဝင်သည့် ရွှေတြိဂံဒေသတွင် ဘိန်းစိုက်ပျိုးမှုသည်နှစ်ဆတိုးတက်လာခဲ့သည်။ မြန်မာနိုင်ငံတွင်ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၆ ခုနှစ်ခန့်မှန်းခြေအရ ၂၁,၅၀၀ ဟက်တာမှ ၂၀၁၁ ခုနှစ်တွင် ၄၃,၆၀၀ ဟက်တာထိမြင့်တက်သွားခဲ့ပြီး၊ ဘိန်းထုတ်လုပ်မှုအနေဖြင့် ၃၁၅ တန်မှ ၆၁၀ တန်အထိမြင့်တက်လာခဲ့သည်။[၂၄] ယူအင်န်အိုဒီစီ၏အဆိုအရ ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ဘိန်းထုတ်လုပ်မှုသည် ကမ္ဘာ့ဘိန်းထုတ်လုပ်မှုစုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းကိုကိုယ်စားပြုခဲ့ပြီး အာဖဂနစ္စတန်နိုင်ငံက ကမ္ဘာ့ဘိန်းထုတ်လုပ်မှု၏လေးပုံသုံးပုံနီးပါးခန့်ကိုထုတ်လုပ်ပံ့ပိုးပေးခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့ဘိန်းထုတ်လုပ်မှုတွင် မြန်မာနိုင်ငံမှဝေစုပါဝင်မှုပမာဏ ၉ ရာခိုင်နှုန်းအထိလျော့ကျသွားခဲ့သည်။ သို့သော် ဤသို့ဖြစ်ရခြင်းမှာအာဖဂန်နစ္စတန်နိုင်ငံ၏ဘိန်းထွက်ရှိမှုပမာဏ သိသာစွာမြင့်တက်လာခဲ့သောကြောင့်ဖြစ်သည်။[၂၅]

၂၀၀၆ ခုနှစ်မှစတင်ပြီး ဘိန်းစိုက်ပျိုးမှုပုံမှန်တိုးတက်နေခြင်းသည် ဒေသအတွင်းဘိန်းထုတ်လုပ်မှုကျဆင်းမှုသည် ကြာရှည်တည့်တံမည့်ဟန်မရှိကြောင်းသတိပေးပြသလိုက်ခြင်းဖြစ်သည်။ အဓိကစိုက်ပျိုးသည့်နေရာများမှာလည်း '၀' နှင့်ကိုးကန့်ဒေသတွင်မဟုတ်ကြတော့ဘဲ ရှမ်းပြည်နယ်၏တောင်ဘက်နှင့်မြောက်ဘက်ပိုင်းများသို့ ရွှေ့ပြောင်းသွားခဲ့ကြသည်။ ၂၀၀၈-၂၀၁၁ ခုနှစ်များအတွင်း ရှမ်းပြည်နယ်တောင်ပိုင်းသည် နိုင်ငံအတွင်းရှိဘိန်းစိုက်ပျိုးမှု ၅၀ ရာခိုင်နှုန်းနှင့်အတူ ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် ၉၀ ရာခိုင် နှုန်းစိုက်ပျိုးမှုအပေါ်တာဝန်ရှိခဲ့ကြောင်းယူအင်န်အိုဒီစီမှခန့်မှန်းခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၈ ခုနှစ်တွင် ၁၅,၀၀၀ ဟက်တာမှ ၂၀၁၁ ခုနှစ်တွင် ၂၃,၃၀၀ ဟက်တာအထိတိုးတက်ခဲ့သည်။[၂၆] ကချင်ပြည်နယ်အတွင်းရှိ တီအင်န်အိုင်ပြည်တွင်းသုတေသီများမှလည်း ယင်းနှစ်များအတွင်း ဘိန်းစိုက်ပျိုးမှုတိုးတက်ခဲ့ကြောင်း အစီရင်ခံခဲ့ကြသည်။

လာအိုနှင့်အာဖဂန်နစ္စတန်နိုင်ငံကဲ့သို့ အခြားနိုင်ငံများနှင့်အလားတူ ဆင်းရဲနွမ်းပါးမှုသည်လည်း မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးရေးကိုဖြစ်ပေါ်စေသည့် အဓိကအချက်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုသည် ဝင်ငွေနှင့် အပြန်အလှန်ဆက်စပ်ပြောင်းလဲသည့် လုပ်ငန်းရပ်တစ်ခုမျှသာလျှင်မဟုတ်ဘဲ၊ ၎င်းတွင် လူသားတို့ဂုဏ်သိက္ခာရှိစွာနေထိုင်နိုင်စွမ်းကို အဓိပ္ပါယ်ဖွင့်ဆိုပေးသည့် လူမှုစီးပွားနှင့်လုံခြုံမှုဆိုင်ရာအကြောင်းရင်းများစွာ ပါဝင်လျက်ရှိသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးမှ "ဝင်ငွေမရှိသောစီးပွားရေးချို့တဲ့မှုဟူသည် ဆင်းရဲနွမ်းပါးမှုအပေါ်တွင် အဓိပ္ပါယ်ဖွင့်ဆိုချက်အများစု၏ သတ်မှတ်ချက်ဖြစ်သည်။ သို့သော် ယင်းဖြစ်ရပ်ကိုယ်တိုင်တွင်ပါဝင်နေသော မရေမတွက်နိုင်သည့်လူမှုရေး၊ ယဉ်ကျေးမှုနှင့်နိုင်ငံရေးသွင်ပြင်လက္ခဏာများကိုမူ ထည့်သွင်းစဉ်းစားထားခြင်းမရှိချေ။ ဆင်းရဲနွမ်းပါးမှုသည် စီးပွားရေးနှင့်ရုပ်ဝတ္ထုဆိုင်ရာရင်းမြစ်များချို့တဲ့မှုဖြစ်ခြင်းသာလျှင်မကဘဲ လူ့ဂုဏ်သိက္ခာပိုင်းဆိုင်ရာစော်ကားမှုတစ်ခုလည်းဖြစ်သည်" ဟုဆို သည်။[၂၇] မြန်မာနိုင်ငံသည် မည်သည့်စံနှုန်းနှင့်မဆို ဆင်းရဲသောနိုင်ငံတစ်ခုဖြစ်ပြီး လူသားရင်းမြစ်ဖွံ့ဖြိုးမှုညွှန်းကိန်း (အိပ်ချ်ဒီအိုင်) အောက်ဆုံးနားတွင်ရှိနေသည်။[၂၈] ဘိန်းအများဆုံးစိုက်ပျိုးရာ မြန်မာနိုင်ငံမြောက်ပိုင်းသည် များပြားလှသည့်တိုင်းရင်းသားလူနည်းစုပေါင်းစုံနေထိုင်လျက်ရှိကြသော ဝေးလံခေါင်းပါးသည့်တောင်ပေါ်ဒေသတွင်ဖြစ်သည်။ ဤရပ်ရွာလူထုများသည် နိုင်ငံအတွင်းအပယ်ခံရဆုံးနှင့် အဆင်းရဲဆုံးဖြစ်ကြပြီး ရွှေ့ပြောင်းတောင်ယာစပါးစိုက်ပျိုးရေးကို ဆက်လက်၍ ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နေကြဆဲဖြစ်သည်။ အိမ်ထောင်စုအများစုသည် တစ်နှစ်လျှင် ၂ လမှ ၆ လအတွင်း ဆန်ပြတ်လပ်မှုများကိုကြုံတွေ့ကြရသည်။ ၎င်းတို့အနေဖြင့် ဘိန်းစိုက်ပျိုးရသည့်အဓိကအချက်မှာ ဘိန်းကိုဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးကြသောကြောင့်ဖြစ်သည်။ အခြားသီးနှံနှင့်မတူသောအချက်မှာ ဘိန်းသည် ၎င်း၏အလေး ချိန်နှင့်နှိုင်းယှဉ်ကြည့်လျှင် အတော်ပင်တန်ဖိုးမြင့်မားပြီး ဤအချက်ကြောင့် အခြားသီးနှံများနှင့်နှိုင်းယှဉ်လျှင် ဈေးကွက်ရောက်အောင် သယ်ယူရန်လည်း ပိုမိုလွယ်ကူသည်။

ထို့အပြင် ကုန်သည်များကလည်း ဘိန်းဝယ်ယူရန်အတွက် နယ်စွန်နယ်ဖျားရွာများအထိ အရောက်လာရန် ဆန္ဒရှိကြသည်။ ဘိန်းစိုက်တောင်သူသည် ဘိန်းရောင်းချခြင်းမှရရှိသောဝင်ငွေကို အစားအစာ၊ အဝတ်အထည်များ၊ ဆေးဝါးများအပြင် အပြည့်အဝရရှိနိုင်ခြင်းမရှိကြသော ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုကိစ္စများတွင်အသုံးပြုကြရသည်။ ထို့အပြင် ဘိန်းသည် ဘိန်းပေါ်ချိန်မတိုင်မီ ရွာသို့အရောက်လာပြီး ကြိုတင်ဝယ်ယူသောကုန်သည်များထံမှ ချေးငွေရယူ နိုင်သည့်အခွင့်အလမ်းကိုလည်းပေးသည်။ ဘိန်းစိမ်းကို ငွေကြေးတစ်ခုအပြင် ငွေကြေးစုဆောင်းခြင်းအဖြစ်လည်း အသုံးပြုကြသည်။ ဘိန်းကို ကိုယ်တိုင်အသုံးပြုရန်အတွက်လည်းစိုက်ပျိုးကြပြီး ယခင်အတိတ်တစ်ချိန်က ဧည့်သည်များ၊ မင်္ဂလာဆောင်များနှင့် အသုဘများအပါအဝင် အခမ်းအနားများတွင် ဘိန်းကိုပေးကမ်းခြင်းအပြင် ရိုးရာနတ်ကိုးကွယ်မှုများနှင့်လည်းဆက်စပ်မှုရှိသည်။ ထို့အပြင် ဘိန်းကိုရောဂါအမျိုးမျိုးကိုကုသခြင်းအတွက် အသုံးပြုကြပြီး အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံဆေးဝါးချို့တဲ့သောအရပ်ဒေသများတွင် ဘိန်းသည်အရေးပါလှသည်။ ဤရပ်ရွာလူထုများ

တွင် မိမိတို့ကိုယ်တိုင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့်ဖြေရှင်းနိုင်သည့်နည်းလမ်းအနည်းငယ်သာရှိကြပြီး နေ့စဉ်ဘဝတွင် မထင်မှတ်သည့်ကိစ္စရပ်များဖြင့်ကြုံတွေ့ကြလျှင်နှင့် ခုခံနိုင်စွမ်းအလွန်အားနည်းကြသည်။ အခြားအလားအလာကောင်းသည့် အစားထိုးဝင်ငွေရလမ်းများလည်းမရှိခြင်းကြောင့် ဘိန်းစိုက်ပျိုးမှုအားတားဆီးပိတ်ပင်မှုများမှန်သမျှသည် ရေရှည်တွင် အောင်မြင်မှုမရရှိနိုင်ဖြစ်ခဲ့ကြရသည်။

အပစ်ခတ်ရပ်အဖွဲ့များသည် ဘိန်းစိုက်ပျိုးမှုတားဆီးပိတ်ပင်ရေးကို တင်းကျပ်စွာအကောင်အထည်ဖော်ခဲ့ကြသည်။ ဘိန်းအစားထိုးစိုက်ပျိုးရေးအတွက် နည်းလမ်းရှာကြံကြရာတွင် အပစ်ရပ်အဖွဲ့များသည် တရုတ်နိုင်ငံဘိန်းအစားထိုးအစီအစဉ်မှ ထောက်ပံ့ထားသောသီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းကိုသာ အဓိကထားအာရုံစိုက်ဆောင်ရွက်ခဲ့ကြသည်။ ဤအစီရင်ခံစာကတင်ပြသလို ဤအစီအစဉ်များ၏အဓိကအကျိုးအမြတ်ရရှိကြသူများမှာ ယခင်ဘိန်းစိုက်တောင်သူများမဟုတ်ကြဘဲ တရုတ်စီးပွားရေးသမားများနှင့်ဒေသဆိုင်ရာအာဏာပိုင်များသာလျှင်ဖြစ်ကြသည်။ ထို့ကြောင့် ဤအစီအစဉ်များသည် ဤရပ်ရွာလူထုများကို ဆက်လက်ပယ်ထုတ်ထားခဲ့ကြသည်သာလျှင်ဖြစ်သည်။ ဘိန်းစိုက်ပျိုးမှုတားဆီးပိတ်ပင်မှုများ၏ သက်ရောက်မှုများကိုလျော့ချနိုင်ရေးအတွက် ဘိန်းစိုက်တောင်သူများအား ရေရှည်တည်တံ့သောလူမှုဘဝ သက်မွေးဝမ်းကျောင်းမှုနည်းလမ်းများကိုပံ့ပိုးပေးရန်အတွက် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ လက်ရှိကြိုးပမ်းဆောင်ရွက်ချက်များသည် လုံလောက်မှုမရှိ ဘဲလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခမဖြစ်စေရန်ကာကွယ်ပေးသည့် အရေးပေါ်တုံ့ပြန်ချက်များသာဖြစ်ခဲ့ကြသည်။

## မူးယစ်ဆေးဝါးများနှင့်ပဋိပက္ခ

မြန်မာပြည်၏ ဆယ်စုနှစ်ရှည်ကြာ ပြည်တွင်းစစ်နှင့်တိုင်းရင်းသားပဋိပက္ခများကို အစိုးရမှမဖြေရှင်းနိုင်မှုများသည် နိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုကို ကြီးမားစွာအထောက်အပံ့ဖြစ်စေခဲ့သည်။ ပဋိပက္ခတွင်ပါဝင်ပတ်သက်နေသူဇာတ်ကောင် အားလုံးတို့သည် မိမိတို့၏လက်နက်ကိုင်အဖွဲ့များကို ငွေရေးကြေးရေးထောက်ပံ့ပေးနိုင်ရန်အတွက် တရားမဝင်စီးပွားရေးလုပ်ငန်းမျိုးစုံကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ ၁၉၈၀ ပြည့်နှစ်များမကုန်မီအချိန်အထိ ထိုင်းနယ်စပ်တစ်လျှောက်ရှိ သောင်းကျန်းသူအဖွဲ့အစည်းအများစုသည် မိမိတို့ပိုင်စစ်ဆေးရေးအကောက်ဂိတ်များသို့ ကျော်ဖြတ်ဝင်ရောက်လာသော လူသုံးကုန်ပစ္စည်းများအားအခွန်စည်းကြပ်ပြီးရပ်တည်ခဲ့ကြသည်။ ကရင်အမျိုးသားသမဂ္ဂ(ကေအင်ယူ)သည် ဤကုန်သွယ်မှုမှ ငွေကြေးအမြောက်အမြားရရှိနေခဲ့သော်လည်း မူးယစ်ဆေးဝါးအသုံးပြုမှုနှင့်ရောင်းဝယ်မှုကို တရားဝင်ပိတ်ပင်သည့် မူး ယစ်ဆေး ဝါးဆန့်ကျင်ရေးမူဝါကို ပြဋ္ဌာန်းထားရှိသည်။[၂၉]

ရှမ်းနှင့်ကချင်ပြည်နယ်များမှ လက်နက်ကိုင်ဆန့်ကျင်ရေးအဖွဲ့များအတွက်မှာမူ ၎င်းတို့အတွက် ဤသို့ဆောင်ရွက်နိုင်စွမ်းမရှိသောမူဝါဒဖြစ်နေပြန်သည်။ ၎င်းတို့စိုးမိုးသည့်နယ်မြေအတွင်းတွင် သတင်းအချက်အလက်၊ ရိက္ခာ၊ အခွန်ငွေနှင့် တပ်သားသစ်များစုဆောင်းရန်အတွက် ၎င်းတို့မှီခိုနေရသည့်သူများသည် ဘိန်းကိုဝင်ငွေရသီးနှံအဖြစ်အားထားကြသည်။ ပြင်းထန်သည့်မူးယစ်ဆေးဝါးဆန့်ကျင်ရေးမူဝါဒကို ချမှတ်ခြင်းသည် ၎င်းအဖွဲ့များကို အစိုးရအားဆန့်ကျင်သည့်နေရာတွင် မဟာမိတ်ဖြစ်ရန်အလားအလာရှိသူ အခြားအဖွဲ့များနှင့်ပဋိပက္ခများဖြစ်ပွားလာစေနိုင်သည်။ ရှမ်းပြည်နယ်ရှိ လက်နက်ကိုင်အဖွဲ့အစည်းအများစုသည် တောင်သူများအားအခွန် (အခွန်အများစုသည်ငွေကြေးမဟုတ်) ကောက်ခံစည်းကြပ်ခြင်း၊ ဘိန်းသယ်ဆောင်သည့်အဖွဲ့အတွက်လုံခြုံရေးလိုက်ပါစောင့်ရှောက်ပေးခြင်း၊ ဘိန်းချက်စခန်းများကိုနေရာ လက်ခံသတ်မှတ်ပေးခြင်း၊ သို့မဟုတ် ထိုင်းနိုင်ငံသို့သွားရာတွင် အရေးပါလှသောကုန်သွယ်ရေးလမ်းကြောင်းများပေါ်တွင် အကောက်ဂိတ်များချထား၍အခွန်ကောက်ခြင်းစသည့် တစ်နည်းမဟုတ်တစ်နည်းဖြင့် ဘိန်းလုပ်ငန်းမှရရှိသော ဝင်ငွေအပေါ်တွင်မှီ

ခိုရပ်တည်နေကြသည်။ နှစ်ကာလကြာလာသောအခါ လက်နက်ကိုင်အဖွဲ့အချို့သည် ၎င်းတို့၏မူလနိုင်ငံရေးရည်မှန်းချက်များထက် ဘိန်းရောင်းဝယ်ခြင်းလုပ်ငန်းကို ပိုမိုအလေးထားလုပ်ကိုင်လာခဲ့ကြသည်။ ခိုင်မာသည့်နိုင်ငံရေးလုပ်ငန်းစဉ်ရှိသော အဖွဲ့အစည်းများအတွက် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းလုပ်ငန်းနှင့် တော်လှန်ရေးမူဝါဒများသည် တစ်ခုနှင့်တစ်ခု ပိုမိုပြီးရောယှက်လာခဲ့ကြသည်။

ရှမ်းပြည်နယ်တောင်ပိုင်းနှင့်ကယားပြည်နယ်များတွင် လက်ရှိတိုးတက်လာနေသော ဘိန်းစိုက်ပျိုးမှုသည် ပဋိပက္ခများနှင့်လည်းဆက်စပ်လျက်ရှိနေသည်။ "နိုင်ငံရေးမတည်ငြိမ်လို့ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ ကယားပြည်နယ်တွေမှာ ဘိန်းတွေအများကြီးစိုက်ကြတယ်" ဟု ဒေသခံအင်န်ဂျီအိုတစ်ခုမှ ကိုယ်စားလှယ်ကဆိုသည်။ "အခုလက်ရှိဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကြောင့် အရမ်းကိုခက်ခဲတဲ့နေရာတစ်ခုဖြစ်တဲ့အပြင် အဲဒီမှာလူတွေစိုက်နိုင်တာဆိုလို့ကလည်းဘိန်းတစ်ခုဘဲရှိတယ်။ လွယ်တယ်လေ။ တောတောင်ထူထပ်ပြီး လူအရောက်အပေါက်မရှိတဲ့နေရာတွေဖြစ်နေတာကိုး။ တခြားရွေးစရာအဖြစ်နဲ့ စိုက်ပျိုးနိုင်တဲ့သီးနှံတွေက ဈေးကနည်းတာရယ်။ ဘိန်းဈေးကောင်းပေးဝယ်နိုင်တဲ့ဘိန်းကုန်သည်တွေနဲ့ အဆက်ဆံရှိနေလို့လည်း ဘိန်းကိုစိုက်ဖြစ်သွားတယ်"ဟုဆက်လက်ပြောဆိုခဲ့သည်။[၇၀] ရှမ်းပြည်တောင်ပိုင်းရှိ အခြားဒေသခံအင်န်ဂျီအိုဝန်ထမ်းတစ်ဦးကလည်း "တိုက်ပွဲပဋိပက္ခတွေရယ်၊ မြေဩဇာမကောင်းတာရယ်၊ အလုပ်အကိုင်တွေမရှိ တာတွေကြောင့် လူတွေအရမ်းကိုရုန်းကန်ကြရတယ်။ ဒါကြောင့်လည်းဘိန်းကိုစိုက်ကြတယ်။ ဘိန်းစိုက်တာတိုးလာတာကတော့ ဘိန်းဈေးတက်နေတဲ့အချိန်မှာဘဲ ကြက်သွန်ဖြူလို တခြားသီးနှံတွေရဲ့ဈေးတွေက ကျနေလို့ပါ" ဟု ဖြည့်စွက်ပြောကြားခဲ့သည်။[၇၁]

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အပစ်ရပ်အဖွဲ့တစ်ခု၏ အဖွဲ့ဝင်ဟောင်းတစ်ဦးက "ရှမ်းပြည်နယ်ကမူးယစ်ဆေးဝါးပြဿနာကိုရှင်းပစ်ဖို့အရမ်းခက်ပါတယ်။ နိုင်ငံအတွင်းမှာ လက်နက်ကိုင်အဖွဲ့အစည်းအများဆုံးရှိ တဲ့နေရာဖြစ်ပြီး အများစုကသူတို့ရဲ့လက်နက်ကိုင်တော်လှန်ရေးကို ထောက်ပံ့ပေးနိုင်ဖို့ငွေလိုနေကြတယ်။ လက်နက်၊ ခဲယမ်း၊ ဝတ်စုံနဲ့ရိက္ခာရဖို့အတွက် မူးယစ်ဆေးဝါးက အဖွဲ့အများစုရဲ့ဝင်ငွေရလမ်းဖြစ်နေတယ်" ဟုပြောကြားခဲ့သည်။ လက်နက်ကိုင်အဖွဲ့များနှင့်ဆက်နွယ်နေသည့် စီးပွားရေးသမားများနှင့် နိုင်ငံခြားသားစီးပွားရေးသမားများအကြား ခိုင်မာသည့်အဆက်အသွယ်များရှိကြသည်။ ၄င်းကပင်ဆက်လက်ပြောဆိုရာတွင် မူးယစ်ဆေးဝါးရောင်းဝယ်ရေးတွင်ပါဝင်ပတ်သက်နေသည့် ပြည်တွင်းစီးပွားရေးသမားများမှာ တရုတ်နိုင်ငံကဲ့သို့ ပြင်ပမှရရှိသည့်ငွေကြေးကြောင့်လည်း ၄င်းတို့စီးပွားရေးကိုချဲ့ထွင်နိုင်ကြခြင်းဖြစ်ကြောင်းပြောဆိုခဲ့သည်။ "ဒီမူးယစ်ကုန်သည်တွေရဲ့ ဘဏ္ဍာရေးအထောက်အပံ့ကြောင့် မူးယစ်ဆေးဝါးလုပ်ငန်းကိုဖြိုခွင်းဖို့ခက်ပါတယ်"။[၇၂]

မူးယစ်ဆေးဝါးလုပ်ငန်းနှင့်ပတ်သက်ပြီး မည်သူ့ကိုအများဆုံးအပြစ်ဖို့ရမည်ဟူသည့်အပေါ်တွင် ထင်မြင်ချက်ပေးခြင်းများသည် တစ်ဖက်သတ်ဆန်နေပြီး နိုင်ငံရေးဇာတ်သွတ်သွင်းခြင်းလည်း ဖြစ်နေသည်။ ပဋိပက္ခတွင်ပါဝင်ပတ်သက်နေသူတစ်စုံတစ်ယောက်အားနာမည်ဆိုးတပ်လိုက်ခြင်းသည် ခိုင်လုံသည့်အထောက်အထားထက် နိုင်ငံရေးတွင်ပိုမိုသန်မာစွာအမြစ်တွယ်နေသည့်အလေ့အကျင့်ဖြစ်လျက်ရှိသည်။[၇၃]

ရွှေတြိဂံဒေသရှိ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းနှင့်ပတ်သက်သော လေ့လာချက်တစ်ခုအရ သုံးဦးဂိုဏ်းကဲ့သို့သောအစဉ်အလာအရ စနစ်တကျဖွဲ့စည်းထားသည့် တရုတ်ဒုစရိုက်ဂိုဏ်းအဖွဲ့များသည် အရှေ့တောင်အာရှမူးယစ်ဆေးဝါးရောင်းဝယ်ခြင်းတွင် အဓိကပါဝင်ပတ်သက်နေကြသည့် အထောက်အထားများစွာကိုမတွေ့ရှိရချေ။ တရုတ်မျိုးဆက်သစ်တစ်ခုပေါ်ပေါက်လာပြီး မူးယစ်မှောင်ခိုမှုတွင်သာမက ငွေကြေးခဝါချခြင်းနှင့်လူကုန်ကူးမှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်

လျက်ရှိနေကြောင်း ထိုလေ့လာချက်က အကျိုးအကြောင်းဖော်ပြခဲ့သည်။ စိတ်ဝင်စားစရာအကောင်းဆုံးတွေ့ရှိချက်တစ်ခုမှာ ၎င်းတို့သည်ကျွမ်းကျင်သောရာဇဝတ်ကောင်များချည်းသက်သက်သာလျှင်မဟုတ်ကြဘဲ အခွင့်အရေးနှင့်စွန့်စားမှုကို အမိအရဖမ်းဆုပ်ကြသည့် ‘‘အခြားနည်းလမ်းအားဖြင့်တရားဝင်ဖြစ်နေကြသောစီးပွားရေးသမားများ’’ ဖြစ်ကြသည်ဟု ဆိုသည်။[၃၄]

မူးယစ်မှောင်ခိုသမားအများစုသည် ၎င်းတို့မျှော်လင့်ထားသည့်နှင့်လိုက်လျောညီထွေသော ရှင်သန်နေ ထိုင်ရပ်တည်ရေးအတွက် အလုပ်အကိုင်ရရှိနိုင်သည့်ကျွမ်းကျင်မှု သို့မဟုတ် အခြားရွေးစရာလမ်းအနည်းငယ်သာရှိသည့် ပညာအရည်အချင်းနည်းပါးသူများဖြစ်ကြသည်ဟု မြန်မာနိုင်ငံနှင့်တရုတ်နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ခြင်းနှင့် ပတ်သက်သည့် အစောပိုင်းအစီရင်ခံစာတစ်ခုမှ ကောက်ချက်ချခဲ့သည်။ “ယေဘုယျအားဖြင့် မူးယစ်ဆေးဝါးမှောင်ခိုသမားတွေဟာ လမ်းသရဲဂိုဏ်း၊ စနစ်တကျဖွဲ့စည်းထားတဲ့ရာဇဝတ်ဂိုဏ်း၊ ဒါမှမဟုတ် အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ သက်ဆိုင်မှုမရှိကြဘူး။ အများစုဟာ မိသားစုဝင်တွေနဲ့အတူ ဒါမှမဟုတ် သူငယ်ချင်းမိတ်ဆွေတွေနဲ့လက်တွဲအစုဖွဲ့ပြီး ဒါမှမဟုတ် ယုံကြည်ရသူတွေနဲ့အလုပ်လုပ်နေကြတဲ့ကြီးကြီးမားမားစွန့်စားလိုကြသူတွေသက်သက်ပါဘဲ”။[၃၅] ထိုလေ့လာချက်က မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံအကြားမူးယစ်မှောင်ခိုလုပ်ငန်းသည် လူနည်းနည်းဖြင့်မူးယစ်ဆေးဝါးများများ သယ်ဆောင်နေခဲ့သည့်ပုံစံဆီမှ မိမိတို့နောက်ကွယ်မှကြိုးကိုင်နေကြသူကုန်သည်ကြီးများအား မသိရှိကြသည့် ‘လားများ’ဟုအမည်တွင်သည့် မူးယစ်မှောင်ခိုတစ်ဦးချင်းစီပါဝင်သည့် လူများများဖြင့် မူးယစ်ဆေးဝါးနည်းနည်းချင်းစီသယ်ဆောင်နေသည့်ပုံစံဆီသို့ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ပြောင်းလဲသွားခဲ့ကြောင်း တင်ပြထားသည်။[၃၆]

မူးယစ်ဆေးဝါးလုပ်ငန်းသည် အမြတ်အစွန်းအကြီးအကျယ်ရရှိနေသည့်လုပ်ငန်းတစ်ခုဖြစ်ပြီး အကျင့်ပျက် ခြစားမှုနှင့်ဒေသတွင်းနိုင်ငံအားလုံးရှိ အဆင့်မြင့်ဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များ၏ ပါဝင်ပတ်သက်နေမှုသည် အလွန်အရေးပါသည့်အခန်းကဏ္ဍတွင်ရှိသည်မှာ ရှင်းလင်းလှသည့်အချက်ပင်ဖြစ်သည်။ မြန်မာ့တပ်မတော်တပ်ဖွဲ့များနှင့် အရာရှိများ၏မူးယစ်ဆေးဝါးရောင်းဝယ်မှုတွင် ပါဝင်ပတ်သက်နေမှုများကို မှတ်တမ်းတင်ထားသည်များလည်းရှိသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်အတွင်း တီအင်န်အိုင်မှသုတေသနပြုလုပ်ချက်အရ တပ်မတော်တပ်ဖွဲ့များအပါအဝင် ပဋိပက္ခတွင်ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းများအားလုံးသည် ဘိန်းစိုက်တောင်သူများအပေါ်တွင် အခွန်စည်းကြပ်ခဲ့ကြကြောင်းဖော်ပြခဲ့သည်။[၃၇] “မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်အကျင့်ပျက်ခြစားမှုကြောင့် တပ်မတော်အရာရှိကြီးများကို စုံစမ်းစစ်ဆေးပြီးတရားစွဲဆို”ရန် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးနှင့်သက်ဆိုင်သောတာဝန်ဝတ္တရားများကို လိုက်နာဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ‘သက်သေပြရန်ပျက်ကွက်’ခဲ့ကြောင်း ၂၀၀၇ ခုနှစ်တွင် အမေရိကန်နိုင်ငံခြားရေးဌာနမှဖော်ပြခဲ့သည်။[၃၈] ပြည်ပအခြေစိုက်သတင်းဌာနများကလည်း မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းတွင် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များပါဝင်ပတ်သက်နေမှုကို မှတ်တမ်းတင် ထားခဲ့ကြသည်။[၃၉]

## စစ်သို့မဟုတ်ငြိမ်းချမ်းရေးလား

၂၀၀၉ခုနှစ်၊ ဩဂုတ်လတွင် ရက်ပေါင်းအတော်ကြာသောတိုက်ပွဲအပြီး တရုတ်နယ်စပ်တစ်လျှောက် ရှမ်း ပြည်နယ်မြောက်ပိုင်းတွင်တည်ရှိသော ကိုးကန့်ဒေသကို တပ်မတော်မှသိမ်းပိုက်ခဲ့သည်။ တိုက်ပွဲပဋိပက္ခအတွင်း ပြိုင်ဘက်ကိုးကန့်ခွဲထွက်အဖွဲ့တစ်ဖွဲ့မှ အစိုးရနှင့်ပူးပေါင်းခဲ့ပြီးနောက်ပိုင်းတွင် ၎င်းအဖွဲ့အား ၎င်းဒေသအားအမည်ခံအုပ်ချုပ်ခွင့်ပေးအပ်ခဲ့သည်။ ထိုအဖြစ်အပျက်သည် ၁၉၈၀ ပြည့်နှစ်အပြီး အစိုးရနှင့်အပစ်အခတ်ရပ်စဲခဲ့ကြသော လက်နက်ကိုင်အဖွဲ့ ၂၀ ကျော်တွင်ပထမဦးဆုံးဖြစ်သည့် ကိုးကန့်တပ်မတော်ဖြစ်သည့် မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ်တပ်ပေါင်းစုတပ်မ

တော် (အမ်မ်အင်န်ဒီအေအေ) နှင့် ဆယ်စုနှစ်နှစ်ခုကြာရှည်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးကိုအဆုံးသတ်သွားစေခဲ့သည်။ မြန်မာနိုင်ငံမြောက်ပိုင်း၌ တိုက်ပွဲများပြန်လည်စတင်လာခဲ့ခြင်းကြောင့် အခြားသောအပစ်အခတ်ရပ်စဲရေးများနှင့်ပတ်သက်ပြီး မှန်းဆချက်များထွက်ပေါ်လာခဲ့ကြသည်။ တင်းမာမှုများမြင့်တက်လာခဲ့ပြီး အပစ်ရပ်အဖွဲ့များက ၎င်းတို့၏လက်နက်ကိုင်အဖွဲ့များကို အမြင့်ဆုံးတပ်လှန့်ထားခဲ့ကြသည်။[၉၀]

ကိုးကန်ဒေသတွင်အသုံးပြုခဲ့သည့် တပ်မတော်၏မဟာဗျူဟာသည် ရေရှည်အပြောင်းအလဲမရှိဘဲ အစဉ်အဆက်ကျင့်သုံးသည့်အသွင်သဏ္ဍာန်ရှိသည်။ အပစ်ရပ်အဖွဲ့အားလုံးကိုထိုးစစ်ဆင်မည့်အစား စစ်ရေး၊ နိုင်ငံရေးအပြင် စီးပွားရေးနည်းလမ်းများဖြင့်အင်အားချည့်နဲ့စေပြီး အုပ်စုများအကွဲအပြဲဖြစ်အောင်လှုံ့ဆော်ခြင်း စသည့်တို့ကိုလုပ်ဆောင်ပြီးမှ တစ်ဖွဲ့ချင်းစီအား စိတ်ကြိုက်ကိုင်တွယ်သည့်နည်းလမ်းကို တပ်မတော်မှပိုမိုနှစ်သက်ခဲ့သည်။ ဆန့်ကျင်ဘက်အုပ်စုများအတွင်း အကွဲအပြဲဖြစ်ကြသည့်နောက်တွင် ခွဲထွက်လာသည့်အဖွဲ့နှင့် တပ်မတော်မှကိုယ်တိုင်မဟာမိတ်ဖွဲ့လိုက်သည်။

ကိုးကန့်ဒေသတွင်ဖြစ်ပွားခဲ့သည့် တင်းမာမှုများသည် အပစ်ရပ်အဖွဲ့များအား နယ်ခြားစောင့်တပ် (ဘီဂျီအက်ဖ်) အဖြစ်အသွင်ပြောင်းရန် မြန်မာနိုင်ငံ၏တပ်မတော်အစိုးရမှ ဖိအားပေးလျက်ရှိနေခဲ့သည့်ကာလအတွင်းတွင်ဖြစ်သည်။ အစိုးရ၏ဘီဂျီအက်ဖ်ဖွဲ့စည်းရေးအဆိုပြုချက်သည် အပစ်ရပ်အဖွဲ့များအား လက်ရှိ လူမျိုးစုအုပ်ချုပ်ရေးနှင့်စစ်ရေးတည် ဆောက်မှုပုံစံများမှခွဲထုတ်ပြီး အင်အား ၃၂၆ ဦးပါဝင်ဖွဲ့စည်းထားသော သီးခြားအုပ်စုကလေးများအဖြစ် အစိတ်စိတ်အမွှာမွှာကွဲသွားစေမည်ဖြစ်သည်။ နယ်ခြားစောင့်တပ်ရင်းတစ်ခုစီသည် တပ်မတော်၏တိုက်ရိုက်ကွပ်ကဲမှုအောက်တွင်ရှိမည်ဖြစ်ပြီး အုပ်စုငယ်များအဖြစ်ခွဲထုတ်ပြီး ဆက်လက်အင်အားချည့်နဲ့စေမည်ဖြစ်သည်။[၉၁] ဘီဂျီအက်ဖ်အဆိုပြုချက်ကို ကျယ်ကျယ်ပြန့်ပြန့်ကန့်ကွက်လာမှုသည် အပစ်ရပ်အဖွဲ့များ၏အနာဂတ်နှင့် ငြိမ်းချမ်းသည့်အသွင်ကူးပြောင်းရေးကာလမှသည် ရေရှည်ခံသည့်နိုင်ငံရေးပြေလည်မှုအားရရှိနိုင်မည့်အလားအလာများ၏မသေချာမရေရာမှုကို တိုးမြင့်သွားစေခဲ့သည်။ အစိုးရမှ၎င်းတို့၏အဆိုပြုချက်ကိုလက်ခံရန်အတွက်နောက်ဆုံးလိုက်နာရမည့်ရက်များကို သတ်မှတ်ပေးထားခဲ့သည်။ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၁ ရက်နေ့သည် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည်။ သတ်မှတ်ရက်အတွင်း အကြောင်းပြန်ကြားရန်ပျက်ကွက်ပါက အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မတိုင်မီက အနေအထားအတိုင်း အပစ်ရပ်အဖွဲ့များအားဆက်ဆံမည်ဟု တပ်မတော်အစိုးရကိုယ်စားလှယ်များ မှဆိုသည်။

အပစ်ရပ်အဖွဲ့ငယ်များလောက်သာလျှင် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းလဲရန်လက်ခံသဘော တူခဲ့ကြသည်။ ရှမ်းပြည်နယ်ကိုးကန့်ဒေသမှ အင်အားချည့်နဲ့နေသော အမ်မ်အင်န်ဒီအေအေအဖွဲ့၏ အသစ်ဖွဲ့စည်းလိုက်သည့် ခေါင်းဆောင်ပိုင်းက နယ်ခြားစောင့်တပ်ရင်းတစ်ခု (ဘီဂျီအက်ဖ် ၁၀၀၆) အဖြစ် အသွင်ပြောင်းလဲရန် သဘောတူလိုက်သည်။ ကချင်ပြည်နယ်ရှိ ဒီမိုကရေစီသစ်တပ်မတော် (အင်န်ဒီအေ-ကေ) က နယ်ခြားစောင့်တပ်ရင်း ၃ ရင်း (ဘီဂျီအက်ဖ် ၁၀၀၁-၃) အဖြစ် ဖွဲ့စည်းလိုက်သည်။ အခြားသော အပစ်ရပ်အဖွဲ့အချို့ သို့မဟုတ် ၎င်းတို့၏ခွဲထွက်အဖွဲ့များသည် ပြည်သူ့စစ်အဖွဲ့များအဖြစ်သို့ပြောင်းလဲခဲ့ကြသည်။ ၎င်းတို့အထဲတွင် ရဝမ်ပြည်သူ့စစ် (ယခင်ပုန်ကန်မှုဆန့်ကျင် ရေးပြည်သူ့စစ်အဖွဲ့-အာရ်အာရ်အက်ဖ်) နှင့်လဆွမ်အောင်ဝါငြိမ်းချမ်းရေးအဖွဲ့ (ကေအိုင်အိုမှခွဲထွက်အဖွဲ့) တို့ပါဝင်ကြသည်။ ရှမ်းပြည်နယ်၌ အလားတူပြည်သူ့စစ်အဖွဲ့များမှာ ကချင်ကာကွယ်ရေးတပ်မတော် (ကေဒီအေ)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (ပီအက်စ်အယ်လ်အေ)၊ ရှမ်းပြည်တပ်မတော်မြောက်ပိုင်း (အက်စ်အက်စ် အေ-အင်န်) ၏အမှတ် ၃ နှင့် ၇ တပ်မများ၊ ပအိုဝ်အမျိုးသားအဖွဲ့(ပီအင်န်အို)နှင့် မုံထိုင်းတပ်မတော် ငြိမ်းချမ်းရေးအဖွဲ့တို့ဖြစ်ကြသည်။[၉၂]

သို့သော် အင်အားကြီးမားသည့် လက်နက်ကိုင်အဖွဲ့များကမူ ဘီဂျီအက်ဖ်ဖွဲ့စည်းရေးကို ကန့်ကွက်ခဲ့ကြသည်။ ၎င်းတို့မှာ ကချင်ပြည်နယ်ရှိ ကချင်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) နှင့် ရှမ်းပြည်နယ်ရှိ 'ဝ' ပြည် သွေးစည်းညီညွတ်ရေးတပ်မ တော် (ယူဒဗလျူအက်စ်အေ) တို့ဖြစ်ကြသည်။ အသွင်ပြောင်းလဲရန် ၎င်းတို့၏ ငြင်းဆန်မှုများအပြီးတွင် အစိုးရနှင့်အ ဆက်အသွယ်ဖြတ်တောက်ခြင်းကိုခံခဲ့ရသည်။ အစိုးရထိန်းချုပ်မှုအောက်ရှိ နယ်မြေများနှင့်စီးပွားရေးဖြတ်တောက်မှုကို လည်းကြုံတွေ့ခဲ့ရသည်။ ဆရာဝန်များ၊ သူနာပြုများ၊ ကျောင်းဆရာ၊ ဆရာမများအပါအဝင် အစိုးရဝန်ထမ်းများကို 'ဝ' နှင့်မိုင်းလားဒေသများမှ ပြန်လည်ခေါ်ယူခဲ့သည်။ အပြည်ပြည်ဆိုင်ရာအင်န်ဂျီအိုများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ သည်လည်း ၎င်းတို့၏ စီမံကိန်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်ကြတော့ဘဲ နိုင်ငံတကာမှ ၎င်းတို့၏ ဝန်ထမ်းများကိုပြန်လည်ခေါ်ယူခဲ့ကြသည်။[၆၃] ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကချင်နိုင်ငံရေး ပါတီ ၃ ခုနှင့်တကွ ထိုပါတီများနှင့်အဆက်အသွယ်ရှိသည့် ကချင်တစ်သီးပုဂ္ဂလိကကိုယ်စားလှယ်လောင်း များအားရွေး ကောက်ပွဲဝင်မှတ်ပုံတင်ခွင့်ကိုငြင်းပယ်ခဲ့သည်။[၆၄] ရွေးကောက်ပွဲကိုလည်း ကေအိုင်အို၊ ယူဒဗလျူအက်စ်အေနှင့်မိုင်းလား ဒေသများရှိ ၎င်းတို့၏နီးစပ်လှသည့်မဟာမိတ်ဖြစ်သော အမျိုးသားဒီမိုကရက်တစ်တပ်ပေါင်းစုတပ်မတော် (အင်န်ဒီအေ အေ) ထိန်းချုပ်ရာနယ်မြေများတွင်ကျင်းပခြင်းမရှိခဲ့ချေ။

## မြန်မာနိုင်ငံ၏နိုင်ငံရေးမြင်ကွင်းသစ်

၂၀၁၀ ခုနှစ်အား မြန်မာနိုင်ငံတွင် နိုင်ငံရေးစနစ်သစ်တစ်ခု၏ နိဒါန်းအဖြစ် အမှတ်သညာပြုခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်တစ်ခုကိုပြဋ္ဌာန်းကာ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင် နိုင်ငံတစ်ဝှမ်းရွေး ကောက်ပွဲပြု လုပ်ခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (တပ်မတော်အစိုးရ၏အမည်အက်စ်ပီဒီစီ) အား ဖျက် သိမ်းခဲ့သည့်အပြင် ၂၀၁၁ ခုနှစ်၊ မတ်လတွင် ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးလည်းဖြစ်၊ အက်စ်ပီဒီစီအဖွဲ့ဝင်ဟောင်းတစ်ဦး လည်းဖြစ်သူ သမ္မတဦးသိန်းစိန်ဦးဆောင်သည့် တပ်မတော်မှကျောထောက်နောက်ခံပြုထားသည့် အစိုးရသစ်တစ်ရပ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

၂၀၁၀ ခုနှစ်ရွေးကောက်ပွဲ၌ မဲမသမာမှုများကြောင့် လွတ်လပ်၍တရားမျှတမှုမရှိခြင်းကြောင့် အတိုက်အခံနှင့်တကွ နိုင် ငံခြားအစိုးရများကပါ ချက်ချင်းဆိုသလိုရှုတ်ချခဲ့ကြသည်။ ထို့အပြင် ရွေးကောက်ပွဲဥပဒေနှင့်နိုင်ငံရေးပါတီများအတွက် မှတ်ပုံတင်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများသည် တပ်မတော်ကကျောထောက်နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (ယူအက်စ်ဒီပီ) ကို အသာစီးရစေခဲ့ကြပြီး အတိုက်အခံပါတီများအတွက် အကြီးမားဆုံးအဟန့်အ တားများကိုဖြစ်စေခဲ့ကြသည်။ ၎င်းတို့မှာ တင်းကျပ်သည့်မှတ်ပုံတင်ရေးစနစ်၊ ကိုယ်စားလှယ်လောင်းများအတွက် ကြီးမြင့် လှသည့်မှတ်ပုံတင်စရိတ်များ၊ ပါတီတစ်ခုကိုဖွဲ့စည်းရန်နှင့် စည်းရုံးရေးဆင်းရန်အတွက် လုံလောက်သည့်အချိန်မရရှိခြင်း တို့ဖြစ်ကြသည်။[၆၅]

ယခုအခါတွင် ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံရေးစနစ်တွင် ဒေသဆိုင်ရာလွှတ်တော်များနှင့် အစိုးရ အဖွဲ့များပါဝင် လာခဲ့ကြသည်။ နိုင်ငံတော်အဆင့်တွင် အမတ်နေရာများ၏ ၇၅ ရာခိုင်နှုန်းကို ယူအက်စ်ဒီပီမှ ယခုအခါတွင်ရရှိ ထားကြ ပြီး အထက်နှင့်အောက်လွှတ်တော်နှစ်ရပ်လုံးအား ထိန်းချုပ်ထားနိုင်သည့် အများစုနေရာကို အနိုင်ရထားခြင်းဖြစ်သည့် အတွက် ဥပဒေပြုရေးကိုလွှမ်းမိုးထားကြလိမ့်မည်ဖြစ်သည်။ ၎င်းတို့၏မူဝါဒများကို ဥပဒေပြုအဖွဲ့အားလုံးက အလိုအ လျောက်ခန့်အပ်ထားပြီး အမတ်နေရာ ၂၅ ရာခိုင်နှုန်းသတ်မှတ်ထားပြီးဖြစ်ကြသည့် တပ်မတော်ကိုယ်စားလှယ်များက ထောက်ခံကြမည့်ဟန်ရှိသည်။[၆၆]

ဒေသဆိုင်ရာအဆင့်တွင်လည်း တိုင်းရင်းသားလူမျိုးစုများအဓိကနေထိုင်ရာ တိုင်းဒေသကြီး ၇ ခု၏အမတ် နေရာအများစု (အနိုင်ရအမတ်နေရာများ၏ ၈၀ ရာခိုင်နှုန်းကျော်နှင့်စုစုပေါင်းရွေးကောက်ခံနေရာ ၆၀ ရာ ခိုင်နှုန်းကျော်) ကိုယူအက်စ်ဒီပီမှပင်ရရှိထားသည်။ သို့သော် တိုင်းရင်းသားလူမျိုးစုပြည်နယ်များ၌ အကြီးဆုံးပါတီဖြစ်နေသေးသော်လည်း သြဇာလွှမ်းမိုးမှုနည်းသည်။ ရခိုင်၊ ချင်း၊ ရှမ်း၊ ကရင်နှင့်မွန်ပြည်နယ်များရှိ ဒေသဆိုင်ရာလွှတ်တော်များတွင် တိုင်းရင်းသားပါတီများက အမတ်နေရာ ၂၅ ရာခိုင်နှုန်းခန့်ကို ရရှိထားကြသည်။[၄၇] ယူအက်စ်ဒီပီသည် အသစ်ဖွဲ့စည်းလိုက်သည့်ဒေသဆိုင်ရာအစိုးရအဖွဲ့များတွင် အရေးပါသည့်နေရာများအားလုံးကို ထိန်းချုပ်ထားသည်။

သို့သော် ဒေသဆိုင်ရာအစိုးရအဖွဲ့များရှိ လူမှုရေးကိစ္စရပ်များ(ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့်ယဉ်ကျေးမှု အပါအဝင်) အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းဆိုင်ရာနေရာများအား တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များကရရှိခဲ့ကြသည်။[၄၈] အသစ်ဖွဲ့စည်းလိုက်သည့် ဒေသဆိုင်ရာအစိုးရအဖွဲ့များ၏လုပ်ပိုင်ခွင့်အာဏာသည် အကန့်အသတ်ရှိနေသော်လည်း လူမျိုးစုဒေသများအတွက် ဗဟိုမှချုပ်ကိုင်ထားမှုကိုဖြေလျှော့ပေးမည့် ခြေလှမ်းတစ်ခုဖြစ်သည်။ ၎င်းဒေသဆိုင်ရာအစိုးရများအနေဖြင့် မြေယာချထားရေး၊ အသေးစားချေးငွေနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများ၊ စိုက်ပျိုးရေး ဆိုင်ရာချေးငွေ၊ ယဉ်ကျေးမှုဆိုင်ရာနှင့်စည်ပင်သာယာရေးရာကိစ္စများ စသည့်ကိစ္စရပ်များတွင် ဒေသခံပြည်သူများအတွက် လုပ်ပိုင်ခွင့်ရရှိလာကြမည်ဖြစ်သည်။[၄၉] ယခုအချိန်တွင်မူ ရေရှည်အကျိုးရှိပြီး ဒေသခံ ပြည်သူများကို အကျိုးပြုနိုင်ရေးသေချာစေရန်အတွက် နိုင်ငံခြားရင်းနှီးမြုပ်နှံမှုအပေါ် စည်းမျဉ်းချမှတ်နိုင်ရေးအတွက် ဤဒေသခံလွှတ်တော်များနှင့် အစိုးရအဖွဲ့များမည်သို့ဆောင်ရွက်နိုင်မည်နှင့်ပတ်သက်၍ ကွဲကွဲပြားပြားမရှိသေးချေ။

## ၂၀၁၀ ခုနှစ်မှအစပြုသည့်နိုင်ငံတော်နှင့်တိုင်းရင်းသားအဖွဲ့ဆက်ဆံရေးများ

၂၀၁၀ခုနှစ်၊ မတ်လတွင် မြန်မာ့တပ်မတော်မှနယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကို ငြင်းဆန်ခဲ့သည့် ရှမ်းပြည်တပ်မတော်-မြောက် (အက်စ်အက်စ်အေ-မြောက်) ၏တစ်စိတ်တစ်ဒေသကို တိုက်ခိုက်ခဲ့သည်။ ၎င်းအဖွဲ့သည် ယခုအခါတွင် ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်(အက်စ်အက်စ်ပီပီ/အက်စ်အက်စ်အေ)ဟု မိမိကိုယ်မိမိအမည်ပေးထားသည်။ သုံးလအကြာ ဇွန်လထဲ၌ အစိုးရတပ်များက ကေအိုင်အိုစခန်းများကို တိုက်ခိုက်ခဲ့ကြသည့်အခါတွင် တိုက်ပွဲများသည် ကချင်ပြည်နယ်တွင်လည်း ဖြစ်ပွားလာခဲ့ကြသည်။[၅၀] ကေအိုင်အိုနှင့်အစိုးရကိုယ်စားလှယ်များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ခဲ့ကြသည်။ ယခုအစီရင်ခံစာရေးနေသည့်အချိန်အထိ ငြိမ်းချမ်းရေးသဘောတူညီချက်များမရရှိကြသေးချေ။

မြန်မာ့တပ်မတော်မှအက်စ်အက်စ်အေ-မြောက်နှင့်ကေအိုင်အိုတို့အား အသစ်တဖန် ပြန်လည်တိုက်ခိုက်နေခြင်းသည် ရှမ်းပြည်နယ်မြောက်ပိုင်းကိုဖြတ်သန်းသွားမည့် ဘင်္ဂလားပင်လယ်အော်မှ ယူနန်ပြည်နယ်အထိသွယ်တန်းမည့် တရုတ်ဓာတ်ငွေ့ပိုက်လိုင်းကဲ့သို့ သဘာဝသယံဇာတများထုတ်ယူရေးဆိုင်ရာ စီမံကိန်းကြီးများအတွက် သတ်မှတ်ထားသည့် မဟာဗျူဟာကျသည့်နယ်မြေများမှ ၎င်းတို့အဖွဲ့များကို ဖယ်ရှားရှင်းလင်းလို၍ဖြစ်သည်ဟု တိုင်းရင်းသားလူမျိုးစုဆန့်ကျင်ဘက်လက်နက်ကိုင်အဖွဲ့များ၏ ကိုယ်စားလှယ်အချို့ကစွပ်စွဲခဲ့ကြသည်။[၅၁] ကချင်ပြည်နယ်တိုက်ပွဲများမှာမူ မဟာဗျူဟာကျသောဆန်ဂန်ဒေသရှိ တရုတ်ရေအားလျှပ်စစ်စီမံကိန်းအနီးရှိ ကေအိုင်အေစခန်းနှစ်ခုအား မြန်မာ့တပ်မတော်မှတိုက်ခိုက်ခဲ့ရာမှစတင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကေအိုင်အိုမှ စစ်ဆင်ရေးများကိုရပ်ဆိုင်းပေးရန် အစိုးရအားတောင်းဆိုခဲ့သော်လည်း နှစ်ဖက်ရင်ဆိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့ပြီး ၂၀၁၁ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ကေအိုင်အိုမှတပ်မ

တော်ကိုတိုက်ခိုက်ရန် ၄င်းတပ်ဖွဲ့များကိုအမိန့်ပေးခဲ့သည်။ ကေအိုင်အိုစခန်းများကို တိုက်ခိုက်ခြင်းခံရမှုအပြင် နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကိစ္စနှင့် ယုံကြည်အားကိုးရသည့် ကချင်ပါတီတစ်ခု အား ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်ကိစ္စကို ငြင်းပယ်ခံရမှုဖြစ်ရပ်များအပေါ်တွင် ခံပြင်းနာကြည်းချက်များက ယခုကဲ့သို့ဆုံးဖြတ်ချက်ချမှတ်ရန် ကေအိုင်အေအားဦးတည်စေခဲ့ခြင်းဖြစ်သည်။ ကချင်လူမျိုးများနေထိုင်ရာ နေရာဒေသများတွင် ရေအားလျှပ်စစ်အတွက်ဆည်များတစ်သီတစ်တန်းဆောက်လုပ်မည့် တရုတ်၏အစီအစဉ်များအပေါ်တွင်လည်း ကေအိုင်အိုကစိုးရိမ်မှုရှိနေသည်။ မဟာဗျူဟာမြောက်ဒေသများရှိ တိုက်ခိုက်မှုများ၏နောက်ကွယ်၌ နိုင်ငံရေးရည်ရွယ်ချက်များ ထင်ထင်ရှားရှားရှိနေစဉ်အတောအတွင်း သယံဇာတကြွယ်ဝမှုနှင့်လူမျိုးရေးပဋိပက္ခတို့၏ဆက်စပ်မှုကိုလည်း တစ်ကျော့ပြန် ဖြစ်ပွားလာပြီဖြစ်သည့် တိုက်ပွဲများ၏အကြောင်းရင်းတစ်ခုအဖြစ် လျစ်လျူရှုထား၍မရချေ။

ထို့နောက်တွင် ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ၊ ၆ ရက်နေ့တွင် အစိုးရသည် နိုင်ငံအတွင်း အကြီးမားဆုံးလက်နက်ကိုင်အဖွဲ့ဖြစ်သည့် ယူဒဗလျူအက်စ်အေနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုသဘောတူညီချက်သည် အခြေခံအားဖြင့် နဂိုရှိရင်းစွဲအနေအထားကို အတည်ပြုသတ်မှတ်ခြင်းဖြစ်ပြီး မည်သို့သောနိုင်ငံရေးတိုးတက်မှုမျိုးမျှပါဝင်ခြင်းမရှိခဲ့ချေ။[၇၂] နောက်တစ်ရက်အကြာတွင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (အင်န်ဒီအေအေ-မိုင်းလားဒေသ) သည်လည်း အလားတူသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ အင်န်ဒီအေအေသည် အတော်အတန်သေးငယ်သည့်အဖွဲ့တစ်ခုဖြစ်သော်လည်း အနီးတွင်တည်ရှိသည့် ယူဒဗလျူအက်စ်အေနှင့်ရင်းနှီးသောဆက်ဆံမှုကို တည်တံ့အောင်ထိန်းသိမ်းထားသည်။

ရရှိထားပြီးသဘောတူညီချက်အား ဆက်လက်ဆောင်ရွက်ရန် ယူဒဗလျူအက်စ်အေကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြို့တော်နေပြည်တော်သို့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ၊ ၁ ရက်နေ့တွင်ရောက်ရှိလာခဲ့သည်။ အစိုးရကျန်းမာရေးနှင့်ပညာရေးဌာနမှဝန်ထမ်းများ၊ ယခင်ဘိန်းစိုက်ပျိုးခဲ့ကြသည့် ဒေသခံလူထုများအားအကူအညီပေးနေကြသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့များမှ ဝန်ထမ်းများအား ‘ဝ’ ဒေသသို့ ပြန်လည်စေလွှတ်မှုကိုလက်ခံရန် သဘောတူညီချက်ရရှိခဲ့သည်။ ထူးခြားချက်အနေဖြင့် သတင်းရင်းမြစ်တစ်ခု၏အဆိုအရ ဤသို့နှုတ်အားဖြင့်သဘောတူညီချက်သည် ယူဒဗလျူအက်စ်အေအနေဖြင့် တရုတ်နိုင်ငံနှင့်ဆက်လက်ဆက်ဆံနိုင်ကြောင်းကို ပြဋ္ဌာန်းရာလည်းရောက်သည်ဟုဆိုသည်။[၇၃] ဤအချက်သည် ‘ဝ’ ဒေသအတွင်း တရုတ်ရင်းနှီးမြုပ်နှံမှုဆက်လက်တည်ရှိနေရန် အာမခံချက်သဘောလည်း သက်ရောက်သည်ဟုထင်ရသည်။ ၂၀၀၉ ခုနှစ် ကိုးကန့်ပြဿနာပြီးလျှင်ပြီးချင်း တရုတ်အာဏာပိုင်များမှ နယ်စပ်ဒေသများတွင် တည်ငြိမ်မှုရှိရေးထိန်းသိမ်းဆောင်ရွက်ရန်၊ တရုတ်နိုင်ငံသားများအား အကာအကွယ်ပေးရန်နှင့် တရုတ်အမျိုးသားပိုင်ဆိုင်မှုများအားအလေးထားကာကွယ်ပေးရန်အတွက် မြန်မာအစိုးရအပေါ်မျှော်လင့်ကြောင်းသဘောထားကို အတိအလင်းပြသခဲ့သည်။[၇၄] ဒီဇင်ဘာလ၊ ၂၈ ရက်နေ့တွင် မြန်မာအစိုးရကိုယ်စားလှယ်အဖွဲ့ကရရှိထားပြီး သဘောတူညီချက်အားထပ်မံအတည်ပြုရန် ‘ဝ’ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့်ကျန်းမာရေးလုပ်ငန်းများအရေး ဆွေးနွေးရန်နှင့် အချက် ၆ ချက်ပါသဘောတူညီချက်ကိုအပြီးသတ်ရန်အတွက် ‘ဝ’ ဒေသသို့ရောက်ရှိခဲ့သည်။ ထိုသဘောတူညီချက်ထဲတွင်နိုင်ငံ၏ လွှတ်တော်အုပ်ချုပ်ရေးစနစ်သစ်အတွင်း ယူဒဗလျူအက်စ်အေနယ်မြေမှ ကိုယ်စားလှယ်များပါဝင်ဆောင်ရွက်နိုင်ရေး အတွက်ဆက်လက်ညှိနှိုင်းသွားရန်ခွင့်ပြုရေးကိစ္စလည်းပါဝင်သည်။[၇၅]

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၉ မှ ၂၀ ရက်အထိ ရထားပို့ဆောင်ရေးဝန်ကြီး ဦးအောင်မင်းသည် အဓိက လက်နက်ကိုင်အဖွဲ့အများစုဖြစ်ကြသည့် အပစ်ရပ်အဖွဲ့များမဟုတ်ကြသည့် ကေအင်န်ယူ၊ ကေအင်န်ပီပီ၊ အက်စ်အက်စ်အေ-တောင်နှင့်ချင်းအမျိုးသားတပ်ဦး (စီအင်န်အက်ဖ်) အပါအဝင် အဖွဲ့များနှင့်တကွ အက်စ်ပီဒီစီနှင့် အပစ်အခတ်ရပ်စဲရေးရရှိထား

ခဲ့ကြသော ကေအိုင်အိုအပါအဝင်အဖွဲ့များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ မွန်ပြည်သစ်ပါတီကမူ ညီညွတ်သော တိုင်းရင်းသားများဖက်ဒရယ်ကောင်စီ (ယူအင်န်အက်ဖ်စီ) ၏အစိတ်အပိုင်းအဖြစ်ဖြင့်သာတွေ့ဆုံနိုင်မည်ဟုဆိုကာ တွေ့ဆုံပွဲတက်ရောက်ရန်ငြင်းဆန်ခဲ့သည်။ ယူအင်န်အက်ဖ်စီသည် နိုင်ငံရေးအပြောင်းအလဲအတွက် အစိုးရနှင့်ဆွေးနွေးရာတွင် တစ်စုထဲအဖြစ် ဆွေးနွေးနိုင်ရန်လမ်းစဉ်တစ်ခုအနေဖြင့် ကေအိုင်အို၊ ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း (အက်စ်အက်စ်အေ-မြောက်)နှင့် အင်န်အမ်မ်အက်စ်ပီအပါအဝင် အပစ်ရပ်အဖွဲ့များမဟုတ်ကြသည့် ကေအင်န်ယူ၊ ကေအင်န်ပီပီနှင့်စီအင်န်အက်ဖ်တို့က ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းထားခဲ့ကြသည့် အဖွဲ့တစ်ခုဖြစ်သည်။ ကနေဦးအနေဖြင့် မဟာမိတ်အဖွဲ့၏အနေထားသည် တစ်စုတည်းအနေဖြင့်သာ အစိုးရနှင့်စေ့စပ်ဆွေးနွေးကြရန်ဖြစ်သည်။ သို့သော် အဖွဲ့ဝင်အားလုံးသည် ထိုအချိန်ကတည်းကပင် အစိုးရနှင့်အဖွဲ့လိုက်သီးခြားစီဆွေးနွေးခဲ့ကြသည်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကေအိုင်အိုမှလွဲ၍ အဖွဲ့အများစုသည် သမ္မတဦးသိန်းစိန်အစိုးရကိုယ်စားလှယ်များနှင့် ပဏာမငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။

အစိုးရသစ်အနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်ရာ၌ ယခင်တပ်မတော်အစိုးရများ၏ ယခင်ချဉ်းကပ်မှုလမ်းကြောင်းမှခွဲထွက်ခဲ့ခြင်းကိုဖော်ပြနေသည့် အကောင်းဘက်သို့ဦးတည်ပြီး အရေးပါသောလက္ခဏာရပ်အချို့ရှိသည်။ လုပ်ငန်းစဉ်အနေဖြင့် ယခင်တပ်မတော်အစိုးရမှ ဆွေးနွေးရန်ငြင်းပယ်ခဲ့သည် အက်စ်အက်စ်အေ-တောင်ပိုင်းကဲ့သို့ အဖွဲ့များအပါအဝင် လက်နက်ကိုင်ဆန့်ကျင်ဘက်အဖွဲ့အားလုံးနှင့် ဆွေးနွေးပွဲပြုလုပ်ရန်လိုလားမှုရှိကြောင်း အစိုးရသစ်ကပြသခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်လူမျိုးစုအဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပရာတွင် သမ္မတဦးသိန်းစိန်အစိုးရ အဖွဲ့သစ်၏ ကိုယ်စားလှယ်များ၏တိကျသည့်အခန်းကဏ္ဍနှင့်လုပ်ပိုင်ခွင့်အာဏာများနှင့်ပတ်သက်ပြီး ဇဝေဇဝါဖြစ်ရသည်များလည်းရှိသည်။ တရားဝင်နိုင်ငံတော်အဆင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ကို ဝန်ကြီးဟောင်းနှစ်ဦးလည်းဖြစ်၊ စစ်အစိုးရကျောထောက်နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (ယူအက်စ်ဒီပီ) ၏လက်ရှိကိုယ်စားလှယ်များလည်းဖြစ်ကြသည့် ဦးအောင်သောင်းနှင့်သူ၏လက်ထောက်ဖြစ်သူ ဦးသိန်းဇော်တို့ကဦးဆောင်ခဲ့ကြသည်။[၃၆] သို့သော် ၎င်းတို့ နှစ်ဦးစလုံးအား တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့များက သဘောထားတင်းမာသူများအဖြစ် ရှုမြင်ထားကြပြီး၊ ယုံကြည်မှုလည်းမရှိကြချေ။

ထို့ကြောင့် ဦးသိန်းစိန်သည် ရထားပို့ဆောင်ရေးဝန်ကြီးဦးအောင်မင်းအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် နောက်ထပ်အစိုးရကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်သည်။ ဦးအောင်မင်းသည် သမ္မတဦးသိန်းစိန်၏တိုက်ရိုက်လုပ်ပိုင်ခွင့်အောက်တွင်လုပ်ကိုင်ရသည်။ ယုံကြည်မှုအပြင် လက်နက်ကိုင်အဖွဲ့များနှင့် ပုဂ္ဂိုလ်ရေးအရရင်းနှီးမှုကိုပါတည်ဆောက်နိုင်စွမ်းရှိသည်။ လက်နက်ကိုင်အဖွဲ့များနှင့်ပတ်သက်ပြီး သမ္မတနှင့်တိုက်ရိုက်ဆက်သွယ်လုပ်ကိုင်နိုင်သူအဖြစ် ဆောင်ရွက်ပြနိုင်ပြီး၊ ဆွေးနွေးပွဲများတွင်အပြုသဘောဆောင်ပြီး ပြန်လည်ပေါင်းထုတ်နိုင်သည့်အနေအထားရောက်အောင်ပံ့ ပိုးပေးခဲ့သည်။

နိုဝင်ဘာလဆွေးနွေးပွဲများတွင်ပါရှိချက်များအရ နယ်ခြားစောင့်တပ်ဖွဲ့ဖွဲ့စည်းရန်ကမ်းလှမ်းချက်သည် ယခုဆွေးနွေးပွဲတွင်မပါဝင်တော့ဘဲအတိတ်မှကိစ္စဖြစ်ကြောင်း အစိုးရကိုယ်စားလှယ်များဘက်မှ ရှင်းလင်းစွာပြောဆိုခဲ့ကြသည်။ ယခင်ရရှိခဲ့သည့် အပစ်အခတ်ရပ်စဲမှုများမှာလည်း ပြည်သူများအတွက်အကျိုးမရှိခဲ့သဖြင့် အောင်မြင်မှုမရှိခဲ့ကြကြောင်းကိုလည်း ၎င်းတို့ကဝန်ခံခဲ့ကြသည်။ ပို၍အရေးကြီးသည်မှာ လူမှုစီးပွားရေးပြန်လည်ဦးမော့နလန်ထူလာရေး/ဖွံ့ဖြိုးတိုးတက် ရေးအစီအစဉ်များအတွက် နိုင်ငံတော်အဆင့်ဆွေးနွေးပွဲနှင့်ပင်လုံညီလာခံကဲ့သို့သော အမျိုးသားညီလာခံတစ်ရပ်အဆုံးသတ်

ကျင်းပနိုင်ရေးတို့ကို အစိုးရမှလက်နက်ကိုင်အဖွဲ့များအားကတိပြုခဲ့သည်။[၅၇] ဤအချက်သည် တိုင်းရင်းသားလူမျိုးစုအဖွဲ့ အချို့ (ရှမ်း၊ ကချင်နှင့်ချင်း) မှကိုယ်စားလှယ်များနှင့် အောင်ဆန်း (လက်ရှိအတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ဖခင်) ဦးဆောင်ခဲ့သည့် မြန်မာအမျိုးသားနိုင်ငံရေးလှုပ်ရှားမှုတို့အကြား အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်ဆောက်ရေးနှင့်ပတ်သက်ပြီး ပင်လုံသဘောတူညီချက်ကိုရရှိစေခဲ့သည့် ၁၉၄၇ ခုနှစ်၊ ပင်လုံ မြို့တွင်ကျင်းပခဲ့သည့် ညီလာခံကို ရည်ညွှန်းခြင်းဖြစ်သည်။

## ကြာရှည်ခံမည့်ပြုပြင်ပြောင်းလဲရေးလား

သမ္မတသစ်ဦးသိန်းစိန်သည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်လမ်းကြောင်းပေါ်သို့ စတင်တက်လှမ်းလာခဲ့ရာတွင်၊ အစိုးရသစ်တက်လာခဲ့အပြီး နိုင်ငံရေးစီးပွားရေးပြုပြင်ပြောင်းလဲမှုများ၏ နောက်တွင်အမှန်တကယ်ပြောင်းလဲခြင်းအဓိပ္ပါယ်သဘောထားရှိခဲ့ပါသည်။ အလွန်အမင်းလိုအပ်နေပြီဖြစ်သည့် အဆိုပါပြုပြင်ပြောင်းလဲမှုများကို သက်ဆိုင်သူအားလုံးကကြိုဆိုကြသော်လည်း ဤပြောင်းလဲမှုများသည် မြန်မာနိုင်ငံနယ်စပ်တောင်ပေါ်ဒေသများရှိ တိုင်းရင်းသားလူမျိုးစုများအပါအဝင် နိုင်ငံသားအားလုံးကို အမှန်တကယ်အကျိုးရှိစေမည့် စစ်မှန်သည့်နိုင်ငံရေးနှင့်လူမှုစီးပွားရေးဆိုင်ရာပြောင်းလဲမှုဆီသို့ ဦးတည်သွားမသွားမည်၊ မည်ကဲ့သို့ဦးတည်သွားမည်ဆိုသည်မှာမူယခုထက်တိုင်ကွဲပြားရှင်းလင်းမှုမရှိသေးချေ။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်သည့် ယခင်တပ်မတော်အစိုးရကရေးဆွဲခဲ့သည့် နိုင်ငံရေးစနစ်သည် အနာဂတ်အမျိုးသားနိုင်ငံရေးကဏ္ဍတွင် တပ်မတော်၏ဆက်လက်ဦးဆောင်ပါဝင်လွှမ်းမိုးနိုင်မှုအပေါ်တွင် အာမခံချက်ပေးထားသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကလည်း ဥပဒေပြုရေးအဖွဲ့အားလုံး (အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်နှင့်ဒေသဆိုင်ရာလွှတ်တော်များ) တွင်ရှိသည့်အမတ်နေရာအားလုံး၏ ၂၅ ရာခိုင်နှုန်းနှင့်တပ်မတော်သားများအတွက် ဝန်ကြီးဌာန ၃ ခုကို လျာထားသတ်မှတ်ထားသည်။

အတိတ်ကာလတွင် တပ်မတော်အစိုးရအဆက်ဆက်သည် တိုင်းရင်းသားပဋိပက္ခကို ပိုမိုပြင်းထန်စေမည့် တိုင်းရင်းသားလူမျိုးစုများအား နိုင်ငံရေးအရချန်လှပ်ထားခဲ့ခြင်းနှင့် တိုင်းရင်းသားများနေထိုင်သည့် ဒေသများတွင် စစ်ရေးလှုပ်ရှားမှုများလုပ်ဆောင်ခြင်းစသည့်မူဝါဒကိုတစ်စိုက်မတ်မတ်ကျင့်သုံးခဲ့ကြသည်။[၅၈] လက်နက်ကိုင်ဆန့်ကျင်ဘက်အဖွဲ့များနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များရရှိရေးအတွက် မကြာမီကအစိုးရ၏ကြိုးပမ်းချက်များကမူ ထိုမူဝါဒလမ်းစဉ်များမှ ခွဲထွက်ခဲ့ဟန်ရှိသည်။ သို့သော် ဤကြိုးပမ်းချက်များသည် စစ်မှန်သည့်နိုင်ငံရေးဆွေးနွေးမှုဆီသို့ အသွင်ပြောင်းလဲမသွားမချင်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်မှုများ၏အလားအလာများကရေရာမှုမရှိသေးချေ။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း ဆက်တိုက်ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခတိုက်ပွဲများသည် ရေရှည်ငြိမ်းချမ်းရေးဆက်လက်လိုအပ်နေကြောင်းကို ပြသလျက်ရှိသည်။

တိုင်းရင်းသားလူမျိုးစုပဋိပက္ခများသည် လွတ်လပ်ရေးရရှိချိန်ကတည်းကစ၍ နိုင်ငံကိုရုပ်ပျက်ဆင်းပျက်ဖြစ်စေပြီး ညတွင်းချင်းလည်းဖြေရှင်းနိုင်မည်မဟုတ်ချေ။ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များနှင့်အစိုးရတို့အကြား ညှိနှိုင်းရယူခဲ့သည့် ဒေသဆိုင်ရာအဆင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များသည် အရေး ပါသည့်ပထမဆုံးသောခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။ သို့သော် မြန်မာပြည်၌ ပဋိပက္ခကိုအဆုံးသတ်ရန်နှင့်စစ်မှန်သည့်လူမျိုးရေးဆိုင်ရာငြိမ်းချမ်းမှုရရှိရန် လက်ရှိဆွေးနွေးပွဲများသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သစ်များကို တည်ဆောက်ရုံသာမကဘဲ ရှေ့ဆက်လျှောက်လှမ်းကြရမည်ဖြစ်သည်။ နိုင်ငံတော်အဆင့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုအား ဆက်လက်လုပ်ဆောင်ပြီး၊ တိုင်းရင်းသားများ

၏အဓိကမကျေနပ်ချက်များနှင့် ၎င်းတို့၏ဆန္ဒများအား ဖြည့်ဆည်းပေးခြင်းများကလည်း အရေးပါလှသည်။ ထိုသို့ဆောင်ရွက်ရန်ပျက်ကွက်ခဲ့လျှင် နိုင်ငံတွင်းလက်ရှိပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အား ထိခိုက်စေမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ ပဋိပက္ခသံသရာဆက်လက်လည်ပတ်စေရန် ဦးတည်သွားလိမ့်မည်ဖြစ်သည်။[၂၉]

ထို့အပြင် ငြိမ်းချမ်းရေးသဘောတူညီချက်များ၏ နောက်ဆက်တွဲအဖြစ် ပဋိပက္ခဖြစ်ပွားနေသောဒေသများရှိ လူမှုစီးပွားရေးပြန်လည်ဦးမော့နလန်ထူလာမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက်လည်း အထူးစိုးရိမ်မှုများရှိနေသည်။ ဤဒေသများအတွင်း လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုက ကျင့်သုံးခဲ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံများသည် သဘာဝပတ်ဝန်းကျင်အား အကြီးအကျယ်ထိခိုက်ပျက်စီးစေခဲ့ပြီး၊ ဒေသခံများ၏လူမှုဘဝသက်မွေးဝမ်းကျောင်းမှုများအပေါ်တွင် အကျိုးမဲ့ဂယက်ရိုက်မှုများကို ဖြစ်ပေါ်စေခဲ့ကြသည်။

# တရုတ်၏ပြည်တွင်းနှင့်ပြည်ပမူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးစစ်ပွဲ

## တရုတ်နိုင်ငံတွင်းမူးယစ်ဆေးဝါးသုံးစွဲမှု

မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းနှင့်အတူ ၎င်းတို့နှင့်ဆက်စပ်နေသည့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကဲ့သို့ သောကူးစက်ရောဂါများသည် "သမားရိုးကျမဟုတ်သောလုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများ" ဟုတရုတ်ဘေဂျင်းဗဟိုအစိုးရက အမည်ပေးထားသည့် အရေးပါလှသည့်လုံခြုံရေးနှင့်ကျန်းမာရေးဆိုင်ရာပြဿနာများဖြစ်ကြသည်။ တရုတ်နိုင်ငံသည် ရွှေတြိဂံဒေသ (မြန်မာ၊လာအိုနှင့်ထိုင်းနိုင်ငံများ) နှင့် ရွှေလခြမ်းဒေသ (အာဖဂနစ္စတန်၊ပါကစ္စတန်နှင့်အီရန်နိုင်ငံများ) ကဲ့သို့ ကမ္ဘာပေါ်တွင်ဘိန်းနှင့်ဘိန်းဖြူအဓိကထုတ်လုပ်ရာအဓိကဒေသကြီးနှစ်ခုနှင့်နယ်နိမိတ်ချင်းထိစပ်နေသည်။ တရုတ်နိုင်ငံပြည်တွင်းဈေးကွက်မှ ဘိန်းနှင့်ဘိန်းဖြူအများစုသည် မြန်မာနိုင်ငံမှစတင်မြစ်ဖျားခံလာခြင်းဖြစ်သည်။ တရုတ်နိုင်ငံ ဈေးကွက်၊ အထူးသဖြင့် ယူနန်ပြည်နယ်တွင် ဝယ်ယူရရှိနိုင်သည့်မက်သာအမ်ဖက်တမင်းစိတ်ကြွဆေးပြားအချို့သည်လည်း မြန်မာနိုင်ငံမှစတင်ဝင်ရောက်လာခြင်းဖြစ်သည်။ သို့သော် တရုတ်နိုင်ငံကိုယ်တိုင်ကလည်းမြန်မာနိုင်ငံတွင်ယခုအချိန်အထိထုတ်လုပ်နိုင်ခြင်းမရှိသေးသည့် စိတ်ကြွဆေး၊ အထူးသဖြင့် 'အိုက်စ်' (မက်သာအမ်ဖက်တမင်းအကြည်) ကိုအဓိကထုတ်လုပ်သူလည်းဖြစ်နေပြန်သည်။[၆၀]

၁၉၉၀ ပြည့်နှစ်များမှစတင်၍ တရုတ်နိုင်ငံတွင် ဘိန်းဖြူနှင့်မက်သာအမ်ဖက်တမင်း အသုံးပြုမှု သိသိသာ သာမြင့်တက်လာခဲ့သည်။ ပြည်တွင်းစိတ်ကြွဆေးပြားအကြည်ထုတ်လုပ်မှုသည် တရုတ်နိုင်ငံအရှေ့ဘက်ကမ်းရိုးတန်း၊ အထူးသဖြင့် ဖူကျန်းနှင့်ကွမ်တုံပြည်နယ်များစသည့် စက်မှုထွန်းကားသည့်မြို့ပြဒေသများမှ စတင်၍ အနောက်ဘက်ဆီသို့ပျံ့နှံ့နေချိန်တွင် ဘိန်းဖြူနှင့်မက်သာအမ်ဖက်တမင်းဆေးပြားများကလည်း မြန်မာနိုင်ငံနှင့်ထိစပ်နေသော ယူနန်ပြည်နယ်မှတစ်ဆင့် နိုင်ငံတစ်ဝှမ်းသို့ အကြီးအကျယ်ပျံ့နှံ့ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်များတွင် အဓိကမူးယစ်ဆေးဝါးသုံးစွဲသူများမှာ ယူနန်နှင့် ကွမ်ရှီးပြည်နယ်များကဲ့သို့သော နယ်စပ်ဒေသမှတောင်သူလယ်သမားများဖြစ်ကြသည်။ သို့သော် ၁၉၉၀ ပြည့်နှစ်မှစပြီး ဤသုံးစွဲမှုပုံစံပြောင်းလဲလာခဲ့သည်။ ယခုအခါနိုင်ငံတစ်ဝှမ်းရှိ မြို့ပြနေလူငယ်များမှာ မူးယစ်ဆေးဝါးသုံးစွဲနေကြသူ များတွင်အဓိကပါဝင်နေကြပြီး၊ အများစုသည်ပညာအရည်အချင်းနိမ့်ကျပြီး၊ လုပ်ငန်းကျွမ်းကျင်မှုအနည်းအကျဉ်းသာရှိသူများဖြစ်ကြသည်။[၆၀]

တရုတ်နိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်၍ ခိုင်မာသည့်အချက်အလက်များမရှိသည့်အပြင် ခန့်မှန်းချက်များမှာကွဲပြားနေကြသော်လည်း ယေဘုယအလားအလာပုံစံအရ တရုတ်နိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲမှု အထူးသဖြင့် မူးယစ်ဆေးကိုအကြောတွင်းသို့ထိုးသွင်းသုံးစွဲမှုသည် လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုအတွင်း သိသိသာသာပင်တိုးတက်လာခဲ့သည်။ တရုတ်အစိုးရ၏ တရားဝင်ကိန်းဂဏန်းများအရ မူးယစ်ဆေးဝါးသုံးစွဲသူအရေအတွက်မှာ ၁၉၉၀ ပြည့်နှစ်တွင် ၇၀,၀၀၀ ရှိခဲ့မှ ၂၀၀၄ ခုနှစ်တွင် ၁. ၁၄ သန်းအထိတိုးတက်လာခဲ့သည်။ သို့သော်ထိုကိန်းဂဏန်းများမှာ အစိုးရထံတွင် မှတ်ပုံတင်ထားသည့်စာရင်းသာဖြစ်သည့်အတွက် အမှန်တကယ်မူးယစ်ဆေးဝါးသုံးစွဲသူအရေအတွက်သည် သိသိသာသာ ပိုမိုများပြားသည်။[၆၂] ဤမူးယစ်ဆေးဝါးသုံးစွဲသူအများစုသည် ဆေးညွှန်းစာနှင့်သာအသုံးပြုရသော ဘိန်းအာ နိသင်ရှိသည့်ဆေးများ (ပက်သဒင်းနှင့်ထရာမဒေါလ်) ကဲ့သို့ အခြားဆေးဝါးများနှင့်တွဲဖက်အသုံးပြုကြ သည့်ဘိန်းဖြူသုံးစွဲသူများဖြစ်ကြသည်။[၆၃] အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအန္တရာယ်လျော့ချရေးအဖွဲ့၏ အဆိုအရ ၂၀၁၀ ခုနှစ်အရောက်တွင် တရုတ်နိုင်ငံ၌ မူးယစ်ဆေးကိုအကြောထဲထိုးသွင်းသူ ၂. ၅ သန်း ခန့်ရှိလာမည်ဖြစ်ကြောင်းခန့်မှန်းခဲ့သည်။ ၎င်းတို့အနက်မှ ၁၂ ရာခိုင်နှုန်းခန့်သည် အိပ်ချ်အိုင်ဗီပိုးရှိသူများအဖြစ်ခန့်မှန်းထားသည်။[၆၄]

တရုတ်နိုင်ငံ၏မူးယစ်ဆေးဝါးမူဝါဒများနှင့် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အခြားလေ့လာမှုတစ်ခု၏ တွေ့ရှိချက်တစ်ခုအရ မှတ်ပုံတင်ထားသည့်မူးယစ်ဆေးသုံးစွဲသူအရေအတွက်မှာ ၁၉၈၈ ခုနှစ်တွင် ၅၀,၀၀၀ မှ ၂၀၀၇ ခုနှစ်တွင်မူ ဘိန်းဖြူသုံးစွဲသူ ၇၅၀,၀၀၀ နီးပါးအပါအဝင် ၉၀၀,၀၀၀ ကျော်အထိ တိုးတက်လာခဲ့သည်။ တရားဝင်မဟုတ်သော ကိန်းဂဏန်းများအဖြစ် မူးယစ်ဆေးစွဲသူအရေအတွက် ၆ သန်း နှင့် ၁၂ သန်းကြားတွင်ရှိနေကြောင်းခန့်မှန်းကြသည်။ ဤလေ့လာမှုမှပင် ယူနန်နှင့်ကွမ်တုံပြည်နယ်များတွင် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်မှောင်ခိုမှုများပြန်လည်ပေါပေါက်လာရခြင်းသည် "သမိုင်းအစဉ်အလာဓလေ့အရ ဆေးရွက်ကြီးနှင့်ဘိန်းကိုသောက်သုံးခြင်းနှင့်မြန်မာ၊ ထိုင်းနှင့်လာအိုနိုင်ငံများကဲ့သို့ ဘိန်းထုတ်လုပ်သည့်နိုင်ငံများနှင့်ရေမြေသဘာဝအရ ဆက်စပ်မှုရှိနေခြင်းတို့ကြောင့်"ဟုဆိုသည်။[၆၅]

တရုတ်နိုင်ငံတွင် လေ့လာမှုအများစုသည် သုံးစွဲသည့်မူးယစ်ဆေးဝါးအမျိုးအစားနှင့်ပတ်သက်ပြီး တိတိကျကျခွဲခြားပေးနိုင်ခြင်းမရှိကြချေ။ စိတ်ကြွဆေးတိုးတက်လာခြင်းကို ကောင်းစွာမှတ်တမ်းတင်နိုင်ခြင်းမရှိသည့်အပြင် စိတ်ကြွဆေးသုံး စွဲမှုတိုးတက်လာမှုအား အစိုးရစာရင်းဇယားများတွင်လည်း ဖော်ပြထားခြင်းမရှိချေ။[၆၆] သို့သော် စိတ်ကြွဆေးသည်အများအပြားတိုးတက်နေပြီး၊ အထူးသဖြင့် အရှေ့ဘက်ကမ်းရိုးတန်း အချက်အချာကျသည့်မြို့ပေါ်နေရာများတွင် သုံးစွဲမှုပိုမိုများပြားပြီး၊ ဘိန်းဖြူသုံးစွဲမှုကိုကျော်လွန်ကောင်းကျော်လွန်နိုင်မည်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲသူလူငယ်ပိုင်းက စိတ်ကြွဆေးသုံးစွဲခြင်းကိုနှစ်သက်ကြပြီး၊ သက်ကြီးပိုင်းသုံးစွဲသူများက အများအားဖြင့်ဘိန်းဖြူကိုသုံးစွဲကြသည့် မျိုးဆက်ပိုင်းဆိုင်ရာအပြောင်းအလဲတစ်ခုဖြစ်သည်။ စိတ်ကြွဆေးသုံးစွဲမှုမြင့်တက်လာခြင်းသည် စိုက်ပျိုးရေးအခြေခံကျေးလက်စီးပွားရေးမှစက်မှုနှင့်ဈေးကွက်အခြေခံမြို့ပြလူမှုဘဝများဆီသို့ ဦးတည်သွားနေသည့် ထူးကဲလေးနက်သည့်လူမှုစီးပွား ရေးအပြောင်းအလဲများနှင့်လည်းသက်ဆိုင်သည်။[၆၇] တရုတ်နိုင်ငံတွင် ဘိန်းဖြူသုံးစွဲမှုမြင့်တက်နေသည်ဟုဆိုသော်လည်း အခြားမူးယစ်ဆေးဝါးများနှင့်နှိုင်းယှဉ်လျှင်တဖြည်းဖြည်းချင်းသာတိုးတက်နေသည်။[၆၈]

## အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါတိုးတက်လာခြင်း

တရုတ်နိုင်ငံတွင် အိပ်ချ်အိုင်ဗွီနှင့်အေအိုင်ဒီအက်ရောဂါကူးစက်ပြန့်ပွားမှု၏ အစောပိုင်းအဆင့်ကိုယူနန် ပြည်နယ်တွင်အစပြုခဲ့သည့် မူးယစ်ဆေးအကြောထဲထိုးသွင်းသူအချင်းချင်း ဆေးထိုးအပ်ကိုဝေမျှသုံးစွဲခြင်းကဲ့သို့သော အကာအကွယ်ကင်းမဲ့သည့်အလေ့အကျင့်များမှ အဓိကတွန်းပို့ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံတွင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ပထမဆုံးကူးစက်ပြန့်ပွားမှုသည် မြန်မာနိုင်ငံသို့အဓိကကုန်သွယ်သည့်လမ်းကြောင်းပေါ်ရှိ နယ်စပ်မြို့ရွှေလီ၌ မူးယစ်ဆေးအကြောထဲထိုးသွင်းသူများအကြား ၁၉၈၉ ခုနှစ်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကူးစက်ပြန့်ပွားမှုကို တရုတ်နိုင်ငံပြည်နယ် ၃၁ ခုလုံးရှိ မူးယစ်ဆေး အကြောထဲထိုးသွင်းသူများအကြားတွင် တွေ့ရှိလာရသည်။ ယူနန်ပြည်နယ်၏မူးယစ်ဆေးဝါးများသုံးစွဲမှုအဆင့်သည် တရုတ်နိုင်ငံ၏အမြင့်ဆုံးထဲတွင် ပါဝင်လျက်ရှိသောကြောင့် ထိုပြည်နယ်သည်အထူးစိုးရိမ်စရာဖြစ်လျက်ရှိသည်။[၆၉]

ဤသို့သောပုံသဏ္ဍာန်အနေအထားများမှ သတိပေးနှိုးဆော်လာသဖြင့် တရုတ်အစိုးရသည် လက်တွေ့ကျသောချဉ်းကပ်မှုဖြင့် မက်သဒုံးဆေးဖြင့်အစားထိုးကုသခြင်း၊ ဆေးထိုးအပ်အသစ်ဖလှယ်ပေးခြင်းစသည့် မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ်လျော့နည်းစေမည့်အစီအစဉ်များကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ သို့သော် မူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်ရောင်းဝယ်သူများအားကွက်မျက်ခြင်း၊ မူးယစ်ဆေးဝါးပြန်လည်သုံးစွဲသူများကို မကုမနေရစခန်းများဆီသို့ အတင်းအကျပ်ပို့ဆောင်ခြင်း စသည့်ပြင်းထန်သည့်အပြစ်ပေးအရေးယူခြင်းများကို တရုတ်နိုင်ငံက

ကျင့်သုံးလျက်ရှိဆဲဖြစ်သည်။ တရုတ်အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (အင်န်အင်န်စီစီ)က “၂၀၀၇ ခုနှစ်တွင် မူးယစ်ဆေးပြန်လည်သုံးစွဲသူဦးရေ ၁၂၂,၀၀၀ ကျော်အား ပြည်သူ့လုံခြုံရေးအေဂျင်စီမှတွေ့ရှိအပြစ်ပေး ခဲ့ပြီး၊ တိမ်းရှောင်နေကြသည့်မူးယစ်ဆေးဝါးသုံးစွဲသူ ၃,၀၀၀ ကျော်ကိုဖမ်းဆီးခဲ့ရကြောင်း”ဆိုခဲ့သည်။ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ အကုန်တွင် မူးယစ်ဆေးဝါးသုံးစွဲသူ ၂၅၀,၀၀၀ ကျော်ခန့်သည် ကုသရေးစခန်းများတွင် မဖြစ်မနေဆေးကုသမှုခံခဲ့ ရပြီး၊ ယင်းအနက်မှ ၆၀,၀၀၀ ကျော်ကို အလုပ်စခန်းများသို့ပို့ဆောင်ခဲ့ရကြောင်း အင်န်အင်န်စီစီမှ အစီရင်ခံတင်ပြခဲ့ သည်။[၂၀] ၂၀၁၀ ပြည့်နှစ်တွင် မူးယစ်ဆေးဝါးသုံးစွဲသူ ၁၇၃,၀၀၀ ကျော်သည် မကုမနေရမူးယစ်ဆေးဖြတ်အစီအစဉ်၌ပါ ဝင်လာခဲ့ကြသည်။[၂၁]

တရုတ်နိုင်ငံ၏ ပြည်တွင်းမူယစ်ဆေးဝါးပြဿနာအား ပြည်ပအိမ်နီးချင်းနိုင်ငံများတွင် ဘိန်းစိုက်ပျိုးမှုလျော့နည်းစေခြင်း ဖြင့်ဖြေရှင်းနိုင်သည်ဟုစဉ်းစားခြင်းသည် လက်တွေ့မကျလှပေ။ လွန်ခဲ့သည့်ဆယ်စုနှစ် ၅ ခုရှိသောကာလတွင် ကမ္ဘာ့ဘိန်း ထုတ်လုပ်မှုသည် ၁၉၇၀-၂၀၀၀ ပြည့်နှစ်ကာလအတွင်း ၄,၀၀၀-၅,၀၀၀ မက်ထရစ်တန်ရှိခဲ့ရာမှနောက်ဆယ်စုနှစ်တွင် ၇၀၀၀-၈၀၀၀ ကျော်အထိတိုးတက်လာခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့ဘိန်းထုတ်လုပ်မှုလျော့ကျစေရေးကြိုးပမ်းမှုသည် ဝယ် လိုအား၊ ရောင်းလိုအားကိုတုံ့ပြန်သည့်ဈေးကွက်၏ လျော့နည်းပပျောက်သွားရမည့်အစား၊ အခြားနေရာဒေသများ သို့မ ဟုတ် အခြားနိုင်ငံများဆီသို့ ပြောင်းရွှေ့စိုက်ပျိုးခြင်းတည်းဟူသော ‘ဘောလုံးအကျိုးသက်ရောက်မှု’ကြောင့်မအောင်မြင် ဘဲဖြစ်ခဲ့ရသည်။

ထို့အပြင် တရုတ်နိုင်ငံ၏မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာသည် ဘိန်းစိုက်ပျိုးမှုနှင့်ဆက်နွယ်မှုမရှိသည့် ပြည်တွင်းမှမက်သာ အမ်ဖက်တမင်းထုတ်လုပ်မှုနှင့်လည်း တိုးတက်ဆက်နွယ်လာနေသည်။ စိတ်ကြွဆေးသုံးစွဲမှု တိုးတက်လာနေခြင်းသည် အန္တရာယ်ကိုဖိတ်ခေါ်သည့်အပြုအမူများ၊ မူးယစ်ဆေးသုံးစွဲသူများအကြား ဘေးကင်းလုံခြုံမှုမရှိသည့် လိင်ဆက်ဆံမှုဆိုင် ရာအမူအကျင့်များ တိုးပွားလာခြင်းကြောင့်ဖြစ်ပွားရသည့် အိပ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ်နှင့်အသည်းရောင်ရောဂါပြန့်နှံ့ မှုများနှင့်လည်းဆက်စပ်နေသည်။ စိတ်ကြွဆေးသုံးစွဲမှုနှင့်အတူ ယင်းနှင့်ဆက်စပ်နေသောပြဿနာများတိုးတက် လျက်ရှိ နေသော်လည်း အရှေ့နှင့်အရှေ့တောင်အာရှရှိ အစိုးရများ၏တုံ့ပြန်မှုများသည် ထိရောက်မှုမရှိခဲ့ချေ။ အစဉ်အလာအရ ဥပဒေအား စိုးမိုးရေးပြုလုပ်ခြင်း၊ ရောင်းလိုအားကိုလျော့ချစေခြင်း ချဉ်းကပ်မှုနည်းလမ်းများနှင့် မူးယစ်ဆေးဝါးကို လုံး ဝလက်သင့်မခံသည့်သဘောထားများသည် ဘိန်းဖြူနှင့်စိတ်ကြွဆေးရောင်းလိုအား၊ ဝယ်လိုအားကိုလျော့နည်းအောင်ပြု လုပ်ရာတွင်အောင်မြင်မှုမရှိခဲ့ချေ။ မှားယွင်းစွာရေးဆွဲထားသည့်ဥပဒေများကို အာဏာသက်ရောက်စေခြင်းအားဖြင့် အရေးယူဆောင်ရွက်မှုများကြောင့် မရည်ရွယ်ဘဲဖြစ်ပေါ်လာသည့် ဆိုးကျိုးများနှင့်မူးယစ်ဆေးဝါးကို လုံးဝလက်သင့်မခံ သည့်မူဝါဒများသည် ပြဿနာများကိုပိုမိုဆိုးရွားသွားစေခဲ့သည်ဟုပင်ဆိုကောင်းဆိုနိုင်သည်။

ဤဒေသတွင်း၌ အနည်းဆုံးစာရွက်ပေါ်တွင် ချဉ်းကပ်မှုအသစ်များနှင့် ဆောင်ရွက်လိုကြသည့် အရိပ် လက္ခဏာကောင်း အချို့ရှိပါသေးသည်။ မဟာမဲခေါင်ဒေသခွဲအတွင်းရှိနိုင်ငံများနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး ယူအင်န် အိုဒီစီတို့သဘောတူညီထားကြသည့်[၂၂] မဟာမဲခေါင်ဒေသခွဲအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းအစီအစဉ် (၂၀၁၁-၂၀၁၃) သည်ပြည်သူ့ကျန်းမာရေးအားရှေးရှုသည့် မူဝါဒများကိုအရှိန်အဟုန်တိုးမြှင့်ချဲ့ထွင်ရန်လိုအပ်ချက်၊ မဖြစ်မနေဆေးကုသခံယူခြင်းနှင့် ထိန်းသိမ်းရေးစခန်းများအစား အခြားနည်းလမ်းများရှာကြံရန်လိုအပ်ချက်၊ ကာကွယ် ခြင်းကိုအခြေခံသော ရပ်ရွာအခြေပြုကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စောစီးစွာ ကြိုတင်တားဆီး ဆောင်ရွက်ခြင်း၊ ကုသခြင်းနှင့်စောင့်ရှောက်မှုပေးခြင်းများကို ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ပေါင်းစည်းထည့်သွင်း ထားရှိခြင်းများကို အသိအမှတ်ပြုထားသည်။[၂၃] ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနောက်ပစ္စဖိတ်ဒေသဆိုင်ရာရုံး၏စိတ်ကြွဆေး

နှင့်ပတ်သက်သော နည်းပညာဆိုင်ရာရှင်းလင်းချက်တွင် “မူဝါဒချမှတ်သူများအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူအားလုံးကိုခွဲခြားမှုမရှိဘဲသိမ်းကြုံးအပြစ်ပေးခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်းများကိုဖြစ်စေသည့် ထိရောက်မှုမရှိသည့်မူဝါဒများ၏ဆိုးကျိုးကိုလျှော့ချရမည်။ ဥပဒေအာဏာသက်ရောက်စေမှုနှင့်ပြည်သူ့ ကျန်းမာရေးတို့အကြားတူညီမှုရှိသည့်အခြေခံကိုရှာရမည်။”ဟုအကြံပြုထောက်ခံထားသည်။[၂၄] ဤထောက် ခံတင်ပြချက်သည်ဘိန်းနှင့်ဘိန်းဖြူသုံးစွဲမှုနှင့်ပတ်သက်၍ဖြစ်နေကျပြဿနာအတွက်လည်းအကြုံးဝင်သည်။

ဤထောက်ခံတင်ပြချက်များသည် ကမ္ဘာတစ်ဝှမ်းလက်ရှိမူးယစ်ထိန်းချုပ်ရေးမဟာဗျူဟာများအားပြန်လည်ပြင်ဆင်ရန် တိုးမြှင့်တောင်းဆိုချက်များနှင့်ထပ်တူကျလျက်ရှိသည်။ “ရာဇဝတ်မှုတွေ၊ တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်သူတွေ၊ မှောင်ခိုသယ်ဆောင်ရောင်းဝယ်သူတွေနဲ့သုံးစွဲသူတွေကိုရည်ရွယ်ထားတဲ့ ပြင်းထန်တဲ့အရေးယူနှိပ်ကွပ်မှုတွေအတွက် သုံးစွဲရတဲ့များပြားလှတဲ့ကုန်ကျစရိတ်တွေဟာ မူးယစ်ဆေးဝါးရောင်းလိုအား၊ ဒါမှမဟုတ် သုံးစွဲမှုကိုထိထိရောက်ရောက်လျှော့ကျစေအောင်မလုပ်နိုင်ဘူး” ဟု မူးယစ်ဆေးဝါးမူဝါဒဆိုင်ရာကမ္ဘာ့ကော်မရှင်အစီရင်ခံစာတစ်စောင်မှ ကမ္ဘာ့မူးယစ်ဆေးဝါးနှိမ်နင်းရေးသည် အောင်မြင်မှုမရှိခဲ့ကြောင်းထည့်သွင်းပြောကြားကာအဆုံးသတ်ထားသည်။ အဆိုပါကမ္ဘာ့ကော်မရှင်သည်ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်မှုစစ်ပွဲ၏ကျဆုံးမှုများကိုဆွေးနွေးရန်နှင့်အခြားရွေးချယ်စရာနည်းလမ်းနှင့်အထောက်အထားများအပေါ်တွင်အခြေခံသည့် မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒနည်းလမ်းများကို တိုက်တွန်းအားပေးလျက်ရှိသည့်သမ္မတဟောင်းများနှင့် အခြားလူသိများထင်ရှားသည့်ပုဂ္ဂိုလ်များ၏ ကမကထပြုလုပ် ဦးဆောင်မှုလည်းဖြစ်သည်။

ကမ္ဘာ့ကော်မရှင်၏အစီရင်ခံစာအရ သုံးစွဲသူများကိုရည်ရွယ်ထားသည့် ပြင်းထန်သောနှိပ်ကွပ်မှုများသည် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ မူးယစ်ဆေးအလွန်အကျွံသုံးစွဲမှုကြောင့်သေဆုံးရခြင်းနှင့် မူးယစ်ဆေးဝါး၏ အခြားသောအကျိုးဆက်များစသည်တို့ကိုလျှော့ချရန်ပြည်သူ့ကျန်းမားရေးဆောင်ရွက်ချက်များကိုအဟန့်အတားဖြစ်စေသည်ဟုဖော်ပြထားသည်။ ယင်းအစား ကုသနည်းမျိုးစုံကိုရရှိစေပြီး၊ လိုအပ်နေသူများအား ကျန်းမာရေးနှင့်ဆေးကုသရေးဝန်ဆောင်မှုများပေးရန်၊ အိပ်ချ်အိုင်ဗွီကူးစက်ခြင်း၊ အသက်အန္တရာယ်ရှိသည့် မူးယစ်ဆေးဝါးအလွန်အကျွံသုံးစွဲမှုနှင့်တကွ သွေးမှတစ်ဆင့်ကူးစက်သည့်ကူးစက်မှုများကိုလျှော့နည်းအောင်ဆောင်ရွက်ရာတွင် လက်တွေ့ထိရောက်မှုရှိသည့် ဆေးထိုးအပ်ရရှိမှုနှင့်အခြားသောအန္တရာယ် လျှော့ချရေးဆောင်ရွက်ချက်များအား ဆောင်ရွက်ရန်အတွက်ကော်မရှင်မှ ထောက်ခံဖော်ပြထားသည်။ အထူးသဖြင့် ကမ္ဘာ့ကော်မရှင်မှမူးယစ်ဆေးဝါးသုံးစွဲသူများ၏ လူ့အခွင့်အရေးအားလေးစားလိုက်နာရန် အရေးကြီးပုံကိုအလေးပေးထားပြီး၊ လူ့အခွင့်အရေးစံချိန်စံညွှန်းသတ်မှတ်ချက်များကို ငြင်းပယ်ချိုးဖောက်ဆန့်ကျင်သည့်၊ သို့မဟုတ် ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်မှုအခွင့်အရေးအားထိပါးသည့် ဖမ်းဆီးထိန်းသိမ်းခြင်း၊ အတင်းအဓမ္မခိုင်းစေခြင်း၊ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာညှင်းပန်းခြင်းစသည့် ဆေးကုသရေးအမည်တပ်ကာ အကောင်အထည်ဖော်နေသည့် သင့်လျော်မှုမရှိသောဆောင်ရွက်မှုအလေ့အကျင့်များကိုဖျက်သိမ်းကြရန် ထောက်ခံအကြံပြုထားသည်။[၂၅]

တရုတ်နိုင်ငံအစိုးရအနေဖြင့် ဤအထောက်အထားများအပေါ်တွင်အခြေခံထားသည့် အကြံပြုချက်များကို လက်ခံလိုက်နာကာ ဘေးအန္တရာယ်လျှော့ပါးရေးစည်းကမ်းချက်များအပေါ်တွင်အခြေခံသည့် ကုသရေးဆိုင်ရာ ဝန်ဆောင်မှု၏အရည်အသွေးနှင့် အရေအတွက်ကိုမြှင့်တင်ပေးပြီး၊ မူးယစ်ဆေးဝါးပြဿနာနှင့်ယင်းနှင့်ဆက်နွယ်နေသည့်ကျန်းမာရေးအန္တရာယ်များကိုဖြေရှင်းရာတွင် ၎င်းတို့၏တုံ့ပြန်ဆောင်ရွက်မှုကို တိုးတက်မှုရှိစေရန်အတွက် ဆေးဝါးသုံးစွဲသူများကိုဖမ်းဆီးခြင်း၊ ကုသရေးစခန်းများထံသို့အတင်းအကျပ်ပို့ဆောင်ခြင်းကဲ့သို့သော မူးယစ်ဆေးဝါးသုံးစွဲသူများကို ပစ်မှတ်ထားသည့် ပြင်းထန်သည့်မူဝါဒများကိုရှောင်ကြဉ်ကာဆောင်ရွက်သင့်သည်။ မြင့်မားသည့်မူးယစ်ဆေးဝါးပြန်လည်သုံးစွဲမှုနှုန်းသည် တင်းကျပ်သည့်မူဝါဒများ၏တုံ့ပြန်သက်ရောက်မှုအပေါ် အကြီးအကျယ်သံသယဖြစ်စေသည်။[၂၆]

## တရုတ်၏ဘိန်းအစားထိုးအစီအစဉ်

ပြည်တွင်းမူးယစ်ဆေးဝါးသုံးပြဿနာအား ဖြေရှင်းရန်ကြိုးပမ်းနေသည့်အပြင် တရုတ်အစိုးရသည်ဒေသ တွင်းဘိန်းစိုက်ပျိုးမှုလျှော့ချရေးအတွက်လည်း ကြိုးပမ်းခဲ့သည်။ 'မူးယစ်ဆေးဝါးနှင့်အေအိုင်ဒီအက်စ်ပြည်သူ့ဆန့်ကျင်ရေး'လှုပ်ရှားမှုကိုပံ့ပိုးပေးရန်အတွက် ၂၀၀၄ ခုနှစ်တွင် ဗဟိုအစိုးရသည် ယခင်ကကဲ့သို့ ပြည် သူ့လုံခြုံရေးဝန်ကြီးဌာနအောက်တွင်မ ဟုတ်တော့ဘဲ ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်တွင် နိုင်ငံတော်ကောင်စီလုပ်ငန်းအဖွဲ့အမှတ် ၁၂၂ ကိုဖွဲ့စည်းထားရှိကာ ရွှေတြိဂံဒေသဘိန်းပြဿနာကိုဖြေရှင်းရန်အတွက် ၎င်း၏ချဉ်းကပ်မှုနည်းလမ်းကိုပြန်လည်ပြင်ဆင်ခဲ့သည်။ ကုန်သွယ်ရေးဝန်ကြီးဌာနမှအဓိကညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်သော်လည်း အခြားဝန်ကြီးဌာန ၁၃ ခုလည်းပါဝင်ပတ်သက်နေကြသည်။ အဆိုပါ လုပ်ငန်းအဖွဲ့၏ရည်ရွယ်ချက်မှာ လာအိုနိုင်ငံနှင့်မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဘိန်းအစားထိုးသီးနှံစိုက်ခင်းများ တွင် တရုတ်ရင်းနှီးမြုပ်နှံမှုများကို တိုက်တွန်းအားပေးရန်နှင့်ညှိနှိုင်းဆောင်ရွက်ပေးရန်ဖြစ်သည်။[၃၇]

ယူနန်ပြည်နယ်ပါတီကော်မတီမှ '၂၀၀၅ ခုနှစ် ပြည်သူ့မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဓိကတာဝန်' ဟုခေါ်သည့်မူဝါဒစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ထို့နောက် 'အစွန်အဖျားဒေသများ' ရှိ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအတွက်စည်းရုံးရေးနှင့်ညှိနှိုင်းဆောင်ရွက်ရေးများအတွက် ယူနန်ပြည်နယ်ကုန်သွယ်ရေးဌာနကို တာဝန်ယူစေခဲ့သည်။[၃၈] ၂၀၀၆ ခုနှစ်တွင် မြန်မာနှင့်လာအိုနိုင်ငံများအတွက် ဘိန်းအစားထိုးဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်ကို ယူနန်ပြည်နယ်မှအတည်ပြုခဲ့ပြီး ဘိန်းအစားထိုးအထူးရန်ပုံငွေတစ်ရပ်ကိုလည်း မတည်ခဲ့သည်။ ထိုအချိန်မှစ၍ တရုတ်အစိုးရသည် ယင်းစီမံချက်ကိုအားပေးခြင်း၊ တရုတ်ကုမ္ပဏီများ ထိုစီမံချက်တွင် ပါဝင်လာရေးတို့အတွက်အားပေးလှုံ့ဆော်ခြင်းများကို တက်တက်ကြွကြွဆောင်ရွက်လာခဲ့သည်။[၃၉]

၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ယူနန်အစိုးရသည် ကချင်နှင့်ရှမ်းပြည်နယ်များတွင် ၆၇,၄၅၃ ဟက်တာ နှင့်ညီမျှသည့်မုသန်းပေါင်း ၁.၀၁၁၈ (၁၅ မုသည် ၁ ဟက်တာနှင့်ညီမျှသည်) စိုက်ပျိုးမြေဧရိယာရှိသည့် သီးနှံအစားထိုးစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံငွေစုစုပေါင်း ၁.၂၂၄ ဘီလီယံယွမ် (အမေရိကန် ဒေါ်လာ ၁၇၆.၇၄ သန်း)[၄၀] ကိုစီမံခန့်ခွဲခဲ့သည်။ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (အင်န်အင်န်စီစီ)၏အဆိုအရ ၂၀၀၇ ခုနှစ်အကုန်တွင် တရုတ်ကုမ္ပဏီ ၁၃၅ ခုတို့သည် လာအိုနှင့်မြန်မာနိုင်ငံမြောက်ပိုင်းတွင် 'အစားထိုးဖွံ့ဖြိုးတိုးတက်ရေး' စီမံကိန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ ဤကုမ္ပဏီများသည် မြန်မာနိုင်ငံတွင်အစားထိုးသီးနှံ ၂၆၇,၅၀၀ မု (၁၇,၈၀၀ ဟက်တာ) စိုက်ပျိုးရန်ယွမ် ၁၆၉ သန်း (အမေရိကန်ဒေါ်လာ ၂၆.၅ သန်း) ကိုရင်းနှီးမြုပ်နှံခဲ့ကြသည်။[၄၁] ၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံ ဘိန်းအစားထိုးအစီအစဉ်တွင်ပါဝင်ကြသောတရုတ်ကုမ္ပဏီအရေအတွက် ၁၉၈ ခု (အားလုံးနီးပါးသည် ပုဂ္ဂလိကကော်ပိုရေးရှင်းများဖြစ်ကြပြီး၊ ယူနန်ပြည်နယ်မှ ၈၀ ရာခိုင်နှုန်းဖြစ်သည်) အထိရှိလာခဲ့ရာ၊ ၂၀၀၅ ခုနှစ်မှ စတင်ပြီး ၁၇၀ ရာခိုင်နှုန်း အထိမြင့်တက်သွားခဲ့ခြင်းဖြစ်သည်။ စိုက်ပျိုးထားသည့်မြေဧရိယာများအရ ရာဘာသည် စိုက်ပျိုးသူအကြိုက်ဆုံးသီးနှံဖြစ်ကြောင်းတွေ့ရသည်။[၄၂]

ဘိန်းစိုက်ပျိုးမှုလျှော့ချရေးအတွက် တရုတ်နိုင်ငံ၏ချဉ်းကပ်မှုသည် 'အကျိုးအမြတ်ခွဲဝေပေးရေးသက်ရောက်မှု' သဘောတရားကို ယုံကြည်လက်ခံထားသည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင်ဗဟိုပြုထားသည်။[၄၃] မြန်မာနှင့်လာအိုနိုင်ငံများရှိနယ်စပ်ဒေသများ၏ဒေသစီးပွားရေးအား နယ်စပ်တစ်လျှောက်ရှိ အာဏာပိုင်များ၏ နှစ်ဖက်ဆက်ဆံရေးမှတစ်ဆင့်ဒေသတွင်းဈေးကွက်(ဥပမာ-တရုတ်နိုင်ငံ)သို့ပေါင်းစည်းပေးခြင်းအားဖြင့်ဆောင်ရွက်သည်။ တရုတ်အစိုးရ၏အဆိုအရ အစားထိုးစီမံကိန်းများသည် တောင်သူလယ်သမားများအတွက် ဝင်ငွေရလမ်းသစ်များဖန်တီးပေးနိုင်ခြင်း၊ အခြေခံအ

ဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများအလျင်အမြန်ဆောင်ရွက်ခြင်း၊ အသိပညာဗဟုသုတနှင့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုနည်းပညာများတိုးပွားလာခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် သီအိုရီအသစ်များကိုလက်တွေ့ကျင့်သုံး လာနိုင်ခြင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့်ကောင်းမွန်သောဆက်ဆံရေးများကို ပိုမိုတိုးတက်လာစေခြင်း စ သည့်အောင်မြင် မှုများကိုရရှိခဲ့သည်ဟုဆိုသည်။[၃၄]

တရုတ်ဘာသာဖြင့်ရေးသားထုတ်ဝေသည့် စာအုပ်တစ်အုပ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက် တွင်ထားရှိမည့် ကြိုးပမ်းချက်အား အမွှမ်းတင်ရာတွင် တရုတ်စီးပွားရေးသမားများသည် နိုင်ငံတော်မှ ဘဏ္ဍာရေးအထောက်အပံ့ဖြင့် “ နှံစားသီးနှံများနှင့်တကွ ဝင်ငွေရသီးနှံစိုက်ပျိုးခြင်းအားဖြင့် ဘိန်းစိုက်ပျိုးခြင်းကိုအစားထိုးကာ၊ ကုန်သွယ်ရေး၊ ခရီးသွား လုပ်ငန်းနှင့် အထူးစက်မှုလုပ်ငန်းများကိုဖန်တီးပေးခြင်းအားဖြင့် ဘိန်းစိုက်ဒေသများ၏စီးပွားရေး၊ လူမှုရေးတိုးတက်မှု ကိုမြှင့်တင်ပေး” သဖြင့် ယခုကဲ့သို့ ပိုမိုလွတ်လပ်သော ဈေးကွက်မဟာဗျူဟာအား ‘အစားထိုးစီးပွားရေး’ ဟု စာရေးသူမှ အမည်ပေးထားသည်။[၃၅] ထို့အပြင် စာအုပ်နိဒါန်းမှဆက်လက်ဖော်ပြသည်မှာ “ယူနန်၏‘အစားထိုးစီးပွားရေး’စီမံကိန်းများ သည် ဘိန်းစိုက်ပျိုးသည့်နေရာဒေသများ၌ အောင်မြင်ရှင်သန်သောစီးပွားရေးအတွက် အထောက်အကူဖြစ်စေသည့်အ ပြင်၊ ဒေသခံပြည်သူများ၏ယဉ်ကျေးမှုများကို ပိုမိုတိုးတက်စေခဲ့ကာ ဤဖြစ်ရပ်အားလုံးသည် အောက်ခြေအဆင့်၌ ‘အ စားထိုး’နိုင်သည့်စွမ်းဆောင်ရည်ကိုတိုးမြှင့်စေလိမ့်မည်” ဟုဆက်လက်ဖော်ပြထားသည်။ ထိုအစီရင်ခံစာမှ “မြန်မာနိုင်ငံ တွင် အထူးဒေသ ၄ (အင်န်ဒီအေအေ-မိုင်းလားဒေသ) အား ဘိန်းအစားထိုးစီမံကိန်းဖြင့် ယူနန်ပြည်နယ်မှကူညီခဲ့ခြင်း အား လူသားများအတွက်ကောင်းချီးပေးမှု”ဟူ၍ဂုဏ်ယူစွာဖော်ပြထားသည်။

အမျိုးသားဒီမိုကရက်တစ်တပ်ပေါင်းစုတပ်မတော်-ရှမ်းပြည်နယ်အရှေ့ပိုင်း (အင်န်ဒီအေအေ) မှ ထိန်းချုပ် ထားသည့် နယ်မြေဖြစ်သော ရှမ်းပြည်နယ်အထူးဒေသ-၄[၃၆] အားမြင့်မားလှသည့် မူးယစ်ဆေးဝါးတရားမ ဝင်သယ်ဆောင်ရောင်းဝယ် မှု၊ မူးယစ်ဆေးစွဲမှုနှင့်တကွ ယင်းဒေသကိုဖြတ်သန်းသွားသည့် တရုတ်မှတည်ဆောက်ပေးထားသည့် ကျိုင်းတုံ-တာလေ့- ကျင်းဟုန်အဝေးပြေးလမ်းမတစ်လျှောက် ပြန့်ပွားလျက်ရှိနေသည့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကူးစက်မှုနှုန်းများ ကြောင့် တရုတ်အစိုးရကပဏာမရွေးချယ်ခဲ့သည်။[၃၇] ကနဦးတွင် နယ်စပ်ဒေသများကို သဘာဝသယံဇာတထုတ်ယူရေး နှင့်စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဖွင့်လှစ်ရန်ရည်ရွယ်ချက်ဖြင့် ထိုလမ်းမကြီးကိုဖောက်လုပ်ခဲ့သော်လည်း လက်တွေ့တွင်မူ ၎င်းလမ်းမကြီးသည် အစဉ်အလာမဟုတ်သော လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကိုလှုံ့ဆော်ခဲ့သည်အားလျော်စွာ တ ရုတ်အစိုးရအနေဖြင့် အခြေအနေကိုကိုင်တွယ်ဖြေရှင်းရန် အခြားစီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများကို ဆောင်ရွက်ပေးနေရ သည်။

မူဝါဒဦးတည်ချက်များနှင့်လက်တွေ့သက်ရောက်မှုများ မဆီမလျော်ဖြစ်နေခြင်းနှင့်အတူ အစားထိုးအစီအစဉ်သည် အစိုး ရ၊ တပ်မတော်နှင့်စီးပွားရေးသမားများအကြား စီးပွားရေးဆိုင်ရာဆက်စပ်မှုများကို ခိုင်မာလာစေခြင်းများသည် မေးခွန်း ထုတ်စရာဖြစ်လာသည်။ ထို့အပြင် အစားထိုးစီမံကိန်းများကို လုပ်ကိုင်ဆောင်ရွက်နေပုံမှာလည်း မြန်မာနိုင်ငံမြောက် ပိုင်းတွင် အင်န်ဂျီအိုများကဖြေရှင်းရန်ကြိုးပမ်းလျက်ရှိသော အဓိကလူမှုအသက်မွေးဝမ်းကျောင်းမှုဆိုင်ရာပြဿနာဖြစ် သည့် ဒေသတွင်းအစပျိုးလျက်ရှိနေသော မြေယာအငြင်းပွားမှုပဋိပက္ခကိုမီးထိုးပေးခဲ့သည်။ ထို့ကြောင့်ယင်းစီမံကိန်းများ နှင့် ပတ်သက်ပြီး ပိုမိုပွင့်လင်းမြင်သာသည့်ဆွေးနွေးမှုလိုအပ်လျက်ရှိသည်။

နယ်စပ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် တရုတ်ကုမ္ပဏီများသည် တရုတ်အစိုးရ၏ဘဏ္ဍာရေး ဆိုင်ရာမက်လုံးအချို့ကိုခံစားခွင့်ရရှိကြသည်။ ၎င်းတို့မှာ ရင်းနှီးမြုပ်နှံမှုဆိုင်ရာလုပ်ငန်းအတွက် ရုံးလုပ်ငန်းကြန့်ကြာမှု

အဟာရနှင့်အတားများလျှော့ချပေးခြင်း၊ အလုပ်သမားဆိုင်ရာစည်းမျဉ်းများ၊ အထောက်အပံ့များနှင့်ကုန်သွယ်ခွန်လျှော့ချခြင်း၊ တန်ဘိုးမြင့်ထုတ်ကုန်ဆိုင်ရာ အခွန်စည်းကြပ်မှုကင်းလွတ်ခွင့်မှုများကိုရရှိခဲ့ကြသည်။ ထို့အပြင် အထူးသဖြင့် တရုတ်နိုင်ငံသို့သွင်းကုန်များသည် ခွဲတမ်းနှင့်သတ်မှတ်ထားသည့်အားလျော်စွာ ဘိန်းအစားထိုးအစီအစဉ်မှ ထွက်ရှိသော သီးနှံများအား ရရှိရန်အလွန်ခက်ခဲသည့်သွင်းကုန်ခွဲတမ်းအနေဖြင့် တင်သွင်းခွင့်ကိုလည်းပေးထားသည်။ အချို့စီးပွားရေးသမားများသည် တရုတ်အစိုးရ၏အထောက်အပံ့များစွာကို စိုက်ခင်းတစ်ခုတည်းအတွက် ရရှိအောင်ပင်လုပ်ဆောင်နိုင်ခဲ့ကြသည်။[၈၈]

တရုတ်အစိုးရသည် ဤအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ကြသည့်ကုမ္ပဏီများအတွက် စည်းကမ်းသတ်မှတ်ချက်အချို့ကိုချမှတ်ထားသည်။ တရားဝင်အနေဖြင့် ၎င်းတို့၏ရင်းနှီးမြုပ်နှံမှုသည် ထိုဒေသ၏လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် အထောက်အကူဖြစ်ရမည်ဖြစ်သည်။ အပြင်ပန်းအနေဖြင့် ကုမ္ပဏီများကကောင်းမွန်စွာဆောင်ရွက်လျှင် အစိုးရမှစိုက်ပျိုးမြေ 'မု' တစ်ခုချင်းစီအပေါ်အခြေခံပြီး ဘဏ္ဍာရေးအကူအညီပေးမည်ဖြစ်သည်။ အစိုးရအနေဖြင့် သီးနှံမျိုးစုံစိုက်ပျိုးရေးကို တိုက်တွန်းအားပေးနေသော်လည်း လက်တွေ့တွင်မူသီးနှံတစ်မျိုးတည်း၊ အထူးသဖြင့် ရော်ဘာကိုအထူးသီးသန့်စိုက်ပျိုးလျက်ရှိသည်။

အစိုးရအထောက်အပံ့ရရှိရန်ခက်ခဲကြောင်းနှင့် လိုအပ်သောစာရွက်စာတမ်းများအားဖြည့်ဆည်းပေးရသည်နှင့်ပင် မတန်ကြောင်း တရုတ်ကုမ္ပဏီများမှ ညည်းညူအပြစ်တင်လျက်ရှိသည်။ "ကျွန်တော်ကတော့ တရုတ်ပြည်ကိုကုန်တွေတင်ပို့လို့ ပိုက်ဆံတွေအများကြီးရတယ်။ အခွန်စည်းကြပ်မှုကင်းလွတ်ခွင့်တွေ ကျွန်တော်တို့ရထားတယ်လေ"ဟု တရုတ်စီးပွားရေးသမားတစ်ယောက်ကဆိုသည်။ အဆိုပါအခွင့်အရေးများကို ရရှိနေကြသော်လည်း "ကျွန်တော်တို့အမြင်ကတော့အဲဒါ (အစိုးရအထောက်အပံ့) ကလိုတာထက်ကိုပိုပြီးတင်းကျပ်စည်းမျဉ်းကန့်သတ်ထားတယ်"။[၈၉] ယင်းသို့တရုတ်ရင်းနှီးမြုပ်နှံသူအချို့မှ ညည်းတွားနေကြသော်လည်း ယခုနယ်စပ်စီးပွားရေးလုပ်ငန်းများတွင် လုပ်ကွက်ကျဉ်းတောင်သူများအတွက် စည်းမျဉ်းဥပဒေနှင့်ကာကွယ်ပေးမှုများမရှိသောကြောင့် ၎င်းတို့အတွက်အကြီးမားဆုံးသောစိုးရိမ်မှုကိုဖြစ်စေသည်ဟု မြန်မာနိုင်ငံမြောက်ပိုင်းရှိ ပြည်တွင်းအင်န်ဂျီအိုများက အတိအကျဆန့်ကျင်ပြောဆိုကြသည်။

သီးနှံအစားထိုးရေးအစီအစဉ်များအရ တရုတ်ကုမ္ပဏီများ၏ စိုက်ပျိုးရေးဆိုင်ရာရင်းနှီးမြုပ်နှံမှုများသည် သွားရေးလာရေးပိုမိုလွယ်ကူသည့် မြေနိမ့်ပိုင်းနှင့်မော်တော်ကားလမ်းနှင့်နီးသည့်နေရာများတွင် ဖြစ်ကြသည်။ ဤဆောင်ရွက်ချက်သည် ရာဘာနှင့်ကြံစိုက်ပျိုးရေးအတွက်သင့်လျော်မှုမရှိသည့် ပိုမိုဝေးလံပြီး မြင့်မားသည့်တောင်ပေါ်ပိုင်းမှ ယခင်ဘိန်းစိုက်ပျိုးသည့်ဒေသများကို ရည်ရွယ်ထားခြင်းမရှိချေ။ မြန်မာနိုင်ငံမြောက်ပိုင်း (အထူးသဖြင့်ယူဒဗလျူအက်စ်အေ၏'ဝ'ဒေသ) နှင့် လာအိုနိုင်ငံမှအာဏာပိုင်များသည် တောင်ပေါ်ဒေသတွင်နေထိုင်ကြသော တိုင်းရင်းသားများအား ယင်းစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာချိုင့်ဝှမ်းဒေသများနှင့် ကားလမ်းတစ်လျှောက်ဆီသို့ ရွှေ့ပြောင်းနေထိုင်စေခဲ့ကြသည်။ ဤလုပ်ရပ်သည် ၎င်းတို့၏မူဝါဒဖြစ်သော ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းကိုချုပ်ငြိမ်းစေရေးနှင့်နီးနီးစပ် စပ်ဆက်နွယ်နေသည်။

ဆန့်ကျင်ဘက်အနေဖြင့် အားနည်းချက်အများအပြားရှိသည့် ယခင်ဘိန်းစိုက်ဒေသများအား အစားထိုးလူ မှုဘဝသက်မွေးဝမ်းကျောင်းမှုများအား တိုက်ရိုက်ဆောင်ရွက်ပေးခြင်းအားဖြင့် မြန်မာနှင့်လာအိုနိုင်ငံများတွင် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်နေကြသော ပြည်တွင်းနှင့်အပြည်ပြည်ဆိုင်ရာအင်န်ဂျီအိုများအား အခြားနိုင်ငံအစိုးရများမှထောက်ပံ့ခဲ့ကြသည်။ မဟာဗျူဟာပိုင်းအရ ဤချဉ်းကပ်မှုနည်းလမ်းများမှာကွဲပြားခြားနားနေကြသော်လည်း ဝမ်း

စာဖူလုံရုံစိုက်ပျိုးကြသည့်တောင်သူများကို မြေနိမ့်ဒေသရှိ ဈေးကွက်စီးပွားရေးဆီသို့ ရောက်ရှိအောင်ဆောင်ရွက်ကြသည့် ယေဘုယျရလာဒ်တွင်မူ တူညီမှုရှိ ကြသည်။ [၉၀]

တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများမှ မြန်မာပြည်မြောက်ပိုင်း၊ ရှမ်းနှင့်ကချင်ပြည်နယ်များမှ ယခင်ဘိန်းစိုက်တောင်သူများအားအရေးပေါ်အကူအညီများကို နှစ်ပေါင်းများစွာထောက်ပံ့ပေးခဲ့ကြသည်။ ရှမ်းနှင့်ကချင်ပြည်နယ်များတွင် ဘိန်းစိုက်ပျိုးခြင်းပိတ်ပင်တားဆီးမှုများနှင့်ဘိန်းခင်းများအားဖျက်ဆီးခြင်း၏ရလာဒ်တစ်စိတ်တစ်ပိုင်းဖြစ်သည့် စားနပ်ရိက္ခာပြတ်လပ်မှုကိုသက်သာရာရအောင် တရုတ်နိုင်ငံမှနယ်စပ်ဒေသများရှိ ဒေသခံအပစ်ရပ်အဖွဲ့အာဏာပိုင်များထံသို့ ဆန်မက်ထရစ်တန်ချိန် ၁၀,၀၀၀ ကို ၂၀၀၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၈ ခုနှစ်တွင် တစ်ကြိမ် အသီးသီးပေးအပ်လှူဒါန်းခဲ့သည်။ တရုတ်နိုင်ငံ၏စားနပ်ရိက္ခာအကူအညီပေးရခြင်းရည်ရွယ်ချက်မှာ ၄င်းနှင့်ကပ်လျက်ရှိသော နယ်စပ်ဒေသများတွင် မတည်ငြိမ်မှုကိုတားဆီးရန်ဖြစ်သည်။ ဤအကူအညီများကို အပစ်ရပ်အဖွဲ့များမှတိတိကျကျမည်ကဲ့သို့ဖြန့်ဖြူးပေးခဲ့သည်ဆိုသည်မှာမူ ယခုအထိရှင်းလင်းခြင်းမရှိချေ။ အကူအညီအလွန်အမင်းလိုအပ်နေကြသည့် အိမ်ထောင်စုများထံသို့ အရေးပေါ်အကူအညီရောက်ရှိရေး တရုတ်နှင့်ပူးပေါင်းဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာအဖွဲ့များမှာ လည်းလျော့နည်းလာခဲ့သည်။ အကြောင်းမှာ တရုတ်အစိုးရအနေဖြင့် အစိုးရအချင်းချင်းဆက်ဆံရေးကို သာလျှင်ယုံကြည်ပြီး အင်န်ဂျီအိုများမှတစ်ဆင့်အကူအညီပေးရန် သို့မဟုတ် အင်န်ဂျီအိုများနှင့်ပူးပေါင်း ဆောင်ရွက်ရန်ဆန္ဒမရှိသောကြောင့်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးမှုနှင့်ပတ်သက်၍တရုတ်၏အမြင်မှာ အခြေခံအဆောက်အအုံများကို အကြီးအကျယ်တည်ဆောက်ပြီး အဆင့်မြင့်နည်းပညာအလုံးအရင်းကို အသုံးချ၍သီးနှံတစ်မျိုးတည်းအသားပေးစိုက်ပျိုးခြင်းကို တိုက်တွန်းအားပေးခြင်းအဓိကဖြစ်သည်။ ယင်းအမြင်သည် ဘိန်းစိုက်တောင်သူများကို အမှန်တကယ်အကျိုးဖြစ်ထွန်းစေသော ဆင်းရဲနွမ်းပါးမှုလျော့ချရေးနည်းဗျူဟာများနှင့် အကြီးအကျယ်ဆန့်ကျင်လျက်ရှိသည်။

အချို့တရုတ်ကုန်သည်များသည် သီးနှံစိုက်ပျိုးသယောင်နှင့် မြန်မာနိုင်ငံမှထွက်ကုန်များကိုဝယ်ယူပြီး တရုတ်နိုင်ငံသို့အကောက်ခွန်လွတ်တင်သွင်းခြင်းမှ အမြတ်အစွန်းများစွာရရှိကာ ဘိန်းအစားထိုးအစီအစဉ်အား အလွဲသုံးစားပြုလုပ်လျက်ရှိကြောင်းတရုတ်-မြန်မာနယ်စပ်ရှိ တီအင်န်အိုင်သုတေသီများမှ တွေ့ရှိထားသည်။ တရုတ်နိုင်ငံ၏ ဘိန်းအစားထိုးအစီအစဉ်အပေါ်တွင် အခြားသောဝေဖန်မှုများမှာ သဘာဝပတ်ဝန်းကျင်အတွက် စိုးရိမ်ကြောင့်ကြခြင်း၊ ဒေသခံများနှင့်လက်တွဲဆောင်ရွက်မှုမရှိခြင်း၊ ဒေသဆိုင်ရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုလေးစားမှုမရှိခြင်း၊ တရုတ်စီးပွားရေးဖွံ့ဖြိုးမှုအမြင်နှင့်သာလျှင်တွေးခေါ်စဉ်းစားခြင်းများဖြစ်ကြသည်။[၉၁] ကူမင်းအခြေစိုက်တရုတ်ပညာရှင်တစ်ဦးမှ "တရုတ်အစိုးရကသူတို့ရဲ့မူဝါဒတွေရဲ့ဆိုးကျိုးတွေကို ကောင်းကောင်းမကြားဘူး၊ ဒါကြောင့် သတင်းပြတ်တောက်မှုရှိနေတယ်" ဟု ဆိုသည်။[၉၂]

ရလာဒ်အနေဖြင့် သီးနှံတစ်မျိုးတည်းစိုက်ပျိုးသည့် ချဉ်းကပ်မှုနည်းလမ်းမှာ အမြတ်အစွန်းရရှိရန်အတွက်သာလျှင် အဓိကမောင်းနှင်အားပေးနေသည်ဟု ဒေသခံနှင့်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များက ရှုမြင်သုံးသပ်ကြသည်။ ဤချဉ်းကပ်မှုနည်းလမ်း၏ ရေရှည်တည်တံ့အကျိုးရှိမှုကို ပို၍မေးခွန်းထုတ်လာကြသည်။ ယင်းစီမံကိန်းများ၏ရလာဒ်အကျိုးဆက်ကြောင့် ဤဒေသတွင်းရှိ တရုတ်အစိုးရနှင့်ပြည်သူများ၏ပုံရိပ်သည် နှစ်ပေါင်းများစွာထိခိုက်ခဲ့ရသည်။ တရုတ်နိုင်ငံအပေါ်အဆိုးမြင်မှုနှင့်အတူ တရုတ်ရင်းနှီးမြှုပ်နှံမှု၊ တရုတ်ကုမ္ပဏီများနှင့်စီးပွားရေးသမားများ၏အပြုအမူအပေါ် ဆန့်ကျင်ရှုံ့ချမှုများသည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ပြည်သူများအကြားတွင်တိုးပွားလာခဲ့သည်။ "ဒီကုမ္ပဏီတွေက ရိုးသားမှုမရှိဘူး၊ တရုတ်ဘဏ်တွေကနေ ချေးငွေရဘို့လောက်ဘဲစိတ်ဝင်စားတယ်" ဟု မြန်မာအစိုးရကိုယ်စားလှယ်တစ်ဦးကဆို

သည်။ "သူတို့ကအစားထိုးဖွံ့ဖြိုးရေးကိုလုပ်မယ်လို့ပြောတယ်။ ဒါပေမဲ့တကယ်ကျတော့ စီးပွားရေးလုပ်တာသက်သက်ပါ၊ ဘိန်းစိုက်တောင်သူတွေအကျိုးမရဘဲ သူတို့အိတ်ထဲဘဲရောက်ကုန်တယ်"။[၉၃]

တရုတ်အစိုးရသည် ဘိန်းအစားထိုးအစီအစဉ်၏အောင်မြင်မှုနှင့်ရှုံးနိမ့်မှုများကိုသိရှိနိုင်ရန် အဆိုပါအစီအစဉ်အား ၂၀၁၀ ခုနှစ်အစောပိုင်းတွင် အကဲဖြတ်ခဲ့သည်။ သို့သော် အဆိုပါအစီအစဉ်အားပြောင်းလဲမှု မရှိဘဲ ယနေ့ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ယူနန်ရှိပညာရှင်တစ်ဦး၏ပြောဆိုချက်အရ "ဒီအစီအစဉ်ကကြာလှပါပြီ၊ ၂၀၁၀ ခုနှစ်မှာ ဖြစ်ပုံကဘာလဲဆိုတော့ စီမံကိန်းရဲ့အရှိအတိုင်းအဆိုပြုချက်က သက်တမ်းကုန်ခါနီးနေပြီ။ အကဲဖြတ်ပြီးတော့လည်း နဂိုမူနဲ့ဘဲဆက်သွားမဲ့ပုံပါဘဲ"ဟုဆိုသည်။[၉၄]

## အစားထိုးဖွံ့ဖြိုးတိုးတက်မှုမှရရှိသောသင်ခန်းစာများ

လွန်ခဲ့သည့်ဆယ်စုနှစ်တွင် 'အစားထိုးဖွံ့ဖြိုးတိုးတက်မှု' ဟုခေါ်သည့် ဘိန်းနှင့်ကိုကာစိုက်ပျိုးသည့်ဒေသများတွင် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု၏အကျိုးသက်ရောက်မှုနှင့်သင်ခန်းစာများကို သိမြင်နားလည်ရာ တွင်သိသိသာသာတိုးတက်မှုရရှိခဲ့ကြသည်။ အစားထိုးဖွံ့ဖြိုးတိုးတက်မှုသည် ရည်ရွယ်ထားသည့်ကျေးလက်ဒေသရပ်ရွာလူထုများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ပြီး၊ တစ်ပေါင်းတစ်စည်းတည်းရေရှည်အကျိုးရှိသည့်နည်းလမ်းဖြင့် ဆောင်ရွက်ပါက ဘိန်းစိုက်ပျိုးမှုလျော့ချရေးကို အထောက်အကူပြုနိုင်ကြောင်း အတွေ့အကြုံများကဖော်ပြခဲ့ကြသည်။[၉၅] အစိုးရ၊ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအပါအဝင် ကျေးလက်ဖွံ့ဖြိုးရေးတွင် ပါဝင်ပတ်သက်ဆောင်ရွက်နေသူအားလုံးတို့သည် ၎င်းတို့၏ဖွံ့ဖြိုးရေးနည်းဗျူဟာများနှင့်အစီအစဉ်များတွင် ကိုကာနှင့်ဘိန်းစိုက်ပျိုးရခြင်း၏ အကြောင်းရင်းများအပေါ် သေချာစွာဖြေရှင်းဆောင်ရွက်ပေးရန်လိုအပ်သည်။ အစားထိုးဖွံ့ဖြိုးတိုးတက်မှုသည် စီမံကိန်း၏ချဉ်းကပ်မှုနည်းလမ်းအား ကန့်သတ်ထားခြင်းမရှိဘဲ၊ နိုင်ငံအဆင့်နှင့်ဒေသအဆင့်ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲထားသည့် ဒီဇိုင်းပုံစံနှင့်အကောင်အထည်ဖော်မှုကို လမ်းညွှန်ထိန်းကျောင်းပေးရန်လည်း အရေးကြီးသည်။

ဘိန်းနှင့်ကိုကာစိုက်ပျိုးမှုများသည် ပဋိပက္ခ၊ လုံခြုံမှုကင်းမဲ့ခြင်း၊ ခုခံနိုင်မှုအားနည်းခြင်းတို့နှင့်ပြည့်နှက်နေသည့် နေရာဒေသများတွင်ဖြစ်ပွားကြသည်။ ဖြေရှင်းဆောင်ရွက်ပေးမှုများသည် လူ့အခွင့်အရေးအကာအကွယ်ပေးရေး၊ ပဋိပက္ခဖြေရှင်းရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့်လူသားလုံခြုံရေးဟူသည့်မူများ အတွင်း၌သာရှိသင့်သည်။ ပူးပေါင်းပါဝင်သည့်နည်းလမ်း၊ အစဉ်အလာယဉ်ကျေးမှုနှင့်တန်ဖိုးများအား အလေးထားပြီးဆောင်ရွက်သင့်သည်။ ဖြေရှင်းမှုနည်းလမ်းများအနေဖြင့် ရှေ့နောက်အစီအစဉ်ကျနရန်လည်းလိုအပ်သည်။ အထူးသဖြင့် ခိုင်မာပြီးရေရှည်အကျိုးရှိသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမရှိသေးဘဲ ဘိန်းနှင့်ကိုကာအားအမြစ်ပြတ်ချေမှုန်းခြင်း၊ အတင်းအကျပ်ပိတ်ပင်ခြင်းများမပြုလုပ်သင့်ပေ။ အကူအညီပေးမှုကိုလည်း ဘိန်းနှင့်ကိုကာစိုက်ပျိုးမှုလျော့ချရေးအပေါ်တွင် သတ်မှတ်ချက်မထားသင့်ပေ။ ယင်းတို့အစား မူဝါဒအောင်မြင်ခြင်းကိုတိုင်းတာသည့် အညွှန်းကိန်းများသည် လူ့အရင်းအမြစ်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည် သည့်တိုးတက်မှုအပေါ်တွင်သာအခြေခံသင့်သည်။[၉၆]

အထက်ဖော်ပြချက်များမှ ထုတ်နုတ်ယူနိုင်သည့်သင်ခန်းစာများမှာ မရေတွက်နိုင်အောင်များပြားလှပြီး ရေရှည်တည်တံ့အကျိုးရှိရေးကိုအာမခံချက်ပေးနိုင်သည့်၊ ရည်ရွယ်သူအားလုံးတက်ကြွစွာပါဝင်နိုင်သည့်၊ ပို၍လူသားဆန်သည့်၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များသည် ရှေ့နောက်အစီအစဉ်တကျရှိသည့်၊ ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်သည့် မူဝါဒများနှင့်အစီအ

စဉ်များနှင့်အတူ ပူးတွဲဆောင်ရွက်ရမည့် ရေရှည်မျှော်မှန်းချက်နှင့်ကတိကဝတ်များ လိုအပ်ကြောင်းကိုအလေးထားဖော်ပြထားသည်။

ထို့အပြင် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံတွင်ကျင်းပခဲ့သော အစားထိုးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအပြည်ပြည်ဆိုင်ရာကွန်ဖရင့်နှင့်အလုပ်ရုံဆွေးနွေးပွဲ (အိုင်စီအေဒီ) တွင် အစားထိုးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် အပြည်ပြည်ဆိုင်ရာကျွမ်းကျင်သူများ၊ အကောင်အထည်ဖော်သူများနှင့်နိုင်ငံပေါင်းစုံမှကိုယ်စားလှယ်များသည် အတွေ့အကြုံမှရရှိခဲ့ကြသောသင်ခန်းစာများနှင့်အစားထိုးဖွံ့ဖြိုးတိုးတက်မှုဆီသို့ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုမှထွက်ပေါ်လာခဲ့သောအဓိကထူးခြားချက်များတွင် "မြေယာပိုင်ဆိုင်ခွင့်နှင့်အခြားသောသဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများသည်ဥပဒေနှင့်ညီညွတ်ပြီး ရေရှည်အကျိုးရှိသည့် လူမှုဘဝသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ အဓိကအစိတ်အပိုင်းများအဖြစ်" ပါဝင်ပြီး၊ "သီးနှံတစ်မျိုးတည်းစိုက်ပျိုးမှုသည် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာခြင်း၊ ဈေးကွက်၏ဝယ်လိုအားနှင့်ဈေးနှုန်းများအပေါ်တွင်မှီခိုရခြင်း၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းမှုကို သက်ရောက်မှုရှိသည့်စိုက်ပျိုးမြေလျော့နည်းလာခြင်းစသည့် ဆိုးကျိုးများကိုဖြစ်ပေါ်စေနိုင်သည်" အချက်များလည်းပါဝင်သည်။ တက်ရောက်လာသူများကလည်း "အစားထိုးဖွံ့ဖြိုးတိုးတက်မှုသည်နိုင်ငံတော်အဆင့်နှင့်အပြည် ပြည်ဆိုင်ရာအဆင့်ဈေးကွက်များအားမရည်ရွယ်မီ ရှေးဦးစွာ ဒေသနှင့်ပြည်တွင်းစားသုံးမှုနှင့် ဈေးကွက်ကိုအလေးထားအခြေခံသင့်ကြောင်းနှင့် ယင်းအစီအစဉ်တွင် ဒေသဈေးကွက်များကိုအားကောင်းစေသည့် ကျေးလက်စီးပွားရေးပုံစံများကိုထည့်သွင်းသင့်ကြောင်း" အလေးထားဆွေးနွေးခဲ့ကြသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲမှ နောက်ဆုံးထွက်လာသည့်ကြေညာချက်သည်အဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာနှင့်ဒေသအတွင်းရှိအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများ၊ အလှူရှင်များ၊ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအား "အစားထိုးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များအားရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ကြရာ၌ မြေယာလုပ်ပိုင်ခွင့်အခွင့်အရေးများနှင့်အခြားသောမြေယာစီမံခန့်ခွဲမှုအရင်းအမြစ်များ၊ နိုင်ငံတကာမှအသိအမှတ်ပြုထားသည့် ဒေသခံတိုင်းရင်းသားများနှင့်ရပ်ရွာလူထုများ၏အခွင့်အရေးများကိုပါ ထည့်သွင်းစဉ်းစားပြီး အစွမ်းကုန်ဆောင်ရွက်ကြရန်"တိုက်တွန်းထားသည်။[၆၇]

တိုင်ပင်ဆွေးနွေးခြင်းနှင့်ဒေသခံများပါဝင်ဆောင်ရွက်ခြင်းဆိုသည့်စည်းမျဉ်းများသည် မြန်မာနိုင်ငံတွင်ဘိန်းစိုက်ပျိုးမှုအပေါ်တရုတ်နိုင်ငံ၏ချဉ်းကပ်မှုနည်းလမ်းနှင့် ကွဲပြားခြားနားလျက်ရှိသည်။

## တောင်အမေရိကတွင်ကိုကာပင်အစားထိုးခြင်းအစီအစဉ်

ကိုကာပင် (ကိုကင်းထုတ်ယူရရှိသည့်အပင်) စိုက်ပျိုးဇရိယာတိုးတက်မှုကိုထိန်းချုပ်ရန် တောင်အမေရိကရှိ ကိုကာစိုက်ပျိုးရာနိုင်ငံများ၏အစိုးရများသည် ပြည်တွင်းပြည်ပ၌သင့်လျော်သည့်ဈေးနှုန်းရှိပြီး ပုဂ္ဂလိကလုပ်ငန်းများကစိတ်ဝင်စားသည့်သီးနှံများစိုက်ပျိုးရေးကိုဦးစားပေးသည့် အစားထိုးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များကိုစတင်ဆောင်ရွက်ခဲ့ကြသည်။ အများဆုံးတွေ့ရှိရသည့် တရားဝင်ထုတ်ကုန်များမှာ ကိုကိုးနှင့်ဆီအုန်းတို့ဖြစ်ကြသည်။ သို့သော်ရာဘာ၊ ကော်ဖီ၊ အပူပိုင်းဒေသသီးနှံများနှင့်သစ်တောထွက်ပစ္စည်းများလည်းပါဝင်ကြသည်။ ဦးတည်ချက်မှာ စီးပွားရေးအမြတ်အစွန်းရရှိနိုင်ပြီး ကိုကာစိုက်ပျိုးခြင်းအတွက် အမှန်တကယ်အစားထိုးရွေးချယ်စရာအတွက် သေချာစေမည့်ထိရောက်အစွမ်းထက်သည့် စီးပွားရေးလုပ်ငန်းကိုဖန်တီးပေးရန်ဖြစ်သည်။

ဤဆောင်ရွက်မှု၏ရလာဒ်တစ်ခုအဖြစ် ပီရူးနှင့်ကိုလံဘီယာကဲ့သို့နိုင်ငံများသည် ဆီအုန်းစိုက်မြေအမြောက်အမြားကို တိုးချဲ့ခဲ့ကြသည်။ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အတွင်း ကိုလံဘီယာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုးသည့်မြေဧရိယာ ၄၁ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ယနေ့တွင်ကိုလံဘီယာနိုင်ငံသည် ၂၀၁၀ ခုနှစ် နှောင်းပိုင်း၌ စုစုပေါင်းစိုက်ပျိုးမြေဧရိယာ ၃၆၀,၅၃၇ ဟက်တာဖြင့်ကမ္ဘာပေါ်တွင် စားအုန်းဆီပဥ္စမအများဆုံးထုတ်လုပ်သူအဖြစ်ရောက်ရှိနေသည်။ ပီရူးနိုင်ငံတွင်ဆီအုန်းပင်သည် ၂၀၀၈ ခုနှစ်၌ခန့် မှန်းခြေ ၂၁,၂၂၂ ဟက်တာတွင်စိုက်ပျိုးထားသည့် အဓိကဆီကြိတ်သီးနှံဖြစ်နေသည်။ အထူးသဖြင့် ကိုကာစိုက်ပျိုးရာဒေသများဖြစ်ကြသည့်ဆန်မာတင်[၉၈]၊ ယူကရလီ၊ လိုရက်တိုနှင့်ဟွမ်နူကိုတို့ကဲ့သို့ ကိုကာပျံ့နှံ့လွယ်သည့်နေရာများတွင် ဟက်တာ ၁.၄ သန်းစိုက်ပျိုးနိုင်မည့်အလားအလာကို အာဏာပိုင်များကသတ်မှတ်ခဲ့ကြပြီးဖြစ်သဖြင့်ထပ်မံချဲ့ထွင်လုပ်ကိုင်မည့်ဟန်ရှိသည်။ ကိုလံဘီယာနှင့်ပီရူးတွင်ဤသီးနှံပင်ကို ပမာဏများစွာ တိုးချဲ့စိုက်ပျိုးလာခြင်းသည် ဂေဟစနစ်၊ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာဆိုးကျိုးများစွာကိုဖြစ်ပေါ်စေခဲ့ပြီး ယခုအထိ ကိုကာစိုက်ပျိုးမှုလျော့ချရေးသာမက လယ်သမားများ၏လူနေမှုအဆင့်အတန်းမြှင့်တင် ရေးကိစ္စများကိုလည်းဖွံ့ဖြိုးအောင်ဆောင် ရွက်နိုင်ခြင်း မရှိသေးချေ။

ရှုပ်ထွေးလှသည့်လက်နက်ကိုင်ပဋိပက္ခအကြားဝယ် ကိုကာထုတ်လုပ်မှုနှင့်တရားမဝင်ရောင်းဝယ်မှုများ ဖြစ်ပွားလျက်ရှိရာနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကိုလံဘီယာနိုင်ငံဖြစ်ရပ်တွင်မူ ကျယ်ပြောလှသည့်ဆီအုန်းစိုက်ပျိုး မြေပမာဏများပြားစွာတိုးချဲ့မှုသည် လယ်သမားများအားအကြမ်းဖက်မှုနှင့် ရွှေ့ပြောင်းနေရာချထားမှုများနှင့် ဆက်စပ်လျက်မကြာခဏဖြစ်ပွားခဲ့သည်။ နိုင်ငံအနောက်မြောက်ပိုင်း[၉၉]မှဖြစ်ရပ်တွင် အစိုးရရန်ပုံငွေများနှင့်တကွအပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်း (ယူအက်စ်အေအိုင်ဒီကဲ့သို့[၁၀၀]) မှထောက်ပံ့သည့်ရန်ပုံငွေများသည်ပင် မူးယစ်မှောင်ခိုအဖြစ်သံသယရှိသူများနှင့် ဆက်နွယ်နေသည့် ကုမ္ပဏီများနှင့်အတူ လက်နက်ကိုင်အဖွဲ့များ၏လက်တွင်းသို့ရောက်ရှိသွားသည့်ဖြစ်ရပ်ဖြစ်သည်။ ဤအဖွဲ့များထဲတွင် ပြည်သူလူထုကိုအနှောင့်အယှက်ပေးပြီး၊ မြေယာများကိုသိမ်းဆည်းလုယူခဲ့ကြသည့် အလားတူအဖွဲ့များလည်းပါဝင်နေသည်။ ထင်ရှားသည့်လူ့အခွင့်အရေးအဖွဲ့များကကုမ္ပဏီအချို့သည်ခိုးယူထားသည့်မြေပေါ်တွင်ဆီအုန်းစိုက်ပျိုးနေကြသည်ဟုစွပ်စွဲကြသည်။

ပီရူးနိုင်ငံဖြစ်ရပ်တွင် ဆန်မာတင်ဒေသ၌ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းမှထောက်ပံ့ပေးသည့် အစီအစဉ်အချို့သည်အကျိုးဖြစ်ထွန်းမှုအချို့ကိုဒေသခံများထံသို့ဆောင်ကျဉ်းပေးနိုင်ခဲ့ကြသော်လည်းဆီအုန်းပင်များအားကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးမှုကြောင့်အန်ဒီယန်-အမေဇုန်ဒေသ၏နုနယ်သည့်ဂေဟစနစ်ကိုထိခိုက် စေသည်။

တောင်အမေရိက၏အတွေ့အကြုံမှာမူ အချို့ဖြစ်ရပ်များတွင် အစားထိုးစီမံကိန်းကြီးများသည် ဒေသတွင်း၌ ယာယီအောင်မြင်မှုရှိသော်လည်း အစီအစဉ်၏မူလရည်ရွယ်ထားသည့် ရည်ရွယ်ချက်များကိုပြည့်မီ အောင်ထိရောက်စွာ မစွမ်းဆောင်နိုင်သေးချေ။ ဤသို့ဖြစ်ရသည်မှာ နိုင်ငံရေးနှင့်လူမှုရေးကိစ္စပေါင်းစုံကြောင့်ဖြစ်သည်။ စီမံကိန်းများသည် ဒေသခံရပ်ရွာလူထုများ၏ လူမှုစီးပွားရေးနှင့်ယဉ်ကျေးမှုအခြေအနေကိုထည့်သွင်းစဉ်းစားခြင်းမရှိကြဘဲ ကိုကာပင်များအမြစ်ပြတ်ချေမှုန်းရေး (အတင်းအကျပ်) မူဝါဒအပေါ်တွင်အခြေပြုထားသည်။ ထို့အပြင် ထုတ်ကုန်များသည်မြေဆီလွှာနှင့်ကိုက်ညီမှု၊ ဒေသတွင်းဂေဟစနစ်နှင့်သင့်လျော်မှု၊ ဒေသတစ်ခုချင်းစီရှိဒေသခံပြည်သူများ၏အသိဉာဏ်အပေါ် အခြေခံထားမှုစသည်တို့ကို ပထမဦးစားပေးဖော်ထုတ်သတ်မှတ်ခြင်းမရှိသည့်အပြင် လုပ်ငန်းအစီအစဉ်များသည် အထက်မှချမှတ်ပေးလိုက်သည်ကများသည်။ ပို့ကုန်ဈေးကွက်များအပေါ် ရည်ရွယ်အာရုံစိုက်ထားမှုသည်လည်း ရပ်ရွာနှင့်ဒေသတွင်းဈေးကွက်ထိုးဖောက်မှုအပေါ်တွင် အထောက်အကူမဖြစ်ရုံသာမက၊ ရပ်ရွာလူထုများအားကောင်းလာစေရေးအတွက်လည်း

အကျိုးမပြုချေ။ မကြာခဏပင် ဆီအုန်းကိုကျယ်ပြန့်စွာတိုးချဲ့စိုက်ပျိုးခြင်းသည် လယ်သမားများအား မြေယာမဲ့ဘဝကို ရောက်ရှိစေခဲ့သည်။

## တရုတ်၏အရင်းအမြစ်နှင့်ကုန်သွယ်ရေးရာသံခင်းတမန်ခင်း

မြန်မာနိုင်ငံတွင်ရင်းနှီးမြုပ်နှံမှုကိုတိုးမြှင့်ရန် တရုတ်နိုင်ငံမှစိတ်အားထက်သန်လျက်ရှိသည်။ ဒေသတွင်း အဓိကရင်းနှီးမြုပ်နှံသူအဖြစ် တရုတ်နိုင်ငံ၏အခန်းကဏ္ဍသစ်ကို 'အပြင်ထွက်လှမ်း' ဟုဘာသာပြန်နိုင်သည့် 'ကျိုချူးချွိ' အဖြစ်သိထားကြသည့် ၂၀၀၁ ခုနှစ် ဘေဂျင်းအစိုးရ၏တရားဝင်မူဝါဒအားပထမဆုံး ထုတ်ပြန်ခဲ့သည်။ စီးပွားရေးတိုးတက်မှု အင်ဂျင်စက်ကိုစွမ်းအင်ဖြည့်ရန်ကုန်ကြမ်းမရှိခြင်းအပါအဝင် နိုင်ငံ၏စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် သံတမန်နည်းပရိယာယ်ပြောင်းလဲမှုများနှင့်ဆက်စပ်နေသည့်အကြောင်းအရာများစွာ၏တွန်းအားပေးမှုများကြောင့် ယင်းမူဝါဒ၏ဦးတည်ချက်မှာ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုလက်ခံရာနိုင်ငံအဖြစ်မှ နိုင်ငံရပ်ခြားအဓိကရင်းနှီးမြုပ်နှံသူအဖြစ်အသွင်ပြောင်းလဲရန်ဖြစ်သည်။[၁၀၁]

ဘေဂျင်းဗဟိုအစိုးရနှင့်ကူမင်းပြည်နယ်အစိုးရတို့သည် ၎င်းတို့၏နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာဗျူဟာအား နှစ်နိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့်စပ်ဟပ်မိအောင် ၁၉၈၀ ပြည့်နှစ်များတွင် ညှိနှိုင်းယူခဲ့ကြသည်။ ယင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံရှိလက်နက်ကိုင်ကွန်မြူနစ်များနှင့်သာ ယခင်ကဘဏ္ဍာရေးထောက်ပံ့ခြင်း၊ ကုန်သွယ်ခြင်းမှသိသာသည့် ခွဲထွက်ပြောင်းလဲမှုဖြစ်ကြောင်းညွှန်ပြခဲ့သည်။[၁၀၂] ၁၉၈၈ ခုနှစ် (ဒီမိုကရေစီလှုပ်ရှားမှုအရှိန်မြင့်နေချိန်) တွင် တရုတ်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့လာရောက်ပြီးချိန်တွင် ရွှေလီ (ယူနန်) နှင့်မူဆယ် (မြန်မာ) တို့အတွက်ပထမဆုံးတရုတ်-မြန်မာနှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးသဘောတူညီချက်ကိုလက်မှတ်ရေးထိုးခဲ့သည်။ မူဆယ်သည် ၁၉၈၉ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီပြိုကွဲပြီးချိန်ကမှစ၍ အစိုးရထိန်းချုပ်ခဲ့သည့်နယ်စပ်မြို့ဖြစ်သည်။ ထိုအချိန်မှစ၍ မြန်မာ-ယူနန် နယ်စပ်ကုန်သွယ်ရေးသည် ယင်းဒေသအတွင်း သယံဇာတအရင်းအမြစ်ထုတ်ယူရေးစီမံကိန်းကြီးများကဲ့သို့ တစ်ရှိန်ထိုးကြီးမားလာခဲ့သည်။[၁၀၃]

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ဒေသတွင်း အလွန်အရေးပါသော မဟာဗျူဟာမြောက်မဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး အဓိကလက်နက်ထောက်ပံ့သည့်နိုင်ငံလည်းဖြစ်သည်။ မြန်မာနိုင်ငံခေါင်းဆောင်များအတွက်ရွေးချယ်မှုအနည်းငယ်သာပေးထားခဲ့သည့် အနောက်နိုင်ငံများ၏ပိတ်ဆို့အရေးယူမှုဝါဒကြောင့်လည်း မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအပေါ် တစ်စိတ်တစ်ပိုင်းအနေဖြင့်မှီခိုနေရသည်။ "မဟာဗျူဟာရှုထောင့်အရတော့ တရုတ်က ကျွန်တော်တို့နဲ့ဆက်ဆံရေး ကောင်းချင်တယ်" ဟု မြန်မာအစိုးရတာဝန်ရှိသူတစ်ဦးက ၂၀၀၅ ခုနှစ်က ပြောကြားခဲ့သည်။ "ကျွန်တော်တို့ကလည်း သူ့ကိုမှီဖို့လိုတယ်။ အကြောင်းကတော့ အနောက်အုပ်စုတွေက ကျွန်တော်တို့ကိုအမြဲတမ်းဖိအားပေးနေတယ်။ ဒီတော့အစပ်အဟပ်တည့်သွားတာပေါ့။ ကျွန်တော်တို့က အနောက်ကနေ နည်းပညာနဲ့အခြားအကူအညီတွေမရတော့ တရုတ်ဆီကရဖို့လိုလာတာပေါ့"။[၁၀၄]

တရုတ်၏မြန်မာနိုင်ငံဆိုင်ရာမူဝါဒများအား စီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာစဉ်းစားသုံးသပ်ချက်များက အားပေးမောင်းနှင်သည်။ တရုတ်၏"စွမ်းအင်သံတမန်ရေး"က ရခိုင်ပြည်နယ်ရေနက်ဆိပ်ကမ်းမှ ယူနန်ပြည်နယ်မြို့တော်ကူမင်းအထိ ကုန်းတွင်းပိုင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေးသည် ရေနံနှင့်သဘာဝဓာတ်ငွေ့များအား တရုတ်အတွက်ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်ထားသည်။ ကီလိုမီတာ ၁,၁၀၀ ရှည်လျားသည့်အဆိုပါပိုက်လိုင်းသည် သယ်ဆောင်ရေးလမ်းကြောင်းများကိုတိုသွားစေပြီး မြန်မာနိုင်ငံ၏ကြွယ်ဝလှသည့်သဘာဝဓာတ်ငွေ့သိုက်များဆီသို့ ချဉ်းကပ်ခွင့်ကိုရရှိစေသည်။ ၂၀၁၂

ခုနှစ်တွင် အဆင်သင့်ဖြစ်နေရန်လျာထားပြီး တရုတ်အမျိုးသားရေနံကုမ္ပဏီ (စီအင်န်ပီစီ) မှတည်ဆောက်သည့် ယင်းပိုက်လိုင်းသည် ကေ့ကျိုးပြည်နယ်အထိဖြတ်သန်းပြီးကွမ်ရှီးဒေသမြို့တော်နန်နင်းအထိသွယ်တန်းမည်ဖြစ်သည်။[၁၀၅]

တရုတ်နိုင်ငံသည် ကပ္ပလီပင်လယ်အော်ရှိ ရွှေသဘာဝဓာတ်ငွေ့လုပ်ကွက်နှင့် ရေအားလျှပ်စစ်ထုတ်လုပ် ရန်ဆည်ကြီးများတည်ဆောက်ခြင်းများတွင် ပါဝင်ခြင်းသည် အထက်ပါမဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ကြသည်။ ၂၀၀၇ ခုနှစ် တပ်မတော်အစိုးရနှင့်တရုတ်အစိုးရပိုင် စွမ်းအင်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (စီပီအိုင်) တို့သည်တရုတ်နိုင်ငံလျှပ်စစ်ဓာတ်အားပေးရေးအတွက် ကချင်ပြည်နယ်အတွင်း ရေအားလျှပ်စစ်စီမံကိန်း ၇ ခုကိုတည်ဆောက်ရန် သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသည်။ ဒေသခံများက အပြင်းအထန်ကန့်ကွက်နေကြသည့် အငြင်းပွားဖွယ် မြစ်ဆုံဆည်ဆောက်ရေးအတွက်ပြင်ဆင်မှုများကလည်း ထိုနှစ်အတွင်းမှာပင်စတင်ခဲ့သည်။[၁၀၆] အဆိုပါဖြစ်စဉ်များသည် မြန်မာနိုင်ငံအား ရုရှား၊ ကာဇက်စတန်နှင့်အရှေ့အလယ်ပိုင်းတို့နှင့်အတူ တရုတ်နိုင်ငံအားအဓိကစွမ်းအင်ဖြည့်ဆည်းပေးရာ ၄ နိုင်ငံအနက် တစ်ခုအပါအဝင်ဖြစ်စေမည်ဖြစ်သည်။

တရုတ်၏ 'ပို့ဆောင်ဆက်သွယ်မှုသံတမန်ရေး' သည်လည်း အခြားသောအဓိကမဟာဗျူဟာဦးတည်ချက်ဖြစ်သည့်အိန္ဒိယသမုဒ္ဒရာသို့လမ်းပေါက်ရန်ရည်ရွယ်သည်။ ကုန်းတွင်းပိတ်ယူနန်ပြည်နယ်အား အိန္ဒိယသမုဒ္ဒရာနှင့်ချိတ်ဆက်ပေးရန်အတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့်ယှဉ်ပြီးကားလမ်းနှင့်ရထားလမ်းများဖောက်လုပ်ရန် တရုတ်နိုင်ငံမှစီစဉ်လျက်ရှိသည်။ အဆိုပါလမ်းများသည် ကုန်သွယ်ရေးနှင့်ဆက်သွယ်ရေးအား အထောက်အကူဖြစ်စေမည်ဖြစ်ပြီး၊ အရှေ့အလယ်ပိုင်းမှရေနံအတွက် တစ်ခုတည်းသောသယ်ယူရေးလမ်းကြောင်းဖြစ်သည့် မလက္ကာရေလက်ကြားအပေါ် တရုတ်နိုင်ငံ၏မှီခိုအားထားနေရမှုကိုလည်းလျော့နည်းလာစေမည်ဖြစ်သည်။

တရုတ်ပြည်တွင်းဆိုင်ရာ 'အနောက်လှမ်း' မူဝါဒသည် ပိုမိုဆင်းရဲပြီးကုန်းတွင်းပိတ်လျက်ရှိသည့် နိုင်ငံ၏ အနောက်တောင်ပိုင်းနှင့် အလွန်ကြွယ်ဝသည့်အရှေ့ပိုင်းတို့၏ ကွာဟနေမှုအားဆက်စပ်ပေးရန်ဖြစ်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း လျင်မြန်သည့်စီးပွားရေးဖွံ့ဖြိုးမှုရရှိခဲ့သော်လည်း ယူနန်ပြည်နယ်အား တရုတ်နိုင်ငံတွင် နောက်ကျကျန်ရစ်နေသည့်နေရာအဖြစ်သတ်မှတ်ထားဆဲပင်ဖြစ်သည်။ အရှေ့ဘက်ရှိပြည်နယ်များနှင့်နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ စီးပွားရေးတိုးတက်မှုတွင်လည်းနောက်ကျနေသည်။ ထို့အပြင် အဆိုပါပြည်နယ်သည် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ယင်းနှင့်ဆက်စပ်ပြီး အိပ်ချ်အိုင်ဗွီကူးစက်ပြန့်ပွားမှုများပါဝင်သည့် အစဉ်အလာမဟုတ်သည့်လုံခြုံရေးဆိုင်ရာပြဿနာများအပြင် မူးယစ်ဆေးဝါးရောင်းဝယ်မှု၊လူမှောင်ခိုကူးမှုနှင့်အခြားသောတရားမဝင်လုပ်ငန်းများနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသော ရာဇဝတ်မှုများရှိနေသည်ဟု အစိုးရတာဝန်ရှိသူများက ရှုမြင်ထားကြသည်။ ယင်းပြဿနာများကိုဖြေရှင်းရန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ ယူနန်ပြည်နယ်အားစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခြင်းသာဖြစ်သည်ဟု ဘေဂျင်းဗဟိုအစိုးရကယုံကြည်လျက်ရှိသည်။[၁၀၇] ယင်းမဟာဗျူဟာ၏ အဓိကကျသောအစိတ်အပိုင်းမှာ မြန်မာနိုင်ငံမြောက်ပိုင်းရှိ အရင်းအမြစ်များအား လက်လှမ်းမှီထုတ်ယူရေးနှင့် ကုန်သွယ်မှုတိုးမြှင့် ရေးများဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏လွှမ်းမိုးမှုသိသာထင်ရှားသော်လည်း ၄င်းအချက်အားလွန်လွန်ကဲကဲတွက် ဆ၍မရနိုင်ပေ။ မြန်မာအစိုးရ၏မူဝါဒအား ဘေဂျင်းမှချုပ်ကိုင်ပြဋ္ဌာန်းပေးနိုင်ခြင်းမရှိချေ။ မြန်မာတရုတ် ဆက်ဆံရေးဆိုင်ရာလေ့လာမှုတစ်ခုမှ "[ရန်ကုန်]"သည် တရုတ်ဩဇာခံမဟာဗျူဟာမြောက်စခန်းဖြစ်မည့် အလားအလာမရှိ" ဟုကောက်ချက်ချသည်။ [မြန်မာနိုင်ငံ၏]အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်မှု၊ လွတ်လပ်ရေးနှင့်ယဉ်ကျေးမှုလက္ခဏာများကို ထိန်းသိမ်းပြီး ပြည်ပအင်အားကြီးနိုင်ငံများနှင့် အောင်အောင်မြင်မြင်ဖြေရှင်းနိုင်ခဲ့သည့် အရည်အချင်းများက ကိစ္စအတော်များများကိုပိုပြီး

ရင်ဆိုင်နိုင်အောင်ပြုလုပ်ပေးမည့်ဟန်ရှိသည်။[၁၀၈] သို့သော် တရုတ်အစိုးရ၏စိုးရိမ်ပူပန်မှုများအား နေပြည်တော်မှအလေးအနက်ထားပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုနှင့် မြန်မာနိုင်ငံအတွင်း ဆက်လက်ဖြစ်ပွားဆဲပဋိပက္ခများသည် ၄င်း၏နယ်စပ်တစ်လျှောက် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို လိုလားသည့်တရုတ်ဗဟိုအစိုးရအတွက် စိုးရိမ်စရာအကောင်းဆုံးကိစ္စတစ်ရပ်ဖြစ်ပါသည်။ ဥပမာအားဖြင့် ၂၀၀၉ ခုနှစ် မြန်မာနိုင်ငံမြောက်ပိုင်း ကိုးကန့်ဒေသအတွင်း တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့သည့်နောက်တွင် တရုတ်အစိုးရသည်ရှားရှားပါးပါးသာဓကအဖြစ်လူသိထင်ရှားသံတမန်နည်းလမ်းသုံးကာ ပြည်တွင်းရေးကိစ္စများကို ဂရုတစ်စိုက်ကိုင်တွယ်ရန်၊ တရုတ်မြန်မာနယ်စပ် ဒေသတစ်လျှောက်တည်ငြိမ်မှုကိုထိန်းသိမ်းရန်နှင့် မြန်မာနိုင်ငံအတွင်းတရုတ်နိုင်ငံသားများ၏ အသက်အိုးအိမ်စည်းစိမ်များကို အကာကွယ်ပေးရန်မြန်မာအာဏာပိုင်များအားတောင်းဆိုခဲ့သည်။[၁၀၉]

မြန်မာနိုင်ငံနှင့်ဆက်ဆံရေးတွင်ပါဝင်ပတ်သက်နေကြသည့် တရုတ်ဇာတ်ကောင်များ၏မူဝါဒရေးရာဦးတည်ချက်တို့သည် တစ်ပုံစံထဲမဟုတ်ဘဲ ကွဲပြားသည့်အကျိုးစီးပွားနှင့်နည်းဗျူဟာများအား ကိုယ်စားပြုနေကြသည်။ ဘေဂျင်းဗဟိုအစိုးရ၌ ယူနန်ပြည်နယ်အာဏာပိုင်များနှင့်မတူဘဲ ဦးစားပေးစရာများရှိနေသည်။ "ယူနန်ကကုန်းတွင်းပိတ်နေတော့ စီးပွားရေးအတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကိုအားပေးတယ်" ဟုတရုတ်ပညာရှင်တစ်ယောက်ကဆိုသည်။ "ဘေဂျင်းကကျတော့ နိုင်ငံရေးမဟာဗျူဟာကိုအဓိကထားပြီး ဘယ်သူဘဲတက်တက် မြန်မာပြည်မှာ မဟာမိတ်ဖြစ်တဲ့အစိုးရကိုလိုအပ်တယ်"[၁၁၀] ကူမင်းမှတရုတ်ပညာရှင်က "ယူနန်အစိုးရအတွက်တော့ စီးပွားရေးအကျိုးအမြတ်ကအဓိကပိုအရေးပါပြီး ဗဟိုအစိုးရအတွက်ကျတော့ မဟာဗျူဟာဆိုင်ရာအကျိုးအမြတ်က ပဓာနအကျဆုံးဖြစ်တယ်" ဟုဆက်လက်ပြီးမှတ်ချက်ချသည်။[၁၁၁]

ဘေဂျင်းအနေဖြင့် နယ်စပ်တည်ငြိမ်ရေးမှာ အဓိကအလေးထားသည့်ကိစ္စတစ်ရပ်ဖြစ်ပြီး တည်ငြိမ်မှုကို ခြိမ်းခြောက်သည့်ကိစ္စမှန်သမျှအားဆန့်ကျင်သည်။ ယင်းတို့အထဲတွင်လက်နက်ကိုင်ပဋိပက္ခသာမကတရားမဝင်မှောင်ခိုကုန်ရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးကုန်သွယ်မှုကဲ့သို့ ရာဇဝတ်မှုလုပ်ငန်းများလည်းပါဝင်သည်။ ဘေဂျင်းအနေဖြင့် ရင်းနှီးမြုပ်နှံမှုကိုတိုက်တွန်းအားပေးရန် စိတ်ဝင်စားခြင်းမရှိလှသလိုယူနန်ပြည် နယ်အခြေစိုက်ကုမ္ပဏီများ၏ နယ်စပ်ဖြတ်ကျော်စီးပွားရေးအပေးအယူကိစ္စများကို အမြဲတမ်းလျစ်လျူရှုနေခြင်းလည်းမရှိချေ။ ဥပမာအားဖြင့် ယူနန်စီးပွားရေးသမားများ၏ အထိန်းအကွပ်မဲ့သစ်ခုတ်ခြင်းနှင့်သတ္တုတူးဖော်ခြင်းများအား ဘေဂျင်းအနေဖြင့်လျော်ကန်ခြင်းမရှိဟုရှုမြင်သည်။ မြန်မာအစိုးရမှလည်း ဤသို့ဖြစ်ပျက်နေမှုများနှင့်ပတ်သက်ပြီး တရုတ်ဗဟိုအစိုးရသို့တိုင်တန်းခဲ့သည်။[၁၁၂] ဘေဂျင်းရှိမူဝါဒရေးဆွဲသူများအနေဖြင့် ကူမင်းရှိ ကိုယ်စားလှယ်များသည် ယင်းတို့၏စီးပွားရေးအကျိုးအမြတ်အားကာကွယ်ရန် မြန်မာနိုင်ငံ၏အနေအထားအားလွှန်လွန်ကဲကဲအကောင်းမြင်ရန် ပုံဖော်ထားသည်ဟုခံစားရပြီး ယူနန်တာဝန်ရှိသူများအနေဖြင့် ကြီးမားလှသော ရင်းနှီးမြုပ်နှံမှုစီမံကိန်းကြီးများသည် မူဝါဒအပြောင်းအလဲတစ်စုံတစ်ရာကြောင့် ဆုံးရှုံးသွားမည်ကိုကြောက်ရွံ့နေကြကာ ဆက်လက်လုပ်ဆောင်ခွင့်ရရှိရေးအတွက် ဗဟိုအစိုးရအားကြိုးစားပြီး သိမ်းသွင်းလျက်ရှိသည်။[၁၁၃]

ယခင်ကဗဟိုအစိုးရသည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကိုအကဲဖြတ်ရန် ကူမင်းအခြေစိုက်အဖွဲ့အစည်းများက ပေးပို့ခဲ့ကြသည့် သတင်းအချက်အလက်များအပေါ်တွင်သာမှီခိုခဲ့သည်။ သို့သော် ဤဖြစ်စဉ်သည် ၂၀၀၉ ခုနှစ် ကိုးကန့် အရေးအခင်းအပြီးတွင် ပုံစံပြောင်းသွားဟန်ရှိသည်။ တရုတ်လူမျိုးများ၏အ သက်နှင့်စည်းစိမ်အားအန္တရာယ်ရှိစေခဲ့သည့် အပြင် လူ ၃၅,၀၀၀ ခန့်ကိုတရုတ်နိုင်ငံတွင်ခိုလှုံရာရှာဖွေရန် ထွက်ပြေးလာစေခဲ့သည့် ကိုးကန့်ရှိအဖြစ်အပျက်များသည် ဘေဂျင်းကိုအံ့အားသင့်စေခဲ့သည်။ အဆိုပါပြဿနာနှင့်ပတ်သက်၍ တိကျပြီးအချိန်နှင့်တပြေးညီ သတင်းအချက်အလက်မပေးခဲ့ကြသဖြင့် ယူနန်ရှိအာဏာပိုင်များအား ဘေဂျင်းမှအပြစ်တင်ခဲ့သည်။ ထို့နောက်တွင်မူ ဘေဂျင်းမှတရုတ်တာဝန်

ရှိသူများသည် မြန်မာနိုင်ငံမှအဖြစ်အပျက်များကို ၎င်းတို့ဘာ၎င်းတို့ စိစစ်လေ့လာတော့သည်။ ၎င်း၏နယ်စပ်တစ်လျှောက်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်တိုက်ရိုက်ဆက်ဆံရေးကိုလည်း ပြန်လည်တည်ဆောက်ခဲ့ကြသည်။ ဘေဂျင်းနှင့်ယူနန်အခြေစိုက်စီးပွားရေးအဖွဲ့များအကြား တင်းမာမှုများသည် ၂၀၁၁ ခုနှစ်၊ ဇွန်လအတွင်း ကချင်ပြည်နယ်တွင် ကေအိုင်အိုနှင့်တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားကြသည့်အခါတွင် ပိုမိုကြီး ထွားလာခဲ့ကြသည်။[၁၁၄]

ပြည်နယ်မြို့တော်ကူမင်းရှိ ပြည်နယ်အာဏာပိုင်များ၊ ကုမ္ပဏီများနှင့်ပညာရှင်များနှင့်တကွ အနည်းဆုံး နယ်ခြားစီရင်စုဆိုင်ရာအစိုးရအဖွဲ့များသည် ကပ္ပလီပင်လယ်အော်မှ ယူနန်ပြည်နယ်အထိသွယ်တန်းထားသည့် ဓာတ်ငွေ့ပိုက်လိုင်းကဲ့သို့ အခြေခံအဆောက်အအုံဆိုင်ရာစီမံကိန်းကြီးများ၊ ကချင်ပြည်နယ်အတွင်းမှရေအား လျှပ်စစ်ထုတ်လုပ်သည့်ဆည်ကြီးများ၏နောက်ကွယ်မှ တွန်းအားပေးနေသည့် အဓိကအင်အားစုများဖြစ်ကြသည်။ ၎င်းတို့သည် နေပြည်တော်ဗဟိုအစိုးရနှင့် နီးနီးစပ်စပ်အဆက်အသွယ်ရှိရုံမျှမကဘဲ ယင်းတို့နှင့်ကပ်လျက်နယ်စပ်တစ်လျှောက်ရှိ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့များနှင့်လည်းဆက်ဆံရေးကိုတည်ဆောက်ထားကြသည်။ ၎င်းတို့သည် ယူနန်ပြည်နယ်အား မြန်မာနိုင်ငံသို့သွားရာလမ်းတံတားအဖြစ်တည်ဆောက်လိုကြသောကြောင့် စွမ်းအင်ကဏ္ဍနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုအပိုင်းအား အလေးအနက်ထားကြသည်။ ကုန်သွယ်ရေးနှင့်ရင်းနှီးမြုပ်နှံမှုအားအထောက်အကူဖြစ်စေရန်အတွက် ကူမင်းမှမြန်မာနယ်စပ်အထိ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၌ ယူနန်ပြည်နယ်တွင်း၌ လည်းအမြောက်အမြားရင်း နှီးမြှုပ်နှံထားခဲ့ကြသည်။

ကုန်းတွင်းပိတ်ယူနန်ပြည်နယ်အတွက်မူ 'လိုက်ဖက်ညီ' သည့်ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် အရေးပါသော နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာဦးတည်ချက်ဖြစ်သည်။ သို့သော် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း တရုတ်၏သဘာဝအရင်းအမြစ်နှင့်ကုန်သွယ်ရေးဆိုင်ရာသံတမန်ရေးက တရုတ်ကုမ္ပဏီများအတွက် ရေတိုအကျိုးမြတ်ရရှိရေးကိုသာ အထူးအားပေးထားသည်။ ၎င်းတို့၏ သဘာဝအရင်းမြစ်ထုတ်ယူနေမှုလုပ်ငန်းများသည် ဒေသခံရပ်ရွာလူထုများ၏ လူမှုဘဝသက်မွေးဝမ်းကြောင်းမှုနှင့် မြေယာပိုင်ဆိုင်မှုများကို ခြိမ်းခြောက်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း အကြီးအကျယ်ထိခိုက်ပျက်စီးစေခဲ့သည်။ ဤသို့ဖြစ်ရပ်များသည် တရုတ်နိုင်ငံ၏တရားဝင်မူဝါဒဖြစ်သော အိမ်နီးချင်းနိုင်ငံများနှင့် 'လိုက်ဖက်ညီ' သည့် ပူးပေါင်းဆောင်ရွက်မှုကို အင်အားချည့်နဲ့စေသည့်အပြင် အနာဂတ်ပဋိပက္ခများလျော့ပါးစေရေးထက် ပိုမို တိုးပွားလာစေသည့်အလားအလာကိုဖြစ်စေသည်။

မြန်မာနယ်စပ်ဒေသများတွင် အခြေစိုက်ကြသည့် ဒေသခံတရုတ်ကုန်သည်များနှင့် စီးပွားရေးသမားများသည် လက်နက်ကိုင်တိုင်းရင်းသားအပစ်ရပ်အဖွဲ့ပေါင်းစုံနှင့် ဒေသခံပြည်သူ့စစ်အပါအဝင် နယ်စပ်တစ်လျှောက်ရှိအာဏာပိုင်များနှင့် ရေရှည်နီးစပ်သည့်ဆက်ဆံမှုများကိုတည်ဆောက်ထားကြသည်။ စီပီဘီခေတ်ကာလကတည်းက တရုတ်နိုင်ငံမှတိုက်ရိုက်ထောက်ပံ့သည့်သမိုင်းကြောင်း အဆက်အဆံများလည်း ရှိခဲ့ကြသည်။ အိမ်နီးချင်းကိုးကန့်၊ 'ဝ' နှင့်မိုင်းလားအပေါ်တွင် တရုတ်၏ဩဇာသည်ကြီးမားလှသည်။ နယ်စပ်တစ်ဘက်တစ်ချက်ရှိ ဒေသခံရပ်ရွာလူထုများနှင့် ယဉ်ကျေးမှုနှင့်စီးပွား ရေးဆိုင်ရာနီးစပ်သည့် အဆက်အဆံများလည်းရှိကြသည်။ ဗြိတိသျှ-အိန္ဒိယငွေဒင်္ဂါးပြားဟောင်းများအပြင် တရုတ်ယွမ်ငွေသည် ယင်းဒေသတွင်သုံးစွဲသည့် အဓိကငွေကြေးဖြစ်ပြီး တရုတ်စာပေသည်အများသုံးဘာသာစကားဖြစ်သည်။

မြန်မာနိုင်ငံနှင့်ထိစပ်နေသော နယ်စပ်ဒေသများရှိ ဒေသခံတရုတ်စီးပွားရေးသမားများသည် လက်နက်ကိုင်ဆန့်ကျင်ဘက်အဖွဲ့များ၏စိုးရိမ်မှုနှင့်နိုင်ငံရေးတောင်းဆိုမှုများအပေါ် အခြားသူများထက်နိုင်းယှဉ်လျှင် ပို၍စာနာတတ်ကြသည်။ ၎င်းတို့သည် မြန်မာနှင့်တရုတ်အစိုးရများက များသောအားဖြင့် တရားမဝင်ဟု သတ်မှတ်ထားသည့်ကုန်သွယ်ရေး၊ သစ်

ထုတ်လုပ်ရေးနှင့်သတ္တုတူးဖော်ရေးတို့ပါဝင်သည့် နယ်စပ်စီးပွားရေးလုပ်ငန်းအချို့ကို လုပ်ကိုင်ခဲ့ကြသည်။ မကြာသေးမီက တရုတ်နိုင်ငံ၏ဘိန်းအစားထိုးအစီအစဉ်၏အထောက်အပံ့နှင့်အားပေးမှုများကြောင့် စိုက်ပျိုးရေးဆိုင်ရာရင်းနှီးမြုပ်နှံမှုတွင် ပါဝင်လာခဲ့ကြသည်။ ၎င်းတို့၏စီးပွားရေးလုပ်ငန်းများအတွက် ကန်ထရိုက်လုပ်ငန်းများနှင့်လုပ်ပိုင်ခွင့်များရရှိရန် အစိုးရအပြင်ဒေသခံတိုင်းမှူးကဲ့သို့သော မြန်မာ့တပ်မတော်အာဏာပိုင်များနှင့်လည်းအဆက်အသွယ်ရှိကြသည်။

တရုတ်အစိုးရမှလည်း လက်နက်ကိုင်ဆန့်ကျင်ဘက်တိုင်းရင်းသားအဖွဲ့များအပါအဝင် တစ်ဘက်နယ်စပ်ရှိဒေသခံ အာဏာပိုင်များနှင့်တိုက်ရိုက်ဆက်ဆံမှုများထားရှိကြသည်။ တရုတ်ပညာရှင်တစ်ဦး၏အဆိုအရ တရုတ်အစိုးရသည် ၁၉၉၀ ခုနှစ်တွင် အဆိုပါလက်နက်ကိုင်အဖွဲ့များနှင့် သက်ဆိုင်သောအထူးမူဝါဒတစ်ရပ်အားထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် "နိုင်ငံရေးအရအသိအမှတ်ပြုခြင်း၊ စစ်ရေးအကူအညီနှင့်စီးပွားရေးအထောက်အပံ့" ပေးလိမ့်မည်မဟုတ်သော်လည်း မြန်မာနိုင်ငံ၏ဒေသခံအာဏာပိုင်များအဖြစ်ရှုမြင်ပြီး လက်ရှိအနေအထားပေါ်မူတည်၍ ယေဘုယျစီးပွားရေးဆိုင်ရာ အဆက်အသွယ်မှုပြုလုပ်သွားမည်။ ၎င်းတို့၏ခေါင်းဆောင်များနှင့်လည်းအပြုသဘော ဆောင်သည့်လုပ်ငန်းမျိုးလုပ်နိုင်မည့် အခွင့်အရေးကိုလည်းရယူမည်ဖြစ်သည်။[၁၁၅]

## တရုတ်၏လယ်ယာစိုက်ပျိုးရေးဆိုင်ရာရင်းနှီးမြုပ်နှံမှုအတွက်တွန်းအားပေးမှု

မြန်မာပြည်တွင် စိုက်ပျိုးရေးဆိုင်ရာရင်းနှီးမြုပ်နှံမှုကို အားပေးဆောင်ရွက်ခြင်းသည် ဘိန်းစိုက်ပျိုးမှုအား စိုးရိမ်ကြောင့်ကြခြင်းတစ်မျိုးတည်းကြောင့်မဟုတ်ချေ။ ရာဘာကဲ့သို့ကုန်ပစ္စည်းသည် ကျောက်မီးသွေး၊ သံ နှင့်ရေနံနည်းတူ တရုတ်စက်မှုလုပ်ငန်းအတွက် အရေးပါလှသောမဟာဗျူဟာမြောက်ကုန်ကြမ်းတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံအတွင်းတွင် စိုက်ပျိုးရန်သင့်လျော်သည့်မြေရှားပါးမှု၊ ပြည်တွင်းသဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်းများတင်းကျပ်လာသဖြင့် အနာဂတ်အတွက် တိုးချဲ့စိုက်ပျိုးရန်အကန့်အသတ်ဖြစ်နေသည့်အတွက် ယူနန်နှင့်ဟိုင်နန်ပြည်နယ်များ၌သာစိုက်ပျိုးနိုင်ကြသည်။ မြေနှင့်လုပ်အားခဈေးပေါပြီး ဒေသတွင်းမြေယာလုပ်ကိုင်ခွင့် မရှိသလောက်ဖြစ်နေသည့် မြန်မာနိုင်ငံတွင်ရာဘာစိုက်ပျိုးခြင်းသည် တရုတ်နိုင်ငံ၏တိုးတက်လာသော ဝယ်လိုအားကိုဖြည့်ဆည်းပေးနိုင်ရန်အရေးပါလှသည်။[၁၁၆]

ထို့အပြင် ပဋိပက္ခဖြစ်နိုင်ခြေအလားအလာတစ်ခု အဖြစ်ရှုမြင်နိုင်သော အချက်အချာကျသည့်ဒေသနှင့် နယ်စွန်နယ်ဖျားဒေသတို့၏ကွာဟချက်အား ဖြေရှင်းနိုင်ရန်နယ်စပ်ဒေသများ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား တရုတ်နိုင်ငံ၏အစိုးရအဆင့်ဆင့်မှ အပြည့်အဝထောက်ခံအားပေးနေသည်။ မြန်မာနိုင်ငံတိုးတက်မှု အလွန်နောက်ကျနေပါက အနာဂတ်လူမှုစီးပွားရေး၊ နိုင်ငံရေးသာလျှင်မကဘဲ စစ်ရေးပဋိပက္ခများသို့ဦးတည်သွားနိုင်သည့်အလားအလာကို တရုတ်နိုင်ငံကစိုးရိမ်လျက်ရှိသည်။

တရုတ်နိုင်ငံသားများအတွက် စားနပ်ရိက္ခာဖြည့်ဆည်းပေးရန်ကလည်း အရေးပါလှသည့်နိုင်ငံတော်အဆင့်နှင့်ပြည်နယ်အဆင့်မူဝါဒဦးတည်ချက်ဖြစ်သည်။ ယူနန်ပြည်နယ်၏စားနပ်ရိက္ခာဖူလုံရေးဆောင်ရွက်ချက်အားကူညီထောက်ပံ့ပေးရန် ပြည်နယ်အစိုးရသည် မြန်မာနိုင်ငံအတွင်း တရုတ်ကုမ္ပဏီများ၏ ကန်ထရိုက် စနစ်ဖြင့်လယ်ယာစိုက်ပျိုးရေး ဆောင်ရွက်ခြင်းနှင့်လယ်ယာစိုက်ပျိုးရေးလုပ်ပိုင်ခွင့်များကို တိုးမြှင့်အားပေးလာသည်။ "စားနပ်ရိက္ခာဖူလုံရေးက အရေးကြီးတဲ့ကိစ္စပါ။ ကျွန်တော်တို့မှာလူဦးရေ ၁.၃ ဘီလီယံရှိ တယ်လေ"ဟု ယူနန်အခြေစိုက်တရုတ်ပညာရှင်တစ်ဦးမှဆိုသည်။ "ဒီဒေသကတော့ကျွန်တော်တို့နိုင်ငံအတွက်အစားအစာအိုးကြီးပါဘဲ"။[၁၁၇]

မြန်မာပြည်မြောက်ပိုင်းရှိ တရုတ်နိုင်ငံ၏စိုက်ပျိုးစီးပွားရင်းနှီးမြုပ်နှံမှုများတည်ရှိမှုကို ဖြစ်ပေါ်စေသည့်အ ခြားအကြောင်းရင်းများတွင် တရုတ်နိုင်ငံ၏လွတ်လပ်လာသည့်စီးပွားရေးပုံစံ (အခွန်စည်းကျပ်မှုလျှော့ချခြင်းအပါအဝင်) အလုပ်အကိုင်အခွင့်အလမ်းသစ်များလိုအပ်နေကြသည့် တရုတ်ရွှေ့ပြောင်းအလုပ်သမား လုပ်အားစုများစီးဝင်လာခြင်း၊ ပြည်ပတွင်လုပ်ကိုင်ဆောင်ရွက်နေကြသည့် ကုမ္ပဏီများအတွက် လိုက်နာဆောင်ရွက်ရမည့် တရားဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများမရှိခြင်းနှင့်အတူ ယူနန်ပြည်နယ်နှင့်မြန်မာနိုင်ငံမြောက်ပိုင်းကိုဆက်သွယ်ပေးနေသည့် အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိသော အခြေခံအဆောက် အအုံဖွံ့ဖြိုးတိုးတက်မှုများပါဝင်သည်။

မြန်မာနိုင်ငံမြောက်ပိုင်းရှိ တိုင်းရင်းသားလူမျိုးရေးဆိုင်ရာရှုခင်းများအား တရုတ်၏စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေးနှင့်ရေအားလျှပ်စစ်ကဏ္ဍရှိရင်းနှီးမြုပ်နှံမှုနှင့်နေပြည်တော်၏ မဟာဗျူဟာမြောက်စစ်ရေးချဲ့ထွင်မှု များတို့အသီးသီးထိပ်တိုက်ယှဉ်ပြိုင်တွေ့ဆုံကြသည့်အကြားဝယ်ပိတ်မိနေသည့် စစ်ပြီးကာလ၊ သယံဇာတကြွယ်ဝသော တိုင်းရင်းသားလူမျိုးစုဒေသများဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ ဤသို့လူနေနည်းပါးသည့် တောင်ပေါ်ပိုင်းဒေသများသည် ဓာတ်သတ္တုများနှင့်ကျောက်မျက်များ၊ သစ်ပင်သစ်တောများ၊ မြစ်ချောင်းများနှင့်တကွသင့်လျော်သည့်လယ်ယာမြေများကို မြေယာစီမံခန့်ခွဲရေးအစဉ်အလာဓလေ့ထုံးစံများ၊ စီးပွားရေးအင်အားစုကြီးများနှင့်ပထဝီအနေအထားအရ အလှမ်းကွာဝေးနေမှုတို့အပြင် ယခင်နှင့်ယခုဖြစ်နေဆဲတိုက်ပွဲများကြောင့်အလွဲသုံးစားအသုံးချခြင်းမှ ယခင်ကကာကွယ်ထားနိုင်ခဲ့သည်။ သို့သော်မြန်မာစစ်အစိုးရ၏ 'အထက်မြောက်ဘက်သို့ တက်လှမ်းခြင်း'နှင့် တရုတ်အစိုးရ၏ 'အပြင်သို့လှမ်းချီခြင်း' မူဝါဒများသည် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတွင်လာရောက်တွေ့ဆုံပေါင်းဆည်းကြလေတော့သည်။

## မြစ်ဆုံဆည်တည်ဆောက်မှုဆိုင်းငံ့ခြင်း

မြန်မာနိုင်ငံရှိ တရုတ်အကျိုးစီးပွားနှင့်ပတ်သက်၍ အဓိကအံ့အားသင့်စေမှုသည် မြစ်ဆုံဆည်စီမံကိန်းအား တစ်ဘက်သတ်ရပ်ဆိုင်းရန် သမ္မတဦးသိန်းစိန်၏ဆုံးဖြတ်ချက်ပင်ဖြစ်သည်။ ကချင်ပြည်နယ်တွင် စီမံကိန်း ၇ ခုပါအစီအစဉ်၏တောင်ဘက်စွန်းစွန်းရှိ ဆည်တည်ဆောက်မည်နေရာသည် အမျိုးသားသင်္ကေတဖြစ်သည့် မြန်မာနိုင်ငံ၏အကြီးဆုံးမြစ်ဧရာဝတီဖြစ်လာရန် ပေါင်းဆုံရသည့် အင်မိုင်ခနှင့်မလိခမြစ်နှစ်စင်းဆုံသည့်နေရာတွင်ဖြစ်သည်။ ယင်းစီမံကိန်းသည် တရုတ်စွမ်းအားရင်းမြုပ်နှံမှုကော်ပိုရေးရှင်း(စီပီအိုင်)၊ အေးရှားဝေါလ်ကုမ္ပဏီ (မြန်မာကုမ္ပဏီ)[၁၁၈] နှင့်အစိုးရပိုင်မြန်မာလျှပ်စစ်ဓာတ်အားလုပ်ငန်းတို့၏ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ အရှေ့တောင်အာရှ၏အကြီးဆုံးဆည်တစ်ခုဖြစ်သည့်မြစ်ဆုံဆည်သည် အမေရိကန်ဒေါ်လာ ၃.၆ ဘီလီယံကုန်ကျမည်ဖြစ်ပြီး လျှပ်စစ်စွမ်းအား ၆ ဂစ်ဂါဝပ်ထုတ်လုပ်ရန်ပုံစံရေးဆွဲထားသည်။ ထွက်ရှိလာသည့်လျှပ်စစ်စွမ်းအားအများစုကို တရုတ်နိုင်ငံသို့တင်ပို့မည်ဖြစ်ပြီး ဆယ်ရာခိုင်နှုန်းခန့်ကိုသာလျှင်မြန်မာနိုင်ငံမှရရှိမည်ဖြစ်သည်။[၁၁၉]

ဒေသခံရပ်ရွာလူထုအဖွဲ့အစည်းများနှင့်တကွ ၎င်းတို့အားကိုယ်စားပြုသည့်ကချင်အဖွဲ့များက ၂၀၀၇ ခုနှစ် အတွင်းကြေညာချက်ထုတ်ပြန်ပြီးမကြာမီ အဆိုပါဆည်ကိစ္စကိုဆန့်ကျင်သည့်လှုပ်ရှားမှုကို စတင်ခဲ့ကြသည်။ ၎င်းတို့က အိမ်ထောင်စုထောင်ပေါင်းများစွာကိုရွှေ့ပြောင်းခိုင်းခြင်းနှင့်တကွ အရေးပါသောကချင်အမျိုးသားယဉ်ကျေးမှုနေရာကို ဖျက်ဆီးမှုများအားဆန့်ကျင်ခဲ့ကြသည်။ ဒေသတွင်းကိစ္စတစ်ရပ်အဖြစ်သာရှိနေခဲ့ရာမှ ၂၀၁၁ ခုနှစ်အစောပိုင်း တွင် ယင်းလှုပ်ရှားမှုအား ရန်ကုန်မြို့တွင် အထူးသဖြင့် လူထုအဖွဲ့အစည်းများ၊ သတင်းသမားများ၊ စာရေးဆရာများနှင့်အနုပညာရှင်များက အရေးယူဆောင်ရွက်လာခဲ့ကြသည်။ ဧရာဝတီနှင့်ပတ်သက်သော ပုံနှိပ်ထုတ်ဝေမှုအမျိုးမျိုး (အစိုးရတရားဝင်ခွင့်ပြုချက်နှင့်ခွင့်ပြုချက်မဲ့အပါအဝင်) နှင့်သတင်းဆောင်းပါးအဖုံဖုံတို့သည် ဒေသတွင်းမီဒီယာများပေါ်တွင် ထွက်ရှိလာခဲ့

ကြသည်။ ရန်ကုန်မြို့လယ်တွင် လူထုများသည် 'ဧရာဝတီကိုကယ်တင်ပါ' ဟူသည့်စာတမ်းပါ တီရှပ်အင်္ကျီများအား ဝတ်ဆင်လာကြသည်ကိုပင်တွေ့ရှိကြရပြီး ဆည်တည်ဆောက်မှုကိုရပ်ဆိုင်းပေးရန် လူထုအသီးသီးမှလူသိရှင်ကြားထင်ရှားစွာ တောင်းဆိုသည့် အစည်းအဝေးတစ်ခုကိုဟိုတယ်တစ်ခုတွင်ကျင်းပခဲ့ကြသည်။ ဧရာဝတီမြစ်ကြီး မြန်မာနိုင်ငံ၏နှလုံးသား ဗဟိုချက်မှဖြတ်စီးနေသကဲ့သို့ပင် ဤလှုပ်ရှားမှု၏ဗဟိုချက်သည်က ချင်ပြည်နယ်နှင့်ပတ်သက်သည့် အရေးကိစ္စတစ်ရပ်အဖြစ်မှ မြန်မာတစ်မျိုးသားလုံး၏ အရေးကိစ္စတစ်ရပ် အဖြစ်ရောက်ရှိသွားခဲ့သည်။

ဆည်တည်ဆောက်မှုအား ၎င်း၏သမ္မတသက်တမ်းအတွင်း ယာယီရပ်ဆိုင်းထားရန်သမ္မတ၏ဆုံးဖြတ်ချက်အား အစိုးရအနေဖြင့်နောင်တွင်ပယ်ဖျက်ကောင်းကောင်းပယ်ဖျက်မည်ဟု သံသယရှိသူအချို့ကဆိုကြသော်လည်းသမ္မတ၏ဆုံးဖြတ်ချက်အားမြန်မာလူထုကကြိုဆိုခဲ့ကြသည်။ အခြားသူများအနေဖြင့်မူ ယခုကဲ့သို့ ရုတ်ချည်းဆောင်ရွက်ချက်သည် သမ္မတဦးသိန်းစိန်မိန့်ဆိုသကဲ့သို့ "ပြည်သူတွေရဲ့အသံများကိုနား ထောင်နေတာပါ" ဟူသည့်စကားနှင့်မည်သို့မျှမပတ်သက်ဘဲ 'တရုတ်ဖဲချပ်'နှင့်ပတ်သက်ပြီး တပ်မတော်အတွင်းသဘောထားကွဲလွဲမှု၏သင်္ကေတသာလျှင် ပိုဖြစ်နိုင်မည်ဟုယုံကြည်ကြသည်။[၁၂၀] တရုတ်အစိုးရအား ကြိုတင်အကြောင်းကြားမှုမရှိသည့်အတွက် အဆိုပါဆုံးဖြတ်ချက်သည်တရုတ်အစိုးရကို သိသိသာသာဘဝ မကျဖြစ်စေခဲ့သည်။ ယူနန်ပြည်နယ်အခြေစိုက်တရုတ်ပညာရှင်တစ်ဦးမှ "၁၉၈၈ ခုနှစ်ကတည်းကစပြီး အနောက်နိုင်ငံတွေရဲ့ စီးပွားရေးပိတ်ဆို့မှုတွေက [မြန်မာနိုင်ငံ]ကို တရုတ်နိုင်ငံဆီကို အတင်းအကျပ်တွန်းပို့လိုက်တာ။ အခုတော့အစိုးရက ကြားနေရေးနိုင်ငံခြားမူဝါဒဆီကိုပြန်သွားနေပြီလို့ ကျွန်တော်ထင်တယ်" ဟုဆိုသည်။ ၎င်းဆက်လက်ပြောဆိုရာတွင် "တရုတ်က[မြန်မာ]အတွက်တော့ အခုထိအရေးကြီးဆုံး မဟာမိတ်ဖြစ်နေတုန်းဘဲ။ အိမ်နီးချင်းလည်းဖြစ်ပြီး နယ်စပ်ချင်းလည်းထိနေတယ်။ တရုတ်ရဲ့ပမာဏများတဲ့ရင်းနှီးမြှုပ်နှံမှုတွေ၊ နိုင်ငံရေးအပြင်ယဉ်ကျေးမှုဆိုင်ရာလွှမ်းမိုးမှုတွေကလည်း နိုင်ငံအတွင်းမှာရှိနေတယ်။ အနာဂတ်မှာ [မြန်မာ] ကတရုတ်ပြည်နဲ့ခပ်ခွာခွာနေလိမ့်မယ်မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်။ ဒီစီမံကိန်းတွေကလည်း တရုတ်နိုင်ငံအကျိုးအတွက်ချည်းမဟုတ်ဘဲ [မြန်မာ]အတွက်လည်းပါပါတယ်" ဟုဆက်လက်၍ပြောကြားခဲ့သည်။[၁၂၁]

အစိုးရသစ်အနေဖြင့် တရုတ်နိုင်ငံအားမဟာဗျူဟာမြောက်မဟာမိတ်အဖြစ် မှီခိုနေရခြင်းအားလျော့ချလိုသည့်အချက်မှာ ရှင်းလင်းလှသည်။ ပြည်သူများမလိုလားသည့်မြစ်ဆုံဆည်အားယာယီဆိုင်းငံ့လိုက်ခြင်းသည် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အသိုင်းအဝိုင်းနှင့်အပြည်ပြည်ဆိုင်ရာဆက်ဆံရေးကို တိုးတက်ကောင်းမွန်စေလိုခြင်းဖြစ်ကြောင်းကို ပြည်တွင်း၌သာမကဘဲပြည်ပသို့ပါအချက်ပြလိုက်ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်အကုန်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်နှင့်ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဝီလီယမ်ဟေ့ဂ်အပါအဝင်အနောက်နိုင်ငံများမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များသည် မြန်မာအစိုးရသစ်နှင့်တွေ့ ဆုံရန်အတွက်နေပြည်တော်သို့လာရောက်လည်ပတ်ခဲ့ကြသည်။

# မြေ - အန္တိမနယ်ပယ်

## မြန်မာနိုင်ငံရှိစီးပွားရေးရာအသွင်ပြောင်းလဲမှု

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါများကြွယ်ဝသည်ဆိုသည့်အချက်မှာမှန်ကန်သော်လည်းနိုင်ငံမှာမူ အလွန်ဆင်းရဲလျက်ပင်ရှိနေသည်။ ဆယ်စုနှစ်ပေါင်းများစွာတိုင်အောင်ကြာရှည်သည့် ပြည်တွင်းစစ်နှင့် မှားယွင်းသောစီမံခန့်ခွဲမှုသည် ကမ္ဘာ့အကြီးဆုံးဆန်တင်ပို့ရောင်းချနိုင်သူအဖြစ်တည်ရှိခဲ့ဖူးသည့်နိုင်ငံအား စီးပွားရေးပြိုလဲမှုချောက်ကမ်းပါးနက်ကြီးအစွန်းဆီသို့ပို့ဆောင်ပေးခဲ့သည်။ လူဦးရေ၏အများစု ၈၀ ရာခိုင်နှုန်းသည်ကျေးလက်တောရွာတွင်နေထိုင်သူများဖြစ်ပြီး၊ ဝမ်းရေးဖူလုံရုံသာသာလူနေမှုအဆင့်တွင်ရှိကြသည်။ စိုက်ပျိုးရေးနှင့်ငါးလုပ်ငန်းများသည် တိုင်းပြည်၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးစုစုပေါင်း၏သုံးပုံတစ်ပုံခန့်ရှိသည်။[၁၂၂] မြန်မာနိုင်ငံ၏တရားဝင်အဓိကပြည်ပပို့ကုန်များမှာ ဆန်နှင့် ဆန်ထွက်ပစ္စည်း၊ ပဲမျိုးစုံ၊ သစ် (အထူးသဖြင့်ကျွန်းနှင့်အခြားသစ်မာ)၊ ကျောက်စိမ်းနှင့်အဖိုးတန်တွင်းထွက်များဖြစ်ကြသည်။ မူးယစ်ဆေးရောင်းဝယ်မှုနှင့်သစ်ထုတ်လုပ်ခြင်းများအပါအဝင် တရားမဝင် သို့မဟုတ် မှတ်ပုံတင်မထားသော ပို့ကုန်ဝင်ငွေများကလည်း ပမာဏများပြားလှသည်။ ဤအခြေအနေက မြန်မာပြည်သူအများစုမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တရားမဝင်စီးပွားရေးအပေါ်မှီခိုနေရသည့်အခြေအနေနှင့်ပူးပေါင်းကာ စီးပွားရေးပြိုလဲမသွားအောင်ထိထိရောက်ရောက်ကာကွယ်ပေးထားသည်။ မြန်မာနိုင်ငံသည်ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၏ လူ့ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများအောက်ဆုံးနားသာသာတွင်ရောက်ရှိနေပြီးတိုင်းရင်းသားလူနည်းစုများနေရာဒေသများကအဆိုးဆုံးဖြစ်နေသည်။ ဗဟိုအစိုးရအနေဖြင့် တိုင်းရင်းသားပြည်နယ်များမှ သဘာဝအရင်းအမြစ်များကိုထုတ်ယူပြီး ပြည်ပသို့ရောင်းချရန်သာစိတ်အားထက်သန်နေ သော်လည်းရရှိလာသည့်ဝင်ငွေကိုမူ ဝေးလံခေါင်ဖျားပြီးစစ်ဘေးစစ်ဒဏ်အား အလူးအလဲခံစားနေကြရသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းမရှိဟုတိုင်းရင်းသားလူနည်းစုခေါင်း ဆောင်များမှ မကျေမနပ်ပြောဆိုလျက်ရှိကြသည်။

လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်စုအတွင်း မုတ္တမပင်လယ်ကွေ့နှင့်ကပ္ပလီပင်လယ်ပြင်တို့တွင် အသစ်တွေ့ရှိခဲ့သည့် သဘာဝဓာတ်ငွေ့များတင်ပို့ရောင်းချခြင်းဖြင့် ပို့ကုန်ဝင်ငွေအမြောက်အများရရှိခဲ့သည်။ အစီရင်ခံစာတစ်ခု၏အဆိုအရ ယခင်တပ်မတော်အစိုးရသည် ဤစီမံကိန်းများမှဒေါ်လာငွေဘီလီယံပေါင်းများစွာ ဝင်ငွေရရှိခဲ့သည်။ သို့သော် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းဝင်ငွေများကိုရင်းနှီးမြှုပ်နှံခြင်းမပြုလုပ်ခဲ့ချေ။ ထို့အပြင် နိုင်ငံတော်ရသုံးမှန်းခြေဘတ်ဂျက်ငွေစာရင်းတွင်လည်း ရှင်းလင်းဖော်ပြထားခြင်းမရှိသေးချေ။[၁၂၃]

၂၀၀၀ ခုနှစ်နောက်ပိုင်းကာလများမှစတင်၍ မြန်မာ့စီးပွားရေးသည်သိသိသာသာပင်ပြောင်းလဲလာခဲ့သည်။ ဤကဲ့သို့ပြောင်းလဲလာရခြင်းမှာ ဒေသတွင်းစီးပွားရေးကဏ္ဍတွင်အရေးပါသူအဖြစ် ပိုမို၍တွင်တွင်ကျယ်ကျယ်ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာနိုင်ငံများ၏ဖိအားပေးမှုကြောင့် လွတ်လပ်သောစီးပွားရေးပြုပြင်ပြောင်းလဲမှုအချို့အား အရှိန်မြှင့်လုပ်ဆောင်လာခြင်းတစ်စိတ်တစ်ပိုင်းကြောင့်လည်းဖြစ်သည်။ ၂၀၀၈ ခုနှစ်၊ မေလတွင်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုံးနာဂစ်မုန်တိုင်းသည် ညံ့ဖျင်းလှသည့်ဆောင်ရွက်ဆဲစီးပွားရေးစနစ်တစ်ခုလုံးအားပြန်လည်ပြုပြင်ရေးအတွက် နိုင်ငံတော်အစိုးရခေါင်းဆောင်များအားအပြည်ပြည်ဆိုင်ရာအသိုင်းအဝန်းမှ ဝိုင်းဝန်းတိုးမြှင့်ဖိအားပေးလာစေရန်အလို့ငှာ ရှတ်တရက်တွန်းအားပေးခဲ့သည်။ အထီးကျန်စွာရပ်တည်နေလာခဲ့ရသော ဆယ်စုနှစ်များစွာအပြီးတွင်၊ တရုတ်နိုင်ငံနှင့်နီးကပ် စွာပူးပေါင်းဆောင်ရွက်နေသော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၊ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)၊ ကမ္ဘာ့ဘဏ်နှင့်

တကွ ကမ္ဘာ့ကုလသမဂ္ဂ (ယူအင်န်) တို့ကယခုကဲ့သို့ ဝရုန်းသုန်းကားနိုင်လှသောကာလမျိုးစတင်ချိန်၌ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆက်လက်တိုးမြင့်ဆောင်ရွက်လာစေရေးအတွက် နေရာအသီးသီးမှနေရာရယူကာဆောင်ရွက်ခဲ့ကြသည်။

၂၀၀၈ ခုနှစ်နှစ်လယ်တွင် ကမ္ဘာ့ရေနံဈေးများထိုးတက်သွားခဲ့ပြီး၊ စားသောက်ကုန်ဈေးနှုန်းကလည်း နောက်မှထပ်ချပ်မကွာတက်သွားခဲ့သည်။ အာရှဆန်စပါးဈေးကွက်ပျက်သုန်းသွားခဲ့ရပြီး၊ ဒေသတွင်းဆန်အိုးကြီးအဖြစ်ဆန်စပါးဝယ်ယူသည့်နိုင်ငံများအားဆွဲဆောင်နိုင်ခဲ့သည့် မြန်မာနိုင်ငံ၏ယခင်ကအခန်းကဏ္ဍသည် ဆိုင်ကလုန်းမုန်တိုင်း၏ဖျက်ဆီးမှုကြောင့်အကန့်အသတ်အဖြစ်နှင့်သာတည်ရှိခဲ့ရတော့သည်။ ၂၀၀၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်း၏ခြောက်လှန့်မှုနှင့် မြန်မာနိုင်ငံ၏တဖြည်းဖြည်းချင်းပွင့်လင်းလာနေသော စီးပွားရေးအခြေအနေများကနိုင်ငံတွင်းနှင့်ဒေသတွင်းရှိအကျိုးစီးပွားအသစ်တည်ရှိရာမြန်မာနိုင်ငံအား ခေတ်မီလယ်ယာစိုက်ပျိုးရေး ဆိုင်ရာထုတ်ကုန်တင်ပို့သောနိုင်ငံအဖြစ် နေရာအဖြစ်လှို့ဆော်ပေးခဲ့သည်။ ဥပမာအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှု ရေးကော်မရှင် (ယူအင်န်အက်စကက်ပ်) ၏ မြန်မာနိုင်ငံအခန်းတွင် စားနပ်ရိက္ခာဖူလုံရေးဦးတည်ချက်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်ဖိုရမ်ဆွေးနွေးပွဲအောက်တွင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကိုစတင်ဖွဲ့စည်း ထားရှိခဲ့သည်။ ယူအင်န်အက်စကက်ပ် ဆိုင်ရာမြန်မာဘက်မှအဓိကတာဝန်ယူရသူလည်းဖြစ်၊ စိုက်ပျိုးစီးပွားအတိုင်ပင်ခံပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်သူက "ကျွန်တော်တို့မြန်မာနိုင်ငံဟာစိုက်ပျိုးရေးထွက်ကုန်တွေနဲ့ ကျွန်တော်တို့အားလုံးအတွက်ဖူလုံမှုရှိတယ်။ စိုက်ပျိုးရေးထွက်ကုန်တွေနဲ့ စားနပ်ရိက္ခာတွေပိုလျှံနေတဲ့နိုင်ငံတစ်နိုင်ငံဖြစ်တယ်" ဟု ကြေငြာပြောဆိုသည်။[၁၂၄] ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံခြားရေးဝန်ကြီးမှ အာဆီယံဒေသအတွက် စိုက်ပျိုးရေးထွက်ကုန်များကိုပံ့ပိုးတင်ပို့ရန်အဆင်သင့်ဖြစ်နေသော စားနပ်ရိက္ခာဖူလုံမှုရှိသည့်နိုင်ငံဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။[၁၂၅] လက်ရှိနှင့်နောင်လာမည့်အနာဂတ်ကာလ စားနပ်ရိက္ခာအကျပ်အတည်းကာလများအတွင်း အိမ်နီးချင်းအာရှနိုင်ငံများသို့ကူညီပေးနိုင်ရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းထုတ်လုပ်မှုအား မြှင့်တင်ရန်အတွက်မြန်မာနိုင်ငံအား လမ်းညွှန်မှုပြုနေသည်ဟု မြန်မာနိုင်ငံရှိယူအင်န်အက်စကက်ပ်၏ မြန်မာလူမျိုးအကြီးအကဲဖြစ်သူက အတည်ပြုပြောဆိုခဲ့သည်။ ၂၀၁၀ ခုနှစ်နှစ်လယ်တွင် ယူအင်န်အက်စ်ကက်ပ်မှဦးဆောင်၍ တပ်မတော်နှင့်အစိုးရခေါင်းဆောင်များသာမက ကမ္ဘာ့ကုလသမဂ္ဂကိုယ်စားလှယ်များပါ ပါဝင်ကြသော ပထမအကြိမ်အစည်းအဝေးကိုနေပြည်တော်တွင် စီစဉ်ကျင်းပခဲ့ကြပြီး၊ မြန်မာနိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ယခင်ကမ္ဘာ့ဘဏ်အကြီးအကဲဖြစ်သူဂျိုးဇက်ဖ်စတစ်ဂ်လစ်ဇ်ကအဓိကဟောပြောသူအဖြစ်ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ဘဏ်ကိုဝေဖန်မှုကြောင့်လူသိများသည့်စတစ်ဂ်လစ်ဇ်အပါအဝင် ပါဝင်ဆွေးနွေးသူများနှင့်အဖွဲ့အစည်းများက ကျေးလက် ဒေသဆင်းရဲနွမ်းပါးမှုအားဖြေရှင်းနိုင်ရန် ပုဂ္ဂလိကမြေယာပိုင်ဆိုင်မှုစနစ်များနှင့် လွတ်လပ်သောစီးပွားရေး ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရန်တိုက်တွန်းအားပေးခဲ့ကြသည်။

မြန်မာနိုင်ငံအစိုးရအဖွဲ့သစ်အနေဖြင့်လည်း ရောထွေးနေသောသတင်းစကားများနှင့်အတူ စီးပွားရေးပြု ပြင်ပြောင်းလဲ မှုပုံစံအချို့ကို စတင်ဆောင်ရွက်ခဲ့သည်။ သမ္မတက စီးပွားရေးအကြံပေးအဖွဲ့တစ်ဖွဲ့အား ဖွဲ့စည်းခန့်အပ်ခဲ့ပြီး၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းပပျောက်ရေး အလုပ်ရုံဆွေးနွေးပွဲများကျင်းပခဲ့ရုံသာမက၊ ငွေလဲနှုန်းပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကြံဉာဏ်များရရှိနိုင်ရန် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ အိုင်အမ်မ်အက်ဖ်ကိုလည်း ဖိတ်ကြားခဲ့သည်။ သို့သော် မြန်မာပြည်သူအများစုအားအကျိုးအရှိဆုံးဖြစ်စေမည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုပုံစံအမျိုးအစားများအား သေချာစွာဆန်းစစ်လေ့လာတွက်ချက်ရန်လိုအပ်နေသေးသည်။ နိုင်ငံလူဦးရေ၏လေးပုံသုံးပုံသည် ဝမ်းစာဖူလုံရေးအတွက် မြေယာအပေါ်တွင်မှီခိုနေကြရသောကျေးလက်နေတောင်သူလယ်သမားများဖြစ်ကြသည်။[၁၂၆] ကျေးလက်နှင့်မြို့ပြများတွင်ယခင် လယ်

လုပ်သူများအတွက် လယ်ယာနှင့်သက်ဆိုင်သော သို့မဟုတ် သက်ဆိုင်ခြင်းမရှိသောအလုပ်အကိုင် အခွင့်အလမ်းရွေးချယ်စရာများအနည်းငယ်မျှသာလျှင်ရှိသည်။

ဤပြည်တွင်း၊ ပြည်ပလုပ်ငန်းစဉ်များနှင့်အကျိုးစီးပွားများအားလုံးတို့သည် မြေယာများအား ပုဂ္ဂလိကပိုင်ကုန်ပစ္စည်းအဖြစ်သို့ပြောင်းလဲပြီး၊ လွတ်လပ်သောစီးပွားရေးပုံစံဖော်ဆောင်ရေးအတွက် တက်ညီလက်ညီဆောင်ရွက်ရေးဆီသို့ဦးတည်ခဲ့သည်။ ဤလုပ်ဆောင်မှုသည်မြန်မာပြည်သူအများစုအတွက် ကြီးမားလှသည့် နောက်ဆက်တွဲအကျိုးဆက်များကိုဖြစ်ပေါ်စေမည်ဖြစ်သည်။

## မြေယာဖွံ့ဖြိုးတိုးတက်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဥပဒေများ

၁၉၈၈ ခုနှစ် ဒီမိုကရေစီရေးလှုပ်ရှားမှုအားဖြိုခွင်းမှုအပြီးတွင် တပ်မတော်ခေါင်းဆောင်များသည် ကန့်သတ်ချက်ရှိသောတံခါးပိတ် 'ဆိုရှယ်လစ်' စီးပွားရေးမူဝါဒများမှလမ်းခွဲထွက်ပြီး၊ ပိုမိုပွင့်လင်းသောဈေးကွက်စီးပွားရေးစနစ်ဆီသို့ ဦးတည်သောဥပဒေများနှင့်မူဝါဒသစ်များကိုချမှတ်ကျင့်သုံးခဲ့သည်။ အစိုးရမှ အသုံးပြုလေ့မရှိသည့်အတွက်ကြောင့် မကြာသေးမီကာလအထိ အတော်ပင်လူသိနည်းနေသေးသည့် အရေးပါသည့်ဥပဒေတစ်ရပ်ကိုလည်း ချမှတ်ခဲ့ဖူးသည်။ သို့သော် ၁၉၉၁ ခုနှစ်၊ ထွန်ယက်စိုက်ပျိုးနိုင်သော မြေ၊ ပလပ်မြေနှင့်မြေလွတ်မြေရိုင်းစီမံခန့်ခွဲမှုဆိုင်ရာဗဟိုကော်မတီ၏ ပြဋ္ဌာန်းချက်ဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များဆိုင်ရာဥပဒေ (ဤမှနောင်တွင် မြေလွတ်၊မြေရိုင်းများဥပဒေဟုဆိုမည်) သည်မြေယာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကြောင့် မကြာမီကမှထင်ရှားလာခဲ့ရသည်။ ဒေသခံများအနေဖြင့် ကိုယ်တိုင်စိုက်ပျိုးထွန်ယက်လုပ်ကိုင်နေသည့်တိုင်အောင် မြေယာပိုင်ဆိုင်ခွင့်မရှိသော 'မြေလွတ်မြေရိုင်းများ'ဟု အဓိပ္ပါယ် သတ်မှတ်ထားရှိသည့် မြေယာအမြောက်အများကိုနေရာခွဲဝေချထားနိုင်ရန် အစိုးရအားတရားဝင်အခွင့်အာဏာအပ်နှင်းခဲ့သောဥပဒေဖြစ်သည်။ မြေလွတ်၊မြေရိုင်းများနှင့်ပလပ်မြေဟုခေါ်ကြသည့် ဤမြေယာများကို ဒေသခံအိမ်ထောင်စုများမှ ဆက်လက်ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ခြင်းထက်၊ ပုဂ္ဂလိကဏ္ဍကုမ္ပဏီအဖွဲ့အစည်းများကသာလျှင် လုပ်ကိုင်ဆောင်ရွက်ကြတော့မည်ဖြစ်သည်။ မြေယာခွဲဝေချထားမှုအားကြီးကြပ်နိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်အာဏာပိုင်များပါဝင်ကြသည့် စိုက်ပျိုးမြေ၊ ပလပ်မြေနှင့်မြေလွတ်၊ မြေရိုင်းစီမံခန့်ခွဲမှုဗဟိုကော်မတီ (မြေယာစီမံခန့်ခွဲမှုကော်မတီဟုလည်းခေါ်ကြသည်) ကိုဖွဲ့စည်းခဲ့သည်။ မြန်မာအစိုးရဖြစ်စေ သို့မဟုတ် နိုင်ငံတော်အာဏာပိုင်ဖြစ်စေ မည်သူမဆိုသည်မြန်မာနိုင်ငံအတွင်း မည်သည့်ဖွံ့ဖြိုးတိုးတက်မှုအမျိုးအစားတစ်စုံတစ်ရာအတွက်ကိုမဆို တောင်ပေါ်ဒေသ မြေယာများနှင့်ပတ်သက်၍စနစ်တကျဦးတည်ရည်မှန်းထားခဲ့ကြောင်း နိုင်ငံ့သမိုင်းရာဇဝင်တစ်လျှောက်တွင် ပထမဆုံးအကြိမ်အဖြစ်ဤဥပဒေကအမှတ်အသားပြုလျက်ရှိသည်။

အဆိုပါ ၁၉၉၁ ခုနှစ်၊ မြေလွတ်၊မြေရိုင်းများဥပဒေအရ နှစ်ရှည်စက်မှုသီးနှံစိုက်ပျိုးရေးအတွက် ပုဂ္ဂလိက လုပ်ငန်းတစ်ခုအား ပထမဆုံးအနေဖြင့်မြေ ၂,၀၀၀ ဟက်တာအပြင်နောက်ထပ်ချထားသောမြေ စုစုပေါင်း မြေ ၂၀,၀၀၀ ဟက်တာအထိအား အများဆုံးနှစ်ပေါင်း ၃၀ ငှားရမ်းခွင့်ပြုနိုင်သည်။ အဆိုပါဥပဒေအရ အငှားချထားခြင်းခံရသူပုဂ္ဂလိကလုပ်ငန်းရှင်သည် ထွက်ရှိသောသီးနှံ၏ ၅၀ ရာခိုင်နှုန်းကိုပြည်ပသို့ တင်ပို့ရောင်းချပြီး၊ ကျန်သီးနှံများကို ပြည်တွင်းဈေးကွက်၌ရောင်းချနိုင်ခွင့်ရှိသည်။ သို့သော် တပ်မတော်ထိပ်တန်းအာဏာပိုင်များနှင့်အဆက်အသွယ်ရှိကြသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီအနည်းစုက ဤဥပဒေများကိုလိုက်နာခြင်းမရှိသည့်အပြင် ပိုမိုကျယ်ပြန့်သောလုပ်ပိုင်ခွင့်နယ်မြေများကိုရရှိကြပြီး၊ သီးနှံထွက်ရှိမှု၏သတ်မှတ်ရာခိုင်နှုန်းထက် ပိုမိုများပြားစွာပင်ပြည်ပသို့တင်ပို့လျက်ရှိကြသည်။ ဥပမာ ဟူးကောင်းချိုင့်ဝှမ်းဒေသရှိဦးဌေးမြင့်ပိုင်ယုဇနကုမ္ပဏီ၏လုပ်ပိုင်ခွင့် (ကချင်ပြည်နယ်အခန်းကိုကြည့်ပါ) နှင့် ရခိုင်ပြည်နယ်ရှိ ဗီယက်နမ်ရာ

ဘာလုပ်ငန်းလုပ်ပိုင်ခွင့်များသည် လုပ်ငန်းတစ်ခုချင်းစီအရ ဟက်တာ ၄၀,၀၀၀ ကျော်စီရှိသည့်လုပ်ပိုင်ခွင့်သာဓကနှစ်ခုဖြစ်ပြီးသတ်မှတ်ခွင့်ပြုထားသည့်စုစုပေါင်းခွဲဝေပေးနိုင်သည့် မြေအကျယ်အဝန်းပမာဏထက်နှစ်ဆကျော်ပင်ရှိနေသည်။ ထို့အပြင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများနှင့်မြန်မာစီးပွားရေးသမားများသည်မြေအငှားချထားမှုကာလအား စုစုပေါင်းနှစ် ၉၀ အထိတိုးမြှင့်ပေးရန် အစိုးရခေါင်းဆောင်များကို တိုက်တွန်းလျက်ရှိကြသည်။

မြေလွတ်၊မြေရိုင်းများဥပဒေအရ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ငန်းပမာဏသေးလျှင် အစိုးရထံမှမြေငှားရမ်းခွင့်ရှိသော်လည်း၊ ၁၉၆၃ ခုနှစ် လယ်သမားအခွင့်အရေးများအားကာကွယ်သည့်ဥပဒေ (ဆိုရှယ်လစ်ကာလမှယနေ့တိုင်အသက်ဝင်နေဆဲ) သည် လယ်သမားတစ်ဦး၏မြေယာကိုသိမ်းယူခြင်းမှ ကာကွယ်ပေးထားသည်။ ထို့အပြင်မရွှေ့ပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းအား ထိန်းချုပ်ကန့်သတ်သည့်ဥပဒေ (၂၀၀၅ ခုနှစ်) သည် မြေယာကို ရာနှုန်းပြည့်နိုင်ငံခြားသားပိုင်ဆိုင်သည့်လုပ်ငန်းတစ်ခုထံသို့ သတ်မှတ်ချထားပေးခြင်းကို တရားဥပဒေနှင့်မညီဟု သတ်မှတ်ထားခဲ့သည်။ သို့သော် မကြာသေးမီကာလကပင် နိုင်ငံခေါင်းဆောင်များသည် ရာခိုင်နှုန်းပြည့် နိုင်ငံခြားသားပိုင်မြေယာလုပ်ပိုင်ခွင့် (နောက် ထပ်အနှစ် ၃၀ ထပ်မံတိုးမြှင့်ပေးနိုင်ဖွယ်ရှိသော) အဖြစ်မြေငှားရမ်းနိုင်ရန် ရာခိုင်နှုန်းပြည့်နိုင်ငံခြားသားမှငှားရမ်းသောလုပ်ပိုင်ခွင့်များအတွက် သဘောတူညီချက်ချုပ်ဆိုခဲ့ကြသော တရုတ်ကုမ္ပဏီအနည်းငယ်နှင့်တကွ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအားတရားဝင်သဘောမျိုးမဟုတ်ဘဲ အလွတ်သဘောခွင့် ပြုချက်ပေးခဲ့ကြသည်။

နိုင်ငံခြားဖက်စပ်လုပ်ငန်းများအပြင် ရာနှုန်းပြည့်နိုင်ငံခြားသားကိုယ်တိုင်စီမံဆောင်ရွက်သည့် လုပ်ငန်းများကိုပါ လမ်းညွှန်မှုပေးသောနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားဘက်မှရင်းနှီးမြှုပ်နှံမှု၏တန်ဖိုးသည် ရင်းနှီးမြှုပ်မှုရှယ်ယာတန်ဖိုးစုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းအနည်းဆုံးရှိရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။ မက်မောလောက်စရာအခွန်ဆိုင်ရာ မက်လုံးများနှင့် ထောက်ပံ့မှုများကိုလည်း ဥပဒေ၏အောက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက်ထည့်သွင်းထားသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) အားမြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထပ်မံအတည်ပြုရပြီး အချို့ကိစ္စရပ်များတွင်မူ နိုင်ငံအတွင်းရင်းနှီးမြှုပ်နှံမှုအတွက်ခွင့်ပြုချက်ပေးရာတွင် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့်ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံရေးကြီးကြပ်မှုကော်မတီ (ကုန်သွယ်ရေးကောင်စီအားအစားထိုးဖွဲ့စည်ထားသည်) မှအတည်ပြုရသည်။ အဆိုပါကော်မတီတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးမှ တွဲဘက်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ သို့သော် မကြာသေးမီကရွေးချယ်ခံထားရသောဒုတိယသမ္မတ ဦးတင်အောင်မြင့်ဦးမှကော်မရှင်အပေါ်ပိုပြီးသြဇာညောင်းသည်ဟုဆိုကြသည်။

ဤဥပဒေခွင့်ပြုချက်များဖြင့် နိုင်ငံတွင်းသယံဇာတထုတ်ယူသုံးစွဲရေးကဏ္ဍများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုကြိုဆိုထားသော်လည်း စိတ်ပျက်စရာကန့်သတ်မှု စိန်ခေါ်မှုကိစ္စရပ်များစွာကြောင့် ရာနှုန်းပြည့်နိုင်ငံခြားသားပိုင်စိုက်ပျိုးရေးလုပ်ငန်းများရှားပါးလျက်ရှိနေဆဲပင်ဖြစ်သည်။ ဤကိစ္စရပ်များထဲတွင်ဖက် စပ်လုပ်ငန်း သို့မဟုတ် မြေယာအားလုံးအားငှားရမ်းလုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားပိုင်လုပ်ငန်းများနှင့်နှိုင်းယှဉ်လျှင် အခွန်စည်းကြပ်မှုနှင့်အဖိုးအခများပိုမိုမြင့်မားနေပြီး၊ လက်တွေ့တွင်လည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွက် နှောင့်နေးကြန့်ကြာလွန်းလှသည့် ခွင့်ပြုချက်များရရှိရန် အဆင့်ဆင့်တံစိုးလက်ဆောင်များပေးရန် ပိုမိုလိုအပ်သောကြောင့်ဖြစ်သည်။ ဤအကြောင်းအရာများကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်နိုင်ငံခြားမှရင်းနှီးမြှုပ်နှံသူများ၊ အထူးသဖြင့်မြန်မာပြည်မြောက်ပိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစည်းမျဉ်းစည်းကမ်းများအားရှောင်ရှားရန်နှင့် ဗဟိုအစိုးရမှသတိမမူမိစေရန်အတွက်ဒေသခံလုပ်ဖော်ကိုင်ဖက်မှတစ်ဆင့် ရင်းနှီးဆောင်ရွက်ရန်ရွေးချယ်ကြရသည်။ သို့သော် မြန်မာအစိုးရသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား တရားဝင်နည်းလမ်းတကျပိုမိုဆွဲဆောင်နိုင်ရန် မျှော်လင့်လျက်ရှိနေပြီး ၁၀၀

ရခိုင်နှုန်းပြည့်နိုင်ငံခြားသားလုပ်ပိုင်ခွင့်ပြုနိုင်ရေး တရားဝင်ခွင့်ပြုနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအား ပြင်ဆင်ရန် မျှော်လင့်ထားကြသည်။ အဆိုပါနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသက်ဝင်မလာမီ အချိန်ကာလမတိုင်မီမှာပင် နိုင်ငံခြားသား ပိုင်စိုက်ပျိုးရေးလုပ်ပိုင်ခွင့်အချို့ကိုချထားပေးခဲ့ကြပြီးဖြစ်သည်။ ယခုကဲ့သို့ကြုံတွေ့နေရသည်မှာ လယ်ယာစိုက်ပျိုးရေး ကဏ္ဍအတွင်း တရားဝင်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ ပုံသဏ္ဍာန်အသွင်သစ်တစ်ခုစတင်နေခြင်း ဖြစ်နိုင်ပြီး ၊မြေယာဥပဒေသစ်အား အတည်ပြုချက်ရနိုင်ရန်ကြန့်ကြာနေမှုသည် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ပို၍ပင်အထောက်အပံ့ဖြစ်ထွန်းစေမည်ဖြစ်သည်။

မြန်မာ့ဆိုရှယ်လစ်ခေတ်ကာလကတည်းက တစ်ပိုင်တစ်နိုင်မြေငှားချစိုက်ပျိုးလုပ်ကိုင်ကြသော လယ်သမားများကိုအ ထောက်အကူဖြစ်စေသည့်ဥပဒေများ သို့မဟုတ် မူဝါဒများကိုချမှတ်ခဲ့ခြင်းမရှိခဲ့ချေ။ ၁၉၈၈ ခုနှစ် အလွန် ဈေးကွက်စီးပွား ရေးစနစ်သို့ကူးပြောင်းမှုသည်လည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးလုပ်ကိုင်ကြသော လယ်သမားများထက် မြေယာအသုံးပြုမှု ဆိုင်ရာဥပဒေများကို ပုံဖော်ဆောင်ရွက်ပေးသည့်ပုံစံမျိုးဖြင့်ရင်းနှီး မြှုပ်နှံသူလုပ်ငန်းရှင်ကြီးများအား အခွင့်အလမ်းများ ရရှိစေခြင်းအားဖြင့်အသာစီးရရှိစေခဲ့သည်။ တစ်ပိုင်တစ် နိုင်စိုက်ပျိုးလုပ်ကိုင်နေကြသည့် လယ်သမားများကြုံတွေ့နေကြ ရသော ဤစိန်ခေါ်မှုများနှင့်ပတ်သက်၍ မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍသုံးသပ်မှုအစီရင်ခံစာတစ်စောင်က အချုပ် အားဖြင့်တင်ပြရာတွင် "ကျေးလက်စိုက်ပျိုးမြေပိုင်ဆိုင်မှုကို နိုင်ငံတော်၏လက်ဝယ်တွင်အပ်နှင်းထားပြီး၊ လယ်ယာစိုက်ပျိုး ခွင့်မှာလည်း ကျေးရွာအဆင့်မြေယာကော်မတီမှတစ်ဆင့် ယင်းထက်အဆင့်မြင့်သော မြေယာကော်မတီများ၏ သဘော တူညီချက်အရသာခွင့်ပြုနိုင်သည်။ ပုံမှန်အခြေအနေများတွင် မြေယာအား ကျေးလက်စိုက်ပျိုးရေးထောက်ပံ့ငွေရရှိရန်အ တွက်အပေါင်ခံပစ္စည်းအဖြစ်အသုံးမပြုနိုင်ချေ။ ထို့အပြင် လူတစ်ဦးမှအခြားတစ်ဦးသို့မြေယာ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို လည်း ဥပဒေဆိုင်ရာတရားဝင်အကြောင်းခံထားခြင်းမရှိချေ" ဟုလည်းဖော်ပြထားသည်။[၁၂၇] ထိုအစား အစိုးရနှင့်နီးကပ် သည့်အဆက်အသွယ်ရှိကြသော နိုင်ငံတွင်းရှိစီးပွားရေးလုပ်ငန်းစုကြီးများအားအကျိုးရှိစေသည့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး မူဝါဒများကိုသာလျှင်ချမှတ်ခဲ့ကြသည်။ ထို့အပြင် အစဉ်အလာအရစိုက်ပျိုးလုပ်ကိုင်နေကြသော်လည်း မြေယာပိုင်ဆိုင် ခွင့်မရှိသည့်လယ်မြေမှ ၁၉၉၁ ခုနှစ် မြေလွတ်၊မြေရိုင်းများဥပဒေမှထောက်ကူပေးထားသည့် ပုဂ္ဂလိကမြေယာရင်း နှီးမြှုပ်နှံမှုကြောင့် နှင်ထုတ်ခံကြရသည့်လယ်သမားများ၏အခြေအနေကို နည်းလမ်းတကျထိန်းကျောင်းပေးနိုင်မည့် သို့မ ဟုတ် စောင့်ကြည့်လေ့လာနိုင်မည့်မူဝါဒတစ်စုံတစ်ရာကိုမျှချမှတ်ခဲ့ခြင်းမရှိချေ။

## မြေယာပြုပြင်ပြောင်းလဲမှု၏အနာဂတ်

နိုင်ငံတော်၊ ကျေးလက်လူထုရပ်ရွာများနှင့် အထူးသဖြင့် လုပ်ကွက်ကျဉ်းလယ်သမားများအတွက် ယခုအ ချိန်ကာလသည် ဖွံ့ဖြိုးတိုးတက်မှုအားရွေးချယ်ဆုံးဖြတ်ရမည့်လမ်းများ ပေါင်းဆုံရာနေရာတွင်ရောက်ရှိနေကြသည်။ ယခုအစီရင်ခံစာ ထုတ်ပြန်သည့် ၂၀၁၂ ခုနှစ်အစောပိုင်းတွင် အငြင်းပွားဖွယ်မြေယာဥပဒေအပြင် လယ်ယာမြေဥပဒေသစ်ကို မြန် မာနိုင်ငံအမျိုးသားလွှတ်တော်မှ အပြီးသတ်အတည်ပြုချမှတ်တော့မည်ဖြစ်သည်။ ဤဥပဒေသစ်များပြဋ္ဌာန်းနိုင်ရေးသည် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းအား လက်ဝါးကြီးအုပ်လုပ်ကိုင်နေသော ယုဇနကုမ္ပဏီပိုင်ရှင်လည်းဖြစ်၊ အသစ်ရွေးချယ် တင်မြှောက်ခံထားရသောလွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်သည့် ဦးဌေးမြင့်ဦးဆောင်သည့် စိုက်ပျိုးစီးပွားလုပ်ငန်း၌ အပြိုင်အဆိုင်လုပ်ကိုင်နေကြသော စီးပွားရေးလုပ်ငန်းရှင်တစ်ပိုင်း နိုင်ငံရေးသမားတစ်ပိုင်းဖြစ်ကြသူများကတစ်ဘက်၊ တိုင်းရင်းသားလူမျိုးစုနိုင်ငံရေးပါတီများကိုကိုယ်စားပြုသော လက်တစ်ဆုပ်စာခေါင်းဆောင်များကတစ် ဘက်နှင့်လွှတ် တော်အတွင်း သူနိုင်ကိုယ်နိုင်အပြိုင် စကားနိုင်လုငြင်းခုံနေရသောကြောင့် နှောင့်နှေးလျက်ရှိသည်။ လယ်ယာမြေဥပဒေ သည်လယ်လုပ်ပိုင်ခွင့်လွှဲပြောင်းခွင့်နှင့် ရောင်းချပိုင်ခွင့်တို့အပေါ်တွင် စကား စစ်ထိုးငြင်းခုံနေရသဖြင့်ရပ်တန့်နေရသည်။

အစိုးရအနေဖြင့် ရပ်ရွာအတွင်းမြေယာလုပ်ပိုင်ခွင့်အား တရားမဝင်လက်ပြောင်းလက်လွှဲပြုလုပ်နေမှုအား တရားဝင်လွှဲပြောင်းခွင့်ပေးခြင်းအားဖြင့် နည်းလမ်းတကျပြုလုပ်ရန်ဆန္ဒရှိနေသည်။ နိုင်ငံတွင်း ပုဂ္ဂလိကမြေယာအများဆုံးပိုင်ဆိုင်သူ (ခန့်မှန်း ၂၈၀,၀၀၀ ဟက်တာ) ဦးဌေးမြင့်နှင့်တကွ ၎င်း၏နိုင်ငံရေးမိတ် ဖက်အပေါင်းအပါများ၏ အငြင်းပွားဖွယ်ရာတန်ပြန်အဆိုပြုချက်မှာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများနှင့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းများ (အိုင်အက်ဖ်အိုင်) တို့ကမြန်မာနိုင်ငံအတွင်း စိတ်ပါဝင်စားသည့်အချက်ဖြစ်သည့် မြေယာပိုင်ဆိုင်မှုအားလွှဲပြောင်းရောင်းချခွင့်ရရှိရေးပင်ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံတော်မှပိုင်ဆိုင်နေသေးသော်လည်း ၎င်းမြေယာပိုင်ဆိုင်မှုအခွင့်များကိုမူ ဈေးကွက်ပေါက်ဈေးဖြင့်ရောင်းဝယ်ကြခြင်းအားဖြင့် မြေယာများသည်ရောင်းဝယ်ဖလှယ်နိုင်သော ကုန်ပစ္စည်းဖြစ်လာတော့မည်ဖြစ်သည်။

ကမ္ဘာ့ဘဏ်နှင့်အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) တို့က အားပေးနှစ်သက်တိုက်တွန်းလှုံ့ဆော်သည့်မူဝါဒများနှင့်ကိုက်ညီမှုရှိသော ဤမြေယာပြုပြင်ပြောင်းလဲမှုအမျိုးအစားသည် မူဝါများချမှတ်ရာတွင် အခွင့်အလမ်းနှင့်စိန်ခေါ်မှုများကိုဖန်တီးပေးလျက်နေသော်ငြားလည်း လုပ်ကွက်ကျဉ်းလယ်သမားများကိုမူ အလွန်ပင်ထိခိုက်လွယ်စေသည်။ ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်များ၊ အကာအကွယ်ပေးခြင်းများနှင့် ချေးငွေအကူအညီများမပါရှိဘဲ တစ်သီးပုဂ္ဂလိကမြေယာလုပ်ပိုင်ခွင့်ဖော်ဆောင်ပေးရန်ကြိုးစားခြင်းသည် စီးပွားရေးတိုးတက်မှု၊ စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအပေါ်ဆိုးကျိုးများသာကျရောက်စေကာ လယ်သမားများ၏မြေယာလုပ်ပိုင်ခွင့်ကိုထိခိုက်ယုတ်လျော့စေလိမ့်မည်ဟု အချို့လေ့လာမှုများမှသက်သေညွှန်ပြနေသည်။[၁၂၈] ခိုင်မာသောမြေယာအုပ်ချုပ်မှုအဖွဲ့အစည်းများနှင့် သင့်တော်လုံလောက်သော စိုက်ပျိုးရေးဆိုင်ရာချေးငွေစနစ်များမရှိသေးသောကြောင့် ဤအခြေအနေသည် လုပ်ကွက်ကျဉ်းလယ်သမားများအတွက် လယ်ယာမြေဆုံးရှုံးနိုင်ချေပိုမိုတိုးပွားလာစေပြီး ၊မြေယာမဲ့မှုများအားပိုမိုဆိုးရွားတိုးပွားလာစေနိုင်သည်သာမက လယ်ယာလုပ်ငန်းခွင်တွင်း သို့မဟုတ် လယ်ယာလုပ်ငန်းခွင်ပြင်ပအလုပ်လက်မဲ့ဖြစ်မှုများ ကို များပြားလာစေမည်ဖြစ်သည်။ မြေလွတ်၊ မြေရိုင်းများဥပဒေသည် လုပ်ကွက်ကျဉ်းလယ်သမားများအား အကာအကွယ်ပေးခဲ့သော ၁၉၆၃ ခုနှစ်လယ်သမားအခွင့်အရေးများအားကာကွယ်သည့်ဥပဒေအပါအဝင် ယခင်ဥပဒေပြဌာန်းချက်လေးခုကို ပျက်ပြယ်စေမည်ဖြစ်သည်။

ဤသည်မှာ လွန်ခဲ့သောဆယ်စုနှစ်ကာလအတွင်း မြန်မာစီးပွားရေးလုပ်ငန်းရှင်များအား အခမဲ့နီးပါးဈေး နှုန်းဖြင့်ချထားပေးခဲ့သည့် များပြားလှသောမြေယာလုပ်ပိုင်ခွင့်များအား အမြတ်များစွာဖြင့်ရင်းနှီးမြှုပ်နှံသူ များအားရောင်းချနိုင်သည်ဟုအဓိပ္ပါယ်သက်ရောက်သည်။ လယ်ယာဥပဒေသည် မြေယာအား ရောင်းဝယ် ဖလှယ်နိုင်သောကုန်ပစ္စည်းတစ်ခုဖြစ်လာစေပြီး မြေလွတ်၊မြေရိုင်းများဥပဒေအနေဖြင့် စက်မှုလယ်ယာဖွံ့ဖြိုး တိုးတက်မှုကိုနောက်ထပ်အထောက်အပံ့ပြုနေသဖြင့် ယင်းဥပဒေနှစ်ရပ်စလုံးသည် တစ်ခုနှင့်တစ်ခုအပြန်အလှန်အားဖြင့်အထောက်အကူပြုနေကြကြောင်း မြန်မာ့စိုက်ပျိုးစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ရှင်းလင်းပြောကြားခဲ့သည်။[၁၂၉] မြေလွတ်၊ မြေရိုင်းများဥပဒေသည် စီးပွားရေးသမားများအား မြေဟက်တာပေါင်း ထောင်သောင်းချီရရှိစေရန်ခွင့်ပြုထားပြီး၊ လယ်ယာဥပဒေသည် ၎င်းချထားပေးသောမြေယာများအား မြေယာအသုံးချခွင့်အားရောင်းချခြင်းဖြင့် ငွေကြေးအဖြစ်ပြောင်းလဲရရှိနိုင်ရန်ခွင့်ပြုထားသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဥပဒေအတွက်ဖြစ်နိုင်ချေရှိသော ပြင်ဆင်မှုအပြောင်းအလဲများကိုအတည်ပြုချက်ရရှိရန်ဆိုင်းငံ့ကြန့်ကြာနေချိန်အတောအတွင်း ဤဥပဒေတွင် ၁၀၀ ရာခိုင်နှုန်းနိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြေယာအသုံးချခွင့်ကို တရားဝင်ရောင်းချနိုင်ခွင့်ကိုပင်ပါဝင်ထည့်သွင်းဖော်ပြထားနိုင်သည်။ လုပ်ပိုင်ခွင့်များသည် မြေဈေးကစားရန်သက်သက်အတွက်သာလျှင် မြေယာလုပ်ပိုင်ခွင့်ရယူခဲ့ခြင်းဖြစ်ကြောင်း ရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်ခြင်း

မရှိခဲ့သည့် စိုက်ပျိုးရေးလုပ်ပိုင်ခွင့်များကသက်သေပြလျက်ရှိနေသည်။ စိုက်ပျိုးရေးဌာနတစ်ခုမှ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်တစ်ဦး၏အဆိုအရ စုစုပေါင်းစိုက်ပျိုးရေးလုပ်ပိုင်ခွင့်၏ ၂၀ ရာခိုင်နှုန်းလောက်ကိုသာလျှင် အမှန်တကယ်စိုက်ပျိုးနေသည်။[၁၃၀] လုပ်ပိုင်ခွင့်ချပေးထားသောမြေယာများ၏ထက်ဝက်ခန့်တွင် မည်သည့်သီးနှံကိုမျှစိုက်ပျိုးခဲ့ခြင်း မရှိသေးကြောင်း ရှမ်းပြည်နယ်မြောက်ပိုင်းမှဖွံ့ဖြိုးရေးဝန်ထမ်းတစ်ဦးကခန့်မှန်းထားသည်။[၁၃၁]

ရန်ကုန်မြို့နေ သတင်းအချက်အလက်ပေးသူများ၏အဆိုအရ အစိုးရမှနိုင်ငံရေးအာဏာနှင့်တကွ ရင်းနှီးမြှပ်နှံမှုဖြစ်နိုင်ခြေအခွင့်အလမ်းများကို လက်လွတ်ဆုံးရှုံးသွားမည့်အရေးအတွက် စိုးရိမ်ကာပြောင်းလဲမှုတစ်စုံတစ်ရာမပြုလုပ်မီ မြန်မာနိုင်ငံသားရင်းနှီးမြှပ်နှံသူများနှင့်တကွ နိုင်ငံခြားသားရင်းနှီးမြှပ်နှံသူအနည်းငယ်တို့သည် ၄င်းတို့အားအငှားချထားခြင်း ခံရသော မြေယာလုပ်ပိုင်ခွင့်များကိုခိုင်မာလုံခြုံမှုရှိစေရန်အတွက် ပမာဏကြီးမားလှသောမြေယာလုပ်ပိုင်ခွင့်များကို ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲများမတိုင်မီရရှိရန် စိတ်အားထက်သန်ပြင်းပြနေခဲ့ကြသည်။ သို့သော် လွှတ်တော်အတွင်းမြေယာနှင့်ပတ်သက်၍ အငြင်းအခုံစကားရည်လုပွဲ၏ အတွင်းကျကျနိုင်ငံရေးအပေါ် အသိအမြင်သစ်များနှင့်အတူ မြန်မာစီးပွားရေးသမားများသည် လုပ်ငန်းလုပ်ပိုင်ခွင့်များကိုရယူရုံမျှနှင့်မကဘဲ၊ ထိုမြေယာများကိုရောင်းချ၍ အမြတ်အစွန်းကြီးမားစွာရရှိနိုင်မှုအခွင့်အရေးကိုပင် တောင်းဆိုနေကြပြီဖြစ်သည်။ မြေဈေးကစားရန်အသွင်ပုံစံဖြင့် မြေယာများကို သိမ်းယူနေခြင်းသည် နိုင်ငံ၏အကြီးမားဆုံးနှင့်တန်ဘိုးအရှိဆုံးအရင်းအနှီးအား ခိုးယူရာရောက်သည်။

## ငြိမ်းချောက်ခံလုပ်ကွက်ကျဉ်းတောင်သူလယ်သမားများ

၂၀၀၀ ခုနှစ်များ၏အလယ်ပိုင်းကာလကတည်းကပင် မြန်မာအစိုးရသည်ကျေးလက်ဒေသရှိ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုနေထိုင်ရာနယ်စပ်ဒေသများရှိ တောင်သူလယ်သမားများအပေါ် သိသာသောသက် ရောက်မှုများနှင့်အတူ နိုင်ငံတွင်းထုတ်ယူသုံးစွဲနိုင်သည့် သယံဇာတအရင်းအမြစ်အဓိပ္ပါယ်ကိုပြန်လည်သတ်မှတ်ဖွင့်ဆိုခဲ့သည်။ ယခုအခါ မြေယာများကိုရင်းနှီးမြှပ်နှံရေးအတွက် ရရှိနိုင်သောအရင်းအမြစ်တစ်ခုအဖြစ် ပြည်တွင်း၊ ပြည်ပပုဂ္ဂလိကနှင့်နိုင်ငံပိုင်ကုမ္ပဏီများမှ ရှုမြင်လာကြသည်။ လူမှုရေးနှင့်စီးပွားရေးတန်းတူဖွံ့ဖြိုးမှုအသွင်အဖြစ် လယ်သမားများလယ်လုပ်ပိုင်ခွင့်ရှိရမည်ဟု အနည်းဆုံးစာရွက်ပေါ်တွင်အာမခံထားခဲ့သည့် မြန်မာ့ဆိုရှယ်လစ်ခေတ်နှင့်ဆန့်ကျင်ဘက်သက်သက်ဖြစ်နေပေသည်။ လွတ်လပ်ရေးရပြီးဆိုရှယ်လစ်ပြုပြင်ပြောင်းလဲရေး၏ရှေ့ဦးဆောင်ရွက်ချက်သည် လယ်သမားမဟုတ်သူများ၊ ကိစ္စအများစုတွင်တွေ့ရလေ့ရှိသည့် မြန်မာနိုင်ငံသားမဟုတ်သူများ၏များပြားလှသည့်မြေယာများကိုထိန်းချုပ်ထားမှုအပေါ် တုံ့ပြန်အရေးယူခြင်းပင်ဖြစ်သည်။ သို့သော် ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် ထိပ်တန်းစီးပွားရေးသမားများ၏စည်းရုံးမှုကြောင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်လာရာတွင် လုပ်ကွက်ကျဉ်းလယ်သမားများအား ကာကွယ်ပေးရန်လိုအပ်နေမှုအပေါ် အမြင်များပြောင်းလဲလာခဲ့သည်။ လယ်သမားများနှင့်တကွ ကုမ္ပဏီများပါ နှစ်ဘက်လုံး အကျိုးရှိစေမည့် ရှဉ့်လဲလျှောက်သာပျားလဲစွဲသာရှိသည့်အပြောမျိုး ကြားရဖန်များလာသည်။

လယ်သမားများအနေဖြင့် လယ်ယာမြေအသုံးပြုမှု၊ ယင်းအသုံးပြုမှုအား သားစဉ်မြေးဆက်အမွေဆက်ခံပြောင်းလွှဲပေးနိုင်မှု၊ အကျိုးအမြတ်ရယူခံစားနိုင်မှုစသည့် အရေးပါလှသောအခွင့်အရေးသုံးခုကို ရရှိကြသော်လည်း မြေယာအားလုံးသည် နိုင်ငံတော်ပိုင်ဖြစ်လေသည်။ လက်ရှိတည်ဆဲဥပဒေများအရ လယ်ယာ အသုံးပြုနိုင်သောလယ်သမားသည် ယင်းမြေယာအားရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ခွဲခြမ်းခြင်းသော်လည်းကောင်း၊ လွှဲပြောင်းခြင်းသော်လည်းကောင်း တရားဝင်ပြုလုပ်နိုင်ခွင့်မရှိချေ။ သို့သော် လက်တွေ့တွင်မူ လယ်ယာလုပ်ပိုင်ခွင့်အားကိုယ်ပိုင်ပစ္စည်းသဖွယ်လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းနှင့်ရောင်းချခြင်းများကို ပြုလုပ်လျက်ရှိနေကြသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှလည်း ပုဂ္ဂလိကပိုင်

ဆိုင်မှုအခွင့်အရေးဆိုင်ရာအယူအဆနှင့်အကာအကွယ်ပေးမှုကို သန်မာစေပြီး၊ နိုင်ငံတော်၏ဈေးကွက်စီးပွားရေးကို အားဖြည့်ပေးလျက်ရှိသည်။[၁၃၂]

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏အဆိုအရ "ပုဂ္ဂလိကကဏ္ဍရှိအမျိုးသားပိုင်ကုမ္ပဏီများနှင့်အသင်းအဖွဲ့အစည်းများအား စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ ရာဘာ၊ ဆီအုန်း စသည်တို့ကို စိုက်ပျိုးခြင်းအားဖြင့် ဤဒေသများကိုဖွံ့ဖြိုးတိုးတက်လာစေရန် တိုက်တွန်းအားပေးနေပြီး၊ မြေယာလုပ်ပိုင်ခွင့်များကိုချထားပေးလျှက်ရှိသည်" ဟုဆိုသည်။[၁၃၃] ၂၀၀၀ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ပျိုးနိုင်သောမြေ ၄၆၀,၀၀၀ ဟက်တာကိုဖော်ထုတ်သွားမည်ဟု အစိုးရမှကြေငြာခဲ့သည်။ ယင်းအနက်မှတောင်ပေါ်ဒေသများ (အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာဒေသများ) တွင် ၄၅,၀၀၀ ဟက်တာခန့်ကို ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် စိုက်ပျိုး သောလယ်ယာမြေများအား အတည်တကျစိုက်ပျိုးသည့်စနစ်များသို့ပြောင်းလဲရန်ရည်ရွယ်ချက်ဖြင့်ဖော်ထုတ်သွားမည် ဖြစ်သည်။[၁၃၄] ဟက်တာ ၆.၅ သန်းအထိ တွက်ချက်လျာထားမှုပြည့်မှီအောင် 'မြေရိုင်းများ' ကို လည်းဖော်ထုတ်ရန် ရည်ရွယ်ထားပြီး[၁၃၅] နိုင်ငံတွင်စိုက်ပျိုးနိုင်သောမြေစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းနီးပါးခန့်ကို ကိုယ်စားပြုမည်ဖြစ်သည်။[၁၃၆] လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏အနှစ် ၃၀ (၂၀၀၀ ခုနှစ်မှ ၂၀၃၀ ခုနှစ်အထိ) နှစ်ရှည်စီမံကိန်းအရ မြေရိုင်းများဟုဆိုကြသောမြေဟက်တာ ၄ သန်းအား အတည်တကျလယ်ယာစိုက်ပျိုးရေးထုတ်လုပ်မှုဆောင်ရွက်ရန် အတွက်ရည်ရွယ်ဖော်ထုတ်သွားမည်ဖြစ်သည်။[၁၃၇]

အစိုးရစာရင်းဇယားများအရ ၂၀၀၁ ခုနှစ်အထိ စီးပွားရေးလုပ်ငန်းကုမ္ပဏီများနှင့် အသင်းအဖွဲ့အစည်းများ ၁၀၀ နီးပါးခန့်အားမြေဟက်တာပေါင်း ၄၀၀,၀၀၀ ကျော်သတ်မှတ်ချထားပေးခဲ့ပြီးဖြစ်သည်။[၁၃၈] ၂၀၀၈ ခုနှစ်အထိကုမ္ပဏီပေါင်း ၁၉၈ ခုတို့အား စီးပွားဖြစ်ထွန်ယက် စိုက်ပျိုးရန်အတွက်မြေဟက်တာ ပေါင်း ၆၂၇,၀၀၀ သတ်မှတ်ချထားပေးခဲ့သည်။ ၂၀၁၀ နှစ်လယ်အထိကာလတွင် စုစုပေါင်းလုပ်ပိုင်ခွင့် မြေဧရိယာသည် နောက်ထပ်မြေဟက်တာပေါင်း ၇၀၈,၀၀၀ ခန့်အထိတိုးချဲ့ခဲ့ကြပြီး[၁၃၉] မြန်မာပုဂ္ဂလိက စီးပွားရေးလုပ်ငန်းပေါင်း ၂၁၆ ခုသို့လုပ်ပိုင်ခွင့်ပေးထားခဲ့ခြင်းဖြစ်သည်။[၁၄၀] ခွဲဝေချထားပေးသောမြေ ဧရိယာစုစုပေါင်း၏ထက်ဝက်ခန့်သည်တနင်္သာရီတိုင်းအတွင်း၌ (ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကိုအားပေးသည့်အနေဖြင့်) ဖြစ်သည်။ သတ်မှတ်ချထားပေးသောဒုတိယပမာဏအများဆုံးမြေဧကမှာ ကချင်ပြည်နယ်တွင်ဖြစ်ပြီး၊ ကုမ္ပဏီပေါင်း ၁၁ ခုသည်မြေဟက်တာ ၁၆၂,၀၀၀ (ထက်ဝက်သည်ယုဇနကုမ္ပဏီ၏ ဟူးကောင်းချိုင့်ဝှမ်းရှိပလောပီနံစိုက်ပျိုးရေးအတွက်) ခန့်ကိုရရှိခဲ့သည်။ ရှမ်းပြည်တောင်ပိုင်းတွင်ကုမ္ပဏီ ပေါင်း ၁၂ ခုအားဟက်တာ ၂၆,၀၀၀ ကျော်သတ်မှတ်ချထားပေးခဲ့ပြီး၊ မြောက်ပိုင်းရှမ်းပြည်နယ်တွင် ဟက်တာ ၁၆,၀၀၀ ကျော်အား ကုမ္ပဏီပေါင်း ၉ ခုအတွက်သတ်မှတ်ချထားပေးခဲ့သည်။[၁၄၁] နိုင်ငံတော်၏ထိပ်တန်းစိုက်ပျိုးစီးပွားကုမ္ပဏီတစ်ခုဖြစ်သည့် စိုက်ပျိုးစီးပွားနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုအတိုင်ပင်ခံအဖွဲ့ (အေအာရ်ဒီစီ) ၏အဆိုအရ ဤထက်ပိုမိုများပြားသော လုပ်ပိုင်ခွင့်နှင့်မြေဟက်တာပေါင်းများစွာကို ချထားပေးခဲ့ပြီးဖြစ်သည်။ အေအာရ်ဒီစီ၏ကိန်းဂဏန်းများအရ ကချင်ပြည်နယ်တွင် စုစုပေါင်းမြေဟက်တာ ၂၄၃,၀၀၀ ခန့်အတွက် လုပ်ငန်းလုပ်ပိုင်ခွင့် ၁၄ ခုချပေးထားပြီး၊ရှမ်းပြည်မြောက်ပိုင်းတွင် မြေဟက်တာ ၂၀,၀၀၀ ကျော်ခွဲဝေပေးခြင်းခံရသောကုမ္ပဏီပေါင်း ၁၇ ခုရှိသည်။ ဒေသခံအာဏာပိုင်များသည် အချို့မြေယာများအားနောက်ထပ်တရားဝင်မဟုတ်ဘဲအလွတ်သဘောချထားသတ်မှတ်ခဲ့ကြသဖြင့်၊ အထက်ပါ စာရင်းဇယားများတွင်ထည့်သွင်းရေတွက်ထားမည်မဟုတ်သဖြင့်ဖော်ပြပါကိန်းဂဏန်းများသည် ရှိရင်းစွဲထက်လျော့နည်းမည်ဖြစ်သည်။

## ဇယား(၁)၊အကြီးစား စိုက်ပွားဖြစ်စိုက်ပျိုးရေးအတွက်မြေနေရာချထားပေးမှုအခြေအနေ၂၀၁၀၊ဇန်နဝါရီလ

| ပြည်နယ်/တိုင်းဒေသကြီး | ကုမ္ပဏီအရေအတွက် | ခွင့်ပြုဧရိယာ (ဟက်တာ) |
|---|---|---|
| ကချင်ပြည်နယ် | ၁၁ | ၁၅၉,၁၅၉ |
| ကရင်ပြည်နယ် | ၁ | ၈၇၄ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂၇ | ၃၈,၆၇၀ |
| တနင်္သာရီတိုင်းဒေသကြီး | ၃၇ | ၂၇၁,၅၆၅ |
| ပဲခူးတိုင်းဒေသကြီး (အရှေ့) | ၉ | ၂,၃၇၁ |
| ပဲခူးတိုင်းဒေသကြီး (အနောက်) | ၇ | ၅,၆၃၀ |
| မကွေးတိုင်းဒေသကြီး | ၃၈ | ၈၁,၉၄၅ |
| မန္တလေးတိုင်းဒေသကြီး | ၁၆ | ၄,၁၆၈ |
| ရခိုင်ပြည်နယ် | ၁၄ | ၁,၀၅၂ |
| ရန်ကုန်တိုင်းဒေသကြီး | ၇ | ၁၂,၅၃၆ |
| ရှမ်းပြည်နယ်(တောင်) | ၁၂ | ၂၆,၆၁၆ |
| ရှမ်းပြည်နယ်(မြောက်) | ၉ | ၁၆,၅၆၆ |
| ဧရာဝတီတိုင်းဒေသကြီး | ၂၈ | ၇၈,၂၄၇ |
| **စုစုပေါင်း** | ၂၁၆ | ၆၉၉,၃၉၉ |

အချက်အလက်ရင်းမြစ် - စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ Myanmar Agriculture in Brief, ၂၀၁၀ ခုနှစ်၊ စာ ၈၂။

လုပ်ငန်းလုပ်ပိုင်ခွင့်များသတ်မှတ်ချထားပေးရန် ဤသို့ဆောင်ရွက်ချက်များ၏ လတ်တလောသာဓကများ တွင် တနင်္သာရီတိုင်းဒေသကြီး (ဆီအုန်းစိုက်ပျိုးရေးလုပ်ပိုင်ခွင့်များအတွက်မြေဟက်တာ ၄၀၀,၀၀၀ ကျော်ခွင့်ပြုပေးထားပြီးဖြစ်)[၁၄၂] အတွင်း ဆီအုန်းစိုက်ပျိုးခြင်းကိုတိုက်တွန်းအားပေးခြင်း၊ နိုင်ငံတစ်ဝှမ်း ကြက်ဆူသီးနှံစိုက်ပျိုးရန်ဆောင်ရွက်မှု (ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုစီတွင်ဟက်တာမြေ ၂၀၀,၀၀၀ စိုက်ပျိုးခြင်းနှင့်တနိုင်ငံလုံးစိုက်ပျိုးမြေဟက်တာစုစုပေါင်း ၃. ၂ သန်းဖော်ထုတ်ရန်လျာထား[၁၄၃]) များအပြင် အခြားသောဇီဝလောင်စာသီးနှံများဖြစ်ကြသည့် ပလောပီနံနှင့်ကြံ အပါအဝင်စိုက်ပျိုးရေးတို့လည်း ပါဝင်သည်။[၁၄၄]

ဗဟိုအစိုးရအနေဖြင့် မြန်မာပြည်မြောက်ပိုင်းရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်များအား ၎င်း၏'နယ်စပ်ဒေသရှိ ဘိန်းအစားထိုးနှစ်တိုနှင့်နှစ်ရှည်သီးနှံစိုက်ပျိုးမှု' ဆိုင်ရာကိန်းဂဏန်းများ၏တစ်စိတ်တစ်ပိုင်းအဖြစ်လည်း တင်ပြထားသည်။[၁၄၅] ဤကိန်းဂဏန်းများအရ ၂၀၀၆-၂၀၀၇ ခုနှစ်၊ ကချင်နှင့်ရှမ်းပြည်နယ်များရှိ မြေဟက်တာ ၆၀၀,၀၀၀ ကျော်တွင် နှစ်တို သီးနှံများကိုစိုက်ပျိုးခဲ့ကြသည်။ ၎င်းစိုက်ပျိုးမြေဧကသည် ၎င်းကာလကတည်းကစ၍ သိသိသာသာမပြောင်းလဲဘဲရှိခဲ့သည်။ အခြားတစ်ဖက်တွင်မူ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးမှုမှာ ၂၀၀၇-၈ ခုနှစ်တွင် ပြီးခဲ့သည့်နှစ်လျာထားချက်ထက် ၅၀ ရာခိုင်နှုန်းပိုမိုခဲ့ပြီး၊ ၂၀၀၅-၆ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၁၁၀ ရာခိုင်နှုန်းအထိ ပိုမိုတိုးတက်လာသောအကျယ်အဝန်းဖြစ်သည့်မြေဟက်တာ ၂၄၀,၀၀၀ ထက်ကျော်လွန်၍စိုက်ပျိုးနိုင်ရန် စီမံကိန်းချမှတ်လျာထားခဲ့သည်။[၁၄၆]

ပြီးခဲ့သည့်ဆယ်စုနှစ်နှစ်ခုအတွင်း လုပ်ကွက်ကျဉ်းလယ်သမားများနှင့် ပုဂ္ဂလိကကုမ္ပဏီများတို့အကြား မြေအသုံးချမှုနှင့်ပတ်သက်၍ခြားနားမှုမြင့်မားလာနေကြောင်း အစိုးရစာရင်းဇယားများကဖော်ပြနေသည်။ ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း ပုဂ္ဂလိကမြေပိုင်ဆိုင်မှု (အိမ်ထောင်စုပိုင်မဟုတ်သည့် အထူးမြေပိုင်ဆိုင်မှု) သည် ၉၀၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး မြေယာစုစုပေါင်း၏ ၃၂၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။[၁၄၇] ယင်းကာလအတွင်းမှာပင် မြေဟက်တာ ၀.၄ အောက်မြေအငှားချထားပေးမှုအရေအတွက်မှာ ၁၅၀ ရာခိုင်နှုန်းရှိနေချိန်တွင် ၂၀ ဟက်တာအထက်မြေငှားချထားမှုမှာမူ ၃၈၅ ရာခိုင်နှုန်းတိုးတက်လျက်ရှိနေသည်။[၁၄၈] ၂၀၀၀ ခုနှစ်များ၏ အလယ်ပိုင်းကာလကတည်းကစ၍ နောက်ဆုံးပေါ်အစိုးရစာရင်း သို့မဟုတ် ဤကဲ့သို့အခြားအလားတူအချက်အလက်မရရှိသော်လည်း၊ ဤပြောင်းလဲမှုအနေအထားများနှင့် ပတ်သက်၍ ချဲ့ ကားပြောဆိုလျက်ရှိနေကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် "စိုက်ပျိုးရေးအတွက် မြေဧရိယာအများအပြားလျှောက်ထားခဲ့ကြသော ပုဂ္ဂလိကကုမ္ပဏီများကဲ့သို့ အိမ်ထောင်စုမဟုတ်သည့်မြေယာပိုင်ဆိုင်ခွင့်အငှားချထားပေးမှုများသည် စိုက်ပျိုးမြေဧရိယာအပြည့်အဝအားလုံးကို အသုံးပြုခြင်းမရှိသေးကြောင်း'' အသိအမှတ်ပြုထားသည်။[၁၄၉] ယင်းမြေယာလုပ်ပိုင်ခွင့်များသည် အစိုးရသတ်မှတ်ချက်ဖြစ်သည့် "စိုက်ပျိုး၍ရနိုင်သောမြေရိုင်းများ" ဟူသည့် သတ်မှတ်ချက်အမျိုးအစားမှလျာထားသတ်မှတ်ပေးထားခြင်းဖြစ်သော်လည်း ယင်းမြေယာအများစုမှာ တောင်ယာ သို့မဟုတ် စားကျက်မြေများဖြစ်ကြသည်။ စိုးရိမ်စရာကောင်းလောက်အောင်ပင်မြင့်မားလှသည့် ချထားပေးခဲ့ပြီးသောမြေလုပ်ပိုင်ခွင့်ဧရိယာရှိနေစေကာမူ လုပ်ပိုင်ခွင့်အတွက် အမှန်တကယ်လျာထားသည့် မြေဟက်တာများနှင့် အမှန်တကယ်စိုက်ပျိုးပြီးသည့်မြေဟက်တာများအဖြစ်အမြဲတမ်းခွဲခြားပြနိုင်ခြင်းမရှိချေ။ ဖြစ်ရပ်အများစုတွင် လုပ်ပိုင်ခွင့်ရမြေယာများတွင် သီးနှံတစ်စုံတစ်ရာ ကိုမည်သည့်အခါကမျှစိုက်ပျိုးမှုမရှိခြင်း သို့မဟုတ် အနည်းငယ်ကိုသာလျှင်စိုက်ပျိုးထားခြင်းသာလျှင်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ပိုင်ခွင့်ရရှိထားကြသော အချို့ကုမ္ပဏီများသည်သစ်ခုတ်လှဲခြင်း၊ ခုတ်လှဲသောသစ်များကိုမှောင်ခိုဈေးကွက်တွင်ရောင်းချခြင်းများကိုသာလျှင်ပြုလုပ်နေကြပြီး၊ သီးနှံများကိုမည်သည့်အခါကမျှမစိုက်ပျိုးကြချေ။ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းများတွင် ဤသို့အဖြစ်များလျက်ရှိနေသည့်ဟန်ရှိသည်။[၁၅၀] ဤအနေအထားသည် သတ်မှတ်ထားသည့်ကာလအတွင်း စိုက်ပျိုးရေးလုပ်ပိုင်ခွင့်အားအကောင်အထည်ဖော်ရမည်၊ သို့မဟုတ်ပါက အဆိုပါမြေယာကိုအစိုးရမှပြန်လည်သိမ်းယူနိုင်သည်ဟု ပြဋ္ဌာန်းထားသောမြေလွတ်၊ မြေရိုင်းများဥပဒေရှိ စည်းမျဉ်းစည်းကမ်းနှင့်ဆန့်ကျင်နေလေသည်။ သို့သော် မည်သည့်အခါကမျှသိမ်းယူခဲ့ဖူးခြင်းမရှိသေးချေ။[၁၅၁]

လုပ်ကွက်ကျဉ်းလယ်သမားများနေရာကို ဝင်ရောက်အစားထိုးနေရာယူလာနေသည့် ပုဂ္ဂလိကမြေယာလုပ်ပိုင်ခွင့်များသည် မြေယာမဲ့နှင့်မြေယာရှားပါးလာနေကြသောအိမ်ထောင်စုများ များပြားလာခြင်းကိုအထောက်အကူပေးခဲ့သည်။ ဥပမာ အစိုးရထိန်းချုပ်ရာဒေသများတွင် စိုက်ပျိုးရေးလုပ်ကိုင်သူအိမ်ထောင်စု ၄၀ မှ ၆၀ ရာခိုင်နှုန်းသည်မြေ ၂ ဟက်တာ

အောက်ရှိမြေယာလုပ်ကွက်ငယ်များ (ပျမ်းမျှ ၁.၄ ဟက်တာ၊ အနိမ့်ဆုံးတစ်ပိုင်တစ်နိုင်အဆင့်ဖြစ်သော ၂ ဟက်တာအောက်ဖြစ်သည်)[၁၅၂] ပေါ်တွင်အဓိကမှီခိုနေကြရပြီး၊ အချို့ဒေသများ (ရှမ်းပြည်နယ်အရှေ့ပိုင်းကဲ့သို့) တွင်မူအဆိုပါ ရာခိုင်နှုန်းထက်များပြားနေသည်။[၁၅၃] အစိုးရထိန်းချုပ်ထားရာ ဝေးလံခေါင်ဖျားဒေသရှိမြို့နယ်များတွင် အိမ်ထောင်စုများ၏ ၄၀ ရာခိုင်နှုန်းသည် မြေယာမဲ့များဖြစ်ကြောင်း အစီရင်ခံစာတစ်ခုမှခန့်မှန်းထားသည်။[၁၅၄] အခြားအစီရင်ခံစာတစ်ခုမှလည်း မြေနိမ့်ပိုင်းဒေသများကိုတွက်ချက်ရာတွင် မြန်မာနိုင်ငံရှိမြေယာမဲ့အိမ်ထောင်စုများသည် နိုင်ငံတွင်းကျေး လက်ဒေသလူဦးရေ၏ ၃၅ မှ ၅၃ ရာခိုင်နှုန်းအထိရှိကြောင်းဖော်ပြထားသည်။[၁၅၅] တိုင်းရင်းသားလူမျိုးစုများ၏ တောင်ပေါ်ဒေသများတွင်မြေယာမဲ့ခြင်းနှင့် မြေယာလုပ်ပိုင်ခွင့်အခွင့်အလမ်းများသည် ပို၍ပင်ဆိုးဝါးလျက်ရှိသည်။ ဥပမာ ကချင်ပြည်နယ်ရှိမြို့နယ်ပေါင်း ၁၉ ခုအနက်မှ ၁၂ ခုတွင် အိမ်ထောင်စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော်သည် မြေယာမဲ့များဖြစ်ကြသည်။[၁၅၆] သယံဇာတထုတ်ယူရေးစီမံကိန်းများနှင့် စိုက်ပျိုးစီးပွားလုပ်ငန်းများရှိရာနေရာများတွင် ၅၀ ရာခိုင်နှုန်း သို့မဟုတ် အချို့သောအခြေအနေများတွင် ထိုထက်ပင်ပိုမိုများပြားနေသည်။[၁၅၇]

မြေယာသိမ်းယူခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေမရှိခြင်း၊ မြေယာမဲ့နှင့်မြေယာချို့တဲ့သော အိမ်ထောင်စုများတိုးပွားလာခြင်းသည် ဆိုးရွားသောစားနပ်ရိက္ခာဖူလုံမှုမရှိခြင်းဆီသို့ဦးတည်နေသည်။ ၂၀၀၅ ခုနှစ် အာဟာရဆန်းစစ်လေ့လာချက်တစ်ခု[၁၅၈]တွင် လားရှိုးတွင် ငါးနှစ်အောက်ကလေးငယ် ၄၁ ရာခိုင်နှုန်း၊ ကိုးကန့် တွင် ၆၂ ရာခိုင်နှုန်းနှင့် 'ဝ' ဒေသရှိ ၅၈ ရာခိုင်နှုန်းရှိကလေးငယ်တို့၏ ကြီးထွားနှုန်းနှေးကွေးနေကြောင်းတွေ့ရှိရသည်။ ယူအင်န်ဒီပီ၏ဆန်းစစ်လေ့လာချက်တစ်ခု[၁၅၉] အရ တစ်နိုင်ငံလုံး၏ပျမ်းမျှစားနပ်ရိက္ခာချို့တဲ့မှု ၁၀ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်လျှင် ချင်းပြည်နယ်တွင်ကျေးလက်လူဦးရေ၏ထက်ဝက်နီးပါး၊ ရှမ်းပြည်မြောက်ပိုင်းတွင် ၂၂ ရာခိုင်နှုန်းနှင့်ရှမ်းပြည်အရှေ့ပိုင်းတွင် ၂၃ ရာခိုင်နှုန်းရှိအိမ်ထောင်စုများသည် စားနပ်ရိက္ခာချို့တဲ့ဆင်းရဲနေကြောင်းတွေ့ရှိရသည်။ ၂၀၁၀ ခုနှစ်တွင် ကိုးကန့်ဒေသရှိရွေးချယ် လေ့လာခဲ့ကြသည့်နေရာအချို့တွင် အိမ်ထောင်စုများ၏ ၆၄ ရာခိုင်နှုန်းသည် စားနပ်ရိက္ခာချို့တဲ့ဆင်းရဲနေကြပြီး၊ ၂၂ ရာခိုင်နှုန်းသည် ပိုမိုဆိုးရွားသည့်အနေအထားတွင်ရှိနေကြကြောင်း ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) မှတွေ့ရှိခဲ့ရသည်။[၁၆၀]

## စိုက်ပျိုးရေးလုပ်ပိုင်ခွင့်လုပ်ကိုင်ဆောင်ရွက်မှုအပေါ်စိန်ခေါ်မှုများ

အချို့ကိစ္စများတွင် အစိုးရအနေဖြင့်မြန်မာပိုင်ကုမ္ပဏီများ၊ အထူးသဖြင့်ကြီးမားပြီးလူသိများကြသည့် ရန်ကုန်အခြေစိုက်ကုမ္ပဏီများအား ကန်ထရိုက်ပေး၍ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်သောအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်အတင်းအကျပ်စေခိုင်းသည်။ ခိုင်းသည့်အတိုင်းလည်း ကုမ္ပဏီများကတစ်ရွတ်ဆွဲ လိုက်ပါဆောင်ရွက်ခြင်းမှာလည်း လုပ်နေကျတုံ့ပြန်မှုများပင်ဖြစ်သည်။

အခြားကိစ္စရပ်များတွင်မူ မြေယာအသုံးချခွင့်အားအပြည့်အဝမဆောင်ရွက်နိုင်အောင်ဖြစ်စေသည့် အခြားအကြောင်းများကြောင့် ကုမ္ပဏီများသည်စေခိုင်းသမျှကို တစ်ရွတ်ဆွဲလိုက်ပါဆောင်ရွက်ခဲ့ခြင်းမရှိသည့်အခါများလည်းရှိသည်။ ဓာတ်မြေသြဇာလုံလောက်မှုမရှိခြင်း၊ မျိုးစေ့များအရည်အသွေးညံ့ဖျင်းခြင်း သို့မဟုတ် မရရှိခြင်း၊ လူသားအရင်းအမြစ်နှင့်နည်းပညာနည်းပါးခြင်းနှင့် တွက်ခြေကိုက်လောက်အောင် သီးနှံမထွက်နိုင်သည့်မြေယာများကို ချပေးထားခြင်းတို့သည် အထွက်နှုန်းကျဆင်းခြင်းနှင့် မြေဧရိယာအနည်းကိုသာလျှင်စိုက်ပျိုးလုပ်ကိုင်ခြင်းတို့ကိုဖြစ်စေသော အခြားအကြောင်းများဖြစ်ကြသည်။ ရင်းနှီးမြှုပ်နှံသူများနှင့်ကုမ္ပဏီကြီးများအားလုံးအနေဖြင့် ဘဏ္ဍာရေးနှင့်လူသားအရင်းအမြစ်ချို့တဲ့ခြင်း

ကြောင့် ဗဟိုအစိုးရမှမူလရည်ရွယ်ခဲ့ထားသည့်အတိုင်း စိုက်ပျိုးရေးလုပ်ငန်းအား စနစ်တကျသေချာကောင်းမွန်စွာဆောင်ရွက်နိုင်ခြင်းမရှိကြချေ။

ထင်ရှားသောအချို့ဖြစ်ရပ်များတွင် အချို့ကုမ္ပဏီများအနေဖြင့် မဝေးလှသောအနာဂတ်ကာလတွင် မြေယာကိုဈေးကစားသည့်အသွင်တစ်မျိုးဖြစ်သော မြေယာလုပ်ပိုင်ခွင့်အားရောင်းချရန်ရည်ရွယ်မျှော်လင့်လျက် မြေယာများအား 'သိမ်းယူဆုပ်ကိုင်' ထားကြသည်။ အခြားဖြစ်စဉ်များတွင်မူ ချထားသတ်မှတ်ပေးထားသည့်မြေယာအတွင်းမှ အထူးသဖြင့် အဖိုးတန်သစ်မာများကဲ့သို့သော အခြားသဘာဝအရင်းအမြစ်များစွာကို ထုတ်ယူနိုင်ရေးအတွက်နည်းလမ်းတစ်ခုအဖြစ်မြေယာလုပ်ပိုင်ခွင့်အားရယူထားကြသည်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် "စိုက်ပျိုးရေးအတွက် မြေဧရိယာအများအပြားလျှောက်ထားခဲ့ကြသော ပုဂ္ဂလိကကုမ္ပဏီများကဲ့သို့ အိမ်ထောင်စုမဟုတ်သည့် မြေယာပိုင်ဆိုင်ခွင့် အငှားချထားပေးမှုများသည် စိုက်ပျိုးမြေဧရိယာအပြည့်အဝအားလုံးကို အသုံးပြုခြင်းမရှိသေးကြောင်း'' လက်ခံအသိအမှတ်ပြုထားသည်။[၁၆၁] ကုမ္ပဏီများ၊ သတင်းအချက်အလက်ပေးသူများနှင့် တွေ့ဆုံမေးမြန်းမှုများနှင့်ကွင်းဆင်းလေ့လာမှုများအပေါ်အခြေခံ၍ ထင်ရှားခိုင်လုံစွာသိရှိရသည်မှာ တစ်ခါတစ်ရံတွင်စိုက်ပျိုးရေးလုပ်ပိုင်ခွင့်များဟူသည် တောင်ပိုင်းရှိ တနင်္သာရီတိုင်းဒေသကြီးအနီးဆီအုန်းစိုက်ပျိုးမှုကဏ္ဍတွင် အများဆုံးတွေ့ရသောကိစ္စတစ်ရပ်ဖြစ်သည့် သစ်ခုတ်လှဲခြင်းအတွက်အကာအကွယ်ယူထားမှုသာဖြစ်ကြောင်းသိရသည်။

အမြတ်အစွန်းရှိသည့် လယ်ယာဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်အစီအစဉ်အဖြစ် မိမိတို့၏စိုက်ပျိုးရေးလုပ် ပိုင်ခွင့်များကိုအမှန်တကယ်လုပ်ကိုင်ဆောင်ရွက်ရန်စိတ်ဝင်စားသည့် ကုမ္ပဏီများအတွက်မူ အတားအဆီးအခက်အခဲများစွာကို ကိုယ်တိုင်တွေ့ကြုံနေကြရသည်။ မြေယာလုပ်ပိုင်ခွင့်သဘောတူညီချက်များ၏တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ပိုင်ခွင့်ရရှိသူသည် လမ်းမကြီးမှမိမိမြေယာလုပ်ကွက်ထံသို့ ဆက်သွယ်သည့်လမ်း ဖေါက်လုပ်ခြင်း၊ စိုက်ပျိုးရေသွယ်ယူရန်အတွက် ရေကန်များအားတူးဖော်ဆည်ယူခြင်းစသည့် အနီးအနားပတ်ဝန်းကျင်ရှိ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်မှုရှိရေးအတွက် ရင်းနှီးမြှုပ်နှံရန်လိုအပ်သည်။ အစိုးရ၏နိုင်ငံတော်ဝန်ဆောင်မှုများကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအား လက်လွှဲဆောင်ရွက်လုပ်ကိုင်စေရာတွင် ပုဂ္ဂလိကလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကိုကြီးမားစေပြန်သည်။ ထို့ကြောင့် စီးပွားရေးသမားများအနေဖြင့် မိမိတို့မြေယာများကိုလုပ်ကိုင်ဆောင်ရွက်ရာတွင် ငွေကြေးဆုံးရှုံးမှုအားပြန်လည်ပေးလျော် ကာမိစေနိုင် မည့်နည်းလမ်းများကိုရှာဖွေရန်လိုအပ်လာတော့သည်။

မြန်မာစီးပွားရေးသမားများသည် မြေယာလုပ်ပိုင်ခွင့်နှင့်အတူ ၂၀၀၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်းအပြီး၊ နိုင်ငံတော်၏စားနပ်ရိက္ခာပိုလျှံရေးကိုရည်ရွယ်သောအမျိုးသားမူဝါဒသစ်အရ မက်မောလောက်စရာ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းပြည်ပပို့ကုန်ခွဲတမ်းကိုလည်းရရှိကြသည်။ အဆိုပါပို့ကုန်ခွဲတမ်းခွင့်ပြုချက်ပါမစ်သည် မြေယာလုပ်ကိုင်ရာတွင်ကုန်ကျသွားသောဆုံးရှုံးမှုများကို ပြန်လည်ကာမိစေသောနည်းလမ်းအဖြစ်ဖြင့် ကုမ္ပဏီများအားကြီးမားလှသောအကျိုးအမြတ်များကိုရရှိစေသည်။ ဤသည်မှာ မကြာမီသေးမီကမှ မြန်မာကုန်သည်များနှင့်တကွ ဤမြေယာလုပ်ပိုင်ခွင့်ရသူများကိုပါ ယခုအခါထည့်သွင်းသတ်မှတ်ကာ လယ်ယာစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကိုဝယ်ယူ၊ တင်ပို့ခွင့်ပြုလာခဲ့သဖြင့်ယခင်မူဝါဒများနှင့်မတူ သိသာထင်ရှားသည့် ပြောင်းလဲမှုတစ်ခုပင်ဖြစ်သည်။

သို့သော် စီးပွားရေးသမားများသည် မိမိတို့ရရှိကြသော ပြည်ပပို့ကုန်ခွဲတမ်းအတိုင်းပြည့်မှီအောင် မတင်ပို့နိုင်ကြချေ။ ၄င်းတို့၏ လျော့နည်းပြီးညံ့ဖျင်းသည့်သွင်းအားစုများနှင့် မဖြစ်စလောက်မြေမှရရှိသော နည်းပါးလှသည့်အထွက်နှုန်းများကြောင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကိုဝယ်ယူ၍ ၄င်းတို့၏ခွင့်ပြုချက်ပါမစ်များဖြင့် ပြည်ပသို့တင်ပို့နိုင်မည့်

အခြားနည်းလမ်းများကိုရှာဖွေကြရသည်။ လွန်ခဲ့သည့်နှစ်နှစ်အတွင်း လိုအပ်နေသည့် ကွက်လပ်ကိုဖြည့်တင်းပေးရန်အတွက် ကန်ထရိုက်စနစ်ဖြင့်လုပ်ကိုင်ဆောင်ရွက်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအစီအမံများပေါ်ပေါက်လာသော်လည်း ဤကန်ထရိုက်စနစ်ဖြင့်စိုက်ပျိုးရေးလုပ်ငန်းများသည် မြန်မာပြည်မြောက်ပိုင်းထက် အလယ်ပိုင်း၌သာလျှင် ပိုမိုတွင်ကျယ်လျက်ရှိသည်။ သို့သော် ရှမ်းပြည်မြောက်ပိုင်းတွင်မူ ကန်ထရိုက်စိုက်ပျိုးရေးစနစ်၊ အဓိကအားဖြင့် တိရိစ္ဆာန်အစာပြောင်း စိုက်ပျိုးရေးလုပ်ငန်းအရှိန်အဟုန်စတင်ရရှိနေသည်။

မကြာသေးမီက ကန်ထရိုက်စနစ်နှစ်မျိုးပေါ်ပေါက်လာခဲ့ပြီး ၎င်းတို့အားဤအစီရင်ခံစာတွင် အကျဉ်းချုပ်တင်ပြထားသည်။ ပထမတစ်နည်းအရ ရင်းနှီးမြှုပ်နှံသူသည် ဖြစ်နိုင်ချေရှိသည့်သဘောတူညီချက်အပေး အယူအစီအစဉ်အသီးသီးကို လုပ်ကွက်ကျဉ်းလယ်သမားများနှင့်စာချုပ်ချုပ်ဆိုသည်။ ရင်းနှီးမြှုပ်နှံသူမှချေးငွေနှင့်သွင်းအားစုများပံ့ပိုးပေးပြီး၊ လယ်သမားဘက်မှ လယ်မြေနှင့်လုပ်အားစိုက်ထုတ်ရသည်။ အဆိုပါ စနစ်သည်ဒေသခံငွေတိုးချေးသူများထံမှ မြင့်မားလှသောအတိုးနှုန်းများဖြင့်မဖြစ်မနေချေးယူနေကြရသော လယ်သမားများအတွက် အလွန်တရာလိုအပ်နေသည့် စိုက်ပျိုးရေးချေးငွေကိုရရှိစေသည်။ ဤဖြစ်စဉ်ကို မြန်မာပြည်အလယ်ပိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသ (အထူးသဖြင့် ၂၀၀၈ ခုနှစ်၊ မေလတွင်နာဂစ်ဆိုင်ကလုံးတိုက်ခတ်အပြီး) နှင့်ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ပိုမိုတွေ့ရှိလာရသည်။ ဒေသတွင်းအခြားနိုင်ငံများတွင်လည်း အလားတူတွေ့ရှိရသော ဤကန်ထရိုက်စနစ်ဖြင့်စိုက်ပျိုးလုပ်ကိုင်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍအားတဖြည်းဖြည်းပွင့်လင်းဖြေလျော့ပေးလာသည့်ပြောင်းလဲမှုများနောက်ပိုင်း ပြည်ပပို့ကုန်အတွက် များပြားလှသောလယ်ယာထွက်ကုန်ပစ္စည်းများကို ရရှိစေနိုင်သောကြောင့် မြန်မာရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေစေသည့်နည်းလမ်းအဖြစ် မကြာသေးမီက စတင်ပေါ်ပေါက်လာလျက်ရှိသည်။

အခြားတစ်နည်းမှာမူ စိုက်ပျိုးရေးလုပ်ပိုင်ခွင့်များသည် နိုင်ငံ၏လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပိုမိုလွှမ်းမိုးဝင်ရောက်လာသည့်အလျောက် မြေယာလုပ်ပိုင်ခွင့်ရသူမှ မိမိလုပ်ပိုင်ခွင့်မြေပေါ်တွင် လုပ်ကိုင်ပေးကြမည့် မြေမဲ့စာရင်းငှားလယ်သမားများအား ငှားရမ်းလုပ်ကိုင်ခြင်းပင်ဖြစ်သည်။ အများအားဖြင့် အဆိုပါလယ်သမားများသည် မြန်မာပြည်အလယ်ပိုင်း၊ အပူပိုင်းဒေသနှင့်မြစ်ဝကျွန်းပေါ်ဒေသ၊ အထူးသဖြင့် ဆိုင်ကလုံးနာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့ရာနေရာများမှ မြေယာဆုံးရှုံးခဲ့ကြရသောသူများဖြစ်ကြသည်။ သို့သော် တိုင်းရင်းသားလူမျိုးစုဒေသများတွင်မူ မိမိတို့မြေယာမှနှင်ထုတ်ခံကြရသောလယ်သမားများသည် ယေဘုယျအားဖြင့် လုပ်ပိုင်ခွင့်ရမြေယာများတွင် အခစားအလုပ်သမားအဖြစ်ငှားရမ်းခြင်းမခံရချေ။ ဗမာရင်းနှီးမြှုပ်နှံသူများသည် ဒေသခံတိုင်းရင်းသားတောင်သူလယ်သမားများထက် ဗမာရွှေ့ပြောင်းအလုပ်သမားများကို ပိုမိုငှားရမ်းလိုကြသည်။[၁၆၂] နယ်စပ်ရှိတရုတ်လူမျိုးများလုပ်ကိုင်နေကြသော စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့်မူ တရုတ်နိုင်ငံသားများ၊ ဒေသခံတိုင်းရင်းသားတောင်သူလယ်သမားများနှင့် ဗမာအခစားအလုပ်သမားများကို ရောနှော၍ငှားရမ်းကြသည်။[၁၆၃]

မြန်မာနိုင်ငံသည်ဆိုရှယ်လစ်မူဝါဒအကြွင်းအကျန်များအား အမွေဆက်ခံထားမှုနှင့်ခရိုနီလက်ဝါးကြီးအုပ် အရင်းရှင်ဝါဒတို့ကို ထူးဆန်းစွာပေါင်းစပ်ခြင်းမှပြဌာန်းပေးလိုက်သော လမ်းကြောင်းသစ်ပေါ်တွင် ခရီးနှင်ရန်အစပြုနေသည်။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများနှင့် ထိတွေ့မှုရရှိနေချိန်နှင့်တစ်ပြိုင်နက်တည်းမှာပင် စိုက်ပျိုးရေးဖြင့်အသက်မွေးနေကြသောကျေးလက်နေအိမ်ထောင်စုများအား မြေယာကိုပိုင်ဆိုင်မှုမရှိကြတော့ဘဲ အကန့်အသတ်ဖြင့်သာလုပ်ကိုင်ခွင့်ရှိခြင်း သို့မဟုတ် လုံးဝလုပ်ကိုင်ခွင့်ဆုံးရှုံးခြင်းအနေအထားကို ဖြစ်စေသည်ဟုအဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။ နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေးစနစ်သည် လယ်သမားများအား ၎င်းတို့၏မြေယာနှင့်သက်မွေးဝမ်းကြောင်းနည်းလမ်းများအား စည်းကမ်းဥပဒေတကျကန့်သတ်ထိန်းချုပ်မှုမရှိသည့်ပုဂ္ဂလိကမြေယာလုပ်ပိုင်ခွင့်ချထားမှုဘေးမှ ကာကွယ်ရန်ခွင့်ပြုထားခြင်းမရှိချေ။ လုပ်ကွက်

ကျဉ်းလယ်သမားများအနေဖြင့် ၎င်းတို့၏အခွင့်အရေးများနှင့်မြေယာလုပ်ပိုင်ခွင့်တည်မြဲလုံခြုံမှုရှိရေးတို့အား ငြင်းပယ်ခံနေရခြင်းအားဖြင့်မောင်းထုတ်ခံနေကြရချိန်တွင် တစ်ဘက်တွင်လည်းမြေယာပြုပြင်ပြောင်းလဲရေးဥပဒေဆိုင်းငံ့ကြန့်ကြာနေမှုနှင့်အတူ၊ စိုက်ပျိုးစီးပွားရေးလုပ်ငန်းရှင်ကြီးများအား အနာဂတ်တွင်ရရှိကောင်းရရှိနိုင်မည့် ၎င်းတို့၏မြေယာလုပ်ပိုင်ခွင့်များကိုရောင်းချနိုင်ခွင့်နှင့်တကွ ကျယ်ပြောလှသောမြေယာများတွင်နှစ်ရှည်လုပ်ပိုင်ခွင့် များကိုသတ်မှတ်ချထားပေးလျက်ရှိနေသည်။ လယ်သမားများအနေဖြင့် ကမ္ဘာ့ဈေးကွက်များ၏ ငွေကြေးအကျိုးအမြတ်များအားရရှိခံစားနိုင်ခြင်းမှ တားဆီးထားသည့် ဆိုရှယ်လစ်မူဝါဒများ၏ထိန်းချုပ်ခြင်းများကိုသာခံခဲ့ကြရပြီး၊ ၎င်းငွေကြေးအကျိုးအမြတ်များသည် လယ်သမားများအစား ထိပ်တန်းစီးပွားရေးသမားများဆီသို့သာစီးဆင်းရောက်ရှိသွားခဲ့ကြသည်။

## ကမ္ဘာတဝှမ်းမြေယာသိမ်းဆည်းရယူခြင်း

ဂျင်နီဖရန်ကို[၁၆၄]

လက်ရှိမြေယာသိမ်းယူခြင်းသည် နေရာအတိုင်းအတာအားဖြင့် ကမ္ဘာတစ်ဝှမ်းလုံးတွင်ဖြစ်ပွားနေပြီး၊ ကမ္ဘာ့ တောင်ဘက်ပိုင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးလိုလိုနှင့်တကွ ဝင်ငွေအလည်အလတ်အဆင့်ရှိနိုင်ငံများနှင့် အသွင်ကူးပြောင်းလျက်ရှိကြသောနိုင်ငံများကိုသက်ရောက်မှုရှိနေသည်။ ကမ္ဘာတစ်ဝှမ်း ၂၀၀၇-၂၀၀၈ ခုနှစ် စား နပ်ရိက္ခာအကျပ်အတည်းအချိန်တစ်ခုတည်းကစ၍ပင်[၁၆၅] ခန့်မှန်းချေမြေဟက်တာ ၄၅ သန်းခန့်လက်လွှဲပြောင်းမှုဖြစ်ခဲ့ပြီး ၂၀၀၀ ခုနှစ်ကတည်းကစ၍ မြေဟက်တာ ၂၂၇ သန်းခန့်လက်ပြောင်းလက်လွှဲဖြစ်ခဲ့ပြီးဖြစ်သည်။[၁၆၆] ကမ္ဘာ့ဘဏ်ကဲ့သို့ ဩဇာကြီးမားလှသော ဇာတ်ကောင်များအနေဖြင့် ပမာဏကြီးမားသောရင်းနှီးမြှုပ်နှံမှုများအတွက် 'သင့်လျော်သော"သီးသန့်'မြေအဖြစ် တံဆိပ်တပ်သတ်မှတ်ထားသည့် ကမ္ဘာတစ်ဝှမ်းမှဟက်တာပေါင်း ၄၄၅ သန်းနှင့် ၁.၇ ဘီလီယံအကြားရှိသည့် မြေဟက်တာများတွင်ရင်းနှီးမြှုပ်နှံမှုအတွက်ခွင့်ပြုခြင်းကို ထိရောက်စွာကြေငြာနေခြင်းနှင့်အတူ ဤပုံစံအတိုင်းဆက်လက်ဖြစ်ပေါ်နေရန်အလားအလာရှိနေသည်။

လက်ရှိကမ္ဘာတစ်ဝှမ်းမြေယာသိမ်းယူခြင်းသည် ပမာဏအားဖြင့်ကြီးမားလှကာမြစ်များနှင့်သစ်တောများကဲ့သို့သောသဘာဝသယံဇာတများအကျုံးဝင်နေပြီး လွှဲပြောင်းမှုအပေးအယူတစ်ခုတည်းမှာပင် မြေဟက်တာပေါင်းသောင်းချီ သို့မဟုတ်သိန်းချီနေသည်။ အလားတူအရေးကြီးသည့်အချက်မှာ ယနေ့မြေယာအလွှဲအပြောင်းအပေးအယူကိစ္စများသည် အပြီးအပြတ်ဝယ်ယူခြင်းမျိုးမဟုတ်ခဲ့လျှင်၊ မည်သည့်နေရာမှ မြေယာမဆိုတစ်ကြိမ်လျှင်နှစ်ပေါင်း ၃၀ မှ ၉၉ နှစ်အထိ (နောက်ထပ်ငှားရမ်းကာလအား ထပ်မံသက်တမ်း တိုးရန်အခွင့်အရေးရှိသည်) ငှားရမ်းခြင်းအားဖြင့် ကာလရှည်ကြာစွာရယူထားနိုင်သောအချက်ပင်ဖြစ်သည်။

သို့သော် ဤသို့ဖြစ်ပျက်နေခြင်းကိုခြုံငုံကြည့်လျှင် ဖြစ်ပေါ်စေသည့်အကြောင်းရင်းများ၊ ဖြစ်ပေါ်နေသည့်အခြေအနေများနှင့် အကျိုးဆက်များတို့ပါဝင်သော ရှောင်လွှဲမရသည့်ရှုပ်ထွေးလှသောရောထွေးမှုကို တွေ့ရှိကြရမည်ဖြစ်သည်။ ဥပမာ ယနေ့မြေယာသိမ်းယူခြင်းကိုဖြစ်စေသော အကြောင်းရင်းများထဲတွင် ပို့ဆောင်ရေးကဏ္ဍအတွက် ပြည်တွင်းပြည်ပဇီဝလောင်စာဆိုင်ရာကုန်ပစ္စည်းများအတွက် ပြည်တွင်းပြည်ပဈေးကွက်များဖန်တီးပေးရေးအား ရည်ရွယ်သည့်နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာဇီဝလောင်စာဆိုင်ရာမူဝါဒများနှင့်တကွ သစ်တောပြန်လည်ပျိုးထောင်ခြင်းနှင့် အခြားသော 'ကာဗွန်ထိန်းသိမ်းရေး' လုပ်ငန်းများဆောင်ရွက်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးအတွက် စီးပွားရေးကဏ္ဍမှရင်းနှီးမြှုပ်နှံမှုများအပေါ်အားပေးပါဝင်စေသည့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးမူဝါဒများစသည့်အကြောင်းရင်းများပါဝင်သည်။ ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ မတည်ငြိမ်မှုတိုးမြင့်လာမှုနှင့်တချိန်တည်းတွင် အခြားတစ်ဘက်တွင်လည်းရေ

ရှားပါးမှုတိုးမြင့်လာနေခြင်းတို့သည် နိုင်ငံအစိုးရများနှင့်ကုမ္ပဏီများအား သယံဇာတအရင်းအမြစ်များကိုသိမ်းယူခြင်းအတွက် တွန်းအားပေးလျက်ရှိနေသည့် အရေးပါသည့်အချက်များဖြစ်သော်လည်း နိုင်ငံအားလုံးတိုင်းနှင့် နိုင်ငံတွင်းရှိအစုအဖွဲ့များအားလုံးတိုင်းကို တူညီစွာတွန်းအားပေးလျက်ရှိနေသည်မဟုတ်ကြချေ။ ထို့အပြင် တွန်းအားပေးမှုများသည် ကွဲပြားခြားနားပြီးပုံသဏ္ဌာန်အတည်တကျမရှိသော ယနေ့အရင်းရှင်စနစ်ပြောင်းလဲထွန်းကားလာခြင်းနှင့်လည်း ဆက်စပ်နေပြန်သည်။ ဘီအာရ်အိုင်စီနိုင်ငံများ (ဘရာဇီး၊ ရုရှား၊ အိန္ဒိယနှင့်တရုတ်) နှင့်အမ်မ်အိုင်စီနိုင်ငံများ (ဝင်ငွေအလယ်အလတ်အဆင့်ရှိနိုင်ငံများ၊ ဥပမာအားဖြင့် အာဂျင်တီးနား၊ ချီလီနှင့်မက်ဆီကို၊ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှားနှင့်မလေးရှား) တို့သည် ၎င်းတို့၏ပြည်တွင်းဈေးကွက်အတွက် အစားအစာနှင့်အစားအစာမဟုတ်သောပစ္စည်းများထုတ်လုပ် ရန်လိုအပ်သောကုန်ကြမ်းပစ္စည်းအမြောက်အများကို ရှာဖွေလျက်ရှိနေကြသည်။ တစ်ချိန်တည်းမှာပင် အထူးသဖြင့် ကမ္ဘာ့မြောက်ပိုင်းဖွံ့ဖြိုးပြီးနိုင်ငံများရှိ စွန့်စားမှုများသောအိမ်မြေဈေးကွက်မှ ဘဏ္ဍာငွေကြေးအရင်းအနှီးများစွာသည် ကမ္ဘာ့တောင်ပိုင်းဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြေယာ၊ အခြားသောသဘာဝသယံဇာတနှင့်စိုက်ပျိုးရေးလုပ်ငန်းများကဏ္ဍရှိ 'ပိုမိုလုံခြုံသော' ရင်းနှီးမြှုပ်နှံမှုများအတွက် ကမ္ဘာတစ်ဝှမ်းလုံးအတိုင်းအတာဖြင့် ရွှေ့ပြောင်းလာနေကြသည်။

ပါဝင်ပတ်သက်နေကြသူဇာတ်ကောင်များသည်လည်းစုံလင်ပြီး၊ ရှုပ်ထွေးလှသည်။ သတင်းနှင့်မီဒီယာများ အနေဖြင့် ပါဝင်ပတ်သက်နေကြသူ လူပုဂ္ဂိုလ်နှင့်လုပ်ငန်းအဖွဲ့အစည်းအနည်းစု၊ အထူးသဖြင့် ပင်လယ်ကွေ့နိုင်ငံများ၊ တရုတ်နှင့်တောင်ကိုရီးယားတို့ကိုသာအာရုံစူးစိုက်နေသည့်သဘောရှိသည်။ ဤဖြစ်စဉ်သည် အထူးသဖြင့် ညတွင်းချင်းမှာပင် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မိုးထိလုမတတ်ချက်ချင်း ထိုးတက်သွားစေသည့်၊ လူ့သမိုင်းတွင် ပထမဆုံးဦးဆုံးအကြိမ်အဖြစ် အငတ်ဘေးကြုံတွေ့နေရသောလူဦးရေဆိုင်ရာတရားဝင်ကိန်းဂဏန်းကို ၁ ဘီလီယံသို့ရောက်သည်အထိ တိုးတက်သွားစေသည့်၊ အစားအစာတင်သွင်းကုန်အပေါ်မှီခိုနေရသောနိုင်ငံများ၏ အားနည်းချက်များကိုလှစ်ဟပြလိုက်သော ၂၀၀၇-၂၀၀၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်းဖြစ်ချိန်ကတည်းကစ၍ မှန်ကန်လျက်ရှိသည်။

သို့သော် လက်တွေ့အခြေအနေက ယခုကဲ့သို့ဖော်ပြနေခြင်းထက်ပို၍ကြီးမားလှသည်။ အမှန်တကယ်တွင်မူ ပြောင်းလဲလျက်ရှိနေသော မြေယာသိမ်းယူသူများ၏ 'အဟောင်း' နှင့် 'အသစ်' ပုံစံမျိုးစုံရောနှောပေါင်းစပ်နေမှုများကို တွေ့မြင်ရသည်။ ၎င်းတို့တွင် နိုင်ငံမျိုးစုံ၌အခြေစိုက်ကြသော ကော်ပိုရေးရှင်းအကြီး၊ အငယ်မှစ၍ ကမ္ဘာ့မြောက်ပိုင်း ဖွံ့ဖြိုးပြီးနိုင်ငံများရှိ ယခင်ကိုလိုနီနိုင်ငံများ၊ တောင်ပိုင်းဖွံ့ဖြိုးဆဲနိုင်ငံများရှိ 'တက်သစ်စစီးပွားရေး' ကိုပိုင်ဆိုင်ကြသောအစိုးရသစ်များနှင့် သယံဇာတအရင်းအမြစ်များအား မျက်စိကျခြင်းခံနေရသော နိုင်ငံတိုင်းရှိဒေသဆိုင်ရာနှင့်နိုင်ငံတော်အဆင့်အာဏာပိုင်များတို့အထိပါဝင်နေကြသည်။ အထူးခြားဆုံးဖြစ်သည်ဟုဆိုနိုင်သည့်အချက်မှာ ပုဂ္ဂလိကရှယ်ယာအဖွဲ့များ၊ အိုနာစာပင်စင်ရန်ပုံငွေများ၊ အာမခံငွေကြေးစာချုပ်များ၊ စတော့ရှယ်ယာများတွင် စုပေါင်းရင်းနှီးမြှုပ်နှံမှုရန်အတွက် ရင်းနှီးမြှုပ်နှံသူများမှထည့်ဝင်ထားကြသောရန်ပုံငွေများ၊ နိုင်ငံတော်ဘဏ်များနှင့်အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့များစသည့် ဘဏ္ဍာရေးဆိုင်ရာအစုအဝေးအသစ်အလွှာပေါင်းစုံတစ်ခုလုံး ပါဝင်ပတ်သက်နေကြခြင်းဖြစ်သည်။ ယနေ့အချိန်တွင် မြေယာကိစ္စအပေးအယူကဏ္ဍတစ်ခုတည်းတွင် ပြည်တွင်းနှင့်ပြည်ပမှပါဝင် ပတ်သက်နေသူဇာတ်ကောင်မျိုးစုံကို တွေ့ရှိနေရခြင်းမှာ အဆန်းမဟုတ်တော့ချေ။

## သီးနှံတစ်မျိုးတည်းအသားပေးစိုက်ပျိုးခြင်း

မြေယာနှင့်တကွ ၎င်းနှင့်ဆက်နွယ်နေသော သဘာဝသယံဇာတအရင်းအမြစ်များသည် အဖွဲ့အစည်းနှင့် ဇာတ်ကောင်မျိုးစုံအား အကြောင်းအရင်းများစွာကြောင့် အလွန်တရာဆွဲဆောင်ခဲ့ခြင်းမျိုး ယခင်ကမရှိခဲ့ဖူးချေ။ အချို့အတွက် မြေယာ

ရယူခြင်းဆိုသည်မှာ နိုင်ငံစားနပ်ရိက္ခာရရှိရေးအတွက် သေချာစေသောအဆင့်တစ်ခုဖြစ်ပြီး၊ အခြားသူများအတွက်မှာမူ စွန့်စားပြီးဆောင်ရွက်ရသော ဈေးကစားသည့်အလုပ်သက်သက်သာလျှင်ဖြစ်သည်။ အမှန်တကယ် ယနေ့အချိန်တွင် မြေယာရယူခြင်းသည်စားနပ်ရိက္ခာဖူလုံရေး၊ စွမ်းအင်လုံခြုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေး၊ သစ်တောပြန်လည်ပျိုးထောင်ရေးနှင့် ဂေဟစနစ်ဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေး၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးနေသူများအား ဥပဒေနှင့်မကင်းသောဝင်ငွေရသီးနှံများစိုက်ပျိုးခြင်းမှ အာရုံလွှဲလမ်းကြောင်းပြောင်းပေးရန်အတွက် ရည်ရွယ်သည့်သီးနှံအစားထိုးရေးစသည့် အမည်နာမခေါင်းစဉ်မျိုးစုံတပ်၍ မြေယာရရှိရေးအတွက် တစ်ကမ္ဘာလုံးအလုအယက် ဖြစ်နေကြသည်။ သို့သော် ယေဘုယျရလာဒ်မှာမူ လုပ်ငန်းပမာဏကြီးမားပြီး သီးနှံတစ်မျိုးတည်းကိုအသားပေးစိုက်ပျိုးသည့် စက်မှုစိုက်ပျိုးရေး၊ စက်မှုသစ်တောနှင့်တကွ သဘာဝသယံဇာတအရင်းအမြစ်များ (ဥပမာ-ရေနံ၊ ဓာတ်သတ္တုများနှင့်ရေ) တို့အား မရပ်မနားတရစပ်ထုတ်ယူနေမှုအပေါ်တွင် အခြေခံထားသည့်၊ ရေရှည်အကျိုးမရှိသည့်၊ လက်ခံနိုင်ဖွယ်မရှိသည့်ဖွံ့ဖြိုး တိုးတက်မှုပုံစံ ဆက်လက်တိုးချဲ့ဖြစ်ပေါ်နေမှုပင်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုအများစုသည် ကြိုတင်သိရှိထားကြပြီးဖြစ်သော လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးနှစ်ခုလုံးရှိသည့် စက်မှုသီးနှံတစ်မျိုးတည်းကိုအဓိကထားသောစိုက်ပျိုးရေးလုပ်ငန်းကိုသာ နှစ်သက်ကြသည်။ ဤကဲ့သို့မြေ၊ ရေနှင့်သစ်တောသယံဇာတအရင်းအမြစ်များအားထိန်းချုပ်ရန် အဖန်တလဲလဲတစ်ဟုန်ထိုးဆောင်ရွက်ပြုမူနေခြင်းသည် မြေယာသိမ်းယူခြင်းနှင့်ဒေသခံပြည်သူများအား အကျိုးမပြုနိုင်သည့်ဆန့်ကျင်ဘက်ဆိုးကျိုးဖြစ်သော ပါဝင်ပေါင်းစည်းမှုဆီသို့သာဦးတည်သွားခဲ့သည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုအသစ်များတွင် ဒေသခံများကိုပါဝင်ပေါင်းစည်းမှု ပေးနိုင်ခြင်းမရှိသည့်အခါတွင် ဖွံ့ဖြိုးတိုးတက်ရှင်သန်ရန်အလားအလာရှိသည့် စိုက်ပျိုးရေးဆိုင်ရာသက်မွေးဝမ်းကျောင်းမှုများကို ပြန်လည်တည်ဆောက်ပေးရန်အတွက် မျှော်လင့်ချက်မရှိကြသည့်၊ အသိအမှတ်လည်းမပြုကြသည့်'လူပိုလူလျှံ' အုပ်စုကြီးများကိုဖြစ်ပေါ်စေသည့် 'လုပ်အားထုတ်ပယ်သော'ပြောင်းလဲမှုတစ်ရပ်ကိုဖြစ်ပေါ်စေခဲ့သည်။ ဤဖြစ်ရပ်သည် အများပိုင်နေရာများကိုတားဆီးကာရန်ခြင်း၊ မူလရှိရင်းသစ်တောများအား အပြောင်ခုတ်ထွင်းရှင်းလင်းခြင်း နှင့်မြေဆီလွှာများ၊ မြေမျက်နှာပြင်နှင့်မြေအောက်ရေထုဆုံးရှုံးပျက်စီးခြင်းတို့ကို ဦးတည်သွားခဲ့သည်။ ဒေသအတွင်း စားနပ်ရိက္ခာထုတ်လုပ်မှုစနစ်များ၊ ဒေသခံတိုင်းရင်းသားမိရိုးဖလာရေစီမံခန့်ခွဲမှုစနစ်များကို ပျက်စီးယုတ်လျော့စေသည်။ သို့သော် ဒေသခံနှင့်နိုင်ငံသားအားလုံး၏အရင်းအမြစ်အပေါ် အကျိုးပိုင်ဆိုင်ခံစားနိုင်မှုအခွင့်အရေးများအပါအဝင် ကျေးလက်နေပြည်သူလူထုများ၏ လူ့အခွင့်အရေးများ နှင့်စားနပ် ရိက္ခာအခွင့်အရေးများကို လုံးဝဥသုံဥပေက္ခာပြုထားသည့် အနေအထားဖြင့်မြေယာရရှိရေးအားကြိုးပမ်းနေကြသည်။

မြေယာများအပေါ်ဝင်ထွက်ခွင့်ကန့်သတ်တားဆီးခြင်း၊ သိမ်းယူခြင်းတို့အား တပ်မတော်နှင့်ပြည်သူ့စစ်အဖွဲ့များ၏လက်နက်ကိုင်အကာအကွယ်ပေးမှုကို အသုံးချပြီးဆောင်ရွက်သည်။ မြေယာများပေါ်မှ အတင်းအကျပ်နှင်ထုတ်ခြင်းများသည် ထူးခြားမှုမဟုတ်သော်လည်း အကြမ်းဖက်မည်ဟုခြိမ်းခြောက်ခြင်းတစ်မျိုးတည်းနှင့်ပင် လက်နက်မဲ့ဒေသခံပြည်သူများအား နှင်ထုတ်ရန်အတွက်လုံလောက်နေသည်။ မြေတစ်ကွက်ပြီးတစ်ကွက် ဤကဲ့သို့အလျင်အမြန်ဖြစ်ပေါ်လာနေ သည့်အခြေအနေသည် ကျေးလက်ဆင်းရဲသားအလွှာများအား ထပ်မံတိုးပွားများပြားလာနေစေချိန်တွင် သဘာဝသယံဇာတအရင်းအမြစ်များနှင့်ဘုံပိုင်ဆိုင်သည့်မြေယာများအား ညစ်ညမ်းစေခြင်းနှင့်ဖျက်ဆီးခြင်းများကိုဖြစ်ပေါ်စေသည့်၊ စီးပွားရေးကုမ္ပဏီကော်ပိုရှင်းများမှလွှမ်းမိုးထိန်းချုပ်နေသည့်၊ စားနပ်ရိက္ခာ-တိရိစ္ဆာန်အစားအစာ-လောင်စာ-သစ်တော ဆက်နွယ်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှုပုံစံအား ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ပေးနေသကဲ့သို့ဖြစ်သည်။

## ဆန္ဒအလျောက်လိုက်နာရန်မူဝါဒလမ်းညွှန်ချက်များ

ဤကမ္ဘာ့တဝှမ်းမြေယာသိမ်းယူနေမှုသည် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) ၏တရားဝင်ဌာနတစ်ခုဖြစ်သည့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီ (စီအက်ဖ်အက်စ်) ၏ဦးဆောင်မှုဖြင့်မြေ၊ သားငါးနှင့်သစ်တောများလုပ်ပိုင်ခွင့်ဆိုင်ရာ တာဝန်ယူမှုရှိသော အုပ်ချုပ်မှုအတွက် မူဝါဒလမ်းညွှန်ချက်များ (ဗွီဂျီ-မြေယာ) ပေါ်ထွက်လာရေးစေ့စပ်ညှိနှိုင်းဆောင်ရွက်နေမှုများ၏ နောက်ခံအကြောင်းရင်းပင်ဖြစ်သည်။ အခြေခံအယူအဆမှာ နိုင်ငံတော်အနေဖြင့် မည်သူကမည်သည့်ရည်ရွယ်ချက်ဖြင့်၊ မည်မျှကာလကြာအောင်၊ မည်သည့်မြေယာမျိုးကိုလုပ်ပိုင်ခွင့်ရရှိရန်၊ မည်သည့်အခွင့်အရေးမျိုးကိုခံစားရရှိနိုင်သနည်းဟူသော မေးခွန်းမျိုးအားဖြေရှင်းရာတွင် နိုင်ငံအများလိုက်နာဆောင်ရွက်နိုင်အောင် အများကကျယ်ကျယ်ပြန့်ပြန့်လက်ခံထားကြသော အပြည်ပြည်ဆိုင်ရာစံနှုန်းတစ်ခုကို ဖော်ဆောင်သတ်မှတ်ကြရန်ဖြစ်သည်။ အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍနှင့်လူထုအခြေပြုအဖွဲ့အစည်းများထံမှ အထူးပင်ရှည်လျားလှသော တိုင်ပင်ဆွေးနွေးအကြံဉာဏ်ရယူခြင်းလုပ်ငန်းစဉ်အပါအဝင် အဆိုပါလမ်းညွှန်ချက်ပေါ်ထွက်လာရန် ဆောင်ရွက်နေကြသည်မှာ နှစ်အတော်အတန်ကြာနေပြီဖြစ်သည်။ ဤကဲ့သို့လုပ်ငန်းစဉ်အား ဟန်ရေးပြအမြင်ကောင်းအောင်လုပ်ဆောင်နေခြင်းထက် ပိုမိုအရေးပါသည့်အသွင်ပြောင်းလဲပေးသည့်ခြေလှမ်းသည် ၂၀၀၉ ခုနှစ်တွင် စီအဖ်အက်ကိုယ်တိုင်မှ လူထုအခြေပြုအဖွဲ့အစည်းများအား နောက်ဆုံးဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်အထိ ပါဝင်ခွင့်ပြုရန်ဆုံးဖြတ်လိုက်သည့်အခါတွင် အစပြုခဲ့ သည်။ တရားဝင်ညှိနှိုင်းမှုသည် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင်စတင်ခဲ့ပြီး၊ တစ်ရက်တွင် ၁၄ နာရီဖြင့် ခြောက်ရက်ကြာအပြင်းအထန်ဆွေးနွေးကြသော်လည်း ဆွေးနွေးစရာစာတမ်း၏လေးပုံသုံးပုံနီးပါးကျန်ရှိနေခဲ့ကာ အပြီးသတ်သဘောတူညီမှုမရရှိခဲ့ချေ။ ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲအား ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပခဲ့ရာတွင်လည်း ပဏာမသတ်မှတ်ချိန်ထက်ကျော်လွန်ကာဆွေးနွေးခဲ့ကြသော်လည်း အဆုံးသတ်နိုင်ခြင်းမရှိခဲ့ချေ။ သို့သော် စေ့စပ်ညှိနှိုင်းများအပြီးတွင် ဆွေးနွေးစရာကိစ္စရပ်များ၏ခန့်မှန်းခြေ ၇၅ ရာခိုင်နှုန်းပြီးစီးခဲ့သည်။ တတိယအကြိမ်ဆွေးနွေးပွဲသည် ၂၀၁၂ခုနှစ်၊ မတ်လတွင်စတင်မည်ဖြစ်သည်။

ဗွီဂျီ-မြေယာစေ့စပ်ညှိနှိုင်းမှုများတွင် အပြင်းအထန်အငြင်းပွားရဆုံးသော အချို့ကိစ္စရပ်များမှာ (၁) ဤမူဝါဒလမ်းညွှန်ချက်များနှင့်အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေဆက်နွယ်မှု၊ (၂) လမ်းညွှန်ချက်များသည် မြေယာအတွက်သာလျှင်မဟုတ်ကြဘဲ ယင်းနှင့်ယှဉ်တွဲနေသောရေကဲ့သို့သော သဘာဝသယံဇာတအရင်းအမြစ်များပါအကျုံးဝင်နေမှု၊ (၃) ပြန်လည်ခွဲဝေခြင်း၊ သိမ်းယူခြင်းကဲ့သို့သော ကွဲပြားခြားနားသောမြေယာလုပ်ပိုင်ခွင့်ပြောင်းလဲမှုပုံစံအသီးသီးနှင့်တကွ ၎င်းတို့၏ရည်ရွယ်ချက်များနှင့် ဆက်စပ်နေသောကိစ္စရပ်များနှင့် (၄) 'တာဝန်ယူမှုရှိသောရင်းနှီးမြှုပ်နှံမှုဆိုသည်မှာအဘယ်နည်း'နှင့်လုပ်ကွက်ကျဉ်းလယ်သမားများနှင့်တကွ ဒေသခံမြေယာအသုံးပြုသူများအား မြေယာသိမ်းယူခြင်းမှကာကွယ်ပေးရန်မည်သို့ဆောင်ရွက်ရန်လိုအပ်မည်နည်းစသည့်တို့ပါဝင်ကြသော 'ရင်းနှီးမြှုပ်နှံမှုများ' နှင့်ပတ်သက်သောကျယ်ပြန့်သည့်ကိစ္စတစ်ရပ်လုံးတို့ဖြစ်ကြသည်။

ဤကဲ့သို့ တင်းမာပြီးအပြင်းအထန်အငြင်းပွားဖွယ်ကိစ္စရပ်များကြောင့် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ ဖြည်းဖြည်းချင်းသာတိုးတက်နေရသည်မှာ အံ့သြဖွယ်ရာမဟုတ်ချေ။ လူထုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များအနေဖြင့် ကြီးမားသည့်ဆုံးရှုံးမှုအချို့ရှိခဲ့သော်လည်း အရေးပါသည့်အကျိုးအမြတ်များကိုလည်း ဖော်ဆောင်နိုင်ခဲ့ကြသည်။ လုပ်ငန်းစဉ်အပြီးသတ်နိဂုံးချုပ်ရန်နီးကပ်လာချိန်တွင် ကိစ္စရပ်များကိုဆက်လက်ရှုပ်ထွေးစေမည့် "မပြီးစီးမချင်းမဖြစ်နိုင်သေး" မူကြမ်းသည်မူကြမ်းသာလျှင်ဖြစ်သည်ဆိုသည့်သဘောမျိုးနှင့် နောက်ဆုံးညှိနှိုင်းသဘောတူညီမှုရခဲ့သော စာတမ်းသည် ဝန်ကြီးအဆင့်ရှိသောစီအက်ဖ်အက်စ်၏ သဘောတူအတည်ပြုချက်ရယူရန်လိုအပ်နေသေးသည့် မူကြမ်းအဆင့်တွင်သာရှိနေသေး

သည်။ မူဝါဒလမ်းညွှန်ချက်များကိုလေးစားလိုက်နာရမည်ဟု သဘောတူထားကြသည့်အစိုးရအချို့၏ အလေးအနက် တိုက်တွန်းမှုများရှိနေသော်လည်း အတွေ့အကြုံများအရ လက်တွေ့ကျမှုထက် အားထားမျှော်လင့်ချက်က ပိုမိုနေကြောင်း တွေ့ရှိရသည်။ ယခုကဲ့သို့ခက်ခဲလှသည့်လုပ်ငန်းစဉ်မှ နောက်ထပ်ပေါ်ထွက်လာရန်ရှိသည်တို့ကိုတွေ့မြင်ရန် စောင့်ဆိုင်းကြရအုံးမည်ဖြစ်သည်။

# မြန်မာပြည်မြောက်ပိုင်းမှရာဘာစိုက်ပျိုးရေးတစ်ဟုန်ထိုးတိုးတက်မှု

၂၀၀၀ ခုနှစ်အလယ်ပိုင်းမှစ၍ ကချင်နှင့်ရှမ်းပြည်နယ်များမှတောင်ပေါ်ဒေသများသည် ဝင်ငွေရသီးနှံစိုက်ပျိုးရေးလုပ်ပိုင်ခွင့်များအသွင်သို့ပြောင်းလဲခြင်းကိုခံခဲ့ကြရသည်။ ဤပြောင်းလဲမှုတွင် ရာဘာအကြီးအကျယ်စိုက်ပျိုးခြင်းအပြင် လဘက်၊ ကြံနှင့်ပီလောပီနံစိုက်ပျိုးခြင်းလုပ်ငန်းများလည်းပါဝင်ကြသည်။[၁၆၇] ယခုအခါမြေနေရာအများအပြားတွင် ရာဘာပင်များဖြင့်ဖုံးလွှမ်းနေပြီး ရွှေတြိဂံဒေသသည် 'ရာဘာရပ်ဝန်း' ဟုခေါ်ဆိုရလောက်အောင်ပင် အသွင်ပြောင်းလဲခဲ့သည်။ ဤဝေးလံခေါင်ဖျားနယ်မြေသစ်တွင် ၂၀၀၀ ခုနှစ်များ အလယ်ပိုင်းကာလ ရာဘာစတင်ရောက်ရှိစိုက်ပျိုးချိန်ကစ၍ နိုင်ငံ၏အဓိကစက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်လာခဲ့သည်။ စိုက်ပျိုးရေးရင်းနှီးမြုပ်နှံမှုများမှဖြစ်ပေါ်လာသော ကြီးမားလှသည့်မြေယာအသုံးချမှုအပြောင်းအလဲကို မြန်မာနိုင်ငံရှိရာဘာစိုက်ပျိုးရေးလုပ်ပိုင်ခွင့်များမှသရုပ်ဖော်ပြလျက်ရှိနေသည်။

အစိုးရသည် နှစ် ၃၀ ရာဘာစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုချမှတ်ခဲ့ပြီး၊ ရည်မှန်းချက်အဖြစ် စိုက် ပျိုးမြေဟက်တာပေါင်း ၆၀၇,၀၀၀ (၁. ၅ သန်း) အထိရောက်ရှိရန်နှင့် ၂၀၃၀ ခုနှစ်အရောက်တွင် နှစ်စဉ် ရာဘာမက်ထရစ်တန်ချိန်ပေါင်း ၃၀၀,၀၀၀ ထုတ်လုပ်ရန်လျာထားသတ်မှတ်ခဲ့သည်။ နိုင်ငံအတွင်း ရာဘာထုတ်လုပ်မှုတိုးတက်စေရန် (အခြားသောစက်မှုကုန်ကြမ်းသီးနှံများအပါအဝင်) ရည်ရွယ်လျက် အစိုးရအနေဖြင့် အဆိုပါစက်မှုသီးနှံအားစိုက်ပျိုးရန် ၄င်းမျက်စိကျနှစ်သက်ရာကုမ္ပဏီများနှင့်တကွ အခြားသောပုဂ္ဂလိကကဏ္ဍသို့ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ ရာဘာလုပ်ပိုင်ခွင့်များအား ရှမ်းနှင့်ကချင်ပြည်နယ်များအတွင်းရှိ သက်ဆိုင်ရာတပ်မတော်တိုင်းမှူးများမှလည်း တွန်းအားပေးဆောင်ရွက်ကြသည်။[၁၆၈] စိုက်ပျိုးမှုတိုးတက်မှုနှုန်းမှာအံ့သြလောက်စရာဖြစ်ပြီး၊ တရားဝင်အစိုးရကိန်းဂဏန်းများမှ ၂၀၃၀ ခုနှစ်အတွက်လျာထားချက်ကိုပင်ပြည့်မီကျော်လွန်နေပြီးဖြစ်ကြောင်းကိုပင်ဖော်ပြထားသည်။

## ရာဘာစိုက်ပျိုးမှုကိန်းဂဏန်းများ

မြန်မာနိုင်ငံတွင်ရာဘာစိုက်ပျိုးမှုအများဆုံးဒေသမှာ နိုင်ငံတောင်ပိုင်းတနင်္သာရီတိုင်းဒေသကြီး၊ မွန်နှင့်ကရင်ပြည်နယ်များတွင်တည်ရှိသည်။ ထုတ်လုပ်သည့်ရာဘာ၏ ၉၀ ရာခိုင်နှုန်းခန့်အား တရုတ်နိုင်ငံနှင့်အာဆီယံငါးနိုင်ငံဖြစ်သော မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်းနှင့်အင်ဒိုနီးရှားနိုင်ငံများသို့တင်ပို့သည်။[၁၆၉] သို့သော် ရာဘာတိုးတက်ရေးရည်မှန်းချက်သည် ယခုအခါတရုတ်နိုင်ငံနယ်စပ်တစ်လျှောက်ရှိ မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွင်ဖြစ်သည်။ ထိုဒေသ၏ထုတ်လုပ်မှုသည် တရုတ်ပြည်တွင်းဈေးကွက်အတွက်သာဖြစ်ပြီး နယ်စပ်မှဖြတ်ကျော်ပြီး တိုက်ရိုက်ပို့ဆောင်ရန်ကန့်သတ်ထားသည်။ မြန်မာအစိုးရ၏ တရားဝင်ထုတ်ပြန်ချက်စာရွက်စာတမ်းများမှ ကချင်နှင့်ရှမ်းပြည်နယ်များတွင် ရာဘာစိုက်ပျိုးမှုတိုးတက်မှုအား "နယ်စပ်ဒေသဘိန်းအစားထိုးနှစ်ရှည်သီးနှံစိုက်ပျိုးရေးတိုးတက်မှု" အဖြစ်သတ်မှတ်ဖော်ပြထား သည်။

မြန်မာနိုင်ငံတွင် တိကျခိုင်မာသောကိန်းဂဏန်းများရရှိရန်ခက်ခဲပြီး၊ ရရှိသောကိန်းဂဏန်းများကိုလည်း အထူးအလေးထားဂရုပြုသင့်သည်။ ၂၀၀၅-၀၆ ခုနှစ်တွင် မြေဟက်တာ ၂၀၀,၀၀၀ ကျော်စိုက်ပျိုးနေခဲ့ရာမှ၊ ဘိန်းအစားထိုးစိုက်ပျိုးရေးအတွက် တရုတ်နိုင်ငံမှထောက်ပံ့မှုများရရှိသည့်နောက်တစ်နှစ်တွင် ရာဘာစိုက်ပျိုးမှုမြေဟက်တာ ၃၀၀,၀၀၀ နီးပါးသို့ရောက်ရှိခဲ့သည်။ ၂၀၀၉ ခုနှစ်နှစ်လယ်တွင် မြေဟက်တာ ၄၀၀,၀၀၀ ကျော်အထိတိုးတက်ခဲ့သည်(ဇယား[၁၇၀] ၂)။ ၂၀၁၀-၁၁ ခုနှစ်တွင် ရာဘာစိုက်ပျိုးမှု ၄၈၅,၀၀၀ ဟက်တာအထိရောက်ရှိရန်မျှော်မှန်းထားခဲ့သည်(ဇယား[၁၇၁] ၃)။ ဤတရားဝင်

ကိန်းဂဏန်းများသည် ၂၀၃၀ ခုနှစ်ရည်မှန်းချက်ဖြစ်သော မြေဟက်တာ ၆၀၇,၀၀၀ အားအလျင်အမြန်ပြည့်မီတော့မည်ဟုညွှန်ပြနေသည်။ သို့သော် လုပ်ငန်းအများအပြားတွင် ရာဘာစိုက်ပျိုးထားခြင်းမရှိခဲ့သည့်အပြင်၊ သက်တမ်းရင့်စိုက်ခင်းများမှအပင်များသည်လည်း ရာဘာစေးဆက်လက်ထုတ်မပေးနိုင်တော့အောင်အိုမင်းနေကြပြီး စိုက်ခင်းများ၏ ၂၀ မှ ၃၀ ရာခိုင်နှုန်းခန့်သာလျှင် ဖြစ်ထွန်းမှုရှိသဖြင့်၊ ဤများပြားလှသည့်ကိန်းဂဏန်းများအား အလေးထားဂရုပြုသင့်သည်။[၁၇၂]

## ဇယား(၂)၊ မြန်မာနိုင်ငံတွင်ရာဘာထုတ်လုပ်ခြင်း၊ ၁၉၉၆-၂၀၀၉ ခုနှစ် (ဧက)

| ခုနှစ် | ၁၉၉၆-၁၉၉၇ | ၁၉၉၈-၁၉၉၉ | ၂၀၀၀-၂၀၀၁ | ၂၀၀၂-၂၀၀၃ | ၂၀၀၃-၂၀၀၄ | ၂၀၀၄-၂၀၀၅ | ၂၀၀၅-၂၀၀၆ | ၂၀၀၆-၂၀၀၇ | ၂၀၀၇-၂၀၀၈ | ၂၀၀၈-၂၀၀၉ |
|---|---|---|---|---|---|---|---|---|---|---|
| စိုက်ပျိုးဧရိယာ (ဧက) | ၂၉၄ | ၃၉၆ | ၄၆၀ | ၄၅၇ | ၄၆၈ | ၅၀၃ | ၅၅၉ | ၇၂၈ | ၉၄၀ | ၁,၀၅၇ |
| အထွက် (ပေါင်/ဧက) | ၅၀၅ | ၄၃၂ | ၅၂၃ | ၅၂၆ | ၄၉၂ | ၅၁၃ | ၅၃၀ | ၅၃၁ | ၅၇၁ | ၅၇၇ |
| ထုတ်လုပ်မှု (ပေါင်သန်းပေါင်း) | ၅၇ | ၅၁ | ၈၁ | ၈၈ | ၈၈ | ၁၁၅ | ၁၄၂ | ၁၆၁ | ၁၉၅ | ၂၀၆ |

ကိုးကား - Myanmar Agriculture in Brief၊ ၂၀၁၀။

## ဇယား(၃)၊ မြန်မာနိုင်ငံတွင်ရာဘာစိုက်ပျိုးရန်လျာထားမှုဧက၊ ၂၀၁၀-၂၀၁၁ ခုနှစ်

| ပြည်နယ်/တိုင်းဒေသကြီး | စိုက်ပျိုးပြီး (ဧက) | ထုတ်ယူနိုင်သော (ဧက) | အထွက် (ပေါင်/ဧက) | ထုတ်လုပ်မှု (ပေါင်) |
|---|---|---|---|---|
| **မြန်မာပြည်မြောက်ပိုင်း** | | | | |
| ကချင်ပြည်နယ် | ၅၃,၃၇၇ | ၂,၀၃၇ | ၅၇၃ | ၁,၁၆၇,၂၀၁ |
| ရှမ်းပြည်နယ် (မြောက်) | ၆၆,၀၆၅ | ၁၀,၀၈၅ | ၆၆၅ | ၆,၇၀၈,၉၂၂ |
| ရှမ်းပြည်နယ် (တောင်) | ၁,၁၇၈ | ၁၀၀ | ၇၉၄ | ၇၉,၄၀၀ |
| ရှမ်းပြည်နယ်(အရှေ့) | ၇၇,၃၅၁ | ၂,၆၈၁ | ၅၄၀ | ၁,၄၄၈,၀၀၀ |
| **အစဉ်အလာအရ ရာဘာစိုက်ပျိုးလေ့ရှိသည့်ဒေသများ** | | | | |
| မွန်ပြည်နယ် | ၄၃၈,၆၉၂ | ၂၁၉,၉၅၇ | ၆၃၆ | ၁၃၉,၉၉၄,၆၄၂ |
| တနင်္သာရီတိုင်း ဒေသကြီး | ၂၃၉,၂၉၅ | ၁၀၅,၈၈၂ | ၄၈၀ | ၅၀,၈၄၁,၁၄၅ |
| **နိုင်ငံ၏ကျန်ဒေသများ** | | | | |
| ကယားပြည်နယ် | ၁၁၁ | ၀ | ၀ | ၀ |
| ကရင်ပြည်နယ် | ၁၅၇,၇၅၆ | ၃၂,၀၀၀ | ၆၂၇ | ၂၀,၀၆၄,၀၇၅ |
| ချင်းပြည်နယ် | ၁၅ | ၀ | ၀ | ၀ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၆,၅၈၁ | ၁၅ | ၅၄၀ | ၈,၁၀၀ |
| ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၉၂,၄၂၅ | ၁၀,၂၇၂ | ၅၀၃ | ၅,၁၆၂,၆၀၆ |

| | | | | |
|---|---|---|---|---|
| ပဲခူးတိုင်းဒေသကြီး(အနောက်) | ၁,၁၅၆ | ၀ | ၀ | ၀ |
| မကွေးတိုင်းဒေသကြီး | ၁၄၂ | ၀ | ၀ | ၀ |
| မန္တလေးတိုင်းဒေသကြီး | ၄၃၁ | ၀ | ၀ | ၀ |
| ရခိုင်ပြည်နယ် | ၃၇,၉၀၉ | ၁,၃၄၂ | ၃၆၅ | ၄၉၀,၀၀၀ |
| ရန်ကုန်တိုင်းဒေသကြီး | ၃၅,၃၂၉ | ၅,၃၄၂ | ၄၂၈ | ၂,၂၈၅,၅၂၇ |
| ဧရာဝတီတိုင်းဒေသကြီး | ၂၀,၀၀၀ | ၁၃၆ | ၇၂၀ | ၉၇,၉၂၀ |
| စုစုပေါင်း | ၁,၂၂၇,၈၁၃ | ၃၈၉,၇၈၈ | ၅၈၆ | ၂၂၈,၃၄၇,၅၃၈ |

ကိုးကား - အမ်မ်အေအကော်စ်၊ ၂၀၁၀။

ကချင်ပြည်နယ်သည် ၂၀၁၀ နှစ်လယ်၌ မြေဟက်တာ ၄၀၀,၀၀၀ စိုက်ပျိုးပြီးစီးရမည်ဟု ရည်မှန်းချက်ရှိထားပြီးအစိုးရကိန်းဂဏန်းများအရ လျာထားချက်၏ထက်ဝက်ကျော်စိုက်ပျိုးပြီးဖြစ်ပြီး အစိုးရစာရင်းဇယားတွင် ထည့်သွင်းထားခြင်းမရှိသည့် စိုက်ပျိုးရေးလုပ်ပိုင်ခွင့်များအားထည့်တွက်လျှင် လျာထားချက်၏ထက်ဝက်ကျော်နိုင်သည်။[၁၇၃] ရှမ်းပြည်နယ်ဒေသအားလုံး (တောင်၊မြောက်နှင့်အရှေ့) သည်အစိုးရစာရင်းများအရ ဟက်တာမြေ ၁၄၅,၀၀၀ အထိရောက်ရှိစိုက်ပျိုးရန်လျာထားချက်ရှိသည်။ တရားဝင်ထုတ်ပြန်ထားသော်လည်း သတ်မှတ်ချက်ထက်များစွာနိမ့်ကျနေလေသည်။ သို့သော် အစိုးရမှမှတ်တမ်းတင်ထားသော စိုက်ပျိုးရေးလုပ်ပိုင်ခွင့်များတွင် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်ယူဒဗလျူ အက်စ်အေထိန်းချုပ်မှုအောက်ရှိ 'ဝ' ဒေသတွင်း အကြီးအကျယ်ရာဘာတိုးချဲ့စိုက်ပျိုးခြင်းအားထည့်သွင်းထားဟန်မရှိချေ။[၁၇၄]

အစိုးရ၏တရားဝင်ကိန်းဂဏန်းများနည်းတူ ဤဇယားများကိုလည်း အလေးအနက်ဂရုပြု၍ အဓိပ္ပါယ်ဖွင့်ဆိုစီမံကိုင် တွယ်သင့်သည်။ အဆိုပါစာရင်းများတွင် ကချင်ပြည်နယ်ရှိကေအိုင်အို၊ ရှမ်းပြည်နယ်ရှိယူဒဗလျူအက်စ်အေနှင့် အမ်မ်အင်န်ဒီအေအေစသည့် တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့များအုပ်ချုပ်ရာဒေသများအတွင်းရှိ ရာဘာစိုက်ပျိုးရေးလုပ်ပိုင်ခွင့်အများစုမပါဝင်ချေ။ ထို့အပြင် အစိုးရမှထိန်းချုပ်ထားပြီး တပ်မတော်အရာရှိများမှအုပ်ချုပ်ရာနယ်မြေများရှိ စိုက်ပျိုးရေးလုပ်ပိုင်ခွင့်များသည်လည်း အစိုးရစာရင်းများတွင်ပါဝင်ထည့်သွင်းခြင်းမပြုဘဲရှိနိုင်သည်။ အချို့ကိစ္စရပ်များတွင် လုပ်ပိုင်ခွင့်များကို မည်သည့်အစိုးရဌာနနှင့်မျှ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိဘဲ တပ်မတော်မှမိမိသဘောအတိုင်း စီမံဆောင်ရွက်ကောင်းဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်မြေယာစာရင်းဇယားကွဲလွဲမှုများသည် ဝန်ကြီးဌာ နများနှင့်ဦးစီးဌာနများ ဌာနအတွင်းနှင့်၊ ဌာနများတစ်ခုနှင့်တစ်ခုအကြား၌ပင်ဖြစ်ပေါ်လျက်ရှိနေသည်။ ဥပမာအားဖြင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှစ်ခုလုံးသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏လက်အောက်တွင်ရှိနေကြသော်လည်း ရာဘာစိုက်ခင်းများနှင့် ပတ်သက်ပြီးကွဲလွဲနေသောစာရင်းကိန်းဂဏန်းများဖြင့် အစီရင်ခံလျက်ရှိကြသည်။

ထို့အပြင် တွေ့ဆုံမေးမြန်းမှုများမှရရှိသောကိန်းဂဏန်းများအရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ မှတ်တမ်းများနှင့် အမှန်တကယ်ချထားပေးသောမြေယာများမှာကွဲလွဲနေသည်။ အချို့သောတရားဝင်အချက်အလက်များတွင် အစီရင်ခံတင်ပြထားသော စိုက်ပျိုးမြေဧရိယာစုစုပေါင်းဆိုသည်မှာ အမှန်တကယ် စိုက်ပျိုးထားပြီးသည့်မြေယာများကိုဆိုလိုခြင်း သို့မဟုတ် လုပ်ပိုင်ခွင့်ချထားသတ်မှတ်ပေးထားသော မြေဧရိယာစုစုပေါင်းကိုသာဖော်ပြထားခြင်း ဟုတ်မဟုတ်စသည်ဖြင့် ကွဲကွဲပြားပြားရှင်းလင်းခြင်းမှုမရှိချေ။ အချို့ကိစ္စများတွင် ကုမ္ပဏီများအနေဖြင့် သီးနှံထွက်ကုန်ပြည်ပတင်ပို့ခွင့်ခွဲတမ်းရရှိသောအတိုင်းအတာများကိုပြည့်မှီရန်အတွက် ကြိုးစားလုံးပန်းစိုက်ပျိုးနေကြကြောင်းကို အစိုးရတာဝန်ရှိသူများအားသိသာစေချင်သောကြောင့် အစီရင်ခံတင်ပြထားသည့်စိုက်ပျိုးမြေကိန်းဂဏန်းများသည် သိသိသာသာလျော့နည်း

ကောင်းလျော့နည်းနိုင်သည်။ ထို့ကြောင့်အစိုးရ၏ကိန်းဂဏန်းများတွင် အစိုးရမှထိန်းချုပ်ထားခြင်းမဟုတ် သောဒေသများအတွင်းချထားသတ်မှတ်ပေးထားသည့် များပြားသည့်လုပ်ပိုင်ခွင့်များပါဝင်ခြင်းမရှိကြသဖြင့် အဆိုပါကိန်းဂဏန်းများသည် စာရင်းသွင်းမှတ်တမ်းတင်ထားသော လုပ်ပိုင်ခွင့်ချထားပေးသည့် မြေယာများတွင် အမှန်တကယ်စိုက်ပျိုးနေမှုအား အလွန်အမင်းချဲ့ကားဖော်ပြခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့ဖြစ်၍ ချထားသတ်မှတ်ပေးထားသောလုပ်ပိုင်ခွင့်အရေအတွက်သည် တရားဝင်ထုတ်ပြန်ထားသောကိန်းဂဏန်းထက်များပြားပြီး အမှန်တကယ်စိုက်ပျိုးသည့်မြေဧရိယာသည် တရားဝင်မှတ်တမ်း ကိန်းဂဏန်းထက် လျော့နည်းကောင်းလျော့နည်းနိုင်သည်ဟုဆိုနိုင်သည်။

## ရင်းနှီးမြှုပ်နှံမှုအသွင်သဏ္ဌာန်များ

မြန်မာနိုင်ငံမြောက်ပိုင်းတွင် တီအင်န်အိုင်မှလေ့လာသုတေသနပြုလုပ်ချက်အရ ရာဘာစိုက်ပျိုးရေးလုပ်ပိုင်ခွင့်လုပ်ငန်းများတွင် နိုင်ငံတော်နှင့်နိုင်ငံတော်မဟုတ်သော ပါဝင်ပတ်သက်နေကြသူဇာတ်ကောင်အသီးသီးဖြစ်ကြသည့် မြန်မာ့တပ်မတော်တိုင်းမှူးများ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အပစ်ရပ်အဖွဲ့များ၊ အစိုးရလိုလားသောပြည်သူ့စစ်များ၊ ဒေသခံကုမ္ပဏီများနှင့် တစ်သီးပုဂ္ဂလစီးပွားရေးသမားများစသည်ဖြင့်ပါဝင်နေမှုကိုဖော်ပြလျက်ရှိသည်။ ဤသို့ကွဲပြားခြားနားကြသော ပါဝင်ပတ်သက်နေသူဇာတ်ကောင်များအားလုံးကို ပေါင်းစည်းယှက်နွယ်ဆက်စပ်ပေးသောဆုံရပ်သည် တရုတ်နိုင်ငံဘိန်းအစားထိုးအစီအစဉ်၏ဘဏ္ဍာရေးအထောက်အပံ့ပင်ဖြစ်သည်။ ဤသို့ဖြင့်သဘောထားကွဲပြားခြားနားသည့်အဖွဲ့အစည်းအားလုံးတို့သည် ရေပန်းစားလျက်ရှိသော ရာဘာစိုက်ပျိုးရေးလုပ်ငန်းလှုပ်ရှားမှုတွင် အုန်းအုန်းကျွက်ကျွက်ပါဝင်လာကြပြီး၊ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ရာဘာထုတ်လုပ်မှုတိုးချဲ့ရေးတွင် တက်တက်ကြွကြွအားပေးဆောင်ရွက်ခဲ့ကြသည်။ ဒေသဆိုင်ရာတပ်မတော်တိုင်းမှူးများ၏၊ အချို့ကိစ္စများတွင် နေပြည်တော်ရှိ ထိပ်တန်းတာဝန်ရှိသူများ၏ခွင့်ပြုချက်တို့ဖြင့် စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုအများစုသည် ဗဟိုအစိုးရမှထိန်းချုပ်ထားသည့်နယ်မြေဒေသများတွင်တည်ရှိကြသည်။ ဒေသခံတပ်မတော်နှင့်အစိုးရတာဝန်ရှိ သူများမှလည်းမိမိတို့၏ဒေသများတွင် ရာဘာစိုက်ပျိုးရေးလုပ်ငန်းအားတိုက်တွန်းအားပေးခဲ့ကြသည်။

၂၀၀၆-၀၇ ခုနှစ် တရားဝင်အစိုးရစာရင်းဇယားများအရ ရာဘာစိုက်ပျိုးဧရိယာ၏ ၉၅ ရာခိုင်နှုန်းကို ပုဂ္ဂလိကကဏ္ဍမှထိန်းချုပ်ထားလျက်ရှိသည်။[၁၇၅] လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လက်ရှိပုဂ္ဂလိကပိုင်ပြုလုပ်ရေးအစီအစဉ်ပုံစံသည် အစိုးရအနေဖြင့် ၂၀၀၄ ခုနှစ်ကတည်းကစတင်၍ ပုဂ္ဂလိကကဏ္ဍအား ရာဘာဝယ်ယူမှုနှင့်နိုင်ငံခြားတင်ပို့မှုကိုလွတ်လပ်စွာဆောင်ရွက်ခွင့်ပြုထားသည်။

အစိုးရထိန်းချုပ်ရာနယ်မြေများတွင် ရာဘာစိုက်ပျိုးရေးလုပ်ပိုင်ခွင့်များသည် အဓိကလမ်းမကြီးများဘေးတစ်လျှောက်၌သာအများအပြားတည်ရှိကြသည်။ ကချင်ပြည်နယ်တွင် ပြည်နယ်မြို့တော်မြစ်ကြီးနားမှ အနောက်မြောက်ဘက် နမ္မတီးနှင့်တနိုင်း၊ တောင်ဘက်ကေအိုင်အိုထိန်းချုပ်ထားရာ လိုင်ဇာအပြင် ဆက်လက်၍အောက်ပိုင်းဘက်ဗန်းမော်သို့ ဆက်သွယ်သည့်လမ်းကြောင်းများပါဝင်သည်။ ၂၀၀၅ ခုနှစ်မှစတင်၍ ကချင်ပြည်နယ်အတွင်းဖောက်လုပ်ခဲ့သော အဓိကလမ်းမကြီးအားလုံးကို ရာဘာစိုက်ခင်းများက ဘေးဝဲယာတစ်ဘက်တစ်ချက်မှ ခြံရံထားလျက်ရှိကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်းများ၊ အထူးသဖြင့် ရာဘာစိုက်ပျိုးမြေဟက်တာထောင်ပေါင်းများစွာကို လားရှိုးမြို့မှမြောက်ဘက် မူဆယ် ထိုမှတစ်ဆင့် ယူနန်ပြည်နယ်တရုတ်နိုင်ငံနယ်စပ်အထိပေါက်ရောက်သော နာမည်ကျော်လမ်းတစ်လျှောက်တွင် စိုက်ပျိုးထားခဲ့ကြပြီးဖြစ်သည်။ လားရှိုး-မိုင်းရယ်လမ်း၊ နမ္မတူ-မူဆယ်လမ်းစသော အခြားလမ်းများနှင့် သိန္နီမြို့ဝန်းကျင်တို့တွင်လည်း ရာဘာစိုက်ခင်းများစီတန်းလျက်ရှိနေကြသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင်လည်း ဤကဲ့သို့အလား

တူဖြစ်ထွန်းလျက်ရှိနေသည်။ အစီရင်ခံစာတစ်ခုမှ ထိုင်းနယ်စပ်တစ်လျှောက် တာချီလိတ်မြို့နယ်တွင် ရာဘာစိုက်ပျိုးမှု လျင်မြန်စွာတိုးတက်လာနေမှုအား မှတ်တမ်းတင်ဖော်ပြထားသော်လည်း၊ ဤဒေသတွင်း အမှန်တကယ်စိုက်ပျိုးသော ရာဘာစိုက်ပျိုးမှုအတိုင်းအတာအား ကောင်းစွာသိရှိရခြင်းမရှိပါ။[၁၇၆]

လက်နက်ကိုင်ဆန့်ကျင်ဘက်အဖွဲ့အစည်းအချို့သည်လည်း ယင်းတို့ဒေသတွင်းရာဘာစိုက်ပျိုးခြင်းအား တက်တက်ကြွကြွအားပေးကြသည်။ ကချင်ပြည်နယ်တွင်ကေအိုင်အိုနှင့်အင်န်ဒီအေ-ကေ (၂၀၀၉ ခုနှစ် တွင်နယ်ခြားစောင့်တပ်ဖွဲ့အဖြစ်အသွင်ပြောင်းခဲ့သောအဖွဲ့) တို့သည် ရာဘာစိုက်ခင်းများစိုက်ပျိုးရန်အတွက် တရုတ်ကုမ္ပဏီအသီးသီးဖြင့်စာချုပ်များချုပ်ဆိုခဲ့ကြသည်။ ၄င်းတို့သည် တရုတ်ဘိန်းအစားထိုးအစီအစဉ်အောက်၌ကြံ၊ ငှက်ပျော၊ ဖရဲနှင့်ပီလောပီနံအပါအဝင်အခြားစိုက်ပျိုးခင်းများကိုလည်းစိုက်ပျိုးလုပ်ကိုင်ကြသည်။[၁၇၇] ၂၀၀၆ ခုနှစ်ကတည်းကစတင်၍ အင်န်ဒီအေ-ကေအဖွဲ့သည် တရုတ်ကုမ္ပဏီများနှင့်ပူးတွဲကာ ယူနန်ပြည်နယ်နယ်စပ်တစ်လျှောက်ရှိ ၄င်းတို့၏ဒေသအတွင်းနှင့် မြန်မာအစိုးရထိန်းချုပ်မှုမှလွတ်ကင်းရာဒေသများတွင် ရာဘာစိုက်ပျိုးရေးလုပ်ငန်းအားတိုက်တွန်းအားပေးပံ့ပိုးခဲ့သည်။ အဆိုပါလုပ်ငန်းအများစုသည် အင်န်ဒီအေ-ကေခေါင်းဆောင်ပိုင်းမှ ပုဂ္ဂလိကရင်းနှီးမြုပ်နှံသူများ/လုပ်ငန်းရှင်များအဖြစ်လုပ်ကိုင်ဆောင်ရွက်ကြပြီး၊ ရရှိသောအကျိုးအမြတ်များသည် အဖွဲ့အစည်းအတွက်ထက် ၄င်းတို့ထံသို့သာရောက်ရှိသွားကြသည်။

ကေအိုင်အိုတာဝန်ရှိပုဂ္ဂိုလ်အချို့တွင် လိုင်ဇာ (အဖွဲ့၏ဌာနချုပ်ရှိရာ)၊ မြစ်ကြီးနားဝန်းကျင်နှင့်ဟူးကောင်း ချိုင့်ဝှမ်းတို့တွင် ကိုယ်ပိုင်ရာဘာစိုက်ခင်းများအသီးသီးရှိကြသည်။ ကေအိုင်အိုတစ်သီးပုဂ္ဂလိကသားစုများသည် ကေအိုင်အိုထိန်းချုပ်ထားရာနယ်မြေအတွင်းနှင့်အပြင်ဒေသများရှိ ရာဘာလုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံလျက်ရှိကြသော်လည်း၊ အဖွဲ့အစည်းအနေဖြင့်မူ ကေအိုင်အိုသည် ရာဘာလုပ်ပိုင်ခွင့်လုပ်ငန်းများကိုတိုက်တွန်းအားပေးရာတွင် ပါဝင်ပတ်သက်အားပေးခြင်းမရှိကြောင်း ကေအိုင်အို၏ဖွံ့ဖြိုးရေးအရာရှိတစ်ဦးမှ အခိုင်အမာထုတ်ဖော်ပြောဆိုသည်။ သို့သော် ယူနန်ပြည်နယ် နယ်စပ်နှင့်အပြိုင်၊ လိုင်ဇာနှင့်ဗန်းမော်အကြား တောင်မြောက်သွယ်တန်းနေသော လမ်းမ၏အရှေ့ဘက်ဒေသကဲ့သို့ အစိုးရနှင့်ကေအိုင်အိုတို့ပူးတွဲထိန်းချုပ်ရာနယ်မြေတစ်လျှောက်တွင် ရာဘာလုပ်ငန်းများစိုက်ပျိုးထူထောင်နိုင်ရန် ကေအိုင်အိုသည် ဗဟိုအစိုးရအားသဘောတူညီခွင့်ပြုခဲ့သည်။ ကေအိုင်အိုတာဝန်ရှိသူတစ်ဦးအဆိုအရ ဤသို့ဖြစ်ခဲ့ရခြင်းမှာ ကေအိုင်အိုအနေဖြင့် စေ့စပ်ညှိနှိုင်းပြောဆိုနိုင်စွမ်းမရှိမှုကြောင့်ဟုဆိုသည်။ သို့သော် ကေအိုင်အိုထိန်းချုပ်ရာဒေသမှ နယ်စပ်ကိုဖြတ်ကျော်၍ တရုတ်နိုင်ငံသို့ရာဘာစေးတင်ပို့မှုအပေါ်တွင် အခွန်ကောက်ခံနိုင်မည်ဟုကေအိုင်အိုမှယူဆထားဟန်ရှိသည်။ ကေအိုင်အိုဖွံ့ဖြိုးရေးတာဝန်ခံ၏အဆိုအရ ရာဘာစိုက်ပျိုးထားသောမြေနေရာအတွက်ကေအိုင်အိုအား မည်သည့်ငွေကြေးအလျော်ပေးခဲ့ခြင်းမျိုးမျှမရှိခဲ့ချေ။[၁၇၈]

ပမာဏအကြီးမားဆုံးသော ရာဘာစိုက်ပျိုးရေးလုပ်ပိုင်ခွင့်အချို့သည် 'ဝ' ဒေသအတွင်း၌ကြီးထွားဖွံ့ဖြိုးလာခဲ့သည်။ ယူနန်တရုတ်လူမျိုးစီးပွားရေးသမားများနှင့်ပူးတွဲလုပ်ကိုင်သော ယူဒဗလျူအက်စ်အေအာဏာပိုင်တို့သည် တောင်ကုန်းတောင်စောင်းများအား စိုက်ပျိုးမြေအဖြစ်အသွင်ပြောင်းလဲခဲ့ကြသည်။ မြေ ၃၃,၀၀၀ ဟက်တာအား ရာဘာစိုက်ပျိုးခြင်း၊ မြေ ၁၃,၀၀၀ ဟက်တာအား လဘက်စိုက်ပျိုးခြင်း၊ မြေ ၆,၆၀၀ ဟက်တာအားကြံစိုက်ပျိုးခြင်းဖြင့် ယခင်ဘိန်းစိုက်တောင်သူများအားဝင်ငွေရရှိမည့် အခွင့်အလမ်းများကိုဖန်တီးပေးခဲ့ကြောင်း ယူဒဗလူအက်စ်အေခေါင်းဆောင်များက အခိုင်အမာပြောဆိုကြသည်။[၁၇၉] 'ဝ' ဒေသတွင်ရာဘာစိုက်ခင်းအားလုံးကို ယူဒဗလူအက်စ်အေခေါင်းဆောင်များမှပိုင်ဆိုင်ကြပြီး၊ ၄င်းတို့နှင့်ကောင်းမွန်သောအဆက်အသွယ်များရှိထားသည့် တရုတ်ကုမ္ပဏီအချို့မှ ကျောထောက်နောက်ခံပြုပေးထားကြသည်။ ဥပမာအနေဖြင့် တရုတ်ကုမ္ပဏီတစ်ခုဖြစ်သည့် ဟောင်ယုအုပ်စုသည် ယူဒဗလျူအက်စ်အေနှင့် ခိုင်မာ

သောဆက်ဆံရေးတည်ဆောက်ပြီး၊ ‘ဝ’ ဒေသတွင်အထူးတက်ကြွစွာလှုပ်ရှားနေသည်။[၁၈၀] ကိုးကန့်ဒေသ၌လည်းဒေသခံ ခေါင်းဆောင်များသည် ရာဘာစိုက်ခင်းများကိုပိုင်ဆိုင်ကြသည်။

ယင်းထက်ပမာဏသေးငယ်သောရာဘာလုပ်ငန်းအချို့ကို လားရှိုးနှင့်ယူနန်ပြည်နယ် နယ်စပ်ရှိ မူဆယ် အ ကြားရှမ်းပြည်နယ်မြောက်ပိုင်း[၁၈၁]၊ ကျိုင်းတုံနှင့်တာချီလိတ်မြို့နယ်များဝန်းကျင် ရွှေတြိဂံဒေသ၏ဗဟိုချက်ကျသော ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းတို့တွင် အခြားအပစ်ရပ်အဖွဲ့များနှင့် ဒေသခံပြည်သူ့စစ်အဖွဲ့များက ချထားသတ်မှတ်ပေးသည်။[၁၈၂] ဥပမာအားဖြင့် မန်ပန်ပြည်သူ့စစ်အဖွဲ့သည် မြန်မာ့တပ်မတော်နှင့်တကွ တရုတ်စီးပွားရေးသမားများနှင့်အဆင်ပြေသည့် အဆက်အသွယ်ကောင်းမှုများကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ၎င်းတို့ထိန်းချုပ်ထားရာနယ်မြေအတွင်းနှင့်အပြင်တွင် ရာဘာစိုက်ပျိုးရေးလုပ်ငန်းများ၌အရေးပါသော ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ပုံကိုတွေ့ရသည်။ ဥပမာအားဖြင့် လားရှိုးမြို့နှင့် ၁၅ ကီလိုမီတာအကွာရှိကျေးရွာတစ်ရွာတွင် စုစုပေါင်းမြေဟက်တာ ၆၀၀ ရှိသည့်ရာဘာစိုက်ခင်းသုံးခုကိုပိုင်ဆိုင်ထားသည်။[၁၈၃]

မြို့ပြနှင့်ကျေးလက်ရှိငွေကြေးတတ်နိုင်သောအိမ်ထောင်စုအချို့သည် မြေယာလုပ်ပိုင်ခွင့်လုံခြုံမှုကို ပိုမိုသေချာမှုရရှိရန်အတွက် မိမိတို့ဓလေ့ထုံးတမ်းအရ သို့မဟုတ် တရားဝင်ဥပဒေကြောင်းအရပိုင်ဆိုင်သည့်မြေနေရာတို့တွင် ရာဘာများစိုက်ပျိုးလျက်ရှိကြသည်။ ၎င်းတို့၏နည်းဗျူဟာမှာ အစိုးရခွင့်ပြုသောသီးနှံကိုစိုက်ပျိုးခြင်းအားဖြင့် ဒေသခံတာဝန်ရှိသူများကိုကျေနပ်နှစ်သိမ့်စေပြီး ထိုမှတစ်ဆင့် ယင်းမြေနေရာပေါ်တွင် အခြားလုပ်ငန်းတစ်ခုခုလုပ်နိုင်ဖွယ်အခွင့်ရှိကြောင်းမျှော်လင့်ချက်ဖြင့် မြေယာပိုင်ဆိုင်မှုအားဆက်လက်ထိန်းသိမ်းထားရေးဖြစ်သည်။ ဥပမာအားဖြင့် ၂၀၀၆ ခုနှစ်၊ ကချင်ပြည်နယ်၌ ရာဘာပင်များကိုစတင်စိုက်ပျိုးလာခဲ့ကြသောအချိန်တွင်မြစ်ကြီးနားရှိ တရုတ်-မြန်မာကပြားအချို့သည် မြစ်ကြီးနားတောင်ဘက်ပိုင်းရှိ တောင်ကုန်းများ၌ရာဘာစိုက်ခင်းများကိုစိုက်ပျိုးလာခဲ့ကြသည်။[၁၈၄]

သွင်းအားစုအရင်းအနှီးများပံ့ပိုးပေးသည့် ယေဘုယပုံစံမှာအောက်ပါအတိုင်းဖြစ်သည်။ တရုတ်ကုမ္ပဏီဘက်မှ နည်းပညာကျွမ်းကျင်မှုနှင့်အတူ ပျိုးပင်၊ မြေသြဇာနှင့်ငွေလုံးငွေရင်းစိုက်ထုတ်ပေးပြီး၊ နယ်မြေခံအစိုးရနှင့်/သို့မဟုတ် အပစ်ရပ်အဖွဲ့အာဏာပိုင်များဘက်မှ လယ်သမားထံမှသိမ်းယူထားသောမြေနှင့်လုပ်အားကိုစိုက်ထုတ်ပေးသည်။ တရုတ်စီးပွားရေးသမားများသည် လုပ်အားခအားလယ်သမားများသို့တိုက်ရိုက်မပေးဘဲ စီမံကိန်းအားကြီးကြပ်ပေးသည့် နယ်မြေခံတပ်မတော်အာဏာပိုင်များမှ တစ်ဆင့်ပေးချေသည်။ လယ်သမားများသည် ၎င်းတို့အတွက် လုပ်အားခပေးချေမှုတစ်စုံတစ်ရာရှိခဲ့ပါကလည်း အမြဲတမ်းလိုလိုပင် ယင်းပေးချေသောငွေ၏တစ်စိတ်တစ်ပိုင်းကိုသာလက်ခံရရှိသည်။

မြန်မာနိုင်ငံမြောက်ပိုင်းတွင်မူ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသည့် ရာဘာစိုက်ခင်းများမရှိသလောက်ပင်ဖြစ်သည်။ ဗဟိုအစိုးရအနေဖြင့် မြန်မာပြည်မြောက်ပိုင်းတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကိုအားပေးခြင်းမရှိဘဲ၊ ယင်းအစားမြေယာလုပ်ပိုင်ခွင့်များရရှိထားကြသော ကုမ္ပဏီကြီးများအတွက်သာလျှင် မက်လုံးပေးသည်ဟု မြန်မာ့ရာဘာထုတ်လုပ်ရေးနှင့်စိုက်ပျိုးသူများအသင်း (အမ်မ်အာရ်ပီပီအေ) မှအတည်ပြုပြောကြားသည်။[၁၈၅] အဆိုပါမြောက်ပိုင်းဒေသတွင်ရာဘာစက်ရုံများမရှိသေးဘဲဖြစ်နေပြီး၊ တရုတ်ရင်းနှီးမြှုပ်နှံသူမှ ကုန်ကြမ်းအားတန်ဖိုးမြှင့်ပြုပြင်စီမံခြင်းမရှိဘဲ တရုတ်ရင်းနှီးမြှုပ်နှံသူမှ တရုတ်နိုင်ငံသို့နယ်စပ်မှ ဖြတ်ကျော်၍တိုက်ရိုက်တင်ပို့လျက်ရှိသည်။ အစေးခြစ်ပြီးသည့်ရာဘာစေးအားအမြန်စီမံပြုပြင်ရန်လိုအပ်သဖြင့် ထိုသို့စီမံပြုပြင်သည့်စက်ရုံများမရှိခြင်း၊ အခြေခံအဆောက်အအုံများတည်ဆောက်မှုညံ့ဖျင်းခြင်းတို့သည် အမြတ်အစွန်းပိုမိုရရှိရေးအတွက် ကြီးမားသောအဟန့်အတားတစ်ခုဖြစ်လျက်ရှိနေသည်။

ထို့အပြင် မြောက်ပိုင်းဒေသတွင် တစ်ရှိန်ထိုးပေါက်ကွဲတိုးတက်နေသော ရာဘာစိုက်ပျိုးမှုတွင် တစ်ပိုင် တစ်နိုင်ရင်းနှီးမြှုပ်နှံမှုလုံးဝမရှိခြင်းသည်လည်း နောင်အနာဂတ်တွင် လူမှုရေးနှင့်ဂေဟစနစ်ပျက်စီးခြင်း အတွက် အသင့်ကြိုတင်ပြင်ဆင်ပေးသကဲ့သို့ဖြစ်စေသည်။ ပမာဏကြီးမားလှသော စက်မှုကုန်ထုတ်လုပ်မှုပုံစံအသွင်သဏ္ဍာန်များသည် မြေနှင့်တကွ ရေအပါအဝင်သဘာဝပတ်ဝန်းကျင်ကို ပိုမိုပျက်စီးထိခိုက်စေပြီး၊ အကျိုးအမြတ်များသည်လည်း တောင်သူများ၏ဆုံးရှုံးပေးဆပ်မှုဖြင့် အသာစီးနေရာရထားပြီးကြသည့်လူနည်းစုပုဂ္ဂိုလ်အချို့ထံသို့သာလျှင် စီးဆင်းရောက်ရှိသွားစေသည်။ ငွေကြေးအကျိုးအမြတ်မရှိခြင်းသည် မြေယာလုပ်ပိုင်ခွင့်များကိုဆုံးရှုံးရခြင်းနှင့် အတူယှဉ်တွဲလာခဲ့သည့်အခါတွင် သိသိသာသာကြီးမားလှသော လူမှုစီးပွားရေးဆိုင်ရာသက်ရောက်မှုများစွာကိုဖြစ်ပေါ်စေသည်။

## စီးပွားရေးမဟာမိတ်များ

မြန်မာနိုင်ငံတွင် သဘောတူစာချုပ်ချုပ်ဆိုရေးအတွက် အခွင့်အာဏာရှိသူမှာ အမြဲလိုလိုပင် နယ်မြေခံမြန်မာ့တပ်မတော်၊ အပစ်ရပ်အဖွဲ့ သို့မဟုတ် ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်၊ သို့မဟုတ် တစ်ခါတစ်ရံတွင် အဆက်သွယ်ကောင်းရှိသည့် ဒေသခံစီးပွားရေးသမားများဖြစ်ကြသည်။ အဆိုပါသြဇာတိက္ကမရှိသည့် ပုဂ္ဂိုလ်များသည် ဒေသခံတိုင်းမှူးနှင့်အဆက်အသွယ်ကောင်းများရရှိနိုင်ခြင်းကြောင့် တရုတ်ရင်းနှီးမြှုပ်နှံသူများအတွက် မြေယာရရှိရန်ဆောင်ရွက်ပေးနိုင်ကြသဖြင့် အပေးအယူကိစ္စများတွင်ရှေ့ဆုံးမှ မိတ်ဆက်ဦးဆောင်ကြသည်။ ၎င်းမိသားစုတို့သည် နယ်စပ်ဖြတ်ကျော်ကာ ယူနန်ပြည်နယ်ရှိ တရုတ်စီးပွားရေးသမားများနှင့်ကောင်းမွန်သည့် အဆက်အသွယ်များထားရှိကြခြင်းအားဖြင့် မကြာမီကရရှိထောက်ပံ့ပေးမည့်စိုက်ပျိုးရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများကို ရယူနိုင်စွမ်းရှိကြသည်။ “မြန်မာကုမ္ပဏီတွေဟာ တရုတ်စီးပွားရေးသမားတွေရဲ့ ကြိုးဆွဲရာကရတဲ့ရုပ်သေးရုပ်တွေသာဖြစ်တယ်” ဟုမြန်မာ့ဖွံ့ဖြိုးရေးဝန်ထမ်းတစ်ဦးမှ ဆိုသည်။[၁၈၆]

အထူးသဖြင့် ရှမ်းပြည်မြောက်ပိုင်းတွင်တရုတ်-မြန်မာကပြားများသည် ရာဘာဖွံ့ဖြိုးတိုးတက်မှုအားပံ့ပိုးမှု အခန်းကဏ္ဍ၌ အတိုင်းအတာမျိုးစုံဖြင့် ပါဝင်လျက်ရှိနေကြသည်။ “တရုတ်-မြန်မာကပြား”ဟူသည့်ရှုပ်ထွေးသည့်ဝေါဟာရတစ်ခုဖြစ်ပြီး၊ ယင်းဝေါဟာရတွင် ကိုးကန့်တရုတ်၊ တရုတ်သွေးနှောသောမြန်မာနိုင်ငံသား နှင့်/သို့မဟုတ် တစ်ခါတစ်ရံ မြန်မာနိုင်ငံသားမှတ်ပုံတင်ကဒ်အား တရားမဝင်ဝယ်ယူကိုင်ဆောင်ထားသော မြန်မာနိုင်ငံတွင်နေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံဖွားတရုတ်နိုင်ငံသားစသည်တို့ပါဝင်နေနိုင်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အထူးသဖြင့် ကိုးကန့်ဒေသရှိ တရုတ်မြန်မာကပြားများသည် တရုတ်ပြည်မကြီးမှရင်းနှီးမြှုပ်နှံသူများအား စိုက်ပျိုးရေးလုပ်ပိုင်ခွင့်များရရှိစေရန် အကူအညီပေးရာတွင်အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်ဟု သုတေသနပြုချက်မှဆိုသည်။ သို့သော် ရာဘာစိုက်ပျိုးဖွံ့ဖြိုးတိုးတက်မှုတွင် ဒေသခံထင်ရှားသည့်တိုင်းရင်းသားမိသားစုများမှ ဦးဆောင်သည့်ကချင်ပြည်နယ်တွင်မူ ဤဖြစ်ရပ်မျိုးကို တွေ့ရှိရမှုနည်းပါးလှသည်။

အစိုးရထိန်းချုပ်ရာနယ်မြေများတွင် လုပ်ငန်းတစ်ခုလုံးကို တရုတ်လူမျိုးများကရာနှုန်းပြည့်ပိုင်ဆိုင်ကြသည်ထက် မြန်မာစီးပွားဘက်တစ်ဦးပါရှိခြင်းအားဖြင့် အခွန်ကိစ္စများအပါအဝင်ရှုံးလုပ်ငန်းစဉ်ကြန့်ကြာမှုများကို လျော့နည်းစေနိုင်သဖြင့် ဖက်စပ်လုပ်ငန်းများအနေဖြင့်လုပ်ကိုင်ခြင်းကိုပို၍အတွေ့ရများသည်။ စီမံကိန်း၏အရွယ်အစားနှင့်နေရာဒေသပေါ်မူတည်၍ နယ်မြေခံမြန်မာ့တပ်မတော်အရာရှိများ၊ ပြည်သူ့စစ် သို့မဟုတ် အပစ်ရပ်အဖွဲ့ခေါင်းဆောင်များ၊ သို့မဟုတ် ထိပ်ပိုင်းတပ်မတော်ခေါင်းဆောင်များနှင့် အပေးအယူဆက်ဆံနိုင်ရန်အတွက် တရုတ်စီးပွားရေးသမားများသည် ဒေသခံစီးပွားရေးလုပ်ဖော်ကိုင်ဖက်နှင့်တွဲဘက်၍ အလုပ်လုပ်ကြရသည်။ ‘ဝ’ ဒေသများရှိ ဟောင်ယုကုမ္ပဏီကဲ့သို့ တရုတ်ရင်းနှီး

မြှုပ်နှံသူသည် အခြေတကျရှိပြီးသားဖြစ်နေလျှင် လုပ်ငန်းကိစ္စစာချုပ်ချုပ်ဆိုမှုနှင့် မြေယာလုပ်ပိုင်ခွင့်ရရှိရန် ဤသို့နိုင်ငံတော်အာဏာပိုင်မဟုတ်သည့် ဒေသခံစစ်တပ်အာဏာပိုင်များထံ တိုက်ရိုက်သွားရောက်ဆက်သွယ်ကြမည်ဖြစ်သည်။[၁၈၇]

ဤသို့ တပ်မတော်နှင့်အဆက်အသွယ်ရှိမှုများသည် မြေယာလုပ်ပိုင်ခွင့်ရရှိရန်အတွက်ပဓာနကျလှပြီး ယင်းသို့မဆောင်ရွက်နိုင်ပါက မြေယာလုပ်ပိုင်ခွင့်ရရှိရန်မဖြစ်နိုင်ချေ။ မြေယာလုပ်ပိုင်ခွင့်ရရှိရန်ပါဝင် ဆောင်ရွက်ပေးနေကြသော တပ်မတော်အရာရှိများသည် အစိုးရတာဝန်ရှိသူများ၊ မြေယာဥပဒေအားလိုက်နာရန် တာဝန်ရှိသောဌာနအဖွဲ့အစည်းများနှင့် မကြာခဏဆိုသလိုသဘောထားကွဲလွဲမှုများရှိကြသည်။ ဤသို့သောအကြောင်းများကြောင့် မြန်မာနိုင်ငံမြောက်ပိုင်းရှိရာဘာလုပ်ငန်းများသည် မြေယာအခွန်စည်းမျဉ်းကဲ့သို့သော ၁၉၉၁ ခုနှစ် မြေလွတ်၊ မြေရိုင်းများဥပဒေတွင် ဖော်ပြထားသောစည်းမျဉ်းဥပဒေများအား လိုက်နာခြင်းမရှိကြသောကြောင့် တစ်ခါတစ်ရံတွင်ပြည်နယ်စိုက်ပျိုးရေးရုံးအနေဖြင့် ရာဘာလုပ်ငန်းများကိုအရေးတယူဆောင်ရွက်ပေးခြင်းမရှိချေ။[၁၈၇]

တစ်ခါတစ်ရံတွင် လက်နက်ကိုင်ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ဒေသရှိလုပ်ပိုင်ခွင့်များ၊ သို့မဟုတ် ၎င်း အဖွဲ့အစည်းများ၏အဖွဲ့ဝင်များ တစ်ဦးချင်းတစ်ယောက်ချင်းပါဝင်ပတ်သက်နေကြသော လုပ်ပိုင်ခွင့်များသည် အစိုးရနှင့်/သို့မဟုတ် တပ်မတော်တိုင်းမှူးနှင့်စည်းဝါးကိုက်ညီဆောင်ရွက်ရခြင်းလည်းရှိသည်။ နိုင်ငံရေးတစ်ပိုင်း စီးပွားရေးတစ်ပိုင်းလုပ်ကိုင်နေကြသည့် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်သည် ၎င်းတို့ထိန်းချုပ်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်တစ်ပိုင်းရနယ်မြေ (အမည်းရောင်နယ်မြေဟုဆိုကြသည်)၊ အစိုးရနှင့်ပူးတွဲအုပ်ချုပ်သည့်နယ်မြေ (အညိုရောင်) များသာမကဘဲ အစိုးရထိန်းချုပ်ရာနယ်မြေ (အဖြူရောင်) များအတွင်း၌ပင် မိမိကြိုက်နှစ်သက်ရာစီးပွားရေးအဖွဲ့အား လုပ်ပိုင်ခွင့်များကိုချထားသတ်မှတ်ပေးကြသည်။ ထို့ကြောင့် နိုင်ငံရေးရန်သူများသည် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များလည်းဖြစ်လာနိုင်ကြသည့် နယ်စပ်ဒေသနိုင်ငံရေးကိစ္စများကဲ့သို့ပင် တရုတ်လူမျိုးများအထောက်အပံ့ပြုထားရာ မြေယာလုပ်ပိုင်ခွင့်များရုပ်ပုံကားချပ်သည် သပွတ်အူလိုက်သကဲ့သို့ရှုပ်ထွေးလျက်ရှိသည့် ကိစ္စတစ်ခုဖြစ်နေသည်။ ရလာဒ်တစ်ခုအနေဖြင့် နိုင်ငံရေးအရဝိဝါဒများကွဲပြားနေကြသော်လည်း တပ်မတော်၊ နိုင်ငံတော်တာဝန်ရှိသူများနှင့် တိုင်းရင်းသား လူမျိုးစုနိုင်ငံရေးခေါင်းဆောင်များသည် နိုင်ငံမြောက်ပိုင်းရှိ အခြားသောသယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍများကဲ့သို့ပင် စိုက်ပျိုးစီးပွားကိစ္စများတွင်လည်း အတိုင်းအတာအသီးသီးနှင့် ပုံစံမျိုးစုံနှင့်ငြိစွန်းပါဝင်ပတ်သက်လျက်ရှိနေကြသည်။

သို့သော် ရန်ကုန်နှင့်မန္တလေးမှ ထူးထရိတ်ဒင်းကုမ္ပဏီ သို့မဟုတ် ယုဇနကုမ္ပဏီကဲ့သို့သောကုမ္ပဏီကြီးများသည် နိုင်ငံမြောက်ပိုင်းရှိ ရာဘာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း၌ ပါဝင်ပတ်သက်မှုမရှိသလောက်ဖြစ်သည်။ ၎င်းတို့ထံတွင်ဒေသတွင်းရှိအာဏာချုပ်ကိုင်ထားသူများနှင့်မြေယာကိစ္စအပေးအယူသဘောတူညီမှုများကို စာချုပ်ချုပ်ဆိုဆောင်ရွက်လမ်းညွှန်မည့် ဦးဆောင်ဦးရွက်ပေးနိုင်မည့်ဒေသခံကွန်ယက်မရှိကြချေ။ ယင်းအစား သတ္တုတူးဖော်ရေး၊ ရေအားလျှပ်စစ်နှင့်အခြေခံအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများကဲ့သို့ အခြားမြေယာဖွံ့ဖြိုးရေးလုပ်ငန်းကြီးများအား ကချင်နှင့်ရှမ်းပြည်နယ်များတွင်လုပ်ကိုင်လျက်ရှိကြသည်။

သို့သော် နေပြည်တော်သည် မြောက်ပိုင်းနယ်မြေများတွင် ပိုမိုကြီးမားသောစီးပွားရေးထိန်းချုပ်မှုနှင့်နိုင်ငံ ရေးအာဏာရှိသည့်အားလျော်စွာ စိုက်ပျိုးရေးလုပ်ပိုင်ခွင့်ရရှိရေးကိစ္စများ၌ ရန်ကုန်နှင့်မန္တလေးရှိ ဤကုမ္ပဏီကြီးများသည် ဒေသခံစီးပွားရေးသမားများအား တစ်စထက်တစ်စဖြတ်ကျော်တက်သွားမည့်သဏ္ဌာန်ရှိသည်။ နောက်ထပ်ဖြစ်ပေါ်လာနေသည့် အခြားပုံစံတစ်ခုမှာဒေသခံစီးပွားရေးသမားများ၏နောက်ခံကူညီပံ့ပိုးမှုကိုရယူခြင်းမရှိဘဲ၊ မြန်မာပြည်မြောက်ပိုင်းတွင် လုပ်ငန်းလုပ်ပိုင်ခွင့်များရရှိနေကြသော ပြည်မကြီးမှတရုတ်စီးပွားရေးသမားများကို တိုးတက်တွေ့ရှိနေရမှုပင်ဖြစ်သည်။ တရုတ်ရင်း

နီးမြှုပ်နှံသူများမှ မြန်မာပြည်မြောက်ပိုင်းနှင့်အတူ နိုင်ငံတော်၏မြို့တော်သစ်ရှိ တပ်မတော်အဆင့်မြင့်တာဝန်ရှိသူများနှင့် ဆက်ဆံရေးအားကောင်းမွန်ခိုင်မာအောင် တွယ်ကပ်ထားနိုင်သဖြင့်ကြားဝင်ဆောင်ရွက်ရန် ဒေသခံများမလိုအပ်တော့ချေ။ ဤသို့ ပြည်မကြီးရှိတရုတ်ရင်းနှီးမြှုပ်နှံသူများ တစ်စထက်တစ်စလွှမ်းမိုးလာနေမှုအား တရုတ် နိုင်ငံဘိန်းအစားထိုးအစီအစဉ်မှဆက်လက်အထောက်အပံ့ပြုလျက်ရှိသည်။

## တောင်သူလယ်သမားများအပေါ် သက်ရောက်မှု

မြန်မာနိုင်ငံမြောက်ပိုင်းတွင် စိုက်ပျိုးစီးပွားရင်းနှီးမြှုပ်နှံမှုတဟုန်ထိုးတိုးတက်လာမှုသည် ဒေသတွင်းစားနပ် ရိက္ခာဖူလုံမှု၊ မြေယာလုပ်ပိုင်ခွင့်နှင့်ဒေသတွင်း သဘာဝသယံဇာတများကို အသုံးပြုနိုင်ခွင့်များကိုပါထိခိုက်စေခဲ့ပြီး သစ်တောပြုန်းတီးခြင်း၊ သဘာဝရှုခင်းများပျက်စီးခြင်း၊ မြေယာသိမ်းယူခြင်း၊ မြေယာမဲ့လယ်သမားများတိုးပွားခြင်းနှင့် အခြားရွေးချယ်စရာအလုပ်အကိုင်ရှားပါးလာခြင်းစသည့်ရလာဒ်များကို ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသရှိ တောင်သူလယ်သမားများသည် အမြတ်အစွန်းရရှိမည့်အလားအလာရှိသော လုပ်ငန်းနှင့်လုံးဝဥဿုံကင်းဝေးလျက်ရှိသည်။ မြေယာနှင့်လုပ်ပိုင်ခွင့်ချထားရေးလုပ်ငန်းစဉ်ကိစ္စရပ်အပေါ်တွင် စစ်တပ်ထိန်းချုပ်မှု၊ တရုတ်တို့လွှမ်းမိုးထားကြသည့် အရင်းအမြစ်ကွန်ယက်များနှင့် အကျိုးအမြတ်လျင်မြန်စွာပြန်လည်ငွေဖော်မရရှိနိုင်သည့်အပြင် ကြီးမားလှသော ကနဦးအရင်းအနှီးမတည်ရန်လိုအပ်မှုများကြောင့် တောင်သူများအနေဖြင့် မိမိတို့ပိုင်မြေယာများကိုဆက်လက်ဆုံးရှုံးနေကြရပြီး၊ မည်သည့်အကျိုးအမြတ်တစ်စုံတစ်ရာကိုမျှလည်း မရရှိကြချေ။

**"ယုံချင်ယုံမယုံချင်နေ"**

ယူနန်ပြည်နယ်၊တိန်ချုံးဒေသခံတစ်ဦးထံမှပေးစာ၊၂၀၁၀ခုနှစ်၊ဩဂုတ်လ။

ခင်မင်ရပါသောမိတ်ဆွေ၊

ဒေသခံတွေရဲ့ပါးစပ်ကကြားရလို့ ဒီအနီးအနားဝန်းကျင်က"ဘိန်းအစားထိုးအစီအစဉ်"ဆိုတာကိုခင်ဗျားကို ကျွန်တော်ပြောပြမယ်။ ဒီစာကိုကျွန်တော်ခေါင်းစဉ်ပေးခွင့်ရခဲ့မယ်ဆိုရင်တော့"ယုံချင်ယုံ၊မယုံချင်နေ"လို့ဆိုပြီး ခေါင်းစဉ်ပေးရတော့မှာဘဲ။

တိန်ချုံးကလူတွေကို ဘိန်းအစားထိုးအစီအစဉ်နဲ့ပတ်သက်ပြီး ကျွန်တော်ပြောပြလိုက်တိုင်း သူတို့ကနှာခေါင်းရှုံ့ပြီးဟာသတွေပါလို့တိုတိုဘဲမှတ်ချက်ချကြတယ်။ ဒီအကြောင်းကိုပိုပြီးသိတဲ့လူတွေကတော့ "ဒီအလုပ်ကပေါက်ရှန်းကလူတွေလုပ်တာ၊ တိန်ချုံးအုပ်ချုပ်ရေးအဖွဲ့ကလုပ်တာမဟုတ်ဘူး" လို့ဖြည့်စွက်ပြောဆိုကြလိမ့်မယ်။ သူတို့ထဲကတစ်ယောက်က "အဲဒီသဘောတူစာချုပ်တွေက ပေါက်ရှန်းအစိုးရ၊ ဒါမှမဟုတ် ယူနန်ပြည်နယ်အစိုးရနဲ့ချုပ်ဆိုထားခဲ့တာ၊ တိန်ချုံး(အုပ်ချုပ်ရေးအဖွဲ့) နဲ့ချုပ်ဆိုထားခဲ့တာ ဘာတစ်ခုမှမရှိခဲ့ဘူး" လို့ကျွန်တော့်ကိုပြောတယ်။

ဒီမှာခင်ဗျားကိုကျွန်တော်သတိရစေချင်တာက လက်ရှိအချိန်မှာတိန်ချုံးကပေါက်ရှန်းအုပ်ချုပ်မှုအောက်မှာ ရှိပေမယ့်လို့၊ လွတ်လပ်ရေးမရခင်အချိန်တုန်းကတော့ ပေါက်ရှန်းကိုကြီးကြပ်ခဲ့ရတဲ့အဆင့်မျိုးရှိခဲ့တယ်။ တိန်ချုံးပြည်သူတွေကြားမှာပေါက်ရှန်းကလူတွေကို ပညာမတတ်တဲ့လယ်သမား၊ ကြမ်းတမ်းတဲ့တောသား ငတုံးတွေလိုပုံဖော်ထားတဲ့ပြောစရာအကြောင်းတွေအများကြီးရှိတယ်။ ဒါကြောင့်လည်းတိန်ချုံးကလူတွေ၊ အထူးသဖြင့် သက်ကြီးပိုင်းနဲ့အစိုးရတာဝန်ရှိသူ

တွေက ပေါက်ရှန်းသားတွေအပေါ် မနှစ်မြို့တဲ့စိတ်ရှိကြတယ်။ တိန်ချုံးမြို့တော်ဝန်တိုင်းရဲ့ဆန္ဒကလည်း ပေါက်ရှန်းအုပ်ချုပ်ရေးအဖွဲ့နဲ့ကင်းဝေးပြီး၊ သူနဲ့တန်းတူ ဖြစ်ဖို့တိန်ချုံးကိုမြို့တော်အဆင့်အထိပြောင်းချင်နေကြတယ်။

ဟုတ်တယ်လေ။ ဘိန်းအစားထိုးအစီအစဉ်တွေကိုဆောင်ရွက်နေတဲ့ တိန်ချုံးကလူတွေရှိတယ်။ ဒါပေမယ့် အများစုက ကလိမ်ကကျစ်တွေဖြစ်ပြီး၊ ပေါက်ရှန်း ဒါမှမဟုတ် ကူမင်းရဲ့သဘောတူခွင့်ပြုချက်နဲ့ အလုပ်လုပ်နေကြတာ။ အဲသည့်အစီအစဉ်တွေဟာလည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးရဲတပ်ဖွဲ့ကလွဲလို့ တိန်ချုံးက ဘယ်ဌာနကမှမပါဝင်ကြဘူး။

ဘယ်လိုလိမ်ကြသလဲလို့သူတို့ကိုငါမေးကြည့်တယ်၊ သူတို့ကဟိုလိုလိုဒီလိုလိုဘဲပြောပြီး၊ ဒီကလူတိုင်းက ဒီအကြောင်းကိုသိနေလို့သိပ်ရိုးရှင်းပြီးရှင်းပြစရာမလိုတဲ့ပုံစံမျိုးနဲ့ရှေ့ဆက်မပြောကြတော့ဘူး။ ကျွန်တော် ကအတင်းမေးတော့မှဘဲပြောပြတော့တယ်။

ဘိန်းအစားထိုးအစီအစဉ်တွေကို အစိုးရကအရမ်းကိုသဘောကျတယ်၊ အတိုးနှုန်းလုံးဝမရှိသလောက်နဲ့ချေးငွေတွေပေးတယ်။ ပြီးတော့ပြန်ဆပ်စရာလဲမလိုတဲ့ ငွေကြေးအကူအညီတွေပါတဲ့ ထောက်ပံ့မှုမျိုးစုံလည်းရှိသေးတယ်။ ဒါကြောင့် ဒီကောင်တွေက မြန်မာပြည်ကအပစ်ရပ်အဖွဲ့ခေါင်းဆောင်တွေနဲ့ သဘောတူညီချက်စာချုပ်တွေလွယ်လွယ်ရပြီးတဲ့အခါ စီမံကိန်းမျိုးစုံပေါ်လာတော့တာဘဲ။ အင်န်ဒီအေ-ကေခေါင်းဆောင်တိန့်ယိမ်းလိုလူတွေက သတ်မှတ်ထားတဲ့ရာခိုင်နှုန်းကြေးပမာဏတစ်ခုကိုရပြီးသွားရင် စိတ်ပါလက်ပါနဲ့လက်မှတ်ထိုးပေးလိုက်တာပါဘဲ။

ကလိမ်ကကျစ်သမားတွေအတွက် တခြားဆွဲဆောင်မှုတစ်ခုကတော့ တရုတ်အစိုးရကအဲဒီစိုက်ခင်းတွေဆီက ကုန်ပစ္စည်းတွေကို အကောက်ခွန်ကင်းလွတ်ခွင့်နဲ့တင်သွင်းခွင့်ပြုတာဘဲဖြစ်တယ်။ ဒါကြောင့်တစ်ချို့က တစ်ခုခုစိုက်ပျိုးနေယောင်ဆောင်တယ်၊ တကယ်လက်တွေ့မှာကျတော့ တရုတ်ပြည်ထဲ အကောက်ခွန်လွတ်ပြန်သွင်းဖို့ မြန်မာတောင်သူတွေဆီကနေ လယ်ယာထွက်ကုန်တွေလိုက်ဝယ်နေတယ်။ အမြတ်တွေအများကြီးရတယ်လေ။ သက်ဆိုင်ရာတရုတ်အာဏာပိုင်တွေကလည်း မြန်မာနိုင်ငံတောတောင်တွေထဲက "ငှက်ဖျားထူတဲ့" အမြင့်ပိုင်းနေရာနဲ့ ခပ်ဝေးဝေးနေရာတွေဆီကိုသွားပြီးစစ်ဆေးရမှာနောက်တွန့်နေကြတယ်။ အဲဒီအစား လက်ဆောင်တစ်ချို့နဲ့ကူမင်းကိုအစီရင်ခံနိုင်မယ့်အချက်အလက်နည်းနည်းရရုံလောက်နဲ့ဘဲအကျေနပ်ကြီးကျေနပ်နေကြတယ်။

တစ်ခါတစ်လေ အဲဒီစိုက်ခင်းတွေကတရားမဝင်ကုန်သွယ်မှုတွေလုပ်ဖို့ ကြားစခန်းတွေလည်းဖြစ်ကြပြန်တယ်။ ဒါတွေကတော့ ဒီကဘိန်းအစားထိုးစီမံကိန်းလို့ခေါ်ကြတဲ့ဟာတွေနဲ့ပတ်သက်လို့ သိသာမြင်သာအဖြစ်ဆုံးအချက်တွေဘဲ။

ခင်ဗျားရဲ့ခင်မင်ရသော

. . . . . .

အကယ်၍ မြေယာနှင့်အရင်းအနှီးရရှိလျှင်၊ အစိုးရအနေဖြင့်လည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများကိုအားပေးမြှင့်တင်ပေးလျှင် လယ်သမားများအနေဖြင့်၎င်းတို့၏လဘက် သို့မဟုတ် ရာဘာစိုက်ခင်းများမှ အကျိုးအမြတ်များများရရှိအောင်ဖန်တီးနိုင်စွမ်းရှိကြသည်။ သို့သော် ယခုအချိန်အထိ ဤကဲ့သို့ဆောင် ရွက်ပေးနိုင်သည့်အခြေအနေများမရှိသေးချေ။ ရာဘာပင်များမှ ၇ နှစ်ခန့်အထိ အစေးထုတ်ယူနိုင်ခြင်းမရှိဘဲ ယင်းအချိန်ရောက်သည့်ကာလမတိုင်မီအတော်အတန်များပြားသည့် ရင်းနှီးမြှုပ်နှံမှုလည်းလိုအပ် သလိုသာမန်တောင်သူများအနေဖြင့် ထိုအရင်းအနှီးကိုမတတ်

နိုင်ကြချေ။ အစောပိုင်းနှစ်အနည်းငယ်အတွင်း ကနဦးရင်းနှီးထားရသည့် အရင်းအနှီးစရိတ်များကာမိစေရန် အခြားသီးနှံများကို သီးညှပ်စိုက်ပျိုး၍ရနိုင်သော်လည်း ရာဘာစိုက်ခင်းထူထောင်နိုင်ရန်အတွက်ပင် ကနဦးအရင်းအနှီးသည် တောင်သူများအတွက် ကြီးမားလွန်းလှသည်။

စီးပွားဖြစ်စိုက်ခင်းများသည် စိုက်ပျိုးမွေးမြူရေးအတွက်ရရှိနိုင်သည့်မြေယာများကို လျော့နည်းစေပြီး၊ တစ်ချိန်တည်းမှာပင် စိုက်ပျိုးရေးရာသီ၏ အလုပ်အများဆုံးကာလအတွင်း၌ ဒေသခံလုပ်သားများကို ငှားရမ်း လုပ်ကိုင်ကြသည့်နေရာဒေသများတွင် လုပ်သားလုပ်အားရရှိနိုင်ရေးအတွက် ယှဉ်ပြိုင်မှုကိုလည်းတိုးမြင့်လာစေသည်။ မြောက်ပိုင်းဒေသအတွင်း ဖြစ်စဉ်အားလုံးလိုလိုတွင်တွေ့ရှိရသည်မှာ မိမိတို့မြေယာကို သိမ်းယူခြင်းခံရသည့်ဒေသခံတောင်သူများသည် ရာဘာစိုက်ပျိုးရေး၌အခစားလုပ်သားအဖြစ် အလုပ်နေရာရရှိခြင်းမရှိကြချေ။ ဒေသခံလူထုများအား ရာဘာစေးခြစ်ခြင်းကို လေ့ကျင့်သင်ကြားပေးနေသည့် ‘ဝ’ ဒေသမှာမူခြွင်းချက်ဖြစ်သည်။ အချို့ဖြစ်စဉ်များတွင် ရွာများအားလုံးကိုရာဘာစိုက်ခင်းအနီးသို့ လုံးဝရွှေ့ပြောင်းလိုက်ခြင်းလည်းရှိသည်။ ဒေသခံတောင်သူလယ်သမားများကို ငှားရမ်းသည့်အခါငှင်းတို့၏ရွှေ့ ပြောင်းတောင်ယာများအား စိုက်ပျိုးပေါင်းသင်ရသည့်အချိန်သည် ရာဘာစိုက်ခင်းများအား ထိန်းသိမ်းမှုနှင့်တိုက်ဆိုင်နေသဖြင့် ယင်းဒေသခံတောင်သူလယ်သမားများအတွက် အခက်အခဲဖြစ်ပေါ်စေပြီး၊ ၄င်းတို့၏စားနပ်ရိက္ခာဖူလုံရေးကို ထပ်မံ၍များစွာထိခိုက်ပျက်စီးစေသည်။ စိုက်ပျိုးရေးလုပ်ငန်းအများစုတွင် အပူပိုင်းဒေသနှင့်မြစ်ဝကျွန်းပေါ်ဒေသများစသည်ဖြင့် နိုင်ငံအတွင်းရှိဆင်းရဲနွမ်းပါးသော အရပ်ဒေသများမှရွှေ့ပြောင်းလာကြသည့် အခစားအလုပ်သမားများကိုငှားရမ်းလုပ်ကိုင်ကြသည်။ ကုမ္ပဏီကြီးများသို့ချထားပေးသည့်ပမာဏကြီးလှသည့် လုပ်ပိုင်ခွင့်ကြီးများအတွက် ရွှေ့ပြောင်းလုပ်သားများ အထူးသဖြင့် အပူပိုင်းဒေသမှရွှေ့ပြောင်းလုပ်သားများရရှိနိုင်ရေးအတွက် အာဏာပိုင်များသည်အကူအညီပေးကောင်းပေးကြမည်ဖြစ်သည်။ ဤလုပ်ရပ်သည် ဒေသခံတောင်သူလယ်သမားများအတွက် ရရှိနိုင်သောအလုပ်အကိုင်အခွင့်အလမ်းများစွာကိုဖယ်ရှားပေးလိုက်သည့်အပြင်၊ ဒေသခံတိုင်းရင်းသားရပ်ရွာလူထုများနှင့် ဗမာရွှေ့ပြောင်းလုပ်သားများအကြား မလိုမုန်းထားမှုများကိုလည်းတိုးပွားစေသည်။ ဤဖြစ်စဉ်သည် ဘိန်းစိုက်ပျိုးမှု တားဆီးပိတ်ပင်တားမြစ်မှုများနောက်တွင် အခြားသောဝင်ငွေရလမ်းများကို အထူးလိုအပ်လျက်ရှိနေကြသည့် ဆင်းရဲနွမ်းပါးကြသည့်ဒေသခံတောင်သူများနောက်ကျကျန်နေကြရပြီး၊ ဒေသခံနိုင်ငံရေးထိပ်သီးတစ်စုနှင့်ရွှေ့ပြောင်းအလုပ်သမားများအတွက်သာလျှင် အကျိုးရှိစေသည့် အဓိပ္ပါယ်သက်ရောက်နေသည်။ ဤအခြေအနေသည် ယခင်ဘိန်းစိုက်တောင်သူများကို တိုးတက်မြှင့်တင်ပေးမည်ဟူသော တရုတ်နိုင်ငံဘိန်းအစားထိုးအစီအစဉ်၏အဆိုစကားနှင့်လုံးဝကွဲလွဲလျက်ရှိနေသည်။

## ရွှေ့ပြောင်းခြင်းနှင့်အခစားလုပ်အား

ရာဘာစေးခြစ်လုပ်ငန်းအတွေ့အကြုံရှိကြသည့် နိုင်ငံတော်၏အခြားဒေသများမှ ရောက်ရှိလာကြသော ဗမာရွှေ့ပြောင်းအလုပ်သမားများသည် ၄င်းတို့နှစ်သက်သောလုပ်အားအရင်းအမြစ်များဖြစ်သည်ဟု မြောက်ပိုင်းဒေသရှိ ရာဘာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အကျွမ်းတဝင်ရှိသည့် ဗမာစီးပွားရေးသမားများကဆိုကြသည်။ ဒေသခံတိုင်းရင်းသားများအား ခေတ်နောက်ကျနေသူ၊ ညံ့ဖျင်းသူ၊ လူပျင်းစသည်ဖြင့်တံဆိပ်မျိုးစုံတပ်၍လူမျိုးရေးအခြေခံကာ သိက္ခာချစွပ်စွဲပြောဆိုနေမှုများသည် ဗမာများကို နှစ်သက်လာစေရေးအတွက်အားပေးကူညီလျက်ရှိနေသည်။ ထို့ကြောင့် စီးပွားရေးသမားများအနေဖြင့် ဒေသခံတောင်သူ လယ်သမားများအား ရာဘာစိုက်ခင်းထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ သင်ကြားလေ့ကျင့်ပေးရန် စိတ်ဝင်စားမှုမရှိကြောင်းပြောဆိုကြသည်။ ယင်းကဲ့သို့ ရွှေ့ပြောင်းလုပ်ကိုင်လာခြင်းသည် တိုင်းရင်းသားဒေသများသို့ဗမာများရွှေ့ပြောင်းလာစေရန်အားပေးခြင်းဖြင့်လူမျိုးစုလက္ခဏာကိုကျဆင်းလာစေရန် အစိုးရမှရည်ရွယ်ချက်ရှိရှိဖြင့်လုပ်ဆောင်နေသည်ဟု ဒေသခံတိုင်းရင်းသားများ၏ပြောဆိုချက်များကိုအားဖြည့်ပေးနေသည်။ တိုင်းရင်းသားများအတွက် ဤသို့

သောလုပ်ရပ်သည် ၎င်းတို့အားအနိုင်ယူရန်အတွက် အစိုးရ၏ “ဗမာအဖြစ်သို့ပြောင်းလဲစေခြင်း” အခြားမဟာဗျူဟာတစ်ရပ်ဖြစ်နေသည်။ စိုက်ခင်းများ၌ တရုတ်နိုင်ငံသားများကလည်း တစ်ခါတစ်ရံအလုပ်လုပ်ကြသော်လည်း လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များ ထိန်းချုပ်ထားရာနေရာများပါဝင်သည့် ယူနန်ပြည်နယ် နယ်စပ်နှင့်ကပ်လျက်တည်ရှိသော စိုက်ခင်းများ၌သာ အများဆုံးလုပ်ကိုင်ကြသည်။ များသောအားဖြင့် နည်းပညာနှင့်စီမံခန့်ခွဲကြီးကြပ်ရန်အတွက် နယ်စပ်ဖြတ်ကျော်ကာ ယာယီအလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိထားကြသော တရုတ်ကျွမ်းကျင်အလုပ်သမားများဖြစ်ကြသည်။

အချို့ဖြစ်စဉ်များတွင် မြေသိမ်းယူခြင်းခံထားရသူ ဒေသခံရွာသားများသည် စိုက်ခင်းများ၌အလုပ်သမားအဖြစ် လုပ်ကိုင်ရန်၊ သို့မဟုတ် အဆိုပါနေရာမှထွက်ခွာသွားကြရန် ဒေသခံအာဏာပိုင်များ၏ အမိန့်ပေးညွှန်ကြားခြင်းကိုခံကြရသည်။ အလုပ်လုပ်ကိုင်ရန်သဘောတူပါကလည်း စိုက်ပျိုးခဲ့သောအပင်အရေအတွက်၊ အလုပ်လုပ်ခဲ့သည့်နာရီပေါင်း၊ သို့မဟုတ် တစ်လအတွင်းအလုပ်လုပ်ခဲ့သည့်စုစုပေါင်းလုပ်ရက်စသည်ဖြင့် ပေးနိုင်သည့်လစာနှုန်းမျိုးစုံအပေါ်အခြေခံထားသည့် မဖြစ်စလောက်လုပ်အားခ (အစားအသောက်၊ ဆေးလိပ်ဖိုးနှင့်သွားလာသည့်စရိတ်အတွက်လောက်ငှရုံသာ) ရရှိကြသည်။ အဆိုပါမည်ကာမတ္တလုပ်အားခပေးသော်လည်း ခြိမ်းခြောက်ခိုင်းစေပါက အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုအဖြစ် ယူဆသဖြင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို) ၏မြန်မာနိုင်ငံလုပ်ပိုင်ခွင့်အတွင်းရောက်ရှိ နေသည်။

သို့သော် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်မူ မတူညီသောလုပ်အားစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြသည်။ စိုက်ပျိုးသည့်ရာသီချိန်အလိုက် လိုအပ်သောလုပ်အားစုကို တရုတ်ပိုင်ရာဘာစိုက်ခင်းများစိုက်ပျိုးရန်အတွက် မိမိတို့မိရိုးဖလာပိုင်ဆိုင်လုပ်ကိုင်နေကြသော မြေယာများမှသိမ်းယူနှင်ထုတ်ခြင်းခံကြရသည့် တောင်သူများထံမှအဓိကရယူသည်။ ရာဘာစိုက်ခင်းကိုကြီးကြပ်သောဒေသခံ ‘ဝ’ တပ်မတော်တာဝန်ရှိသူများ၏ အတင်းအကျပ်စေခိုင်းမှုများရံဖန်ရံခါရှိနေခြင်း၊ သို့မဟုတ် တစ်နေ့စာအနိမ့်ဆုံးလိုအပ်ချက် (မြန်မာကျပ်ငွေ ၂,၀၀၀-၃,၀၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၂-၃ သို့မဟုတ် ၁၅ တရုတ်ယင်မင်ဘီ) ကိုသာလျှင် ကာမိစေသည့်နည်းပါးလှသော လုပ်အားခကိုသာပေးခြင်းတို့ကြောင့် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းစွပ်စွဲမှုများရှိနေကြသည်။[၁၈၈]

‘ဝ’ဒေသအတွင်း ရာဘာစိုက်ခင်းများစိုက်ပျိုးထူထောင်လာခြင်းသည် ၂၀၀၅ ခုနှစ်တွင်ဆောင်ရွက်ခဲ့သည့် တင်းကျပ်လှသည့် ဘိန်းစိုက်ပျိုးမှုတားဆီးပိတ်ပင်ခြင်းအပြီး၊ ဆင်းရဲမွဲတေမှုဘေးဆိုးကြီးနှင့်စားနပ်ရိက္ခာဖူလုံခြင်းမရှိမှုတို့အား ရင်ဆိုင်ကြုံတွေ့နေကြရသော ဒေသတွင်းရပ်ရွာလူထုများအပေါ်တွင် အကြီးအကျယ်သက်ရောက်မှုကိုဖြစ်စေသည်။ နည်းပါးလှသောလုပ်အားခ သို့မဟုတ် အခမဲ့လုပ်အားပေးနိုင်ရန်အတွက် ဒေသခံအာဏာပိုင်များသည် ယခင်ဘိန်းစိုက်တောင်သူများအား ရာဘာစိုက်ခင်းများအနီးသို့ရွှေ့ပြောင်းနေရာချထားခဲ့ကြသည်။ ဖြစ်စဉ်အများစုတွင်စိုက်ခင်းများသည် ဒေသခံတောင်သူများအား မည်သို့မျှညှိနှိုင်းတိုင်ပင်ခြင်း သို့မဟုတ် လျော်ကြေးပေးခြင်းမျိုးမရှိဘဲသိမ်းယူခဲ့ကြသည့် မြေယာများပေါ်တွင်စိုက်ပျိုးထားခဲ့ကြသည်။[၁၈၉] ‘ဝ’ ဒေသအတွင်းသီးနှံတစ်မျိုးတည်းသာ စိုက်ပျိုးသောစိုက်ခင်းကြီးများကိုအများအပြားစိုက်ပျိုးထူထောင်လာခြင်းသည် စားသုံးသီးနှံနှင့်စားကျက်မြေအသုံးချနိုင်မှုအတွက် ကြီးမားလှသည့် အကန့်အသတ်ကို ဖြစ်ပေါ်စေပြီး၊ ဒေသခံသက်မွေးဝမ်းကျောင်းမှုများကို မတည်မငြိမ်ဖြစ်စေသည်။ ဤပြဿနာများသည် ‘ဝ’ ဒေသတွင်သာမဟုတ်ဘဲ၊ မြန်မာနိုင်ငံမြောက်ပိုင်း အခြားနေရာဒေသများတွင်လည်း ဖြစ်ပေါ်လျက်ရှိကြသည်။

“ရာဘာစိုက်ခင်းကျေးရွာ” ဖန်တီးတည်ထောင်ရေးသည် မြန်မာပြည်မြောက်ပိုင်းကျေးလက်ဒေသ၏ဖြစ်ရပ်အသစ်ဖြစ်ပြီး၊ လုပ်ငန်းရှင်များမှမိမိတို့အလုပ်သမားများအတွက် နေအိမ်များ၊ တစ်ခါတစ်ရံတွင် လုပ်ငန်းကြီးများအတွက်စားသောက်ဆိုင်များနှင့်သက်သာဆိုင်ငယ်များကိုပါဆောက်လုပ်ပေးကြသည်။ ဤ ‘ကျေးရွာငယ်များ’ တွင်ပြည့်နှက်လျက်ရှိနေကြသူ

များမှာ မိမိပိုင်လယ်မြေများတွင်ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်မှုအားနှစ်သက်ကြသည့် ဒေသခံတောင်သူများမဟုတ်ကြဘဲ၊ ရွှေ့ပြောင်းလာကြသည့်အခစားအလုပ်သမားများသာလျှင်ဖြစ်ကြသည်။ မြန်မာနိုင်ငံမြောက်ပိုင်း ဤနယ်စပ်ဒေသများမှတောင်သူလယ်သမားဆက်လက်မဖြစ်ချင်ကြတော့သောလူငယ်များသည် တရုတ်စကားမပြောတတ်သော၊ ကျွမ်းကျင်မှုမရှိသည့်အလုပ်သမားများသာဖြစ်ကြသဖြင့် ယင်းတို့၏အနာဂတ်အလားအလာမှာ မှေးမှိန်လျက်ရှိနေသော်လည်း ပိုမိုကောင်းမွန်သည့်အလုပ်အကိုင်အခွင့်အလမ်းများကိုရှာဖွေရန်အတွက် နယ်စပ်ကိုတရားမဝင်ဖြတ်ကျော်ကာတရုတ် နိုင်ငံသို့အမြောက်အများထွက်ခွာနေကြသည်။ မြန်မာပြည်အလယ်ပိုင်းနှင့်တောင်ပိုင်းဒေသများမှရွှေ့ ပြောင်းအလုပ်သမားများရောက်ရှိလာခြင်း၊ ကုမ္ပဏီများမှရာဘာကျေးရွာသစ်များတည်ထောင်ခြင်းနှင့်မြေယာမဲ့ဖြစ်စေခြင်းတို့သည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ကျေးရွာများ၏လူမှုရေးညီညာစည်းလုံးမှုအပေါ်သက်ရောက်မှုကိုဖြစ်ပေါ်စေသည်။

မည်သည့်အာဏာပိုင်မျှ သို့မဟုတ်ဗဟိုအစိုးရသည် အခစားအလုပ်သမားများအတွက် ဥပဒေရေးရာ ကူညီထောက်ပံ့မှု သို့မဟုတ် အလုပ်သမားစည်းမျဉ်းစည်းကမ်းများပြဋ္ဌာန်းပံ့ပိုးပေးခြင်းမရှိချေ။ တွေ့ဆုံမေးမြန်းမှုများအရ မိမိတို့၏အလုပ်သမားများနှင့်တကွ မြေယာသိမ်းယူခြင်းခံကြရသည့် ကျန်ရှိနေသော မည်သည့်တောင်သူများကိုပါမဆို စီမံခန့်ခွဲရန် ကုမ္ပဏီတစ်ခုချင်းစီကို လွှတ်ထားပေးသည်။ အချို့ဖြစ်စဉ်များတွင် ဝမ်းစာအတွက်စိုက်ပျိုးသည့်တောင်သူများအား ဆက်လက်စိုက်ပျိုးခွင့်ပေးသည့်အနေဖြင့် လုပ်ငန်းရှင်များသည် ၎င်းတို့လုပ်ပိုင်ခွင့်မြေယာများအတွင်း ထောင့်တစ်နေရာရာ၌ ၎င်းတောင်သူများအား တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရုံသာ မြေကွက်ငယ်ကလေးများကိုပေးထားသည်။ သို့သော် ဤသို့ဖြစ်ရပ်မျိုးသည် စိုက်ပျိုးရေးကန်ထရိုက်လုပ်ငန်းများ စမ်းသပ်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအခြားဒေသများရှိ ကုမ္ပဏီများတွင်ပိုမိုတွေ့ရှိရသည့်ဖြစ်ရပ်များဖြစ်သည်။ နိုင်ငံမြောက်ပိုင်းတွင်မြေယာများမှနှင်ထုတ်ခံကြရ သောတောင်သူများသည် စိုက်ပျိုးလုပ်ကိုင်ရန်အတွက် အခြားသောရွှေ့ပြောင်းတောင်ယာအားရှာဖွေခြင်း သို့မဟုတ် လယ်ယာစိုက်ပျိုးရေးတွင်အခစားလယ်ယာလုပ်သား သို့မဟုတ် လယ်ယာကဏ္ဍနှင့်မသက်ဆိုင်သည့်ပျံကျလုပ်သားအဖြစ်လုပ်ကိုင်ခြင်း သို့မဟုတ် အခြားနေရာဒေသသို့ရွှေ့ပြောင်းခြင်း သို့မဟုတ် ဘိန်းပြန်လည်စိုက်ပျိုးခြင်းတို့အားဆောင်ရွက်လာကြတော့သည်။

ရာဘာလုပ်ငန်းများသည် တောင်သူများမိရိုးဖလာအစဉ်အဆက်လုပ်ကိုင်နေကြသည့် မြေယာအားဆုံးရှုံးစေခြင်း၊ အလုပ်အကိုင်စနစ်ပုံစံသစ်များဖြစ်ပေါ်လာခြင်းများအပြင် တောင်ပေါ်ဒေသမှရပ်ရွာလူထုများအား ချိုင့်ဝှမ်းဒေသများနှင့် ကားလမ်းတစ်လျှောက် ဒေသများသို့ရွှေ့ပြောင်းစေခြင်းများတွင် ပါဝင်ပတ်သက်လျက်ရှိကြသည်။ ဘိန်းအစားထိုးစီမံကိန်းများနှင့်ဆက်စပ်နေသော ဤ'အစားထိုးဖွံ့ဖြိုးတိုးတက်မှု' ဟုခေါ်ကြသည့်စီမံကိန်းသည် မြန်မာနိုင်ငံမြောက်ပိုင်း၌ တောင်ပေါ်ဒေသနေ တိုင်းရင်းသားများအား ဆယ်စုနှစ်ပေါင်းများစွာအတင်းအကျပ်နေရာရွှေ့ပြောင်းနေရာချထားခြင်းသမိုင်းကြောင်းအစဉ်အလာရှိခဲ့သည်။[၁၉၀] သို့သော် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း အတင်းအကျပ်ရွှေ့ပြောင်းနေရာချထားမှုများသည် ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ဘိန်းအစားထိုးစီမံကိန်းများနှင့်ဆက်စပ်လျက်ရှိသည့် အရာအားလုံးဖြစ်သော ရွှေ့ပြောင်းစိုက်ပျိုးမှုတားဆီးပပျောက်ရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုဆန့်ကျင်ရေးနှင့် ဈေးကွက်ရရှိမှုအလေးပေးရေးမူဝါဒများ၊ ပြောဆိုမှုများနှင့်အထူးရင်းနှီးကျွမ်းဝင်ယှက်နွယ်လာခဲ့ကြသည်။ မြန်မာနိုင်ငံ၏ စစ်တပ်-နိုင်ငံတော် လုံခြုံရေးမဟာဗျူဟာများနှင့်ဆက်စပ်နေသည့် ယခုဆောင်ရွက်လျက်ရှိ နေသည့်နယ်စပ်ဖွံ့ဖြိုးတိုးတက်ရေးပုံစံသစ်သည် တောင်ပေါ်ဒေသနေတစ်ပိုင်တစ်နိုင်ဝမ်းစာအတွက် စိုက်ပျိုးလုပ်ကိုင်သည့်တောင်သူများအား မြေပြန့်ဒေသဈေးကွက်စီးပွားရေးနှင့်ပေါင်းစပ်ပေးမှုနည်းပါးပြီး၊ တပ်မတော်လုံခြုံရေးနှင့်ဗမာလူမျိုးနိုင်ငံတော်တည်ဆောက်ရေးဘက်တွင် သာ အားသာလျက်ရှိသည်။[၁၉၁]

သို့သော် ကချင်ကာကွယ်ရေးတပ်မတော်(ကေဒီအေ) [၁၉၂] ကဲ့သို့လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များသည် မိမိတို့အုပ်ချုပ်မှုအောက်ရှိနယ်မြေများအား တစ်စုတစ်စည်းတည်းဖြစ်ရန်ကြိုးပမ်းနေသဖြင့် ရွှေ့ပြောင်းနေထိုင်မှုများလည်းဖြစ်ပေါ်လျက်ရှိသည်။ ယူဒဗလျူအက်စ်အေတပ်မတော်သည် 'ဝ' ရွာသားထောင်ပေါင်းများစွာအားမြောက်ပိုင်းရှိ ၎င်းတို့၏တောင်ပေါ်ဒေသမွေးရပ်မြေများမှ ထိုင်းနယ်စပ်တစ်လျှောက်၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ယူဒဗလျူအက်စ်အေ၏ထိန်းချုပ်မှုအောက်တွင်ပင်ရှိသောမြေဆီမြေနှစ်ပေါများကြွယ်ဝရာ ချိုင့်ဝှမ်းဒေသများဆီသို့ ရွှေ့ပြောင်းနေရာချထားမှုကို အမိန့်ပေးခဲ့သည်။ ဤသို့ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ဘိန်းစိုက်တောင်သူများနှင့် ဆင်းရဲချို့တဲ့သောကျေးရွာများအား အခြားသီးနှံများစိုက်ပျိုးနိုင်မည့်နေရာဒေသများသို့ ရွှေ့ပြောင်းပေးရန်ဖြစ်သည်ဟု ယူဒဗလျူအက်စ်အေ ခေါင်းဆောင်များကဆိုသည်။ [၁၉၃] သို့သော် အဆိုပါလုပ်ရပ်သည် မဟာဗျူဟာကျသည့်နယ်စပ်ဒေသအား ယူဒဗလျူအက်စ်အေ၏ ထိန်းချုပ်မှုကိုလည်း တောင့်တင်းခိုင်မာသွားစေသည်။ ၁၉၉၉-၂၀၀၂ ခုနှစ်အတွင်း ထိုင်းနယ်စပ်သို့ရွှေ့ပြောင်းခြင်းခံကြရသော 'ဝ' တောင်သူဦးရေအတိအကျအားမသိရချေ။ 'ဝ' ခေါင်းဆောင်များ၏ခန့်မှန်းချက်များအရ ၅၀,၀၀၀ မှ ၁၀၀,၀၀၀ အတွင်းပြောင်းလဲနေသည်။ [၁၉၄]

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာနောက်ဆက်တွဲအကျိုးသက်ရောက်မှုများ

မြန်မာနိုင်ငံမြောက်ပိုင်းတွင် ရာဘာစိုက်ပျိုးမှုအများအပြားတိုးတက်လာမှုအပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိနေသည်။ ဇီဝမျိုးစိတ်များကိုကောင်းမွန်စွာထိန်းသိမ်းပေးသည့် ရွှေ့ပြောင်းစိုက်ပျိုးသည့် တောင်ယာစိုက်ခင်းများနှင့်နှိုင်းယှဉ်ပါက တောင်ပေါ်ဒေသသစ်တောများတွင် ရာဘာစိုက်ခင်းများစိုက်ပျိုးထူထောင်ခြင်းသည် တိုက်ရိုက်အကျိုးဆက်အဖြစ်သစ်တောပြုန်းတီးမှုကိုဖြစ်စေသည်။ အချို့ဖြစ်စဉ်များ၌ အင်န်ဂျီအိုများ၏ ရေရှည်တည်တံ့သောလူမှုဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်သည့်နေရာဒေသများတွင် ရာဘာလုပ်ငန်းများကို လုပ်ကိုင်လာသဖြင့် ထိုစီမံကိန်းများကိုရပ်ဆိုင်းလိုက်ရသည့်ဖြစ်စဉ်မျိုးလည်းရှိခဲ့သည်။ ရေဝေရေလဲဒေသ သစ်တောများပျက်စီးခြင်း၊ အကန့်အသတ်ရှိသောရေအရင်းအမြစ်အား မဆင်မခြင်အလွဲသုံးစားပြုနေခြင်းများကြောင့် သိသာလှသောဂေဟာဆိုင်ရာပြဿနာများဖြစ်ပေါ်နေပြီဟု 'ဝ' ဒေသရှိအပြည်ပြည်ဆိုင်ရာအင်န်ဂျီအိုများမှဆိုကြသည်။ ရာဘာတစ်မျိုးတည်းကိုစိုက်ပျိုးခြင်းသည် ယင်းဒေသ၏ဇီဝမျိုးစိတ်ကြွယ်ဝမှုအပေါ်တွင် ဆိုးကျိုးသက်ရောက်စေပြီး၊အချို့သော ဒေသခံအပင်မျိုးများနှင့်တိရိစ္ဆာန်များကွယ်ပျောက်လျက်ရှိနေပြီဖြစ်ကြောင်း ဒေသခံများကသတိပြုမိနေကြပြီဖြစ်သည်။ [၁၉၅]

မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဘိန်းစိုက်ပျိုးမှုတားဆီးပိတ်ပင်ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ပြီးနောက်တွင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုများသည် တရုတ်နိုင်ငံမှမြင့်မားသည့်ဝယ်လိုအားရှိနေသော သစ် မဟုတ်သော သစ်တောထွက်ပစ္စည်းများ (အင်န်တီအက်ဖ်ပီ) ကို ရှာဖွေစုဆောင်းမှုအပေါ်တွင်မှီခိုလာကြသည်။ 'ဝ' ဒေသနှင့်ကချင်ပြည်နယ်ရှိရွာသားများသည် မြန်မာနိုင်ငံသို့ရောက်လာသော တရုတ်ကုန်သည်များအားရောင်းချရန်ဆေးမြစ်များ၊ သစ်ခွများ၊ မျှစ်၊ ကြိမ်၊ ကစီဓါတ်များသောသစ်ဥသစ်ဖုများ၊ သစ်ရွက်များ၊ သစ်ခေါက်များနှင့်ထင်းများအား ရှာဖွေကောက်ယူခဲ့ကြသည်။ ဤသို့သောအခြေအနေသည် တရုတ်ကုမ္ပဏီများ၏ရေရှည်မတည်တံ့သည့် အကျိုးမဲ့သစ်ခုတ်လှဲမှုများကြောင့်ပျက်စီးခဲ့ပြီးသားဖြစ်သည့် မြေယာနှင့်သစ်တောသယံဇာတအရင်းအမြစ်များအပေါ်တွင် ထပ်မံဖိအားမြင့်မားလာစေသည်။ [၁၉၆]

"တချို့ရွာသားတွေဆိုတောင်ပေါ်မှာမဟုတ်တော့ဘဲ ရာဘာတောတွေနဲ့ပတ်ပတ်လည်အဝိုင်းခံထားရသလို ဖြစ်နေပြီ။ ပြဿနာကတော့ သူတို့ကျွဲတွေဘယ်မှာထားရမလဲဆိုတာဘဲ။ သူတို့ကိုလွှတ်ကျောင်းလို့ရမယ့်စားကျက်နေရာရှာမတွေ့ဘူး။ ကျွဲတွေရာဘာစိုက်ခင်းထဲကိုဝင်ရင်သေနတ်နဲ့အပစ်ခံရတယ်"[၁၉၇]

## တရုတ်ရာဘာစိုက်ပျိုးခြင်းများ၏ဆိုးကျိုး

ယခင်အစိုးရတာဝန်ရှိသူတစ်ဦးထံမှပေးစာ၊ ၂၀၁၀ခုနှစ်၊ ဧပြီလ။

ခင်မင်ရသောအစ်ကိုကြီး

ကိုးကန့်နဲ့'ဝ'နယ်မြေထဲကရာဘာခင်းတွေကြောင့် ဆင်းရဲသားတောင်သူတွေရဲ့လူမှုစီးပွားရေးအခြေအနေတွေအပေါ်သက်ရောက်မှုအတော်များများရှိခဲ့တယ်။

ကိုးကန့်နဲ့'ဝ'ခေါင်းဆောင်ပိုင်းရဲ့ပညာရည်နည်းပါးတာကို အခွင့်ကောင်းယူပြီး၊ဆင်းရဲသားတောင်သူတွေရဲ့ မြေကိုသိမ်းဖို့ တရုတ်ကုမ္ပဏီတွေက ကိုးကန့်နဲ့'ဝ'တာဝန်ရှိသူတွေ (ဗဟို၊ခရိုင်၊မြို့နယ်နဲ့ကျေးရွာအဆင့်) ကို လာဘ်ထိုးကြတယ်။

ရာဘာစေးထုတ်လို့ရဖို့ပူနွေးတဲ့ရာသီလိုအပ်တာကြောင့် ပင်လယ်ရေမျက်နှာပြင်အောက် ၁,၀၀၀ မီတာမှာ ရာဘာပျိုးခင်းတွေကို စိုက်ပျိုးကြတယ်။ ဒီအခြေအနေက ဘိန်းစိုက်ပျိုးမှုတိုက်ဖျက်ရေးစကတည်းက အစားထိုးသီးနှံတွေစိုက်ပျိုးဖို့ ဆင်းရဲသားတောင်သူတွေရဲ့ကိုယ်ပိုင်မြေယာအပေါ် လုပ်ကိုင်ခွင့်ကိုတားဆီးလိုက်သလိုဖြစ်ပြီး၊ အခြေအနေမဲ့ဘဝကိုရောက်ပြီးတော့၊ ရာဘာစိုက်ခင်းတွေမှာလုပ်ခနည်းနည်းလေးနဲ့ အလိုအလျောက်အလုပ်လုပ်လာဖို့တွန်းပို့လိုက်သလိုဖြစ်သွားတယ်။

တရုတ်ကုမ္ပဏီတွေအနေနဲ့ကတော့ ကိုးကန့်နဲ့'ဝ'နယ်မြေရာဘာစိုက်ခင်းတွေက အကျိုးအမြတ်တွေနဲ့အတူမြန်မာပြည်မှာ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးဆောင်ရွက်လို့ တရုတ်ဒေသခံအစိုးရဆီက အတိုးနည်းချေးငွေဆီကအကျိုးအမြတ်တွေရကြတယ်။

ကျွမ်းကျင်သူတွေကိုကျတော့ လစာမြင့်အလုပ်သမားများအဖြစ်နဲ့ တရုတ်ကုမ္ပဏီတွေက တရုတ်နိုင်ငံကနေ ခေါ်ယူခဲ့ကြတယ်။ ဆင်းရဲသားတောင်သူတွေရဲ့လူမှုစီးပွားရေးနဲ့သက်မွေးဝမ်းကျောင်းမှုအခြေအနေကတော့မြေရှင်တွေ၊ သူဌေးတွေနဲ့ လောပန်းတွေ (တရုတ်ဘာသာဖြင့်အလုပ်ရှင် သို့မဟုတ် လုပ်ငန်းရှင်အဖြစ်အသုံးများသည်) တွေအတွက် ဘိန်းစိုက်ပျိုးပေးခဲ့ရတဲ့ အချိန်တုန်းကအတိုင်းပါဘဲ။ အရင်တုန်းကလိုဘဲ ဘိန်းခင်းတွေထဲမှာအလုပ်လုပ်ကြရတဲ့ လုပ်ခနည်းအလုပ်သမားအတိုင်းဘဲ ဆင်းရဲမှုသံသရာထဲကကိုမလွတ်နိုင်ကြသေးဘူး။

ကိုးကန့်နဲ့'ဝ'တာဝန်ရှိသူတွေ၊ သူတို့ရဲ့နီးစပ်တဲ့စီးပွားရေးသမားတွေက ကိုယ်ပိုင်ရာဘာစိုက်ခင်းတွေဆီက ဒါမှမဟုတ် တရုတ်ကုမ္ပဏီတွေနဲ့ဖက်စပ်လုပ်ကိုင်ပြီး အကျိုးအမြတ်တွေရနေကြတယ်။ ကိုးကန့်နဲ့ 'ဝ' နယ်မြေအတွင်းမှာ ရာဘာစိုက်ခင်းတွေပျိုးထောင်လာတာဟာရှိရင်းစွဲသစ်တောပြုန်းတီးမှု၊ မြေပြိုမှုတွေ၊ မြေဆီလွှာညံ့ဖျင်းလာမှု၊ အပေါ်ယံမြေလွှာတိုက်စားမှုတွေအပေါ်မှာသက်ရောက်မှုရှိခဲ့တဲ့အပြင်၊ ဒီထက်ပိုပြီးတော့ ကိုးကန့်နဲ့ 'ဝ' ဒေသဘိန်းစိုက်ပျိုးမှုတားဆီးပိတ်ပင်မှုကြောင့်ဆင်းရဲမှုသံသရာထဲမှာကျနေတဲ့ ဆင်းရဲသားတောင်သူတွေရဲ့နေရာရွှေ့ပြောင်းမှုတွေကိုဖြစ်ပွားစေတယ်။

တရုတ်ရာဘာစိုက်ခင်းများရဲ့ဆိုးကျိုး/အနှုတ်လက္ခဏာဆောင်တဲ့ သက်ရောက်မှုတွေရှိပါတယ်။ ဒါပေမယ့်ကောင်းကျိုးတစ်ချို့လည်းရှိနေပြန်တယ်။ ရာဘာစိုက်ခင်းနားမှာရှိတဲ့ အခြေခံအဆောက်အအုံတွေ၊ အထူးသဖြင့် လမ်းတွေကိုတော့ အဲဒီစိုက်ခင်းတွေက ရာဘာထွက်ကုန်တွေတင်ပို့နိုင်ဖို့အတွက် မြေသားလမ်းကနေကျောက်ခင်းလမ်းအထိ အဆင့်တိုးမြှင့်နေကြပြီ။ အဲဒီအဆင့်မြှင့်လိုက်တဲ့လမ်းတွေကြောင့် ပညာရေးနဲ့ကျန်းမာရေးဌာနတွေနဲ့ ဈေးတွေကိုအချိန်တိုအတွင်းမှာ အရောက်သွားနိုင်နေပြီ။

စိုက်ခင်းတွေမှာ အခုအလုပ်ဝင်လုပ်နေကြတဲ့အလုပ်သမားတောင်သူတွေရဲ့ သားသမီးအချို့ဟာလည်း ရေရှည်တည်တံ့တဲ့ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူမှုစီးပွားရေးအခြေအနေတွေကို မြှင့်တင်ထိန်းသိမ်းပေးနိုင်အောင် သူတို့ရဲ့စိတ်ဓာတ်အမြင်တွေကိုဖွင့်ပေးမယ့်ပိုပြီးကောင်းတဲ့ပညာရေးကိုရယူနိုင်နေပြီ။

တောင်သူတွေကလည်း ရာဘာစိုက်ခင်းမှာကျွမ်းကျင်မှုလိုအပ်တဲ့အလုပ်တွေ (လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်စွမ်းရည်မြှင့်တင်ရေး) ကိုလေ့လာနိုင်ကြပြီးနောက်မှာ တရုတ်ကျွမ်းကျင်သူအလုပ်သမားတွေရဲ့နေရာကို အစားထိုးယူနိုင်ကြတော့မှာဖြစ်တယ်။ တောင်သူတွေက အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှုတွေကို လေ့လာသင်ယူနိုင်ပြီး၊ သူတို့ရဲ့လယ်ယာထွက်ကုန် ဒါမှမဟုတ် လယ်ယာထွက်ကုန်မဟုတ်တဲ့ပစ္စည်းတွေ၊ တန်ဖိုးမြှင့်ပစ္စည်းများအတွက်လည်း ဈေးကွက်တွေရရှိနိုင်လာမှာဖြစ်တယ်။

အသေးစားချေးငွေနဲ့အသေးစားငွေကြေးထောက်ပံ့မှုအစီအစဉ်တွေ စတင်လာနိုင်မယ်ဆိုရင်၊ ပြီးတော့ ရာ ဘာစိုက်ခင်းအနီးအနားမှာရှိတဲ့ ရပ်ရွာတွေကသက်မွေးဝမ်းကျောင်းသင်တန်းတွေနဲ့ ဆက်စပ်ထားမယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေးခက်တဲ့အစွန်အဖျားဒေသတွေက အခြားရပ်ရွာဒေသတွေထက် သက်မွေး ဝမ်းကျောင်းလူမှုဘဝဖွံ့ဖြိုးတိုးတက်မှုတွေကို ပိုပြီးမြှင့်တင်လာနိုင်မှာပါ။

အစိုးရနှင့်ကိုးကန့်၊ ‘ဝ’ အာဏာပိုင်များ၊ ယူအင်န်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာနှင့်အပြည်ပြည်ဆိုင်ရာအင်န်ဂျီအိုများ၊ အခြားသောစိတ်ပါဝင်စားသည့်အဖွဲ့အစည်းများနှင့် အလှူရှင်တွေက တည်ဆောက်ပေးထားတဲ့ လမ်းတွေရှိနေပြီဆိုတာကိုအသုံးချပြီး ရာဘာစိုက်ခင်းများအနီးရှိ ရပ်ရွာလူထုတွေရဲ့လူမှုစီးပွားဖွံ့ဖြိုးရေးတိုးတက်ဖို့ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ပေးနိုင်တယ်။ ဒီလိုဆောင်ရွက်ချက်တွေဟာ အနီးအနားမှာရှိတဲ့လူတွေနဲ့ကျေးရွာတွေဆီဖြာထွက်ပြီးကောင်းကျိုးတွေအဖြစ်ရောက်ရှိသွား နိုင်တယ်။

ရေရှည်မှာအကျိုးခံစားမှုနဲ့အမြတ်တွေက ထပ်တူမညီမျှရင်တောင်၊ တရုတ်ရဲ့တိုက်ရိုက်နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကနေဆောင်ကျဉ်းလာတဲ့ ဒေသဖွံ့ဖြိုးတိုးတက်မှုတွေကနေပြီး ရရှိတဲ့အကျိုးတွေကိုရပ်ရွာတွေထဲက လူထုတွေကရော၊ အာဏာပိုင်တွေကပါမြင်ကြခံစားကြရပါလိမ့်မယ်။

ဒေသဖွံ့ဖြိုးရေးအတွက် အာမခံချက်ကတိတွေအတွက် ဗဟိုအစိုးရနဲ့ပုဂ္ဂလိကကဏ္ဍတွေရဲ့ ကြီးမားများပြားလှတဲ့ရင်းနှီးမြှုပ်နှံမှုတွေက နိုင်ငံရေးဂယက်ရိုက်မှုတွေ၊ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကိစ္စရပ်တွေကြောင့်ဖြစ်လာရတဲ့ အစိုးရနဲ့ လက်နက်ကိုင်အဖွဲ့တွေအကြားမယုံကြည်မှုတွေကြောင့် ကိုးကန့်နဲ့ ‘ဝ’ ဒေသတွေဆီ ကိုရောက်လာအုံးမှာမဟုတ်သေးဘူး။

ခင်မင်လျက်

# ကချင်ပြည်နယ်အတွင်းမြေယာအသွင်ပြောင်းလဲမှု

ကချင်ပြည်နယ်သည် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းနှင့်တရုတ်နိုင်ငံယူနန်ပြည်နယ်တို့အကြား၊ မြန်မာနိုင်ငံ၏မြောက်ဘက်အစွန်းဆုံးအပိုင်းတွင်တည်ရှိသည်။ ကချင်ပြည်နယ်မြောက်ပိုင်းအား ဟိမဝန္တာတောင်ခြေတောင်တန်းများမှ သွယ်တန်းလာသောဆီးနှင်းများဖုံးလွှမ်းထားသည့် မြင့်မားသောတောင်တန်းကြီးများက လွှမ်းမိုးထားသည်။ ယင်းတို့အထဲတွင် မြန်မာနိုင်ငံ၏အမြင့်မားဆုံးတောင်ထိပ်ဖြစ်သည့် မီတာ (၆,၀၀၀) ခန့်အမြင့်ရှိသော ခါကာဘိုရာဇီတောင်လည်းအပါအဝင်ဖြစ်သည်။ အရေးပါလှသောမြစ်နှစ်သွယ်ဖြစ်သည့် မလိခမြစ်နှင့်အင်မိုင်ခမြစ်များသည်လည်း မြောက်မှတောင်သို့သွယ်တန်းလျက်ရှိနေသည့် မတ်စောက်လှသောတောင်တန်းများကြားမှဖြတ်သန်းကာစီးဆင်းလျက်ရှိသည်။ ပြည်နယ်မြို့တော်မြစ်ကြီးနား၏မြောက်ဘက် 'မြစ်ဆုံ'ဟု ဒေသတွင်းသိရှိထားကြသည့် ယင်းမြစ်နှစ်စင်း၏ဆုံဆည်းရာနေရာသည် မြန်မာနိုင်ငံ၏အထင်ရှားဆုံးမြစ်ဖြစ်သည့် ဧရာဝတီမြစ်၏အစပင်ဖြစ်သည်။ အဆိုပါမြစ်များသည် အရေးပါလှသည့် သယ်ယူပို့ဆောင်သွားလာရေးလမ်းကြောင်းများလည်းဖြစ်ကြသည်။ ပြည်နယ်၏မြောက်ပိုင်း၌ လမ်းပန်းဆက်သွယ်ရေးခက်ခဲလှပြီး၊ သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးအများစုသည် ကချင်ပြည်နယ်တောင်ဘက်ပိုင်း မြေနိမ့်ပိုင်းဒေသများ၌သာ တွင်တွင်ကျယ်ကျယ်ဖြစ်ပေါ်လျက်ရှိနေသည်။ အဓိကသွားလာရေးလမ်းကြောင်းများသည် မြစ်ကြီးနားနှင့်ဗန်းမော် (ဒုတိယအကြီးဆုံးမြို့) အကြားလမ်းနှင့် အနောက်တောင်ဘက်သို့ဦးတည်နေသော မန္တလေးသို့သွားရာမီးရထားလမ်းတလျှောက်တွင်တည်ရှိသော မိုးကောင်းနှင့်ဟိုပင်သို့သွားရာလမ်းများဖြစ်ကြသည်။

ကချင်ပြည်နယ်သည် သဘာဝသယံဇာတအရင်းအမြစ်များအလွန်ကြွယ်ဝသည်။ ပြည်နယ်သည် ဒေသ ထွက်ရွှေ၊ ငွေ၊ သံ၊ ခဲနှင့်ပယင်းတွင်းထွက်များကြောင့် နာမည်ကျော်ကြားလှသည်။ ဖားကန့်ရှိကျောက်စိမ်း တွင်းများမှထွက်ရှိသောကျောက်စိမ်းသည် တရုတ်နိုင်ငံတွင် အမြတ်တမ်းဝယ်လိုအားမြင့်မားလျက်ရှိသော ကမ္ဘာပေါ်ရှိထိပ်တန်းအရည်အသွေးကောင်းကျောက်စိမ်းထွက်ရှိရာ တစ်ခုတည်းသောနေရာအရင်းအမြစ်ဖြစ်သည်။ ကချင်ပြည်နယ်သည် ဇီဝမျိုးကွဲများကြွယ်ဝပေါများရာပြည်နယ်လည်းဖြစ်သည်။ ဥပမာအားဖြင့် ဟူးကောင်းချိုင့်ဝှမ်းကျားဘေးမဲ့တောအား ထိရောက်စွာကာကွယ်ထိန်းသိမ်းစီမံခန့်ခွဲနိုင်မှုအပေါ် သံသယဖြစ်စရာရှိနေသော်လည်း၊ အဆိုပါနေရာသည်ကမ္ဘာ့အကြီးဆုံး ကျားဘေးမဲ့တောကြီးပင်ဖြစ်သည်။[၁၉၈] အဆိုပါဒေသအတွင်း၌ ပန်ဒါနီအပါအဝင် အခြားသောကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ထားသော တိရိစ္ဆာန်အများအပြားလည်းမှီတင်းနေထိုင်နေကြသည်။ ရှားပါးသောသစ်ခွရိုင်းများနှင့်ဒေသမျိုးရင်းအပင် များပေါက်ရောက်လျက်ရှိရာနေရာလည်းဖြစ်သည်။ ၁၉၉၀ ခုနှစ် အစောပိုင်းကာလများမတိုင်မီအထိ ကချင်ပြည်နယ်နေရာအများစုသည် ကျွန်းသစ်နှင့်အခြားသောအဖိုးတန်သစ်မာများပါဝင်သော နဂိုပကတိအတိုင်းမပျက်မယွင်းရှိနေသေးသော အပူပိုင်းသစ်တောပြင်ကျယ်ကြီးဖြင့်ဖုံးလွှမ်းနေခဲ့သည်။ သို့သော် ၄င်းသစ်တောအများစု၊ အထူးသဖြင့် ယူနန်ပြည်နယ် နယ်စပ်တစ်လျှောက်ရှိသစ်တောများအားခုတ်လှဲကာတရုတ်နိုင်ငံနယ်စပ်ကို ဖြတ်ကျော်တင်ပို့ခဲ့ကြပြီးဖြစ်သည်။

ပြည်နယ်အတွင်းနေထိုင်ကြသော လူဦးရေ၏အများစုသည် တိုင်းရင်းသားလူမျိုးစုကချင် (ဂျိမ်းဖောဟု ခေါ်တွင်သော တိုင်းရင်းသားလူမျိုးစုနှင့်ဘာသာစကား) များဖြစ်ကြပြီး၊ တောင်ကြားဒေသများတွင် အများဆုံးနေထိုင်ကြသည့်ရှမ်းလူမျိုးအမြောက်အများလည်းရှိကြသည်။ ကချင်ပြည်နယ်အရှေ့ပိုင်း နယ်စပ်တစ်လျှောက်နှင့်မြို့များတွင် လူဦးရေအထိုက်အလျောက်များပြားသည့် တရုတ်လူမျိုးစုများလည်းနေထိုင်လျက်ရှိကြသည်။ အနီးရှိအိန္ဒိယနိုင်ငံအာရုဏာချယ်ပရာဒက်ရှ် (စင်းဖောဟုရည်ညွှန်းကြသည်)နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် (ကျင်းဖိုဟုခေါ်ကြသည်) ဒေသများတွင်နေထိုင်ကြသော လူမျိုးစုကချင်လူထုရပ်ရွာများ လည်းရှိကြသည်။

အစဉ်အလာအားဖြင့် ကချင်ပြည်နယ်တွင်ဘိန်းကို ကချင်ပြည်နယ်အရှေ့ပိုင်းဆဒ်ုးဒေသနှင့် ဟူးကောင်းချိုင့်ဝှမ်း တနိုင်းဒေသများရှိတောင်သူများမှစိုက်ပျိုးကြသည်။[၁၉၉] ၎င်းတောင်သူများတွင် ၎င်းတို့ထံသို့ ဘိန်းမည်သို့မည်ပုံစတင်ရောက်ရှိလာသည့် ဒဏ္ဍာရီယုံကြည်ယူဆချက်များကိုယ်စီရှိကြသည်။ သို့သော် နှစ်စဉ်ဘိန်းစိုက်ပျိုးမှုနှုန်းထားများသည် နိုင်ငံ၏အဓိကဘိန်းစိုက်ဧရိယာဖြစ်သောရှမ်းပြည်နယ်နှင့်နှိုင်းယှဉ်လျှင်အတော်ပင်နိမ့်ကျလျက်ရှိနေသေးသည်။ မြစ်ကြီးနားမြို့နှင့်တရုတ်နိုင်ငံ နယ်စပ်အကြား ဆဒ်ုးဒေသရှိဘိန်းအချို့အား တရုတ်နိုင်ငံမှရွှေ့ပြောင်းအလုပ်သမားများမှစိုက်ပျိုးကြသည်။ ဆင်းရဲကြသည့်ဒေသခံရပ်ရွာများမှဝင်ငွေရသီးနှံအဖြစ်စိုက်ပျိုးကြသည့်အပြင်၊ ဘိန်းကိုဆေးကုသရေးနှင့် မိရိုးဖလာထုံးတမ်းအစဉ်အလာကိစ္စရပ်များအတွက်လည်းအသုံးပြုကြသည်။

ဆဒ်ုးဒေသ၌ ဗဟိုအစိုးရ၊ ကေအိုင်အိုနှင့်အင်န်ဒီအေ-ကေတို့အကြား နယ်မြေဒေသပိုင်းခြားသတ်မှတ်မှုသည် ရှင်းရှင်းလင်းလင်းမရှိပေ။ ယခင်က အဖွဲ့အစည်းတစ်ခုခု (အများအားဖြင့်ကေအိုင်အို) မှဘိန်းအမြစ်ပြတ်ချေမှုန်းရေးစစ်ဆင်ရေးစီမံချက်တစ်ခုခုဆောင်ရွက်သည့်အခါတွင် အကျိုးဆက်အနေဖြင့်ရပ်ရွာဒေသခံများနှင့်ပဋိပက္ခဖြစ်ကြရသည်။ မကြာသေးမီ နှစ်များအတွင်း ဘိန်းဈေးနှုန်းမြင့်တက်လာသည့်အကျိုးဆက်တစ်စိတ်တစ်ပိုင်းကြောင့် ဆဒ်ုးနှင့်တနိုင်းဒေသများတွင်ဘိန်းစိုက်ပျိုးမှုတိုးတက်လာခဲ့သည်။ ယူအင်န်အိုဒီစီ၏အဆိုအရ ကချင်ပြည်နယ်အတွင်းဘိန်းစိုက်ပျိုးမှုသည် ၂၀၀၈ ခုနှစ်၌ ၁,၅၀၀ ဟက်တာ ရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၃,၈၀၀ ဟက်တာအထိတိုးတက်သွားခဲ့ပြီး၊ တစ်နိုင်ငံလုံးစိုက်ပျိုးမှု၏ ၉ ရာခိုင်နှုန်းကိုကိုယ်စားပြုလာခဲ့သည်။[၂၀၀]

## အိမ်နီးချင်းနိုင်ငံများ၏အခန်းကဏ္ဍ

ကေအိုင်အိုနှင့်ဗဟိုအစိုးရတို့အကြား အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်းတွင် တရုတ်ကုမ္ပဏီများသည် နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှု၊ သဘာဝသယံဇာတအရင်းအမြစ်များထုတ်ယူမှု၊ အထူးသဖြင့်ပမာဏကြီးမားသော သတ္တုတူးဖော်ရေး၊ သစ်ထုတ်လုပ်ရေးနှင့်ရေအားလျှပ်စစ်ဆည်များတည်ဆောက်ရေးကဏ္ဍများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လာသည်။ မြန်မာနိုင်ငံနှင့်ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံရေးတို့အား ပံ့ပိုးပေးနိုင်ရန်အတွက် တရုတ်အာဏာပိုင်များသည် ကုန်းတွင်းပိတ်ယူနန်ပြည်နယ်၏အခြေခံအဆောက်အအုံများကိုတိုးတက်မြှင့်တင်ရေးတွင် ကြီးမားစွာရင်းနှီးမြှုပ်နှံခဲ့ကြပြီး၊ ပြည်နယ်မြို့တော်ကူမင်းမြို့အပြင် တိန်ချုံးမြို့ကဲ့သို့သော နယ်စပ်ပြည်နယ်စီရင်စုများမှလည်း မြန်မာနိုင်ငံနယ်စပ်သို့ ဦးတည်ဆက်သွယ်သည့်အဝေးပြေးလမ်းမသစ်ကြီးများကိုဖောက်လုပ်ခဲ့ကြသည်။

တရုတ်အာဏာပိုင်များသည် မြန်မာနိုင်ငံအား ယင်းတို့၏လူသုံးကုန်ပစ္စည်းများအတွက် ဈေးကွက်နှင့်အိန္ဒိယ နိုင်ငံသို့ဝင်ထွက်သွားလာရာတံခါးပေါက်အဖြစ် အသုံးပြုနိုင်မည့်နည်းလမ်းကိုရှာဖွေခဲ့ကြသည်။ ၂၀၀၇ ခု နှစ်တွင် ယူနန်ပြည် နယ်တိန်ချုံးမြို့မှအစပြုပြီး၊ ကန်ပိုက်တီး (အင်န်ဒီအေ-ကေနယ်ခြားစောင့်တပ်ရင်း၄၁နချုပ်ရုံး) အားကျော်ဖြတ်၍ မြစ်ကြီးနားမြို့အထိဖောက်လုပ်ထားသောလမ်းကို တရားဝင်ဖွင့်လှစ်ခဲ့သည်။ တိန်ချုံးအာဏာပိုင်တို့၏အဆိုအရ မြန်မာအစိုးရဘက်မှ "မြေယာသိမ်းယူခြင်း၊ လူထုအားပြန်လည်ရွှေ့ပြောင်းနေရာချထားခြင်းတို့အတွက်တာဝန်" ယူခဲ့ပြီးတရုတ်ယွမ် ၁၉၂ သန်း ယူရို ၂၃ သန်းခန့် ကုန်ကျသည့်လမ်းအားဖောက်လုပ်ရန် တိန်ချုံးအစိုးရမှငွေကြေးအပြည့်အဝစိုက်ထုတ်ကျခံပေးခဲ့သည်။[၂၀၁] အဆိုပါလမ်းအားဖောက်လုပ်ရန်အတွက် တရုတ်တို့၏စိတ်အားထက်သန်မှုကို မြန်မာအစိုးရနှင့်ညှိနှိုင်းနိုင်ရန်အတွက်သံတမန်ခရီးစဉ်ပေါင်း ၄၀ ကျော်စေလွှတ်ခဲ့သည်ဆိုသည့်အချက်က သက်သေပြလျက်ရှိနေသည်။ အဆိုပါစီမံ

ကိန်း၏ အဆုံးစွန်ရည်မှန်းချက်သည်ကား "ယူနန်ပြည်နယ်အား တောင်အာရှနိုင်ငံများဆီသို့တံခါးဖွင့်ပေးရန်"ပင်ဖြစ်သည်။[၂၀၂]

အိန္ဒိယနယ်စပ်တစ်လျှောက်ရှိ နယ်မြေဒေသများဆီသို့သွားလာရလွယ်ကူခြင်းမရှိဘဲ၊ ယင်းအကျိုးဆက် အဖြစ်အစိုးရထံမှ ဖွံ့ဖြိုးတိုးတက်မှုအနည်းငယ်သာရရှိသည်။ ဒုတိယကမ္ဘာစစ်အတွင်း မြစ်ကြီးနားမှအနောက်မြောက်ဘက် အိန္ဒိယသို့ သွယ်တန်းဖောက်လုပ်ထားသောလီဒိုလမ်းမကြီး (သို့မဟုတ်စတီးဝဲလ်လမ်း) သည်ပြုပြင်ရန်လိုအပ်နေပြီး၊ များပြားသော မော်တော်ယာဉ်များသွားလာနိုင်ရန် အထောက်အကူပေးနိုင်ခြင်းမရှိချေ။ အိန္ဒိအရှေ့မြောက်ပိုင်းသည်ပင်လျှင် အရောက် အပေါက်နည်းကာ တောတောင်ထူထပ်သည့်ဒေသဖြစ်ပြီး ကာလရှည်ကြာနေသည့် လူမျိုးစုလက်နက်ကိုင်ပုန်ကန်ထကြွမှု များလည်းရှိနေသည်။ တရုတ်နယ်စပ်နှင့်မတူဘဲ၊ အိန္ဒိယကုမ္ပဏီအနည်းငယ်သာလျှင် နယ်စပ်ဖြတ်ကျော်ကာ စီးပွားရေး လုပ်ငန်းများဆောင်ရွက်ကြသည်။ တမူးရှိ နှစ်နိုင်ငံနယ်စပ်ဖြတ်အဓိကလမ်းကြောင်းသည် မြန်မာနိုင်ငံရှိစစ်ကိုင်းတိုင်း ဒေသကြီးနှင့်အိန္ဒိယနိုင်ငံအရှေ့မြောက်ဘက်ရှိ မဏိပူပြည်နယ်အားဆက်သွယ်ပေးထားသည်။ နှစ်ဘက်လုံးရှိ အခြေခံအ ဆောက်အအုံများသည် အလွန်အမင်းချို့တဲ့နေပြီး၊ တရုတ်-မြန်မာနယ်စပ်လမ်းပန်းဆက်သွယ်မှုအခြေအနေနှင့် နှိုင်းယှဉ်ကြည့်လျှင်အလွန်ပင်အားနည်းနေပေသည်။[၂၀၃]

အစောပိုင်းတွင် အိန္ဒိယသည်မြန်မာနိုင်ငံဒီမိုကရေစီရေးလှုပ်ရှားမှုကို ထောက်ခံအားပေးခဲ့သော်လည်း နောက်ပိုင်းတွင်မူ တရုတ်၊ အာဆီယံနိုင်ငံများနှင့်နိုင်ငံရေးနှင့်၊ အထူးသဖြင့် စီးပွားရေးဆိုင်ရာမဟာဗျူဟာဆက်ဆံမှုများတိုးမြှင့် ကောင်းမွန် လာစေရေးအားဦးတည်သည့် 'အရှေ့မျှော်' မူဝါဒအားကျင့်သုံးခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် အိန္ဒိယနှင့်မြန်မာတပ်မ တော် တို့သည် အိန္ဒိယမြန်မာနယ်စပ်ဒေသရှိ နှစ်နိုင်ငံလုံး၏ လက်နက်ကိုင်လူမျိုးစုဆန့်ကျင်ရေးအတိုက်အခံအဖွဲ့များအား ချေမှုန်းရန်ပူးတွဲစစ်ဆင်ရေးများကိုဆောင်ရွက်ခဲ့ကြသည်။ တရုတ်နိုင်ငံကဲ့သို့ပင် အိန္ဒိယနိုင်ငံသည်လည်း မြန်မာနိုင်ငံအ တွင်းအခြေခံအဆောက်အအုံစီမံကိန်းကြီးများတွင်ပါဝင်ပတ်သက်လျက်ရှိသည်။ ကပ္ပလီပင်လယ်အတွင်း ရခိုင်ပြည်နယ် စစ်တွေရှိရေနက်ဆိပ်ကမ်းအား တည်ဆောက်လျက်ရှိပြီး၊ ဆက်လက်၍ ယင်းဆိပ်ကမ်းနှင့်အိန္ဒိယအရှေ့မြောက်ဘက်သို့ ဆက်သွယ်မည့်ကားလမ်းများနှင့်အခြားသောအခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ကို တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။[၂၀၄]

## ပဋိပက္ခတွင်ပါဝင်သူဇာတ်ကောင်များ

ကချင်ပြည်နယ်အတွင်း ပြည်နယ်မြို့တော်မြစ်ကြီးနားအပါအဝင် အဓိကကျသောမြို့များအားလုံးနှင့်လမ်း မကြီးများအား အစိုးရမှထိန်းချုပ်ထားသည်။ သို့သော် တရုတ်နိုင်ငံနှင့်ကပ်လျက်ရှိသော နယ်စပ်ဒေသများအားလုံးလိုလိုသည် ကေအိုင် အိုနှင့်အင်န်ဒီအေ-ကေနယ်ခြားစောင့်တပ်ရင်းသုံးရင်း၏ထိန်းချုပ်မှုအောက်တွင်ရှိသည်။ အပစ်အခတ်ရပ်စဲချိန်မှစတင်၍ မြန်မာတပ်မတော်တပ်ရင်းများ၏အရေအတွက် သိသိသာသာပင်တိုးတက်လာခဲ့သည်။[၂၀၅] ကချင်ပြည်နယ်နှင့်တကွ အနီးရှိ အိန္ဒိယနိုင်ငံနယ်စပ်တစ်လျှောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင်ဖြစ်သော မြောက်ပိုင်းတိုင်း၏စစ်ဌာနချုပ် သည် မြစ်ကြီးနားတွင်တည်ရှိသည်။

ကချင်ပြည်နယ်အတွင်း အဓိကလက်နက်ကိုင်ဆန့်ကျင်သည့်အုပ်စုမှာ ကချင်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) ဖြစ်သည်။ ၁၉၆၁ ခုနှစ်၌ ဖွဲ့စည်းခဲ့သောကေအိုင်အိုသည် အတော်အတန်ကျယ်ပြန့်သော နယ်မြေဧရိယာကိုထိန်းချုပ်ထားပြီး

၎င်းတို့ထိန်းချုပ်ထားရာဒေသများဆီသို့ ဦးတည်လာသောလမ်းများအားလုံးတွင် လုံခြုံရေးဂိတ်များထားရှိခြင်းဖြင့်ထိန်းချုပ်နယ်မြေသတ်မှတ်ထားသည်။ ကေအိုင်အိုထိန်းချုပ်ထားရာနယ်မြေများတွင် လူသူအရောက်အပေါက်နည်းပါးသည့်နယ်မြေနေရာ၊ ကျေးလက်ဒေသအများစုလည်းပါဝင်သည်။ တရုတ်နယ်စပ်တစ်လျှောက် ရှည်လျားသည့်နယ်မြေများကိုလည်းထိန်းချုပ်ထားသည်။ ကချင်ပြည်နယ်နှင့်ကပ်လျက် ရှမ်းပြည်မြောက်ပိုင်းအတွင်း၌လည်း ယင်းတို့၏လက်နက်ကိုင်အဖွဲ့များရှိသည်။ ၎င်း၏ဌာနချုပ်ရှိရာ လိုင်ဇာသည် တရုတ်နိုင်ငံနှင့်ကပ်လျက်ရှိသည့် တရားဝင်နယ်စပ်စခန်းဖြစ်ပြီး၊ အရေးပါသောကုန်သွယ်ရေးတံခါးပေါက်လည်းဖြစ်သည်။

ကေအိုင်အိုသည် ဒီမိုကရေစီမူများအပေါ်တွင်အခြေခံသည့် ဖက်ဒရယ်ပြည်နယ်ရရှိရေးတိုက်တွန်းမှုဖြင့် နိုင်ငံတစ်ဝှမ်းလုံး၌ နိုင်ငံရေးအပြောင်းအလဲရရှိစေရန်ကြိုးပမ်းခဲ့သည်။ အားလုံးသောလူနည်းစုတိုင်းရင်းသားလူမျိုးစုများအတွက်နှင့် ၎င်း၏အကျိုးစီပွားများအတွက် အပေါင်းလက္ခဏာကိုဆောင်သော အပြောင်းအလဲကို ကချင်ပြည်နယ်နှင့်၎င်းတို့ထိန်းချုပ်ထားသောနယ်မြေများကိုကျော်လွန်ရောက်ရှိနိုင်ရန် အားကုန်ကြိုးပမ်းလျက်ရှိသည်။ ကေအိုင်အိုအနေဖြင့် မိမိ၏ရည်မှန်းချက်ရောက်ရှိစေရန်ဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာအဆင့်၊ အမျိုးသားညီလာခံ၊ ရန်ကုန်၊ နေပြည်တော်နှင့်ကချင်ပြည်နယ်အတွင်း အစိုးရတာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးပွဲများ၊ အခြားသောလူနည်းစုတိုင်းရင်းသားကိုယ်စားလှယ်များမှတစ်ဆင့်လည်း တိုက်တွန်းမှုများ၊ဆွေးနွေးမှုများလုပ်ဆောင်၍ကြိုးပမ်းခဲ့သည်။

ကေအိုင်အိုထက်အင်အားသေးငယ်သော ကချင်လက်နက်ကိုင်တပ်ဖွဲ့မှာ ကေအိုင်အိုမှခွဲထွက်သွားခဲ့သည့် အင်န်ဒီအေ-ကေဖြစ်သည်။ အပစ်ရပ်အဖွဲ့အားလုံးတိုင်းသည် နိုင်ငံရေးအပြောင်းအလဲအတွက် တက်ကြွစွာထောက်ခံအားပေးမှုရှိကြသည်မဟုတ်ပေ။ အင်န်ဒီအေ-ကေကဲ့သို့သော အချို့အဖွဲ့များသည် အပစ်အ ခတ်ရပ်စဲရေးအား ဘဝရပ်တည်ရေးတစ်ခုအဖြစ်ဟုသာရှုမြင်သဘောထားပြီး၊ သစ်ထုတ်လုပ်ခြင်း၊ သတ္တုတူးခြင်းနှင့်မှောင်ခိုကုန်သွယ်ရေးကဲ့သို့ အကျိုးအမြတ်ရှိသောစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေနိုင်စေရေးအတွက် မိမိတို့နယ်မြေများကို ထိန်းချုပ်ထားနိုင်သည့် ရှိရင်းစွဲအခြေအနေမျိုးကိုသာရောင့်ရဲတင်းတိမ်လျက်နေခဲ့ကြသည်။[၂၀၆] အစိုးရ၏ဖိအားပေးမှုနောက်ပိုင်းတွင် အင်န်ဒီအေ-ကေသည် နယ်ခြားစောင့်တပ်ရင်းသုံးရင်းအသွင်အဖြစ်သို့ ၂၀၀၉ ခုနှစ်တွင် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး၊ တရုတ်နိုင်ငံနယ်စပ်တစ်လျှောက်ရှိ ယခင်အင်န်ဒီအေ-ကေစခန်းများ၌ပင် ဆက်လက်အခြေစိုက်ခဲ့သည်။ ထို့အပြင် အပစ်အခတ်ရပ်စဲသည့် အဖွဲ့အချို့ သို့မဟုတ် ယင်းတို့မှခွဲထွက်သွားသောအဖွဲ့ခွဲများသည် ပြည်သူ့စစ်အဖွဲ့ပုံသဏ္ဌာန်သို့ပြောင်းလဲသွားခဲ့ကြသည်။ ၎င်းတို့အထဲတွင် ရဝမ်ပြည်သူ့စစ်အဖွဲ့ (ယခင်ပုန်ကန်မှုဆန့်ကျင်ရေးပြည်သူ့စစ်အဖွဲ့) နှင့်လဆန်အောင်ဝါငြိမ်းချမ်းရေးအဖွဲ့တို့ပါဝင်သည်။

ပဋိပက္ခတွင်ပါဝင်သူများအားလုံးအနေဖြင့် ဒေသခံသြဇာရှိသူများနှင့်တရုတ်စီးပွားရေးသမားများအား စီးပွားရေးလုပ်ငန်းလုပ်ပိုင်ခွင့်များကိုချထားပေးသည်။ တစ်ခါတစ်ရံတွင် ကုမ္ပဏီများမှလည်း ပဋိပက္ခတွင်ပါဝင်သူတစ်ဦးထက်မကအားအခကြေးငွေပေးကြရသည်များလည်းရှိသည်။ ဥပမာအားဖြင့် တရုတ်ကုမ္ပဏီအချို့သည် သစ်ထုတ်လုပ်ရေးလုပ်ငန်းအတွက် မြန်မာ့တပ်မတော်မြောက်ပိုင်းတိုင်း၊ တိုင်းမှူးအားအခကြေးငွေပေးကြရသည်။ သို့သော်ခုတ်လှဲသည့် သစ်လုံးများအားတရုတ်နိုင်ငံသို့သယ်ဆောင်နိုင်ရန်အတွက် ကေအိုင်အိုထိန်းချုပ်နယ်မြေအားဖြတ်သန်းရမည်ဖြစ်သဖြင့် ၎င်းတို့အားလည်းအခကြေးငွေပေးကြရပြန်သည်။ အဆိုပါပဋိပက္ခတွင်ပါဝင်သူများအားလုံးသည် တရုတ်ကုမ္ပဏီများအားရာဘာနှင့်အခြားစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းလုပ်ပိုင်ခွင့်များချထားပေးသည်။

၂၀၁၁ ခုနှစ်၊ ဇွန်လတွင် မဟာဗျူဟာအချက်အချာကျသော ရေအားလျှပ်စစ်ထုတ်လုပ်သည့်ဆည်တည်ရှိရာနေရာအနီးရှိ ကေအိုင်အိုတပ်စခန်းနှစ်ခုအား အစိုးရတပ်များမှတိုက်ခိုက်ရာမှစတင်ကာ ကချင်ပြည်နယ်အတွင်း တိုက်ပွဲများဖြစ်ပွားခဲ့ရသည်။[၂၀၇] တိုက်ပွဲများပြင်းထန်လာခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စုစုပေါင်းအရပ်သား ၆၀,၀၀၀ ခန့်နေရပ်ကိုစွန့်ခွာထွက်ပြေးခဲ့ကြရပြီး ၎င်းတို့အထဲမှ ၂၀,၀၀၀ ကျော်သည် တရုတ်နယ်စပ်တစ်လျှောက် ကေအိုင်အိုထိန်းချုပ်ရာနယ်မြေအတွင်း ခိုလှုံရာနေရာရှာဖွေခဲ့ကြသည်။ တိုက်ပွဲများသည် မြစ်ကြီးနား-ဗန်းမော်လမ်းတစ်လျှောက် အသွားအလာများနှင့်ကေအိုင်အိုလိုင်ဇာဂိတ်မှ တစ်ဆင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများအား လုံးဝရပ်တန့်သွားစေခဲ့သည်။ ဇွန်လမှစတင်၍ တွေ့ဆုံဆွေးနွေးပွဲများ၌ ကေအိုင်အိုသို့အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သစ်အား ဗဟိုအစိုးရမှ ကမ်းလှမ်းလာခဲ့သည်။

အပစ်အခတ်ရပ်စဲရေး ၁၇ နှစ်တာကာလအပြီး နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးရန်ကတိပြုချက်ရရှိခဲ့သည် ဟုကေအိုင်အိုမှဆိုသည်။ သို့သော်၎င်းကတိပြုချက်သည်လည်း အမှန်တကယ်အကောင်အထည်ပေါ်မလာခဲ့ချေ။ ၎င်းကတိပြုချက်အစားကေအိုင်အိုအားနယ်ခြားစောင့်တပ်ဖွဲ့သို့ အသွင်ပြောင်းလဲဖွဲ့စည်းရန် (တိုက်ပွဲဖြစ်ပြီးနောက်တွင် ရုပ်သိမ်းသွားခဲ့သည့်တောင်းဆိုမှု) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှတောင်းဆိုခဲ့ပြီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ၌ကေအိုင်အိုကျောထောက်နောက်ခံပြုထားသော ကချင်ပြည်နယ်တိုးတက်ရေးပါတီ (ကေအက်စ်ပီပီ) အားနိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ခြင်းမရှိစေရေးအလို့ငှာ ယင်းပါတီ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မှတ်ပုံတင်ခြင်းအားငြင်းပယ်ခဲ့သည်။ အစိုးရကိုယ်စားလှယ်အသီးသီး (ဒေသဆိုင်ရာအဆင့် 'ကချင်ပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ'နှင့် နိုင်ငံတော်အဆင့်'ပြည်ထောင်စုငြိမ်းချမ်းရေးအဖွဲ့') နှင့်ကေအိုင်အိုအဖွဲ့များအကြားတွေ့ဆုံပွဲများ၊ နှစ်ဦးနှစ်ဖက်အပြန်အလှန်ပေးပို့ကြသောစာများသည်လည်း သဘောတူညီချက်အသစ် ရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိပေ။ ထို့ကြောင့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလုံးဝမပါဝင်ပါက အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အသစ်အား လက်မှတ်ထိုးမည်မဟုတ်ဟုကေအိုင်အိုကဆိုသည်။[၂၀၈]

ဒီဇင်ဘာလ၊ ၁၂ ရက်နေ့၌၊ နေပြည်တော်ရှိနိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ၏ပြောကြားချက်အား သတင်းအစီရင်ခံစာများမှ ကိုးကားပြီးဖော်ပြရာတွင် "ခုခံတိုက်ခိုက်ခြင်းမှလွဲ၍၊ ကချင်ပြည်နယ်အတွင်း ကေအိုင်အိုအား တိုက်ခိုက်ခြင်းမပြုရန် သမ္မတမှတပ်မတော်အားစနေနေ့၌ညွှန်ကြားလိုက်သည်။ သမ္မတ၏ညွှန်ကြားချက်ကို တပ်မတော် စစ်တိုင်းအားလုံးထံသို့ပေးပို့ခဲ့ပြီးဖြစ်သည်"ဟုကိုးကားဖော်ပြထားသည်။[၂၀၉] တပ်မတော်ဘက်မှထိုးစစ်များအားလုံးအား ရပ်ဆိုင်းထားရန်သမ္မတဦးသိန်းစိန်၏ညွှန်ကြားချက်သည် မကြုံစဖူးထူးကဲလှပြီး ငြိမ်းချမ်းရေးနှင့်ရင်ကြားစေ့ရေးဆီသို့ ဦးတည်လှမ်းသည့်ခြေလှမ်းလည်းဖြစ်သည်။ သို့သော် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင်မူ တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိနေပြီး အစိုးရတာဝန်ရှိသူများ၏အဆိုအရ ဤအမိန့်သည်အောက်ခြေတွင် အကောင်အထည်ဖော်ရန်ခက်ခဲသောကြောင့်ဖြစ်သည်။[၂၁၀] ဤအချက်သည် သမ္မတဦးသိန်းစိန်အနေဖြင့် အစိုးရအဖွဲ့သစ်အတွင်း ၎င်း၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား မနှစ်မြို့ကြသည့်တပ်မတော်နှင့်/သို့မဟုတ် သဘောထားတင်းမာသူ အချို့အားထိန်းချုပ်နိုင်စွမ်းမရှိသည့် အရိပ်လက္ခဏာဟုတ်မဟုတ်ဆိုသည်ကိုမူကွဲပြားစွာမသိရပေ။ ၎င်းတပ်မတော်နှင့်သဘောထားတင်းမာသူများအနေဖြင့်လည်း လူနည်းစုတိုင်းရင်းသားအဖွဲ့များအား နိုင်ငံရေးအခွင့်အရေးများပေးရန်ကိုလည်း ငြင်းဆန်ကောင်းငြင်းဆန်ကြမည်ဖြစ်သည်။

ကချင်ပြည်နယ်အတွင်းတိုက်ပွဲများပြန်လည်ဖြစ်ပွားလာခြင်းသည် တရုတ်နိုင်ငံ၏စိုက်ပျိုးရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများအပေါ် မည်သို့အဓိပါယ်သက်ရောက်လာဖွယ်ရှိသည်မှာမူမသေချာသေးပေ။ ၂၀၀၉ ခုနှစ်၊ ကိုးကန့်ဒေသတွင် မငြိမ်သက်မှု

များဖြစ်ပွားစဉ်ကာလအတွင်း၌ တရုတ်လူမျိုးများပိုင်ဆိုင်သောပစ္စည်းများအားခိုးယူခံရခြင်း၊ ဖျက်ဆီးခံရခြင်းများနှင့်အတူ အချို့သောတရုတ်နိုင်ငံသားများသည်လည်းသတ်ဖြတ်ခြင်းကိုခံခဲ့ကြရသည်။ ဤအဖြစ်အပျက်အပေါ် တရုတ်အစိုးရအနေဖြင့် စိတ်မသက်မသာဖြစ်ခဲ့ရပြီး မြန်မာအစိုးရအား တရုတ်နိုင်ငံသားများနှင့်ယင်းတို့၏ပိုင်ဆိုင်မှုများအား ကာကွယ်ပေးရန်နှင့် နယ်စပ်ဒေသများအတွင်းတိုက်ခိုက်မှုများတားဆီးပေးရန်တောင်းဆိုခဲ့သည်။[၂၁၁]

## ၂၀၀၉ခုနှစ်၊ ကချင်ပြည်နယ်ရှိ ဘိန်းအစားထိုးစီမံကိန်းများမှ တရုတ်သွင်းကုန်ခွဲတမ်းဆိုင်ရာ လူထုသို့ အသိပေးကြေငြာချက်[၂၁၂]

ယူနန်ပြည်နယ်အစားထိုးစီမံခန့်ခွဲမှုရုံး၏ 'စိုက်ပျိုးရေးထွက်ကုန်များပြန်လည်ဝယ်ယူရေးနှင့်ယူနန်ပြည်နယ် ပြင်ပသို့စီမံပြုပြင်ပြီးထွက်ကုန်များ နိုင်ငံတွင်းတင်ပို့ရေးနှင့်သက်ဆိုင်သော ယူနန်ပြည်နယ်ဘိန်းအစားထိုးစိုက်ပျိုးရေး'ကြေငြာချက် (အမှတ် ၁၃၊ ၂၀၀၈ ခုနှစ်) အရ လျှောက်ထားသူသည် စိုက်ပျိုးရေးထုတ်ကုန်များအား တရုတ်နိုင်ငံသို့ပြန်လည် ရောင်းချနိုင်ရမည်။ ကုမ္ပဏီများနှင့်ချုပ်ဆိုထားသောစာချုပ်များအနက် အချို့ကိုအောက်ပါအတိုင်းရွေးချယ်ဖော်ပြထားသည်။

ယူနန်ယွမ်ယွမ်ကုန်သွယ်မှုကုမ္ပဏီလီမိတက်သည် ကျူးဖဟောက်၊ ဖုန်းနံပါတ်(ဖုန်းနံပါတ်အား တီအင်န်အိုင်မှချန်လှပ်ထားခဲ့သည်) ၏တရားဝင်ကိုယ်စားလှယ်ဖြစ်ပြီး မတည်ငွေရင်းယွမ်ငွေ ၃ သန်းဖြင့် ၂၀၀၆ ခုနှစ်၊ မတ်လတွင် မှတ်ပုံတင်တည်ထောင်ခဲ့သည်။ အဆိုပါကုမ္ပဏီသည် မြန်မာနိုင်ငံကချင်ပြည်နယ်အထူးဒေသ ၂ (အင်န်ဒီအေ-ကေ) စိုက်ပျိုးရေးဌာနနှင့် ရာဘာ ၄၀,၀၀၀ မု (၂,၆၆၇ ဟက်တာ)၊ လဘက် ၁၀,၀၀၀ မု (၆၆၇ ဟက်တာ) စိုက်ပျိုးရန်အတွက် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ရာဘာ ၃,၀၀၀ မု (၂၀၀ ဟက်တာ) နှင့်ပြောင်း ၆၀၀ မု (၄၀ ဟက်တာ) စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ ပြည်တွင်းသွင်းကုန်ခွဲတမ်းမှာရာဘာတန်ချိန် ၁,၀၀၀ နှင့်ပြောင်း ၅၀ တန်ဖြစ်သည်။

ယူနန်ဂျူကျောက်ဂျင်ခရင်းနီးမြှပ်နှံမှုကုမ္ပဏီလီမိတက်သည် လျံတင်းကျင်း၊ ဖုန်းနံပါတ်(ဖုန်းနံပါတ်အား တီအင်န်အိုင်မှချန်လှပ်ထားခဲ့သည်) ၏တရားဝင်ကိုယ်စားလှယ်ဖြစ်ပြီး၊ မတည်ငွေရင်းယွမ် ၁၀ သန်း (အမေ ရိကန်ဒေါ်လာ ၁.၅ သန်း) ဖြင့် ၂၀၀၅ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်တည်ထောင်ခဲ့သည်။ အဆိုပါ ကုမ္ပဏီသည် ၂၀၀၆ ခုနှစ်တွင် သဘာဝရာဘာ ၂၂,၀၀၀ မု (၁,၄၆၇ ဟက်တာ) စိုက်ပျိုးရန် စုစုပေါင်း ရင်း နှီးမြှပ်နှံမှုယွမ် ၄၄ သန်းနီးပါး (အမေရိကန်ဒေါ်လာ ၇ သန်း) ဖြင့် မြန်မာနိုင်ငံကချင်ပြည်နယ်ရှိ ကေအိုင်အိုအစိုးရနှင့်လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် သဘာဝရာဘာ ၃,၈၀၀ မု (၂၅၃ ဟက်တာ) စိုက်ပျိုးခဲ့ပြီး၊ ၂၀၀၉ ခုနှစ်တွင် ရာဘာမျိုးစိတ်သစ်များအား ၁၀,၀၀၀ မု (၆၆၇ ဟက်တာ) တွင်စိုက်ပျိုး နိုင်ရန်စီစဉ်ခဲ့သည်။ ပြည်တွင်းသွင်းကုန်ခွဲတမ်းမှာ ရာဘာတန်ချိန် ၁,၀၀၀ ဖြစ်သည်။

## စိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်များ

၂၀၀၀ ခုနှစ်များအလယ်ပိုင်းမှစတင်၍ ကချင်ပြည်နယ်သည် စိုက်ပျိုးရေးသီးနှံများအတွက် ကောင်းမွန်သောရာသီဥတုနှင့်ဈေးသက်သာပြီး သို့မဟုတ် အခမဲ့နီးပါးရနိုင်သော ကျယ်ပြောလှသည့်မြေယာများကို ရှာဖွေနေကြသည့် စိုက်ပျိုးစီးပွားသမားများ၏အခြေချရာနေရာဖြစ်လာခဲ့သည်။ အစိုးရအနေဖြင့်လည်း ကချင်ပြည်နယ်အတွင်း စိုက်ပျိုး၍ရနိုင်သောမြေအမျိုးအစားအဖြစ်သတ်မှတ်နိုင်သော မြေရိုင်းဟက်တာ ၁ သန်းကျော်ရှိသည်ဟုမှတ်တမ်းပြုစု၍ မြေယာတန်ဖိုးအားအသိအမှတ်ပြုလာသည်။ ဆိုင်ကလုံးနာဂစ်မုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားပြီးမကြာမီမှာပင် အစိုးရသည်ကျယ်

ပြန့်လှသောတောင်ကြားများနှင့် လူနေသိပ်သည်းမှုနည်းပါးသည့် ကချင်ပြည်နယ်အားနိုင်ငံ၏စတုတ္ထမြောက်အများဆုံး ဆန်စပါးထုတ်လုပ်သည့် ပြည်နယ်ဖြစ်လာစေရန်အတွက်ဆောင်ရွက်မည့် ၎င်း၏လုပ်ငန်းအစီအစဉ်များကို ကြေငြာခဲ့ သည်။

တပ်မတော်အနေဖြင့် ကချင်ပြည်နယ်အတွင်းနယ်မြေအများစုအား တင်းကျပ်စွာထိန်းချုပ်ထားခဲ့သဖြင့် အစိုးရဌာနအ ဖွဲ့အစည်းများသည်လည်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တွဲဖက်၍ မြန်မာ့စီးပွားရေးထိပ်တန်းပုဂ္ဂိုလ်များ၊ ဒေသ ခံတိုင်းရင်းသားစီးပွားရေးသမားများနှင့် တရုတ်ရင်းနှီးမြှုပ်နှံသူများအား ပမာဏကြီးမားသည့်စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်း လုပ်ပိုင်ခွင့်များကိုခွဲဝေချထားပေးနိုင်ခဲ့သည်။ ထို့အပြင်လူမျိုးစုနိုင်ငံရေးအဖွဲ့များသည် ဆက်လက်ရပ်တည်နိုင်စွမ်းမရှိကြ တော့ဘဲ၊ ဒီဖက်တိုပြည်သူ့စစ်အဖွဲ့များဖြစ်လာခြင်း သို့မဟုတ် နယ်ခြားစောင့်တပ်ဖွဲ့များ (ဥပမာ၊ အင်န်ဒီအေ-ကေ) အဖြစ်အသွင်ပြောင်းလဲဖွဲ့စည်းလာကြသည့်အလျောက် ပိုမိုလာသော ကချင်ပြည်နယ်တွင်းရှိနိုင်ငံရေးနှင့်သက်ဆိုင်သည့် အာဏာပိုင်များအား စိုက်ပျိုးရေးလုပ်ငန်းကဲ့သို့ အရင်းအမြစ်အသုံးချရေးလုပ်ငန်းများဖြင့် လာဘ်ထိုးနိုင်လာသည်။

ရာဘာလုပ်ငန်းသည် ၂၀၀၀ ခုနှစ်များအလယ်ပိုင်းကာလများမှစတင်၍ ကချင်ပြည်နယ်အတွင်း အထူးသဖြင့် ပြည်နယ်မြို့တော် မြစ်ကြီးနားမြို့ဝန်းကျင်၊ ယူနန်ပြည်နယ်နှင့်ကပ်လျက် အရှေ့ပိုင်းနယ်စပ်တစ်လျှောက်၊ မော်တော်ကား လမ်းဘေးနေရာအတော်များများနှင့် ဝဲယာတစ်ဖက်တစ်ချက်ရှိ တောင်စောင်းများ၌စတင်ဖြန့်ကျက်ကာ တဟုန်ထိုးလုပ် ကိုင်ဆောင်ရွက်လာကြသည်။ ဒေသခံသုတေသီများ၏အဆိုအရ ကျင်တိုင်းရာဘာခြံသည် ကချင်ပြည်နယ်အတွင်း ပထမ ဆုံးရာဘာစိုက်ခင်းများထဲတွင်အပါအဝင်ဖြစ်သည်။ ၁၉၉၀ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့ပြီးမြစ်ကြီးနားနှင့် ၁၀ မိုင်ခန့်အ ကွာ နောင်ကိုင်းကျေးရွာတွင် တည်ရှိသည့်မြေ ၈၀၀ ဟက်တာပါဝင်သည်။ ကချင်စီးပွားရေးသမားများပိုင် အခြားသော ရာဘာစိုက်ခင်းများသည်လည်း မြစ်ကြီးနားမြို့အပြင်ဘက်တောင်စောင်းများ၊ အထူးသဖြင့် လက်ရှိဆိုင်းငံ့ထားသော မြစ် ဆုံဆည်တည်ရှိရာ ဧရာဝတီမြစ်ဆုံဒေသအနီးအနားတွင် ဟိုတစ်ကွက်သည်တစ်ကွက်ပျံ့နှံ့လျက်ရှိနေသည်။ သို့သော် ကချင်ပြည်နယ်အတွင်းရာဘာစိုက်ပျိုးခြင်းများသည် တရုတ်နိုင်ငံဘိန်းအစားထိုးအစီအစဉ်၏အထောက်အပံ့ဖြင့် တရုတ် စီးပွားရေးသမားများရောက်ရှိလာချိန် ၂၀၀၆ ခုနှစ်မှသာစတင်၍ အမှန်တကယ်တဟုန်ထိုးတိုးတက်လာခဲ့သည်ဟု တီအင်န်အိုင်သုတေသနက ပြဆိုလျက်ရှိသည်။

ရာဘာတစ်မျိုးတည်းအနေဖြင့် မကြာမီကရရှိသော အစိုးရကိန်းဂဏန်းများအရ ၂၀၀၉-၁၀ ခုနှစ်တွင် ကချင်ပြည်နယ်အ တွင်း စိုက်ပျိုးပြီးရာဘာဟက်တာ ၁၇,၀၀၀ ကျော်ရှိပြီး၊ ၂၀၁၁ ခုနှစ်တွင် ဟက်တာ ၂၁,၀၀၀ ကျော်အထိရောက်ရှိမည် ဟုခန့်မှန်းထားသည်။ သို့သော် စိုက်ပျိုးထားသောရာဘာပင်အများစုမှာ သက်တမ်းနုနေသေးပြီး၊ အမှန်တကယ်ရာဘာစေး ထုတ်ယူနိုင်သော ရာဘာစိုက်ပျိုးမြေမှာ ၈၀၀ ဟက် တာခန့်သာရှိသည်။ မြစ်ကြီးနားရှိပြည်နယ်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ၂၀၁၀ ခုနှစ်တွင် ရာဘာလုပ်ငန်း ရည်မှန်းချက်ဟက်တာ ၄၀,၀၀၀ ကျော်အထိရောက်ရှိစိုက်ပျိုးနိုင်ရန်တွန်းအားပေး လျက်ရှိသည်။ (ဇယား ၅ ကိုကြည့်ပါ)။ ပြည်နယ်အာဏာပိုင်များ၏ အဆိုပါဇယားအရ ရာဘာ ၄၀,၀၀၀ ဟက်တာအား အောင်မြင်စွာလျာထားသတ်မှတ်ထားပေးခဲ့ပြီးဖြစ်သည်။ သို့သော် ယင်းကိန်းဂဏန်းပမာဏ အတိအကျအတိုင်း ဖြစ်ဟန် မတူဘဲ၊ အစိုးရထိပ်တန်းတာဝန်ရှိသူများအားနှစ်သိမ့်ရန်အတွက်သာ ရည်ရွယ်ပုံရောက်သည်။ သို့သော် အမှန်တကယ် စိုက်ပျိုးထားသောဟက်တာအနေဖြင့် ပြည်နယ်အစိုးရ၏ ၂၀၁၀ ခုနှစ်စာရင်းသည် ဗဟိုအစိုးရ၏ ၁၇,၀၀၀ ဟက်တာ စာရင်းနှင့်ကိုက်ညီနေပါသည်။

သို့သော် ရာဘာတစ်မျိုးတည်းကိုသာ စိုက်ပျိုးနေခြင်းမျိုးမဟုတ်ချေ။ ကချင်ပြည်နယ်အား စက်မှုကုန်ကြမ်း စိုက်ပျိုးသီးနှံအစုအလိုက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်များတစ်ခုချင်းစီပိုင်းခြားထားသည်။ မကြာမီကရရှိခဲ့သော အစိုးရ၏နိုင်ငံတွင်းရှိစိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာရင်းများအရ ကချင်ပြည်နယ်သည် မြေဟက်တာ ၁၆၀,၀၀၀ နီးပါးစိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်ချထားပေးခြင်းခံရသော ကုမ္ပဏီ ၁၁ ခုဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများထဲတွင် မြေဟက်တာဒုတိယအများဆုံးရှိသော ပြည်နယ်နေရာကိုယူလာခဲ့သည်။ (ယင်းတို့ထဲတွင် မြေနေရာထက်ဝက်သည် ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ယုဇနကုမ္ပဏီ၏လုပ်ငန်း ဖြစ်သည်။ အောက်တွင်ဖော်ပြထားသောလေ့လာချက်နှင့် ယခင်အခန်းမှ ဇယား ၂ အားကြည့်ပါ)။ သို့သော် မြန်မာအတိုင်ပင်ခံကုမ္ပဏီတစ်ခုဖြစ်သည့် စိုက်ပျိုးစီးပွားနှင့်ကျေးလက်ဖွံ့ဖြိုးရေးအတိုင်ပင်ခံအဖွဲ့ (အေအာရ်ဒီစီ) မှအစိုးရထုတ်ပြန်ထားသော နိုင်ငံတွင်းစိုက်ပျိုးစီးပွားလုပ်ငန်းလုပ်ပိုင်ခွင့် လျာထားခွဲဝေသတ်မှတ်မှုစာရင်းများအပေါ်အခြေခံ၍ အချက်အလက်များစုဆောင်းပြုစုခဲ့ရာတွင်အစိုးရမှထုတ်ပြန်ထား သည့်ကိန်းဂဏန်းများနှင့် ကွဲလွဲနေခဲ့သည်။ အောက်တွင်ဖော်ပြထားသည့်စာရင်းတွင်ပါရှိသော ကုမ္ပဏီများအား ကချင်ပြည်နယ်အတွင်း၌မြေများဟက်တာခွဲဝေလျာထားသတ်မှတ်ရာတွင် အေအာရ်ဒီစီမှစုဆောင်း တင်ပြခဲ့သောကိန်းဂဏန်းများသည် ပိုမိုများပြားလျက်ရှိသည်။ အေအာရ်ဒီစီ၏ကိန်းဂဏန်းများအရ မြေဟက်တာစုစုပေါင်း ၂၄၀,၀၀၀ ခန့်ချထားပေးခြင်းခံရသော ကုမ္ပဏီ ၁၄ ခုသည် ကချင်ပြည်နယ်အတွင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိနေကြသည် (ဇယား၄ကိုကြည့်ပါ)။

သို့သော် စာရင်းပါကုမ္ပဏီအများစုအား ကချင်ပြည်နယ်အတွင်းစိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်သူအဖြစ် တီအင်န်အိုင်နှင့်ဒေသခံသုတေသီများမှမသိရှိကြချေ။ အမှန်တကယ်အားဖြင့် ဒေသခံသုတေသီများသည် ကွင်းဆင်းလေ့လာမှုအားအခြေခံ၍ဆောင်ရွက်ရာတွင် လုပ်ငန်းလုပ်ပိုင်ခွင့်ရရှိထားသောကုမ္ပဏီများ၏မတူညီသောစာရင်းများအား အသီးသီးရရှိပြုစုခဲ့ကြသည်။ ယင်းတို့ ပြန်လည်ရှာဖွေစုဆောင်းရရှိခဲ့ကြသော ကုမ္ပဏီများ၏အမည်အချို့တွင် ဆီးဆန်းစတား၊ ဂျိတ်ဒ်လင်း၊ ဂျိတ်ဒ်ဘရားသား၊ ယုဇန၊ နယူးရွှိုင်ရယ်လ်ဂျိတ်၊ မီဂါဂျိတ်ဒ်စတား၊ ဒေါ်ဇမီးမိသားစုနှင့်ဆေးလ်ဗားစတားအပါအဝင်အခြားကုမ္ပဏီများစွာတို့ဖြစ်ကြသည်။ ဩဇာရှိဒေသခံစီးပွားရေးသမားများပိုင်ဆိုင်ကြသော အဆိုပါကုမ္ပဏီများသည် ကချင်ပြည်နယ်အတွင်းရှိ တပ်မတော်နှင့်အစိုးရတာဝန်ရှိသူများနှင့် နီးနီးစပ်စပ်ဆက်နွယ်မှုများရှိနေကြသည်။ ဒေသခံသုတေသီများ၏အဆိုအရ စိုက်ပျိုးရေးလုပ်ငန်းစာရင်းတစ်စိတ်တစ်ပိုင်း၌ ရာဘာနှင့်သစ်ရောပွမ်းစိုက်ပျိုး ရေးအတွက် ၉၃,၀၀၀ ဟက်တာ၊ ရာဘာတစ်မျိုးတည်းသီးသန့်စိုက်ပျိုးရေးအတွက် ၃,၆၀၀ ဟက်တာ၊ ငှက်ပျောစိုက်ပျိုးရေးအတွက် ၂၄,၀၀၀ ဟက်တာနှင့်စပါးစိုက်ပျိုးရန် ၈,၀၀၀ ဟက်တာပါဝင်သည်။ အေအာရ်ဒီစီမှပြုစုသော အောက်ဖော်ပြပါကုမ္ပဏီများ(ဇယား၄)သည် မြန်မာနာမည်များရှိကြပြီး၊ ဗဟိုအစိုးရအာဏာပိုင်များနှင့် အဆက်အသွယ်ရှိသည်ဟုယူဆနိုင်ဖွယ်ရာရှိသည်။ ဒေသခံစီးပွားရေးသမားများ ဟုတ်ဟန်မတူချေ။ ယုဇနနှင့်ထူးထရိတ်ဒင်းအပါအဝင်ကုမ္ပဏီ အချို့သည်ရန်ကုန်အခြေစိုက်အထင်အပေါ်ဆုံးကုမ္ပဏီများဖြစ်ကြသည်။

သို့သော် ယခုစာရင်းများထဲတွင် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များ (ကေအိုင်အိုနှင့်အင်န်ဒီအေ-ကေ) ထိန်းချုပ်ရာနယ်မြေအတွင်း လုပ်ပိုင်ခွင့်လျာထားခွဲဝေမှုများမပါဝင်ချေ။ အစိုးရမှထိန်းထားချုပ်သည့်နယ်မြေများအတွင်းချထားပေးသောလုပ်ပိုင်ခွင့်အရွယ်ပမာဏကြီးမားနေစဥ်အတောအတွင်း အစိုးရမှထိန်းချုပ်ထားခြင်းမဟုတ်သော ဒေသတွင်းရှိကိန်းဂဏန်းများမရရှိခြင်းကြောင့် ဖော်ပြခြင်းမပြုနိုင်ဘဲအထိုက်အလျောက်ချန်လှပ်ထားခဲ့ရသည်။ ထို့အပြင် ပြည်သူ့စစ်နှင့်နယ်ခြားစောင့်တပ်ဖွဲ့များအား ချထားပေးသော လုပ်ငန်းများနှင့်မြန်မာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ တပ်မတော်အရာရှိများနှင့် မြောက်ပိုင်းတိုင်းမှူးမှစီမံခန့်ခွဲလျက်ရှိသောလုပ်ပိုင်ခွင့်များသည် ထိုစာရင်းဇယား၌ပါဝင်ခြင်းရှိမရှိမသိရချေ။ အဆိုပါဖြစ်နိုင်ခြေရှိသည့်ချန်လှပ်ထားခဲ့ရသော ကိန်းဂဏန်းများပါဝင်ခဲ့လျှင်မူ ခွဲဝေချထားပေးသောလုပ်ပိုင်ခွင့်စုစုပေါင်း၏ပမာဏသည် ပိုမိုများပြားနေမည်မှာအသေအချာပင်ဖြစ်သည်။

ဇယား(၄)၊ ကချင်ပြည်နယ်အတွင်း ပုဂ္ဂလိကကုမ္ပဏီများအားမြေယာချထားပေးမှု၊ ဩဂုတ်လ၊ ၂၀၁၀ ခုနှစ်။

| စဉ် | ကုမ္ပဏီအမည် | မြို့နယ် | ခွဲဝေချထားပေးသည့်ဧရိယာ(ဟက်တာ) |
|---|---|---|---|
| ၁ | ပါးလ်ဖယ်မလီ | မိုးညှင်း | ၄၀၀ |
| ၂ | မြသဂီ | မိုးညှင်း | ၄၀၀ |
| ၃ | ကျောက်စိမ်းကုမ္ပဏီ (၂၁၉) အဖွဲ့ | မြစ်ကြီးနား | ၁,၄၀၀ |
| | | ဝိုင်းမော် | ၁၉,၂၃၅ |
| | | မိုးကောင်း | ၁,၃၄၅ |
| | | မိုးညှင်း | ၄,၄၆၄ |
| | | ဖားကန့် | ၆,၄၆၆ |
| | | ကာမိုင်း | ၉၈၃ |
| | | ဗန်းမော် | ၁၄ |
| | | ဒေါ့ဖုန်းယန် | ၃,၇၈၃ |
| | | ပူတာအို | ၄ |
| | | တနိုင်း | ၂၀၀ |
| | | **စုစုပေါင်း** | **၃၈,၆၉၄** |
| ၄ | သီရိဘက်စုံ | ဗန်းမော် | ၁၁,၂၂၅ |
| | | ပူတာအို | ၁,၂၁၄ |
| | | ဆင်ဘို | ၁၄,၃၁၃ |
| | | မြစ်ကြီးနား | ၁,၂၅၃ |
| | | တနိုင်း | ၁၂၁ |
| | | **စုစုပေါင်း** | **၂၈,၁၂၆** |
| ၅ | ယုဇန | ဖားကန့် | ၃,၉၀၄ |
| | | ဖားကန့် | ၁၅,၀၈၇ |
| | | ဖားကန့် | ၆၄,၉၂၄ |
| | | ကာမိုင်း | ၆,၉၈၉ |
| | | **စုစုပေါင်း** | **၉၀,၉၀၄** |
| ၆ | ခန့်ညား | ဗန်းမော် | ၄,၆၉၄ |
| | | မိုးမောက် | ၁,၂၁၄ |
| | | ဒေါ့ဖုန်းယန် | ၆၄၇ |
| | | စုစုပေါင်း | ၆,၅၅၅ |
| ၇ | မြဝတီ | ဆင်ဘို | ၁၁,၄၅၅ |
| ၈ | ထူးထရိတ်ဒင်း | ဆင်ဘို | ၁၈,၅၂၂ |
| ၉ | ကောင်းမွန်ဦး | ဗန်းမော် | ၈,၉၀၃ |

| | | | |
|---|---|---|---|
| ၁၀ | ဂိုးလ်ဒင်းမြန်မာ | မြစ်ကြီးနား | ၂,၁၈၅ |
| ၁၁ | ဝဲလ်ဘီးယင်းမြန်မာ | မြစ်ကြီးနား | ၉,၁၃၄ |
| ၁၂ | ပိုင်အင်န်ပိုင် | မြစ်ကြီးနား | ၃,၂၃၇ |
| ၁၃ | အမျိုးသားကြီးပွားရေး ကုမ္ပဏီ | တနိုင်း | ၁၆,၉၁၂ |
| | | ရှင်ဘွေးယန် | ၃,၃၂၀ |
| | | **စုစုပေါင်း** | **၇၃,၆၆၉** |
| ၁၄ | ချမ်းရင်ခူး | | ၃,၆၀၀ |
| | | **စာရင်းစုစုပေါင်း** | **၂၄၁,၅၄၉** |

## လုပ်ပိုင်ခွင့်ဖြစ်ရပ်များကိုလေ့လာခြင်း

တီအင်န်အိုင်၏ ကွင်းဆင်းသုတေသနပြုချက်အရ ပြီးခဲ့သည့်ဆယ်စုနှစ်ဝက်အတွင်း၌ ဒေသခံဩဇာတိက္ကမရှိသော စီးပွားရေးသမားအချို့အား ရာဘာစိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်များကိုချထားပေးခဲ့သည်။ ဥပမာအားဖြင့် ၄င်းတို့အထဲတွင် အင်န်ဒီအေ-ကေအရာရှိတစ်ဦးခေါင်းဆောင်သည့် လားဝေမိသားစုလည်း ပါဝင်သည်။ ၂၀၀၇ ခုနှစ်တွင် ဟက်တာ ၂၀၀ ရာဘာစိုက်ခင်းဖြင့်စတင်စိုက်ပျိုးခဲ့ပြီး၊ ၂၀၁၀ ခုနှစ်တွင် ၈၀၀ ဟက်တာအထိတိုးချဲ့စိုက်ပျိုးခဲ့သည်။ အဆိုပါစိုက်ခင်းသည် ကချင်ပြည်နယ်အတွင်းရှိ ဘိန်းအများဆုံးစိုက်ပျိုးရာနေရာဖြစ်သည့် ဆဒုံးမြို့နယ်ရှိ ယူနန်ပြည်နယ် နယ်စပ်နှင့်ကပ်လျက်ကျေးရွာတစ်ရွာတွင် တည်ရှိသည်။ ၂၀၀၇ ခုနှစ်၌ အခြားဒေသခံကချင်စီးပွားရေးသမားတစ်ဦးဖြစ်သော ဦးလန်ယောဆောင်တိန်သည် အဆိုပါကျေးရွာ၌ပင် တရုတ်လဘက်နှင့်အတူရာဘာ ၂၀၀ ဟက်တာကိုစိုက်ပျိုးခဲ့သည်။

မြစ်ကြီးနားမြို့အရှေ့ဘက် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ ဝိုင်းမော်မြို့နယ်တွင်လည်း ရာဘာစိုက်ပျိုးရေးလုပ်ပိုင်ခွင့်အချို့ကိုချထားပေးခဲ့သည်။ ယင်းတို့အထဲတွင် ၂၀၀၇ ခုနှစ်၌ မီဂါဂိုတ်ဒ်စတားကုမ္ပဏီအားချထားပေးသည့် ဂန်ဒေါ်ယန်ကျေးရွာရှိ ၁,၀၀၀ ဟက်တာရှိ ရာဘာစိုက်ပျိုးရေးလုပ်ပိုင်ခွင့်လည်း အပါအဝင်ဖြစ်သည်။ ၎င်းကုမ္ပဏီအား မြစ်ကြီးနားမြို့မှကျောက်စိမ်းလုပ်ငန်းဖြင့်ချမ်းသာနေသော ကချင်စီးပွားရေးသမားဒေါက်တာလဂျန်ဆိုင်းကပိုင်ဆိုင်သည်။ အဆိုပါနှစ်အတွင်း၌ပင် မြစ်ကြီးနား-ဗန်းမော်လမ်းတစ်လျှောက် နမ့်ဆမ်းယန်ကျေးရွာ၌ ၄၀၀ ဟက်တာစိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်အား စတင်ခဲ့သည်။ ပိုင်ရှင်မှာ တရုတ်ရင်းနှီးမြှုပ်နှံသူများမှထောက်ပံ့ပေးထားသော လီဆူးအမျိုးသမီးဒေါ်ဇမီးဖြစ်သည်။ အဆိုပါအမျိုးသမီးသည် ရာဘာအပြင်ဗန်းမော်မြို့သို့သွားရာလမ်းပေါ်ရှိ မြင့်မားသောအုတ်ဝင်း တံခါးကြီးနှင့်အိမ်သစ်၏အနောက်ဖက်တွင်သရက်၊ကြက်ဆူနှင့်သစ်မွှေးပင်များကိုစိုက်ပျိုးထားသည်။ နမ့်စမ်းယန်ကျေးရွာသည် လုပ်ငန်းလုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ နိုင်ငံရေးပတ်သက်မှုများကို အကောင်းဆုံးသာဓကပေးနိုင်သည့်နေရာဖြစ်သည်။ အဆိုပါကျေးရွာသည်မြစ်ကြီးနား-ဗန်းမော်လမ်း၏ထက်ဝက်၌ရှိပြီး၊ ကေအိုင်အိုလိုင်ဇာဌာနချုပ်၏ မြောက်ဘက်ပိုင်းတွင်တည်ရှိသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိကတည်းက အဆိုပါဒေသကိုကေအိုင်အိုနှင့်အစိုးရတို့ ပူးတွဲစီမံခန့်ခွဲအုပ်ချုပ်ခဲ့ကြသည်။ ကေအိုင်အိုအတွက်လည်း ဝေစုရရှိသည်ဟုယူဆရပြီး ဒေသခံမြန်မာအစိုးရအာဏာပိုင်များမှ ယင်းတို့နှင့်ပလဲနံပသင့်သူနောက်လိုက်များအား စိုက်ပျိုးရေးလုပ်ပိုင်ခွင့်အချို့ချထားပေးနိုင်လောက်အောင်ဖြစ်စေသည့်မြေယာ၊ ကုန်သွယ်ရေးနှင့်ပြည်သူ့ရေးရာများအားစီမံခန့်ခွဲနိုင်ရန် ဖော်ဆောင်ပေးသည့်စင်ပြိုင်အုပ်ချုပ် ရေးပုံစံဖြစ်သည်။ ၂၀၁၀ ခုနှစ် နယ်ခြားစောင့်တပ်ဖွဲ့အစီအစဉ်အား ကေအိုင်အိုမှငြင်းဆန်ခဲ့ပြီးနောက်တွင် အစိုးရမှ နမ့်စမ်းယန်အားသိမ်းပိုက်ခဲ့သည့်အတွက် အစိုးရ၏သီးသန့်အုပ်ချုပ်ရာနယ်မြေဖြစ်လာခဲ့သည်။ ဒေသခံမြန်မာအစိုးရနှင့် တပ်မတော်အာဏာပိုင်များ၏ စီးပွားရေးမိတ်ဆွေရောင်းရင်းများအား ထိုဒေသ၌လုပ်ငန်းလုပ်ပိုင်ခွင့်များကို ပို၍ချထားပေးလိမ့်မည်

ဟုခန့်မှန်းရသည်။ နမ့်စမ်းယန်၏လက်ရှိစိုက်ပျိုးရေးလုပ်ငန်းများတွင် ၂၀၀၇ ခုနှစ်တွင် မြစန္ဒာထွန်းကုမ္ပဏီအားချထားပေးသော ၁,၂၀၀ ဟက်တာအကျယ်ရှိရာဘာစိုက်ခင်းနှင့်မြောက်ပိုင်းတိုင်း တိုင်းမှူးပိုင်ဆိုင်သောရာဘာ၊ ကျွန်းနှင့်ကြက်ဆူပင်များစိုက်ပျိုးရန်မြေယာလုပ်ငန်းလုပ်ပိုင်ခွင့်တို့ပါဝင်ကြသည်။ ကေအိုင်အိုကိုနယ်မြေတွင်းမှမောင်းထုတ်ခဲ့ပြီး နောက်တရုတ်ကုမ္ပဏီတစ်ခုအား ရွှေတူးဖေါ်ရေးလုပ်ငန်းလုပ်ပိုင်ခွင့်ကိုချထားပေးခဲ့သည်။

ရာဘာလုပ်ငန်းလုပ်ပိုင်ခွင့်အား အခြားနေရာဒေသများ၌ချထားပေးခြင်းမျိုးလည်းရှိပါသည်။ ဒေါ်ထုယော်ဟု လူသိများသည့် လီဆူးတရုတ်စီးပွားရေးသမားသည် မြစ်ကြီးနား၏အရှေ့ဖက် ၁၀ မိုင်ခန့်အကွာ မိုးကောင်းသို့သွားရာလမ်းရှိ ရွာတစ်ရွာ၌ရာဘာစိုက်ခင်းလုပ်ပိုင်ခွင့်ကို ၂၀၀၇ ခုနှစ်တွင်ရရှိခဲ့သည်။ သူမသည်လည်း တရုတ်နိုင်ငံသားလောက်ရင်း (၎င်း၏လုပ်ပိုင်ခွင့်လေ့လာမှုအား အောက်တွင်ဖော်ပြထားပါသည်) ထံမှဘဏ္ဍာရေးအထောက်အပံ့ရရှိထားသည်။ ဂရန်လဆိုင်း (ဂျိတ်ဒ်လင်းကုမ္ပဏီရှယ်ဖော်ခေါင်နှင့်အတူတွဲဖက်သူ) နှင့်လည်းကောင်းမွန်သောအဆက်အသွယ်များရှိပါသည်။

၂၀၀၈ ခုနှစ်၌ မြစ်ကြီးနားမြို့တွင်းရှိနဂါးနှစ်ကောင်ဟိုတည်ပိုင်ရှင် တရုတ်လူမျိုးအိုက်ဆွန်အား မြစ်ကြီး နားမြို့မြစ်တစ်ဘက်ကမ်းတွင်ရှိသော ဝိုင်းမော်အနီးအခြားရွာတစ်ရွာတွင် ၁၂၀ ဟက်တာအကျယ်အဝန်းရှိ ရာဘာလုပ်ငန်းလုပ်ပိုင်ခွင့်ကိုချထားပေးခဲ့သည်။ ၎င်းစိုက်ခင်းသည် ၂၀၁၀ ခုနှစ်၌ ၈၀၀ ဟက်တာအထိ တိုးချဲ့ခဲ့သည်။ အိုက်ဆွန်သည် ၂၀၀၀ ခုနှစ်များအတွင်း အင်န်ဒီအေ-ကေနယ်မြေအတွင်း သစ်လုပ်ငန်းအပေးအယူကိစ္စများ၌ ပါဝင်ပတ်သက်ခဲ့သူဖြစ်သည်ဟုဆိုကြသည်။ အဆိုပါနယ်မြေထဲ၌ပင် သီဟရာဘာစိုက်ခင်းကုမ္ပဏီသည် ၂၀၀၉ ခုနှစ်မှစတင်၍မြစ်ကြီးနား-ကန်ပိုက်တီးလမ်းနှင့်မလှမ်းမကမ်းတွင် အကျယ် အဝန်း ၄၀၀ ဟက်တာရှိရာဘာလုပ်ငန်းအားစီမံခန့်ခွဲလျက်ရှိနေသည်။

ကချင်ပြည်နယ်အတွင်း၌ ရာဘာအပြင်အခြားစိုက်ပျိုးသီးနှံများကိုလည်း တောင်စောင်းများ၌အကြီးအကျယ်စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးလုပ်ငန်းအများစုသည် တရုတ်ကုမ္ပဏီများ သို့မဟုတ် တရုတ်ရင်းနှီးမြှပ်နှံသူများ၏ကျောထောက်နောက်ခံအထောက်အပံ့ကိုရရှိထားကြသော ဒေသတွင်းဩဇာတိက္ကမရှိသူစီးပွားရေး သမားများမှလုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြစ်သည်။ အဆိုပါသီးနှံများတွင် ဖရဲသီး၊ ငှက်ပျောသီး၊ စပါး၊ လဘက်နှင့်ကြံတို့ပါဝင်ကြသည်။ ကြံကဲ့သို့သော စိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်အချို့အား ကချင်ပြည်နယ် အရှေ့တောင်ပိုင်းယူနန်နယ်စပ်၌ ကန်ထရိုက်ပုံစံမျိုးအနေဖြင့်ဆောင်ရွက်လုပ်ကိုင်ကြသည်။

၂၀၀၆ ခုနှစ်တွင်မှတ်ပုံတင်တည်ထောင်သည့် ယူနန်ယွမ်ကုန်သွယ်ရေးကုမ္ပဏီသည် ရာဘာစိုက်ပျိုးရန် ၄၀,၀၀၀ မု (၂,၆၀၀ ဟက်တာ) နှင့်လဘက်စိုက်ပျိုးရန် ၁၀,၀၀၀ မု (၆၆၀ ဟက်တာ) နှင့်ပို့ကုန်ခွဲတမ်း ရာဘာတန်ချိန် ၁၀၀၀ နှင့်ပြောင်းတန်ချိန် ၅၀ ပါဝင်သောကန်ထရိုက်စာချုပ်အား ကေအိုင်အိုစိုက် ပျိုးရေးဌာနနှင့်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။[၂၁၇]

လွယ်ဂျယ်ခရိုင်ခွဲ၊ မိုးမောက်မြို့နယ်၌နယ်စပ်ဖြတ်ပြီး ယူနန်ပြည်နယ်သို့တင်ပို့ရန် တရုတ်ကုမ္ပဏီအသီးသီး တို့သည်ကြံ ၂,၃၀၀ ဟက်တာကိုစိုက်ပျိုးလျက်ရှိသည်။[၂၁၈] ဖရဲခင်းများသည် ယူနန်ပြည်နယ် နယ်စပ်တစ်လျှောက် အထူးသဖြင့် ကေအိုင်အိုထိန်းချုပ်နယ်မြေများတွင်သာမကဘဲ ဗဟိုအစိုးရနှင့်ကေအိုင်အိုတို့ပူးတွဲအုပ်ချုပ်ရာနယ်မြေများတွင်လည်း ပျံ့နှံ့နေကြသည်။ ကေအိုင်အိုအနေဖြင့်ဖရဲသီးစိုက်ပျိုးရေးလုပ်ငန်းများအား နိုင်ငံရေးပါတီအဖြစ်နှင့် ထောက်ပံ့နေခြင်းမျိုး

မဟုတ်ဘဲ၊ တရုတ်ကုမ္ပဏီများသည် နယ်မြေအတွင်းရှိ ကချင်ကျေးရွာများနှင့်ကန်ထရိုက်စာချုပ်ချုပ်ဆိုလုပ်ကိုင်ခြင်းမျိုးသက်သက်သာဖြစ်သည်ဟု ကေအိုင်အို ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတာဝန်ခံမှဆိုသည်။

သို့သော် ကေအိုင်အိုသည်၎င်းထိန်းချုပ်ရာနယ်မြေအတွင်း တရုတ်ကုမ္ပဏီများနှင့်တွဲဖက်၍ ငှက်ပျောစိုက်ခင်းများကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ ကေအိုင်အိုအနေဖြင့် တောင်သူများ၏ဝင်ငွေတိုးတက်ရေးအတွက် ၎င်းတောင်သူများအား လုပ်ခစားအလုပ်သမားများအဖြစ်ငှားရမ်းကာ ဝင်ငွေဖန်တီးပေးခြင်းအားဖြင့် ငှက်ပျောစိုက်ခင်းများအတွက် ဆုံးရှုံးသွားသော၎င်းတို့၏မြေယာများအား အလျော်ပေးသည်ဟုဆိုသည်။[၂၁၅] သို့သော် တီအင်န်အိုင်အနေဖြင့် ဤအဆိုပြုချက်အားအတည်ပြုနိုင်ခြင်းမရှိခဲ့ချေ။ အခြားသောငှက်ပျောစိုက်ခင်းများသည်လည်း ဗဟိုအစိုးရနှင့်ကေအိုင်အိုတို့ပူးတွဲအုပ်ချုပ်ရာနယ်မြေများတွင်သာမက ကေအိုင်အိုနယ်မြေအား အလယ်မှပိုင်းဖြတ်ထားသော ဗဟိုအစိုးရ၏နယ်မြေအတွင်း၌ပါရှိနေကြသည်။

## တရုတ်နိုင်ငံဘိန်းအစားထိုးစီမံကိန်းများအပေါ် ကေအိုင်အို၏ရပ်တည်မှုသဘောထားစာလွှာ

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၈ ရက်။
လိုင်ဇာ

ကျွန်ုပ်တို့အနေဖြင့် သင်တို့၏အလုပ်ရုံဆွေးနွေးပွဲတွင်အသိပေးမျှဝေရန်ရည်ရွယ်၍ သတင်းအချက်အလက်နှင့် ဖြည့်စွက်တင်ပြလိုသည့်ထင်မြင်ချက်အချို့ပါဝင်သောဤစာလွှာအားပေးပို့ပါသည်။ ဤစာလွှာသည် ကေအိုင်အို၏မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာသမိုင်းစဉ်တစ်လျှောက်အရေးပါသောအခန်းကဏ္ဍနှင့်ဘိန်းအစားထိုးစီမံချက်အပေါ် ကျွန်ုပ်တို့၏နားလည်သဘောပေါက်မှုများကိုလည်းအလေးထားပြသနေပါသည်။

ဘိန်းစိုက်ပျိုးသည့်ဒေသများရှိမူးယစ်ဆေးဝါးပပျောက်ရေးနှင့်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကြိုးပမ်းမှုသမိုင်း

၁၉၉၁ ခုနှစ်တွင် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) သည် ကချင်ပြည်နယ်အား ဘိန်းကင်းစင်ပပျောက်သည့်ပြည်နယ်အဖြစ်ကြေငြာခဲ့သည်။ ဘိန်းစိုက်ပျိုးခြင်းနှင့်မူးယစ်ဆေးဝါးရောင်းဝယ်မှုများကို လုံးဝတားမြစ်ခဲ့သည်။ မူးယစ်ဆေးစွဲနေသူများကိုလည်း မူးယစ်ဆေးဖြတ်စခန်းများသို့စေလွှတ်ပြီး ဆေးဝါးကုသမှုခံယူစေခဲ့သည်။ ၁၉၉၈ ခုနှစ်မှစ၍ အချို့တောင်သူများသည် တောနက်ပိုင်းနေရာဒေသအနည်း၌ ဘိန်းကိုကွက်ကျားပြန်လည်စိုက်ပျိုးလာခဲ့ကြသည်။ ကေအိုင်အိုအနေဖြင့် ဘိန်းတိုက်ဖျက်မှုစစ်ဆင်ရေးများပြုလုပ်စဉ်ကာလအတွင်း၌ တွေ့ရှိခဲ့ရသောအချို့သောဘိန်းခင်းများအားဖျက်ဆီးခဲ့ကြသည်။ အဆိုပါတောင်သူများ ဘိန်းအားပြန်လည်စိုက်ပျိုးရသည့်အကြောင်းအရင်းမှာ ရှမ်းပြည်နယ်အတွင်းရှိ ‘ဝ’ နှင့်ကိုးကန့်ဒေသများ၊ ကချင်ပြည်နယ်အတွင်းအင်န်ဒီအေ-ကေနှင့်အစိုးရတို့အနေဖြင့် တောင်သူအများအပြားအား လွတ်လပ်စွာဘိန်းစိုက်ပျိုးခွင့်ပေးထားသောကြောင့်ဖြစ်သည်။ ထို့ကြောင့်ကေအိုင်အိုအနေဖြင့်လည်း ဘိန်းစိုက်တောင်သူများအားတင်းတင်းကျပ်ကျပ်အရေးယူမှုတစ်စုံတစ်ရာမပြုလုပ်တော့ချေ။

၂၀၀၁ ခုနှစ်စ၍ တပ်မတော်အစိုးရ၊ကေအိုင်အိုနှင့်အင်န်ဒီအေ-ကေတို့လက်တွဲ၍ စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲကာ သုံးနှစ်တိုင်အောင်ဘိန်းခင်းများကိုဖျက်ဆီးခဲ့ကြသည်။ အဆိုပါပူးတွဲနှိမ်နင်းမှုသည် အပြည့်အဝအောင်မြင်မှုမရှိဟုဆိုနိုင်သည်။ အကြောင်းမှာ ကွပ်ကဲသူများနှင့်စစ်ဆင်ရေးတွင် ပါဝင်ပတ်သက်ကြသူများအားလုံးအနေဖြင့် ဘိန်းခင်းအားလုံးကိုလုံးဝ

ဖျက်ဆီးခြင်းအားဖြင့် ဘိန်းစိုက်တောင်သူများအား အကြီးအကျယ်ဆုံးရှုံးနစ်နာစေနိုင်သည်ဟူသော ခံစားချက်ကြောင့် ဘိန်းခင်းအားလုံးကို လုံးဝဖျက်ဆီးခြင်းမပြုလုပ်ခဲ့ချေ။ ဘိန်းစိုက်တောင်သူများမှ ဤသို့ကရုဏာသက်ရောက်မှုအပေါ်တွင် အခွင့်ကောင်းယူကာ တစ်နှစ်ပြီးတစ်နှစ် ဘိန်းခင်းများကိုတိုးချဲ့စိုက်ပျိုးလာခဲ့ပုံပေါ်သည်။

စိုက်ပျိုးပြီးဘိန်းခင်းများကိုဖျက်ဆီးခြင်းသည် သင့်မြတ်လျော်ကန်သော မဟာဗျူဟာမဟုတ်နိုင်ဟု ထင်မြင်ယူဆ၍ ကေအိုင်အိုအနေဖြင့် ယင်း၎င်း၏ဘိန်းတိုက်ဖျက်ရေးမူဝါဒအား ၂၀၀၈ ခုနှစ်၌စတင်ပြောင်းလဲခဲ့သည်။ ဘိန်းစိုက်ပျိုးချိန်မတိုင်မီ၊ အဖွဲ့၏အုပ်ချုပ်ရေးမှူးများမှ ရပ်ရွာများသို့သွားရောက်ကာ ဘိန်းအစား အခြားသီးနှံများကိုအစားထိုးစိုက်ပျိုးနိုင်သောအသိပေးနှိုးဆော်မှုများကိုလုပ်ဆောင်ခဲ့ကြသည်။ သို့သော် ကေအိုင်အိုအနေဖြင့်ဘိန်းအစားထိုးသီးနှံများအတွက် လုံလောက်သောအထောက်အပံ့များကိုမပေးနိုင်ခဲ့သဖြင့် စီမံချက်မအောင်မြင်ဘဲဖြစ်ခဲ့ရသည်။ နယ်စပ်တစ်လျှောက် ဘိန်းကိုအဆက်မပြတ်စိုက်ပျိုးနေခြင်းသည် တရုတ်နိုင်ငံအတွက်လည်းအထူးစိုးရိမ်စရာဖြစ်သည်။ တရုတ်နိုင်ငံသည်နယ်စပ်တစ်လျှောက်ဘိန်းစိုက်ပျိုးခြင်းအား တားဆီးရပ်ဆိုင်းပေးရန်အဖွဲ့အစည်းအားလုံးအားတောင်းဆိုခဲ့ပြီး၊ ယခင်ဘိန်းစိုက်တောင်သူများအတွက် ဘိန်းအစားထိုးစီမံချက်အားကမ်းလှမ်းလာခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ကုမ္ပဏီတစ်ချင်းစီမှဆောင်ရွက်သည့်ချဉ်းကပ်မှုမျိုးအားစိတ်ပါဝင်စားလျက်ရှိပြီး၊ အချို့ကုမ္ပဏီများအားယခင်ဘိန်းစိုက်တောင်သူများအတွက် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဘိန်းအစားထိုးစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်စေလွှတ်ခဲ့သည်။ တရုတ်အစိုးရအနေဖြင့် ကုမ္ပဏီများအား ဘိန်းစိုက်တောင်သူများထံအာရုံစိုက်စေချင်သည်။ သို့သော် ၎င်းတို့အပေါ်တိုက်ရိုက်အကျိုးရှိစေသောသက်ရောက်မှုမရှိချေ။ ကုမ္ပဏီများမှဆောင်ရွက်လျက်ရှိကြသည့် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဟုဆိုကြသောစီမံချက်ဟူသည် အလွယ်တကူသွားလာနိုင်သည့် လမ်းပန်းအဆက်အသွယ်ကောင်းသောမြေနိမ့်ပိုင်းဒေသနှင့်သင့်လျော်သောအပူပိုင်းသီးနှံများစိုက်ပျိုးခြင်းပင်ဖြစ်တော့သည်။ ယင်းတို့မှာ ရာဘာ၊ ငှက်ပျော၊ ဖရဲသီးနှင့်ကြံတို့ဖြစ်ကြသည်။ သီးနှံတစ်မျိုးတည်းကို အကြီးအကျယ်အသားပေးစိုက်ပျိုးနိုင်ရန်အတွက် ကုမ္ပဏီများသည် အလွန်ကျယ်ပြန့်သောမြေယာများကိုလိုအပ်နေကြသဖြင့် တပ်မတော်အစိုးရထံမှဝယ်ယူကြသည်။ ဒေသခံတောင်သူများ မိရိုးဖလာအစဉ်အလာအရ စိုက်ပျိုးလုပ်ကိုင်နေသော မြေယာများစွာဆုံးရှုံးခဲ့ကြရသည်။ ကချင်ကျေးလက်လူမှုအဖွဲ့အစည်းများစုသည် ပညာချို့တဲ့ကြပြီးအသိအမြင်နည်းပါးသူများဖြစ်ကြသည့်အပြင်၊ ကုမ္ပဏီများ၏ခေတ်မှီလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ပုံများနှင့် အကျွမ်းတဝင်မ ရှိကြချေ။ ကုမ္ပဏီများ၌ လုပ်ခစားအလုပ်သမားများအဖြစ်လုပ်ကိုင်ရန်ကိုလည်းစိတ်ဝင်စားမှုမရှိကြချေ။ ကုမ္ပဏီ၌လက်ရှိလုပ်ကိုင်နေကြသော လက်ရှိအလုပ်သမားများမှာ မြန်မာပြည်မြေနိမ့်ပိုင်းဒေသများနှင့် တရုတ်နိုင်ငံတို့မှလာရောက်အလုပ်လုပ်ကိုင်နေကြသူများဖြစ်ကြသည်။ ဒေသတစ်ခုလုံး၌ မူရင်းဒေသခံများ ပိုင်ဆိုင်သောမြေယာများကိုသိမ်းယူကာ မိမိပိုင်အဖြစ်လုပ်ကိုင်နေကြသော ပြင်ပမှလာရောက်သူအလုပ်သမားများဖြင့်တဖြည်းဖြည်းပြည့်နှက်နေသည်။ ဒေသခံဆင်းရဲသားတောင်သူများသည် မြေယာမဲ့များအဖြစ်သို့ရောက်ရှိသွားကြပြီး၊ ပို၍ဝေးလံသောအရပ်ဒေသများဆီသို့ အတင်းအကျပ်နှင်ထုတ်ခြင်းခံနေကြ ရသည်။

စိုက်ပျိုးစီးပွားရေးလုပ်ငန်းများအခြေအနေကောင်းနေသော်လည်း၊ ဘိန်းစိုက်ခင်းအရွယ်အစားမှာတစ်နှစ် ထက်တစ်နှစ်တိုးမြင့်လျက်ရှိနေသည်။ ဤသို့ဖြစ်နေရခြင်းမှာ ဘိန်းအားကုမ္ပဏီများ၏ဘိန်းအစားထိုးစီမံချက်များအကျုံးဝင်သက်ရောက်မှုမရှိသည့် မြေမြင့်ပိုင်းတောတောင်ဒေသများ၌ စိုက်ပျိုးနေသောကြောင့်ဖြစ်သည်။ အဆိုပါစီမံချက်သည် ဘိန်းစိုက်တောင်သူများအတွက်မူ အဓိပ္ပါယ်ကင်းမဲ့နေသည်။ ဘိန်းအစားထိုးစိုက်ပျိုးခြင်းကဏ္ဍအတွက် စီမံချက်ကိုဖော်ဆောင်ရာတွင် စိုက်ပျိုးစီးပွား သို့မဟုတ် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုစီမံချက်များကို ကုမ္ပဏီများမှဖော်ဆောင်နေသည့် ပုဂလိကကဏ္ဍချဉ်းကပ်မှုပုံစံသည် ကချင်ပြည်နယ်အတွင်းရှိ ကေအိုင်အိုထိန်းချုပ်နယ်မြေဒေသများနှင့် သင့်လျော်မှုမရှိကြောင်းကို သက်သေပြလျက်ရှိနေသည်။

ဟီးရိုးအင်း၊ ယာမ (အမ်ဖက်တမင်း) အစရှိသောမူးယစ်ဆေးဝါးများသည် ကေအိုင်အိုအုပ်ချုပ်ရာနယ်မြေအတွင်း၌ ထုတ်လုပ်ခြင်းမဟုတ်ချေ။ အဆိုပါမူးယစ်ဆေးဝါးများသည် ပြင်ပနေရာဒေသများမှ ဝင်ရောက်လာကြပြီး၊ ကချင်လူငယ်များအားပစ်မှတ်ထားသည့် စစ်အေးတိုက်ပွဲလက်နက်များအဖြစ်ဖြင့်အသုံးပြုနေသည်။ မူးယစ်ဆေးဝါးများသည် ကချင်လူမှုအဖွဲ့အစည်း အထူးသဖြင့် တပ်မတော်အစိုးရအုပ်ချုပ်သောနယ်မြေအတွင်း၌ အကြီးအကျယ်လူမှုရေးဆိုင်ရာချွတ်ခြုံကျမှုပြဿနာများကိုဖြစ်ပေါ်စေလျက်ရှိသည်။ မြို့ကြီးမြို့ငယ်အသွယ်သွယ်တွင်လည်း မူးယစ်ဆေးဝါးသုံးစွဲသူအများအပြားရှိနေသည်။ မြစ်ကြီးနားတက္ကသိုလ်ကျောင်းသားများ၏ ၇၀ ရာခိုင်နှုန်းသည်မူးယစ်ဆေးစွဲနေကြသည် (ဒေသခံသတင်းအရ)။ လူငယ်များအကြားတွင်လည်း အိပ်ချ်အိုင်ဗွီနှင့်အေအိုင်ဒီအက်စ်ရောဂါပိုး ကူးစက်ပြန့်ပွားမှုနှုန်းမြင့်မားနေပြီး၊ လူငယ်အများအပြားလည်းသေဆုံးခဲ့ကြသည်။ လူမှုရေးနှင့်ကိုယ်ကျင့်သိက္ခာဆိုင်ရာပြဿနာများ လည်းနေ့စဉ်ဖြစ်ပေါ်နေသည်။

ပြည်သူများအား မူးယစ်ဆေးဝါးစစ်အေးတိုက်ပွဲဘေးရန်မှကယ်တင်ရန် ကေအိုင်အိုအနေဖြင့် ဘိန်းနှင့် မူးယစ်ဆေးဝါးအား "အဓိကနှင့်အဆိုးဆုံးရန်သူ" အဖြစ် ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ၊ ၁ ရက်နေ့တွင်သတ်မှတ်ခဲ့သည်။ လက်ရှိဘိန်းတိုက်ဖျက်ရေးကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး၊ အောက်ဖော်ပြပါလုပ်ငန်းစီမံကိန်းများဆောင်ရွက်နိုင်ရန် အခွင့်အာဏာကိုပေးအပ်ခဲ့သည်။

(၁) ကေအိုင်အိုအုပ်ချုပ်မှုနယ်မြေများအတွင်းဘိန်းစိုက်ပျိုးမှုလုံးဝပိတ်ပင်တားဆီးရေး။
(၂) မူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့်ထိန်းသိမ်းသိုလှောင်ထားရှိခြင်းအစရှိသည်များကိုစစ်ဆေးရန်နှင့်ပြင်းထန်စွာအရေးယူရန်။
(၃) မူးယစ်ဆေးစွဲနေသူများအားလုံးကို သင့်လျော်သည့်ဆေးကုသမှုခံယူနိုင်ရန်အတွက် ကုသရေးစခန်းများသို့စေလွှတ်ရန်။
(၄) ယခင်မူးယစ်ဆေးစွဲသူများအတွက် အရည်အသွေးမြှင့်တင်ရေးစီမံချက်များ (အထူးသဖြင့်စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ) ဆောင်ရွက်ရန်။

ဤဆောင်ရွက်မှုများစတင်ကတည်းက ကေအိုင်အိုအုပ်ချုပ်မှုနယ်မြေအတွင်း ဘိန်းစိုက်ပျိုးမှုအား ကေအိုင်အိုအထူးမူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မတီမှလုံးဝပိတ်ပင်တားမြစ်ခဲ့သည်။ မူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်မှုနှင့်ရောင်းဝယ်ဖောက်ကားမှုများတွင် ပါဝင်ပတ်သက်နေသူအချို့အားဖမ်းဆီးအရေးယူခဲ့သည်။ မူးယစ်ဆေးသုံးစွဲသူ ၇၀၀ ခန့်အားကုသရေးစခန်းများ၌ထားရှိပြီး၊ ဆေးဝါးကုသပေးခဲ့သည်။

ဘိန်းအစားထိုးလယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ကေအိုင်အို၏သဘောထားရပ်တည်ချက်

ဘိန်းစိုက်ပျိုးသူများကို ဒေသခံတိုင်းရင်းသားတောင်သူများနှင့် ပြင်ပမှအရင်းအနှီးစိုက်ထုတ်သူများ သို့မဟုတ် ငွေကြေးချမ်းသာသူများဟူ၍ တောင်သူအုပ်စုနှစ်မျိုးခွဲခြားနိုင်သည်။ ဘိန်းစိုက်ခင်းများ၏ ၇၀ ရာခိုင်နှုန်းခန့်ကို ပြင်ပမှရင်းနှီးမြှပ်နှံသူများကပိုင်ဆိုင်ထားကြသည်။ ၎င်းတို့သည် အရင်းအနှီးအမြောက်အများကိုထည့်ဝင်နိုင်ကြပြီး၊ အလုပ်သမားအများအပြားငှားရမ်း၍ အချိန်တိုအတွင်းမြေဟက်တာပေါင်းများစွာကိုလည်းချဲ့ထွင်စိုက်ပျိုးနိုင်ကြသည်။ ရင်းနှီးမြှပ်နှံသူများသည် နိုင်ငံတွင်းနှင့်နိုင်ငံပြင်ပမြို့ကြီးမြို့ငယ်အသွယ်သွယ်များမှဖြစ်ကြသည်။ ဒေသခံတောင်သူများနှင့်နှိုင်းယှဉ်လျှင် အကျိုးအမြတ်ပို၍ရရှိကြသည်။

ဒေသခံတောင်သူများအားလုံးနီးနီးလိုပင်လုံလောက်သည့်အရင်းအနှီးမရှိကြချေ။ အများစုသည်လယ်ယာ စိုက်ပျိုးရန်အတွက် ရင်းနှီးမြှုပ်နှံသူငွေရှင်များထံမှ ငွေချေးယူကြရသည်။ ချေးယူထားခဲ့သောငွေများကို ပြန်ဆပ်အပြီးတွင် အမြတ်အစွန်းသိပ်မကျန်တော့ချေ။ သို့သော် ဘိန်းစိုက်ပျိုးမှုသည် အခြားသီးနှံများနှင့်နှိုင်းယှဉ်လျှင် အချိန်တိုအတွင်းအမြတ်ပိုရပြီး၊ နည်းပညာလည်းအနည်းငယ်သာလိုအပ်သဖြင့် ရေရှည်အကျိုးသက်ရောက်မှုများအား တောင်သူအများစုမှ ထည့်သွင်းမစဉ်းစားနိုင်ကြတော့ဘဲ ဘိန်းစိုက်ပျိုးရန်အတွက်ကိုသာစိတ်အားထက်သန်လာကြသည်။ သို့သော် ဘိန်းစိုက်ပျိုးခြင်း၏ ကောင်းကျိုးဆိုးကျိုးများအား ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်သည့် တောင်သူလယ်သမားအချို့လည်းရှိကြသည်။ မကြာမီက ကျင်းပခဲ့သော ပြည်သူ့အသိနိုးကြားမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ၌ဆိုးကျိုးသည် ကောင်းကျိုးထက်ပိုပြီး အလေးသာနေကြောင်း တောင်သူအများစုမှဆိုကြသည်။ လူငယ်ထု၏မိဘများနှင့် ဒေသခံဘိန်းစိုက်တောင်သူများသည် ကေအိုင်အို၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအစီအစဉ်အား လက်ခံကြိုဆိုကြပြီး၊ ၂၀၁၀ ခုနှစ်၌ ဘိန်းစေ့များပျိုးကြဲ စိုက်ပျိုးခြင်းမလုပ်ကြတော့ဘဲ စိုက်ခင်းများအားစွန့်ပစ်ထားခဲ့ကြသည်။

ဘိန်းအစားထိုးသီးနှံများကို စဉ်းစားရွေးချယ်ရာတွင် ရှုပ်ထွေးသောကိစ္စရပ်အဖြစ်နှင့်လည်းကောင်း၊ ရှုထောင့်စုံ၊ အမြင်စုံမှကြည့်မြင်သင့်ကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့အနေဖြင့်လက်ခံယုံကြည်ထားသည်။ မူဝါဒနှင့်မဟာဗျူဟာမချမှတ်မီ ယခင်ဘိန်းစိုက်တောင်သူများအတွက် ကောင်းကျိုးအများဆုံးဖြစ်ပေါ်ဖန်တီးပေးနိုင်စေရန်အတွက် အောက်ဖော်ပြပါအချက်များအားထည့်သွင်းစဉ်းစားရန်လိုအပ်မည်ဖြစ်သည်။

(၁) ကုမ္ပဏီများတစ်ခုချင်းစီလုပ်ကိုင်ဆောင်ရွက်မှုပုံစံဖြင့်ချဉ်းကပ်မှုအစားဘိန်းစိုက်တောင်သူအားအလေးထားဗဟိုပြုသောချဉ်းကပ်မှုမျိုးအားစဉ်းစားရန်လိုအပ်သည်။
(၂) သက်ဆိုင်ရာမြေဧရိယာများ၏မြေဆီလွှာနှင့်ပထဝီသွင်ပြင်လက္ခဏာများ
(၃) ဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး
(၄) ဈေးကွက်များနှင့်ရောင်းချနိုင်သောသီးနှံမျိုးစိတ်များ
(၅) တောင်သူများအတွက်ငွေကြေးသက်သာပြီးသင့်မြတ်လျော်ကန်သောနည်းပညာ
(၆) ရေတိုရေရှည်ကာလအတွက်သင့်လျော်သောသီးနှံမျိုးစိတ်များ
(၇) လေးစားလိုက်နာရမည်ဒေသခံတိုင်းရင်းသားတောင်သူများ၏အခွင့်အရေးများ

စိတ်ပါဝင်စားကြသော၊ လက်ခံနိုင်လောက်သောပြည်တွင်းနှင့် ပြည်ပအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းအားလုံးနှင့်တကွ ကေအိုင်အိုတို့အတူလက်တွဲလုပ်ဆောင်နိုင်မည့် သင့်လျော်သည့်ဘိန်းအစားထိုးမူဝါဒနှင့်မဟာဗျူဟာတစ်ရပ်ချမှတ်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်သစ်တောထိန်းသိမ်းရေးဌာနနှင့်၊ ပြည်သူ့အုပ်ချုပ်ရေးဌာနများလက်တွဲလျက်အခြေအနေသုံးသပ်လေ့လာမှုများကိုဆောင်ရွက်လျက်ရှိကြသည်။

စိုက်ပျိုးရေးနှင့်သစ်တောထိန်းသိမ်းရေးဌာန

## ခယာဒေသလုပ်ငန်းလုပ်ပိုင်ခွင့်အားလေ့လာခြင်း

၂၀၀၈ ခုနှစ်တွင် ခယာနယ်မြေတွင် အသစ်ဖောက်လုပ်ပြီးလမ်းဘေးတစ်ဘက်တစ်ချက်ရှိ ရာဘာနှင့်ငှက်ပျောစိုက်ပျိုးမြေ ၁၂,၀၀၀ ဟက်တာလုပ်ပိုင်ခွင့်အား ကချင်နှင့်တရုတ်ထိပ်တန်းစီးပွားရေးသမားများအား ချထားပေးခဲ့သည်။ ခယာဒေသသည်လိုင်ဇာမြို့ ကေအိုင်အိုဌာနချုပ်အနီး မြစ်ကြီးနားမြို့နှင့်ဗန်းမော်မြို့တို့အား ဆက်သွယ်ထားသောအဓိကလမ်းမကြီးမှ ခွဲထွက်ရာတွင်တည်ရှိသည်။ ခယာဒေသအတွင်း ဤကဲ့သို့လုပ်ပိုင်ခွင့်ချထားပေးခြင်းသည် ကချင်ပြည်နယ်အတွင်း အပစ်အခတ်ရပ်စဲရေးကို အခြေခံသည့်သဘာဝအရင်းအမြစ်ထုတ်ယူမှုနိုင်ငံရေးနှင့် တရုတ်နိုင်ငံ၏စိုက်ပျိုးရေးအထောက်အပံ့များ မည်သို့နီးစပ်စွာဆက်နွယ်လျက်ရှိနေကြောင်းကို ရှင်းလင်းစွာဖော်ညွှန်းသည့်သာဓကတစ်ခုဖြစ်သည်။ လုပ်ပိုင်ခွင့်များချထားပေးခြင်း၏နိုင်ငံရေးဆိုင်ရာလှုပ်ရှားပြောင်းလဲနေမှုများကို နားလည်နိုင်ရန်အဓိကဇာတ်ကောင်များကိုမိတ်ဆက်ပေးရန်လိုအပ်ပေသည်။

## ဇယား(၅)၊ ကချင်ပြည်နယ်ရာဘာစိုက်ပျိုးပြီးစီးမှုနှင့်စီမံလျာထားချက်၊ ၂၀၀၆-၀၇ မှ ၂၀၀၉-၁၀။

| **ကချင်ပြည်နယ်ရာဘာ ၄၀,၀၀၀ ဟက်တာစိုက်ပျိုးမှုသတ်မှတ်ချက်အစီအစဉ်(ဟက်တာ)** | | | | | |
|---|---|---|---|---|---|
| ခရိုင်/မြို့နယ် | ၂၀၀၆-၀၇ | ၂၀၀၈-၀၉ | | ၂၀၀၉-၁၀(၂၀၁၀နိုဝင်ဘာအထိ) | |
| | လုပ်ပိုင်ခွင့် | လုပ်ပိုင်ခွင့် | စိုက်ပျိုးပြီး (လက်ရှိစုစုပေါင်း) | လုပ်ပိုင်ခွင့် | စိုက်ပျိုးပြီး (လက်ရှိစုစုပေါင်း) |
| **မြစ်ကြီးနားခရိုင်** | **၄,၇၄၀** | **၁၃,၂၀၃** | **၆,၄၄၆** | **၂၁,၁၀၁** | **၈,၁၃၈** |
| မြစ်ကြီးနား | ၂,၈၉၁ | ၆,၈၇၈ | ၃,၉၄၈ | ၁၀,၅၉၉ | ၄,၇၆၄ |
| ဝိုင်းမော် | ၁,၅၇၃ | ၅,၁၅၅ | ၂,၃၅၄ | ၈,၄၉၈ | ၃,၂၂၈ |
| တနိုင်း | ၂၇၅ | ၁,၁၆၉ | ၁၃၆ | ၂,၀၀၃ | ၁၃၈ |
| အင်ဂျန်းယန် | ၁ | ၁ | ၁ | ၁ | ၁ |
| ချီဖွေ | ၀ | ၀ | ၇ | ၀ | ၇ |
| **မိုးညှင်းခရိုင်** | **၁,၄၉၉** | **၄,၈၈၅** | **၁,၇၆၄** | **၈,၀၄၃** | **၁,၈၂၄** |
| မိုးညှင်း | ၇၂၅ | ၁,၉၁၀ | ၇၇၃ | ၃,၀၁၅ | ၈၀၈ |
| မိုးကောင်း | ၅၂၅ | ၂,၂၁၈ | ၇၉၂ | ၃,၇၉၇ | ၈၁၀ |
| ဖားကန့် | ၂၄၉ | ၇၅၇ | ၁၉၉ | ၁,၂၃၁ | ၂၀၆ |
| **ဗန်းမော်ခရိုင်** | **၁,၅၀၃** | **၆,၅၇၉** | **၇,၂၀၉** | **၁၁,၃၁၉** | **၇,၅၉၀** |
| ဗန်းမော် | ၃၉၃ | ၁,၇၄၇ | ၂၈၁ | ၃,၀၁၁ | ၄၇၇ |
| မံစီ | ၂၅၈ | ၁,၀၂၈ | ၃၃၇ | ၁,၇၄၇ | ၃၇၄ |
| ရွှေဂူ | ၂၉၃ | ၁,၃၀၈ | ၄၉ | ၂,၂၅၆ | ၅၂ |
| မိုးမောက် | ၅၅၉ | ၂,၄၉၆ | ၆,၅၄၂ | ၄,၃၀၅ | ၆,၆၈၇ |
| စုစုပေါင်း | ၇,၇၄၂ | ၂၄,၆၆၇ | ၁၅,၄၁၉ | ၄၀,၄၆၃ | ၁၇,၅၅၂ |

ကိုးကား - မြန်မာ့လယ်ယာစိုက်ပျိုးရေးလုပ်ငန်း (အမ်မ်အေအက်စ်)၊ ၂၀၁၀။

၄င်းတို့အထဲတွင် ကချင်ပြည်နယ်အတွင်း လူသိအများဆုံးသူမှာ တရုတ်အမျိုးသမီး ‘အားလီကျယ်’(အမကြီးအားလီ) အဖြစ်ဒေသခံများမှသိရှိထားသူဖြစ်သည်။ အားလီကျယ်သည် ကချင်ပြည်နယ်မြောက်ပိုင်းတိုင်း တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့်လက်ထပ်ထိမ်းမြားထားခြင်းကြောင့် ၂၀၀၀ ခုနှစ်များအတွင်း ကချင်ပြည်နယ်အတွင်း သစ်ထုတ်လုပ်ရေးလုပ်ငန်းလုပ်ပိုင်ခွင့်များစွာကို လုပ်ကိုင်ခွင့်ရရှိခဲ့သည်။ ယခုထက်တိုင်လည်း ကချင်ပြည်နယ်အတွင်း သစ်ခုတ်လုပ်ငန်းများတွင်ပါဝင်ပတ်သက်နေဆဲပင်ဖြစ်သည်။ ဥပမာအားဖြင့် ယခုအခါယာယီရပ်ဆိုင်းထားသော မြစ်ဆုံဆည်စီမံကိန်းနယ်မြေအနီးတွင် ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလမှစ၍ သစ်ခုတ်လှဲမှုများအားကြီးကိုင်ချယ်လှယ်စီမံဆောင်ရွက်နေသည်ဟုဆိုကြသည်။ ညအချိန်တွင် အင်န်ဒီအေ-ကေနယ်ခြားစောင့်တပ်ရင်းတစ်ခုထိန်းချုပ်ရာနယ်မြေအတွင်းရှိ ကန်ပိုက်တီးနယ်စပ်ကိုကျော်ဖြတ်ကာယူနန်ပြည်နယ် နယ်စပ်သို့ခုတ်လှဲပြီးသစ်လုံးများကို သယ်ဆောင်လျက်ရှိနေကြသည်။

တိုင်းမှူး၏မိသားစုဝင်ဖြစ်သော်လည်း ကေအိုင်အိုနှင့်ဆက်ဆံရေးကောင်းမွန်အောင်ဆောင်ရွက်နိုင်ရုံမျှမကဘဲ ကေအိုင်အို လိုင်ဇာဌာနချုပ်နယ်မြေအတွင်း၌ အခြားစီးပွားရေးများကိုလုပ်ကိုင်လျက်ရှိကာ၊ လိုင်ဇာ၌ပင်အကောက်ခွန်ကောက်ယူခွင့်လုပ်ငန်းကိုပင် လုပ်ကိုင်ခွင့်ရရှိထားသေးသည်။ ယင်းကဲ့သို့စီစဉ်ဆောင်ရွက်နိုင်ခြင်းမျိုးသည် ထုတ်ယူခဲ့သောသဘာဝသယံဇာတပစ္စည်းများအား ကေအိုင်အိုထိန်းချုပ်နယ်မြေအတွင်းရှိစစ်ဆေးရေးဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့နိုင်ရန်အတွက်ပိုမိုလွယ်ကူစေပါသည်။ အားလီကျယ်သည် မြစ်ကြီးနားမြို့အရှေ့ဘက်တည့်တည့်ရှိ ကောင်းမွန်သောကားလမ်းနှင့်ဆက်သွယ်ထားရာ တရုတ်နိုင်ငံတိန်ချုံးတွင်လည်း ကုန်သွယ်စီးပွားရေးအဆက်အသွယ်ကောင်းများထားရှိသည်။ ပဋိပက္ခဆက်စပ်မှုအခြေအနေများအတွင်းမှ ဤသို့သောစီးပွားရေးမဟာမိတ်များဖြစ်လာခြင်းသည် အကြီးအကဲ-လက်ဝေခံမိတ်ဖက်များဖြစ်သည့်အကြောင်း ယေဘုယျပြောဆိုချက်များပြုလုပ်ရန်ခက်ခဲမှုနှင့်၊ စီးပွားရေးသဘောတူညီချက်အပေးအယူများသည် နိုင်ငံရေးသစ္စာခံများဖြစ်လာစေရေးအတွက် မည်သို့ကူညီဆောင်ရွက်နိုင်ကြောင်းပြသလျက်ရှိသည်။

နိုင်ငံရေးအဆက်အသွယ်များသာမက တိုးပွားလာသောငွေအရင်းအနှီးများဖြင့် အားလီကျယ်သည် ကချင်ပြည်နယ်အရှေ့တောင်ဘက်၌ ၆,၀၀၀ ဟက်တာရှိ စိုက်ပျိုးရေးလုပ်ပိုင်ခွင့်ကဲ့သို့သော အခွင့်အရေးအား ၂၀၀၀ ခုနှစ်နှောင်းပိုင်း၌ ရရှိအောင် စတင်ဆောင်ရွက်ခဲ့သည်။ သူမအနေဖြင့် မြစ်ကြီးနားမြို့အရှေ့ဘက် ဝါရှောင်ဆည်အနီး ကန်ပိုက်တီးလမ်းတစ်လျှောက် ဒေသခံတစ်နိုင်တစ်ပိုင်စိုက်ပျိုးလုပ်ကိုင်သူတောင် သူများ၏တောင်ယာစိုက်ခင်းများကိုလည်းရယူထားခဲ့ပြီးဖြစ်သည်။ ထို့အပြင် သူမ၏စိုက်ခင်းတွင်အလုပ်လုပ်ကိုင်ရန်အတွက် မြန်မာပြည်အောက်ပိုင်းမှအလုပ်သမားများကိုလည်း အရေအတွက် ရာနှင့်ချီ၍ငှားရမ်းခဲ့သည်။

သစ်လုပ်ငန်းဖြင့်ကြွယ်ဝချမ်းသာလာခဲ့သည့် အားလီကျယ်သည် ကချင်စီးပွာရေးသမားလကောက်ဟုလည်း လူသိများ ကြသော ဂရမ်လဆိုင်းနှင့် လုပ်ငန်းအတူလုပ်ကိုင်ကြရန်လက်တွဲသည်။ ဂရမ်လဆိုင်းသည် ဂျိတ်လင်းန်ကုမ္ပဏီပိုင်ရှင် ရွှပ်ဖော်ခေါင်၏စီးပွားရေးလုပ်ဖော်ကိုင်ဖက်ဟောင်းလည်းဖြစ်၊ ယခင်က ကချင်ပြည်နယ်တွင်ဩဇာတိက္ကမအရှိဆုံး စီးပွားရေးလုပ်ငန်းရှင်လည်းဖြစ်သည်။ ၄င်း၏ဆရာရွှပ်ဖော်ခေါင်၏မိတ်ဆက်ပေးမှုဖြင့်တိုးပွားလာသည့် တပ်မတော်အသိုင်းအဝိုင်းကွန်ရက်အားအခြေခံပြီး ကိုယ်ပိုင်ကုမ္ပဏီထူထောင်ရန်ဆန္ဒရှိခဲ့သည်။

အားလီကျယ်နှင့်ဂရမ်လဆိုင်းတို့သည် ရွှပ်ဖော်ခေါင်နှင့်လုပ်ငန်းများအတူလုပ်ကိုင်ခြင်း၊ မြစ်ကြီးနားရှိ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာမနောပွဲ၌အလှူအတန်းပေးခြင်းစသည့် အတွေ့အကြုံကောင်းများ၊ ကချင်ပြည်နယ်အတွင်း သဘာဝသယံဇာတအသီးသီးကိုထုတ်ယူခြင်းဖြင့် ချမ်းသာကြွယ်ဝလာမှုများအပါအဝင် တရုတ်နိုင်ငံသားလောက်ရင်း (လူကြီးမင်းရင်း) နှင့်လည်းသိကျွမ်းခွင့်ရခဲ့ကြသည်။ လောက်ရင်းအနေဖြင့် နိုင်ငံရေးနယ်ပယ်တွင်အဆက်သွယ်ကောင်းရှိသော ဒေသခံစီး

ပွားဖက်မိတ်ဆွေများလိုအပ်နေသဖြင့် ကချင်ပြည်နယ်အတွင်း မြေယာလုပ်ငန်းအားအတူတကွ ရင်းနှီးမြုပ်နှံလုပ်ကိုင်ခွင့် ရရှိပါက တရုတ်ဘိန်းအစားထိုးအစီအစဉ်မှတစ်ဆင့် တရုတ်နိုင်ငံ၏အထောက်အပံ့ရရှိအောင် ဆောင်ရွက်ပေးမည်ဟု ကတိပြုခဲ့သည်။ လောက်ရင်း၏ကောင်ကင်းကုမ္ပဏီသည် ကချင်ပြည်နယ်အတွင်း ရာဘာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လာသည်။[၂၁၆]

မကြာမီပင်ဂရမ်လဆိုင်းသည် နေ့သင်းန်ရှိုင်ရယ်လ်ဂျိတ်ကုမ္ပဏီ (အင်န်အာရ်ဂျေ) အမည်ရှိကိုယ်ပိုင်ကုမ္ပဏီကို တည်ထောင်ပြီး၊ လိုင်ဇာနှင့်ဆက်စပ်ဦးတိုက်နေသော ဒေါ့ဖုန်းယန်မြို့နယ် ခယာရွာအနီး သစ်တောသစ်ပင်များအပါအဝင် ၁၂,၀၀၀ ဟက်တာရှိသောရာဘာနှင့်ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်အတွက်မြေနေရာနှင့် ဘဏ္ဍာငွေအထောက်အပံ့တို့ကိုလည်းရရှိခဲ့သည်။ ဤသို့ဆောင်ရွက်နိုင်ခဲ့ခြင်း သည်အားလီကျယ်နှင့်လောက်ရင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဟုယူဆကြသည်။ ၂၀၁၀ ခုနှစ်အထိ ရာဘာ၊ ငှက်ပျော၊ ကျွန်းနှင့်ရှို့စ်ဝုဒ် (သစ်နီ) တို့အား ၄,၆၀၀ ဟက်တာတွင် စိုက်ပျိုးခဲ့ကြသည်။ သို့သော် ၎င်းလုပ်ပိုင်ခွင့်သည်သိန်ဒေါသစ်တောကြိုးဝိုင်းအတွင်းရောက်ရှိနေသဖြင့်၊ ဗဟိုအစိုးရ၏ သစ်တောဦးစီးဌာနနှင့်ပြဿနာဖြစ်ခဲ့ရပြန်သည်။ အဆိုပါသစ်တောသည် သစ်တောဦးစီးဌာနနှင့်ကေအိုင်အိုတို့ နှစ်ဦးနှစ်ဘက်လုံးအတွက်သစ်ထုတ်လုပ်ခွင့်မှဝင်ငွေရရှိစေသည်။

ရှပ်ဇော်ခေါင်၏ဂျိတ်လန်းကုမ္ပဏီသည် ၂၀၀၇ ခုနှစ်တွင် သိန်ဒေါသစ်တောကြိုးဝိုင်းအတွင်း လက်ရှိလုပ်ငန်းလုပ်ပိုင်ခွင့်နယ်မြေကိုဖြတ်သန်းကာ လမ်းဖောက်လုပ်ခွင့်အား တပ်မတော်အစိုးရနှင့်စာချုပ်တစ်ရပ်ကိုချုပ်ဆိုနိုင်ခဲ့သည်။ ရှပ်ဇော်ခေါင်အနေဖြင့် ၎င်းလမ်း၏တစ်ဘက်တစ်ချက်ရှိသစ်တောများမှ သစ်များခုတ်ယူခွင့်ကိုပါရရှိခဲ့သည်။ အဆိုပါလမ်းသည် ကေအိုင်အိုဌာနချုပ်အနီး ယခင်ကန့်သတ်နယ်မြေအတွင်း ရှိ စစ်ရေးအရမဟာဗျူဟာကျသော လမ်းတစ်လမ်းဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် ၎င်းလမ်းဖောက်လုပ်ပြီးစီးသွားသောအခါ ဤနယ်မြေအတွင်းတပ်မတော်၏အခြေစိုက်မှုတိုးမြှင့်လာခဲ့သည်။ အစိုးရ၏ခြေကုပ်ယူထားရာနယ်မြေနှစ်ခုဖြစ်သော လာဂျားယန်နှင့်ဒေါ့ဖုန်းယန်မြို့နယ်များနှင့် ပေါင်းစည်းနိုင်ရန်အတွက် တပ်မတော်တပ်ရင်းတစ်ခုကို စိုက်ပျိုးရေးလုပ်ပိုင်ခွင့်နယ်မြေထဲတွင် တပ်စွဲအခြေချထားလိုက်သည်။ အခြားတပ်ရင်းနှစ်ခုနှင့်အတူ ယခုအချိန်တွင်ဖိုခနောင့်ဆိုင်သဏ္ဍာန် တပ်စွဲလာသောတပ်ရင်းသစ်နှင့်အတူ စိုက်ပျိုးရေးလုပ်ပိုင်ခွင့်နေရာသည် အတော်ပင်တုန်လှုပ်စရာကောင်းလောက်သည့် တပ်မတော်ဖွဲ့စည်းထားရှိမှုဖြစ်လာပြီး လိုင်ဇာရှိကေအိုင်အိုခြေကုပ်စခန်းနယ်မြေအား ခြိမ်းခြောက်လျက်ရှိနေသည်။ ဒေါ့ဖုန်းယန်မြို့နယ်အတွင်း၌ တပ်မတော်အခြေစိုက်မှုများပြားလှပြီး၊ လိုင်ဇာအား တိုက်ခိုက်ရန်ခြေကုပ်စခန်းအဖြစ် ဆောင်ရွက်နိုင်လောက်အောင်ပင်နီးကပ်နေလေသည်။ နယ်စပ်ကုန်သွယ်ရေးအတွက် အကောက်ခွန်ကောက်ခံသော အစိုးရနယ်စပ်စစ်ဆေးရေးစခန်းတစ်ခုအပါအဝင် လာဂျားယန်သည် အစိုးရထိန်းချုပ်နယ်မြေမှ လိုင်ဇာသို့ဝင်ပေါက်အဖြစ်တည်ရှိနေသည်။

အဆိုပါလုပ်ငန်းလုပ်ကိုင်ခွင့်အတွက်နယ်မြေအား မြစ်ကြီးနားမြို့ရှိ ပန်ဆန်းဟော်တယ်၏မန်နေဂျာလည်းဖြစ်၊ ကေအိုင်အိုအရာရှိတစ်ဦးလည်းဖြစ်သူ ဟောင်တောက်၏ ငွေကြယ်ဖြူကုမ္ပဏီအား ပထမဦးစွာချထားပေးခဲ့သည်။ ၂၀၀၇ ခုနှစ်၌ ဗဟိုအစိုးရထံမှနှစ် ၃၀ အငှားချထားပေးခြင်းခံရသည်။ ရာဘာ ၆,၉၀၀ ဟက်တာ၊ ကျွန်း ၁,၂၀၀ ဟက်တာစသည်ဖြင့် မြေရိုင်းဟုဆိုကြသော ပကတိသစ်တောမြေ စုစုပေါင်း ၈,၁၀၀ ဟက်တာအားခွဲဝေချထားပေးခဲ့သည်။ ယင်းမြေယာအား မြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဆက်ဆံရေးပိုမိုကောင်းမွန်သည့်အပြင်၊ ငွေကြယ်ဖြူကုမ္ပဏီထက်ပိုမိုများပြားသော တရုတ်ဘဏ္ဍာရေးကျောထောက်နောက်ခံရရှိအောင် ဆောင်ရွက်နိုင်ကြသော လောက်ရင်းနှင့်ဂရမ်လဆိုင်းတို့ အား

နောက်ထပ်ချထားပေးခဲ့ပြန်သည်။ နောက်ထပ်မြေယာများကို တော်ဝင်ကောင်းစိန် (ဂရင်းဂိုတ် ကုမ္ပဏီ) နှင့်ကေအိုင်အို ရာဘာစိုက်ခင်းတစ်ခင်းတို့မှရယူခဲ့သည်။

ဟက်တာ ၁၂,၀၀၀ ရှိမြေယာလုပ်ပိုင်ခွင့်သည် ယူနန်ပြည်နယ်အတွက် ရေအားလျှပ်စစ်တင်ပို့ရန် တရုတ်ရင်းနှီးမြှုပ်နှံသူများမှတည်ဆောက်ပြီးဖြစ်သောဆည်တည်ရှိရာတာပိန်မြစ်ရိုးတစ်လျှောက်တွင်တည်ရှိသည်။ အဆိုပါနေရာသည် ရေအားလျှပ်စစ်ဆည်သို့သွားရောက်ရာလမ်းကို စောင့်ရှောက်အကာအကွယ်ပေးထား သောကေအိုင်အို၏မဟာဗျူဟာမြောက်စခန်းနှစ်ခုအား မြန်မာတပ်မတော်မှသိမ်းပိုက်အပြီး၊ ကချင်ပြည်နယ်အတွင်းတိုက်ပွဲများပြန်လည်ဖြစ်ပွားလာခဲ့သည့်နေရာပင်ဖြစ်သည်။

ခယာဒေသလုပ်ပိုင်ခွင့်အတွင်းရှိ ဒေါ့ဖုန်းယန်မြို့နယ်အတွင်းမှ ရွာတစ်ရွာသည် ၎င်းတို့၏တောင်ပေါ်သစ်တောများအနက်မှတစ်ခုအား ရပ်ရွာလူထုအပိုင်သစ်တောအဖြစ် တရားဝင်သဘောမဟုတ်ဘဲ သတ်မှတ်ပိုင်းခြားထားရှိခဲ့ပြီး၊ ၎င်းတို့ရပ်ရွာပိုင်မြေယာအား စိုက်ပျိုးစီးပွားလုပ်ပိုင်ခွင့်များမှ တားဆီးကာကွယ်ပေးနိုင်မည့် နည်းလမ်းတစ်ခုအဖြစ် တရားဝင်ရုံးစာရွက်စာတမ်းကိစ္စများ အဆင့်ဆင့်ဆောင်ရွက်ကာ အထောက်အထားများရရှိရေးအတွက် စောင့်ဆိုင်းနေခဲ့ကြသည်။ သို့သော် လောက်ရင်းနှင့်ဂရမ်လဆိုင်းတို့အား အဆိုပါမြေယာလုပ်ပိုင်ခွင့်ပေးပြီးကတည်းက ၎င်းကျေးရွာလူထုသည် ရပ်ရွာပိုင်သစ်တောအဖြစ် ရပိုင်ခွင့်အားလက်လွတ်ဆုံးရှုံးခဲ့ကြရသည့်အပြင်၊ ထိုသစ်တောသည်လည်း အပြောင်ရှင်းလင်းခုတ်ထွင်ခြင်း ကိုခံခဲ့ရပြီးနောက် ယခုအခါတွင်နေ့သမ်းရှိုင်ရယ်လ်ဂိုတ်အပိုင် ငှက်ပျောစိုက်ခင်း၏တစ်စိတ်တစ်ပိုင်းဖြစ်သွားခဲ့သည်။

ဒေသခံကချင်လူမျိုးများအား စိုက်ပျိုးရေးတွင်အခစားလုပ်သားအဖြစ် ငှားရမ်းခြင်းမျိုးမရှိချေ။ ထိုအစား ကုမ္ပဏီမန်နေဂျာများသည် တောင်ပိုင်းဒေသ၊ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဆိုင်ကလုံးနာဂစ်ဘေး အန္တရာယ်ကျရောက်ခဲ့ရာဒေသမှ ဗမာများအားခေါ်ယူလာလျက်ရှိကြသည်။ အလုပ်လုပ်ရန်ခွင့်ပြုချက်လက်မှတ်များမရှိကြဘဲ၊ နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်များနှင့်သာ ဝင်ရောက်လာကြသော တရုတ်ပြည်မကြီးမှ ကျွမ်းကျင်မှုမရှိကြသည့် တရုတ်အလုပ်သမားများလည်း ရှိကြသည်။ နေ့သင်းန်ရှိုင်ရယ်လ်ဂိုတ်ကုမ္ပဏီ အနေဖြင့်အလုပ်သမားများအား ၎င်းတို့၏သက်သေခံကဒ်ပြားများဖြင့် မှတ်ပုံတင်ထားပြီး၊ လုပ်ပိုင်ခွင့်ရမြေယာထဲတွင် အလုပ်သမားနေထိုင်ရန်တန်းလျားစခန်းများဆောက်ထားပေးခဲ့သည်။ ကျွမ်းကျင်မှုမရှိကြသည့် အလုပ်သမားများအနေဖြင့် တစ်နေ့လျှင် ၄,၀၀၀ ကျပ် (၅ ဒေါ်လာခန့်) ရရှိကြပြီး၊ ကျွမ်းကျင်အလုပ်သမားများအနေဖြင့်မူ တစ်နေ့လျှင် ၅,၀၀၀ ကျပ် (၆ ဒေါ်လာခန့်) သို့မဟုတ် ၎င်းတို့အလုပ်ပေါ် မူတည်၍လုပ်အားခပိုမိုရရှိကြသည်။ ဤလုပ်အားခများသည် မြန်မာပြည်မြောက်ပိုင်းရှိ အခြားနေရာများထက်ပိုမိုလျက်ရှိသည်။ ဝေးလံသည့်နယ်စပ်ဒေသတွင်ဖြစ်သဖြင့် မြင့်မားလှသည့်စားသောက်ကုန်ဈေးနှုန်း ကြောင့်ဟုလည်းယူဆနိုင်သည်။

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ငှက်ပျောသီးပေါ်ချိန်တွင် နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကိုငြင်းဆန်ခဲ့သော ကေအိုင်အို အားပြစ်ဒဏ်ခတ်သည့်အနေဖြင့် ကေအိုင်အို၏လိုင်ဇာမှတစ်ဆင့် တရုတ်နိုင်ငံသို့ ထုတ်ကုန်တင်ပို့သောလမ်းကြောင်းအား မြန်မာတပ်မတော်မှပိတ်ဆို့ခဲ့သည်။ ယင်းလုပ်ရပ်သည် ကုန်တင်ကားတစ်စီးလျှင် ၂၅ ယွမ် (၄ ဒေါ်လာခန့်) ကောက်ခံနေသော ကေအိုင်အိုအတွက် ဝင်ငွေဆုံးရှုံးမှုပင်ဖြစ်သည်။ ရလာဒ်အနေဖြင့် ငှက်ပျောသီးများကိုတောင်ဘက်ပိုင်းအထိ သယ်ယူရပြီးပထမဆုံးလာဂျားယန်ဂိတ်မှဖြတ်ပြီးနောက် လွယ်ဂျယ်မှတစ်ဆင့်ပို့ဆောင်ခဲ့ရသည်။ အဆိုပါလမ်းကြောင်းနှစ်ခုလုံးရှိ အစိုးရဂိတ်များသည် ကုန်ကားတစ်စီးလျှင်ကျပ် ၁၀,၀၀၀ ခန့် (၁၂ ဒေါ်လာခန့်) ကောက်ခံကြသည်။ မလွှဲမရှောင်သာလမ်းကြောင်းပြောင်း၍သယ်ဆောင်ခဲ့ရသော်လည်း နေ့သမ်းရှိုင်ရယ်လ်ကုမ္ပဏီ၏ကုန်ကားများ တစ်ရက်

လျှင်အစီး ၅၀ ခန့်သည် 'တရုတ်နိုင်ငံတွင်ပြုလုပ်သည်' ဟုအမှတ်အသားပါရှိသည့် ကတ်ထူစက္ကူဂျပ်ဖာဒုက် ပျောသီးသေတ္တာများအား နယ်စပ်ကိုဖြတ်ကျော်၍ ယူနန်ပြည်နယ်သို့ပို့ဆောင်ခဲ့ကြသည်။

## မြန်မာနိုင်ငံရှိ ဘိန်းအစားထိုးစံပြစိုက်ခင်းထူထောင်ရန် ပူးပေါင်းဆောင်ရွက်မှုအတွက် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ပေါက်ရှန်းမြို့အစိုးရနှင့် ကချင်အထူးဒေသ (၁) အစိုးရ [အင်န်ဒီအေ-ကေ]တို့အကြားသဘောတူညီချက်

ဘိန်းပိတ်ပင်တားဆီးရေးရလာဒ်များအား ပိုမိုပေါင်းစည်းခိုင်မာဖြစ်ထွန်းလာစေရန်၊ ဘိန်းစိုက်ပျိုးမှုအား အဓိကဝင်ငွေရလမ်းအဖြစ် မှီခိုနေထိုင်နေကြသူများ၏သက်မွေးဝမ်းကျောင်းမှုများအား အသွင်ပြောင်းလဲပေးရန်၊ ပြည်သူလူထု၏ထုတ်လုပ်မှုနှင့်လူနေမှုအဆင့်အတန်းများအားမြှင့်တင်ပေးရန်၊ ဘိန်းစိုက်ပျိုးမှုအားအမြစ်ပြတ်ချေမှုန်းရန်၊ ဘိန်းပြန်လည်စိုက်ပျိုးခြင်းအား ထိရောက်စွာတားဆီးရန်နှင့် မြန်မာနိုင်ငံနေပြည်တော်၌လက်မှတ်ရေးထိုးခဲ့သော "မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများနှင့်စိတ်ကြွဆေးများအားတရားမဝင်သယ်ဆောင်ခြင်းနှင့် သုံးစွဲခြင်းတို့အား ကာကွယ်တားဆီးရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့အကြား သဘောတူညီချက်" မူဘောင်အတွင်းမှနေ၍ ယခင်ဘိန်းစိုက်ပျိုးခဲ့သောလူမှုအဖွဲ့အစည်းများ၏စီးပွားရေးမြှင့်တင်ပေးရန်အတွက် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ပေါက်ရှန်းမြို့အစိုးရနှင့် ကချင်အထူးဒေသ (၁) အစိုးရတို့ သည်ဘိန်းအစားထိုးစံပြစိုက်ခင်းလုပ်ငန်းစီမံချက်တစ်ခုကို အကောင်အထည်ဖော်ထူထောင်ရန်အတွက် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ နှစ်ဦးနှစ်ဘက်ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးမှုအပေါ်အခြေခံ၍တန်းတူညီမျှခြင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းစေခြင်းနှင့် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်လေးစားခြင်းစသည့်မူများအတိုင်း ဘိန်းအစားထိုးစံပြစိုက်ခင်းတစ်ခုကိုဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါသဘောတူညီချက်အားနှစ်ဘက်လုံးမှလက်မှတ်ရေးထိုးခဲ့ကြသည်။

(၁) လုပ်ငန်းစီမံချက်၏အမည်-အစားထိုးစိုက်ပျိုးရေး

(၂) တည်နေရာ-ဝိုင်းမော်နှင့်ရှင်းကျိုက်၊ တိန်ချုံး-မြစ်ကြီးနားကားလမ်းတစ်လျှောက်၊ ကချင်အထူးဒေ သ (၁)

(၃) အကောင်အထည်ဖော်မှုနည်းလမ်းနှင့်ပါဝင်သောလုပ်ငန်းအစီအစဉ်များ

၁။ အကောင်အထည်ဖော်မည့်နည်းလမ်း-ဤလုပ်ငန်းစီမံချက်အားအစိုးရ၏ လမ်းညွှန်မှုအောက်ရှိ အကျိုးအမြတ်ရယူခြင်းမရှိသောလုပ်ငန်းစီမံချက်နှင့် အမှန်တကယ်လုပ်ငန်းလုပ်ကိုင်မည့် ကုမ္ပဏီဆိုင်ရာလုပ်ငန်းစီမံချက်ဟူ၍နှစ်ပိုင်းခွဲခြားထားသည်။

၂။ ပါဝင်သောလုပ်ငန်းစီမံချက်အစီအစဉ်များ - သီးနှံမျိုးစုံစမ်းသပ်စိုက်ပျိုးခြင်းအတွက် စံပြစိုက်ခင်းတည်ထောင်ခြင်း၊ အလုပ်သမားနှင့်ကျွမ်းကျင်မှုများအားမြှင့်တင်ပေးရန် သင်တန်းများသင်ကြားလေ့ကျင့်ပေးခြင်း၊ အခြေခံအဆောက်အအုံများတည်ဆောက်ခြင်းနှင့် တစ်ပေါင်းတစ်စည်းထဲဖြစ်သော လူမှုရေးဆိုင်ရာဝန်ဆောင်မှုများထူထောင်ခြင်းတို့ပါဝင်သည်။

(၄) အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း

ရှန်ရှင်းတင်ဘာလိုင်ရေဘာယ်လ်လတီကုမ္ပဏီလီမိတက်အားကချင်အထူးဒေသ (၁) ဝိုင်းမော်၌လဘက် ၄၀,၀၀ မု စိုက်ပျိုးရေးလုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်ရန်တာဝန်ပေးခွင့်ပြုခဲ့ပြီးဖြစ်သည်။ တစ်ချိန်တည်းမှာပင် ၄င်းကုမ္ပဏီကိုပင် ပြောင်း ၅၀၀ မု (၃၃ ဟက်တာ)၊ ကောက်ကော (ဖရန့်တပ်တက် ဆိုကို) ၅၀၀ မုနှင့် သစ်ကြားသီး ၅၀၀ မု တို့စိုက်ပျိုးရန်အတွက်လည်းတာဝန်ပေးခွင့်ပြုလိုက်သည်။

(၅) လုပ်ငန်းစီမံချက်အတွက်သတ်မှတ်ထားချက်များ

၁။ ပေါက်ရှန်းမြို့စီးပွားရေးနှင့်ကုန်သွယ်ရေးဌာနမှ လုပ်ငန်းစီမံချက်အားအကောင်အထည်ဖော်ဆောင် ရွက်ရန်လမ်းညွှန်ချက်ချမှတ်ပေးမည်။ ကုမ္ပဏီသည် လုပ်ငန်းစီမံချက်အားလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အ စည်းဖြစ်ရမည်။ လုပ်ငန်းစီမံချက်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကချင်အထူးဒေသ (၁) အစိုးရသည် ၎င်းတို့နှင့်အတူပူးပေါင်းဆောင်ရွက်ရမည်။ တရုတ်နိုင်ငံဘက်မှ တာဝန်ခံပုဂ္ဂိုလ်သည် ပေါက်ရှန်းမြို့စီးပွားရေးနှင့်ကုန်သွယ်ရေးဌာနဒုတိယအကြီးအကဲလီအန်ကွမ်ဖြစ်သည် (အိမ်ဖုန်းနှင့်မိုဘိုင်းဖုန်းနံပါတ်များအားတီအင်န်အိုင်မှချန်လှပ်ထားခဲ့သည်)။ မြန်မာနိုင်ငံဘက်အခြမ်းမှတာဝန်ခံပုဂ္ဂိုလ်သည် ကချင်အထူးဒေသ (၁)၊ ပန်ဝါရှိပြည်သူ့ရေးရာစီမံခန့်ခွဲရေးဌာနမှ ဖော်ဂန်ခေါ်ဇုန်ဖြစ်သည် (အိမ်ဖုန်းနှင့်မိုဘိုင်းဖုန်းနံပါတ်များအားတီအင်န်အိုင်မှချန်လှပ်ထားခဲ့သည်)။

၂။ လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရန်သတ်မှတ်သည့်ကာလမှာ (၁၂) လဖြစ်သည်။

၃။ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကုမ္ပဏီသည် စတင်စိုက်ပျိုးသောကာလအတွင်း ၂,၀၀၀ မု (၁၃၃ ဟက်တာ) ထက်မနည်းကိုစိုက်ပျိုးရမည်။

၄။ ပိုင်ဆိုင်မှုနှင့်အကျိုးအမြတ်ခွဲဝေမှုများသည် ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သော အချိုးအစားအတိုင်း၊ သို့မဟုတ် သဘောတူညီချက်တွင်ဖော်ပြပါရှိထားသည့်အတိုင်းဖြစ်စေရမည်။

(၆) အရင်းအနှီးနှင့်စီမံခန့်ခွဲမှု

အစားထိုးလုပ်ငန်းစီမံချက်အတွက် မတည်ငွေအရင်းအနှီးအားလုပ်ငန်းများမှ အဓိကကျခံရမည်။ ပေါက် ရှန်းမြို့ပြည်သူ့အစိုးရမှလည်းတစ်စိတ်တစ်ပိုင်းအထောက်အပံ့များကျခံပေးသွားမည်။ အကောင်အထည် ဖော်ဆောင်ရွက်မည့်ကုမ္ပဏီသည် အထူးကိစ္စများသုံးစွဲရန်အတွက် အထူးသီးသန့်ရန်ပုံငွေများနှင့်ပြည့်စုံ တိကျသောဘဏ္ဍာရေးစနစ်တစ်ရပ် ကိုထူထောင်ထားရှိရမည်။ နေ့စဉ်ကြီးကြပ်စစ်ဆေးမှုများကို ပေါက်ရှန်းမြို့စီးပွားရေးနှင့်ကုန်သွယ်ရေးဌာနမှဆောင်ရွက်သွားရမည်။

(၇) ရပိုင်ခွင့်များနှင့်ဝတ္တရားများ

တရုတ်နိုင်ငံဘက်မှဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များမှာ

၁။စိုက်ပျိုးရေးလုပ်ငန်းစီမံချက်အတွက်မတည်ငွေအကျိုးအမြတ်ခွဲတမ်းကောက်ခံခြင်း။

၂။အစားထိုးစံပြစိုက်ခင်းအတွက် လုပ်ငန်းများအသေးစိတ်ချမှတ်ခြင်း၊ သီးနှံများရွေးချယ်ခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊ သင်ကြားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း။

၃။စိုက်ခင်းများမှထွက်ကုန်အားပြန်လည်ကောက်ခံခြင်း၊ စီမံပြုပြင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းအစရှိသည်တို့အားဆောင်ရွက်ခြင်း။

မြန်မာဘက်မှဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များမှာ

၁။ဥပဒေနှင့်အညီမြေယာရရှိနိုင်ရေးနှင့် အစားထိုးစိုက်ပျိုးရေးအားလုပ်ကိုင်ခွင့်ရရှိရေးတို့အတွက် ခွင့်ပြုချက်များနှင့်စာရွက်စာတမ်းအထောက်အထားများ ရရှိအောင်ဆောင်ရွက်ခြင်း။

၂။မြန်မာနိုင်ငံအတွင်း လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ခြင်းနှင့်သက်ဆိုင်သော ကြုံတွေ့ရမည့်ပြဿနာကိစ္စရပ်များအားဖြေရှင်းခြင်း၊ စိုက်ခင်းစတင်စိုက်ပျိုးရာတွင် ဒေသခံများမှပါဝင်လာစေရေးအတွက်စည်းရုံးခြင်း၊ ဒေသခံတောင်သူလယ်သမားများအတွက် လေ့ကျင့်ပညာပေးသင်တန်းများဖွင့်လှစ် ကျင်းပရာတွင် တရုတ်နိုင်ငံမှတာဝန်ရှိသူများနှင့်လက်တွဲဆောင်ရွက်ခြင်း။

၃။တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံမှုအား ဥပဒေအရအခွင့်အာမခံပေးရန်နှင့် လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ရန် အတွက်ရောက်ရှိလာကြသော တရုတ်လူမျိုးဝန်ထမ်းများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကိုအာမခံပေးရန်။

(၈) အကယ်၍ ဤသဘောတူညီချက်၌မပါဝင်သော ကိစ္စရပ်များဖြစ်ပွားခဲ့သည်ရှိသော် နှစ်ဦးနှစ်ဘက်ညှိနှိုင်း၍ဖြေရှင်းသွားရန်။

(၉) ဤသဘောတူညီချက်အား တရုတ်နှင့်မြန်မာနှစ်ဘာသာဖြင့်ပုံနှိပ်မည်ဖြစ်ပြီး၊ တစ်ဘက်စီမှမိတ္တူတစ်စောင်စီအား သိမ်းဆည်းထားကြရမည်။

(၁၀) ဤသဘောတူညီချက်အား နှစ်ဘက်စလုံးမှ လက်မှတ်ရေးထိုးပြီးချိန်မှစတင်၍ အသက်ဝင်မည်ဖြစ်သည်။

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၈ ရက်နေ့တွင် လက်မှတ်ရေးထိုးကြသည်။

| | |
|---|---|
| ပြည်သူ့အစိုးရ | ကချင်အထူးဒေသ (၁) အစိုးရ |
| ပေါက်ရှန်းမြို့၊ယူနန်ပြည်နယ်၊တရုတ်နိုင်ငံ | မြန်မာ(အင်န်ဒီအေ-ကေ) |
| ကိုယ်စားလှယ် | ကိုယ်စားလှယ် |

## တရုတ်-မြန်မာ လဘက် ၄,၀၀၀ မု စံပြစိုက်ခင်း ပူးတွဲတည်ထောင်ခြင်းအတွက် သဘောတူညီချက်

ကချင်အထူးဒေသ(၁) (အင်န်ဒီအေ-ကေ) အစိုးရ (ဤမှစ၍နောင်တွင်အဖွဲ့-ကဟူ၍ရည်ညွှန်းခေါ်ဆိုမည်) နှင့်ရှန်ရှင်းတင်ဘာလိုင်ရေဘယ်လ်လတီကုမ္ပဏီလိမိတက် (ဤမှစ၍နောင်တွင်အဖွဲ့-ခ ဟူ၍ရည်ညွှန်း ခေါ်ဆိုမည်) တို့သည် နှစ်ဘက်အိမ်နီးချင်းကောင်းဆက်ဆံရေးအား တိုးတက်စေရန်ရည်ရွယ်ချက်ဖြင့် သဘောတူညီခဲ့ကြပြီးဖြစ်သည်။ ကချင်အထူးဒေသ (၁) မှတောင်းဆိုမှုအရ ပေါက်ရှန်းမြို့မှ ကျွမ်းကျင် သူပညာရှင်များကိုစေလွှတ်ကာလေ့လာ ရေးအစီအစဉ်တစ်ခုကိုဆောင်ရွက်ခဲ့ကြပါသည်။ နှစ်ဘက်အဖွဲ့များသည် သေချာစွာအသေးစိတ်ဆွေးနွေးခဲ့ကြပြီးလျှင် ကချင်အထူးဒေသ (၁) ရှိ ဝိုင်းမော်နှင့်ရှင်းကျိုက်၌ ၄,၀၀၀ မု (၂၆၆ ဟက်တာ) စံပြလဘက်စိုက်ခင်းတစ်ခုကို အောက်ပါသဘောတူညီချက်များနှင့်အညီတည်ထောင်ရန်ဆုံးဖြတ်ခဲ့ကြပြီး ဖြစ်သည်။

(၁) လုပ်ငန်းစီမံချက်အားဆန်ဇင်းသစ်ကုမ္ပဏီလီမီတက်မှဆောင်ရွက်မည်။

(၂) ဝင်ငွေရသီးနှံစံပြစိုက်ခင်းပူးတွဲတည်ထောင်မှုလုပ်ငန်းသည် ပူးတွဲအစုစပ်လုပ်ငန်းစီမံချက်လည်းဖြစ်သည်။ အစုရှယ်ယာပါဝင်မှုတွင် ငွေလုံးငွေရင်းနှင့်မြေယာဟူ၍အမျိုးအစားနှစ်မျိုးပါဝင်သည်။အစုရှယ်ယာများ၏တန်ဖိုးအချိုးအစားမှာ ငွေလုံးငွေရင်းအနေဖြင့် ၉၀ ရာခိုင်နှုန်းဖြစ်ပြီး၊ မြေယာ၏အစုရှယ်ယာတန်ဖိုး မှာ ၁၀ ရာခိုင်နှုန်းဖြစ်သည်။

(ဂ) ဤဖက်စပ်လုပ်ငန်းသည် အဖွဲ့နှစ်ဖွဲ့လုံးမှရင်းနှီးမြှုပ်နှံကြရန်ဖြစ်ပြီး၊ ရှယ်ယာတန်ဖိုးအချိုးအစားအလိုက်အကျိုးအမြတ်အား ခွဲဝေယူကြသည့်နည်းလမ်းဖြစ်သည်။ ငွေလုံးငွေရင်းအားနှစ်ဖက်စလုံးမှရင်းနှီး မြှုပ်နှံကြ၍မြေယာရင်းနှီးမြှုပ်နှံမှုအား အဖွဲ့-ကအနေဖြင့် တစ်ဦးတည်းဆောင်ရွက်ရမည်။ နှစ်ဘက်လုံး၏ငွေသားရင်းနှီးမြှုပ်နှံမှုအား အဖွဲ့-ခ၏ တာဝန်ခံမှုအောက်၌ရှိပြီး၊ ယင်းအဖွဲ့မှပင်ခွဲဝေသုံးစွဲမည်။

(ဃ) နည်းပညာနှင့်ပတ်သက်၍ လုပ်ငန်းစီမံချက်၏စီမံကိန်းချမှတ်ခြင်းအားလုံးကို ပေါက်ရှန်းစိုက်ပျိုးရေးဖွံ့ဖြိုးတိုး တက်ရေးဌာနမှဆောင်ရွက်မည်။ စီမံချက်အားပြည့်မြောက်အောင် အကောင်အထည်ဖော်ခြင်း၊ လဘက်ပျိုးပင်များစိုက်ပျိုးရန်ကျွမ်းကျင်သူများအားစေလွှတ်ခြင်းနှင့်စိုက်ပျိုးရေးသိပ္ပံဆိုင်ရာသင်တန်းများပို့ချခြင်းအားအဆိုပါဌာနမှဆောင်ရွက်မည်။

(င) ပေါက်ရှန်းစိုက်ပျိုးရေးဌာနသည် စာချုပ်ကာလအတွင်း ကချင်ပြည်နယ်သို့ကျွမ်းကျင်သူများကို အခါအားလျော်စွာစေလွှတ်ခြင်း၊ လဘက်ပင်များစိုက်ပျိုးခြင်းနှင့်ပျိုးပင်များပျိုးထောင်ခြင်းများအတွက်အကူအညီပေးခြင်း၊ သင်ကြားပြသခြင်းများကိုဆောင်ရွက်မည်။

(စ) အဖွဲ့-ခသည် လဘက်မျိုးပင်များထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရာနေရာများသို့ စုဆောင်းပေးပို့ပေး ခြင်းတို့အတွက်တာဝန်ရှိသည်။ မျိုးပင်များအတွက် အသုံးစရိတ်နှင့်သယ်ယူပို့ဆောင်သည့်စရိတ်များအား နှစ်ဘက်စလုံးမှဝေမျှကျခံရမည်။

(ဆ) လုံခြုံရေးကိစ္စ - အဖွဲ့-ကသည် ကချင်ပြည်နယ်အထူးဒေသ (၁) သို့ စေလွှတ်ထားသောဝန်ထမ်း များ၏အသက်အိုးအိမ်စည်းစိမ်များအတွက် လုံခြုံမှုအပြည့်အဝပေးရမည်။ ထို့အပြင် မြန်မာအာဏာပိုင်များထံမှလိုအပ်သော ခွင့်ပြုချက်များ၊ စာရွက်စာတမ်းအထောက်အထားများရရှိရေးအတွက်ဆောင်ရွက်ခြင်းနှင့်ဘေးကင်းလုံခြုံစွာသွားလာနိုင် ရေးတို့အတွက်လည်းတာဝန်ရှိသည်။

(ဇ) သဘောတူညီချက်ကာလသည်နှစ် ၃၀ သက်တမ်းဖြစ်သည်။ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက် နေ့မှ ၂၀၃၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့အထိ။

(ဈ) နှစ်ဘက်စလုံးသည်ထုတ်ကုန်များအား စီမံပြုပြင်ခြင်းနှင့်ဈေးကွက်ရရှိရေး ဆောင်ရွက်ခြင်းများအတွက်တာဝန်ရှိသည်။

(ည) သဘောတူညီချက်အတွင်းမပါဝင်သော ကိစ္စရပ်များဖြစ်ပွားခဲ့သည်ရှိသော် နှစ်ဦးနှစ်ဘက်ညှိနှိုင်း၍ ဖြေရှင်းကြရမည်။

(ဋ) သဘောတူညီချက်အားတရုတ်၊ မြန်မာနှစ်ဘာသာဖြင့်ရေးသား၍၊ မိတ္တူနှစ်ခုအဖြစ်ပုံနှိပ်မည်ဖြစ်သည်။ တရုတ်၊ မြန်မာနှစ်ဘာသာလုံးသည် တန်းတူသက်ရောက်မှုတူညီပြီး၊ အဖွဲ့တစ်ဖွဲ့စီမှမိတ္တူတစ်ခုစီ သိမ်းဆည်းထားကြရမည်။

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင်လက်မှတ်ရေးထိုးသည်။

အဖွဲ့-က၊ ကချင်အထူးဒေသ (၁) (အင်န်ဒီအေ-ကေ)
ကိုယ်စားလှယ်-ဦးတိန့်ယိမ်း

အဖွဲ့-ခ၊ ရှန်ရှင်းတင်ဘာလိုင်ရေဘယ်လ်လတီကုမ္ပဏီလီမိတက်
ကိုယ်စားလှယ်-လီကော့ရှန်း

## ဟူးကောင်းချိုင့်ဝှမ်းဒေသတွင်မြေယာသိမ်းယူခြင်း

ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံဘိန်းအစားထိုးစီမံချက်၏ အဓိကဘဏ္ဍာရေးအထောက်အပံ့ဖြင့် တဟုန်ထိုးပေါက်ကွဲတိုးတက်လာသောရာဘာလုပ်ငန်းအပြင် အခြားသောကြီးမားလှသော စိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်များလည်းရှိသေးသည်။ ထင်ရှားသည့်မြန်မာ့စီးပွားရေးသမား ဦးဌေးမြင့်ပိုင်ဆိုင်သော ယုဇနကုမ္ပဏီသည် ကချင်ပြည်နယ်၏ကျော်ကြားလှသောဟူးကောင်းချိုင့်ဝှမ်းဒေသ၌ ၈၁,၀၀၀ မှ ၁၂၁,၀၀၀ ဟက်တာအကျယ်အဝန်းအထိရှိသော စိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်အား ၂၀၀၆ ခုနှစ်တွင် ချထားပေးခြင်းခံရသည်။ ယုဇနကုမ္ပဏီသည် ပလောပီနံအားအဓိကစိုက်ပျိုးပြီး၊ တရုတ်ပြည်တွင်းဇီဝလောင်စာဈေးကွက်အတွက် ကြံအနည်းငယ်ကိုလည်းစိုက်ပျိုးသည်။ ကချင်သုတေသီတစ်ဦး၏အဆိုအရ ၂၀၁၀ ခုနှစ် အကုန်တွင် ယုဇနကုမ္ပဏီ၏လုပ်ပိုင်ခွင့်တစ်ခုလုံးအနက်မှ ၁၂,၀၀၀ ဟက်တာကိုသာလျှင် စိုက်ပျိုးခဲ့သည်။ ယုဇနကုမ္ပဏီ၏အဆိုပါစီမံကိန်းအား တရုတ်ရင်းနှီးမြှုပ်နှံသူများမှကျောထောက်နောက်ခံပေးထားသည်ဟု မြန်မာစီးပွားရေးသမားများမှဆိုကြသော်လည်း၊ ဤအချက်ကိုယုဇနကုမ္ပဏီမှငြင်းဆိုခဲ့သည်။[၂၁၇] ရန်ကုန်အခြေစိုက်မြန်မာ

ကုမ္ပဏီတစ်ခုအနေဖြင့် မြန်မာပြည်မြောက်ပိုင်းတွင် ဤမျှလောက်ပမာဏများပြားလှသောမြေယာအားလုပ်ပိုင်ခွင့်ချထား ပေးခြင်းခံရမှုသည်ဖြစ်နေကျမဟုတ်ချေ။

ချထားပေးသောမြေယာလုပ်ပိုင်ခွင့်ဒေသ (မကြာခင်ကထပ်မံချထားပေးလိုက်သောနယ်မြေအပါအဝင်) အတွင်းကျေး ရွာပေါင်း ၁၅ ရွာပါဝင်နေပြီး စီမံကိန်း၏ဗဟိုချက်ဒေသတစ်နေရာတည်း၌ပင်ခန့်မှန်းခြေရွာသားဦးရေ ၅,၀၀၀ ရှိနေ သည်။[၂၁၈] ရွာသားများ၏လိမ္မော်ခြံများအပါအဝင် ကျေးရွာ ၆ ရွာသာလျှင်လုပ်ပိုင်ခွင့်အတွင်း၌ရှိသည်ဟု အဆိုပါယုဇန ကုမ္ပဏီလုပ်ပိုင်ခွင့်လုပ်ငန်း၏ အထွေထွေမန်နေဂျာမှဆိုသည်။ သို့သော်ကချင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အင်န်ဂျီအို အဖွဲ့အစည်းတစ်ခု၏အဆိုအရ ၂၀၁၀ ခုနှစ်၊ ဖေ ဖော်ဝါရီလအကုန်တွင် စုစုပေါင်းကျေးရွာ ၆ ရွာ (ဝရာဇွပ်၊ နန်းစိုင်၊ ဘန်ကော့၊ လာဂျပ၊ အောန်ရ နှင့်ဂျာထုဇ) မှအိမ်ထောင်စု ၁,၀၀၀ စုခန့်အနက်မှ အိမ်ထောင်စု ၁၆၃ စုတို့အား ၎င်းတို့ ၏မြေယာများမှအတင်းအကျပ်နှင်ထုတ်ခံခဲ့ကြရပြီး၊ စိုက်ပျိုးရန်အတွက်ညံ့ဖျင်းလှသောမြေနှင့်တကွ ငါးဖမ်းရန်နေရာပင် မရှိသော ယုဇန 'စံပြ ကျေးရွာ' သို့ပြောင်းရွှေ့နေရာချထားခဲ့သည်။[၂၁၉] ဤအစီရင်ခံစာသည် ၂၀၁၀ နှစ် လယ်ပိုင်းတွင် ပတ်ဝန်းကျင်ကျေးရွာ ၁၁ ရွာတွင်မြေယာ ၁,၄၅၀ ဟက်တာသိမ်းယူထားခြင်းအားမှတ် တမ်းတင်ထားသည်။[၂၂၀]

တစ်ချိန်တည်းလိုလိုမှာပင် ဩဇာတိက္ကမအရှိဆုံး ကချင်စီးပွားရေးသမားတစ်ဦးဖြစ်သည့် ဂျိတ်လင်းန် ကုမ္ပဏီမှရှပ်ဖော် ခေါ်သည် ဟူးကောင်းချိုင့်ဝှမ်းဒေသအတွင်း ၈၁,၀၀၀ ဟက်တာအကျယ်အဝန်းရှိ သောလုပ်ငန်းလုပ်ပိုင်ခွင့်တစ်ခုကို ရရှိခဲ့သည်။ ၂၀၀၉ ခုနှစ်၌ ဂျိတ်လင်းန်လုပ်ပိုင်ခွင့်ရမြေမှ ၂၀,၀၀၀ ဟက်တာအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အငြိမ်းစားအဆင့်မြင့်ဗိုလ်ချုပ်ကြီးတစ်ဦး၏ဆွေမျိုးတစ်ဦးပိုင်ဆိုင်သည်ဟုဆိုကြသည့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ အားလွှဲပြောင်းပေးခဲ့ရသည်။ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီက ၎င်းအားချထားပေးသော မြေယာအတွင်း ၄က်ပျော၊ ပြောင်းနှင့်ကြံများစိုက်ပျိုးမည်ဟုဆိုသည်။ အဆိုပါမြေယာအတွင်း အကြီးအကျယ်သစ်ခုတ်ခြင်း၊ မြေဖြိုမြေညှိခြင်းနှင့်နယ် စည်းခြားလမ်းများကို ဖောက်လုပ်လာခဲ့သည်။ ဤလုပ်ရပ်သည် မိမိတို့၏မူလစိုက်ပျိုးပိုင်ခွင့်အခွင့်အရေးများကို လက် လွတ်ဆုံးရှုံးနစ်နာခဲ့ကြရသော ဒေသခံရွာသားများနှင့် ပဋိပက္ခဆီသို့ဦးတည်သွားခဲ့သည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်ကိုင် ရန်မြန်မာရွှေ့ပြောင်းအလုပ်သမားများအလုံးအရင်းဖြင့်ရောက်ရှိလာခဲ့ကြပြီး၊ နောက်ထပ်ဒေသတွင်းပဋိပက္ခဆီသို့ဦးတည် ခဲ့ကြသည်။

ဤလုပ်ပိုင်ခွင့်နှစ်ခုလုံးသည် ၂၀၁၀ ခုနှစ်၌ ဟူးကောင်းချိုင့်ဝှမ်းဒေသအများစုပါဝင်သည့် နယ်မြေသတ်မှတ်တိုးချဲ့ ပေးခဲ့သည့် ကမ္ဘာ့အကြီးဆုံးကျားဘေးမဲ့တောဖြစ်သည့် ဟူးကောင်းချိုင့်ဝှမ်းဒေသကျားထိန်း သိမ်းစောင့်ရှောက်ရေး ဘေးမဲ့တောနှင့်လည်း နယ်မြေများတစ်စိတ်တစ်ပိုင်း ထပ်ဆင့်ရောယှက်လျက်ရှိနေပြန်သည်။ ထို့ကြောင့် အဆိုပါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်သည် အဓိကထိန်းသိမ်းစောင့်ရှောက်ထား သောမြေနိမ့်ပိုင်းရှိသစ်တောများအားခုတ်ထွင် လာခဲ့သည်။ ကျားဘေးမဲ့တောနှင့်ယုဇနလုပ်ပိုင်ခွင့်ရမြေယာတို့ထပ်ဆင့်ရောယှက်နေသောနေရာ၌ပင် ရပ်ရွာပိုင်သစ် တောနှစ်ခုလည်းရှိနေပြန်သဖြင့် မြေယာအသုံးချ မှုပဋိပက္ခများဆီသို့ ဦးတည်နေလေတော့သည်။

ဤအခြေအနေအား တုံ့ပြန်သည့်အနေဖြင့် ဒေသခံကချင်ရွာသားများမှ ယုဇနကုမ္ပဏီအား မြစ်ကြီးနားတရားရုံး၌တရား စွဲဆိုရန်ဆုံးဖြတ်ခဲ့ခြင်းသည် တရားဥပဒေစိုးမိုးမှုမရှိသလောက်ဖြစ်သည့် နိုင်ငံအတွင်းဖြစ်တောင့်ဖြစ်ခဲလုပ်ရပ်တစ်ခုဖြစ်ခဲ့ သည်။ ကျေးရွာလူထုသည်ကျေးရွာ ၅ ရွာနှင့်တောင်သူ ၈၀၀ ကျော်တို့၏ကိုယ်စားလှယ် ၁၉ ဦးပါဝင်သည့် ဟူးကောင်း ချိုင့်ဝှမ်းဖွံ့ဖြိုးရေးနှင့် လယ်ယာစိုက်ပျိုးရေးစီမံကိန်းကော်မတီအားဖွဲ့စည်းခဲ့ကြသည်။ ၂၀၀၇ ခုနှစ်တွင် ယင်းတို့၏ဘဝ နှင့်အသက်မွေးဝမ်းကျောင်းမှုများအပေါ် ယုဇနကုမ္ပဏီ၏အကျိုးသက်ရောက်မှုနှင့် လုံလောက်သောလျော်ကြေးမရရှိမှုတို့

အတွက်အသနားခံစာတစ်စောင်အားစုပေါင်းလက်မှတ်ရေးထိုး၍ထိုစဉ်ကနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖြစ်သူဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ယခုတရားဝင်အငြိမ်းစားယူခဲ့ပြီးဖြစ်သည်)ထံသို့ပေးပို့ခဲ့ကြသည်။[၂၂၁]

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ အစောပိုင်း၌ မြစ်ကြီးနားတရားရုံးက သိမ်းယူခဲ့သောစပါးစိုက်ခင်းလယ်တစ်ဟက်တာစီအား ၃၂,၀၀၀ ကျပ်နှင့်အိမ်တစ်လုံးချင်းစီအတွက် ၁၅၀,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၁၇၀) ပေးရန်ယုဇနဦးဌေးမြင့်အားအမိန့်ချမှတ်ခဲ့သည်။[၂၂၂] သို့သော် ဤပမာဏသည် ရွာသားများအား မူလကပေးအပ်ရန်ကမ်းလှမ်းခဲ့သော ပမာဏနှင့်များစွာမကွာခြားလှပေ။ ဤတရားရုံး၏ဆုံးဖြတ်ချက်သည် တောင်သူ ၄၆ ဦးအားကိုယ်စားပြုသောအဖွဲ့တစ်ဖွဲ့နှင့် အခြားတောင်သူ ၁၅ ဦးပါဝင်သည့်အခြားအဖွဲ့တစ်ဖွဲ့ ပေါင်းနှစ်ဖွဲ့အား သက်ရောက်မှုရှိခဲ့သည်။ တောင်သူ ၂၀ ဦးပါဝင်သည့်အဖွဲ့တစ်ဖွဲ့၏တတိယအကြိမ်တရားစွဲဆိုရန်လျှောက်ထားမှုကို မြစ်ကြီးနားတရားရုံးမှပယ်ချခြင်းခံခဲ့ရသည်။ တောင်သူများသည် ဤရလာဒ်များနှင့်တကွ မျှော်လင့်ထားသည်ထက်နည်းပါးသော လျော်ကြေးများအတွက် စိတ်မသက်မသာဖြစ်ခဲ့ကြရပြီး၊ ပြည်နယ်တရားရုံး၏ဆုံးဖြတ်ချက်အားအန်တုကာ နေပြည်တော်ရှိတရားရုံးချုပ်သို့ အယူခံဝင်မည်ဟုခြိမ်းခြောက်ခဲ့ကြသည်။[၂၂၃]

တရားရုံးများတွင် ဤအမှုတရားရင်ဆိုင်နေစဉ်ကာလအတွင်း ယုဇနကုမ္ပဏီအားတရားစွဲဆိုမှုအား ဦးဆောင်ခဲ့ကြသူတောင်သူများအနက်မှတစ်ဦးဖြစ်သည့် ဒေါ်ဘောက်ဂျာသည် အတိုက်အခံပါတီတစ်ခုဖြစ်သော အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (အင်န်ဒီအက်ဖ်) ၏ဖားကန့်မြို့နယ်ကိုယ်စားလှယ်အဖြစ် ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလရွေးကောက်ပွဲ၌ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ကိုယ်စားပြုနယ်မြေအတွင်း သူမ၏ပြိုင်ဘက်ကိုယ်စားလှယ်မှာ ဒေသအတွင်းသဘာဝသယံဇာတထုတ်ယူသည့် စီးပွားရေးလောကနှင့်ခိုင်မာသည့်ဆက်ဆံမှုရှိထားသူ ယခင်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်ပင်ဖြစ်သည်။ ၎င်းသည် ၎င်း၏မိတ်ဆွေယုဇနကုမ္ပဏီဦးဌေးမြင့် (ယခုတနင်္သာရီတိုင်းဒေသကြီး၏လွှတ်တော်အမတ်) အတွက် မြေယာလုပ်ပိုင်ခွင့်ရရှိစေရန် ဆောင်ရွက်ပေးခဲ့သောမူလပထမပွဲစားလည်းဖြစ်သည်။[၂၂၄] ‘ကြိုတင်မဲများ’ များအားရေတွက်ပြီးချိန်နှင့်‘ပယ်’မဲများအားဖျက်သိမ်းပြီးချိန်တွင်ဒေါ်ဘောက်ဂျာရှုံးနိမ့်ခဲ့ပြီး၊ ရဲတပ်ဖွဲ့မှအလိုရှိနေသဖြင့်ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ သို့သော် ဦးအုန်းမြင့်အနေဖြင့်ပိုမိုမြင့်မားသည့်နိုင်ငံရေးနေရာရရှိသွားသည့်အလျောက် ဒေါ်ဘောက်ဂျာသည် အင်န်ဒီအက်ဖ်၏ဖားကန့်မြို့နယ်၏ရွေးချယ်ခံကိုယ်စားလှယ်အဖြစ်၌သာအဆုံးသတ်ခဲ့ရသည်။ ယခုအခါ ဒေါ်ဘောက်ဂျာသည်နိုင်ငံတွင်းတိုင်းရင်းသားပဋိပက္ခများအား ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် အကျိုးဆောင်ပေးနေသော ငြိမ်းချမ်းရေးကော်မတီတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။[၂၂၅]

# ရှမ်းပြည်နယ်မှ ရွှေဖြူ

ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏တိုင်းရင်းသားပြည်နယ်များအနက်အကြီးဆုံးဖြစ်ပြီး တရုတ်နိုင်ငံ၏ယူနန်ပြည်နယ်၊ လာအိုနိုင်ငံနှင့်ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ရှမ်းကုန်းမြေမြင့်သည် ခက်ခဲကြမ်းတမ်းသည့်လူနေမှုအခြေအနေများနှင့်မြေဆီသြဇာကြွယ်ဝသော ချိုင့်ဝှမ်းဒေသများတစ်စစီကျဲပြန့်နေသည့် တောတောင်ထူထပ်သည့်ဒေသတစ်ခုအဖြစ်ဖွဲ့စည်းထားသည်။ တိဘက်ကုန်းမြေမြင့်မှစတင်၍မြစ်ဖျားခံစီးဆင်းလာသော အဓိကမြစ်ကြီးနှစ်စင်းသည် ရှမ်းပြည်နယ်ကိုဖြတ်သန်း၍ မြောက်မှတောင်သို့စီးဆင်းနေသည်။ သံလွင်မြစ်သည်ရှမ်းပြည်နယ်အား ထက်ဝက်ပိုင်းဖြတ်ထားပြီးမဲခေါင်မြစ်သည်ရှမ်းပြည်နယ်နှင့်လာအိုနိုင်ငံတို့အားနယ်နိမိတ်အဖြစ်ပိုင်းခြားထားသည်။

ရှမ်းပြည်နယ်သည်သမိုင်းအစဉ်အဆက်သဘာဝသယံဇာတပေါကြွယ်ဝသည်။ ငွေနှင့်ပတ္တမြားကျောက်တွင်း များသည်ကာလကြာရှည်စွာ၊ အထူးသဖြင့်ကိုလိုနီခေတ်၌ နိုင်ငံခြားသားနှင့်ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ အားဆွဲဆောင်ခဲ့ကြသည်။ ဤဒေသသည် ရွှေ၊ ခဲ၊ ဇင့်၊ ကြေးနီ၊ သံ၊ သံဖြူ၊ ခနောက်စိမ်း၊ ကျောက်မီးသွေး၊ အဖြိုက်နက်နှင့်အဖိုးတန်ကျောက်များထွက်ရှိသည်။ ကချင်ပြည်နယ်မှာကဲ့သို့ပင်အထိန်းအကွပ်မဲ့ဖြစ်နေသောသစ်ခုတ်လှဲမှုများသည် အဆိုပါဒေသရှိတစ်ချိန်ကနဂိုမူလအတိုင်းရှိနေခဲ့သောသစ်တောများအပေါ် ဆိုးကျိုးများစွာကျရောက်စေခဲ့သည်။ အဆိုးဝါးဆုံးသောသစ်တောပြုန်းတီးမှုမှာ အိမ်နီးချင်းနိုင်ငံများမှကုမ္ပဏီများက တိုင်းရင်းသားလက်နက်ကိုင်ဆန့်ကျင်ဘက်အဖွဲ့များနှင့် အဆက်အသွယ်ယူ၍အလွယ်တကူဝင်ထွက်သွားလာနိုင်သော ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်များနှင့်နီးကပ်သည့်ဒေသများနှင့်တွင်ဖြစ်ပွားခဲ့ပြီး ရှမ်းပြည်နယ်၏ကျယ်ပြောလှသည့် နေရာဒေသများကိုအပြောင်ရှင်းလင်းခုတ်ထွင်ခဲ့ကြပြီးဖြစ်သည်။ တန်ဖိုးအရှိဆုံးသစ်ပင်အများစုအားခုတ်ယူခဲ့ကြပြီးဖြစ်သည့်အလျောက် ရှမ်းပြည်နယ်ရှိအနည်းငယ်သော လက်ကျန်ဒေသများ၌လည်း သစ်ခုတ်လှဲမှုများဆက်လက်ရှိနေဆဲပင်ဖြစ်သည်။

ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၌တိုင်းရင်းသားလူမျိုးစုပေါင်းစုံအများဆုံးရှိရာနေရာဖြစ်သည်။ လူများစုဖြစ်သောရှမ်းတို့သည်မြေနိမ့်ပိုင်းနှင့်ချိုင့်ဝှမ်းဒေသများရှိ မြို့နှင့်ရွာများတွင်နေထိုင်ကြပြီး၊ ရေသွင်းစပါးကိုစိုက်ပျိုးလုပ်ကိုင်ကြသည်။ 'တိုင်း' ဟုမိမိတို့ကိုယ်ကိုမိမိတို့အမည်ပေးထားသောရှမ်းများသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ 'ဒိုင်'၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံများရှိ 'တိုင်' လူမျိုးစုများနှင့်မျိုးနွယ်အရဆက်စပ်နေကြသည်။ အဆိုပါလူများစုရှမ်းလူမျိုးများသည် ကုန်သွယ်ရေးအဆက်အသွယ်ကွန်ယက်များကို လွှမ်းမိုးထားကြသည်။ အခြားသောလူမျိုးများဖြစ်ကြသည့် ပလောင်၊ 'ဝ'၊ ကိုးကန့်၊ ပအို့၊ အခါနှင့် လားဟူတို့သည် ကနဦးကတည်းကပင် တောင်ကုန်းများ၌နေထိုင်ကြပြီး၊ ကိုယ်တိုင်စားသုံးရန်နှင့် ရောင်းဝယ်ရန် ဆန်နှင့်ဟင်းသီးဟင်းရွက်များကိုရရှိနိုင်ရန်အတွက် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းကိုလုပ်ကိုင်ကြသည်။ ဗမာလူဦးရေများအနေဖြင့် မြို့ကြီး၊ မြို့ငယ်များ၌သာအဓိကနေထိုင်ကြသည်။ ကချင်ပြည်နယ်မှာကဲ့သို့ပင် မြန်မာနိုင်ငံအတွင်း သမိုင်းအချိန်ကာလအသီးသီးကပင် အခြေချနေထိုင်လာကြသော တိုးပွားလျက်ရှိသည့် တရုတ်လူမျိုးများ လည်းရှိကြသည်။

အစဉ်အလာအားဖြင့်ရှမ်းပြည်နယ်ရှိ 'ဝ'နှင့်ကိုးကန့်ဒေသတို့သည် မြန်မာနိုင်ငံ၏အဓိကဘိန်းစိုက်ပျိုးရာ နယ်မြေများဖြစ်ကြသည်။ ဘိန်းအားအစားအစာ၊ အဝတ်အထည်များနှင့် ဆေးဝါးများဝယ်ယူနိုင်ရန်အတွက် ဝင်ငွေရသီးနှံအဖြစ် ဝမ်းရေးဖူလုံရုံသာစိုက်ပျိုးလုပ်ကိုင်နေကြသည့် ဆင်းရဲသားတောင်သူတို့က စိုက်ပျိုးကြသည်။ ဘိန်းကိုစိုက်ခင်းမှတိုက်ရိုက်ကြိုတင်ဝယ်ယူ၍သော်လည်းကောင်း၊ ခူးဆွတ်ပြီးသောအခါတွင် ဒေသခံဈေးကွက်၌သော်လည်းကောင်းရောင်းချကြသည်။

ဘိန်းကုန်သည်အများစုမှာ တိုင်းရင်းသွေးနှောသည့်တရုတ်များနှင့်ရှမ်းလူမျိုးတို့ဖြစ်ကြသည်။ ၂၀၀၃ နှင့် ၂၀၀၅ ခုနှစ်များအသီးသီး၌ ဘိန်းစိုက်ပျိုးခြင်းသည် ရှမ်းပြည်နယ်တောင်ပိုင်းသို့ ရွှေ့ပြောင်းရောက်ရှိသွားခဲ့သည်။[၂၂၆]

## အိမ်နီးချင်းနိုင်ငံများ၏အခန်းကဏ္ဍ

နိုင်ငံရေးအတိုက်အခံအဖွဲ့များနှင့် အပစ်အခတ်ရပ်စဲမှုသဘောတူညီချက်များကိုရရှိပြီးသောအခါတွင် တရုတ်နိုင်ငံကူမင်းမှ ရှမ်းပြည်နယ်မြောက်ပိုင်းလားရှိုးအထိ ဆက်သွယ်ထားသော ဒုတိယကမ္ဘာစစ်အတွင်းကတည်ဆောက်ခဲ့သည့် မြန်မာလမ်းမကြီးအားပြင်ဆင်ခြင်းနှင့်အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ခဲ့သည်။ အဆိုပါလမ်းမကြီးသည် ယခုအခါ နိုင်ငံ၏ဒုတိယအကြီးဆုံးမြို့ဖြစ်သော မန္တလေးနှင့်တရုတ်နိုင်ငံတို့အကြား အဓိကကုန်သွယ်ရေးလမ်းမကြီးဖြစ်လာခဲ့သည်။ နိုင်ငံ၏အဓိကဆိပ်ကမ်းနှင့်အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၌အချက်အချာဖြစ်သည့်မြို့တော်ဟောင်းရန်ကုန်နှင့်မတူဘဲ၊ မန္တလေးမြို့၏စီးပွားရေးသည် တရုတ်နိုင်ငံနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကကြီးကြီးမားမားလွှမ်းမိုးနေရာယူခြင်းကိုခံနေရသည်။ တရုတ်နိုင်ငံသို့သွားရာအခြားနယ်စပ်လမ်းတစ်ခုသည် ယခင်ဗမာပြည်ကွန်မြူနစ်ပါတီ (စီဘီပီ) ဖြစ်ခဲ့သည့်အမျိုးသားဒီမိုကရက်တစ်တပ်ပေါင်းစုတပ်မတော် (အင်န်ဒီအေအေ) ထိန်းချုပ်ထားရာ မိုင်းလားဒေသအတွင်း၌ တည်ရှိသည်။ တရုတ်နိုင်ငံနယ်စပ်မှကျိုင်းတုံအထိလမ်းပေါက်ပြီး၊ မြန်မာနိုင်ငံ၏နယ်စပ်မြို့ တာချီလိတ်နှင့်ထိုင်းနိုင်ငံမယ် ဆိုင်တို့အားဆက်သွယ်ထားသည့်လမ်းကိုအဆင့်မြှင့်တင်ခဲ့ပြီး အဆိုပါလမ်းသည်မြန်မာအစိုးရ၏လက်ရှိခရီးသွားလာမှု ကန့်သတ်ချက်များကိုသာရုတ်သိမ်းပေးခဲ့ပါမူ အဓိကကုန်သွယ်ရေးလမ်းမကြီးဖြစ်လာမည့်အလားအလာရှိသည်။

စစ်အေးခေတ်ကာလအတွင်း မြန်မာ့အိမ်နီးချင်းနိုင်ငံများသည် ၄င်းတို့၏နယ်စပ်များတွင် အခြေစိုက်နေခဲ့ကြသော သောင်းကျန်းသူအဖွဲ့အစည်းများကိုထောက်ပံ့ခဲ့ကြသည်။ အင်ဒိုချိုင်းနားဒေသ နိုင်ငံရေးပုံစံပြောင်းလဲလာခဲ့သည့် ၁၉၈၀ ခုနှစ်များမတိုင်မီအထိ တရုတ်နိုင်ငံသည် ၄င်း၏နယ်စပ်တစ်လျှောက်ရှိ ဗမာပြည်ကွန်မြူနစ်ပါတီနှင့်၄င်း၏မဟာမိတ်များအားအထောက်အပံ့ပေးနေခဲ့ချိန်တွင် ထိုင်းနိုင်ငံသည်လည်း ၄င်း၏နယ်စပ်၌အခြေစိုက်သော တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့များအားပံ့ပိုးနေခဲ့သည်။ စစ်အေးကာလပြီးဆုံးသွားသောအခါ ထိုင်းနှင့်တရုတ်နှစ်နိုင်ငံစလုံး၏ လုံခြုံရေးဦးစားပေးမှုများသည် အခြေခံကျကျပြောင်းလဲသွားခဲ့ကြသည်။ ဗဟိုအစိုးရနှင့်တရားဝင်ဆက်ဆံရေးထူထောင်ရန်အတွက် ဦးစားပေးဆောင်ရွက်ခဲ့ကြသဖြင့် လက်နက်ကိုင်အဖွဲ့များအား အထောက်အပံ့ပေးမှုသိသိသာသာကျဆင်းသွားခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် တရုတ်နယ်စပ်တစ်လျှောက်ရှိ ဗမာပြည်ကွန်မြူနစ်ပါတီမှခွဲထွက်ခဲ့ကြသည့် လက်နက်ကိုင်အဖွဲ့အားလုံးသည် တပ်မတော်အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့ကြသည်။ တရုတ်နယ်စပ်ရှိအခြေအနေများနှင့်မတူဘဲ ၁၉၉၅ ခုနှစ်၌ အပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်ထိုးထားသော မွန်ပြည်သစ်ပါတီသည်ထိုင်းနယ်စပ်တစ်လျှောက်ရှိတစ်ခုတည်းသောအပစ်ရပ်အဖွဲ့ဖြစ်သည်။ မြန်မာနိုင်ငံရှိ အခြားသောလက်နက်ကိုင်ဆန့်ကျင်ဘက်အဖွဲ့အားလုံးသည် မြန်မာအစိုးရအား ပြောက်ကျားစစ်ပွဲဆက်လက်ဆင်နွှဲလျက်ရှိကြသည်။ အပစ်ရပ်အဖွဲ့နှင့်အပစ်မရပ်အဖွဲ့တို့ခြားနားနေရခြင်းမှာအချိန်ဆွဲပြီးဖြစ်ပွားနေသောတိုင်းရင်းသားပဋိပက္ခနှင့်နိုင်ငံ၏သဘာဝအရင်းအမြစ်အားအသုံးချနိုင်မှုအခွင့်အရေးနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့၏မြန်မာနိုင်ငံအပေါ် ကျင့်သုံးလျက်ရှိကြသည့်မတူညီကြသည့်မူဝါဒများနှင့်ချဉ်းကပ်မှုများကြောင့်ဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း (မြန်မာလမ်းမကြီးတစ်လျှောက်)၊ အထူးသဖြင့်လားရှိုးနှင့်၄င်း၏ပတ်ဝန်းကျင် မြောက်ဘက်ပိုင်းအထိဒေသများတွင် တရုတ်နိုင်ငံ၏လွှမ်းမိုးမှုသည် ဗမာပြည်ကွန်မြူနစ်ပါတီကာလကတည်းကပင်အထင်အရှားရှိခဲ့သည်။ အိမ်နီးချင်းကိုးကန့်၊ 'ဝ'နှင့်မိုင်းလားဒေသများတွင်လည်း တရုတ်နိုင်ငံ၏နိုင်ငံရေး နှင့်စီးပွားရေးလွှမ်းမိုးမှုကြီးမား

လှပြီး၊ နယ်စပ်ဒေသတစ်ဘက်တစ်ချက်ရှိ ရပ်ရွာလူထုများနှင့်နီးစပ်သော ယဉ်ကျေးမှုနှင့်စီးပွားရေးရာ ဆက်စပ်မှုများလည်းရှိသည်။ ဤဒေသများအတွင်း တရုတ်ယွမ်ငွေအားအဓိကငွေကြေးအဖြစ်သုံးစွဲသည်။ တရုတ်နိုင်ငံ၏အဓိက ရည်ရွယ်ချက်မှာ နယ်စပ်တစ်လျှောက်တည်ငြိမ်မှုရှိစေရေးဖြစ်သည့်အားလျော်စွာ ယူဒဗလျူအက်စ်အေကဲ့သို့သောအဖွဲ့များသည်နယ်စပ်ရှိနယ်မြေများအား ဒီဖက်တိုပုံစံဖြင့်ထိန်းချုပ်အုပ်စိုးနေနိုင်သမျှကာလပတ်လုံး ၎င်းတို့အား တရုတ်မှ အထောက်အပံ့ပေးသွားမည့်သဘောရှိသည်။ တရုတ်အနေဖြင့် အနောက်နိုင်ငံ၏ကျောထောက်နောက်ခံရယူထားပြီး၊ အမေရိကန်လိုလားသော အက်စ်အက်စ်အေ-တောင်ပိုင်းအဖွဲ့နှင့်ကပ်လျက် ၎င်း၏နယ်စပ်၌ယူဒဗလျူအက်စ်အေအဖွဲ့အားထားရှိနိုင်ခြင်းအားပိုမိုလိုလားလျက်ရှိသည်။[၂၂၇]

ထိုင်းနိုင်ငံအနေဖြင့်မူ မြန်မာနိုင်ငံနှင့်ဆက်ဆံရေးသည် ပိုမိုပြဿနာဖြစ်နေခဲ့သည်။ ဆယ်စုနှစ်များစွာ ကြာအောင်ထိုင်းနိုင်ငံသည် ၎င်း၏နယ်စပ်တစ်လျှောက်ရှိလက်နက်ကိုင်သောင်းကျန်းမှုများအား အသံတိတ်ထောက်ပံ့ပေးနေခဲ့ခြင်းမှ စီးပွားရေးအရအမြတ်ထွက်နေခဲ့သည်။ သို့သော်စစ်အေးကာလအပြီး ထိုင်းအစိုးရသည်အင်ဒိုချိုင်းနားဒေသအား "စစ်တလင်းမှဈေးကွက်" အဖြစ်သို့ပြောင်းလဲမည့် ကြီးမားသောမူဝါဒအပြောင်းအလဲအားကြေငြာခဲ့သည်။ ကွန်မြူနစ်ရန်ချုပ်ငြိမ်းသွားခဲ့ပြီဖြစ်ကြောင်းနှင့်ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှု၏အချက်အချာဖြစ်လာရန်ရည်ရွယ်ကြောင်းကိုလည်း တရားဝင်ကြေညာခဲ့သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍လည်းအလားတူမူဝါဒအားကျင့်သုံးခဲ့သည်။ သို့ဖြစ်၍အိမ်နီးချင်းနိုင်ငံများနှင့်တရားဝင်ဆက် ဆံရေးပုံမှန်အနေအထားရောက်ရှိရန်နှင့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြင့်ရရှိရန် ကြိုးဆလာခဲ့သည်။ ဘန်ကောက်ရှိမူဝါဒချမှတ်သူများအတွက် ၎င်းတို့၏နယ်စပ်ရှိသောင်းကျန်းသူများသည် အသုံးမတည့်တော့ချေ။ 'လွတ်မြောက်နယ်မြေများ' အားကြားခံဒေသများအဖြစ်မရှုမြင်ကြတော့ဘဲ၊ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏အနှောင့်အယှက်အဖြစ်ရှုမြင်လာခဲ့ကြသည်။[၂၂၈]

တရားဝင်နယ်စပ်ဖြတ်ကျော်လမ်းကြောင်းအချို့ရှိနေသော်လည်း တရုတ်နိုင်ငံနှင့်နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွင်း တူညီသောအတိုင်းအတာရှိသည့်စီးပွားရေးရာပတ်သက်မှုမျိုးမရှိချေ။ အပစ်ရပ်အဖွဲ့များကိုထိုင်းနိုင်ငံက ၎င်း၏လုံခြုံရေးအတွက်ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ယေဘုယျအားဖြင့်ရှုမြင်ပြီး၊ ရန်ကုန်အားဆက်လက်ဆန့်ကျင်နေကြသောလက်နက်ကိုင်အဖွဲ့များနှင့် ဆက်ဆံရေးအပေါ်၌သာ ပိုမိုမှီခိုနေခဲ့သည်။ ထိုင်းအမျိုးသားလုံခြုံရေးအကျိုးစီးပွားသည် ထိုင်းဈေးကွက်အတွင်းစိတ်ကြွဆေးအမြောက်အများကိုတင်သွင်းနေသည်ဟုစွပ်စွဲခံနေရသော ယူဒဗလျူအက်စ်အေထက် ထိုင်းနယ်စပ်တစ်လျှောက်တွင် အက်စ်အက်စ်အေ-တောင်ပိုင်းတည်ရှိရေးကို အတိအလင်းပင်ပိုမိုလိုလားလျက်ရှိသည်။ ထိုင်းအစိုးရအနေဖြင့်၎င်းတို့၏မီဒီယာ၌ 'ဝတုန်' (ယခင်ကွန်မြူနစ်များနှင့်လျော့တိလျော့ရဲဆက်ဆံမှုကိုရည်ညွှန်းသော 'အနီရောင်ဝ') အဖြစ်တစ်ခါတစ်ရံဖော်ညွှန်းလျက်ရှိသေးသော ယူဒဗလျူအက်စ်အေအပေါ်တွင် တရုတ်၏ လွှမ်းမိုးမှုကိုလည်း သံသယရှိနေသည်။ ယေဘုယျအားဖြင့် ထိုင်းနိုင်ငံ၏လုံခြုံရေးနှင့်အမျိုးသားကျန်းမာရေးအားအဓိကခြိမ်းခြောက်မှုဖြစ်သော မူးယစ်ဆေးဝါးရောင်းဝယ်မှုကိုလျစ်လျူရှုထားမှုအတွက်ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအားအပြစ်တင်လျက်ရှိဆဲဖြစ်သည်။

ထိုင်းအစိုးရသည် အိမ်နီးချင်းနိုင်ငံများ၌ ရင်းနှီးမြှုပ်နှံခြင်းဖြင့် ၎င်း၏စွမ်းအင်လိုအပ်ချက်အားဖြည့်ဆည်းနိုင်ရန်လည်းကြိုးပမ်းခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ထိုင်းအမ်မ်ဒီအိတ်က်စ်ကုမ္ပဏီသည် ရှမ်းပြည်နယ် တောင်ပိုင်းသံလွင်မြစ်ပေါ်ရှိ တာဆန်းဆည်တည်ဆောက်ရေးအတွက် မြန်မာအစိုးရ၏လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်သဘောတူညီမှုစာချုပ်တစ်ရပ်ကိုလက်မှတ်ရေးထိုးခဲ့သည်။ အင်န်ဂျီအိုများနှင့်နိုင်ငံရေးအတိုက်အခံ များမှအဆိုပါဆည်တည်ဆောက်ရေးအားအပြင်းအထန်ဝေဖန်ခဲ့ကြသည်။ ၂၀၀၇ ခုနှစ်၌ မြန်မာအစိုးရသည် အဆိုပါလုပ်ငန်းအတွင်း အမ်မ်ဒီအိတ်က်စ်၏ ရှယ်ယာပါဝင်မှု

ကိုလျော့ချခဲ့ပြီး၊ တရုတ်ကုမ္ပဏီတစ်ခု အားစီမံကိန်းထိန်းချုပ်မှုအားခွင့်ပြုပေးခဲ့သည်။[၂၂၉] ထိုင်းနိုင်ငံသို့သဘာဝဓာတ်ငွေ့တင်ပို့ရန် မြန်မာနိုင်ငံ၊တနင်္သာရီတိုင်းဒေသကြီးအားကန့်လန့်ဖြတ်သွယ်တန်းထားသော ရတနာပိုက်လိုင်းအား တိုတယ်လ်နှင့်ချက်ဗရွန်တို့မှပူးတွဲဆောင်ရွက်ခဲ့ကြသည်။ ယင်းပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းသည် အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်းနှင့် အခြားသောလူ့အခွင့်အရေးချိုးဖောက်မှုများကိုဖြစ်စေခြင်း၊ ပိုက်လိုင်းတစ်လျှောက်စစ်အင်အားတိုးမြှင့်ချထားမှုဖြစ်ပေါ်စေခြင်းနှင့်တပ်မတော်ခေါင်းဆောင်များကို ဒေါ်လာငွေဘီလီယံများစွာရရှိစေခြင်းတို့ကြောင့် လူ့အခွင့်အရေးအဖွဲ့များမှအပြင်းအထန်ဝေဖန်မှုများပြုခဲ့ကြသည်။[၂၃၀]

## ပဋိပက္ခတွင်ပါဝင်သူဇာတ်ကောင်များ

ရှမ်းပြည်နယ်အတွင်း၌ ပဋိပက္ခတွင်ပါဝင်သူဇာတ်ကောင်အရေအတွက်မှာ များပြားလှသည်။ အစိုးရအပြင် လက်နက်ကိုင်ဆန့်ကျင်ရေးအဖွဲ့များရှိပြီး၊ အများစုသည် လူမျိုးနွယ်စုဆက်စပ်မှုများအပေါ် အခြေပြုဖွဲ့စည်းထားသည်။ အချို့မှာ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိထားကြသလို အခြားအဖွဲ့များမှာ ဆက်လက်တိုက်ပွဲဝင်နေကြဆဲဖြစ်သည်။ နိုင်ငံရေးအကြောင်းအရာမရှိဘဲ စီးပွားရေးအခွင့်အလမ်းအပေါ်တွင်အာရုံစိုက်နေကြသောပြည်သူ့စစ် အဖွဲ့များလည်းရှိပေသည်။ အစိုးရအနေဖြင့် အဆိုပါပြည်သူ့စစ်အဖွဲ့များအား လက်နက်ကိုင်ဆန့်ကျင်ရေးအဖွဲ့များ၏အင်အားချိန်ခွင်လျှာညှိရန်အတွက် အသုံးချသည်။ ဤပြည်သူ့စစ်များသည် မူးယစ်ဆေးရောင်းဝယ်မှုအပါအဝင် တရားမဝင်သောလုပ်ငန်းများတွင် ပါဝင်ပတ်သက်လျက်ရှိကြသည်။

အစိုးရသည် ရှမ်းပြည်နယ်အတွင်း အဓိကမြို့များနှင့်လမ်းများအားလုံးကို ထိန်းချုပ်ထားသည်။ တရုတ်နိုင် ငံသို့သွားရာ မြန်မာလမ်းမကြီးပေါ် မူဆယ်ရှိနယ်စပ်ပေါက်နှင့် ထိုင်းနိုင်ငံသွားရာအဓိကလမ်းမကြီးပေါ် တာချီလိတ်ရှိ နယ်စပ်ပေါက်တို့ကိုလည်း ထိန်းချုပ်ထားသည်။ သို့သော် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့်ထိစပ်နေသောနယ်စပ်ဒေသအများစုသည် လက်နက်ကိုင်အဖွဲ့များ၏ထိန်းချုပ်မှုအောက်တွင်ရှိနေသည်။ ရှမ်းပြည်နယ်အတွင်း မြန်မာ့တပ်မတော်စစ်ဌာနချုပ်တိုင်းသုံးခုရှိသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် လားရှိုးတွင်ရှိပြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်သည် ကျိုင်းတုံ၌အခြေစိုက်ကာ၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သည် ရှမ်းပြည်နယ်၏မြို့တော်တောင်ကြီး၌တည်ရှိနေသည်။

၁၉၈၉ ခုနှစ်မတိုင်ခင်အထိ တရုတ်နယ်စပ်တစ်လျှောက်ရှိနယ်မြေအားလုံးသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏လက်အောက်၌ရှိနေခဲ့သည်ဟုပင်ထင်ရသည်။ ၁၉၈၉ ခုနှစ်၌ စစ်ပန်းနေကြသောကိုးကန့်နှင့် 'ဝ' တပ် များ၏တပ်တွင်းပုန်ကန်မှုနှင့်အတူ တရုတ်နိုင်ငံမှ ဘဏ္ဍာရေးအထောက်အပံ့ဖြတ်တောက်လိုက်သောအခါ ဗမာပြည်ကွန်မြူနစ်ပါတီပြိုလဲခဲ့သည်။ စစ်အစိုးရမှခွဲထွက်လာသည့်အဖွဲ့များအား အပစ်အခတ်ရပ်စဲရန် ကမ်းလှမ်းလာခဲ့ပြီး၊ ၎င်းတို့၏စစ်ဘေးဒဏ်သင့်နေရာများအားဖွံ့ဖြိုးတိုးတက်ရေးအကူအညီပေးရန်ကတိပြုခဲ့သည်။ ပုန်ကန်ခွဲထွက်ခဲ့ကြသောအဖွဲ့များသည် ကိုးကန့်နယ်မြေအတွင်း၌ မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ်တပ်ပေါင်းစုတပ်မတော် (အမ်မ်အင်န်ဒီအေအေ)၊ 'ဝ' ဒေသ၌ 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (ယူဒဗလျူအက်စ်အေ) နှင့်မိုင်းလားဒေသအတွင်း၌ အမျိုးသားဒီမိုကရက်တစ်တပ်ပေါင်းစု တပ်မတော် (အင်န်ဒီအေအေ) စသည်ဖြင့် တပ်ဖွဲ့သစ်များကိုဖွဲ့စည်းခဲ့ကြသည်။

ဤအပစ်ရပ်အဖွဲ့များသည် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ တရားရေးအပါအဝင်အရပ်ဘက်ဌာနများဖြင့် အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းပုံများကို မိမိတို့ဘာသာမိမိတို့ဖွဲ့စည်းဆောင်ရွက်ကြသည်။ အဆိုပါဌာနများ၏

အရေအတွက်နှင့်အရည်အသွေးမှာ အပစ်ရပ်အဖွဲ့များအကြား အလွန်အမင်းခြားနားနေသည်။ ယူဒဗလျူအက်စ်အေနှင့်အင်န်ဒီအေအေကဲ့သို့သောဒေသများတွင် ဗဟိုအစိုးရမှစီမံခန့်ခွဲလည်ပတ်နေသည့်ကျန်းမာရေးဆိုင်ရာအဆောက်အအုံများရှိသည်။ မူအားဖြင့် ကျွမ်းကျင်သောဝန်ထမ်းများနှင့် ကိရိယာအပြည့်အစုံရှိနေရမည်ဖြစ်သော်လည်း များသောအားဖြင့် ဝန်ထမ်းအင်အားနည်းပါပြီး၊ ပစ္စည်းကိရိယာအဆောက်အအုံများလည်း လုံလောက်လုံလောက်လောက်မရှိကြပေ။

တပ်ဖွဲ့ဦးရေ ၂၀,၀၀၀ ခန့်အထိရှိသည့်ယူဒဗလျူအက်စ်အေသည် တရုတ်နယ်စပ်တစ်လျှောက် သံလွင်မြစ်အရှေ့ဘက်ရှိနယ်မြေများအားစိုးမိုးထားသည့် အကြီးမားဆုံးလက်နက်ကိုင်ဆန့်ကျင်နေသော အဖွဲ့ဖြစ်သည်။ ၎င်း၏ဒေသသို့ဝင်ရောက်ရာလမ်းပေါက်များအား ယူဒဗလျူအက်စ်အေနှင့်ဗဟိုအစိုးရ၏စစ်ဆေးရေးဂိတ်များဖြင့် သီးခြားစီစောင့်ကြပ်ထားသည်။ ‘ဝ’ မြို့တော်ပန်ဆန်းသည် ခေတ်မီတရုတ်ဗိသုကာလက်ရာများ၊ ဈေးဆိုင်များ၊ ကွန်ကရစ်ခင်းကားလမ်းများ၊ လျှပ်စစ်မီး၊ တရုတ်ဆက်သွယ်ရေးအခြေခံအဆောက်အအုံများနှင့်အတူ တရုတ်ပြည်သို့သွားရာနယ်စပ်ပေါက်တို့ဖြင့် မြို့ငယ်လေးတစ်ခုအဖြစ်သို့ဖွံ့ဖြိုးရောက်ရှိလာခဲ့သည်။ ၁၉၉၀ ခုနှစ်များ အလယ်ကတည်းကစ၍ ယူဒဗလျူအက်စ်အေသည် ၎င်း၏တောင်ပိုင်းစစ်တိုင်း၊ သို့မဟုတ် ယူဒဗလျူအက်စ်အေ ၁၇၁ တပ်မဟုဖော်ညွှန်းသည့် ထိုင်းနယ်စပ်တစ်လျှောက်ရှိ မဟာဗျူဟာကျသောဧရိယာများအားထိန်းချုပ်ထားလျက်ရှိသည်။ ယူဒဗလျူအက်စ်အေသည် ‘ဝ’ နယ်မြေအတွင်းကိုယ်ပိုင်အုပ်ချုပ်ရေးယန္တယားကိုတည်ဆောက်ထားခဲ့ပြီး၊ နိုင်ငံတစ်ခုအတွင်းတွင်နိုင်ငံ တစ်နိုင်ငံကိုထိရောက်စွာဖန်တီးတည်ဆောက်လျက်ရှိသည်။ အဆင့်ဆင့်ရှိသောအုပ်ချုပ်ရေးပုံစံဖြစ်ပြီး၊ အထက်မှအောက်သို့လမ်းညွှန်ထိန်းကျောင်းသောအဖွဲ့အစည်းဖြစ်သည်။ ၎င်း၏ခေါင်းဆောင်မှုမှာမြန်မာနိုင်ငံရှိအဖွဲ့အစည်းအများစုကဲ့သို့ပင် အလွန်ပင်ပုဂ္ဂိုလ်ရေးဆန်သည့်ပုံစံမျိုးပင်ဖြစ်သည်။ ယူဒဗလျူအက်စ်အေဌာနအများစု၏စွမ်းဆောင်နိုင်မှုသည် စွမ်းအားလျော့နည်းနေပြီး၊ ဝန်ထမ်းအနည်းစုသာလျှင်ယူဒဗလျူအက်စ်အေအုပ်ချုပ်ရေးအဖွဲ့၏ထိပ်တန်းခေါင်းဆောင်ပိုင်း၌ အသုံးအများဆုံးဖြစ်သည့် တရုတ်ဘာသာစကားအားရေးတတ်၊ ဖတ်တတ်ကြသည်။[၂၃၁] အထက်မှအောက်သို့လမ်းညွှန်ထိန်းကျောင်းသည့်အုပ်ချုပ်ရေးစနစ်သည် ဌာနဆိုင်ရာများအားအရေးပါသောဆုံးဖြတ်ချက်များကိုချမှတ်ရန်အတားအဆီးဖြစ်စေ၍ ‘ဝ’ မြို့တော်ပန်ဆန်းမှသာလျှင် ဆုံးဖြတ်ချက်အများစုကိုချမှတ်ပေးသည်။

အင်န်ဒီအေအေတပ်မတော်သည် ယူဒဗလျူအက်စ်အေထက်ပင်သေးငယ်ပြီး၊ အုပ်ချုပ်ရေးဖွဲ့စည်းပုံမှာ လည်းပို၍သေးငယ်ပြီး အင်အားလျော့နည်းလျက်ရှိသည်။ တရုတ်နိုင်ငံနှင့်လာအိုနိုင်ငံနယ်စပ်နှင့် ထိစပ်နေသောနယ်မြေအများစုအားထိန်းချုပ်ထားလျက်ရှိသည်။ ၎င်းနှင့်နယ်မြေချင်းထိစပ်နေသောယူဒဗလူအက်စ်အေနှင့်နီးစပ်သောဆက်ဆံမှုရှိသည်။ မိုင်းလားဒေသအတွင်း အဓိကနေထိုင်သောလူမျိုးများမှာ အခါနှင့်ရှမ်းတို့ဖြစ်ကြသည်။ တရုတ်နိုင်ငံမှလာရောက်ကြသောဖောက်သည်များကို အဓိကဧည့်ခံနေသော ကာစီနိုလောင်းကစားဝိုင်းအများအပြားရှိသည်။ မဲခေါင်မြစ်မှလာအိုနိုင်ငံသို့သွားရာကူးတို့ရေကြောင်းကိုလည်းထိန်းချုပ်ထားသည်။ ၎င်း၏အဓိကရည်ရွယ်ချက်မှာ စီးပွားရေးအပေးအယူလုပ်ငန်းကိစ္စများဟုယူဆရသည့်လက်ရှိအနေအထားကိုထိန်းသိမ်းထားရန်ဖြစ်သည်။

ရှမ်းပြည်နယ်တွင် မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ်တပ်ပေါင်းစုတပ်မတော် (အမ်မ်အင်န်ဒီအေအေ-ကိုးကန့်) တစ်ခုသာလျှင် ဘီဂျီအက်ဖ်တပ်ရင်းတစ်ခုအဖြစ် အသွင်ပြောင်းလဲရန်သဘောတူခဲ့သည်။ ဤသည်မှာ အမ်မ်အင်န်ဒီအေအေနှင့်နှစ်ပေါင်း ၂၀ ကြာအပစ်အခတ်ရပ်စဲရေးကို အဆုံးသတ်သွားစေခဲ့သည့် ၂၀၀၉ ခုနှစ်၊ ဩဂုတ်လအတွင်း မြန်မာ့တပ်မတော်၏ကိုးကန့်ဒေသအားသိမ်းပိုက်မှုအပြီးတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ပဋိပက္ခအတွင်း၌ ပြိုင်ဖက်အုပ်စုတစ်ခုက အစိုးရနှင့်ပူးပေါင်းခဲ့ပြီး၊ အဆိုပါဒေသကိုအမည်ခံထိန်းချုပ်ခွင့်ပေးအပ်ခြင်းခံရသည်။ ကိုးကန့်များမှာ ရာစု

နှစ်များစွာတည်းကပြောင်းရွှေ့အခြေချလာခဲ့ကြသော တိုင်းရင်းသွေးနှောသည့်တရုတ်နွယ်ဖွားများဖြစ်ကြသော်လည်း၊ ဒေသအတွင်း၌ ပလောင်ကဲ့သို့သော အခြားတိုင်းရင်းသားမျိုးနွယ်စုများလည်းရှိကြသည်။

ယူဒဗလျူအက်စ်အေနှင့် အင်န်ဒီအေအေတို့သည် ဘီဂျီအက်ဖ်ဖွဲ့စည်းမှုကမ်းလှမ်းချက်အား ငြင်းပယ်ခဲ့ ကြသည်။[၂၃၂] ထိုသို့ငြင်းပယ်ခဲ့မှုနောက်တွင် အစိုးရနှင့်ဆက်ဆံရေးအားဖြတ်တောက်ခံခဲ့ရသည်။ အစိုးရ ထိန်းချုပ်ရာဒေသများနှင့် စီးပွားရေးအရဆက်ဆံမှုများကိုရပ်ဆိုင်းနှင့်လည်းကြုံတွေ့ခဲ့ရသည်။ ဆရာဝန်၊သူနာပြုနှင့်ကျောင်းဆရာ၊ ဆရာမများအပါအဝင် အစိုးရဝန်ထမ်းများအား 'ဝ' နှင့်မိုင်းလားနယ်မြေများမှ ပြန်လည်ခေါ်ယူခဲ့ကြသည်။[၂၃၃] တင်းမာမှုမြင့်တက်လာခဲ့ပြီး၊ မြန်မာတပ်မတော်မှထိုးစစ်များပြုလုပ်မည်ဟူသော ခန့်မှန်းချက်များလည်း တိုးပွားလာခဲ့သည်။ သို့သော်တိုက်ခိုက်မှုများဖြစ်ပွားလာခဲ့ခြင်းမရှိချေ။ ၂၀၁၁ ခုနှစ်၊ မတ်လ၌မြန်မာ့တပ်မတော်သည် ဘီဂျီအက်ဖ်ဖွဲ့စည်းရေးကိုငြင်းပယ်ခဲ့သည့်၊ ယခုအခါ ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (အက်စ်အက်စ်ပီပီ/အက်စ်အက်စ်အေ) ဟုခေါ်သောရှမ်းပြည်တပ်မတော်-မြောက်ပိုင်း (အက်စ်အက်စ်အေ-မြောက်ပိုင်း) ၏အစိတ်အပိုင်းအချို့ကို တိုက်ခိုက်လာခဲ့သည်။

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလအစောပိုင်း၌ ယူဒဗလျူအက်စ်အေနှင့်အင်န်ဒီအေအေတို့သည် ရွေးကောက်ပွဲအလွန်ကာလ မြန်မာအစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အသစ်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော် ဤသဘောတူညီချက်များသည်အခြေခံအားဖြင့် လက်ရှိအခြေအနေကိုထိန်းသိမ်းထားခြင်းဖြစ်သည်။ ဤသဘောတူညီချက်များက နှစ်ဘက်အဖွဲ့အစည်းများအား အပစ်အခတ်ရပ်စဲမှုဆက်လက်ထားရှိရေး၊ ဆက်ဆံရေးရုံးများပြန်လည် ဖွင့်လှစ်ရေး၊ မိမိတို့သက်ဆိုင်ရာနယ်မြေများပြင်ပတွင် တပ်ဖွဲ့ဝင်များလှုပ်ရှားမှုမှန်သမျှအား ကြိုတင်သတင်းပေးပို့ရေးနှင့် တစ်ဘက်အဖွဲ့၏ သဘောတူညီချက်အားရယူရေးနှင့် လိုအပ်သလိုရှေ့ဆက်ဆွေးနွေးမှုများဆက်လက်ပြုလုပ်ရေးတို့အား ပြဋ္ဌာန်းသတ်မှတ်ခဲ့သည်။ အဆိုပါသဘောတူညီချက်များသည်နိုင်ငံရေးဆိုင်ရာမကျေနပ်မှုများနှင့် ယူဒဗလျူအက်စ်အေနှင့်အင်န်ဒီအေအေတို့၏လိုလားချက်များကိုဖြည့်ဆည်းပေးခြင်းမဟုတ်ကြသဖြင့် ၎င်းတို့သည်ယာယီသဘောတူညီချက်များအဖြစ်သာလျှင်ရှုမြင်နိုင်သည်။ သတင်းကောင်းတစ်ရပ်မှာ ယခုအခါတွင် ဘီဂျီအက်ဖ် ကမ်းလှမ်းချက်သည် ဆွေးနွေးပွဲစားပွဲဝိုင်းတွင်ပါဝင်ခြင်းမျိုးမရှိတော့ဟူသည့်အချက်ပင်ဖြစ်သည်။

ဒုတိယအကြိမ်ဆွေးနွေးပွဲသည် 'ဝ' ဒေသသို့မြန်မာအစိုးရဝန်ထမ်းများ (အထူးသဖြင့်ကျန်းမာရေးနှင့်ပညာရေးဌာန) နှင့်အတူ ကုလသမဂ္ဂနှင့်အပြည်ပြည်ဆိုင်ရာအင်န်ဂျီအိုဝန်ထမ်းများအား ပြန်လည်ရောက်ရှိလာစေခဲ့သည်။ သတင်းတစ်ခု၏အဆိုအရ အဆိုပါသဘောတူညီချက်သည် ယူဒဗလျူအက်စ်အေအား တရုတ်နိုင်ငံနှင့်ဆက်ဆံရေးများ ဆက်လက်တည်ရှိရေးအတွက်လည်းပြဋ္ဌာန်းသတ်မှတ်ပေးသည်။ အစိုးရအနေဖြင့် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှုမျိုးထက် လုံခြုံရေးကိစ္စကိုသာအာရုံစိုက်၍အဖွဲ့အသီးသီးဖြင့် သဘောတူညီချက်အမျိုးမျိုးရယူခြင်းအားဖြင့် ပဋိပက္ခကိုဖြေရှင်းခြင်းထက် စီမံခန့်ခွဲခြင်းဆိုင်ရာနည်းဗျူဟာကို ဆက်လက်အသုံးပြုနေခြင်းကိုလည်းပြသလျက်ရှိနေသည်။

မကြာသေးမီကာလအထိ ရှမ်းပြည်နယ်အတွင်း ဗဟိုအစိုးရနှင့်ဆက်လက်တိုက်ပွဲဝင်နေသောအဓိကအဖွဲ့မှာ ရှမ်းပြည်တပ်မတော်-တောင်ပိုင်း (အက်စ်အက်စ်အေ-တောင်ပိုင်း) ဖြစ်သည်။ ထိုင်းနိုင်ငံနယ်စပ်တစ်လျှောက်တွင် ၎င်း၏အခြေစိုက်စခန်းများရှိပြီး ရှမ်းပြည်တောင်ပိုင်းတွင် ပြောက်ကျားစစ်အားဆင်နွှဲလျက်ရှိသည်။၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ၌ အက်စ်အက်စ်အေ-တောင်ပိုင်းသည်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကိုရရှိခဲ့သည်။

မြန်မာနိုင်ငံတွင်ပြည်သူ့စစ်အဖွဲ့အမြောက်အများလည်းရှိသည်။ ပြည်ပအခြေစိုက်ရှမ်းသတင်းအဖွဲ့တစ်ခု ၏အစီရင်ခံစာအရ ရှမ်းပြည်နယ်တစ်ခုထဲ၌ပင် ပြည်သူ့စစ်တပ်ဖွဲ့ပေါင်းစုံ ၄၂ ဖွဲ့ရှိနေသည်။[၂၃၄] အဖွဲ့ငယ်များတွင်တပ်ဖွဲ့ဝင်ဦးရေနှစ်ဆယ်ထက်လျော့နည်းပြီး အခြားအဖွဲ့များမှာမူ အင်အားနှစ်ရာ သို့မဟုတ် သုံးရာအထိရှိနိုင်သည်။ ၎င်းအဖွဲ့အများစုအားဒေသခံခေါင်းဆောင်များမှဦးဆောင်၍၊ လူမျိုးနွယ်စုဆက်စပ်မှုများအပေါ်အခြေခံ၍ဖွဲ့စည်းထားကြသောအဖွဲ့များဖြစ်သည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် လားဟူပြည်သူ့စစ်အဖွဲ့မျိုးစုံရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၌ ကချင်၊ ရှမ်း၊ လီဆူးနှင့်တရုတ်ပြည်သူ့စစ်အဖွဲ့များရှိနေကြသည်။ ယင်းအဖွဲ့များထဲတွင် ၁၉၆၀ နှင့် ၁၉၇၀ ခုနှစ်များအတွင်းက ဗမာပြည်ကွန်မြူနစ်ပါတီကဦးဆောင်ခဲ့သည့်လှုပ်ရှားမှုများအားတန်ပြန်ရန် ဗဟိုအစိုးရ၏ကူညီမှုအောက်၌ဖွဲ့စည်းထားခဲ့သော ပြည်သူ့စစ်တပ်ဖွဲ့များနှင့်မုံထိုင်းတပ်မတော် (အမ်မ်တီအေ) မှ မကြာမီက ခွဲထွက်လာခဲ့ကြသောအဖွဲ့များလည်းပါဝင်ကြသည်။ ဤအဖွဲ့များ၌ ရှင်းလင်းတိကျသောနိုင်ငံရေးဆွေးနွေးစရာကိစ္စများမရှိဘဲ စီးပွားရေးလုပ်ငန်းအထူးသဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်မှု၌ အဓိကပါဝင်ပတ်သက်နေကြသည်။ မြန်မာ့တပ်မတော်သည် ယင်းအဖွဲ့ များအား အိမ်နီးချင်းနိုင်ငံများနှင့်ကပ်လျက်ရှိသော နယ်စပ်ဒေသများရှိ မဟာဗျူဟာမြောက်နေရာများနှင့်အတူ ယူဒဗလျူအက်စ်အေကဲ့သို့သော အင်အားကြီးအပစ်ရပ်အဖွဲ့များ ရန်မှကာကွယ်ရာတွင်အရန်အတားအဖြစ်အသုံးချသည်။ အပစ်ရပ်အဖွဲ့အချို့ သို့မဟုတ် ၎င်းတို့၏ခွဲထွက် အစိတ်အပိုင်းများမှာလည်း ပြည်သူ့စစ်အဖွဲ့များအဖြစ်သို့ အသွင်ပြောင်းလဲသွားခဲ့ကြသည်။ ဤအဖွဲ့များတွင် ကချင်ကာကွယ်ရေးတပ်မတော် (ကေဒီအေ)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်၊ ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း (အမှတ် ၃ နှင့် အမှတ် ၇ တပ်မများ)၊ ပအိုဝ်အမျိုးသားအဖွဲ့နှင့်မုံထိုင်းတပ်မတော် ငြိမ်းချမ်းရေးအဖွဲ့တို့ဖြစ်ကြသည်။[၂၃၅]

## ရာဘာလုပ်ငန်းလုပ်ပိုင်ခွင့်များ

၂၀၀၀ ပြည့်နှစ်များအလယ်တွင် ကချင်ပြည်နယ်အရှေ့ပိုင်းတွင်စိုက်ပျိုးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရောက်ရှိလာချိန်နှင့်တစ်ပြိုင်တည်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်းမှာလည်း ကြီးမားလှသောပုဂ္ဂလိကစိုက်ပျိုးရေး လုပ်ငန်းကြီးများအဖြစ်ခွဲခြားပိုင်းစိတ်ခြင်းကိုခံခဲ့သည်။ "ပထမတော့ မြောက်ပိုင်းရှမ်းပြည်နယ်မှာအပစ်ရပ်သဘောတူညီချက်တွေရခဲ့ပြီးတဲ့နောက် အရေးပေါ်အခြေအနေကိုလွန်မြောက်ပြီး ကျွန်တော်တို့လည်းလူထုဖွံ့ဖြိုးရေးစီမံကိန်းတွေဆက်လုပ်ကြတော့မယ်လို့ထင်ထားခဲ့တာ" ဟုရှမ်းပြည်နယ်ရှိအင်န်ဂျီအိုဝန်ထမ်း တစ်ဦးမှဆိုသည်။ "ဒါပေမဲ့တကယ်တမ်းကျတော့ လက်ရှိလယ်ယာမြေသိမ်းယူတဲ့အခြေအနေတွေနဲ့ဆိုရင် မုန်တိုင်းကတကယ်တမ်းအခုထိမကျလာသေးဘူး။ အခြေအနေကတကယ့်ကိုဆိုးပါတယ်။"[၂၃၆]

ရှမ်းပြည်နယ်မြောက်ပိုင်း မြန်မာလမ်းမကြီးပေါ်ရှိ လားရှိုး၊ ကွတ်ခိုင်နှင့်မူဆယ်ဝန်းကျင်နှင့်တကွ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းရှိ ကိုးကန့်နှင့် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသည် ယခုအခါတွင်ရာ ဘာတစ်မျိုးတည်းသာမဟုတ်တော့ဘဲ စိုက်ပျိုးရေးလုပ်ကွက်အများအပြားဖြင့် ကွက်ကျားနေရာယူလာခြင်းခံနေကြရပြီဖြစ်သည်။ ရာဘာအား ဗိုက်ဂိုးလ်ဒ် သို့မဟုတ် မြန်မာဘာသာဖြင့်ရွှေဖြူဟုခေါ်ဆိုကြသည်။ ဤရှုခင်းသည်ကပ်လျက်ရှိသည့်ကချင်ပြည်နယ်မှာကဲ့သို့ပင်ရာဘာစိုက်ခင်းများသည်တောင်ကြားလမ်းများမှသည်တောင်ပေါ်မြေမြင့်များအထိ အလားတူပျံ့နှံ့လွှမ်းခြုံနေကြမည်ဖြစ် သော်လည်း အဆိုပါမြေယာလုပ် ပိုင်ခွင့်များ၏နောက်ကွယ်ရှိနိုင်ငံရေးပုံသဏ္ဍာန်များမှာကွာခြားလျက်ရှိနေကြသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၏ နိုင်ငံရေးနှင့်စီးပွားရေးသမိုင်းရာဇဝင်များသည် ယူနန်ပြည်နယ်၊ ယူနန်နယ်သူနယ်သား ရွှေ့ပြောင်းလာသူများနှင့်တကွ တရုတ်နိုင်ငံတို့နှင့်နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေး ဆက်ဆံမှုများအဖြစ်သို့ တဖြည်းဖြည်း

ဆင့်ကဲအသွင်ပြောင်းလဲတိုးတက်လာခဲ့ကြသည်။ ဥပမာ ဒေသတွင်းလုပ်ကိုင် နေကြသောစီးပွားရေးလုပ်ငန်းများမှာ တရုတ်-မြန်မာ၊ ရှမ်းတရုတ် သို့မဟုတ် ရှမ်းပြည်မြောက်ပိုင်းတွင် မွေးဖွားသောတရုတ်များကစီမံဆောင် ရွက်နေခြင်းဖြစ်ကြသည်။ ကိုးကန့်ဒေသတွင် မြန်မာနိုင်ငံမြောက်ပိုင်းသို့ နှစ်ရာချီကတည်းကပြောင်းရွှေ့လာကြပြီး မိမိတို့ကိုယ်မိမိ ကိုးကန့်ဟုခေါ်ဝေါ်ကြသည့် တရုတ်မျိုးနွယ်စုများအခြေချနေထိုင်လျက်ရှိကြသည်။ ၁၉၅၀ ခုနှစ်များအတွင်းစစ်ရေးရှုံးနိမ့်သွားသည့်ကူမင်တန်ထောက်ခံသူထောင်ပေါင်းများစွာအား အနိုင်ရကွန်မြူနစ်များက တရုတ်နိုင်ငံအတွင်းမှနှင်ထုတ်လိုက်ခြင်းသည် တရုတ်နိုင်ငံမှနောက်ထပ်ရွှေ့ပြောင်းသွားလာမှုများနှင့်ဩဇာလွှမ်းမိုးမှုများကိုဖြစ်ပေါ်စေခဲ့သည်။

ထို့အပြင် လက်ရှိသဘာဝသယံဇာတထုတ်ယူမှုဆိုင်ရာအခွင့်အရေးများကလည်း အဓိကယူနန်ပြည်နယ် နယ်စပ်တစ်လျှောက်ရှိဒေသများအပြင် တရုတ်နိုင်ငံရှိအခြားသောအလှမ်းကွာဝေးနေသည့်ပြည်နယ်များရှိ တရုတ်ပြောင်းရွှေ့နေထိုင်သူများစွာကိုဖိတ်ခေါ်နေခဲ့သည်။ တီအင်န်အိုင်သုတေသန၏အဆိုအရ ကိုးကန့်တရုတ်စီးပွားရေးသမားများသည် ရှမ်းပြည်နယ်မြောက်ပိုင်း၌ စိုက်ပျိုးရေးလုပ်ကွက်များရရှိအောင်ဆောင် ရွက်ပေးရာတွင် မြန်မာတပ်မတော်အစိုးရနှင့် တရုတ်ပြည်မကြီးရှိ တရုတ်ရင်းနှီးမြှုပ်နှံသူများအကြားတွင် အရေးပါသောကြားခံအခန်းကဏ္ဍ၌ပါဝင်နေကြသည်။

## စိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်များ၏အတိုင်းအတာ

ကချင်ပြည်နယ်နှင့်အလားတူပင် ရှမ်းပြည်နယ်မြောက်ပိုင်း၏စိုက်ပျိုးရေးလုပ်ငန်းများ၏အတိုင်းအတာနှင့် ပတ်သက်၍သတင်းအချက်အလက်အစိတ်အပိုင်းများကိုသာလျှင် ရယူစုစည်းနိုင်ခဲ့သည်။ စိုက်ပျိုးရေးလုပ်ငန်းများသည်အဓိကလမ်းမကြီးတစ်လျှောက်၌တည်ရှိပြီး အိမ်ထောင်စုအလိုက်တောင်ယာစိုက်ပျိုးခြင်းအား သေးငယ်သောလုပ်ကွက်ကျဉ်းစိုက်ခင်းများအဖြစ်သို့လျော့ကျစေခဲ့သည်။ ခပ်ဝေးဝေးတွင်ရှိသောရွာများအနေဖြင့်မူ စိုက်ပျိုးရေးလုပ်ငန်းတိုးတက်များပြားလာမှုနှင့်ကြီးမားစွာ အလှမ်းကွာဝေးလျှက်ရှိသည်။ သို့သော် စိုက်ပျိုးစီးပွားလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများရှိရာလမ်းကြောင်းများမှ နှင်ထုတ်ခံရခြင်းသည် နှင်ထုတ်ခံခဲ့ကြရသည့် တောင်သူလယ်သမားများအား မော်တော်ကားလမ်းများနှင့်ဝေးရာတွင်ရွှေ့ပြောင်းတောင်ယာသစ်များကိုရှာဖွေစေခြင်းဖြင့် ဆိုးကျိုးသက်ရောက်မှုများကို တောရွာဒေသများဆီသို့ပိုမိုပျံ့နှံ့သွားစေရန် တွန်းအားပေးသကဲ့သို့ဖြစ်နေသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၏ စိုက်ပျိုးစီပွားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် ၂၀၁၀ ခုနှစ်စာရင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၌သီးနှံအားလုံးစိုက်ပျိုးထားသော ၁၆,၅၀၀ ဟက်တာခန့်ရှိသည့် စိုက်ပျိုးရေးလုပ်ပိုင်ခွင့်များအားကုမ္ပဏီ ၉ ခုတို့ကရရှိထားကြကြောင်းဖော်ပြပါရှိသည်။[၂၇၇] သို့သော်အေအာရ်ဒီစီမှစုစည်းခဲ့သည့်သတင်းအချက်အလက်တွင် စုစုပေါင်းကုမ္ပဏီ ၁၇ ခုမှ ၂၀,၀၀၀ ဟက်တာကျော်ကိုချုပ်ကိုင်ထားလျက်ရှိကြောင်းတင်ပြထားသည်။ (ဇယား-၆)။ အဆိုပါကုမ္ပဏီများသည်မြန်မာအမည်များရှိကြပြီး ဒေသခံသုတေသီများအနေဖြင့်အများစုအားကြားဖူးခြင်းမရှိကြဘဲ ၄င်းသုတေသီများကစိုက်ပျိုးစီးပွားလုပ်ငန်းကန်ထရိုက်များကိုရရှိခဲ့ကြသည့် ဩဇာတ္တိကမရှိကြသည့် ဒေသခံစီးပွားရေးသမားများ၏အမည်များကိုပြောပြခဲ့ကြသည်။ စိုက်ပျိုးရေးလုပ်ငန်း၏အများစုသည်ရာဘာလုပ်ငန်းများဖြစ်ကြသည်။

သို့သော်အစိုးရဌာနများ၏စာရင်းများသည် အထက်ဖော်ပြပါကိန်းဂဏန်းများနှင့်ကွဲပြားနေသည်။ စိုက်ပျိုးရေးဝန်ကြီးဌာနသည် စိုက်ပျိုးရေးလုပ်ပိုင်ခွင့်မြေဟက်တာ ၁၆,၆၀၀ အားစာရင်းသွင်းဖော်ပြထားစဉ်တွင် အဆိုပါဝန်ကြီးဌာနကပင် ရှမ်းပြည်နယ် (ရှမ်းပြည်နယ်မြောက်ပိုင်းတွင်သာမဟုတ်ဘဲ) ၌ ၂၀၀၉-၁၀ ခုနှစ် အတွင်း စုစုပေါင်းရာဘာစိုက်ပျိုးမြေဟက်တာ ၅၂,၀၀၀ ကျော်ရှိကြောင်းဖော်ပြထားသည်။ ၂၀၁၀-၁၁ ခုနှစ်အတွက်မကြာမီကရရှိခဲ့သောစာရင်းတွင်

စုစုပေါင်း မြေဟက်တာ ၅၈,၀၀၀ နီးပါး၊ တစ်နည်းအားဖြင့် ယခင်နှစ်မှနောက်တိုးဟက်တာ ၆,၀၀၀ ခန့်ကိုစာရင်းဖော်ပြထားသည်။[၂၃၈] ထို့အပြင် ရှမ်းပြည်နယ် (အထူးသဖြင့်မြောက်နှင့်အရှေ့) ၌စုစုပေါင်းရာဘာတစ်မျိုးတည်းကို ဟက်တာ ၁၄၅,၀၀၀ စိုက်ပျိုးရေး (ကချင်ပြည်နယ်တွင် ဟက်တာ ၄၀,၀၀၀ နှင့်နိုင်းယှဉ်လျှင်) နိုင်ငံတော်ရည်မှန်းချက်ထားရှိသည်။[၂၃၉] အဆိုပါအစိုးရ၏အချက်အလက်သည် အေအာရ်ဒီစီနှင့်အစိုးရ၏စိုက်ပျိုးစီးပွားရင်းနှီးမြှုပ်နှံမှုစာရင်း အချက်အလက်ထက်ပင် ပိုမိုများပြားလျက်ရှိသည်။ ဤတွင်စာရင်းပြုစုထားသော အစိုးရ၊ အေအာရ်ဒီစီနှင့်ဒေသခံသုတေသီထံမှရရှိသောစာရင်းကွဲလွဲမှုသည်ကချင်ပြည်နယ်အတွက်ကဲ့သို့ပင် ကွဲလွဲနေသည့်အခြေအနေရှိသည်။ ကချင်ပြည်နယ်အတွက်ကဲ့သို့ပင် ဤစာရင်းများအားမကိုင်တွယ်မီ သတိထားချင့်ချိန်ရန်လိုအပ်ပေသည်။ အစိုးရထိန်းချုပ်မှုအောက်တွင်မရှိသောဒေသများမှ ကိန်းဂဏန်းများအားထည့်သွင်းမထားခြင်း၊ ခွဲဝေချထားပေးသောမြေယာတွင်အမှန်တကယ်စိုက်ပျိုးထားသည့်အတိုင်းအတာကိုမသိရှိရခြင်းစသည့် အချက်များအားမှတ်သားထားရှိရမည်။ အစိုးရထိန်းချုပ်မှုမရှိသောနယ်မြေများပြားလှသည့်အတွက် ရှမ်း ပြည်နယ်ဖြစ်ရပ်တွင် ဤအချက်သည်အထူးအရေးပါလှသည်။ 'ဝ'ဒေသသည် ရာဘာစိုက်ပျိုးမှုအများ ဆုံး ဖြစ်သဖြင့်ပို၍ အရေးကြီးပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပင်လယ်ရေမျက်နှာပြင်အနိမ့်ပိုင်းနေရာများသည် အပူချိန်မြင့်မားပြီး ရာဘာသီးနှံစိုက်ပျိုးရန်သင့်တော်သဖြင့် ရာဘာစိုက်ပျိုးရေးအတွက်သတ်မှတ်ထားရှိခြင်းခံရသည်။ ကွတ်ခိုင်မှတစ်ဆင့်လားရှိုးနှင့်မူဆယ်အားဆက်သွယ်ထားသော မြန်မာလမ်းမကြီးဟောင်းတစ်လျှောက် တောင်ပေါ်ဒေသများသို့ဦးတည်နေသော လမ်းများ၏ဘေးဝဲယာတစ်ဘက်တစ်ချက်တွင် ရာဘာစိုက်ခင်းများပျိုးထောင်ထားရှိသဖြင့် ကချင်ပြည်နယ်အခြေအနေနှင့် အတော်ပင်ဆင်တူဖြစ်နေသည်။ နမ္မတူမြို့အနီးအနားဝန်းကျင်အစရှိသည့်နေရာတွင်မူ ရာဘာစိုက်ခင်းများသည် မြန်မာလမ်းမကြီးအလွန်အထိရှိနေကြသည်။ လားရှိုးမှမိုင်းရယ်လမ်းတစ်လျှောက်ရှိမြေယာများတွင် ၂၀၀၇ ခုနှစ်ကတည်းကသိမ်းယူခဲ့ပြီးစိုက်ပျိုးခဲ့သောရာဘာစိုက်ခင်းများရှိကြသည်။[၂၄၀] ပင်လယ်ရေမျက်နှာပြင်ထက်နိမ့်သော ကွမ်းလုံဝန်းကျင်နေရာအားရာဘာစိုက်ပျိုးရေးအတွက်သတ်မှတ်ထားသည်။ ကွတ်ခိုင်နှင့်မူဆယ်အကြားမြေမျက်နှာပြင်သည် အတော်မြင့်မားနေသဖြင့် ရာဘာစိုက်ပျိုးရေးအတွက်သင့်တော်သောနေရာမဟုတ်ချေ။ ထို့ကြောင့် ပီလောပီနံကဲ့သို့သော အခြားသီးနှံများသည်တရုတ်ရင်းနှီးမြှုပ်နှံသူများအကြားပိုမိုလူကြိုက်များသည့် ရွေးချယ်စရာသီးနှံဖြစ်လာ သည်။

အစိုးရထိန်းချုပ်ရာနယ်မြေများနှင့် ထိုင်းနယ်စပ်တစ်လျှောက် တာချီလိတ်ခရိုင်ဝန်းကျင်ရှိလက်နက်ကိုင်အဖွဲ့များထိန်းချုပ်ရာနယ်မြေများတွင် လွန်ခဲ့သည့်ဆယ်စုနှစ်ဝက်အတွင်း ရာဘာကိုအကြီးအကျယ်ချဲ့ထွင် စိုက်ပျိုးခြင်းလုပ်ငန်းအားပံ့ပိုးဆောင်ရွက်လာခဲ့ကြသည်။ လားဟူပြည်သူ့စစ်အဖွဲ့သည် ၂၀၀၀ ခုနှစ်များ အလယ်ကတည်းမှစ၍ ထိုင်းနယ်စပ်မြောက်ပိုင်းတစ်လျှောက် ရှမ်းပြည်နယ်အရှေ့ပိုင်းတာချီလိတ်နှင့်မိုင်းဆတ်မြို့နယ်များတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးသည့် တောင်တန်းတောင်စောင်းများအဖြစ်မှ ရာဘာစိုက်ပျိုးရေးလုပ်ငန်းသို့အသွင် ပြောင်းလဲခဲ့သည်။ မြန်မာ့တပ်မတော်အရာရှိများသည်လည်း မြေယာလုံလုံလောက်လောက်ရရှိရန် ပြည်သူ့စစ်အဖွဲ့များနှင့်အပြိုင် အဆိုပါဒေသအတွင်း၌ရာဘာစိုက်ပျိုးမှုတိုးတက်ရေးတွင်ပါဝင်လာကြသည်။[၂၄၁] ဤကဲ့သို့ပမာဏကြီးမားလှသော မြေယာခုတ်ထွင်းရှင်းလင်းမှုများသည် ခြောက်သွေ့ရာသီ၌ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ဆိုးရွားသောလေထုညစ်ညမ်းမှုပြဿနာအတွက် တာဝန်ရှိ နေသည်ဟုပင်ဆိုနိုင်သည်။

**ဇယား(၆)၊ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းပုဂ္ဂလိကကုမ္ပဏီများသို့ခွဲဝေချထားပေးခဲ့သောမြေယာများ၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ။**

| စဉ် | ကုမ္ပဏီအမည် | မြို့နယ် | ခွဲဝေချထားပေးသော မြေယာ(ဟက်တာ) |
|---|---|---|---|
| | မေဖလားဝါးဟိုဆာနာဂရင်းဖမ်းမ်အင်တာပရိုက်စ် | ကွတ်ခိုင် | ၄,၄၉၂ |
| | ရွှေကုန်းမြင့် | ကွတ်ခိုင် | ၄,၀၀၀ |
| | ဒို့အင်အား | နမ္မတူ | ၄၀၀ |
| | ခင်မောင်ဝင်းမေတ္တာရင်ခွင် | နမ္မတူ | ၂၀၂ |
| | ရွှေပြည့်စုံ | မိုးမိတ် | ၆၀၇ |
| | ဦးဝင်းစိန်ထက်အောင်စန်း | မဘိန်း | ၂,၆၈၅ |
| | နန့်ချင်းရာဘာအင်တာပရိုက်စ် | လောက်ကိုင် | ၂,၀၂၃ |
| | နှင်းနှင်းခိုင် | လားရှိုး | ၈၁ |
| | ဒိုင်းမွန်းစတား (ရွှေဝါမြေ) | နောင်ချို | ၂,၀၂၃ |
| | ဝါးတားကုမ္ပဏီ | လားရှိုး | ၈၁ |
| | အောင်ပေါ်ကုမ္ပဏီ | မိုင်းခတ် | ၈၁၀ |
| | ခရိုအေးရှား | နောင်ချို | ၁၆၀ |
| | ရှမ်းရိုးမ | လားရှိုး | ၄၀၀ |
| | ရွှေစပါး | | ၂၈၃ |
| | တီအင်စီကုမ္ပဏီလီမီတက် | | ၇၄၇ |
| | ရတနာမြတ်ကုမ္ပဏီ | ကျောက်မဲ | ၄၀ |
| | ယူနိုက်တက်မက်တယ်လ်ကုမ္ပဏီ | ကွတ်ခိုင် | ၄၆၅ |
| | | ကျောက်မဲ | ၄၇၁ |
| | | သီပေါ | ၄၅ |
| | စုစုပေါင်း | | ၁၅,၅၂၃ |

အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ် (အင်န်ဒီအေအေ) မှထိန်းချုပ်ထားသောနယ်မြေအတွင်း မိုင်းလား ပတ်ဝန်းကျင်တွင်လည်း တရုတ်တို့၏ကြီးမားသောစိုက်ပျိုးစီးပွားရင်းနှီးမြှုပ်နှံမှုရှိသည်။ တရုတ်စီးပွားရေးသမားများသည် မိုင်းလား ဒေသအတွင်းရာဘာကိုသာမက၊ တိုးပွားလာလျက်ရှိသည့် ငှက်ပျောနှင့်ပြောင်းဖူးအပါအဝင် အခြားသီးနှံများကိုပါ နယ်စပ်ကိုကျော်ဖြတ်၍ယူနန်သို့တင်ပို့ရန်စိုက်ပျိုးခဲ့ကြသည်။[၂၄၂] မိုင်းလားတွင် တရုတ်တို့၏ရင်းနှီးမြှုပ်နှံမှုတစ်ဟုန်ထိုးစီးဝင်စ ပြုလာသဖြင့် ရှမ်းပြည်နယ်နှင့်ယူနန်ပြည်နယ် နယ်စပ်ရှိအခြားသောဒေသများသည်လည်း တရုတ်တို့၏မြေယာရင်းနှီး မြှုပ်နှံမှုအတွက်ဦးတည်သတ်မှတ်ခြင်းခံ ခဲ့ကြရသည်။

ရာဘာအပြင် ပြောင်းကိုပမာဏမည်မျှစိုက်သည်ဟုမသိရသော်လည်း တရုတ်နှင့်ထိုင်းစီးပွားရေးသမားများ မှသိသိသာ သာပင် ရင်းနှီးမြှုပ်နှံလာကြသည့် အရေးပါသည့်သီးနှံဖြစ်သည်။ ပြောင်းကိုပမာဏကြီးမားသည့်ပုဂ္ဂလိကလုပ်ပိုင်ခွင့်ချ ပေးသည့်ပုံစံမျိုးမဟုတ်ဘဲ ကန်ထရိုက်စိုက်ပျိုးမွေးမြူရေးသဘောတူညီချက်စာချုပ်အရသာစိုက်ပျိုးကြသည်။ တရုတ်၊

မြန်မာအစိုးရများအပြင် တရုတ်ဘာသာဖြင့်ရေးသားထားသော ဝက်ဘ်ဆိုက်ဒ်များ၏မှတ်တမ်းများအရ ယူနန်ပြည်နယ် နယ်စပ်တစ်လျှောက် ရှမ်းပြည်နယ်၏နေရာအနှံ့အပြား၌တရုတ်စီးပွားရေးသမားများသည် ပြောင်းစိုက်ပျိုးလုပ်ပိုင်ခွင့်ကို လည်းရရှိထားကြသည်။ နယ်စပ်ဒေသတွင်စိုက်ပျိုးသောပြောင်းများအား တရုတ်ပြည်တွင်းဈေးကွက်အတွက်ရည်ရွယ် ထားသည်။ တရုတ်နိုင်ငံ၏ဘိန်းအစားထိုးအစီအစဉ်တွင် ရာဘာပြီးနောက်ဒုတိယအရေးပါဆုံးသီးနှံလည်းဖြစ်သည်။ တရုတ်အစိုးရ၏မပြည့်စုံသောကိန်းဂဏန်းများအရ တရုတ်ရင်းနှီးမြှုပ်နှံသူများသည် ဘိန်းအစားထိုးအစီအစဉ်အရ မြန်မာ နိုင်ငံမြောက်ပိုင်း၌ ပြောင်းဟက်တာ ၂,၃၀၀ ကျော်ကိုစိုက်ပျိုးခဲ့ကြသည်။[၂၄၃] အချက်အလက်ပြည့်စုံမှုမရှိသော်လည်း ၂၀၀၈-၀၉ ခုနှစ်၌ သွင်းကုန်ခွဲတမ်းတန် ၁၁,၀၀၀ ကျော်ရရှိခဲ့သည်။ ၂၀၁၁ ခုနှစ်၊ မေလတစ်လတည်းအတွင်း၌ပင် တရုတ်နိုင်ငံအတွင်း ပြည်တွင်းထောက်ပံ့ပေးနိုင်မှုပြတ်လပ်မှုနှင့် ကြီးမြင့်လာသောအစားအစာစရိတ်များအား ကာမိစေရန်အတွက် ပြီးခဲ့သည့်လများ၊ နှစ်များထက်များစွာကျော်လွန်ပြီး ပြောင်း ၁၂,၀၀၀ တန်ကျော်ကိုတရုတ်နိုင်ငံကတင်သွင်းခဲ့သည်။ ထိုလအတွင်း တင်သွင်းမှု၏လေးပုံသုံးပုံမှာ အမေရိကန်တင်သွင်းမှုများ၏အစားထိုးမှုတစ်ရပ်အဖြစ် တရုတ်ပြည်တွင်း ပြောင်းဝယ်လိုအားကိုတိုးတက်ဖြည့်ဆည်းပေးလျက်ရှိသည့်မြန်မာနိုင်ငံမှဖြစ်သည်။[၂၄၄]

ပြောင်းထုတ်လုပ်မှုတိုးတက်လာမှု၏နောက်ကွယ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအချို့ရှိသည်။ ထိုင်းနိုင်ငံရှိ ထင်ရှားသော ချာရွန်ဖုတ်ခ်ဖန်းန်ကုမ္ပဏီ (စီပီ) သည် လားရှိုး၌ရုံးခန်းဖွင့်လှစ်၍ ရှမ်းပြည်နယ်အတွင်း ပြောင်းစိုက်ပျိုးရေးကန်ထရိုက်လုပ်ငန်းအား ခိုင်ခိုင်မာမာထိန်းချုပ်ထားခဲ့သည်။ စိုက်ပျိုးနေကျမျိုးကွဲများအစားမျိုးစပ်ပြောင်းဖူးမျိုးစေ့များကို တောင်သူများထံသို့ဖြန့်ဝေပေးရန်၊ မျိုးစေ့သစ်များအတွက်ဓာတုဆေးဝါး ပစ္စည်းများကိုတောင်သူများအားရောင်းချရန်၊ ၎င်းတို့ထံမှထွက်ရှိသည့်သီးနှံအားဝယ်ယူရန်ရည်ရွယ်ကာ စီပီသည် လုပ်ငန်းဆောင်ရွက်မှုများအဆင့်ဆင့်ပါဝင်သော စီးပွားရေးကွင်းဆက်ကိုဖန်တီးထားသည်။ ထို့နောက်ပြောင်းကို နယ်စပ်ဖြတ်ကျော်၍ ကုမ္ပဏီ၏ဈေးကွက်ဝေစုတိုး တက်ရရှိလျက်ရှိရာ ယူနန်ပြည်နယ်သို့ဖြစ်စေ၊ သို့မဟုတ် မြန်မာနိုင်ငံအတွင်း ၎င်း၏တိရစ္ဆာန်မွေးမြူရေးအစား အစာဆိုင်ခွဲများသို့ဖြစ်စေ တင်ပို့ကြသည်။ သို့သော် လားရှိုးရှိသတင်းရပ်ကွက်များ၏အဆိုအရ မကြာသေးမီနှစ်များအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းတိုင်းမှူးမှ လားရှိုးမြို့တွင်စီပီကြက်ရောင်းချခြင်းအားပိတ်ပင်ခဲ့သည့်အခါတွင် စီပီ သည် တရုတ်စီးပွားရေးသမားများက ယှဉ်ပြိုင်အနိုင်ယူသွားခြင်းကိုခံခဲ့ရသည်။[၂၄၅]

## ဟောင်ယုဂရုပ်ကုမ္ပဏီ

ဟောင်ယုဂရုပ်ကုမ္ပဏီသည် ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့်မြောက်ပိုင်းရှိ ဘိန်းအစားထိုးစီမံကိန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေသော ယူနန်ပြည်နယ်မှကြီးမားသည့် စိုက်ပျိုးစီးပွားရင်းနှီးမြှုပ်နှံသူကုမ္ပဏီတစ်ခုဖြစ်သည်။[၂၄၆] ယူနန်ပြည်နယ်အစိုးရ သက်ဆိုင်ရာဌာနများ၏ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဤကုမ္ပဏီသည် ၁၉၉၈ ခုနှစ်မှစတင်၍ တရုတ်နယ်စပ်တစ်လျှောက် ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်း၌ မြန်မာအာဏာပိုင်များနှင့် ပူးတွဲလုပ်ကိုင်ခဲ့သည်။ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်များတွင်ရှမ်းပြည်နယ် မြောက်ပိုင်းဘိန်းစိုက်ပျိုးရာဒေသရှိဒေသခံအာဏာပိုင်များ၊ အထူးသဖြင့် ယူဒဗလျူအက်စ်အေနှင့်သဘောတူညီချက်ရရှိခဲ့သည်။ ကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်သူ မာကျန်းရှူ၏အဆိုအရ ဤအစီအစဉ်များသည် "တရုတ် နိုင်ငံနဲ့အတူဘဲ ကမ္ဘာ့ဈေးကွက်ကလိုအပ်နေတဲ့ရာဘာရဲ့ ရောင်းလိုအားပြတ်လပ်နေတာကို လျော့နည်းသက်သာစေဖို့ဖြစ်ပြီးအခြားတစ်ဖက်မှာလည်းဘိန်းစိုက်ဧရိယာလျော့နည်းသွားဖို့လည်းရည်ရွယ်ထားတယ်"

ဤကုမ္ပဏီ၏ဝက်ဘ်ဆိုက်ဒ်၌ "အိမ်နီးချင်းနိုင်ငံများအားမိတ်ဆွေများနှင့်လုပ်ဖော်ကိုင်ဖက်များအဖြစ်သတ်မှတ်သည့် တရုတ်နိုင်ငံ၏မူဝါဒကိုလိုက်နာရန်၊ ယူနန်မူးယစ်ဆေးတာဆီးပိတ်ပင်မှုကော်မရှင်၏အိမ်နီးချင်းနိုင်ငံများတွင်ဘိန်းအစားထိုး

သီးနှံစိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအားကူညီရေးမူဝါဒအားအကောင်အထည်ဖော်ရန်၊ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးဆန့်ကျင်ရေးဆောင်ရွက်မှုတွင်ပူးပေါင်းပါဝင်ရန်နှင့်တရုတ်နိုင်ငံသာမကဘဲ ကမ္ဘာသို့ပင်ကျရောက်လျက်ရှိသောမူးယစ်ဆေးဝါးအန္တရာယ်အားလျှော့ချရန်"စသည်ဖြင့်ရေးသားဖော်ပြထားသည်။ "ယူနန်ဟောင်ယုဂရုပ်သည် တရုတ်နိုင်ငံပြင်ပ၌နှစ်ပေါင်းများစွာ ဘိန်းသီးနှံအစားထိုးစိုက်ပျိုးရေးလုပ်ငန်းတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပြီး၊ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအားအထူးအလေးပေးထားကြောင်း"ကုမ္ပဏီ၏ဝက်ဘ်ဆိုက်ဒ်တွင်ကြေငြာဖော်ပြထားသည်။

ယူနန်ဟောင်ယုဂရုပ်ကုမ္ပဏီကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင်တည်ထောင်ခဲ့ပြီး၊ ယူနန်ပြည်နယ်၏မြို့တော်ကူမင်းတွင်တည်ရှိသည်။ ဟောင်ယုဂရုပ်ကုမ္ပဏီသည်ပညာရေး၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဘိန်းအစားထိုးစိုက်ပျိုးရေးနှင့်အဆင့်မြင့်နည်းပညာအပါအဝင် စီးပွားရေးလုပ်ငန်းများစွာတွင်ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၂ ခုနှစ်မှစတင်ပြီး ယူနန်တွင်အကြီးစားလုပ်ငန်းတစ်ခုဖြစ်လာခဲ့ပြီးပိုင်ဆိုင်မှု ပမာဏယွမ်သန်း(၅၀၀)ကျော် (အမေရိကန်ဒေါ်လာသန်း ၈၀) ရှိနေကြောင်းအစီရင်ခံထားသည်။ ၂၀၀၄-ခုနှစ်၊ မတ်လ၌ ယူနန်မူးယစ်ဆေးဝါးတားဆီးပိတ်ပင်မှုကော်မရှင်မှအဆိုပါကုမ္ပဏီအား 'နယ်စပ်ဒေသ မူးယစ်ဆေးဝါးတားဆီးရေးအတွက်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဆု' ကိုချီးမြှင့်ခဲ့သည်။[၂၄၇]

ဟောင်ယုဂရုပ်ကုမ္ပဏီ၏ကုမ္ပဏီခွဲတစ်ခုဖြစ်သော ယူနန်ဂရင်းန်ထရဲရှားအင်ဒတ်စ်စထရီရယ်ဒဗလော့ပ်မင့်ကုမ္ပဏီလီမီတက်ကို တရုတ်နယ်စပ်တစ်လျှောက်ဘိန်းစိုက်ပျိုးရာဒေသများ၌ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရန် ၁၉၉၉ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ဤကုမ္ပဏီသည် ဗဟိုနှင့်ဒေသဆိုင်ရာအစိုးရများအပြင် ထိုင်းနိုင်ငံနယ်စပ်တစ်လျှောက်ရှိယူဒဗလျူအက်စ်အေ၏ ၁၇၁ တပ်မကဲ့သို့သော မြန်မာနိုင်ငံအတွင်းရှိ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များနှင့်သဘောတူညီချက်များကိုရရှိခဲ့သည်။ ၂၀၀၄-၂၀၁၄ ခုနှစ်အတွင်း ရာဘာဟက်တာ ၁၀၀,၀၀၀ ခန့်နှင့် ၂၀၀၉-၁၄ ခုနှစ်အတွင်း ရှောက်ပင် ဟက်တာ ၆,၆၀၀ စိုက်ပျိုးရန်စာချုပ်ချုပ်ဆိုထားသည်။ ကုမ္ပဏီ၏အစီရင်ခံစာအရ ၂၀၀၉ ခုနှစ်မှစတင်၍ ရှမ်းပြည် နယ်အတွင်း၌လုံဂန် ၅,၆၀၀ ဟက်တာ၊ အူလုံလဘက် ၁,၀၀၀ ဟက်တာ၊ ကမ္ဗလာသီး ၁,၀၀၀ ဟက်တာနှင့်ငှက်ပျော ၃၃ ဟက်တာကိုစိုက်ပျိုးပြီးဖြစ်သည်။ "ဂရင်းန်ထရဲရှားသည်အစားထိုးသီးနှံအမြောက်အများအပြင်အားကောင်းသောစက်မှုလုပ်ငန်းဆိုင်ရာပံ့ပိုးမှုတို့ဖြင့်'ရွှေတြိဂံ'နယ်မြေအတွင်းစီးပွားရေးလုပ်ငန်းကြီးတစ်ခုအဖြစ်ရပ်တည်လာခဲ့သည်" ဟုကုမ္ပဏီ၏ဥက္ကဋ္ဌမှရေးသားဖော်ပြထားသည်။[၂၄၈]

ဟောင်ရွှေလီမွန်ဒဗလော့ပ်မင့်ကုမ္ပဏီလီမိတက်သည် တရုတ်နိုင်ငံ၏အကြီးဆုံးရှောက်ပင်စိုက်ပျိုးခြင်းပြုပြင်ထုတ်လုပ်သည့်ကုမ္ပဏီဖြစ်ပြီး ဟောင်ယုဂရုပ်ကုမ္ပဏီနှင့်တွဲဖက်အဖွဲ့အစည်းလည်းဖြစ်သည်။ ၂၀၀၉ ခုနှစ်၌ အဆိုပါကုမ္ပဏီသည် တရုတ်-မြန်မာနယ်စပ်ဒေသ၌ ၂၀၀ ဟက်တာရှိ သရုပ်ပြရှောက်ပင်ပျိုးခင်းဥယျာဉ်တစ်ခုနှင့်ယူနန်ပြည်နယ်၏ တဲ့ဟောင်းစီရင်စု၌ ၁၃,၃၀၀ ဟက်တာရှိ ရှောက်ပင်ပျိုးဥယျာဉ်အား တည်ထောင်ခဲ့ကြောင်း အစီရင်ခံထားသည်။ တစ်ချိန်တည်း၌ပင် တရုတ်နယ်စပ်မြို့ရွှေလီ/မူဆယ်အနီး၌ ၃,၃၀၀ ဟက်တာရှိ ရှောက်ပင်ပျိုးဥယျာဉ်အား တည်ဆောက်ရန် ရှမ်းအာဏာပိုင်များနှင့်ပူးပေါင်းဆောင် ရွက်ရေးသဘောတူညီချက်တစ်ရပ်ကိုလည်းအပြီးသတ်ရရှိခဲ့သည်။

ဟောင်ယုအုပ်စုကုမ္ပဏီသည် ထိုင်းနယ်စပ်တစ်လျှောက် ရှမ်းပြည်နယ် တြိဂံဒေသတိုင်းစစ်ဌာနချုပ်လက်အောက်ရှိ မိုင်းဆတ်မြို့နယ်အတွင်း၌ရာဘာ ၂,၀၀၀ ဟက်တာအား ၂၀၀၆ ခုနှစ်အတွင်း၌ စိုက်ပျိုးရန်နှင့် တာချီလိတ်မြို့နယ်အတွင်းနောက်ထပ်ရာဘာ ၂,၀၀၀ ဟက်တာထပ်မံစိုက်ပျိုးရန်သဘောတူညီချက်ကနဦးထရိုက်များကို စီစဉ်ဆောင်ရွက်ခဲ့ကြောင်းအခြားသောသတင်းအရင်းမြစ်များမှအတည်ပြုသည်။ ၂၀၀၇ ခုနှစ်၊ မတ်လတွင် တာချီလိတ်နယ်မြေခံတပ်ရင်းမှူးမှ

ဟောင်ယုဂရုပ်ကုမ္ပဏီအတွက် ရာဘာစိုက်ပျိုးရန် ရွာသား (၁၇) ဦးအားအနီးရှိသစ်တောအားခုတ်ထွင်မီးရှို့ရန် အမိန့်ပေးလိုက်ခြင်းဖြင့် ဤကန်ထရိုက်စာချုပ်အားစတင်သက်ရောက်မှုရှိစေခဲ့သည်။[၂၄၉] တိုင်းရင်းသားဗမာလူမျိုး ပတ်ဝန်းကျင်ဆိုင်ရာကျွမ်းကျင်သူများ၏အစီရင်ခံစာအရ ဟောင်ယုဂရုပ်ကုမ္ပဏီသည် ရှမ်းပြည်နယ်အတွင်းရာဘာ ၈၁,၀၀၀ ဟက်တာကို စိုက်ပျိုးခဲ့ပြီးဖြစ်သည်။[၂၅၀]

## ‘ဝ’ရာဘာတော်လှန်ရေး

ရာဘာလုပ်ငန်းလုပ်ပိုင်ခွင့်များနှင့်ပတ်သက်သည့် အစိုးရ၏စာရင်းဇယားများတွင် ‘ဝ’နှင့်ကိုးကန့်ဒေသကို ထည့်သွင်းထားခြင်းမရှိချေ။ အဆိုပါဒေသနှစ်ခု၊ အထူးသဖြင့်‘ဝ’ဒေသသည် ဘိန်းအစားထိုးအစီအစဉ်အရ တရုတ်စိုက်ပျိုးရင်း နှီးမြှပ်နှံသူများ အထူးရည်ရွယ်ဦးတည်ထားသည့် ရှမ်းပြည်နယ်၏အစိတ်အပိုင်းများဖြစ်သည်။ အဆိုပါလုပ်ငန်းလုပ်ပိုင်ခွင့်များကို ယူဒဗလျူအက်စ်အေနှင့် ယခုအခါတွင်မရှိတော့ပြီဖြစ်သော အမ်မ်အင်န်ဒီအေအေတို့နှင့်အတူ ၎င်းတို့၏သက်ဆိုင်ရာနယ်မြေအတွင်းစီစဉ်ရယူထားခဲ့ကြခြင်းဖြစ်သည်။ ဤဒေသများအတွင်းရာဘာစိုက်ပျိုးမှုအတိအကျပမာဏနှင့်ပတ်သက်၍ ခိုင်မာသောကိန်းဂဏန်းများမရှိသော်လည်း သုတေသနအပေါ်အခြေခံမှုအရ အဆိုပါဒေသသည် ‘ရာဘာရပ်ဝန်း’ အဖြစ်သို့အသွင်ပြောင်းလဲသွားခဲ့ပြီမှာရှင်းလင်းလှသည်။

ကိုးကန့် (၂၀၀၃ ခုနှစ်) နှင့် ‘ဝ’ (၂၀၀၅ ခုနှစ်) ဒေသများအတွင်း ဘိန်းပိတ်ပင်တားဆီးမှုများကိုအကောင်အထည်ဖော်ဆောင်ရွက်မှုအပြီးတွင် ဒေသခံအာဏာပိုင်များသည် ဆင်းရဲမွဲတေမှုနှင့်ဘိန်းစိုက်ပျိုးမှု ပပျောက်ရန်နည်းလမ်းအဖြစ် သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းကိုတိုက်တွန်းအားပေးလာခဲ့ကြသည်။‘ဝ’ဒေသ အတွင်း၌အာဏာပိုင်များသည် ရာဘာစိုက်ခင်းကြီးများကိုစိုက်ပျိုးမှုအားအကြီးအကျယ်အားပေးခဲ့ကြရာယခုအခါတွင်တောင်တန်းတစ်ခုလုံးရာဘာပင်များဖြင့်ဖုံးလွှမ်းလျက်ရှိသည်။ လဘက်စိုက်ပျိုးရေးကိုလည်း ‘ဝ’ ဒေသမိုင်းမောနှင့် ကိုးကန့်ဒေသမြောက်ပိုင်းရှိ ပင်လယ်ရေပြင်အထက်အမြင့်ပိုင်းနေရာများတွင် စိုက်ပျိုးကြရန်တိုက်တွန်းအားပေးလျက်ရှိသည်။ ကြံအား ‘ဝ’ ဒေသမိုင်းပေါက်ခရိုင်နှင့်ကိုးကန့်ဒေသတောင်ပိုင်းစ သည့်မြေနိမ့်နေရာများ၌စိုက်ပျိုးကြသည်။

၂၀၀၉ ခုနှစ်အစောပိုင်းတွင် ‘ဝ’ ခေါင်းဆောင်များမှ ရာဘာစိုက်ပျိုးရန်မြေဟက်တာ ၃၃,၀၀၀၊ လဘက် အတွက်မြေဟက်တာ ၁၃,၀၀၀ နှင့်ကြံအတွက် ၆,၆၀၀ ဟက်တာမြေဖော်ထုတ်ပေးခဲ့ခြင်းအားဖြင့်ယခင် ဘိန်းစိုက်တောင်သူများ အတွက်ဝင်ငွေရရှိရန်အခွင့်အလမ်းများကိုဖန်တီးပေးခဲ့ကြကြောင်း အခိုင်အမာပြောဆိုခဲ့ကြသည်။[၂၅၁] ‘ဝ’ အာဏာပိုင်များသည် ၂၀၁၀ ခုနှစ်အထိတစ်နှစ်လျှင်ရာဘာဟက်တာ ၁,၀၀၀ တိုးချဲ့စိုက်ပျိုးရန်ရည်မှန်းချက်ချမှတ်ထားကြောင်း ယူဒဗလျူအက်စ်အေဒေသရှိ မြန်မာဖွံ့ဖြိုးရေးဝန်ထမ်းဟောင်းတစ်ဦးမှပြောဆိုသည်။[၂၅၂] ၂၀၁၀ နှောင်းပိုင်း၌ ‘ဝ’ ဒေသမြောက်ပိုင်းတစ်ခုတည်း၌ပင် ရာဘာချည်းအတွက်ရည်ရွယ်ထားသောဟက်တာ ၆၆,၆၀၀ နှင့်အတူဘိန်းအစားထိုးစိုက်ခင်းဟက်တာ ၈၄,၀၀၀ ရှိခဲ့ပြီဖြစ်ကြောင်း ယူဒဗလျူအက်စ်အေစိုက်ပျိုးရေးတာဝန်ခံတစ်ဦးမှ အခိုင်အမာပြောဆိုခဲ့သည်။[၂၅၃] ၂၀၀၉ ခုနှစ်တွင် ယူဒဗလျူအက်စ်အေမြို့နယ်ရုံးများမှ စုစည်းထားသောကိန်းဂဏန်းများမှ ရာဘာဟက် တာ ၁၃,၀၀၀ အားမှတ်တမ်းတင်ထားရာ၊ ၎င်း၏ငါးပုံတစ်ပုံသည် မိုင်းမောခရိုင်အတွင်းယူဒဗလျူအက်စ်အေခေါင်းဆောင်များ ရှယ်ယာထည့်ဝင်ထားသောဟုန်ပန်းကုမ္ပဏီလက်အောက်တွင်ရှိသည်။[၂၅၄] ‘ဝ’ ဒေသတွင်အချိန်မှစ၍ ရာဘာပမာဏများစွာကို စိုက်ပျိုးခဲ့ပြီးဖြစ်ရာဤကိန်းဂဏန်းသည်ယခုအခါတွင်သိသိသာ သာပင်ပိုမိုများပြားလျက်ရှိသည်။

အစားထိုးဝင်ငွေရသီးနှံအတော်များများအားတရုတ်ကုမ္ပဏီများနှင့်ပူးပေါင်း၍ ဒေသတွင်းကိုးကန့်နှင့်'ဝ' အာဏာပိုင်များ ကစတင်စိုက်ပျိုးလာခဲ့ကြသည်။ ယူဒဗလျူအက်စ်အေစိုက်ပျိုးရေးဌာနကိုယ်စားလှယ်တစ်ဦး၏အဆိုအရ 'ဝ' ဒေသအတွင်း တရုတ်စိုက်ပျိုးရေးကုမ္ပဏီ ၄၀ ကျော်လုပ်ငန်းဆောင်ရွက်လျက်ရှိကြသည်။ တရုတ်ကုမ္ပဏီများသည်ပျိုးပင်၊ ဓာတ်မြေဩဇာ၊ ကျွမ်းကျင်မှုနည်းပညာနှင့်လုပ်ခလစာပံ့ပိုးပေးပြီး၊ 'ဝ'အာဏာပိုင်များမှမြေယာနှင့်လူအင်အားပံ့ပိုးပေးသည်။ 'ဝ' အာဏာပိုင်များသည် တရုတ်နိုင်ငံသို့တင်ပို့သောကုန်ပစ္စည်းအပေါ်တွင်အခွန်ကောက်ခံသည်။ တရုတ်စီးပွားရေးသမားများသည်လည်း စိုက်ပျိုး ခြံများပျိုးထောင်ထိန်းသိမ်းရန်ရွာသားများအားလုပ်အားခပေးသည်။[၂၅၅]

တင်းတင်းကျပ်ကျပ်အကောင်အထည်ဖော်နေသည့် ဘိန်းစိုက်ပျိုးခြင်းတားဆီးပိတ်ပင်မှုသည် သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းကိုဆောင်ရွက်စေခြင်းမှတစ်ပါး အစားထိုးသက်မွေးဝမ်းကျောင်းမှုများအားဖန်တီးပေးမည့် စနစ်ကျသောအစီအစဉ်မရှိဘဲ ယခင်ဘိန်းစိုက်တောင်သူများ၏အဓိကဝင်ငွေရလမ်းအားတားဆီးခဲ့သည့်အလျောက် ၄င်းတို့အားပို၍ဒုက္ခရောက်စေခဲ့သည်။ သို့သော်'ဝ'ဒေသအတွင်းရာဘာစိုက်ခင်းများသည် မလိုအားအပ်သောအကျိုးသက်ရောက်မှုများ ကိုဖြစ်ပေါ်စေခဲ့ပြီး ဒေသခံပြည်သူများကိုသိသိသာသာ အကျိုးဖြစ်ထွန်းစေခဲ့ခြင်းမရှိချေ။[၂၅၆]

## စားနပ်ရိက္ခာဖူလုံရေး

ယူဒဗလျူအက်စ်အေစိုက်ပျိုးရေးဌာန၏အဆိုအရ ဘိန်းစိုက်ပျိုးမှုပိတ်ပင်ပြီးချိန်မှစတင်၍ မြောက်ပိုင်း'ဝ' နယ်မြေအတွင်း ရှိလူဦးရေ၏ ၅၀ ရာခိုင်နှုန်းနီးပါးသည် တစ်နှစ်လျှင် ၃ လမှ ၆ လအထိသာ၊ အချို့သည် ၁ လသာလျှင် မိသားစုစားသုံးရန် ဆန်ကိုထုတ်လုပ်နိုင်တော့သည်။ ဤဌာနမှကိုယ်စားလှယ်တစ်ဦး က"စားနပ်ရိက္ခာလုံခြုံမှုသည်ဤအခြေအနေကိုဖြေရှင်းရန်အတွက်လိုအပ်ချက်ဖြစ်သည်"ဟုဆိုသည်။[၂၅၇]

ဖြေရှင်းသည့်နည်းလမ်းများတွင် အစားအစာထုတ်လုပ်မှုတိုးမြှင့်ရေးအား ကြိုးပမ်းဆောင်ရွက်ရန်နှင့်/သို့မဟုတ် အစားထိုးသီးနှံများစိုက်ပျိုးရန်တို့ပါဝင်ကြသည်။ သို့သော်ရပ်ရွာလူထုများသည် ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဟန့်ထားသည့်အကြောင်းအရာများစွာရှိနေပေသည်။ 'ဝ' ဒေသနေရာအများစုသည် မတ်စောက်သောတောင်တန်းများဖြစ်ကြပြီး တောင်သူများမှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးကိုလုပ်ကိုင်ကြသည်။ တောင်ယာများသည် ရေသွင်းစိုက်ပျိုးခြင်းမဟုတ်ဘဲ မိုးရေကိုသာရယူ၍ စိုက်ပျိုးကြ ခြင်းဖြစ်သည်။

သို့သော် အဓိကပြဿနာမှာ ဘိန်းအစားထိုးအစီအစဉ်အရ စက်မှုစိုက်ပျိုးရေးလုပ်ငန်းများအတွက်အသင့် လျော်ဆုံးသောမြေယာများသည် ဒေသခံရပ်ရွာများမှစပါးနှင့်အခြားစားစရာသီးနှံများအား အကောင်းဆုံးစိုက်ပျိုးလျက်ရှိကြသောမြေယာများပင်ဖြစ်နေသည်။ ဘိန်းစိုက်ပျိုးသောမြေယာများသည်ပင်လယ်ရေမျက်နှာပြင်အမြင့်ပိုင်း၍ညံ့ဖျင်းပြီး၊ အင်နဓာတ်ပါဝင်မှုများ၍ မြန်မာနှင့်တရုတ်အစိုးရတို့ကအားပေးဆောင်ရွက် နေကြသောအစားထိုးဝင်ငွေရသီးနှံစိုက်ပျိုးရေးအတွက် သင့်လျော်မှုမရှိသောနေရာများဖြစ်ကြသည်။ ယူဒဗလျူအက်စ်အေဒုတိယဥက္ကဋ္ဌ ရှောက်မင်လျံမှ "ရာဘာနဲ့ကြံစိုက်ခင်းတွေ [တရုတ်စီးပွားရေးသမားများ၏ရင်းနှီးမြှုပ်နှံမှုဖြင့်]အတွက်စိုက်ပျိုးဖို့အားပေးလို့ အကောင်းဆုံးမြေကတော့စားသုံးသီးနှံအတွက်အကောင်းဆုံးမြေမျိုးဘဲဖြစ်တယ်။ ဒါကြောင့်လည်း ကျွန်တော်တို့တစ်တွေစားသုံးသီးနှံအတွက်မြေယာနဲ့အစားထိုးသီးနှံအတွက်မြေယာအကြားဝိရောဓိတွေကိုရင်ဆိုင်နေခဲ့ရတယ်။ တောင်သူတွေအတွက်အလုပ် အကိုင်အခွင့်အလမ်းပေးဖို့တခြားရွေးစရာလမ်းကျွန်တော်တို့မှာမရှိဘူး"ဟုဆိုသည်။[၂၅၈]

အချို့တောင်သူများသည် တရုတ်ကုမ္ပဏီများနှင့်ဒေသခံအာဏာပိုင်များ သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏အကူအညီဖြင့် လဘက်၊ ကြံနှင့် သစ်ကြားသီးစိုက်ခင်းငယ်များအား အစားထိုးဝင်ငွေရသီးနှံအဖြစ်ကြိုးပမ်းစိုက်ပျိုးခဲ့ကြသည်။ ဤသို့အကူအညီများအားပေးအပ်ရာတွင် ပျိုးပင်ပေါက်များနှင့် နည်းပညာပံ့ပိုးသည့်ပုံစံဖြင့် အဓိကပေးအပ်သည်။ သို့သော်အဆိုပါသီးနှံများသည် ရင်းနှီးမြှုပ်နှံမှုအချို့လိုအပ်ပြီးနှစ်အနည်းငယ်ကြာမြင့်ပြီးမှသာ ဆွတ်ခူးနိုင်လေသည်။ ငွေရင်းနှင့်တကွသီးနှံခူးဆွတ်ချိန်မတိုင်မီ အထိစောင့်ဆိုင်းရန်အချိန်လည်းမရှိကြသောကြောင့် တောင်သူအနည်းငယ်မျှသာလျှင် ကိုယ်ပိုင်စိုက်ပျိုးရေးအဖြစ်လုပ်ဆောင်နိုင်သည်။

စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရန် သို့မဟုတ် အခြားဝင်ငွေရသီးနှံများကိုစိုက်ပျိုးရန်ကြိုးစားခြင်းမှလွဲ၍ မတတ်သာသည့်အဆုံး၌ ဒေသခံများသည် သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ (အင်န်တီအက်ဖ်ပီ) ကိုရှာဖွေစုဆောင်းမှုများပြန်လည်လုပ်ဆောင်ခဲ့ကြသည်။ "ဘိန်းစိုက်တာမတားမြစ်ခင်တုန်းကတော့ကျွန်တော်တို့ဘိန်းခင်းထဲမှာအလုပ်လုပ်ပြီးဝင်ငွေအလုံအလောက်ရတယ်" ဟု 'ဝ' ဒေသမြောက်ပိုင်းမှ အသက် ၃၂ နှစ်အရွယ် 'ဝ' လူမျိုးတစ်ဦးကဆိုသည်။ "ဒါပေမဲ့အခုတော့နေ့စားအလုပ်ရဖို့သိပ်ခက်တယ်လေ၊ ဒါကြောင့်ဒီကလူတော်တော်များများ သစ်မြစ်တွေလိုက်ကောက်နေကြရတာပေါ့"။[၂၅၉] ဒေသခံများသည်သစ်မြစ်များသာမက၊ သစ်ခေါက်နှင့်အခြားအင်န်တီအက်ဖ်ပီ အနည်းအပါးကို လိုက်လံစုဆောင်းပြီး၊ အရပ်တွင်းရှိဈေး၌ တရုတ်ကုန်သည်များအား ပြန်လည်ရောင်းချကြသည်။ အဆိုပါပစ္စည်းများအား အိတ်များအပြည့်တင်ဆောင်ထားကြသည့်ထရပ်ကားများကို တရုတ်နိုင်ငံသို့ဦးတည်ရာလမ်းများပေါ်၌ တွေ့မြင်နေရသည်။ အင်န်တီအက်ဖ်ပီစုဆောင်းခြင်းအပေါ် အလွန်အမင်းမှီခိုအားထားလာနေခြင်းသည် သဘာဝပတ် ဝန်းကျင်အပေါ်ဆိုးဝါးသည့်သက်ရောက်မှုကိုဖြစ်ပေါ်စေသည်။ လူများစွာက စုဆောင်းလာကြသဖြင့်အချို့ သောအင်န်တီအက်ဖ်ပီများမှာ ရှားပါးစပြုလာကြပြီဖြစ်သည်။ ဤအခြေအနေ၏ ရလာဒ်တစ်ခုအဖြစ် ယခင်ဘိန်းစိုက်တောင်သူအများစုသည် ဝင်ငွေရရှိရေးအတွက် ကြုံရာကျပန်းအလုပ်များအပေါ်တွင် မှီခိုလာကြသည်။ ဤတွင် ဘိန်းစိုက်ပျိုးမှုတားမြစ်ပိတ်ပင်အပြီးတွင် အခစားအလုပ်သမားအဖြစ် ရာဘာစိုက်ခင်းအများစုတွင်သာမကဘဲ အခြားသောသီးနှံတစ်မျိုးတည်းစိုက်ပျိုးသည့် စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်းလုပ်ကိုင်ခြင်းတို့ပါဝင်ကြသည်။

## 'ဝ' စီးပွားရေးပုံစံ

ယူဒဗလူအက်အေစိုက်ပျိုးရေးဌာန၏အဆိုအရ အရွယ်အစားကိုလိုက်၍ စိုက်ပျိုးမှုများကို စည်းမျဉ်းများ သတ်မှတ်ထားရှိသည်။ ၁,၀၀၀ မု (၆၇ ဟက်တာ) အောက်ရှိသော စိုက်ပျိုးရေးလုပ်ငန်းသည် ယူဒဗလျူ အက်စ်အေ၏ခရိုင် သို့မဟုတ် မြို့နယ်အာဏာပိုင်ထံမှသာခွင့်ပြုချက်ရယူကြရပြီး ၁,၀၀၀-၃,၀၀၀ မု (၆၇-၂၀၀ ဟက်တာ) အတွင်းရှိလုပ်ငန်းများသည် ပန်ဆန်းရှိ ၎င်းတို့၏ယူဒဗလူအက်အေစိုက်ပျိုးရေးဌာနချုပ် ထံမှခွင့်ပြုချက်ရရှိရန်လိုအပ်သည်။ ၃,၀၀၀ မု (၂၀၀ ဟက်တာ) အထက်စိုက်ပျိုးရေးခြင်းအတွက် စီးပွား ရေးသမားများသည် ယူဒဗလျူအက်စ်အေဗဟိုအာဏာပိုင်များမှ တဆင့် ဆောင်ရွက်ကြရမည်။ ဒေသခံရပ်ရွာလူထုများအားဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စများတွင် ပါဝင်စေခြင်းမရှိချေ။[၂၆၀]

ယူဒဗလျူအက်စ်အေဒေသအတွင်း ဤစည်းကမ်းချက်များအပေါ်မူတည်လျက် လုပ်ငန်းဆောင်ရွက်နေကြသော ကုမ္ပဏီပုံစံမျိုးစုံရှိကြသည်။ ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်နေကြသော တရုတ်နိုင်ငံမှတရုတ်ကုမ္ပဏီများ၊ တရုတ်ကုမ္ပဏီနှင့်ယူဒဗလျူအက်စ်အေအာဏာပိုင်တို့ ဖက်စပ်လုပ်ကိုင်နေကြသောလုပ်ငန်းများနှင့် 'ဝ' ကုမ္ပဏီ (အများအားဖြင့် ယူဒဗလျူအက်စ်အေတပ်မတော်အာဏာပိုင်များက အပြည့်အဝပိုင်ဆိုင်သော) တို့ဖြစ်ကြသည်။ ရာဘာစိုက်ခင်း

၃၀-၄၀ ခန့်သည် 'ဝ' တပ်မတော်အာဏာပိုင်များမှပိုင်ဆိုင်ကြသော်လည်း ပျိုးပင်များ၊ တရုတ်နိုင်ငံသို့တင်ပို့ရန်သယ်ဆောင်ခွင့်ပြုချက်များနှင့်နည်းပညာဆိုင်ရာ အကြံပေးချက်များရရှိရန်အတွက်မူ တရုတ်စီးပွားရေးသမားများကို မှီခိုအားထားနေရသည်ဟု 'ဝ' ဒေသရှိ မြန်မာဖွံ့ဖြိုးရေးဝန်ထမ်းဟောင်းတစ်ဦးကဆိုသည်။ ဤအစီအမံအတွက် 'ဝ'အာဏာပိုင်မှ ၇၀ ရာခိုင်နှုန်းသောအကျိုးအမြတ်ကိုရရှိကြပြီး ကျန်သည့်အကျိုးအမြတ်ကိုတရုတ်ရင်းနှီးမြှုပ်နှံသူကရရှိကြသည်။ ၁၀၀ ရာခိုင်နှုန်းပြည့် တရုတ်ရာဘာလုပ်ငန်းများတွင်မူ 'ဝ' အာဏာပိုင်များမှ မြေယာနှင့်လုပ်အား (အတင်းအကျပ်သိမ်းယူခြင်း၊ ဆင့်ခေါ်ခြင်းတို့ဖြင့်) ပံ့ပိုးပေးကြရသည်။ သို့သော် ယင်းလုပ်ငန်းအား တရုတ် ရင်းနှီးမြှုပ်နှံသူမှကိုယ်တိုင်လုပ်ကိုင်အငှားချထားပေးသည်။ ဤသို့စီစဉ်ဆောင်ရွက်မှုအတွက် တရုတ်များမှ မည်သည့်အခွန်များကိုပေးဆောင်ကြသည်၊ အကျိုးအမြတ်ကိုမည်သို့ခွဲဝေကြသည်ဆိုသော အချက်များကို မသိရှိရချေ။

တောင်သူများအားမြေရှင်းလင်းခြင်း၊ ကျင်းတူးခြင်း၊ ပျိုးပင်စိုက်ပျိုးခြင်းနှင့်ရာဘာစိုက်ခင်းထိန်းသိမ်းခြင်း တို့အတွက်အခကြေးငွေအနည်းငယ်ကိုသာပေးသည်။ ပထမ ၂ နှစ် ၃ နှစ်ခန့်အတွင်း၌သာလျှင် ၄င်းတို့၏စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ခင်းအတွင်းအခြားသီးနှံများကိုသီးညှပ်စိုက်ပျိုးနိုင်ကြသည်။ အဆိုပါကာလကိုကျော်လွန်ခဲ့သော် ရာဘာခင်းများတွင် နေ့စားလုပ်အားလိုအပ်ချက်လျော့နည်းကျဆင်းလာပြီး ရာဘာပင် ၇ နှစ်သားရောက်ရှိပြီး အစေးစတင်ထုတ်နိုင်သည့်ကာလမတိုင်ခင်အချိန်အထိ ရာဘာစိုက်ခင်းအားစောင့်ရှောက်ရန်အတွက်သာလျှင် လုပ်အားလိုအပ်တော့သည်။ 'ဝ' စိုက်ပျိုးရေးတာဝန်ခံများမှ မုတစ်သန်းကျော် (၆၆,၆၆၇ ဟက်တာ) ရှိသောရာဘာစိုက်ခင်းတွင် အခစားအလုပ်သမားအမြောက်အများကို လိုအပ်နေသဖြင့် လုပ်အားပြတ်လပ်မှုဆိုးရွားမှုရှိနေကြောင်းပြောဆိုသည်။

## အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု

ဒေသခံများအားရာဘာစိုက်ခင်းများတွင်လုပ်ကိုင်ရန် 'ဝ' အာဏာပိုင်တို့မှ အတင်းအကျပ်ဆောင်ရွက်မှုများလည်းရှိသည်။ ယူဒဗလျူအက်စ်အေမြို့နယ်အာဏာပိုင်များမှ ကျေးရွာအာဏာပိုင်အား ရာဘာစိုက်ခင်းတွင်လုပ်ကိုင်ခြင်းအတွက်တစ်လစာလုပ်အားခွဲတမ်းပေးထားသည်။ 'ဝ' ဒေသတွင်အခြေစိုက်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၏ ဝန်ထမ်းတစ်ဦးမှ "[ဒီမြို့နယ်အတွင်း]ရာဘာစိုက်ခင်းမှာလုပ်အားမပေးရတဲ့အိမ်ထောင်စုတစ်စုမှကိုမရှိဘူး။ အဓမ္မအခိုင်းခံရတယ်။ ဒါပေမဲ့လုပ်ခအချို့တော့ရတယ်"ဟုဆိုသည်။[၂၆၁] လူထုအားအတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများသည် ရာဘာစိုက်ခင်းများ သို့မဟုတ် အခြေခံအဆောက် အအုံတည်ဆောက်ရေးလုပ်ငန်းများတွင်ဖြစ်ကြပြီး ဒေသခံများအတွက်ကျပန်းဝင်ငွေရရှိသည့် အခစား အလုပ်အကိုင်များကိုရှာဖွေနိုင်ရန်အခွင့်အလမ်းများကိုလျော့နည်းကျဆင်းလာစေသည်။

အချို့သောအစီရင်ခံခဲ့သည့်ဖြစ်ရပ်များတွင် ဒေသခံအလုပ်သမားများသည် တစ်လလျှင် တစ်မူအတွက် ၅ ယွမ် (အမေရိကန်ဒေါ်လာ ၀.၈) ရရှိကြသည်။ (ရာဘာစိုက်ခင်းများရှိ အဓမ္မလုပ်အားပေးခိုင်းစေမှုမျိုး ဆိုလျှင်ဤထက်ပင်နည်းသေးသည်)။[၂၆၂] အလုပ်သမားများသည်တစ်လလျှင် ၁ မူအတွက် ၆ ယွမ်အပြင် တစ်လလျှင်တစ်ဦးအတွက်ဆန်ကီလိုဂရမ် ၃၀ ကိုရရှိကြသည်ဟု 'ဝ' စိုက်ပျိုးရေးအဆင့်မြင့်အရာရှိတစ်ဦးကဆိုသည်။[၂၆၃] အခြားဖြစ်ရပ်များတွင် တစ်ရက်လျှင် ၁၅ ယွမ်အထိပင်ရှိသောလုပ်အားခများရှိကြောင်း သိရသည်။[၂၆၄] ဤသို့လုပ်အားခနည်းပါးရုံသာမကဘဲ လုပ်အားလိုအပ်သောကာလသည် တစ်နှစ်လုံးတွင် ၄ လသာလျှင်ဖြစ်သည့်အပြင် အဆိုပါကာလသည် ကိုယ်ပိုင်ထွန်ယက်ရန်မြေယာတစ်စုံတစ်ရာရှိနေသေးသူ အတွက်မိမိ၏ရွှေ့ပြောင်းတောင်ယာအား ပြင်ဆင်စိုက်ပျိုးချိန်နှင့်လည်းတိုက်ဆိုင်နေပြန်သည်။ ဤကဲ့သို့ အချိန်ကိုက်တူညီနေခြင်းသည် တောင်သူများ၏စားနပ်ရိက္ခာဖူလုံရေးအတွက် ကြီးမားလှသောအတားအဆီးကိုဖြစ်စေပါသည်။ ထို့အပြင် လက်တွေ့တွင်တရုတ်ရင်းနှီးမြှုပ်နှံသူများသည် လုပ်အားခကိုအလုပ်သမားများထံတိုက်ရိုက်မ

ပေးဘဲ ဒေသခံအာဏာပိုင်များအားပေးထားကြသဖြင့် အကျင့်ပျက်ခြစားမှုများကြောင့် အလုပ်သမားများသည် အဆိုပါမဖြစ်စလောက်ငွေကြေးအကျိုးအမြတ်ကိုပင်လျှင် ရရှိနိုင်ကြမည်မ ဟုတ်ချေ။

'ဝ' တာဝန်ခံများ၏အဆိုအရ ရာဘာစိုက်ခင်းများ၌ ရွာသားအားလုံး၏ ၇၀ ရာခိုင်နှုန်းကိုအလုပ်ပေးထားနိုင်ခဲ့သည်ဟုဆိုသော်လည်း အခြားသူများက ၅၀ ရာခိုင်နှုန်းခန့်သာလျှင် အများဆုံးရှိမည်ဟုယုံကြည်ထားကြသည်။[၂၆၅] ယေဘုယျအားဖြင့် အကောင်းဆုံးအခြေအနေ၌ပင်လျှင် လယ်ယာတွင်အခစားအလုပ်သမားများသည်လုပ်ငန်းပြင်ဆင်ခြင်းအတွက်အနိမ့်ဆုံးငွေကြေးကိုသာလျှင်ရရှိကြပြီး တောင်သူတို့၏ကိုယ်ပိုင်တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်း၏ရာသီအလိုက်လိုအပ်ချက်များကိုလည်း အဟန့်အတားဖြစ်စေသည်။ လုပ်အားလျော့နည်းပြတ်လပ်မှုကြောင့် အိမ်ထောင်စုများသည်၎င်းတို့၏တောင်ပေါ်မြေယာများကို အပြည့်အဝထွန်ယက်စိုက်ပျိုးနိုင်ခြင်းမရှိကြသဖြင့် ၂၀၀၈ ခုနှစ်၌ ခန့်မှန်းခြေစပါးစိုက်ပျိုးမြေဧရိယာ၏သုံးပုံ တစ်ပုံအထိလျော့ကျသွားမှုကိုဖြစ်ပေါ်စေခဲ့ပြီး ယင်းဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှုကိုအန္တရာယ်ဖြစ်စေခဲ့သည်။ ရပ်ရွာတွင်းမှယောကျ်ားအလုပ်သမားထုအား ဒေသခံ 'ဝ' အာဏာပိုင်များက ၃ လအထိလိုအပ်သလိုခိုင်းစေနေကြသဖြင့် အဓမ္မလုပ်အားခိုင်းစေမှုသည် ရေပေးရေးစနစ်များနှင့်စာသင်ကျောင်းများတည်ဆောက်ရေးလုပ်ငန်းအတွက် အဟန့်အတားကြီးမားစွာဖြစ်စေသည်။[၂၆၆]

## လက်လွတ်ဆုံးရှုံးမှု

ဘိန်းစိုက်ပျိုးမှုအားတားမြစ်မှုအပြီးတွင် 'ဝ' အာဏာပိုင်တို့သည် လုပ်အားအလုံအလောက်ရရှိရန် ရာဘာစိုက်ခင်းအနီးရှိနေရာများသို့ ဒေသခံများအားရွှေ့ပြောင်းခဲ့ကြသည်။ ဝိန်းကောင်ခရိုင်မှ မန်မန်ဆိုင်၊ နားကောင်နှင့်ပန်ယန်းမြို့နယ်များရှိ မိသားစုများ၏ ၁၀၀ ရာခိုင်နှုန်းသည် ရာဘာစိုက်ခင်းများတွင်လုပ်ကိုင်နေကြသည်ဟု 'ဝ' ခေါင်းဆောင်များကဆိုသည်။ "ရာဘာကကောင်းတဲ့အရာတစ်ခုပါ" ဟု 'ဝ' ခေါင်းဆောင်တစ်ဦးကဆိုသည်။ "ဒါပေမယ့် လုပ်အားမရှိလို့တိုးချဲ့ဖို့ခက်တယ်။ အခုတော့ကျွန်တော်တို့လူတွေကို ရာဘာစိုက်ခင်းတွေဆီရွှေ့ပြောင်းနေပြီ။ ဒါကနှစ်စဉ်လုပ်အားလိုအပ်ချက်ကိုအခြေခံပြီး အတည်တကျအခြေစိုက်နေထိုင်တာပါ။ ဒီလူတွေကရာဘာစိုက်ခင်းတွေကိုအဆက်မပြတ်စောင့်ရှောက်ကြရမယ်"။[၂၆၇]

ဤသို့သောဖွံ့ဖြိုးတိုးတက်မှုများနှင့်လုပ်အားလိုအပ်ချက်များသည် ယာယီအိမ်ယာစခန်းများ၊ ဈေးဆိုင်အနည်းငယ်မျှလောက်နှင့်ကြုံရာကျပန်း 'ရာဘာကျေးရွာ' သစ်များဖြစ်ပေါ်လာရန်ဦးတည်စေခဲ့သည်။ အလားတူပုံစံမျိုးအား ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်ကချင်ပြည်နယ်အရှေ့ပိုင်းရှိ မြန်မာလမ်းမကြီးဝန်းကျင်တွင် တွေ့ရှိရသည်။ အင်န်ဂျီအိုများအနေဖြင့်အဆိုပါရာဘာကျေးရွာများသည် ဆိုးရွားသောလူမှုယဉ်ကျေးမှု အကျိုးသက်ရောက်မှုများနှင့်အတူ ပညာရေး၊ကျန်းမာရေးကဲ့သို့ မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုများကို မရရှိနိုင်ကြမည်ကိုလည်း စိုးရိမ်နေကြသည်။

မြေယာမဲ့ပမာဏနှင့်ပတ်သက်သည့်ခန့်မှန်းချက်တစ်ခုအရ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးမှရာဘာစိုက်ပျိုးရေးသို့အတင်းအကျပ်ကူးပြောင်းမှုကြောင့် 'ဝ' ဒေသအတွင်းအိမ်ထောင်စု ၂၀ မှ ၅၀ အကြားသည် မြေယာမဲ့အဖြစ်သို့ အကျိုးသက်ရောက်စေခဲ့သည်။[၂၆၈] ယူဒဗလျူအက်စ်အေနယ်မြေအတွင်း ၁၀ ရာခိုင်နှုန်းခန့်အထိများပြားလှသော အိမ်ထောင်စုများသည် အခမဲ့ သို့မဟုတ် အလွန်ဈေးပေါလှသည့်လုပ်အားထုအဖြစ်ဆောင်ရွက်ပေးရန် အတင်းအကျပ်ရွှေ့ပြောင်းခြင်းခံခဲ့ရသည်။[၂၆၉] ဥပမာ ပန်ဆန်းရှိ 'ဝ' ရွာသား ၁၂၅,၀၀၀ သည်ရာဘာဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်စိတ်တစ်ပိုင်းသက်ဆိုင်သောနည်းဗျူဟာ၏အစိတ်အပိုင်းအဖြစ် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ထိုင်း-မြန်မာနယ်စပ်တစ်လျှောက် တောင်ပိုင်းစစ်

တိုင်းနယ်မြေအတွင်းသို့ ယူဒဗလျူအက်စ်အေမှအတင်းအကျပ်ရွှေ့ပြောင်းအခြေစိုက်ခိုင်းခြင်းကိုခံခဲ့ကြရသည်။[၂၇၀] တောင်ပိုင်းစစ်တိုင်းသည် ၂၀၀၅ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုတားမြစ်ပြီးနောက် ‘ဝ’ ဒေသမြောက်ပိုင်းတွင် စားနပ်ရိက္ခာပြတ်လပ်မှုအားကာမိစေရန် စပါး၊ ဟင်းသီးဟင်းရွက်နှင့်သီးနှံများကို အလုံအလောက်စိုက်ပျိုးထုတ်လုပ်ပေးလိမ့်မည် ဟု ယူဒဗလျူအက်စ်အေကမျှော်လင့်ထားသည်။ ယူဒဗလျူအက်စ်အေသည် ယင်းဒေသအတွင်း၌ လိမ္မော်၊ ပြောင်း၊ ပဲနှင့်ကော်ဖီအပါအဝင် ကြီးမားလှသည့်စိုက်ခင်းများကိုတည်ထောင်ခဲ့သည်။ စိုက်ပျိုးရေးသင်တန်းနှင့်တကွ မျိုးစေ့များထောက်ပံ့မှုအပါအဝင်အကူအညီအချို့ကို တရုတ်နိုင်ငံမှရရှိခဲ့သည်။[၂၇၁]

‘ဝ’ ဒေသ ရာဘာဖွံ့ဖြိုးမှုနိုင်ငံရေးသည် ရာဘာစိုက်ပျိုးရေးအားထက်သန်စွာတိုက်တွန်းအားပေးခြင်း၊ တရုတ်တို့၏စီးပွားရေးအကျိုးအမြတ်နှင့်ဆက်နွှယ်နေခြင်း၊ စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းနှင့် မြေယာလက်လွတ်ဆုံးရှုံးရခြင်းစသည်တို့ပါဝင်နေကြသည့် အန္တရာယ်ရှိသောပေါင်းစပ်မှုမျိုးဖြစ်ကြောင်းကို မီးမောင်းထိုးပြနေသည်။ ယခင်ရွှေ့ပြောင်းတောင်ယာများနေရာတွင်အစားထိုးဝင်ရောက်လာကြသောရာဘာခင်းများသည် ‘ဝ’ ရပ်ရွာလူထုများ၌ ရှိနှင့်နေပြီးသားဆိုးရွားလှသည့်အကျပ်အတည်းများနှင့်၎င်းတို့၏မိသားစုများအား ဝမ်းစာဖြည့်ပေးနိုင်သော၎င်းတို့၏စွမ်းဆောင်နိုင်မှုများကို ပိုမိုဆိုးဝါးစေခဲ့သည်။ ‘ဝ’ ဒေသတွင်းအလုပ်လုပ်ကိုင်နေသော ကုလသမဂ္ဂကိုယ်စားလှယ်တစ်ဦး၏အဆိုအရ ‘ဝ’ တို့၏ရာဘာတော်လှန်ရေးသည် ‘ဝ’ နယ် မြေအား“တရုတ်လက်အောက်ခံပြည်နယ်” တစ်ခုအဖြစ်အသွင်ပြောင်းလဲစေခဲ့သည်။[၂၇၂]

## စိုက်ပျိုးရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုနိုင်ငံရေး

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ရာဘာရင်းနှီးမြှုပ်နှံမှုပုံစံများသည် ကချင်ပြည်နယ်အတွင်း အခြေအနေများနှင့်တူညီမှုအချို့ရှိသည်။ တရုတ်နိုင်ငံမှစိုက်ပျိုးစီးပွားရေးသမားများသည် အစိုးရထိန်းချုပ်ရာနယ်မြေအတွင်း လုပ်ငန်းလုပ်ပိုင်ခွင့်များကိုမြန်မာတပ်မတော်တိုင်းမှူးများထံမှတစ်ဆင့်ရယူကြသည်။ အစိုးရအထောက်အပံ့ပေးထားသော ပြည်သူ့စစ်အဖွဲ့ပေါင်းစုံကြီးစိုးရာနယ်မြေအတွင်း၌လည်း ဤသို့သောဖြစ်ရပ်ရှိသည်။ ဤပြည်သူ့စစ်အဖွဲ့များသည် ဒေသဆိုင်ရာတပ်မတော်တိုင်းမှူးများနှင့် နေပြည်တော်ရှိခေါင်းဆောင်များကို ကောင်းစွာမြှောက်စားထားမှုကြောင့် ဤသို့လုပ်ကိုင်နိုင်ကြခြင်းဖြစ်သည်။

အဓိကကွဲပြားချက်မှာ ရှမ်းပြည်နယ်မြောက်ပိုင်း၌ ရင်းနှီးမြှုပ်နှံသူများလုပ်ငန်းလုပ်ပိုင်ခွင့်ရရှိရေးနည်းလမ်း များကိုရှုပ်ထွေးစေသည့် စီမံလုပ်ကိုင်နေကြသော အာဏာပိုင်အရေအတွက်များနေခြင်းပင်ဖြစ်သည်။ ဤတွင် အစိုးရအထောက်အပံ့ပေးထားသောပြည်သူ့စစ်အဖွဲ့များ၊ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရယူထားကြသော လက်နက်ကိုင်လူမျိုးစုအဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရယူထားခြင်း မရှိကြသောအဖွဲ့များဖြစ်သည်။

ရှမ်းပြည်မြောက်ပိုင်းရှိ အင်အားကြီးမားသောပြည်သူ့စစ်တပ်ဖွဲ့များထဲတွင် ကချင်ကာကွယ်ရေးတပ်မတော် (ကေဒီအေ) နှင့်ယူဒဗလျူအက်စ်အေနယ်မြေတို့အားပိုင်းခြားထားသော၊ လားရှိုးမြို့၏အရှေ့တောင်ဘက်ကီလိုမီတာ ၃၀ ခန့်အကွာတွင်ရှိသောတန့်ယန်းဒေသအတွင်း၊ ၎င်းနှင့်အမည်တူကျေးရွာ၌ ဌာနချုပ်ဖွင့်လှစ်ထားရှိသော မန်ပန်ပြည်သူ့စစ်အဖွဲ့ဖြစ်သည်။[၂၇၃] ခွန်ဆာတပ်မတော်မှခွဲထွက်လာခဲ့သည့်အဖွဲ့ဖြစ်ပြီး၊ တရုတ်လူမျိုးစရိုက်လက္ခဏာကိုထိန်းသိမ်း၍ တရုတ်လူမျိုးများနှင့် စီးပွားရေးလုပ်ရန်ပိုမိုလိုလားသည့် တိုင်းရင်းသားသွေးနှောသည့်တရုတ်များမှဦးဆောင်လျက်ရှိသည်။ မန်ပန်အဖွဲ့၏ကုမ္ပဏီအမည်မှာ ငြိမ်းအေးမြေ သို့မဟုတ် ပိစ်ဖူးလ်လင်းန်ကုမ္ပဏီဖြစ်သည်။

မန်ပန်ပြည်သူ့စစ်အဖွဲ့လှုပ်ရှားရာနယ်မြေအတွင်း၌ စိုက်ပျိုးရေးလုပ်ပိုင်ခွင့်အများအပြားရှိသည်။ သို့သော် အစိုးရထိန်းချုပ်ရာနယ်မြေ သို့မဟုတ် ကေဒီအေကဲ့သို့အခြားသောပြည်သူ့စစ်ထိန်းချုပ်ရာနယ်မြေအတွင်း၌ အဆိုပါအဖွဲ့၏ခေါင်းဆောင်များပိုင်ဆိုင်သော သို့မဟုတ် ပံ့ပိုးဆောင်ရွက်ပေးသောစိုက်ခင်းများ ပို၍ပင်များပြားသည်။ ဥပမာ မန်ပန်ပြည်သူ့စစ်အဖွဲ့သည် လားရှိုးမှ ၁၅ ကီလိုမီတာခန့်ရှိ တန့်ယန်းအနီး ခါးရှီကျေးရွာအတွင်း၌ စိုက်ခင်းတစ်ခုလျှင် ၂၀၀ ဟက်တာစီရှိသောရာဘာစိုက်ခင်း ၃ ခုကိုစိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ ဒေသခံသုတေသီတစ်ဦး၏အဆိုအရ ရှမ်းပြည်နယ်မြောက်ပိုင်း တိုင်းမှူးမှစိုက်ပျိုးရေးလုပ်ပိုင်ခွင့်နှင့်လုံခြုံရေးကို ၎င်းအဖွဲ့အားပေးထားသဖြင့် ရရှိသောအကျိုးအမြတ်အားလုံးအပေါ်တွင်ဝေစု တစ်စုကိုရရှိသည်။ ၎င်းတို့၏ရာဘာစိုက်ခင်းအချို့၌ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုနှင့်ပတ်သက်၍ အတည်မပြုနိုင်သောအစီရင်ခံစာများလည်းရှိသည်။[၂၃၄] တပ်မတော်တိုင်းမှူး၏ကာကွယ်မှုအောက်၌ပင် မန်ပန်ပြည်သူ့စစ်နယ်မြေအတွင်း ဘိန်းစိုက်ပျိုးမှုသည်လည်းတိုးတက်နေပြန်သည်။[၂၃၅]

ရှမ်းပြည်နယ်မြောက်ပိုင်းရှိကချင်ကာကွယ်ရေးတပ်မတော်(ကေဒီအေ)သည် မူလအစ၌ ကေအိုင်အို၏အစိတ်အပိုင်းဖြစ်ခဲ့သော်လည်း ၁၉၉၀ ခုနှစ်များအစောပိုင်း၌ခွဲထွက်လာခဲ့ပြီး ယခုအခါတွင်ပြည်သူ့စစ်အဖွဲ့အနေအထားဖြင့်ရပ်တည်လျက်ရှိသည်။[၂၃၆] ကေဒီအေ၏နယ်မြေသည် လားရှိုးနှင့်တရုတ်နယ်စပ်ရှိ မူဆယ်အကြားလမ်းတစ်ဝက်ရှိ ကွတ်ခိုင်ပတ်ဝန်းကျင်တွင်ဖြစ်သည်။ ကေဒီအေခေါင်းဆောင်များသည် တရုတ်စီးပွားရေးသမားများနှင့်အတူ ရွှေတူးဖော်ရေးကိစ္စများတွင်ပိုမိုပါဝင်ပတ်သက်နေကြသော်လည်း ၎င်းတို့၏ခေါင်းဆောင်အချို့သည် စိုက်ပျိုးစီးပွားရေးလုပ်ငန်းအပေးအယူကိစ္စများတွင်ပါဝင်ပတ်သက်နေကြသည်ဟုယိုးစွပ်ပြောဆိုကြသည်။ နယ်မြေချင်းထပ်နေသဖြင့် ကေဒီအေခေါင်းဆောင်များသည် မန်ပန်ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြသည်။ မန်ပန်ပြည်သူ့စစ်အဖွဲ့သည် ၎င်း၏နယ်စပ်နှင့်ကပ်လျက်တည်ရှိသည့် ကေဒီအေအုပ်ချုပ်မှုနယ်မြေအတွင်း၌ ဆက်ဆံရေးရုံးများကိုဖွင့်လှစ်ထားရှိသည်။ အဆိုပါဧရိယာအတွင်း၌ ဤအဖွဲ့များလုပ်ကိုင်ဆောင်ရွက်နေသည့်ရာဘာ စိုက်ခင်းအချို့ရှိသည်။

အခြားအင်အားကြီးအဖွဲ့တစ်ခုမှာတာမိုးညဲပြည်သူ့စစ်အဖွဲ့ဖြစ်သည်။ ဤအဖွဲ့အားမြင့်လွင်(မြန်မာအမည်) မှ ဦးဆောင်ပြီး၊ ဝမ်ကိုးတ (တရုတ်အမည်) အဖြစ်လည်းသိရှိကြသည့် ကိုးကန့်နယ်မြေနှင့်ကပ်လျက် တာမိုးညဲကျေးရွာတွင် အခြေစိုက်သည့် အရေးပါသည့်ကိုးကန့်လူမျိုးစီးပွားရေးသမားလည်းဖြစ်သည်။ ၎င်း၏ကုမ္ပဏီအမည်မှာ တာမိုးညဲချမ်းသာဖြစ်ပြီး ရန်ကုန်တွင်ရုံးခန်းတစ်ခုကိုဖွင့်လှစ်ထားသည်။ မြင့်လွင်သည်ယခင်အက်စ်ပီဒီစီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ယခုအငြိမ်းစား) နှင့်ပုဂ္ဂိုလ်ရေးအရရင်းနှီးမှုရှိသည်။ တာမိုးညဲတွင်သန်းရွှေအခြေစိုက်ခဲ့သည့် ၁၉၇၀ ပြည့်နှစ်များအတွင်း သယံဇာတထုတ်ယူရေးလုပ်ငန်းများအား စိတ်ဝင်စားကြသည့်တရုတ်စီးပွားရေးသမားများသို့ မြင့်လွင်မှသန်းရွှေအား မိတ်ဆက်ပေးခဲ့သည်ဟု ယုံကြည်ကြသည်။ မြင့်လွင်အနေဖြင့်လည်း အဆိုပါအချိန်မှစ၍ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ သဘာဝသယံဇာတထုတ်လုပ်ရေးလုပ်ငန်းများ၌ပါဝင်ပတ်သက်လာခဲ့ပြီး ဒေသဆိုင်ရာနှင့်နိုင်ငံတော်အဆင့်တပ်မတော်အရာရှိများနှင့် ကောင်းမွန်သည့်ဆက်ဆံရေးများကြောင့် တရုတ်စီးပွားရေးသမားများ၏လုပ်ငန်းအချို့အားလွယ်ကူချောမွေ့စေခဲ့သည်။[၂၃၇] မြင့်လွင်သည် ၂၀၁၀ ရွေးကောက်ပွဲတွင်ယူအက်စ်ဒီပီဖက်မှဝင်ရောက်အရွေးခံခဲ့ပြီး ယခုအခါရှမ်းပြည်နယ်လွှတ်တော်၏ကိုယ်စားလှယ်တစ်ဦးဖြစ်နေသည်။ မူးယစ်ဆေးဝါးရောင်းဝယ်မှု၌ပါဝင်ပတ်သက်နေသည်ဟုလည်း စွပ်စွဲခြင်းခံရသူလည်းဖြစ်သည်။[၂၃၈]

ကိုးကန့်ဒေသသည် လွန်ခဲ့သောရာစုနှစ်များစွာကတည်းကရောက်ရှိခဲ့ကြသော တရုတ်မျိုးနွယ်စုတို့နေထိုင်ရာဖြစ်သည်။ တောတောင်ထူထပ်သောဒေသသည် သံလွင်မြစ်နှင့်ယူနန်နယ်စပ်အကြား ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းအကျဆုံးဒေသအတွင်းလျှို့ဝင်နေပြီး ‘ဝ’ ဒေသမြောက်ပိုင်းနှင့်ကပ်လျက်တည်ရှိသည်။ ကိုးကန့်အားမြန်မာနိုင်ငံ၌ ‘ဒေသခံတရုတ်’

အဖြစ်သတ်မှတ်ထားသည်။ စီပီဘီပြိုကွဲသွားခဲ့ပြီးနောက် ကိုးကန့်မျိုးနွယ်စုများသည် လားရှိုး၌စတင်အခြေစိုက်လာကြပြီး စီးပွားရေးအခွင့်အလမ်းသစ်များအား ရှာဖွေလာခဲ့ကြသည်။ ဒေသခံတရုတ်စကားကိုပြောဆိုကြပြီး ယူနန်စီးပွားရေး သမားများနှင့်ရင်းနှီးသည့်ဆက်ဆံရေးကိုတည်ဆောက်ထားရှိသည်။[၂၇၉] ကိုးကန့်ဒေသ၏နိုင်ငံရေးနှင့်စီးပွားရေးသမိုင်း သည် မြန်မာနိုင်ငံထက် တရုတ်နိုင်ငံနှင့်ပို၍ဆက်နွယ်နေပြီး သယံဇာတထုတ်ယူရေးနှင့် မကြာခင်ကာလမှစတင်ဆောင် ရွက်သော စိုက်ပျိုးစီးပွားဖက်စပ်လုပ်ငန်းများ၌ တရုတ်ရင်းနှီးမြှုပ်နှံမှုများအားအထောက်အပံ့ပေးနိုင်သော အဓိကကျ သည့်အနေအထားမှရပ်တည်လျက်ရှိသည်။

## ရာဘာလုပ်ငန်းလုပ်ပိုင်ခွင့်ဖြစ်ရပ်လေ့လာမှုများ[၂၈၀]

၂၀၀၈ ခုနှစ်၌ စုစုပေါင်းဟက်တာ ၂၀၀ ခန့်ရှိသောရာဘာလုပ်ငန်းလုပ်ပိုင်ခွင့် ၄ ခုအား ရှမ်းပြည်နယ် မြောက်ပိုင်း 'ဝ'၊ ရှမ်းနှင့်ကချင်လူထုပေါင်းစုံရှိရာကျေးရွာတစ်ခု၌ချထားပေးခဲ့သည်။ လုပ်ငန်း ၃ ခုကို ကိုးကန့်တရုတ်စီးပွားရေးသမားများ ကပိုင်ဆိုင်ပြီး ကျန်တစ်ခုကိုရှမ်းစီးပွားရေးသမားတစ်ဦးမှပိုင်ဆိုင်သည်။ ရွာသားများ၏တောင်ယာများအား အတင်းအ ကျပ်သိမ်းယူခဲ့ပြီး ၎င်းတို့အနေဖြင့်မဖြစ်စလောက်လျော်ကြေးကိုသာလျှင်ရရှိခဲ့ကြသည်။ ရာဘာစိုက်ခင်းများအတွင်း ၎င်း တို့၏တိရိစ္ဆာန်များအား စားကျက်အတွက်လွှတ်ကျောင်းရန်ခွင့်မပြုသဖြင့် ၎င်းတို့၏ကျွဲနွားများအတွက် စားကျက်မြေနေ ရာရှားပါးလာနေကြောင်းကို တောင်သူများမှမကျေမနပ်ပြောဆိုလျက်ရှိကြသည်။ စီးပွားရေးသမားအချို့သည် ရာဘာပင် များငယ်ရွယ်သေးသည့်အချိန်၌ ရာဘာစိုက်ခင်းတွင်လုပ်ကိုင်နေကြသော အခစားအလုပ်သမားများအား စိုက်ခင်း၏ ပထမသုံးနှစ်ကာလအတွင်း ပြောင်းနှင့်နှမ်းကိုသီးညှပ်စိုက်ပျိုးခွင့်ပြုထားသည်။ သို့သော် ၎င်းတို့၏အလုပ်သမားများ သည် ၎င်းတို့ပိုင်မြေယာများကိုသိမ်းယူခြင်းခံကြရသောဒေသခံရွာသားများမဟုတ်ကြပေ။ ထိုအစား အပိုဝင်ငွေရရှိရန် ရာဘာစိုက်ခင်းများအတွက် လာရောက်လုပ်ကိုင်နေကြသော နေ့စားလုပ်အားအများစုမှာ လားရှိုးမှရှမ်းနှင့်တရုတ်များ အများဆုံးပါဝင်နေကြသည်။

စီးပွားရေးသမားတစ်ဦးအားမြေယာချထားပေးရန် ရွာအတွင်းလာရောက်၍မြေတိုင်းတာသော စိုက်ပျိုးရေးအရာရှိနှင့် ပတ်သက်၍ အသနားခံစာတစ်စောင်ကို အစိုးရကခန့်အပ်ထားသောကျေးရွာရွာသူကြီးက ရေးသား၍လားရှိုးရှိ အာဏာ ပိုင်များထံပေးပို့ခဲ့သည်။ ရွာသူကြီးပိုင်မြေယာအားပြန်ပေးခြင်းမဟုတ်ဘဲကျေးရွာအတွင်း အခြားသောမြေယာအားအစား ပေးခြင်းအားဖြင့် ပြည်နယ်ရုံးမှပြန်လည်ဖြေရှင်းပေးခဲ့သည်။ ရလာဒ်အနေဖြင့် မြေယာသိမ်းယူခံကြရသောရွာသားများ သည် မိမိကျေးရွာနှင့်ဝေးကွာလှသောနေရာ၌ သွားရောက်စိုက်ပျိုးလုပ်ကိုင်ကြရတော့သည်။ သို့သော် အဆိုပါမြေယာ သစ်အား အခြားရွာသားများထံမှ တစ်နှစ်လျှင်တစ်ဟက်တာလျှင် ၁၂,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၁၅ ခန့်) ဖြင့်ငှားရမ်းလုပ်ကိုင်နေကြရသည်။ ၎င်းတို့အနေဖြင့် အခြားနေရာသို့ရွှေ့ပြောင်းစိုက်ပျိုးသော ယခင်ကျင့်သုံး နေကျ တောင်ယာစိုက်ပျိုးသည့်ပုံစံအတိုင်းမဟုတ်ဘဲ နှစ်စဉ်အဆိုပါမြေယာ၌ပင် သီးနှံကိုဆက်တိုက်စိုက်ပျိုးသွားကြရမည်ဖြစ် သည်။ ဤသို့ အတည်တကျလယ်ယာစိုက်ပျိုးနည်းစနစ်သည် ဓာတ်မြေဩဇာပိုမိုလိုအပ်ပြီး မျိုးစပ်ထားသည့်အထွက်နှုန်း ကောင်းသောမျိုးစေ့များလိုအပ်သည်။ အဆိုပါဈေးနှုန်းကြီးမြင့်လှသည့်သွင်းအားစုများကို လိုလိုလားလားပင်ရောင်းချလို ကြသည့် တရုတ်စီးပွားရေးသမားများထံမှဝယ်ယူရသည်။ များသောအားဖြင့် တောင်သူများအနေဖြင့် တရုတ်စီးပွားရေး သမားများနှင့် ပြောင်းစိုက်ပျိုးရေးကန်ထရိုက်ကို ချုပ်ဆို လုပ်ကိုင်ကြသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ရှမ်း၊ ကချင်၊ ပလောင်နှင့်ဗမာအချို့နေထိုင်ကြသော အခြားရွာတစ်ရွာ၌ တီအင်န်စီအဖြစ်သိ ထားကြသောတရုတ်ကုမ္ပဏီတစ်ခုသည် ၂၀၀၇ ခုနှစ်၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်ရရှိပြီး ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ၌

ဟက်တာ ၈၀၀ အထိရောက်ရှိရန် နှစ်စဉ်မြေယာတိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ တီအင်န်စီ၏ ပိုင်ရှင်မှာတရုတ်ဖြစ်သော်လည်း ကုမ္ပဏီ၏ရှေ့တန်းတွင်လုပ်ဆောင်နေကြသောမန်နေဂျာများမှာ တပ်မတော်နှင့် အဆက်အသွယ်ရှိကြသော၊ အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းတိုင်းမှူးနှင့်အဆက်အသွယ်ရှိကြသည့် ဒေသခံမြန်မာစီးပွားရေးသမားများဖြစ်ကြသည်။ တပ်မတော်နှင့်အဆင်မြင့် အဆက်အသွယ်ရှိခြင်းအားဖြင့် ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုတစ်ခု၌ ဟက်တာမြေ ၂၀၀ မှ ၄၀၀ အထိ ပျမ်းမျှစိုက်ပျိုးလုပ်ကိုင်နေကြသော ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အခြားသူများနှင့်ယှဉ်လျှင် ပို၍ ကျယ်ပြန့်သောမြေယာလုပ်ပိုင်ခွင့်ကို ရရှိစေသည်။

၎င်းလုပ်ပိုင်ခွင့်တွင်ရာဘာသည်အဓိကစိုက်ပျိုးသီးနှံဖြစ်ပြီး ဂျက်ထရိုဖာ (မြန်မာအခေါ် ကြက်ဆူ) ကိုလည်း ရာဘာပျိုးပင်ပေါက်များအကြား အခြားစားသုံးသီးနှံများနှင့်ရောစွက်သီးညှပ်စိုက်ပျိုးကြသည်။ အိမ်ထောင်စု တစ်စုလျှင် ၆၀,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၇၅ ခန့်) လျော်ကြေးရရှိခဲ့ကြ၍ အိမ်ထောင်စု ၇၀ သည် အဆိုပါကုမ္ပဏီအတွက် မိမိတို့မြေယာများကိုစွန့်လွှတ်ကြရန်ဖိအားပေးခံကြရသည်။ ရွာသားများသည် ၎င်းမျှနည်းပါးသောလျော်ကြေးငွေအနည်းငယ်မျှဖြင့် မိမိတို့မြေယာအားရောင်းချရန်ဖိအားပေးမှုကို မနှစ်သက်ကြချေ။ အသနားခံစာတစ်စောင်ကိုစုပေါင်းလက်မှတ်ထိုး၍ ခရိုင်ရုံးထံပေးပို့ခဲ့ကြသော်လည်း မည်သည့်တုန့်ပြန်မှုမျိုးကိုမျှမရရှိကြသေးချေ။

တီအင်န်စီကုမ္ပဏီတွင်အများအားဖြင့် အခစားအလုပ်သမားများကို လားရှိုးမှငှားရမ်းပြီး ယေဘုယျအားဖြင့် ၎င်းတို့သည် ရာဘာစိုက်ပျိုးရေးလုပ်ငန်းတွင် အတွေ့အကြုံရှိကြပြီးသူများဖြစ်ကြသည်။ အထူးသဖြင့် အလုပ်သမားများသည် ရှမ်း၊ ပလောင်နှင့်ဗမာများဖြစ်ကြပြီး လုပ်ငန်းခွင်၌နေစရာအိမ်ရာနှင့် အနိမ့်ဆုံးလုပ်အားခကိုရရှိခံစားကြရသည်။ အလုပ်သမားအနည်းစုသာလျှင် လုပ်ပိုင်ခွင့်တည်ရှိသည့်ဒေသခံ ရပ်ရွာလူထုများမှဖြစ်ကြသည်။ မြေယာကိုသိမ်းယူခြင်းခံခဲ့ကြရသောရွာသားများသည် စိုက်ပျိုးလုပ်ကိုင်ရန်အတွက် တောင်စောင်းနေရာများကိုရှာဖွေရန် ရွာမှဝေးလံသောနေရာများသို့သွားရောက်ကြရသည်။ စိုက်ပျိုးရေးလုပ်ပိုင်ခွင့်များသည် ရွာပတ်ဝန်းကျင်ရှိ တိရစ္ဆာန်စားကျက်မြေများကိုလည်း အများအပြားပင် လျော့နည်းစေသည်။

စိန်ဝတ်မှုန်ကုမ္ပဏီတွင် တရုတ်နိုင်ငံပြည်မကြီးမှရင်းနှီးမြှုပ်နှံသူတစ်ဦးရှိသော်လည်း အပြင်ပန်းတွင်မန္တလေးမှအမည်မသိမြန်မာစီးပွားရေးသမားတစ်ဦးမှလုပ်ကိုင်ဆောင်ရွက်နေသည်။ အဆိုပါကုမ္ပဏီသည် ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးရွာအုပ်စုနှစ်ခု၌ ပမာဏကြီးမားသောစိုက်ပျိုးရေးလုပ်ပိုင်ခွင့်အချို့ကို ရရှိခဲ့သည်။ ကုမ္ပဏီအတွက်မြေယာရရှိရေးအတွက်ပြန်လည်အကျိုးဆောင်ပေးခဲ့သည့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသခံတိုင်းမှူးနှင့်ဆက်ဆံရေးကောင်းမွန်အောင်ဆောင်ရွက်ခဲ့သည်။

စိန်ဝတ်မှုန်ကုမ္ပဏီသည် ၎င်းဒေသအတွင်း၌ စုစုပေါင်းရာဘာဟက်တာ ၁,၆၀၀ ကိုစိုက်ပျိုးခဲ့သည်။ ကျေးရွာ၏အစဉ်အဆက်မိရိုးဖလာစိုက်ပျိုးခဲ့ကြသောရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမြေစုစုပေါင်း ၂,၅၀၀ ဟက်တာကို တစ်စုံတစ်ရာလျော်ကြေးပေးခြင်းမရှိဘဲ ဒေသဆိုင်ရာတိုင်းမှူးမှ အဆိုပါကုမ္ပဏီအတွက်သိမ်းယူခဲ့သည်။ အပြန်အလှန်အားဖြင့် ကုမ္ပဏီမှ ကျေးရွာအုပ်စုနှစ်ရွာမှ တစ်ရွာချင်းစီအတွက်တစ်စုတစ်စည်းထဲ ၁၀ ဟက်တာစီပေးအပ်ခဲ့သည်။ ဒေသဆိုင်ရာတိုင်းမှူးမှမြေယာလွှဲပြောင်းမှုဆောင်ရွက်ခဲ့သဖြင့် ရွာသားများအနေဖြင့် ထုတ်ဖော်ပြောဆိုရန်ကြောက်ရွံ့နေခဲ့ကြသည်။ တိုင်းမှူး၏အကူအညီပေးမှုအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ကုမ္ပဏီမှယင်းလုပ်ပိုင်ခွင့်ရမြေယာထဲတွင် မြေတစ်ကွက်အား တိုင်းမှူးသို့ပေးအပ်ခဲ့သည်။ ဒေသခံရွာသားအချို့အား လယ်ယာအခစားအလုပ်သမားများအဖြစ် တစ်ရက်လျှင် ၂,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၂. ၅ ခန့်) ဖြင့်ငှားရမ်းခဲ့ပြီး လုပ်သားအများစုမှာ မြန်မာနိုင်ငံအလယ်ပိုင်းနှင့်လားရှိုး

မြို့များမှဖြစ်ကြသည်။ လုပ်ငန်းလုပ်ကိုင်ရန်ခွဲဝေချထားပေးသောမြေယာသည် ရာဘာစိုက်ပျိုးရန်အတွက် အပြောင်ရှင်းလင်းထားပြီး ရွာအနီးတွင် ရွာသားများအတွက် ထင်းစိုက်ရန်နှင့်အိမ်ပြင်ရန် သစ်တောငယ်တစ်ခုကိုသာလျှင် ချန်လှပ်ထားပေးခဲ့သည်။ အဆိုပါချထားပေးသောမြေယာများအတွင်း၌ ရပ်ရွာလူထုအတွက်တိရိစ္ဆာန်များလွှတ်ကျောင်းရန် စားကျက်မြေလည်းပါဝင်သွားသည်။

စိန်ဝတ်မှုန်ကုမ္ပဏီသည် ရာဘာနှင့်အတူ ရှမ်းပြည်နယ်မြောက်ပိုင်း အခြားရွာတစ်ရွာ၌ပြောင်းနှင့်စပါးကို စိုက်ပျိုးရန် အစဉ်အဆက်မိရိုးဖလာစိုက်ပျိုးလာသည့်ကျေးရွာတောင်ယာမြေဟက်တာစုစုပေါင်း ၈၉၀ ကို လည်းရရှိခဲ့သည်။ ဒေသခံကျေးရွာသားအချို့အားတစ်ရက်လျှင် ၂,၀၀၀ ကျပ်ဖြင့်ငှားရမ်းခဲ့သော်လည်း အများစုမှာ ရှမ်းပြည်နယ်မြောက်ပိုင်းအခြားဒေသမှ ရှမ်းနှင့်တရုတ်အပြင် မြန်မာပြည်အလယ်ပိုင်းမှ ဗမာများဖြစ်ကြသည်။ ရာဘာပင်ပေါက်များကို မတော်တဆခုတ်ထွင်မိလျှင် ၎င်းတို့ဒုက္ခရောက်နိုင်ကြသဖြင့် ရာဘာပင်များအကြား အခြားသောအပင်များကို သီးညှပ်စိုက်ပျိုးခြင်းမပြုလုပ်ချင်ကြကြောင်း ရွာသားများမှဆိုကြသည်။ ရွာသားများအနေဖြင့်လည်း ရာဘာစိုက်ခင်းများအတွက် ရွာပတ်ဝန်းကျင်ရှိသစ်တောများအားခုတ်ထွင်းရှင်းလင်းခဲ့သဖြင့် ၎င်းတို့သုံးစွဲရန်ထင်းမရရှိတော့ကြောင်း မကျေမနပ်ပြောဆိုနေကြသည်။ ကျွဲနွားများအတွက် စားကျက်မြေလည်းမရှိတော့ဘဲ ရာဘာစိုက်ခင်းထဲဝင်ရောက်ခဲ့သည့် ၎င်းတို့ပိုင်နွားတစ်ကောင်အားသေနတ်ဖြင့်ပစ်သတ်ခြင်းခံခဲ့ရပြီးနောက် လုပ်ပိုင်ခွင့်မြေယာအား စားကျက်အဖြစ်အသုံးပြုရန် ကြောက်ရွံ့လာကြသည်။

အဆိုပါကုမ္ပဏီသည် အခြားကျေးရွာတစ်ခု၌လည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိခဲ့သည်။ စိန်ဝတ်မှုန်ကုမ္ပဏီသည် လက်ရှိ၌ လဘက်စိုက်ခင်းတွင်ရင်းနှီးမြှုပ်နှံ၍ အဆိုပါနေရာ၌ပင်ထွက်ရှိသောလဘက်အား ပြုပြင်စီမံသည့်စက်ရုံကို တည်ဆောက်ခဲ့သည်။ ၎င်းတို့သည် လိမ္မော်စိုက်ခင်းများ၌လည်းစတင်ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ အဆိုပါလုပ်ငန်းများမှ စိုက်ပျိုးရေးထွက်ကုန်အားလုံးသည် တရုတ်နိုင်ငံပြည်တွင်းဈေး ကွက်အတွက်ဖြစ်သည်။

## ရာဘာစိုက်ခင်းများရှိလုပ်အားစု

ကချင်ပြည်နယ်ဖြစ်ရပ်တွင်ကဲ့သို့ပင် ရှမ်းပြည်နယ်မြောက်ပိုင်း စိုက်ပျိုးမြေယာများရှိ အခစားအလုပ်သမားများသည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ၂၀၀၈ ခုနှစ်မေလအတွင်းကတိုက်ခတ်ခဲ့သော ဆိုင်ကလုံးနာဂစ်ဝင်ရောက်ခဲ့ရာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ တိုင်းရင်းသားဗမာလူမျိုးစုများဖြစ်ကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ပြင်ပဒေသမှ လယ်ယာအခစားအလုပ်သမားအလုံးအရင်းဖြင့် ဝင်ရောက်မှုအပေါ်တွင် ဒေသခံများ၏အပျက်သဘောဆောင်သည့်တုန့်ပြန်မှုမှာ မတူညီသောရွှေ့ပြောင်းသွားလာမှုဆိုင်ရာသမိုင်းကြောင်းနှင့် တိုင်းရင်းသားရေးရာစရိုက်လက္ခဏာများကြောင့် ကချင်ပြည်နယ်အနေအထားနှင့် နှိုင်းယှဉ်လျှင်ပိုမိုလျော့နည်းသည်။ ဗမာနှင့်အခြားသောတိုင်းရင်းသားလူမျိုးစုများသည် မြန်မာနိုင်ငံပြည်မမှ ရှမ်းပြည်နယ်မြောက်ပိုင်းသို့အခြေချလာလျက်ရှိနေခဲ့ကြသည်မှာ ဆယ်စုနှစ်အနည်းငယ်ကြာလာပြီဖြစ်သဖြင့် ရွှေ့ပြောင်းအလုပ်သမားများအတွက်ရရှိနိုင်သော မကြာသေးမီက စိုက်ပျိုးရေးဆိုင်ရာအလုပ်အကိုင်အများအပြားသည် အချို့သောဒေသခံများ၏ လူမျိုးစုနှင့်အမျိုးသားရေးစရိုက်လက္ခဏာဆိုင်ရာသဘောထားအမြင်အပေါ်တွင် ခြိမ်းခြောက်မှုအားလျော့နည်းစေခဲ့သည်။ သို့သော် ယင်းတို့အားဒုက္ခရောက်စေသည်ဟုရှုမြင်ထားကြသော တရုတ်စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုအပေါ်တွင် မုန်းတီးမှုသည် မကြုံစဖူးသည့် အတိုင်းအတာရောက်အောင်မြင့်တက်နေသည်။

စိုက်ပျိုးရေးလုပ်ငန်းအတွက်မြေယာသိမ်းယူခြင်းခံခဲ့ကြရသောတောင်သူများသည် ကချင်ပြည်နယ်တွင်ကဲ့သို့ပင် ရာဘာစိုက်ခင်းများတွင် အလုပ်လုပ်ကိုင်ရန်အလုပ်သမားအဖြစ် ငှားရမ်းခြင်းမခံကြရချေ။ အဆိုပါ မြေယာမဲ့တောင်သူများသည် မိမိတို့ကျေးရွာမှအလွန်ဝေးကွာသော တောင်ပေါ်ပိုင်း၌စပါးစိုက်ပျိုးရန် ရွှေ့ပြောင်းတောင်ယာများကိုရှာဖွေကြရပြီး လယ်ယာလုပ်ငန်းခွင်တစ်ခါဝင်လျှင် ရက်သတ္တပတ်များစွာကြာအောင် အချိန်ပေးနေထိုင်ရလောက်အောင် ဝေးကွာသည့် နေရာမျိုးများဖြစ်ကြသဖြင့် ကချင်ပြည်နယ်မှာကဲ့သို့ပင် 'ရွာသိမ်ရွာငယ်လေးများ' ပေါ်ပေါက်လာခဲ့ကြသည်။[၂၈၁]

မြေယာသိမ်းယူခြင်းနှင့် စိုက်ပျိုးမြေပေါ်ရှိလုပ်အားစုများ၏အနေအထားများသည် ဒေသခံတိုင်းရင်းသားများအကြားတွင် ကြီးမားသောမုန်းတီးမှုများဖြစ်ပေါ်စေခဲ့သည်။ "ရွာသားတွေကတရုတ်စိုက်ပျိုးစီးပွားရေးသမားတွေကိုအတော်လေးကို ဒေါသထွက်နေကြပြီးတော့ တရုတ်အားလုံးကို ဒီနေရာကထွက်သွားစေချင်တယ်" ဟုဒေသအတွင်းအလုပ်လုပ်ကိုင်နေသော အပြည်ပြည်ဆိုင်ရာအင်န်ဂျီအိုမှဝန်ထမ်းတစ်ဦးမှဆိုသည်။ "တရုတ်ရာဘာစိုက်ခင်းတွေထပ်ပြီးတိုးချဲ့လာမှာကိုလည်း ရွာသားတွေကစိုးရိမ်နေကြတယ်။ ဒီလိုအနေအထားမျိုးကို ကျွန်တော်တို့က 'ရာဘာအင်ပါယာ' လို့ခေါ်တယ်"။[၂၈၂]

## ၂၀၀၉ ခုနှစ်၊ ရှမ်းပြည်နယ် ဘိန်းအစားထိုးစီမံကိန်းများမှ တရုတ်နိုင်ငံသွင်းကုန်ခွဲတမ်းဆိုင်ရာထုတ်ပြန်ကြေငြာချက်[၂၈၃]

"ယူနန်ပြည်နယ် ပြင်ပနိုင်ငံရပ်ခြားမှ စိုက်ပျိုးရေးထုတ်ကုန်များနှင့်ပြုပြင်စီမံထားသောကုန်ပစ္စည်းများအား ပို့ကုန်အဖြစ် ပြည်တွင်းသို့တင်ပို့မှုအစီအစဉ်အတွက် ပြန်လည်ဝယ်ယူရေးအစီအစဉ်ဆိုင်ရာ ယူနန်ပြည်နယ်အစားထိုးစီမံခန့်ခွဲမှုရုံး၏ (အမှတ် ၁၃၊ ၂၀၀၈) ကြေငြာချက်အရ လျှောက်ထားချက်များကိုယခုအခါ ပြည်တွင်းစိုက်ပျိုးရေးထွက်ကုန်များဖြင့် ၂၀၀၉ ခုနှစ်တွင်ပြန်လည်ရောင်းချပေးမည်ဖြစ်ပြီး အစားထိုးအစီအစဉ်နှင့်ဆက်စပ်လျက်ရှိသော ပြုပြင်စီမံပြီးထွက် ကုန်ခွဲတမ်းအသိပေးကြေငြာချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၂၀၀၆ ခုနှစ်၌ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးယွမ် ၁၆ သန်းဖြင့်မှတ်ပုံတင်ထားသောယူနန်ကျင်ချမ်းအင်ဗက်စ်မင့် ကုမ္ပဏီသည် ၂၀၀၆ ခုနှစ်မှစတင်၍ခွဲဝေချထားပေးသောဟက်တာ ၂၀,၀၀၀ ဖြင့်အထူးဒေသ ၂ (ယူဒဗ လျူအက်စ်အေ) ၏မိုင်းမောခရိုင် လုံခွဒေသ၌ ရာဘာစိုက်ပျိုးရေးလုပ်ငန်းများကိုစတင်ခဲ့သည်။ ၂၀၀၈ ခုနှစ်၌ဟက်တာ ၆,၅၀၀ တွင်ရာဘာပင်များကို အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် တိုးချဲ့စိုက်ပျိုးရန် ဟက်တာမြေ ၃,၃၀၀ ပါဝင်သည်။ တရုတ်နိုင်ငံသို့ပို့ကုန်ခွဲတမ်းမှာရာဘာတန် ၂,၈၀၀ ဖြစ်သည်။

ကူမင်းဂျီလီအီကောနောမစ်အင်န်ထရိတ်ဒဗလော့ပ်မင့်ကုမ္ပဏီလီမီတက်သည် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးယွမ် သန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၃၂ သန်း)ဖြင့် ၁၉၉၆ ခုနှစ်၌မှတ်ပုံတင်ခဲ့သည်။ အဆိုပါ ကုမ္ပဏီသည် ၁၉၉၈ ခုနှစ်မှစတင်၍ ရှမ်းပြည်နယ်အထူးဒေသ ၁ (ကိုးကန့်)၌ လဘက် ၄၅၃ ဟက်တာ၊ ရာဘာ ၇၃၃ ဟက်တာ၊ နှမ်း ၁၃၃ ဟက်တာ၊ မြေပဲ ၁၃ ဟက်တာ၊ သီဟိုဠ် ၂၆ ဟက်တာနှင့်ပဲ ၂၃၃ ဟက်တာပါဝင် သောစုစုပေါင်းဟက်တာမြေ ၃,၃၀၀ ဖြင့် လဘက်နှင့် သစ်သီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ အဆိုပါစီမံကိန်းအတွက်သွင်းကုန်ခွဲတမ်းမှာလဘက်တန် ၃၀၀၊ ရာဘာတန် ၁,၀၀၀၊ ပဲတန် ၅၀၀၊ သီဟိုဠ်တန် ၂၀၀၊ မြေပဲတန် ၂၀၀ နှင့်နှမ်းတန် ၄၀၀ တို့ဖြစ်ကြသည်။

ယူနန်ဝေကိုင်အင်ဒတ်စထရီရယ်လ်ကုမ္ပဏီလီမီတက်သည်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးယွမ်သန်း ၅၀၀ (အမေရိကန်ဒေါ်လာ သန်း ၈၀) ဖြင့် ၂၀၀၃ ခုနှစ်တွင်မှတ်ပုံတင်ခဲ့သည်။ ၂၀၀၂ ခုနှစ်မှစ၍ အဆိုပါကုမ္ပဏီသည် အထူးဒေသ ၂ (ယူဒဗလျူ

အက်စ်အေ) အတွင်း၌လောင်ဂန် ၅,၃၃၀ ဟက်တာ၊ လိမ္မော် ၂,၆၆၇ ဟက်တာ နှင့်ရာဘာ ၆၀၀ ဟက်တာကို စိုက်ပျိုးခဲ့သည်။ ၂၀၀၆ ခုနှစ်မှစတင်၍ ၁၅ ဟက်တာရှိရာဘာပျိုးပင်ပေါက်အခြေစိုက်စခန်း များနှင့်အဆောက်အအုံများအား ရှမ်းပြည်နယ်အထူးဒေသ ၄ တွင်တည်ထောင်ထား ခဲ့သည်။ အဆိုပါစီမံကိန်းအတွက်သွင်းကုန်ခွဲတမ်းမှာ လောင်ဂန်တန် ၅,၀၀၀ နှင့်ရာဘာတန် ၁,၂၀၀ ဖြစ် သည်။

ယူနန်ဂွဲလင်းလန်တဘိုင်အိုကယ်မီကယ်လ်ကုမ္ပဏီလီမီတက်သည် ၂၀၀၅ ခုနှစ်၌ရင်းနှီးမြှုပ်မှုတန်ဖိုးယွမ် သန်း ၅၀၀ (အမေရိကန်ဒေါ်လာသန်း ၈၀) ဖြင့်မှတ်ပုံတင်ခဲ့သည်။ အဆိုပါကုမ္ပဏီသည် ၂၀၀၅ ခုနှစ်မှစ တင်၍အထူးဒေသ ၂ (ယူဒဗလျူအက်စ်အေ) နယ်မြေအတွင်း၌ရာဘာ ၈၆၇ ဟက်တာ၊ လဘက် ၂၀၀ ဟက်တာပါဝင်သော စိုက်ပျိုးရေးစီမံကိန်းများကိုအကောင်အထည်ဖေါ်ဆောင်ရွက်ခဲ့သည်။ ယင်းစီမံကိန်းအတွက် သွင်းကုန်ခွဲတမ်းမှာလဘက် ၁၂ တန်နှင့်ရာဘာတန် ၅၅၀ ဖြစ်သည်။

ယူနန်ဗစ်တိုးရီးယားဘိုင်အိုတက်ကနော်လော်ဂျီဒဗလော့ပ်မင့်ကုမ္ပဏီလီမီတက်သည်ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ယွမ်သန်း ၅၀၀ (အမေရိကန်ဒေါ်လာသန်း ၈၀) ဖြင့်၂၀၀၃ ခုနှစ်၌မှတ်ပုံတင်ခဲ့သည်။ ၂၀၀၆ ခုနှစ်၌ယင်း ကုမ္ပဏီသည်အထူးဒေသ ၄ (အင်န်ဒီအေအေ-မိုင်းလား)၏ရှောက်မိုင်းလားထောက်ပံ့ပို့ဆောင်ရေးဌာနနှင့် ၁,၃၃၃ ဟက်တာရာဘာစိုက်ပျိုးရေးလုပ်ငန်းသဘောတူညီချက်စာချုပ်ကိုချုပ်ဆိုခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် အဆိုပါရင်းနှီးမြှုပ်နှံသူများသည် ၂၀၀၉ ခုနှစ်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန်ရာဘာ ၆၇ ဟက်တာအပါအဝင် ရာဘာ ဟက်တာ ၆၀၀ အားစိုက်ပျိုးခဲ့ကြသည်။ ၄င်းစီမံကိန်းအတွက် သွင်းကုန်ခွဲတမ်းမှာရာဘာတန် ၁,၀၀၀ ဖြစ်သည်။

ယူနန်စီပောက်အီကောနောမစ်အင်န်ထရိတ်ကုမ္ပဏီလီမီတက်သည်ရင်းနှီးမြှုပ်မှုတန်ဖိုးယွမ် ၁ သန်း (အမေရိကန်ဒေါ်လာ ၁၆၀,၀၀၀) ဖြင့် ၂၀၀၃ ခုနှစ်၌တည်ထောင်ခဲ့သည်။ ယင်းကုမ္ပဏီသည် ၂၀၀၇ ခုနှစ်၌ ရာဘာ ၁,၃၃၃ ဟက်တာစိုက်ပျိုးရေးလုပ်ငန်းနှင့်၂၀၀၉ ခုနှစ်၌ငရုပ်ကောင်း ၆၆၇ ဟက်တာစိုက်ပျိုးရေးလုပ်ပိုင်ခွင့်များအား အထူးဒေသ ၄ (အင်န်ဒီအေအေ-မိုင်းလား) တွင်စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အဆိုပါစီမံကိန်းအတွက် သွင်းကုန်ခွဲတမ်းမှာ ရာဘာတန် ၁,၆၀၀ နှင့်ငရုပ်ကောင်းတန် ၁,၀၀၀ ဖြစ်သည်။

## နိဂုံးနှင့်အကြံပြုချက်များ

မြန်မာနိုင်ငံ၏ မြောက်ပိုင်းနယ်စပ်ဒေသများသည် ရာစုနှစ်လေးပုံတစ်ပုံ၏ နောက်ဆုံးပိုင်းကာလများ၌ သိသာလှသော လူမှုစီးပွားရေးပြောင်းလဲမှုများကိုတွေ့ကြုံခဲ့ကြရပြီဖြစ်သည်။ ဆယ်စုနှစ်များစွာရှည်ကြာခဲ့သည့် ပြည်တွင်းစစ်နောက်ဝယ်၊ ၁၉၈၀ ခုနှစ်များ၏ နောက်ပိုင်းကာလမှစ၍ တပ်မတော်အစိုးရနှင့် ဆန့်ကျင်ဘက်လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များ၏ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုအသီးသီးသည် မြန်မာနိုင်ငံရေးမြင်ကွင်း၌ သိသာလှသောအကျိုးဆက်ရလာဒ်များကိုဆောင်ကျဉ်းလာခဲ့ကြသည့်အပြင် ကြီးမားသောလူမှုစီးပွားရေးဂယက်ရိုက်ခတ်မှုများလည်းရှိခဲ့သည်။ ယင်းတို့အထဲတွင် အကောင်းအဆိုးရောနှံတွဲနေသောဖြစ်ရပ်များလည်းပါဝင်သည်။ သွေးထွက်သံယိုမှုများကိုချုပ်ငြိမ်းသွားစေပြီး၊ ဆိုးဝါးလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်းလျော့ပါးသွားစေခဲ့သည်။ တိုက်ပွဲများ နိဂုံးချုပ်ငြိမ်းသွားခဲ့သဖြင့် ဒေသခံများသက်သာရာရခဲ့ကြပြီး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အရပ်ဖက်လူ့အဖွဲ့အစည်းများလှုပ်ရှားဆောင်ရွက်နိုင်ရေးတို့ကို ဖြစ်ပေါ်စေခဲ့သည်။ သို့သော် အဆိုပါအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များသည် စစ်ရေးအရသဘောတူညီချက်များသာဖြစ်ခဲ့ကြပြီး၊ နောက်ဆုံးနိုင်ငံရေးအဖြေထွက်ရှိနိုင်ရန်အတွက် နောက်ဆက်တွဲဆောင်ရွက်စရာတစ်ခုဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကင်းမဲ့ခဲ့သည်။ ထို့အပြင် အပစ်အခတ်ရပ်စဲမှုများသည် အိမ်နီးချင်းနိုင်ငံများမှ ကုမ္ပဏီများအနေဖြင့် ရေရှည်ကောင်းကျိုးမရှိသည့် ပမာဏကြီးမားလှသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် သဘာဝသယံဇာတပစ္စည်းများ ထုတ်ယူရေးအတွက် အခွင့်သာစေခဲ့ပြီး၊ ပတ်ဝန်းကျင်ဆိုင်ရာယိုယွင်းပျက်စီးခြင်းနှင့် ဒေသခံများ၏အသက်မွေးဝမ်းကျောင်းမှုများကို ဆုံးရှုံးမှုများအားဖြစ်ပေါ်စေခဲ့သည်။

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်အတွင်း တစ်ပြိုင်နက်တည်းဖြစ်ပွားနေသည့် အပြန်အလှန်ဆက်နွယ်နေကြသော အဓိကဖြစ်ပေါ်ပြောင်းလဲမှုသုံးမျိုးအား စုစည်းမှတ်တမ်းတင်ထားသည်။ ၎င်းတို့မှာ (၁) ဆယ်စုနှစ်တစ်ခုကြာပုံမှန်ကျဆင်းနေခဲ့ရာမှ ၂၀၀၆ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုတိုးတက်လာခြင်း၊ (၂) တစ်ချိန်တည်းလိုလိုမှာပင် တရုတ်နိုင်ငံ၏ဘိန်းအစားထိုးအစီအစဉ်၊ အထူးသဖြင့် ရာဘာစိုက်ပျိုးရေးအစီအစဉ်ဖြင့် မြန်မာနိုင်ငံမြောက်ပိုင်း၌ တရုတ်စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်းနှင့်၊ (၃) ဆက်စပ်၍ မြန်မာနိုင်ငံ မြောက်ပိုင်းနယ်စပ်ဒေသများ၌ ဒေသခံတို့၏မြေယာနှင့်အသက်မွေးဝမ်းကျောင်းမှုများကို လက်လွတ်ဆုံးရှုံးမှုတိုးပွားလာခြင်းတို့ဖြစ်ကြသည်။ ၂၀၀၀ ခုနှစ်များအလယ်မှစတင်၍ မြန်မာနိုင်ငံမြောက်ပိုင်း၌ တစ်ဆက်တစ်စပ် တည်းဖြစ်ပေါ်နေသော မြေယာရင်းနှီးမြှုပ်နှံမှုနှင့်မူးယစ်ဆေးဝါးထုတ်လုပ်မှုပုံစံများသည် နိုင်ငံတစ်ဝှမ်း မြန်မာနှင့်နိုင်ငံခြားသားပိုင်စက်မှုစိုက်ပျိုးရေးလုပ်ပိုင်ခွင့်များ အရှိန်အဟုန်ဖြင့်တိုးတက်လာနေသည့်နောက်ခံဖြစ်ရပ်ပေါ်တွင်အခြေပြုနေသည်။ ဤအစီရင်ခံစာထုတ်ပြန်ချိန်တွင် လွှတ်တော်သည် နိုင်ငံတွင်းရှိ လုပ်ကွက်ကျဉ်းလယ်သမားများအပေါ်တွင် အကြီးအကျယ်သက်ရောက်မှုကိုဖြစ်စေမည့်အနာဂတ်မြေယာပြုပြင်ပြောင်းလဲရေးလမ်းစဉ်အား တံခါးပိတ်ဆွေးနွေးဆုံးဖြတ်လျှက်ရှိသည်။

စစ်ပွဲများအပြီး၊ ပထမအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့သည့် ၁၉၈၉ ခုနှစ်နောက်ပိုင်းတွင် တောင်သူများအနေဖြင့် သေနတ်ဖြင့်အပစ်ခံရမည်ကိုစိုးရိမ်စရာမလိုကြတော့ဘဲ မိမိတို့မြေယာများအား စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် အခွင့်အရေးကိုဖန်တီးဆောင်ကျဉ်းပေးခဲ့သည်ဖြစ်၍ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် သိသိသာသာပင်တိုးတက်လာခဲ့သည်။ ကနဦးတွင်အချို့သောအပစ်အခတ်ရပ်စဲရေးအဖွဲ့များအား စစ်အစိုးရမှပိတ်ပင်တားဆီးမှုများမပြုလုပ်ဘဲ ဘိန်းစိုက်ပျိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်းများလုပ် ဆောင်ရန်ခွင့်ပြုပေးထားခဲ့သည်။ သို့သော် မြန်မာနိုင်ငံအတွင်းဘိန်းထုတ်လုပ်မှုသည် ၁၉၉၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ပုံမှန်ကျဆင်းခဲ့သည်။ ဤကဲ့သို့ဖြစ်ရခြင်း၏ အရေးအကြီးဆုံးအကြောင်းရင်းမှာ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အဓိကဘိန်းစိုက်ပျိုးရာနယ်မြေများတွင် ဘိန်းစိုက်ပျိုးမှုပိတ်ပင်တားဆီးခြင်းများကို အပစ်အခတ်ရပ်စဲရေးအဖွဲ့များမှ ကြေငြာဆောင်ရွက်လာခြင်းကြောင့်ဖြစ်သည်။ အဆိုပါ ပိတ်ပင်တားဆီးမှုများကို အင်န်ဒီအေအေမှ မိုင်းလားဒေသတွင် (၁၉၉၇ခုနှစ်)၊ အမ်မ်အင်န်ဒီအေအေမှ ကိုးကန့်ဒေသတွင် (၂၀၀၃ခုနှစ်) နှင့်ယူဒဗလျူအက်စ်အေ

မှ ‘ဝ’ဒေသတွင် (၂၀၀၅ခုနှစ်) ချမှတ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ယင်းအဖွဲ့များအနေဖြင့် ပြည်တွင်းစစ်နှင့်အထီးကျန်ရပ်တည်ခဲ့ကြသော ဆယ်စုနှစ်ပေါင်းများစွာအပြီး၌ နိုင်ငံတကာမှနိုင်ငံရေးအရအသိအမှတ်ပြုမှုနှင့် ဆင်းရဲနွမ်းပါးနိမ့်ကျနေကြသော ၎င်းတို့၏ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့များကိုရရှိနိုင်ရန်မျှော်လင့်ခဲ့ကြသည်။

လူအများအာရုံစိုက်မှုနည်းပါးသော်လည်း အခြားအရေးပါသောအချက်တစ်ခုမှာ ကမ္ဘာ့ဈေးကွက်အနေအထားပင်ဖြစ်သည်။ ၁၉၉၀ ခုနှစ်များအတွင်း အမေရိကန်နှင့်ဥရောပဈေးကွက်များတွင် မြန်မာနိုင်ငံမှထွက်ရှိသောဘိန်းဖြူများနေရာကို ကိုလံဘီယာနှင့်အာဖဂန်နစ္စတန်နိုင်ငံများမှထွက်ရှိသော ဘိန်းဖြူများကလုံးဝနီးပါး ဝင်ရောက်အစားထိုးနေရာယူလာခဲ့သည်။ ထို့အပြင် အမ်ဖက်တမင်းအုပ်စုဝင်စိတ်ကြွဆေးပြားများ (အေတီအက်စ်) ထုတ်လုပ်မှုသည်လည်း နောက်ဆုံးဆယ်စုနှစ်အတွင်း သိသာစွာတိုးတက်လာခဲ့သည်။ ဒေသအတွင်း အေတီအက်စ်များပြားလာခြင်းသည် ‘နေရာဝင်ယူခြင်း’ ဟုဖော်ပြနိုင်သည့် သာဓကတစ်ခုဖြစ်သည်။ ‘အစားထိုးနေရာဝင်ယူခြင်း’ဟူသည် မူးယစ်ဆေးဝါးတစ်မျိုး (ဘိန်းနှင့်ဘိန်းဖြူ) ကိုဆန့်ကျင်တိုက်ဖျက်ခြင်းသည် ၎င်းမူးယစ်ဆေးနှင့်တူညီသော သို့မဟုတ် ပို၍အန္တရာယ်ပေးနိုင်သော အာနိသင်အလားအလာရှိသည့် အခြားအစားထိုးမူးယစ်ဆေး (မက်သာအမ်ဖက်တမင်း) နောက်တစ်မျိုးကိုတိုးတက်များပြားလာစေသည်ဟူသောဖြစ်ရပ်ဖြစ်သည်။ အေတီအက်စ်တိုးတက်များပြားလာခြင်းသည် ကျေးလက်စိုက်ပျိုးရေးကိုအခြေခံသောစီးပွားရေးမှ မြို့ပြ၊ စက်မှုနှင့်ဈေးကွက်ကိုအခြေခံသော လူ့အဖွဲ့အစည်းသို့ပြောင်းလဲလျှက်ရှိနေသည့်နိုင်ငံများတည်ရှိရာဒေသတွင်းရှိ နက်နဲသောလူမှုစီးပွားရေးအပြောင်းအလဲများနှင့်လည်းဆက်စပ်လျက်ရှိသည်။

သို့သော်မကြာသေးမီနှစ်များအတွင်း ရွှေတြိဂံဒေသဖြစ်သောမြန်မာ၊ လာအိုနှင့်ထိုင်းနိုင်ငံများတွင် ဘိန်းစိုက်ပျိုးမှုသည်နှစ်ဆမြင့်တက်ခဲ့သည်။ အဓိကတိုးမြင့်လာမှုသည် မြန်မာနိုင်ငံ အထူးသဖြင့် ရှမ်းပြည်နယ်တွင်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုသည် မြန်မာနိုင်ငံအတွင်း (လာအိုနှင့်အာဖဂန်နစ္စတန်စသည့် အခြားနိုင်ငံများမှာကဲ့သို့ပင်) ဘိန်းစိုက်ပျိုးခြင်း၏အဓိကအချက်ပင်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုသည် ဝင်ငွေနှင့်အပြန်အလှန်ဆက်စပ်ပြောင်းလဲသည့် လုပ်ငန်းရပ်တစ်ခုမျှသာလျှင်မဟုတ်ဘဲ၊ ၎င်းတွင် လူသားတို့ဂုဏ်သိက္ခာရှိစွာနေထိုင်နိုင်စွမ်းကို အဓိပ္ပါယ်ဖွင့်ဆိုပေးသည့် လူမှုစီးပွားနှင့်လုံခြုံမှုဆိုင်ရာအကြောင်းရင်းများစွာ ပါဝင်လျက်ရှိသည်။

အပစ်အခတ်ရပ်စဲရေးအဖွဲ့များ၏ ဘိန်းစိုက်ပျိုးမှုတားဆီးပိတ်ပင်ရေးအား တင်းကျပ်စွာအကောင်အထည် ဖော်ဆောင်ရွက်ခဲ့ကြသည်။ ဘိန်းအစားထိုးရေးအတွက်နည်းလမ်းများရှာဖွေကြရာတွင် အပစ်အခတ်ရပ်စဲရေးအဖွဲ့များအနေဖြင့် တရုတ်နိုင်ငံ၏ဘိန်းအစားထိုးအစီအစဉ်မှပံ့ပိုးပေးသော သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းအား အလေးထားဆောင်ရွက်ခဲ့ကြသည်။ ဤအစီရင်ခံစာမှဖော်ပြထားသကဲ့သို့ အဆိုပါအစီအစဉ်များ၏ အဓိကအကျိုးအမြတ်များသည် ယခင်ဘိန်းစိုက်တောင်သူများထံသို့ ဦးတည်ရောက်ရှိခြင်းမရှိဘဲ၊ တရုတ်စီးပွားရေးသမားများနှင့် ဒေသခံအာဏာပိုင်များထံသို့သာရောက်ရှိသွားကြသည်။ ထို့ကြောင့် ဤဘိန်းအစားထိုးအစီအစဉ်များသည် တောင်သူများကိုနောက်ထပ်အပယ်ခံဘဝသို့ကျရောက်သွားစေသည်။ ဘိန်းစိုက်ပျိုးမှုတားဆီးပိတ်ပင်ရေး၏ သက်ရောက်မှုများမှသက်သာရာရစေရန် တောင်သူများအား ရေရှည်အကျိုးရှိသည့် အစားထိုးလူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများအတွက် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေမှုများသည်လည်း လုံလောက်မှုမရှိသေးဘဲ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဘေးဒုက္ခအကျပ်အတည်းကို တားဆီးပေးသည့် အရေးပေါ်တုန့်ပြန်မှုအဖြစ်မျှသာရှိနေသည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် တရုတ်နိုင်ငံအား ‘သမားရိုးကျမဟုတ်သောလုံခြုံရေးဆိုင်ရာ’ အဓိကခြိမ်းခြောက်မှုဖြစ်သဖြင့် တရုတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းရှိ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း ကိုစိုးရိမ်ပူပန်လျက်ရှိသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းနှင့်အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကဲ့သို့ ယင်းနှင့်ဆက်စပ်ဖြစ်ပေါ်ရသည့် ကူး

စက်ရောဂါများသည် တရုတ်နိုင်ငံအတွက်အရေးကြီးသည့် လုံခြုံရေးနှင့်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များဖြစ်သည်။ တရုတ်နိုင်ငံဈေးကွက်အတွင်းရှိ ဘိန်းနှင့်ဘိန်းဖြူအများစုသည် မြန်မာနိုင်ငံမြောက်ပိုင်းမှ မြစ်ဖျားခံလာခြင်းဖြစ်သည်။ မူးယစ်ဆေးသုံးစွဲမှု အထူးသဖြင့် ဘိန်းဖြူအားအကြောထဲသို့ထိုးသွင်းသုံးစွဲခြင်းသည် တရုတ်နိုင်ငံ၌ပြီးခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်းသိသာစွာတိုးတက်ခဲ့သည်။ တစ်ဘက်တွင် တရုတ်နိုင်ငံအစိုးရအနေဖြင့် အဆိုပါပြဿနာများအား မူးယစ်ဆေးစွဲသူများအား မက်သဒုံးကုထုံးနှင့်ဆေးထိုးအပ်အသစ်လဲလှယ်ပေးခြင်း စသည့် အငြင်းပွားဖွယ်ရာမူးယစ်ဆေးဝါးအန္တရာယ်လျော့ချရေးအစီအစဉ်များကို လက်ခံကျင့်သုံး၍ကိုင်တွယ်ဖြေရှင်းခဲ့သည်။ အခြားတစ်ဘက်တွင်လည်း မူးယစ်ဆေးတရားမဝင်သယ်ဆောင်ရောင်းဝယ်သူများအားကွပ်မျက်ခြင်း၊ မူးယစ်ဆေးဝါးပြန်လည်သုံးစွဲသူများအား ဆေးကုသပေးသည့်စခန်းများသို့ အတင်းအကျပ်စေလွှတ်ခြင်းစသည့် ပြင်းထန်လှသည့်အပြစ်ပေးအရေးယူမှုများကိုဆောင်ရွက်ဆဲဖြစ်သည်။

တရုတ်ပြည်တွင်း မူးယစ်ဆေးဝါးပြဿနာအား အိမ်နီးချင်းနိုင်ငံများမှ ဘိန်းစိုက်ပျိုးမှုအားလျော့ကျစေ သည့်နည်းဖြင့်ဖြေရှင်း၍မရနိုင်ချေ။ ယင်းအစား တရုတ်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးဘေးအန္တရာယ် လျော့ချရေးမှုများအပေါ်အခြေခံပြီး မူးယစ်ဆေးဝါးသုံးစွဲသူများအတွက်ဝန်ဆောင်မှုလုပ်ငန်းများ၏အရည်အသွေးနှင့်အရေအတွက်ကို မြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ်သည်။ မူးယစ်သုံးစွဲသူများအားဖမ်းဆီးခြင်း၊ ဆေးကုသရေးစခန်းများသို့အတင်းအကျပ်စေလွှတ်ခြင်းကဲ့သို့ ပြင်းထန်သည့်မူဝါဒများချမှတ်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်သင့်သည်။ မူးယစ်ဆေးဝါးပြန်လည်သုံးစွဲလာသည့်နှုန်း မြင့်မားလာခြင်းသည် အဆိုပါနိုင်ထက်စီးနင်းဆန်သောမူဝါဒများဖြင့် ပြန်လည်တုန့်ပြန်ဖြေရှင်းမှုများ၏ ထိရောက်မှုအပေါ်တွင် သံသယဖြစ်စရာဖြစ်လာစေခဲ့သည်။ ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲမှုပုံသဏ္ဍာန်များပြောင်းလဲလာခြင်းနှင့် အေတီအက်စ်များပြားလာခြင်းတို့သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရာ၌ဘိန်းနှင့်ဘိန်းဖြူတို့အား ဆီလျော်သက်ဆိုင်မှုကို လျော့နည်းလာစေခဲ့သည်။

မြန်မာနိုင်ငံမြောက်ပိုင်းတွင် တရုတ်စိုက်ပျိုးရေးလုပ်ပိုင်ခွင့်များအကြီးအကျယ်တိုးတက်လာခြင်းသည် တရုတ်ကုမ္ပဏီများအတွက်အထောက်အပံ့များ၊ အခွန်ကင်းလွတ်ခွင့်များနှင့် သွင်းကုန်ခွဲတမ်းများပါဝင်သော တရုတ်နိုင်ငံဘိန်းအစားထိုးအစီအစဉ်၏တိုက်ရိုက်သက်ရောက်မှုဖြစ်သည်။ တရုတ်နိုင်ငံဗဟိုနှင့်ပြည်နယ်အစိုးရများအသီးသီးကိုလည်း မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့်တကွ ၎င်းနှင့်ဆက်စပ်နေသော အန္တရာယ်များလှသည့်အကျိုးဆက်များအား အစားထိုးသီးနှံစိုက်ပျိုးခြင်းဖြင့် လမ်းလွှဲဟန့်တားခြင်းကဲ့သို့သောနည်းလမ်းတစ်ခုတည်းဖြင့် ရှုပ်ထွေးလှပြီးကဏ္ဍအသွင်အပြင်ပေါင်းစုံပါဝင်နေသော နယ်စပ်ပြဿနာများကိုဖြေရှင်းနိုင်စေခဲ့သည်။ သို့သော် အဆိုပါဈေးကွက်အခြေခံသော ဆောင်ရွက်မှုနည်းလမ်း၏နောက်တွင် ဝိရောဓိဖြစ်နေသော ဘိန်းစိုက်ပျိုးမှုလျော့ချရေးရည်ရွယ်ချက်များ၏ အကျိုးဆက်သက်ရောက်မှုရှိရေးတို့နှင့်သက်ဆိုင်သော မေးစရာမေးခွန်းများပေါ်ပေါက်လာစေနိုင်သော ဝိရောဓိဖြစ်စရာဦးတည်ချက်များလည်းရှိနေပြန်သည်။ တရုတ်နိုင်ငံ၏ ယေဘုယျမျှော်မှန်းချက်မှာ နယ်စပ်တစ်လျှောက်၌ အစိုးရနှင့်တပ်မတော်အာဏာပိုင်တို့ပါဝင်သော နှစ်နိုင်ငံဆက်ဆံရေးကြိုးပမ်းမှုများမှတစ်ဆင့် နယ်စပ်စီးပွားရေးအား ဒေသတွင်းဈေးကွက်အဖြစ် ပေါင်းစည်းပေးခြင်းအားဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုအား တားဆီးပိတ်ပင်ရန်ဖြစ်ပေသည်။

ဤဈေးကွက်အခြေခံဆောင်ရွက်မှုနည်းလမ်းသစ်သည် လွန်ခဲ့သည့်ဆယ်စုနှစ်မှစ၍ကျင့်သုံးခဲ့သော တရုတ်နိုင်ငံ၏လွတ်လပ်သည့် စီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေမှုရှိသည်။ အထူးသဖြင့် ဘိန်းအစားထိုးအစီအစဉ်သည် တရုတ်နိုင်ငံ၏ ဒေသဆိုင်ရာနိုင်ငံရေး၊ စီးပွားရေးအနေအထားသစ်နှင့်၊ ဆက်ဆံဆောင်ရွက်မှုမဟာဗျူဟာများကိုလိုက်နာပြီး၊ `ပြည်တွင်းနှင့်ပြည်ပမှတိုးတက်လာနေသော စက်မှုလယ်ယာကုန်ပစ္စည်းများဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန်အလို့ငှာ တရုတ်နိုင်ငံနယ်နိမိတ်ပြင်ပတွင် နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်ရင်းနှီးမြှုပ်နှံမှုများကိုလည်းဖြစ်ပေါ်စေသည်။ ဤကဲ့သို့စေ့ဆော်မှုများနှင့်အစဉ်အလာမဟုတ်သောလုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများသည် တစ်မူထူးခြားကြသော်လည်း၊ ယင်းတို့သည်

၂၀၀၀ ခုနှစ်များအလယ်ပိုင်းတွင် တရုတ်ဘိန်းအစားထိုးအစီအစဉ်နှင့်ပေါင်းစည်းရာ၌ အပြန်အလှန်ဆက်စပ်မှုရှိ ကြသည်။

မတည်ငြိမ်မှု၏ဇစ်မြစ်ဖြစ်လာနိုင်သည့် ဗဟိုချက်နှင့်အစွန်အဖျားဒေသရှိ လူမှုစီးပွားရေးရာမညီမျှမှုအား ကျော်လွှားဖြေရှင်းနိုင်ရန် အရှေ့တောင်အာရှနှင့်ထိစပ်လျှက်ရှိသော တရုတ်နိုင်ငံနယ်စပ်တစ်လျှောက်ရှိ စီးပွားရေးတိုးတက်မှုအား တရုတ်နိုင်ငံအစိုးရအဆင့်ဆင့်မှအားပေးပံ့ပိုးလျက်ရှိသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ရေရှည်တည်ဆောက်ထားသော မဟာဗျူဟာမြောက် အကျိုးစီးပွားရှိသည်။ ယူနန်နှင့်ဘေဂျင်းရှိအစိုးရအဆင့်ဆင့်သည် မြန်မာနိုင်ငံနှင့်သယံဇာတ၊ ကုန်သွယ်ရေးနှင့်ပတ်သက်သောသံတမန်ဆက်ဆံရေးကို ဆက်ဆံကျင့်သုံးခဲ့ကြသည်။ မြန်မာနိုင်ငံ၏ကြွယ်ဝလှသောသယံဇာတများသည် ကချင်ပြည်နယ်အတွင်း တရုတ်တို့၏ရာစုနှစ်ချီကြာရှည်နေပြီဖြစ်သော ကျောက်စိမ်းထုတ်ယူရေးမှအစပြု၍ မကြာသေးမီကရရှိခဲ့သောရေနံ၊ သဘာဝဓါတ်ငွေ့နှင့်ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း ကန်ထရိုက်များအဆုံးဖြစ်သည့် တရုတ်နိုင်ငံ၏ဆက်ဆံရေးမဟာဗျူဟာများအတွက် အရေးပါသောအခန်းကဏ္ဍတွင် အမြဲတမ်းပါဝင်ခဲ့ကြသည်။ ၁၉၉၀ ခုနှစ်များအလယ်ပိုင်း ကေအိုင်အိုနှင့်အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရပြီးချိန်မှစတင်ပြီး ၂၀၀၆ ခုနှစ်၌ နှစ်နိုင်ငံပူးပေါင်း၍ နယ်စပ်ဖြတ်ကျော်သစ်ကုန်သွယ်ရောင်းဝယ်မှုကို ထိန်းချုပ်နှိမ်နင်းခဲ့သည့်အချိန်မတိုင်မီအထိ တရုတ်ကုမ္ပဏီများသည် ကချင်ပြည်နယ်ရှိသစ်တောများကိုခုတ်ယူခဲ့ကြသည်။ ဤတွင် စိုက်ပျိုးမြေယာများသည် တရုတ်နိုင်ငံဗဟိုနှင့်ပြည်နယ်အစိုးရများ၏ပံ့ပိုးမှုကိုရရှိကြသော တရုတ်ကုမ္ပဏီများ၏စီးပွားအကျိုးအမြတ်ဆိုင်ရာအရေးပါသည့် အရင်းအမြစ်တစ်ခုဖြစ်လာခဲ့ကြသည်။ မြန်မာနိုင်ငံမြောက်ပိုင်းနှင့်လာအိုနိုင်ငံတို့တွင် စိုက်ပျိုးလျက်ရှိကြသော သီးနှံများအနက် အဓိကကျသောသီးနှံမှာ စိုက်ပျိုးရေးအတွက်သင့်လျော်သောမြေယာများ အကန့်အသတ်ဖြင့်သာကျန်ရှိနေသည့် တရုတ်နိုင်ငံတွင်ဝယ်လိုအားမြင့်မားနေသော ရာဘာသာလျှင်ဖြစ်သည်။

ကုန်းတွင်းပိတ် ယူနန်ပြည်နယ်အနေဖြင့် ဒေသတွင်း 'လိုက်ဖက်ညီ' သည့်ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်အားပေးခြင်းသည် အရေးပါသည့်နိုင်ငံရေးစီးပွားရေးဦးတည်ချက်တစ်ခုပင်ဖြစ်သည်။ သို့သော် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံ၏သယံဇာတနှင့်ကုန်သွယ်ရေးဆိုင်ရာသံခင်းတမန်ခင်းဆောင်ရွက်ချက်များသည် တရုတ်ကုမ္ပဏီများအတွက် ရေတိုစီးပွားရေးအကျိုးအမြတ်ကိုသာလျှင်ရရှိစေခဲ့သည်။ အဆိုပါကုမ္ပဏီများ၏ သယံဇာတထုတ်ယူရေးလုပ်ငန်းဆောင်ရွက်ချက်များသည် ဒေသခံများ၏ သက်မွေးဝမ်းကျောင်းမှုနှင့်မြေယာလုပ်ပိုင်ခွင့်အာမခံချက်တို့အား ခြိမ်းခြောက်လျှက်ရှိပြီး၊ သဘာဝပတ်ဝန်းကျင်ကိုလည်းအကြီးအကျယ်ပျက်စီးစေခဲ့ကြသည်။ နယ်စပ်ဖြတ်ကျော်စီမံကိန်း များကိုအကောင်အထည်ဖော်ဆောင်ရွက်ကြသည့် တရုတ်ကုမ္ပဏီများ၏နည်းလမ်းကြောင့် တရုတ်နိုင်ငံအစိုးရမှ တိုက်တွန်းအားပေးလျက်ရှိသော အိမ်နီးချင်းနိုင်ငံများနှင့် 'လိုက်ဖက်ညီ' ပူးပေါင်းဆောင်ရွက်ရေးဟူသော မူဝါဒအား အင်အားချည့်နဲ့စေခဲ့သည်။ ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်ဖြစ်ပွားလျက်ရှိနေသော နိုင်ငံရေးအရ အလွန်ထိလွယ်ခိုက်လွယ်ရှိသည့်ဒေသများ၌ ဒေသခံတပ်မတော်အာဏာပိုင်တို့နှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေသော ရင်းနှီးမြှပ်နှံမှုစီမံကိန်းများသည် အနာဂတ်ပဋိပက္ခများချုပ်ငြိမ်းရေးထက် တိုးပွားလာစေနိုင်သောအလားအလာအားဖန်တီးပေးနေသည်။

မြန်မာနိုင်ငံမြောက်ပိုင်း ဘိန်းအစားထိုးလုပ်ငန်းတွင် တရုတ်တို့၏ဆောင်ရွက်မှုနည်းလမ်းသည် သက်ဆိုင်ရာဒေသခံများနှင့်တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဒေသခံများအာဏာပိုင်များနှင့်သာ ဆက်ဆံဆောင်ရွက်ကြသောကြောင့် ဒေသခံများ၏နစ်နာဆုံးရှုံးစေခြင်းအားဖြင့် ဒေသခံအာဏာပိုင်များ ကိုသာလျှင်ရှင်သန်အားကောင်းစေသည့်ရလာဒ်ကိုသာဖြစ်စေသည်။ ဤဖြစ်ရပ်သည် ပဋိပက္ခသမိုင်းကြောင်းအရ ဒေသခံအာဏာပိုင်များအားအယုံအကြည်မရှိဘဲကြောက်ရွံ့နေကြသည့်၊ ဆင်းရဲနွမ်းပါးလျက်ရှိနှင့်နေကြရပြီးဖြစ်သည့် ဒေသခံပြည်သူများအပေါ် သေရေးရှင်ရေးတမျှအရေးပါသည့်အကျိုးဆက်များကိုဖြစ်ပွားစေခဲ့သည်။

မြန်မာနိုင်ငံအတွင်း တရုတ်တို့၏ဖွံ့ဖြိုးရေးနှင့်အကူအညီပေးရေးပုံစံသည် ကျေးလက်လူမှုဘဝသက်မွေးဝမ်းကျောင်းအတွက် အစီအစဉ်များပါဝင်ခြင်းမရှိဘဲ တရုတ်ကုမ္ပဏီများအား ပမာဏကြီးမားလှသော စိုက်ပျိုးရေးစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံလာစေရန်မက်လုံးပေးခြင်းအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အထက်မှအောက်ခြေသို့ ညွှန်ကြားဆောင်ရွက်သည့် ဒေသဆိုင်ရာစီးပွားရေးဖွံ့ဖြိုးမှုပုံစံဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အနောက်နိုင်ငံများမှဘဏ္ဍာငွေပံ့ပိုးပေးထားသော အပြည်ပြည်ဆိုင်ရာနှင့်ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ကြိုးပမ်းဆောင်ရွက်ချက်များမှာမူ အစားထိုးလူမှုဘဝသက်မွေးဝမ်းကျောင်းမှုများကို ဖန်တီးပေးနိုင်ရေးအတွက် ရည်ရွယ်သည့် လူထုအခြေပြုဖွံ့ဖြိုးရေးအစီအစဉ်များဖြင့် ယခင်ဘိန်းစိုက်တောင်သူများကို တိုက်ရိုက်ဦးတည်ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းတို့အနက်မှအချို့သောအဖွဲ့အစည်းများသည် ‘အစားထိုးဖွံ့ဖြိုးတိုးတက်မှု’ဟု ရည်ညွှန်းကြသည့် မူးယစ်ဆေးဝါးထုတ်လုပ်ရာနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရန် အကောင်းဆုံးမူဝါဒစည်းမျဉ်းများနှင့် ယင်းတို့မှရရှိသောသင်ခန်းစာများနှင့်ပတ်သက်သော ငြင်းခုံဆွေးနွေးမှုတွင်ပါဝင်ပတ်သက်နေကြသည်။ သို့သော်ကမ္ဘာ့အခြားနေရာဒေသများတွင် စိုက်ပျိုးစီးပွားလုပ်ငန်းများသည် ဘိန်းနှင့်ကိုကာစိုက်ပျိုးခြင်းအား အစားထိုးရန်အစားထိုးသီးနှံအဖြစ် တိုက်တွန်းအားပေးဆောင်ရွက်လျှက်ရှိသည်။

ဘိန်းနှင့်ကိုကာစိုက်ပျိုးခြင်းသည် ပဋိပက္ခ၊ မလုံခြုံခြင်းနှင့်ခုခံနိုင်မှုအားနည်းခြင်းတို့ဖြင့် ပြည့်နှက်နေသော နေရာဒေသများ၌မကြာခဏဖြစ်ပွားနေသည်။ ယင်းတို့အားဖြေရှင်းသည့် ဆောင်ရွက်စီမံချက်များတွင် လူ့အခွင့်အရေးအကာအကွယ်ပေးရေး၊ ပဋိပက္ခဖြေရှင်းရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့်လူသားလုံခြုံရေးဆိုင်ရာကိစ္စများကိုပါဝင် ထည့်သွင်းသင့်သည်။ ထို့အတူ ယင်းစီမံချက်တို့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့်နည်းလမ်းဖြင့်ချမှတ်ဆောင်ရွက်ပြီး၊ ရိုးရာယဉ်ကျေးမှုနှင့်တန်ဖိုးများကိုလည်း အလေးထားသင့်သည်။ အထူးသဖြင့်အောင်မြင်နိုင်ရန်အလားအလာရှိပြီး ရေရှည်တည်တံ့သော လူမှုဘဝသက်မွေးဝမ်းကျောင်းမှုနည်းလမ်းများမရှိသေးပါက ဘိန်းနှင့်ကိုကာစိုက်ပျိုးမှုများအား အမြစ်ပြတ်ချေမှုန်းခြင်း သို့မဟုတ် တင်းကျပ်သည့်တားဆီးပိတ်ပင်မှုများကိုမဆောင်ရွက်သင့်ပေ။ ကူညီထောက်ပံ့မှုများကိုလည်း ဘိန်းနှင့်ကိုကာစိုက်ပျိုးမှုလျော့နည်းကျဆင်းရေးများအပေါ်တွင် ကန့်သတ်ချက်မထားသင့်ချေ။ ထိုသို့ဆောင်ရွက်မည့်အစား အောင်မြင်သောမူဝါဒတစ်ခုအတွက် အညွှန်းကိန်းများသည် ရေရှည်ဖွံ့ဖြိုးရေးကိုဦးတည်သော တိုးတက်မှုအပေါ်တွင်သာအခြေခံသင့်သည်။

ထို့အပြင်မြေယာလုပ်ပိုင်ခွင့်နှင့် အခြားဆက်စပ်နေသည့်အရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲရေးကိစ္စများသည် ဒေသခံရပ်ရွာလူထုများအတွက် တရားဥပဒေနှင့်ညီညွတ်ပြီး ရေရှည်အကျိုးရှိသော လူမှုဘဝသက်မွေးဝမ်းကျောင်းမှုများကို တည်ဆောက်ရန်အတွက် အရေးပါသည့်အစိတ်အပိုင်းများဖြစ်သည်။ သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းသည် ရပ်ရွာလူထုများအတွက် သဘာဝပတ်ဝန်းကျင်ဆုတ်ယုတ်နိမ့်ကျလာခြင်း၊ ဈေးကွက်၏ဝယ်လိုအားနှင့်ဈေးနှုန်းများအပေါ်မှီခိုနေရခြင်းနှင့်၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အခြားသောလူမှုဘဝသက်မွေးဝမ်းကျောင်းမှုများအား သက်ရောက်မှုရှိသော စိုက်ပျိုးမြေဧရိယာလျော့ကျလာခြင်းစသည်တို့ ပါဝင်သည့် ဆိုးကျိုးအမြောက်အများကိုဖြစ်ပေါ်စေပါသည်။

တောင်ပေါ်နေဆင်းရဲနွမ်းပါးသည့်ရွာသားများအတွက်ရေရှည်စီးပွားရေးအကျိုးအမြတ်များနှင့်စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းဖွံ့ဖြိုးမှုအထူးသဖြင့်ရာဘာအတွက်ထိခိုက်နစ်နာမှုများနှင့်ပတ်သက်၍ အထူးအလေးထားပူပန်စရာကိစ္စများပေါ်ပေါက်လာသည်။ ရာဘာလုပ်ငန်းဖွံ့ဖြိုးမှုမှရရှိလာသော စီးပွားရေးအကျိုးအမြတ်များသည် အကန့်အသတ်ဖြင့်သာရှိသည်။ ရွှေ့ပြောင်းအလုပ်သမားများငှားရမ်းရသည့်အခြေအနေမျိုးတွင် စိုက်ပျိုးရေးလုပ်ငန်းများသည် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းအနည်းအကျဉ်းကိုသာလျှင်ဖြစ်ပေါ်စေသည်။ ဒေသခံလုပ်အားများကို ရယူသည့်အခါတွင်လည်း ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများအတွက် လိုအပ်နေသောလုပ်အားစု၊ မြေယာများနှင့်ယှဉ်ပြိုင်နေရပြန်သည်။ အဆုံးသတ်တွင်

အလွန်နည်းပါးလှသည့်လုပ်အားခကိုသာရရှိပြီး၊ လုပ်ကွက်ကျဉ်းလယ်သမားများကိုယ်တိုင်အတွက် ရင်းနှီးရန်အတွက် စုဆောင်းငွေရရှိရန်ပင် မဖြစ်နိုင်သည့်အခြေအနေဖြစ်နေရသည်။

မြန်မာနိုင်ငံမြောက်ပိုင်းတွင် ပမာဏကြီးမားလှသောစီးပွားဖြစ်စိုက်ခင်းများအများအပြား တိုးတက်ချဲ့ထွင်လာမှုသည် စည်းမျဉ်းဥပဒေကန့်သတ်အုပ်ထိန်းမှုမရှိသော အစွန်အဖျားဒေသအရင်းရှင်စီးပွားရေးဖြစ် ထွန်းသည့်အနေအထားတွင် ပေါ်ပေါက်လျက်ရှိနေသည်။ မြေယာများချဉ်းနင်းဝင်ရောက်လုပ်ကိုင်လာမှုနှင့် တောရှင်းလင်းခုတ်ထွင်မှုကြောင့် သစ်တောများ၏ဇီဝမျိုးစုံကြွယ်ဝမှုကိုဆုံးရှုံးခြင်း၊ မြေဆီလွှာပျက်စီးခြင်းနှင့်ရေအရင်းအမြစ်များကုန်ခန်းလာစေခြင်းစသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာအသစ်များကို ဖန်တီးလျက်ရှိစေသည်။ စိုက်ပျိုးရေးလုပ်ပိုင်ခွင့်များသည် တရားမဝင်သစ်ထုတ်ယူမှုများကို အကာအကွယ်ဖြစ်စေပြီး၊ ရွာသားများ၏အစဉ်အဆက်ပိုင်ဆိုင်သော သစ်တောမြေများနှင့်အသစ်ပိုင်းခြားသတ်မှတ်ထားသောရပ်ရွာပိုင်သစ်တောများကိုလည်း မကြာခဏဆိုသလိုဝိုင်းရံလွှမ်းမိုးသွားသည်။

ရာဘာလုပ်ငန်းများတွင်ရင်းနှီးမြှပ်နှံရန်အတွက် အရင်းအနှီးနှင့်မြေယာမရှိဘဲ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်နေကြသော တောင်ပေါ်နေတောင်သူများ (အများစုမှာယခင်ဘိန်းစိုက်တောင်သူများဖြစ်ကြသည်) သည်အခြားရွေးချယ်စရာနည်းလမ်းအနည်းငယ်သာကျန်ရှိကြသဖြင့်၊ စိုက်ပျိုးရေးလုပ်ငန်းများ၌အခ စားအလုပ်သမားအဖြစ် အလုပ်ရရှိနိုင်အောင်သာလျှင်ကြိုးပမ်းနိုင်ကြတော့သည်။ သို့သော် ‘ဝ’ ဒေသမှ လွဲ၍မြန်မာနိုင်ငံအလယ်ပိုင်းနှင့်မြစ်ဝကျွန်းပေါ်ဒေသမှ ရောက်ရှိလာကြသောပြင်ပ ရွှေ့ပြောင်းလုပ်သားများကိုသာငှားရမ်းလုပ်ကိုင်နေကြသဖြင့် ဒေသခံအနည်းငယ်သာအလုပ်အကိုင်ရကြပြီး၊ လူမျိုးရေးမုန်းတီးမှုအား နှိုးဆွစေပါသည်။ ပိုင်ဆိုင်မှုများကိုလက်လွှတ်ဆုံးရှုံးကြရသည့် ရွာသားများသည်ယင်းတို့၏လုပ်အားကိုဈေးပေါပေါဖြင့်ပေးနိုင်ရန်အတွက် ရာဘာစိုက်ခင်းများနှင့်နီးရာသို့ရွှေ့ပြောင်းခြင်းခံကြရသည်။ အခြားသူများသည်လည်း စိုက်ပျိုးလုပ်ကိုင်ရန် သစ်တောထူထပ်သောတောင်ကုန်းနေရာများအားရှာဖွေခြင်း၊ အခစားလုပ်သားအဖြစ်လမ်းဘေးရှိစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ရန်ရွှေ့ပြောင်းကြရခြင်း၊ သို့မဟုတ် အန္တရာယ်ရှိသည့် သယံဇာတထုတ်ယူရေးလုပ်ငန်း အသေးစားများဖြစ်ကြသော သတ္တုတူးဖော်ရေးနှင့်သစ်ခုတ်လှဲရေးလုပ်ငန်းများတွင် လုပ်ကိုင်လာခြင်းများကိုဖြစ်ပေါ်စေခဲ့သည်။ တောင်ပေါ်ဒေသများရှိ အဆိုပါဖွံ့ဖြိုးတိုးတက်မှုပုံစံသည် အစိုးရများနှင့်ပုဂ္ဂလိကရင်းနှီးမြှပ်နှံသူများအတွက် ပို၍အကျိုးဖြစ်စေသည့်နည်းလမ်းအားဖြင့် သဘာဝတောတောင်ရေမြေမြင်ကွင်းနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးလုပ်ကိုင်သည့်တောင်သူတို့၏ ဘဝများကိုပြောင်းလဲသွားစေသော ကြိုးပမ်းချက်ဖြစ်နေသည်။ ဤဖွံ့ဖြိုးရေးသည် မြန်မာနိုင်ငံ မြောက်ပိုင်းတွင်ရှိကြသော ရပ်ရွာလူထုများအတွက်မည်သို့သောနည်းနှင့်မျှကောင်းကျိုးဖြစ်စေသောဖွံ့ဖြိုးရေး မဟုတ်ချေ။ အကျိုးခံစားရသောသူများမှာ ဒေသခံအာဏာပိုင်များနှင့်တရုတ်စီးပွားရေးသမားများသာဖြစ်ကြသည်။ ဒေသခံရွာသားများအနေဖြင့် အမှီသဟဲပြုစရာလျော့ကြေး သို့မဟုတ် အခြားရွေးချယ်စရာအလုပ်ကိုင်အနည်းငယ်မျှအားဖြင့် သားစဉ်မြေးဆက်လုပ်ကိုင်လာကြသော မြေယာများနှင့်လူမှုဘဝသက်မွေးဝမ်းကျောင်းမှုများဆုံးရှုံးခဲ့ကြရသည်။

ဘိန်းအစားထိုးရေးနှင့်သက်ဆိုင်သော ရင်းနှီးမြှပ်နှံမှုများသည် ပို၍ရေရှည်တည်တံ့သော၊ ပွင့်လင်းမြင်သာပြီးတာဝန်ခံမှုရှိသော၊ တန်းတူညီမျှမှုအပေါ်အခြေခံသော ပုံစံဖြင့်ဆောင်ရွက်သင့်သည်။ ပြင်ပအကျိုးအမြတ်များခံစားခွင့်အစားအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်အတွင်းရှိ ရေရှည်ဖော်ဆောင်သတ်မှတ်ထားသောစံချိန်စံညွှန်းများအတိုင်း လူထုအခြေပြုသောချဉ်းကပ်မှုနည်းလမ်းကို လိုက်နာအသုံးပြုဆောင်ရွက်သင့်သည်။ စီမံကိန်းအကောင်အထည်ဖော်ရာဒေသများသည် အစိုးရလွှတ်တော်မှပြဌာန်းထားသောမြေယာဥပဒေပြဌာန်းချက်များ သက်ဝင်လွှမ်းမိုးမှုမရှိသည့်အတွက် ဒေသအစဉ်အလာအရ မြေယာလုပ်ပိုင်ခွင့်များနှင့်ဓလေ့ထုံးတမ်းများအား လေးစားသင့်သည်။ စီမံကိန်းများသည် မြေယာလုပ်ပိုင်ခွင့်အာမခံချက်အား လျော့ပါးသွားစေခြင်းထက် ရှင်သန်အားကောင်းမှုကိုဖြစ်စေမည့် အထောက်အကူပြုပေးသည့်လုပ်ငန်းများဖြစ်သင့်သည်။ စီမံကိန်းဝန်းကျင်ရှိ ဒေသခံများကိုလည်းကနဦးကတည်းကဆွေးနွေး တိုင်ပင်ညှိနှိုင်းသင့်သည်။ ဒေသခံများသည် စီမံကိန်းကိုလက်ခံလိုလားပါကစီမံကိန်း၏ အဆင့်တိုင်းတွင် ဆွေးနွေးတိုင်ပင်ညှိနှိုင်း

သင့်သည်။ ရပ်ရွာလူထုများနှင့်အတူတကွလက်တွဲဆောင်ရွက်ခြင်းသည် ၎င်းတို့ကိုအကျိုးဖြစ်ထွန်းစေခြင်းကို ပိုမိုအာမခံချက်ရှိစေသည်။ တရုတ်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တောင်သူများ၏မြေယာအားစိုက်ပျိုးလုပ်ငန်းအတွက် သိမ်းယူမည့်အစား ယင်းတို့၏စိုက်ပျိုးရေးလုပ်ကွက်ငယ်ပုံစံများအတိုင်းဆောင်ရွက်သင့်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ရာဘာအပြင် အခြားသီးနှံများပါဝင်သော သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်းလျော့နည်းစေမည်ဖြစ်သည်။ စီးပွားရေးအကျိုးအမြတ်ကို အနီးအနားရှိ ဒေသခံလူထုများရရှိစေရန်အတွက် ပြင်ပရွှေ့ပြောင်းအလုပ်သမားများအစား ဒေသခံများအားငှားရမ်းလုပ်ကိုင်သင့်သည်။ ထောက်ပံ့မှုများအပါအဝင်စီမံကိန်းစာချုပ်ချုပ်ဆိုခြင်းအတွက် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများအား ပွင့်လင်းမြင်သာစွာဆောင်ရွက်ခြင်းအားဖြင့် ဒေသခံပြည်သူများနှင့်သုတေသီပညာရှင်များ၏ယုံကြည်မှုကိုတည်ဆောက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် တရုတ်နိုင်ငံမှပိုမိုခိုင်မာအားကောင်းသော စည်းကမ်းထိန်းသိမ်းပေးနိုင်မှုအနေအထားနှင့်ဥပဒေဆိုင်ရာစည်းမျဉ်းစည်းကမ်းလုပ်ငန်းစဉ်များသည် ဒေသခံများကိုအကျိုးအမြတ်ဖြစ်စေပြီး ပဋိပက္ခဖြစ်နိုင်ချေများကို လျော့နည်းစေသည့်ပိုမိုကောင်းမွန်သည့်လုပ်ကိုင်ဆောင်ရွက်မှုလုပ်ငန်းခွင်တစ်ခုကိုထောက်ကူဖြစ်ပေါ်စေရမည်ဖြစ်သည်။

ဆန့်ကျင်ဘက်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အရပ်သားတစ်ပိုင်းပါဝင်သော ဦးသိန်းစိန်ဦးဆောင်သည့်နိုင်ငံတော်အစိုးရသစ်တို့အကြား မကြာမီကပြုလုပ်သော အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ သည်မြန်မာနိုင်ငံ၏နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်နေပြီဖြစ်သည့်ပြည်တွင်းစစ်အား ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးအတွက်မျှော်လင့်ချက်များ ကိုဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလမှစ၍ ပြည်နယ်နှင့်တိုင်းဒေသကြီးနှင့်၊ ပြည်ထောင်စုအဆင့်အသီးသီးရှိကြသော အစိုးရကိုယ်စားလှယ်အသီးသီးနှင့် အဓိကဆန့်ကျင်ဘက်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များတွေ့ဆုံခဲ့ကြသည်။ အင်အားတောင့်တင်းသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုသည် အစိုးရနှင့်ကနဦး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကိုရရှိထားကြပြီးဖြစ်သည်။ အစိုးရအနေဖြင့် နိုင်ငံတော်အဆင့်ဆွေးနွေးပွဲကျင်းပပြုလုပ်ရန် ကတိပြုထားသော်လည်း ဆောင်ရွက်မှုလုပ်ငန်းစဉ်နှင့်အချိန်ဇယားစသည့် အသေးစိတ်အချက်အလက်များအားပေးပို့ခြင်း မရှိသေးချေ။ ပဋိပက္ခအားအဆုံးသတ်ပြီး စစ်မှန်သည့်တိုင်းရင်းသား ငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက်လက်ရှိဆွေးနွေးပွဲများသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သစ်များကိုရရှိရေးထက် ကျော်လွန်ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်နောက်တွင် နိုင်ငံတော်အဆင့်နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲဆက်လက်ဆောင်ရွက်ကျင်းပခြင်း၊ လူမျိုးစုတိုင်းရင်းသားများ၏ အဓိကမကျေနပ်ချက်များနှင့်၎င်းတို့၏ဆန္ဒများအားဖြည့်ဆည်းပေးနိုင်ရေးသည် လွန်စွာပင်အရေးပါလှသည်။

အတိတ်က အဖြစ်အပျက်များနှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့မှုပုံစံများသည် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဘဝသက်မွေးဝမ်းကျောင်းမှုများကို ထိခိုက်ပျက်စီးစေခဲ့ကြပြီး၊ မကျေနပ်မှုအသစ်များကိုဖန်တီးလျက်ရှိကြသဖြင့် ပဋိပက္ခဖြစ်ပွားရာနယ်မြေများအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်လည်း ငြိမ်းချမ်းရေးသဘောတူညီချက်များ၏ နောက်ဆက်တွဲဆောင်ရွက်စရာအနေဖြင့် ပူပန်စိုးရိမ်စရာကိစ္စများလည်းရှိနေသည်။ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းရေး၏အကျိုးအမြတ်အဖြစ်အရေးပါပြီး၊ စစ်ဒဏ်သင့်၍လျစ်လျူရှုခြင်းခံနေရသော တိုင်းရင်းသားဒေသများ ပြန်လည်တည်ဆောက်ရေးတွင်လည်းအရေးပါလှသည်။ သို့သော် ပင်ကိုယ်အားဖြင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းရင်းသားလူမျိုးစုပဋိပက္ခများအားဖြေရှင်းနိုင်မည်မဟုတ်သည့်အပြင်၊ မှားယွင်းပြီးတရားမျှတမှုမရှိသည့် ပုံစံမျိုးဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့လျှင် ပဋိပက္ခအသစ်များကိုဖြစ်ပေါ်လာစေနိုင်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အထူးသဖြင့် ကြီးမားလှသောအခြေခံအဆောက်အအုံကြီးများနှင့်စိုက်ပျိုးရေးစီမံကိန်းများသည် အဆိုပါစီမံကိန်းများအား မည်သို့အကောင်အထည်ဖော်စီမံခန့်ခွဲမည်ဟုပြောဆိုခွင့်ရှိသင့်ကြသောဒေသခံပြည်သူများကို အကျိုးဖြစ်ထွန်းစေသင့်သည်။ ဤသို့ဆောင်ရွက်ရန်ပျက်ကွက်မှုသည် ပဋိပက္ခဖြေရှင်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ် ဆိုးကျိုးသက်ရောက်စေရုံသာမက တိုင်း

ရင်းသားလူမျိုးစုအသိုင်းအဝန်းများအကြား မကျေနပ်မှုအသစ်များကိုတိုးပွားလာစေပြီး၊ မြန်မာနိုင်ငံ၏ပဋိပက္ခသံသရာအား အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးစုဒေသများအတွင်း ဆောင်ရွက်နေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ကူညီထောက်ပံ့ထားသည့်ဖွံ့ဖြိုးရေးစီမံကိန်းကြီးအချို့အား အစိုးအရအနေဖြင့်စီမံဆောင်ရွက်နေသည့်အတွက် ဤကိစ္စရပ်များမှာလည်း တန်းတူအရေးပါသောကိစ္စများဖြစ်သည်။ ယင်းတို့အထဲတွင် ရှမ်းနှင့်ကချင်ပြည်နယ်များအတွင်းရှိ ရေအားလျှပ်စစ်ထုတ်လုပ်သည့်ဆည်ကြီးများ၊ ရခိုင်ပြည်နယ်ရေနက်ဆိပ်ကမ်းသစ်မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်အထိသွယ်တန်းထားသော တရုတ်နိုင်ငံမှတည်ဆောက်လျှက်ရှိသည့်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် အခြေခံအဆောက်အအုံစီမံကိန်းအချို့တို့ပါဝင်သည်။ ဤစီမံကိန်းများသည် တိုင်းရင်းသားလူမျိုးစုပြည်နယ်များ၏ အနာဂတ်နှင့်နိုင်ငံတစ်ခုလုံးအပေါ်တွင် နက်ရှိုင်းသောသက်ရောက်မှုရှိလာမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ၊ ဗဟိုအစိုးရနှင့်အခွင့်ထူးခံစီးပွားရေးသမားအချို့သာမက ဒေသခံပြည်သူလူထုများနှင့် နိုင်ငံတဝှမ်းလုံးကိုအကျိုးရှိစေသည့် မူဝါဒများကိုချမှတ်ဖော်ဆောင်နိုင်ရေးသည်လည်း ယခုအခါတွင်အရေးပါလှသည်။ ယင်းမူဝါဒများကိုရေရှည်အကျိုးရှိစေ သောနည်းလမ်းများဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုမှဖြစ်ပေါ်လာသောမြေယာမဲ့အခြေအနေများသည် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းနှင့်တကွ တရုတ်နိုင်ငံဘေဂျင်းဗဟိုအာဏာပိုင်တို့မှအထူးစိုးရိမ်ကြောင့်မှုအရှိဆုံးဖြစ်သည့် တရုတ်နိုင်ငံနှင့်ထိစပ်နေသော နယ်စပ်ဒေသများတစ်လျှောက် နယ်စပ်တည်ငြိမ်ရေးနှင့်ကျယ်ပြန့်စွာဆက်နွယ်ပတ်သက်လျက်ရှိသည်။ တရုတ်အစိုးရ၏ဘိန်း အစားထိုးအစီအစဉ်သည် ဘိန်းစိုက်ပျိုးမှုအပေါ်မှီခိုနေမှုလျော့ချရန် နည်းလမ်းများ သို့မဟုတ် ဘိန်းစိုက်တောင်သူဟောင်းများအား အခြားအစားထိုးလူမှုဘဝသက်မွေးဝမ်းကျောင်းမှုများကိုလည်းပံ့ပိုးနိုင်စွမ်းမရှိကြောင်း ဤအစီရင်ခံစာပါအချက်အလက်များက ရှင်းလင်းစွာဖော်ပြနေပေသည်။ နယ်စပ်ပဋိပက္ခနှင့်မြန်မာ့လူ့အဖွဲ့အစည်းအတွင်းတိုးပွားလာသောမုန်းတီးမှုများကိုရှောင်ရှားနိုင်ရန်အတွက် တရုတ်အာဏာပိုင်များအနေဖြင့်ယင်းတို့၏ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများနှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောနည်းလမ်းများကို အထူးအလေးအနက်ထား၍ပြန်လည်သုံးသပ်ရန်လိုအပ်နေပေသည်။ ပိုင်ဆိုင်မှုအားလက်လွတ်ဆုံးရှုံးနေမှုကို ဆက်လက်ဖြစ်ပေါ်ရှင်သန်နေစေခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုမဟုတ်ပေ။

**ရှင်းလင်းချက်**

၁။ ၁၉၈၉ခုနှစ်တွင် တပ်မတော်အစိုးရသည် နိုင်ငံ၏တရားဝင်အမည်အား ဘားမား မှ မြန်မာ သို့ ပြောင်းလဲခဲ့သည်။ ထိုအချိန်မှစ၍ ဘားမား သို့မဟုတ် မြန်မာဟုအသုံးပြုမှုသည် အလွန်ပင် နိုင်ငံရေးဆန်သောကိစ္စတစ်ရပ်ဖြစ်လာခဲ့သည်။ ကုလသမဂ္ဂမှ မြန်မာဟုသုံးစွဲလျက်ရှိသော်လည်း အများအားဖြင့် အဆိုပါနိုင်ငံနှင့်ပတ်သက်၍ အခြားနေရာများတွင် အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသောစာအုပ်စာတမ်းများ၌ ဖော်ပြအသုံးပြုခြင်းမရှိချေ။ ထို့ကြောင့် ဤအစီရင်ခံစာ၌ ဘားမား ဟုသာလျှင်အသုံးပြုမည်ဖြစ်သည်။ ဤသို့ဖော်ပြချက်သည် နိုင်ငံရေးဆိုင်ရာဖော်ပြချက်တစ်ရပ်အ ဖြစ်အဓိပ္ပါယ်သက်ရောက်စေခြင်းမဟုတ်ချေ။

၂။ TNI, 2009b.

၃။ TNI, 2009a.

၄။ McCoy, 1991; Lintner, 1999; TNI, 2003; TNI, 2005 နှင့် TNI, 2006 ကိုလည်းရှု။

၅။ TNI, 20010.

၆။ ပြန်ကြားရေးဝန်ကြီးဌာန၊ ၂၀၀၈။ ‘တိုင်းဒေသကြီးများ’ အားယခင်က ‘တိုင်းများ’ ဟုခေါ်သည်။

၇။ Kramer, 2009a.

၈။ Kramer, 2009a.

၉။ မြောက်ပိုင်းရှမ်းပြည်ရှိ အပစ်ရပ်အဖွဲ့အဖွဲ့ဝင်ဟောင်းများနှင့်တွေ့ဆုံမေးမြန်းခန်း၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ၊ ၂၀ ရက်။

၁၀။ Global Witness, 2003.

၁၁။ Shi, 2008 နှင့် TNI, 2010.

၁၂။ Global Witness 2009.

၁၃။ Milieu Defensie, 2009.

၁၄။ Kachin Development Networking Group (KDNG)နှင့် Kachin Environment Organization (KEO), 2007 နှင့် Palaung Youth Network Group (PYNG), 2007.

၁၅။ Images Asia နှင့် Pan Kachin Developmetn Society, 2004.

၁၆။ မြန်မာနိုင်ငံမြောက်ပိုင်းတွင်နှစ်ရှည်လုပ်ငန်းအတွေ့အကြုံအများအပြားရှိသောအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံပုဂ္ဂိုလ်နှင့်ဆက်သွယ်မှု၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၁ ရက်။

၁၇။ မန်းသူရှိန်နှင့်ချမ်းမြေ့သူ၊ ၂၀၁၁။"Sixty-five percent of foreign investment concentrated in resource rich Kachin, Rakhine, Shan Staes" အလဲဗင်းမီဒီယာဂရုပ်၊ အောက်တိုဘာလ၊ ၂၀ ရက်။

၁၈။ Global Witness, 2003 နှင့် Kramer, 2009.

၁၉။ နောက်ထပ်အချက်အလက်များအတွက် TNI, 2009 ကိုလည်းရှု။

၂၀။ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (အင်န်ဒီအေအေ-မိုင်းလားဒေသ) ၏ကိုယ်စားလှယ်နှင့်တွေ့ဆုံမေးမြန်းခန်း၊ ၂၀၀၈ခုနှစ်၊ စက်တင်ဘာလ၊ ၆ရက်။

၂၁။ TNI, 2009b.

၂၂။ TNI, 2003.

၂၃။ The ATS Boom in Southeast Asia, TNI, 2009a နှင့် Phongpaichit, 2003 တွင်လည်းရှု။

၂၄။ UNODC, 2011a.

၂၅။ UNODC, 2010 နှင့် UNODC, 2011a.

၂၆။ UNODC, 2011a.

၂၇။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၊ "What is Poverty? Human Rights in Development"http://unhchr.ch/development/poverty-02-html

၂၈။ ၂၀၁၁ခုနှစ်အတွက် မြန်မာနိုင်ငံ၏လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုဆိုင်ရာအညွှန်းကိန်းသည် ၀.၄၈၃ (လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအရအဆင့်နိမ့်ကျသောသတ်မှတ်ချက်) တွင်ရှိပြီးနိုင်ငံနှင့်နယ်မြေဒေသပေါင်း ၁၈၇ ရှိသည့်အနက် ၁၄၉ အဆင့်သို့ရောက်ရှိနေသည်။ ယူအင်န်ဒီပီ၊ ၂၀၁၁။

၂၉။ TNI, 2003.

၃၀။ ဒေသခံသုတေသီနှင့်တွေ့ဆုံမေးမြန်းခန်း၊ မတ်လ၊ ၂၀၁၀။

၃၁။ ရှမ်းပြည်နယ်တောင်ပိုင်းဒေသခံအင်န်ဂျီအိုကိုယ်စားလှယ်နှင့်တွေ့ဆုံမေးမြန်းခန်း၊ မတ်လ၊ ၂၀၁၁။ (အထက်ပါတွေ့ဆုံမေးမြန်းခန်းနှင့်မတူပါ)

၃၂။ အပစ်ရပ်အဖွဲ့အဖွဲ့ဝင်ဟောင်းတစ်ဦးနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဩဂုတ်လ၊ ၂၀၀၇။

၃၃။ Kramer, 2007 လည်းရှု။

၃၄။ Chin, 2009.

၃၅။ Chin နှင့် Zhang, 2007, p. 3-4.

၃၆။ Chin နှင့် Zhang, 2007, p. 4.

၃၇။ TNI, 2009b.

၃၈။ ပါဝင်သောအခြားအကြောင်းအရာများမှာ ကြီးထွားလာနေသော အေတီအက်စ်ထုတ်လုပ် မှုနှင့် မှောင်ခိုရောင်းဝယ်နေသည့်ပြဿနာအား ဖြေရှင်းရာတွင် မြန်မာနိုင်ငံ၏ကြိုးပမ်းချက်များသည် အားရကျေနပ်ဖွယ်ရာမရှိခြင်း၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလတွင် အမေရိကန်နိုင်ငံမှတရားစွဲဆိုခဲ့ပြီးနောက် ယူဒပလျူအက်စ်အေအဖွဲ့ဝင်များအား မြန်မာအစိုးရက တရားစီရင်ရန်ပျက်ကွက်ခဲ့ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်းကျဆင်းစေရန်နှင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကူးစက်ပြန့်ပွားမှုအား ထိန်းချုပ်ရန်စသည်တို့အတွက် ဝယ်လိုအားလျော့ချမှု၊ တားဆီးမှု၊ မူးယစ်ဆေးဝါးကုသရေးအစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ရန်ပျက်ကွက်ခဲ့ခြင်းတို့ဖြစ်ကြသည်။ အမေရိကန်နိုင်ငံနိုင်ငံခြားရေးဌာန။ International Narcotics Control Strategy Report၊ ၂၀၀၇၊ ဝါရှင်တန်ဒီ စီ။

၃၉။ SHAN, 2003, SHAN, 2005, PWO, 2010 နှင့် PWO, 2011 လည်းရှု။

၄၀။ Kramer, 2009b.

၄၁။ ၂၀၀၉ ခုနှစ်၊ ဧပြီလ၊ ၂၈ရက်၊ မြန်မာစစ်အစိုးရမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အခြားသောအကြီးတန်းအရာရှိများမှ တိုင်းရင်းသားအပစ်ရပ်အဖွဲ့များအား ပေးအပ်ခဲ့သောညွှန်ကြားချက်၏စာမျက်နှာအချို့အား အလွတ်သဘော သာသာပြန်ခြင်း။

၄၂။ TNI-BCN Burma Policy briefing Nr. 5, Februray 2011.

အစိုးရ၏အဆိုအရ နိုင်ငံအတွင်းလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ခုနှင့်၊ အဖွဲ့ငယ် ၂၃ ခု စုစုပေါင်း တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့ပေါင်း ၄၀ ရှိသည်။ ယင်းအနက်မှ ၁၅ဖွဲ့သည်၊ လက်နက်စွန့်လွှတ်ခဲ့ကြပြီး ကျန်ရှိနေသော ၂၅ ဖွဲ့အနက်မှ ၅ ဖွဲ့သည် နယ်ခြားစောင့်တပ်အဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့ကြပြီး၊ ၁၅ ဖွဲ့မှာပြည်သူ့စစ်အဖွဲ့များအဖြစ် အသွင်ပြောင်းလဲခဲ့ကြသည်။ ဘီဂျီအက်ဖ် ကမ်းလှမ်းမှုအားငြင်းဆန်ခဲ့ကြသည့်အဖွဲ့ ၅ ဖွဲ့သည် ကချင်ပြည်နယ်ရှိကေအိုင်အို၊ ရှမ်းပြည်နယ်ရှိယူဒပလျူအက်စ်အေနှင့်အင်န်ဒီအေအေ၊ ကရင်ပြည်နယ်ရှိကေအင်န်ယူ/ကေအယ်လ်အင်န်အေငြိမ်းချမ်းရေးကောင်စီ(ကေအင်န်ယူခွဲထွက်အဖွဲ့)နှင့် မွန်ပြည်နယ်ရှိမွန်ပြည်သစ်ပါတီတို့ဖြစ်သည်။ ၂၀၁၁ခုနှစ်၊ ဩဂုတ်လ၊ ၁၂ရက်၊ ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်း၏ သတင်းစာရှင်းလင်းပွဲ၊ အစိုးရမှကေအိုင်အို၏ငြိမ်းချမ်းရေးကမ်းလှမ်းမှုအား လက်ခံခဲ့သည်။ နယူးလိုက်အော့ဖ်မြန်မာ၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ၊ ၁၃ရက်။

၄၃။ ကေအိုင်အိုနှင့်ယူဒပလျူအက်စ်အေမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံမေးမြန်းခန်းများ၊ ဒီဇင်ဘာလ၊ ၂၀၁၀။

၄၄။ TNI-BCN Burma Policy briefing Nr. 3, October 2010.

၄၅။ TNI-BCN Burma Policy briefing Nr. 4, December 2010.

၄၆။ အထက်ပါအတိုင်း။

၄၇။ အထက်ပါအတိုင်း။

၄၈။ Horsey, 2011.

၄၉။ အထက်ပါအတိုင်း၊ စာ၃။

၅၀။ TNI-BCN Burma Policy briefing Nr. 7, June 2011.

၅၁။ ကေအိုင်အိုကိုယ်စားလှယ်များနှင့်တွေ့ဆုံမေးမြန်းခန်း၊ အောက်တိုဘာလ၊ ၂၀၁၁။

၅၂။ သဘောတူညီမှုများတွင် အောက်ပါအချက်များပါဝင်သည်။ တပ်မတော်နှင့် ယူဒဗလူအက်အေတို့ သည်လက်ရှိအပစ်အခတ်ရပ်စဲရေးအား ဆက်လက်ထားရှိရန်(မူလအတိုင်း)၊ နှစ်ဘက်လုံးရှိကိုယ်စားလှယ်များ ဝင်ထွက်နိုင်သောဆက်သွယ်ရေးရုံးတစ်ရုံးထားရှိရန်၊ နှစ်ဘက်လုံးမှမိမိတို့၏လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို ၎င်းတို့လက်အောက်ရှိနေရာဒေသမှအပတွင် ရွှေ့ပြောင်းကြလျှင် အခြားတစ်ဘက်အား အသိပေးသဘောတူညီချက်ရရှိပြီးမှသာ ဆောင်ရွက်ရန်သဘောတူညီခြင်းနှင့် နှစ်ဘက်စလုံးမှ အနာဂတ်တွင် လိုအပ်သလိုဆက်လက်ဆွေးနွေးသွားရန်တို့ဖြစ်သည်။

၅၃။ ကေအိုင်အိုကိုယ်စားလှယ်နှင့်တွေ့ဆုံမေးမြန်းခန်း၊ အောက်တိုဘာလ၊ ၂၀၁၁။

၅၄။ တရုတ်ပညာရှင်နှင့်တွေ့ဆုံမေးမြန်းခန်း၊ စက်တင်ဘာလ၊ ၂၀၀၉။

၅၅။ New Light of Myanmar, Six Agreements Signed at Second Union Level Peace Talk, 29, December 2010.

၅၆။ ဦးအောင်သောင်း(ယခင်စက်မှု ၁ ဝန်ကြီး) သည်ယူအက်စ်ဒီပီ၏ အတွင်းရေးမှူး (၁)နှင့် အမျိုးသားလွှတ်တော်ဘဏ္ဍာလုပ်ငန်းနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးမှုဆပ်ကော်မတီ၏ဥက္ကဋ္ဌဖြစ်သည်။ ဦးသိန်းဇော်(ယခင်ဆက်သွယ်ရေးဝန်ကြီး) သည် အမျိုးသားလွှတ်တော် 'တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းဆပ်ကော်မတီ'၏ ဥက္ကဋ္ဌဖြစ်သည်။ ဦးသိန်းဇော်သည် ၂၀၁၀ ရွေးကောက်ပွဲ၌ ယူအက်စ်ဒီပီဘက်မှဝင်ရောက်အရွေးခံကာ အနိုင်ရရှိခဲ့ပြီး၊ ယခုအခါ အမျိုးသားလွှတ်တော်မြစ်ကြီးနားနယ်မြေ၏ကိုယ်စားလှယ်ဖြစ်သည်။

၅၇။ ဆွေးနွေးပွဲများတွင်ပါဝင်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ကိုယ်စားလှယ်နှင့် ဆက် သွယ်ခြင်း။

၅၈။ Smith, 2007

၅၉။ For analysis of Burma's cycles of conflict, Smith, 2007 ကိုရှု။

၆၀။ Blickman, 2011 နှင့် 2011 Global ATS Assessment, UNODC, August, 2011. The 2011 Global ATS Assessment အရ မက်သာအမ်ဖက်တမင်းထုတ်လုပ်ရေးအထောက်အကူပစ္စည်းအဆောက်အအုံများ ကို မြန်မာနိုင်ငံတွင်ဖမ်းဆီးရမိကြောင်းအစီရင်ခံဖော်ပြထားခြင်းမရှိချေ။ သို့သော်

လွန်ခဲ့သည့် ၃-၄ နှစ်အတွင်း ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ဖမ်းဆီး ရမိခဲ့သော မက်သာအမ်ဖက်တမင်းအများစု သည် ရွှေတြိဂံဒေသ၏အစိတ်အပိုင်းဖြစ်သော မြန်မာနိုင်ငံမှစတင်မြစ်ဖျားခံလာခဲ့ကြသည်။

၆၁။ Qian, Han-Zhu et. al. 2006.

၆၂။ အထက်ပါအတိုင်း။

၆၃။ Liu, Lian, and Zhou, 2006.

၆၄။ IHRA, 2010.

၆၅။ Lu, M. and Liang, 2009. စာ ၁၀၂-၁၀၃။ တရုတ်နိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ကိန်းဂဏန်းများသည် အလွန်ကွဲပြားလျက်ရှိကြသည်။ တရားဝင်မဟုတ်သောစာရင်းများအရ ၅ သန်းကျော်ရှိ နေကြောင်းတရုတ် တာဝန်ရှိသူများမှ ခန့်မှန်းထားကြပြီး၊ အချို့အကဲဖြတ်မှုများကမူ ၁၅ သန်း အထိပင်ရှိနေကြောင်းခန့်မှန်း ထား ကြသည်။ ၂၀၀၆ ခုနှစ်၊ တရုတ်အစိုးရအဖွဲ့အစည်း များ၏အကြမ်းဖျင်းခန့်မှန်းချက်အရ ၄ သန်းရှိနေသည်။ (Swanström & Yin He, 2006)

၆၆။ တရုတ်နိုင်ငံတွင် ယေဘုယျအားဖြင့် ရဲများသည် အေတီအက်စ်သုံးစွဲသူများအား ဖမ်းဆီးခြင်းမရှိဘဲ၊ ဒဏ်ငွေများ (ယွမ် ၃၀၀) ချမှတ်သည်။ ဘိန်းဖြူသုံးစွဲသူများအနေဖြင့်မူ ဖမ်းဆီးခြင်းခံကြရပြီး မဖြစ်မနေဆေးကုသခြင်းအ တွက် ၂ နှစ်အပို့ခံကြရသည်။ အေတီအက်စ်သုံးစွဲမှုအတွက် ဒဏ်ငွေ ချမှတ်ခြင်းသည်တရားဝင်ဖြစ်သော်လည်း ရဲများအနေဖြင့် အေတီအက်စ်သုံးစွဲမှုပြစ်မှု ကျူးလွန်ခြင်းများအား ယင်းတို့၏ထောက်လှမ်း စောင့်ကြည့်မှုအ ချက်အလက်စနစ်ထဲတွင် ထည့်သွင်းထားခြင်းမရှိကြချေ။ ယူနန်ပြည်နယ်တွင် အေတီအက်စ်သုံးစွဲမှုသည် ဘိန်းဖြူသုံးစွဲမှုထက်ပင်သာလွန်နေကြောင်း ညွှန်ပြသည့်လက္ခဏာများရှိနေသည်။ သုံးစွဲသူအချင်းချင်း ပညာပေး သူတစ်ဦးကတီအင်န်အိုင်နှင့်တွေ့ဆုံရာတွင်ပြောကြားချက်အရ ယူနန်ပြည်နယ်တွင်အေတီအက်စ်သုံးစွဲသူအရေ အတွက်မှာ ဘိန်းနှင့်ဘိန်းဖြူသုံးစွဲသူထက်ပိုပိုများပြားနေသည်။ Blickman, 2011.

၆၇။ မက်သာအမ်ဖက်တမင်းသည် နိမ့်ကျသောလုပ်ငန်းခွင်အခြေအနေများရှိယှဉ်ပြိုင်လုပ်ကိုင်ရသော စီးပွားရေး လောက၌ အချိန်ကြာကြာနှင့်အလုပ်လုပ်ပိုမိုလုပ်နိုင်ရန် မြို့ပြနှင့်ကျေးလက်လုပ်အားစုများအား လိုအပ်သော စိတ်တက်ကြွမှုကိုပေးပြီး၊ ရည်မှန်းချက်ကြီးမားကြသော မြို့ပြတွင်နေထိုင်သူများအားအောင်မြင်မှုရစေရန် စွမ်း အင်ကိုပေးသည်။ အေတီအက်စ်သည် လူအများနှစ်သက်လက်ခံမှုကိုရရှိထားပြီး၊ ဘားဆိုင်များ၊ ကာရာအိုကေ ကလပ်များနှင့်နိုက်ကလပ်များကဲ့သို့သော ဖျော်ဖြေရေးနေရာများတွင်အသုံးပြုနေကြသူ အထူးသဖြင့် မြို့ပြနေ လူငယ်များအကြား၌ ရေပန်းစားလာလျက်ရှိသည်။ အေတီအက်စ်အားစွဲမက်စေတတ်သည့် မူးယစ်ဆေးဟုမယူ ဆဘဲစိတ်ပျော်ရွှင်မှုကိုပေးသည့်ပစ္စည်းအဖြစ်သတ်မှတ်ကြပြီး၊ ဘိန်းနှင့်ဘိန်းဖြူကိုမူခေတ်မမီတော့သည့် ပစ္စည်း တစ်ခုအဖြစ်သတ်မှတ်ကြပြီး၊ အန္တရာယ်ရှိပြီးစွဲငြိနိုင်သည်ဟု ရှုမြင်ကြသည်၊ Blickman, 2011.

၆၈။ Swanström & Yin He, 2006.

၆၉။ Kramer, T., Jelsma, M & T. Blickman, 2009; HIV/AIDS Asai Regional Program Yunnan (HAARP Project), 2009.

၇၀။ တရုတ်အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်ရုံး (အင်န်အင်န်စီစီ)၊ ၂၀၀၈။

၇၁။ အမေရိကန်နိုင်ငံခြားရေးဌာန၊ ၂၀၁၁။

၇၂။ မဟာမဲခေါင်ဒေသခွဲတွင်ကမ္ဘောဒီယား၊လာအိုပြည်သူ့ဒီမိုကရက်တစ်၊မြန်မာ၊ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတောင်ပိုင်းနယ်စပ်ပြည်နယ်များပါဝင်သည်။

၇၃။ UNODC, 2011b.

၇၄။ အနောက်ပစိဖိတ်ဆိုင်ရာကမ္ဘာ့ကျန်းမာရေးအဖွဲ့ဒေသဆိုင်ရာရုံး။

၇၅။ မူးယစ်ဆေးဝါးမူဝါဒဆိုင်ရာကမ္ဘာ့ကော်မရှင်၊ ၂၀၁၁။ ဤကော်မရှင်၏အဖွဲ့ဝင်များတွင် ဖာနန်ဒိုး ဟင်းရစ်ကာဒိုးဆိုး (ယခင်ဘရာဇီးနိုင်ငံသမ္မတ-ဥက္ကဋ္ဌ)၊ ဂျော့ဗီရှုလ်ဇ် (ယခင်နိုင်ငံခြားရေးဝန်ကြီး၊ အမေရိကန်ပြည်ထောင်စု၊ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ)၊ ကိုဖီအာနန် (ယခင်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ဂါနာ)၊ သိုဗားလ်ဒ်စတိုလ်တင်ဘာ့ဂ် (ယခင်နိုင်ငံခြားရေးဝန်ကြီးနှင့်ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၊ နော်ဝေး)၊ လူးဝီးစ်အာဘာ (ယခင်ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၊ အပြည်ပြည်ဆိုင်ရာပဋိပက္ခစောင့်ကြည့်လေ့လာရေးအဖွဲ့ဥက္ကဋ္ဌ၊ ကနေဒါ) နှင့် အခြားပုဂ္ဂိုလ်များပါဝင်ကြသည်။ ကော်မရှင်၏ရည်ရွယ်ချက်မှာ "ပြည်သူများ နှင့်လူ့အဖွဲ့အစည်းများအားထိခိုက်စေသည့် မူးယစ်ဆေးဝါး၏ဘေးဆိုးအား လျော့ချရန်လူသားဆန်ပြီး၊ ထိရောက်သောနည်းလမ်းများနှင့်ပတ်သက်၍ အချက်အလက်ပြည့်စုံသော၊ သိပ္ပံနည်းကျဆွေးနွေးမှုကိုအပြည်ပြည်ဆိုင်ရာအဆင့်အထိချဲ့ထွင်ဆောင်ရွက်ရန်" ဖြစ်သည်။ www.globalcommissionondrugs.org တွင်နောက် ထပ်အချက်အလက်များအတွက် လေ့လာနိုင်ပါသည်။

၇၆။ Lu, 2009, pp. 117-119 နှင့် Human Rights Watch, 2011.

၇၇။ Jianwen, Q၊ ၂၀၁၀။ ယူနန်ပြည်နယ် နယ်စွန်နယ်ဖျားဒေသများတွင် ဘိန်းအစားထိုးဖွံ့ဖြိုးတိုးတက်မှုအနှစ်ချုပ်အစီရင်ခံစာ။ တီအင်န်အိုင်-ဂျီတီဇက်၏ ဒုတိယအကြိမ်အရှေ့တောင်အာရှ မူးယစ်ဆေးမူဝါဒဆိုင်ရာအလွတ်သဘောဆွေးနွေးပွဲ၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ဧပြီလ၊ ၁၉-၂၁ ရက်။

၇၈။ Jianwen, Q, 2010, Yunnan Provincial Document၊ အမှတ် ၆ (၂၀၀၅)၊ မေလ၊ ၂၀၀၅ တွင်ထုတ်ဝေသည်။

၇၉။ ယူနန်ပြည်နယ်ကောင်စီ၊ ၂၀၀၆။ "The Approval of the State Council for the Poverty Subsititution Development Programme carried out in Myanmar and Northern Laos", State Document၊ အမှတ် ၂၂။

၈၀။ အမေရိကန်တစ်ဒေါ်လာ = ၆. ၉၂၅၃ ရင်မင်ဘီ၊၂၀၀၈ ခုနှစ် ပျမ်းမျှငွေလဲနှုန်းအပေါ်တွင်အခြေခံထားသည်။

၈၁။ အင်န်အင်န်စီစီ၊၂၀၀၈။

၈၂။ တရုတ်ပညာရှင်နှင့်ဆက်သွယ်ခြင်း၊ ဒီဇင်ဘာလ၊ ၂၀၁၀။

၈၃။ Cohen, P, 2009.

၈၄။ Jianwen, Q, 2010.

၈၅။ Zhu, 2001.

၈၆။ တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်ဆန့်ကျင်ဘက်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူ ညီချက်များကိုရရှိအပြီးတွင် အစိုးရသည်၎င်းအပစ်ရပ်အဖွဲ့များထိန်းချုပ်ရာနယ်မြေအား ‘အထူးဒေသ’ ဟုခေါ်သောယာယီအဆင့်သတ်မှတ်ပေးခဲ့သည်။ ဤဒေသများကို တိုင်းရင်းသားလူနည်းစုပြည်နယ်များအတွင်းတွင်စုပေါင်းထားရှိပြီး၊ အမှတ်စဉ်အလိုက်သတ်မှတ်ထားသည်။ ယူဒဗလျူအက်စ်အေထိန်းချုပ်ရာနယ်မြေများအား အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်သည့် ရှမ်းပြည်နယ်အတွင်း ဒုတိယမြောက်အဖွဲ့အဖြစ်သတ်မှတ်၍အစိုးရမှ ‘ရှမ်းပြည်နယ်အထူးဒေသ၂’ အဖြစ်သတ်မှတ်ဖော်ညွှန်းသည်။ အင်န်ဒီအေအေသည် ရှမ်းပြည်နယ်အတွင်း အပစ်အခတ်ရပ်စဲမှုသဘောတူညီချက်ရယူထားသော စတုတ္ထမြောက်အဖွဲ့ဖြစ်သောကြောင့်၊ရှမ်းပြည်နယ်အထူးဒေသ ၄ အဖြစ်ဖော်ညွှန်းထားသည်။ ကချင်ပြည်နယ်တွင် အင်န်ဒီအေ-ကေထိန်း ချုပ်နယ်မြေများအား ကချင်ပြည်နယ်အထူးဒေသ ၁ အဖြစ်ဖော်ညွှန်းပြီး၊ ကေအိုင်အိုထိန်းချုပ်ရာ နယ်မြေများကို ကချင်ပြည်နယ်အထူးဒေသ ၂ အဖြစ်သတ်မှတ်သည်။ သို့သော်၎င်းအဖွဲ့များအား ဖော်ညွှန်းရာတွင် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်အမည်များအား ချန်လှပ်ထားသဖြင့်ရှုပ်ထွေးမှု ကိုဖြစ်စေသည်။

၈၇။ Le Bail and Tournier, 2010, pp. 30.

၈၈။ တရုတ်ပညာရှင်နှင့်တွေ့ဆုံမေးမြန်းခန်း၊ ကူမင်း၊ ယူနန်ပြည်နယ်၊ တရုတ်နိုင်ငံ၊ ၂၀၁၀။

၈၉။ တရုတ်စီးပွားရေးသမားနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဒီဇင်ဘာ၊ ၂၀၀၉။

၉၀။ Baird and Shoemaker, 2007.

၉၁။ TNI, 2009a.

၉၂။ ယူနန်ပညာရှင်နှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇန်နဝါရီလ၊ ၂၀၁၀။

၉၃။ မြန်မာနိုင်ငံမှအစိုးရကိုယ်စားလှယ်နှင့်တွေ့ဆုံမေးမြန်းခန်း၊ စက်တင်ဘာလ၊ ၂၀၀၈။

၉၄။ ယူနန်ပညာရှင်နှင့်ဆက်သွယ်ခြင်း၊ ဩဂုတ်လ၊ ၂၀၁၁။

၉၅။ UNODC, 2005, EU Presidency Paper, 2008 နှင့် Kramer, 2010.

၉၆။ EU Presidency Paper, 2008.

၉၇။ ဤအလုပ်ရုံဆွေးနွေးပွဲသည် ပီးရူးအစိုးရနှင့်ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုခင်းများ ဆိုင်ရာရုံး (ယူအင်န်အိုဒီစီ) တို့နှင့်ပူးပေါင်း၍ထိုင်းနိုင်ငံမှစီစဉ်ဆောင်ရွက်သည့်အစားထိုးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့်ကွန်ဖရင့်၏ပထမအပိုင်းဖြစ်သည်။ ထိုကွန်ဖရင့်အား နိုင်ငံပေါင်း ၂၈ နိုင်ငံမှ

အစားထိုးဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်အတွင်းရှိ ကျွမ်းကျင်သူများနှင့်အစိုးရကိုယ်စားလှယ် ၁၀၄ ဦးတက်ရောက်ခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့်ကွန်ဖရင့် (အိုင်စီအေဒီ)၊ ၂၀၁၁။

၉၈။ The 'miracle of San Martin', and symptoms of 'alternative development' in Peru, Hugo Cabieses, TNI Drug Policy Briefing, Nr. 34, December 2010; http://undrugcontrol.Info/images/stories/documents/brief36.pdf

၉၉။ Alternative Developments, Economics Interests and Paramilitaries in Uraba, Moritz Tenthoff, TNI Drug Policy Briefing, Nr. 27, September, 2008; http://undrugcontrol.Info/images/stories/documents/brief27.pdf

၁၀၀။ http://verdadabierta.com/paraeconomia/1989-el-lado-oscuro-del-plan-colombia?format=pdf

၁၀၁။ တရုတ်နိုင်ငံ၏ ၂၀၀၆-၁၀ ကာလအတွက် အမျိုးသားစီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆယ်ကြိမ်မြောက်ငါးနှစ်စီမံကိန်းတွင် ပင်လယ်ရပ်ခြား၌ အမေရိကန်ဒေါ်လာဘီလီယံ ၆၀ ရင်းနှီးမြှုပ်နှံရန်ရည်ရွယ်သည်၊ Shi, 2008, စာ. ၂၄ ကိုရှု။

၁၀၂။ Qi, P. 1985၊ Opening the Southwest: An expert opinion, Beijing Review. 28 (35) 22-23.

၁၀၃။ Kudo and Mieno, 2009.

၁၀၄။ မြန်မာအစိုးရတာဝန်ရှိသူနှင့်တွေ့ဆုံမေးမြန်းခန်း၊ဇူလိုင်လ၊ ၂၀၀၅။

၁၀၅။ Reuters, 2009, "China to build Myanmar oil, gas pipeline from September"၊ ဇွန်လ၊ ၁၅ရက်။

၁၀၆။ ကျော်သူ၊ ၂၀၀၈၊ "Kachin hydropower study due in December"၊ မြန်မာတိုင်းမ်စ်၊ ၂၄-၃၀၊ မတ်လ၊ စောရန်နိုင်၊ ၂၀၀၈။ "Irrawaddy dam construction begins, human rights abuses begin"၊ ဧရာဝတီ၊ ဇန်နဝါရီလ၊ ၂၉ရက်။

၁၀၇။ တရုတ်ပညာရှင်နှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇန်နဝါရီလ၊ ၂၀၁၀။

၁၀၈။ Poon Kim Shee, 2002.

၁၀၉။ Kramer, 2009b.

၁၁၀။ တရုတ်ပညာရှင်နှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇန်နဝါရီလ၊ ၂၀၁၀။

၁၁၁။ တရုတ်ပညာရှင်နှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇန်နဝါရီလ၊ ၂၀၁၀ (အထက်ဖော်ပြပါတွေ့ဆုံသူနှင့်မတူ ပါ)။

၁၁၂။ International Crisis Group, 2010.

၁၁၃။ ဘေဂျင်းအခြေစိုက်အနောက်နိုင်ငံသုတေသီနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဩဂုတ်လ၊ ၂၀၁၁။

၁၁၄။ ဘေဂျင်းအခြေစိုက်အနောက်နိုင်ငံသုတေသီနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဩဂုတ်လ၊ ၂၀၁၁။
Lintner, 1990 လည်းရှု။ စစ်အေးကာလအတွင်း၊ တရုတ်နယ်စပ်တစ်လျှောက်ရှိလက်နက်ကိုင်အဖွဲ့များသည်ဘေဂျင်းရှိအဆင့်မြင့်အစိုးရတာဝန်ရှိပုဂ္ဂိုလ်များနှင့် နီးကပ်သည့်တိုက်ရိုက်ဆက်ဆံမှုများ ရှိခဲ့ကြသည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏အကူအညီအမြောက်အများကိုရရှိခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီကဲ့သို့သော ဖြစ်ရပ်များရှိခဲ့သည်။ ဤဖြစ်ရပ်မှာကေအိုင်အိုကဲ့သို့တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးအဖွဲ့အတော်များများအတွက်လည်း မှန်ကန်နေသည်။ တရုတ်နိုင်ငံ၏တိုက်ရိုက်ကူညီပံ့ပိုးမှုများသည် ဒေသအတွင်းပထဝီနိုင်ငံရေးအရ ပြန်လည်ပေါင်းထုတ်မှုနှင့် နောက်ဆက်တွဲဘေဂျင်းနှင့်ရန်ကုန်အစိုးရတို့ အပြန်အလှန်ချဉ်းကပ်မှုများအပြီး ၁၉၈၀ ခုနှစ်များတွင် အဆုံးသတ်ခဲ့သည်။

၁၁၅။ Chenyang, 2010.

၁၁၆။ Shi, 2008; Chenyang and Fook, 2010.

၁၁၇။ တရုတ်ပညာရှင်နှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇန်နဝါရီလ၊ ၂၀၁၀။

၁၁၈။ အေးရှားဝေါကုမ္ပဏီကို တစ်ချိန်က ‘ဘိန်းဘုရင်’ ဟုအမည်တပ်ခံရသော ကိုးကန့်တရုတ်လော်စစ်ဟန်မှပိုင်ဆိုင်ထားသည်။ နောက်ပိုင်းတွင် ရှမ်းပြည်နယ်အတွင်း အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား စေ့စပ်ညှိနှိုင်းပေးသူအဖြစ်ဆောင်ရွက်ရန်အစိုးရအားလိုလားသည့်ပြည်သူ့စစ်အဖွဲ့တစ်ဖွဲ့ကိုဦးဆောင်ခဲ့သည်၊ Lintner, 1999.

၁၁၉။ ICG, 2011.

၁၂၀။ Lintner, 2011.

၁၂၁။ တရုတ်ပညာရှင်နှင့်တွေ့ဆုံမေးမြန်းခန်း၊ အောက်တိုဘာလ၊ ၂၀၁၁။

၁၂၂။ စိုက်ပျိုးရေးစီမံကိန်းဌာန(ဒီအေပီ)၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(အမ်မ်အိုအေအိုင်)၊ ၂၀၀၉။

၁၂၃။ EarthRights International (ERI), 2009.

၁၂၄။ တွေ့ဆုံမေးမြန်းခန်း၊ စက်တင်ဘာလ၊ ၂၀၁၀။

၁၂၅။ ဂျာ၊ အယ်လ်၊ ၂၀၀၃၊ “Burma FM claims Progress towards Development Goals”၊ ဧရာဝတီ၊ စက်တင်ဘာလ၊ ၂၂ရက်။

၁၂၆။ Hudson-Rodd, Nyunt, and Htay, 2003.

၁၂၇။ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) နှင့်ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (ယူအင်န်ဒီပီ)၊ ၂၀၀၄။

၁၂၈။ ActionAid, 2006.

၁၂၉။ တွေ့ဆုံမေးမြန်းခန်း၊ ရန်ကုန်၊ ဒီဇင်ဘာ၊ ၂၀၁၁။

၁၃၀။ တွေ့ဆုံမေးမြန်းခန်း၊ ရန်ကုန်၊ အောက်တိုဘာ၊ ၂၀၁၀။

၁၃၁။ တွေ့ဆုံမေးမြန်းခန်း၊ ရန်ကုန်၊ဇူလိုင်လ၊ ၂၀၀၉။

၁၃၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (ဂျီအိုယူအမ်မ်)၊ ၂၀၀၈။

၁၃၃။ စိုက်ပျိုးရေးစီမံကိန်းဌာန (ဒီအေပီ)၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (အမ်မ်အိုအေအိုင်)၊ ၂၀၀၉။

၁၃၄။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (အမ်မ်အိုအေအိုင်)၊ ၂၀၀၂။

၁၃၅။ Myanmar Agricultural Consensus (MAC), 2003၊ မြန်မာနိုင်ငံသဘာဝပတ်ဝန်းရေးရာအမျိုးသားကော်မရှင် (အင်န်စီအီးအေ) နှင့်စီမံကိန်းရေးရာအတွင်းရေးမှူးရုံး ကမ္ဘာ့ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်အစီအစဉ်၊အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာအရင်းအမြစ်ဌာန၊ ၂၀၀၆။

၁၃၆။ အက်ဖ်အေအိုနှင့်ယူအင်န်ဒီပီ၊၂၀၀၄။

၁၃၇။ အမ်မ်အိုအေအိုင်၊၂၀၀၂။

၁၃၈။ MAC, 2003.

၁၃၉။ ဤမြေဇကေပမာဏသည် ၁၉၅၀ ခုနှစ်ပြည်သူပိုင်သိမ်းခြင်းဥပဒေအရ သိမ်းယူထားခဲ့သောမြေများ ဖြစ်ကြသည်။

၁၄၀။ စိုက်ပျိုးရေးစီမံကိန်းဌာန (ဒီအေပီ)၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (အမ်မ်အို အေအိုင်)၊ ၂၀၁၀အေ။

၁၄၁။ ဒီအေပီနှင့်အမ်မ်အိုအေအိုင်၊ ၂၀၁၀အေ။

၁၄၂။ New Light of Myanmar, 2002, "Tanintharyi Division geared towards new oil bowl of Myanmar"၊ ဇန်နဝါရီလ၊ ၅ ရက်။ စိုက်ပျိုးရေးစီမံကိန်းဌာန (ဒီအေပီ)၊ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန (အမ်မ်အိုအေအိုင်)၊ ၂၀၁၀ဘီ။

၁၄၃။ ဒီအေပီ ၂၀၁၀အေ၊ တိုင်းရင်းသားလူမျိုးစုလူထုဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (အီးစီဒီအက်ဖ်)၊ ၂၀၀၈။

၁၄၄။ Kachin Development Networking Group (KDNG), 2010.

၁၄၅။ မြောက်ပိုင်းနယ်စပ်တွင်စိုက်ပျိုးထားသောသီးနှံအားလုံးပါမပါနှင့်မြန်မာနိုင်ငံမြောက်ပိုင်းစိုက်ပျိုးရေးကဏ္ဍရှိကိန်းဂဏန်းများသည်တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့်မည်သည့်အတိုင်းအတာအထိဆက်စပ်လျက်ရှိကြောင်းစသည်တို့သည်ဤအဆင့်သတ်မှတ်ချက်တွင် မည်သည့်အတွက်ကြောင့်ပါဝင်ဖော်ပြသတ်မှတ်နိုင်ကြောင်းရှင်းလင်းမှုမရှိချေ။

၁၄၆။ မြန်မာ့လယ်ယာစိုက်ပျိုးရေးလုပ်ငန်း (အမ်မ်အေအက်စ်)၊ ၂၀၀၈၊ မြန်မာနိုင်ငံစာရင်းအင်းများ၊ စီဒီ-ရွမ်၊ ရန်ကုန်၊ မြန်မာ။

၁၄၇။ အမ်မ်အေစီ၊ ၂၀၀၃။

၁၄၈။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(အက်စ်အယ်လ်အာရ်ဒီ)နှင့်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန (အမ်မ်အိုအေအိုင်)၊ ၂၀၀၇။

၁၄၉။ အက်စ်အယ်လ်အာရ်ဒီ၊ ၂၀၀၇။

၁၅၀။ Burma Environmental Working Group (BEWG), 2011.

၁၅၁။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအငြိမ်းစားအရာထမ်းနှင့်တွေ့ဆုံမေးမြန်းခန်း၊ ၂၀၁၁။

၁၅၂။ အီကိုဒက်ဗ်၊ ၂၀၀၈။

၁၅၃။ အက်ဖ်အေအိုနှင့်ယူအင်န်ဒီပီ၊ ၂၀၀၄။

၁၅၄။ Center on Housing Rights and Evictions (COHRE), 2007.

၁၅၅။ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)၊ ၂၀၀၇။

၁၅၆။ COHRE, 2007.

၁၅၇။ စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းအဖွဲ့ (အက်ဖ်အက်စ်ဒဗလျူဂျီ)၊ ၂၀၀၄။

၁၅၈။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) နှင့်အမျိုးသားအဟာရဗဟိုဌာန၊ ၂၀၀၅။

၁၅၉။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (ယူအင်န်ဒီပီ)၊ ၂၀၀၇။

၁၆၀။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)၊ ၂၀၁၀။

၁၆၁။ အမ်မ်အေစီ၊ ၂၀၀၃။

၁၆၂။ မြန်မာစိုက်ပျိုးစီးပွားရင်းနှီးမြှုပ်နှံသူနှင့်တွေ့ဆုံမေးမြန်းခန်း၊ ရန်ကုန်၊ ၂၀၁၀၊ ၂၀၁၁။

၁၆၃။ နယ်စပ်ဒေသငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းရှိနေ့စားအလုပ်သမားများနှင့်ဒေသခံသုတေသီတို့တွေ့ဆုံမေးမြန်းခန်း၊ ၂၀၁၀။

၁၆၄။ ဂျင်နီဖရန်ကိုသည် တီအင်အိုင်၏တွဲဘက်သုတေသနမှူးနှင့် ကျေးလက်ရေးရာနိုင်ငံရေး၊ မြေယာ နိုင်ငံရေး၊ မြေယာအခွင့်အရေးနှင့်ကျေးလက်လူမှုလှုပ်ရှားမှုရေးရာများတွင်အထူးပြုပြီး၊ တရုတ်နိုင်ငံဘေဂျင်းရှိ တရုတ်စိုက်ပျိုးရေးတက္ကသိုလ်၏တွဲဘက်ပါမောက္ခဖြစ်သည်။ သူမ၏လတ်တလောဆောင်ရွက်မှုသည်မြေယာနှင့်ရေ သိမ်းယူခြင်းဆိုင်ရာနိုင်ငံရေးအပြောင်းအလဲအပေါ်တွင်လေ့လာအလေးထားလေ့လာထားသည်။

၁၆၅။ ကမ္ဘာ့ဘဏ်၊ ၂၀၁၀။

၁၆၆။ Oxfam, 2011.

၁၆၇။ TNI, 2009b.

၁၆၈။ Hla Myint, 2007.

၁၆၉။ Boot, 2009.

၁၇၀။ စိုက်ပျိုးရေးစီမံကိန်းဌာန (ဒီအေပီ)၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (အမ်မ်အိုအေအိုင်)၊ ၂၀၀၈။

၁၇၁။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (အမ်မ်အေအက်စ်)၊ ၂၀၁၀။

၁၇၂။ စိုက်ပျိုးစီးပွားနှင့်ကျေးလက်ဖွံ့ဖြိုးရေးအတိုင်ပင်ခံအဖွဲ့ (အေအာရ်ဒီစီ) မှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံမေးမြန်းခန်း၊ ရန်ကုန်၊ နိုဝင်ဘာလ၊ ၂၀၁၀။

၁၇၃။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (အမ်မ်အိုအေအိုင်)၊ ၂၀၀၉။

၁၇၄။ Noam, 2010.

၁၇၅။ Hla Myint, 2007.

၁၇၆။ LNDO, 2009.

၁၇၇။ TNI research, 2009-2010. အပစ်ရပ်အဖွဲ့များအားလုံးအား အစိုးရမှဖိအားပေးပြီး နောက်အင်န်ဒီအေ-ကေသည် မြန်မာ့တပ်မတော်၏ကွပ်ကဲမှုအောက်၌ နယ်ခြားစောင့်တပ်ဖွဲ့သုံးဖွဲ့အဖြစ် အသွင်ပြောင်းလဲခဲ့သည်။ ကေအိုင်အိုအနေဖြင့် ၎င်း၏တောင်းဆိုချက်ဖြစ်သောနိုင်ငံရေးပြုပြင်ပြောင်းလဲမှုအားအစိုးရကမလိုက်လျော သည့်အတွက် နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးအားငြင်းဆန်ခဲ့သည်။

၁၇၈။ ကေအိုင်အိုဖွံ့ဖြိုးတိုးတက်ရေးတာဝန်ခံနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇူလိုင်လ၊ ၂၀၀၉။

၁၇၉။ ယူဒဗလျူအက်စ်အေဒုတိယဥက္ကဋ္ဌရှောက်မင်လုံနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဖေဖော်ဝါရီလ၊ ၂၀၀၉၊ ခရိမ်မာ၊ တီ၊ ၂၀၀၉။

၁၈၀။ ဟောင်ယုကုမ္ပဏီနှင့်တကွ ရှမ်းပြည်နယ်အတွင်းရှိ ၎င်း၏စိုက်ပျိုးခင်းများနှင့်ပတ်သက်သည့် နောက်ထပ်သတင်း အချက်အလက်များအတွက်၎င်း၏အင်တာနက်ဝက်ဘ်ဆိုက်ဒ်အားရည်ညွှန်းသည်။http://english.ynjd.gov.cn/pubnews/doc/read/tdfg/906991389.117111478/ index.asp

၁၈၁။ ဒေသခံသုတေသီများနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇွန်လ၊ ၂၀၀၉။

၁၈၂။ LNDO, 2009.

၁၈၃။ ဒေသခံသုတေသီများနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဒီဇင်ဘာလ၊၂ ၀၁၀။

၁၈၄။ ဒေသခံသုတေသီနှင်တွေ့ဆုံမေးမြန်းခန်း၊ ဇူလိုင်လ၊ ၂၀၀၉။

၁၈၅။ အမ်မ်အာရ်ပီပီအေနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇွန်လ၊ ၂၀၀၉။

၁၈၆။ မြန်မာ့ဖွံ့ဖြိုးရေးဝန်ထမ်းနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇူလိုင်လ၊ ၂၀၀၉။

၁၈၇။ မြန်မာ့ရာဘာဖွံ့ဖြိုးရေးကျွမ်းကျင်သူ၊ ဇွန်လ၊ ၂၀၀၉။

၁၈၈။ TNI, 2009b.

၁၈၉။ အထက်ပါအတိုင်း။

၁၉၀။ ပြည်တွင်းပဋိပက္ခများဆက်တိုက်ဖြစ်ပွားခဲ့သည့် ဆယ်စုနှစ်များအပြီးတွင် နိုင်ငံအတွင်းအတည်တကျမရှိသည့် ရွှေ့ပြောင်းနေထိုင်သူ (အိုင်ဒီပီ) ဦးရေသည် သိန်းဂဏန်းအထိရှိသည်။ ၂၀၀၅ ခု နှစ်မှ ၂၀၀၇ ခုနှစ်အတွင်း မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတစ်ခုတည်း၌ပင် အတင်းအဓမ္မရွှေ့ပြောင်းခံကြရသော အိုင်ဒီပီများအရေအတွက် သည် ၁၀၀,၀၀၀ ခန့်ရှိနေသည်။ (COHRE, 2007). ကေအိုင်အိုနှင့်အပစ်အခတ်ရပ်စဲမှုမရရှိခင်အထိ ခန့်မှန်းခြေကချင်လူဦးရေ၏သုံးပုံတစ်ပုံသည် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများဖြစ်ကြပြီး၊ ၁၉၆၀ ပြည့်နှစ်များ မှစ၍ စုစုပေါင်းဦးရေ ၁၀၀,၀၀၀ ခန့်ရှိပြီဖြစ်သည်။ ၁၉၉၀-ခုနှစ်များမှစ၍ ကချင်ရွာ ၁၀၀ ခန့်ဖျက်ဆီးခြင်းခံ ခဲ့ကြရပြီး၊ ကချင်ပြည်နယ်၏မြို့တော်မြစ်ကြီးနားနှင့် ၎င်း၏ပတ်ဝန်းကျင်ရှိ အစိုးရသတ်မှတ်ထားသည့်ရွှေ့ ပြောင်းအခြေချရန်နေရာများသို့ အတင်းအဓမ္မရွှေ့ပြောင်းခြင်းကိုခံခဲ့ကြရသည်။ COHRE, 2007.

၁၉၁။ Woods, 2011a. Baird and Shoemaker, 2007 ကိုလည်းရှု။ မြန်မာနိုင်ငံတွင်ဖြစ်ပွား လျက်ရှိသော ရာဘာစိုက်ပျိုးမှုနှင့်တောင်ပေါ်နေပြည်သူများ၏ ရွှေ့ပြောင်းမှုအသွင်ပုံစံများကိုအ လားတူထင်ဟပ်ဖေါ်ညွှန်း ပြသနေသောလာအိုနိုင်ငံဖြစ်ရပ်အတွက်။

၁၉၂။ ကေဒီအေသည် ရှမ်းပြည်မြောက်ပိုင်းတွင်အခြေစိုက်ပြီး၊အစိုးရနှင့်သီးခြားငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုရန်အတွက် ၁၉၉၁ ခုနှစ်၌ ကေအိုင်အိုမှခွဲထွက်ခဲ့သည်။

၁၉၃။ ယူဒဗလျူအက်စ်အေဒုတိယဥက္ကဋ္ဌရှောက်မင်လုံနှင့်တွေ့ဆုံမေးမြန်းခန်း၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ၊ ၁၂ရက်။

၁၉၄။ Kramer, 2007.

၁၉၅။ မြန်မာနိုင်ငံရှိအနောက်နိုင်ငံသားအကူအညီပေးရေးဝန်ထမ်းနှင့်တွေ့ဆုံမေးမြန်းခန်း၊ စက်တင် ဘာလ၊ ၂၀၀၈။

၁၉၆။ Woods, 2011b နှင့် Global Witness, 2003 ရှု။

၁၉၇။ မြန်မာနိုင်ငံရှိအပြည်ပြည်ဆိုင်ရာအကူအညီပေးရေးဝန်ထမ်းနှင့်တွေ့ဆုံမေးမြန်းခန်း၊ စက်တင်ဘာလ၊ ၂၀၀၈။

၁၉၈။ KDNG, 2010.

၁၉၉။ TNI, 2009a.

၂၀၀။ UNODC, 2011.

၂၀၁။ တိန်ချုံးခရိုင်ပါတီကော်မတီ၊ ၂၀၀၇။

၂၀၂။ တိန်ချုံးခရိုင်ပါတီကော်မတီ၊ ၂၀၀၇။

၂၀၃။ တရုတ်နိုင်ငံယူနန်ပြည်နယ်နှင့်အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းမဏိပူသို့တီအင်န်အိုင်အဖွဲ့ခရီး စဉ်များအတွင်း မျက်မြင်လေ့လာခြင်းများ။

၂၀၄။ သန့်မြင့်ဦး၊ ၂၀၀၈။

၂၀၅။ COHRE, 2007.

၂၀၆။ Smith, 1999. ဤနယ်မြေဒေသများအား 'ငှင်းဘာသာဘဝရပ်တည်ရှင်သန်နိုင်အောင်ဖြစ်ပေါ် လာခဲ့သည့် ဆူပူသောင်းကျန်းမှု'အဖြစ်ဖော်ပြသည့်၊ စာ ၈၈ရှု။

၂၀၇။ TNI-BCN Burma Policy Briefing, Nr. 7, June, 2011.

၂၀၈။ ကေအိုင်အိုစစ်ဦးစီးချုပ်ဂန်မော်နှင့်တွေ့ဆုံမေးမြန်းခန်း၊ အောက်တိုဘာလ၊ ၂၀၁၁။

၂၀၉။ Agence France-Press, "Myanmar tells army to stop attacks on rebels"၊ ၂၀၁၁၊ ဒီဇင် ဘာလ၊ ၁၂ရက်။

၂၁၀။ စိုးသန်းလင်း၊ 'Govt, KIO Agree to More Talks'၊ မြန်မာတိုင်းမ်စ်၊ ၂၃-၂၉၊ ဇန်နဝါရီလ၊ ၂၀၁၂။

၂၁၁။ တရုတ်ပညာရှင်နှင့်တွေ့ဆုံမေးမြန်းခန်း၊ စက်တင်ဘာလ၊ ၂၀၀၉။

၂၁၂။ ကူမင်းအစိုးရ၊ ၂၀၀၉။

၂၁၃။ ယောင်ယုကုမ္ပဏီဝက်ဘက်ဆိုက်ဒ်၊"Dedicating to Drug-crop Substitution Cultivation, Forging a Green Great Wall Project of Drug-crop Substitution Cultivation"၊

http://english.ynjd.gov.cn/pubnews/doc/read/tdf3/906991389.117111478/index.asp နောက်ဆုံးကြည့်ရှုသည့်နေ့၊ မတ်လ၊ ၂၀၀၉။

၂၁၄။ ဒေသခံသုတေသီနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇူလိုင်၊ ၂၀၀၉။

၂၁၅။ ကေအိုင်အိုဖွံ့ဖြိုးရေးလုပ်သားနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇူလိုင်၊ ၂၀၀၉။

၂၁၆။ ကေအိုင်အိုဖွံ့ဖြိုးရေးလုပ်သားနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇူလိုင်၊ ၂၀၀၉။

၂၁၇။ ယုဇနကုမ္ပဏီကိုယ်စားလှယ်နှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇွန်လ၊ ၂၀၀၈။ မြန်မာစိုက်ပျိုးစီးပွားရေးသမားနှင့်အင်တာဗျူး၊ ဇွန်လ၊ ၂၀၀၉။

၂၁၈။ KDNG, 2010.

၂၁၉။ KDNG, 2010.

၂၂၀။ KDNG, 2010.

၂၂၁။ Kachin Networking Group (KNG)၊ ၂၀၀၇။

၂၂၂။ ခင်နှင်းထက်၊ ၂၀၁၁၊ "Court 'cheats' Yuzana land grab victims"၊ ဒီမိုကရက်တစ်မြန်မာ့ အသံ၊ ဇန်နဝါရီလ၊ ၁၁ ရက်။

၂၂၃။ ကိုထွေး၊ ၂၀၁၁၊ "Kachin farmers fight on"၊ ဧရာဝတီမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၀ ရက်။

၂၂၄။ မဖျိုးမသတင်း၊ ၂၀၁၀၊ "Kachin teacher, land activist to stand in Hpakant for NDF'၊စက်တင်ဘာလ၊ ၂၄ ရက်။

၂၂၅။ မဖျိုးမသတင်း၊ ၂၀၁၁၊ "Burmese activists organize peace committee"၊ ဒီဇင်ဘာလ၊ ၆ ရက်။

၂၂၆။ UNODC, 2011a.

၂၂၇။ Kramer, 2007.

၂၂၈။ Kramer, 2009a.

၂၂၉။ Salween Watch, Southeast Asia Rivers Network (SEARIN) and Center for Social Development Studies, 2004.

၂၃၀။ ERI, 2009.

၂၃၁။ Kramer, 2007.

၂၃၂။ TNI-BCN Burma Policy Briefing, Nr. 7, June, 2011.

၂၃၃။ ကေအိုင်အိုနှင့်ယူဒဗလျူအက်စ်အေမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဒီဇင်ဘာလ၊ ၂၀၁၀။

၂၃၄။ SHAN, 2003.

၂၃၅။ TNI-BCN Burma Policy Briefing, Nr. 5, February, 2011.

၂၃၆။ ဒေသခံသုတေသီများနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဒီဇင်ဘာလ၊ ၂၀၁၀။

၂၃၇။ ဒီအေပီ၊ ၂၀၁၀။

၂၃၈။ အမ်မ်အေအက်စ်၊ ၂၀၁၀။

၂၃၉။ Noam, 2010.

၂၄၀။ ဒေသခံသုတေသီများနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဒီဇင်ဘာလ၊ ၂၀၁၀။

၂၄၁။ LNDO, 2009.

၂၄၂။ အမည်မသိ၊ ၂၀၁၁၊ "The Impacts of Rubber Plantations on the Cease-fire Area in Mongla Township in Eastern Shan State"၊ ပုံနှိပ်ထုတ်ဝေခြင်းမရှိ သောအစီရင်ခံစာ၊ ချင်းမိုင်၊ ထိုင်း။

၂၄၃။ http://xsbn.mofcom.gov.cn/aarticle/gonggao/200809/200809/05777443.html နှင့် http://xw169.net/kmpap/2008-09/02/content-1563164.htm (နောက်ဆုံးကြည့်ရှုသည့်နေ့၊ အောက်တိုဘာလ၊ ၂၀၀၉) မှရရှိသည့်အချက်အလက်ပေါ်မူတည်၍ ဇယားရေးဆွဲထားသည်။ အ ဆိုပါသတင်းအရင်းအမြစ်များသည် ကူမင်းမြူနီစီပယ်အစိုးရနှင့် စစ်ဆောင်ပန်နားစီရင်စုနယ်၊ စီးပွားရေးဌာနတို့မှ အကန့်အသတ်ဖြင့်ရရှိသောအချက်အလက်တို့ကိုသာပံ့ပိုးပေးနိုင်ပြီး၊ ပြည့်စုံခြင်းမရှိချေ။

၂၄၄။ Economic Observer, 2011, "China Looks to Alternative Sources as Corn Imports Look Set to Surge"၊ ဇွန်လ၊ ၂၃ရက်။

၂၄၅။ ဒေသခံသုတေသီနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဒီဇင်ဘာ၊ ၂၀၁၀။

၂၄၆။ Zhengshu, Ma၊ ရက်စွဲမရှိ၊ ယူနန်ပြောင်ယုအုပ်စုကုမ္ပဏီလီမီတက်၏ဥက္ကဋ္ဌ ၊"Dedicating to Drug-crop Substitution Cultivation, Forging a Green Great Wall Projcet of Drug-crop Substitution Cultivation"၊ http://english.ynjd.gov.cn/pubnews/doc/read/tdfz/906991389.117111478/ index.asp၊ နောက်ဆုံးကြည့်ရှုသည့်နေ့၊ မတ်လ၊ ၂၀၀၉။

၂၄၇။ Zhengshu, Ma၊ရက်စွဲမရှိ။

၂၄၈။ Zhengshu, Ma၊ရက်စွဲမရှိ။

၂၄၉။ LNDO, 2009.

၂၅၀။ BEWG, 2011.

၂၅၁။ ယူဒဗလျူအက်စ်အေဒုတိယဥက္ကဋ္ဌရှောက်မင်လုံနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဖေဖော်ဝါရီလ၊ ၂၀၀၉။

၂၅၂။ မြန်မာဖွံ့ဖြိုးရေးဝန်ထမ်းဟောင်းနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇူလိုင်လ၊ ၂၀၀၉။

၂၅၃။ ‘ဝ’စိုက်ပျိုးရေးအရာထမ်းနှင့်တွေ့ဆုံမေးမြန်းခန်း၊ တီအင်န်အိုင်အလုပ်ရုံဆွေးနွေးပွဲ၊ ကူမင်း၊ တရုတ်၊ နိုဝင်ဘာလ၊ ၂၀၁၀။

၂၅၄။ ဖွံ့ဖြိုးရေးဝန်ထမ်းနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇူလိုင်လ၊ ၂၀၀၉။

၂၅၅။ ယူဒဗလျူအက်စ်ပီခရိုင်ဒုတိယဥက္ကဋ္ဌနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဖေဖော်ဝါရီလ၊ ၂၀၀၉။

၂၅၆။ TNI, 2010.

၂၅၇။ ‘ဝ’စိုက်ပျိုးရေးအရာထမ်းနှင့်တွေ့ဆုံမေးမြန်းခန်း၊ တီအင်န်အိုင်အလုပ်ရုံဆွေးနွေးပွဲ၊ ကူမင်း၊တရုတ်၊ နိုဝင်ဘာလ၊ ၂၀၁၀။

၂၅၈။ ယူဒဗလျူအက်စ်အေဒုတိယဥက္ကဋ္ဌရှောက်မင်လုံနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဖေဖော်ဝါရီလ၊ ၂၀၀၉။

၂၅၉။ ဝိန်းကောင်ခရိုင်၊ မန်မန်ဆိုင်မြို့နယ်မှ၊ ၃၂ နှစ်အရွယ် ‘ဝ’ အမျိုးသားနှင့်တွေ့ဆုံမေးမြန်းခန်း၊ဖေဖော်ဝါရီလ၊ ၂၀၀၉။

၂၆၀။ ‘ဝ’စိုက်ပျိုးရေးအရာထမ်းနှင့်အင်တာဗျူး၊ နိုဝင်ဘာလ၊ ၂၀၁၀။

၂၆၁။ အနောက်နိုင်ငံသားအကူအညီပေးရေးဝန်ထမ်းနှင့်တွေ့ဆုံမေးမြန်းခန်း၊ စက်တင်ဘာလ၊ ၂၀၀၈။

၂၆၂။ အနောက်နိုင်ငံသားဖွံ့ဖြိုးရေးဝန်ထမ်းနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇူလိုင်လ၊ ၂၀၀၉။

၂၆၃။ ‘ဝ’စိုက်ပျိုးရေးတာဝန်ခံနှင့်တွေ့ဆုံမေးမြန်းခန်း၊ နိုဝင်ဘာလ၊ ၂၀၁၀။

၂၆၄။ TNI, 2009b.

၂၆၅။ SHAN, 2008.

၂၆၆။ အပြည်ပြည်ဆိုင်ရာအင်န်ဂျီအိုမှကန့်သတ်အစီရင်ခံစာ၊ ၂၀၀၈။

၂၆၇။ ယူဒဗလျူအက်စ်ပီခရိုင်ဒုတိယဥက္ကဋ္ဌနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဖေဖော်ဝါရီလ၊ ၂၀၀၉။

၂၆၈။ ဒဗလျူအက်ဖ်ပီကိုယ်စားလှယ်နှင့်တွေ့ဆုံမေးမြန်းခန်း၊ ဇူလိုင်လ၊ ၂၀၀၈။

၂၆၉။ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဝန်ထမ်းနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဧပြီလ၊ ၂၀၁၀။

၂၇၀။ LNDO, 2002.

၂၇၁။ ဘိန်းအစားထိုးစီမံကိန်း(အိုအာရ်ပီ)၊ ၂၀၀၃၊ မြန်မာနိုင်ငံအထူးဒေသ ၂ ၊ ‘ဝ’ တောင်ပိုင်း ၁၇၁ တပ်မတော်၊ စက်တင်ဘာလ၊ ၁၃ ရက်။

၂၇၂။ ကုလသမဂ္ဂကိုယ်စားလှယ်နှင့်တွေ့ဆုံမေးမြန်းခန်း၊ ဒီဇင်ဘာလ၊ ၂၀၁၀။

၂၇၃။ ရှမ်းပြည်နယ်အတွင်း အခြားထင်ရှားသောပြည်သူ့စစ်အဖွဲ့များမှာ မူဆယ်-နမ့်ခမ်းနယ်မြေရှိ ပန်ဆေးအဖွဲ့၊ ကွတ်ခိုင်နယ်မြေရှိကွတ်ခိုင်ပြည်သူ့စစ်အဖွဲ့နှင့်တာမိုးညဲပြည်သူ့စစ်အဖွဲ့၊ မူဆယ်-ကြူကုတ်နယ်မြေရှိ မုံးပေါ်ပြည်သူ့စစ်အဖွဲ့၊ မုံးကိုးနယ်မြေရှိမုံးကိုး/ဖောင်းဆိုင်အဖွဲ့နှင့် မိုင်းရယ်နယ်မြေရှိ မုံးဟင်/မုံးဟအဖွဲ့တို့ဖြစ်ကြသည်။ ၎င်းအဖွဲ့ခေါင်းဆောင်များမှအချို့သည် ၂၀၁၀ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်နေရာများနိုင်ရရှိခဲ့ကြသည်။ TNI-BCN Burma Policy Briefing Nr. 5, February, 2011. ကိုရှု။

၂၇၄။ ဒေသခံသုတေသီများနှင့်တွေ့ဆုံမေးမြန်းခန်းများ၊ ဒီဇင်ဘာ၊ ၂၀၁၀။

၂၇၅။ ဒေသခံသုတေသီများနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဒီဇင်ဘာ၊ ၂၀၁၀။

၂၇၆။ TNI-BCN Burma Policy Briefing, Nr. 5, February, 2011.

၂၇၇။ ဒေသခံသုတေသီများနှင့်တွေ့ဆုံမေးမြန်းခန်း၊ဒီဇင်ဘာ၊၂၀၁၀။

၂၇၈။ SHAN, 2011.

၂၇၉။ Yang, 1997.

၂၈၀။ လုံခြုံရေးအကြောင်းရပ်များကြောင့် ပါဝင်ခဲ့သောကျေးရွာများနှင့် ကျေးရွာအုပ်စုများ၏အမည်များကိုချန်လှပ်ထားခဲ့သည်။ ဖြစ်ရပ်လေ့လာမှုများသည် ၂၀၁၀ ခုနှစ်၌ ဒေသခံသုတေသီများစုဆောင်းထားရှိသည့် အချက်အလက်များအပေါ်တွင်အခြေပြုထားသည်။

၂၈၁။ ဒေသခံသုတေသီများနှင့်တွေ့ဆုံမေးမြန်းခန်းများ၊ ဒီဇင်ဘာလ၊ ၂၀၁၀။

၂၈၂။ ဒေသခံသုတေသီနှင့်တွေ့ဆုံမေးမြန်းခန်း၊ ဒီဇင်ဘာလ၊ ၂၀၁၀။

၂၈၃။ “မူးယစ်အစားထိုးစီမံကိန်း၏ စိုက်ပျိုးရေးထွက်ကုန်များနှင့်ပြုပြင်စီမံထားသောထွက်ကုန်များအား ပြည်တွင်းမှ ပြန်လည်ဝယ်ယူရေးအတွက် သွင်းကုန်ခွဲတမ်းလျှောက်ထားခြင်းဆိုင်ရာ အများပြည်သူသို့ကြေညာချက်၊ ၂၀၀၉ ခုနှစ်၊ကူမင်းမြို့”၊တရုတ်ဘာသာဖြင့်ရေးသားဖော်ပြထားသောဝက်ဘ်ဆိုက်ဒ် http://wx.km/169.net/kmpap/2008-09/02/content-1563164.htm နှင့် http://xsbn.mofcom.gov.cn.aarticle/gonggao/200809/2008090577743.html မှကောက်နှုတ်ထားသည်။နောက်ဆုံးကြည့်ရှုသည့်နေ့၊ မတ်လ၊ ၂၀၀၉။

## ကျမ်းကိုးစာရင်း

ActionAid, 2006. *Women's Land Rights*. ActionAid International Discussion Paper. Prepared for the International Conference on Agrarian Reform and Rural Development (ICARRD).

*Agence France-Press*, 2011. "Myanmar tells army to stop attacks on rebels." 12 December.

Anonymous, 2011. "The Impacts of Rubber Plantations on the cease-fire Area in Mongla Township in Eastern Shan State, Burma." Unpublished report. Chiang Mai, Thailand.

Boot, W., 2009. "Myanmar to Boost Rubber Plantations to meet Domestic Demand." *Irrawaddy Magazine*, 29 August.

Burma Environmental Working Group (BEWG), 2011. *Burma's Environment: People, Problems, Policies.* Chiang Mai, Thailand.

Baird, I. and B. Shoemaker, 2007. "Unsettling Experiences: Internal resettlement and international aid agencies in Laos." *Development and Change*. 38(5):865-888.

Blickman, T., 2011. *Amphetamine Type Stimulants and Harm Reduction: Experiences from Myanmar, Thailand and Southern China*. TNI Drug Policy Briefing, No.37, October.

Chin, Ko-lin, 2009. *The Golden Triangle: Inside Southeast Asia's Drugs Trade*. Ithaca: Cornell University Press.

Chin, Ko-lin and S.X. Zhang, 2007. *The Chinese Connection: Cross-border Drug Trafficking between Myanmar and China*. The United States Department of Justice, Office of Justice Programs, National Institute of Justice.

Chenyang, L. 2010. *China's Policy towards Myanmar and Sino-Myanmar Relations since 1988*.
Institute of Southeast Asian Studies, Yunnan University, Kunming, Yunnan.

Chenyang, L. and Hofmeister, w. (Eds.), 2010. Myanmar: Prospects for change. Singapore: NUS Press.

Chenyang, L. and L.L. Fook., 2010. "China's Policies Towards Myanmar: A successful model for dealing with the Myanmar issue?" In: Chenyang, L. and W. Hofmeister (Eds.), *Myanmar: Prospects for Change*. Singapore: NUS Press.

Center on Housing Rights and Evictions (COHRE), 2007. *Displacement and Dispossession:Forced Migration and Land Rights in Burma.* Burma Country Report.

Cohen, P., 2009. "The post-opium scenario and rubber in northern Laos: Alternative western and Chinese models of development." *International Journal of Drug Policy,* 20: 424–430.

Department of Agricultural Planning (DAP), Ministry of Agriculture and Irrigation (MoAI), 2008. *Myanmar Agriculture in Brief.* Government of the Union of Myanmar. Yangon, Myanmar.

Department of Agricultural Planning (DAP), Ministry of Agriculture and Irrigation (MoAI), 2009. *Myanmar Agriculture at a Glance.* Government of the Union of Myanmar (GoUM).

Department of Agricultural Planning (DAP), Ministry of Agriculture and Irrigation (MoAI), 2010a. Myanmar Agriculture in Brief. Government of the Union of Myanmar. Yangon, Myanmar.

Department of Agricultural Planning (DAP), Ministry of Agriculture and Irrigation (MoAI), 2010b. *Perennial Plantation Development in Myanmar, 2010-2011.* Union of Government of Myanmar (Burmese language).

Dikötter, F., Laamann, L. and Z. Xun, 2004. *Narcotics Culture, A History of Drugs in China, Hurst and Company*, London.

Ethnic Community Development Forum (ECDF), 2008. *Biofuel by Decree: Unmasking Burma's bio-energy fiasco.* Chiang Mai, Thailand.

EarthRights International (ERI), 2009. *Total Impact: The Human Rights, Environmental and Financial Impacts of Total and Chevron's Yadana Gas project in Military Ruled-Burma (Myanmar).* Chiang Mai, Thailand.

*Economic Observer*, 2011. "China Looks to Alternate Sources as Corn Imports Look Set to Surge." 23 June.

EcoDev, 2008. *The Result of Impact Monitoring and Assessment 2008 (Final Report)*. The Human Development Initiative of the United Nations Development Program in Myanmar. Yangon, Myanmar.

EU Presidency Paper, 2008. *Key points identified by EU experts to be included in the conclusion of the open-ended intergovernmental expert working group on international*

*cooperation on the eradication of illicit drug and on alternative development*, Open-ended intergovernmental expert working group on international cooperation on the eradication of illicit drug crops and on alternative development, Vienna, 2-4 July 2008, UNODC/CND/2008/WG.3/CRP.4.

Food and Agriculture Organization (FAO) and United Nations Development Programme (UNDP), 2004. *Myanmar Agricultural Sector Review and Investment Strategy*. Volume 1. Yangon: FAO and UNDP.

Food and Agriculture Organization (FAO), 2007. *Identification and Assessment of the Poor, Food Insecure and Vulnerable in the Union of Myanmar.* GCP/INT/952/EC-MYA. EC/FAO Cooperative Program.

Food Security Working Group (FSWG), 2004. "Food Security in Myanmar: A review of issues." (Unpublished). Yangon, Myanmar.

Global Commission on Drugs Policy, 2011. War on Drugs, Report of the Global Commission on Drugs Policy, June.

Global Witness. 2003. *A Conflict of Interests: the uncertain future of Burma's forests.* London.

Global Witness, 2009. *A Disharmonious Trade, China and the continued destruction of Burma's northern frontier forests.* London.

Government of the Union of Myanmar (GoUM), 2008. *Constitution of the Republic of the Union of Myanmar*. Yangon: Ministry of Information, Printing and Publishing Enterprise.

HIV/AIDS Asia Regional Program Yunnan (HAARP) Project, 2009. *First Year Project Progress Report,* July, Yunnan Office.

Hla Myint, 2007.*The Role of Myanmar Rubber Planters and Producers Association (MRPPA) in Natural Rubber Development and its Recent Activities*. International Rubber Conference. Siem Reap, Cambodia.

Horsey, R., 2011. *Who's Who in the New Myanmar Government*. Conflict Prevention and Peace Forum, 14 April.

Hudson-Rodd, N., Nyunt, M., Tun, S.T. and S. Htay, 2003. "The impact of the confiscation of land, labor, capital assets and forced relocation in Burma by the military regime." NCUB/FTUB discussion paper.

Human Rights Watch, 2010. *"Where Darkness Knows No Limits" Incarceration, Ill-Treatment, and Forced Labor as Drug Rehabilitation in China*, New York.

Images Asia and Pan Kachin Development Society (PKDS), 2004. *At What Price? Gold Mining in Kachin State*. Chiang Mai, Thailand.

International Workshop and Conference on Alternative Development (ICAD), 2011. "Report Workshop portion of the International Workshop and Conference on Alternative Development (ICAD)", 6 – 11 November, Chiang Rai and Chiang Mai Provinces, Thailand.

International Crisis Group (ICG), 2010. *China's Myanmar Strategy: Elections, ethnic politics and economics*. Asia Briefing No. 112. Beijing/Jakarta/Brussels, 21 September.

International Crisis Group (ICG), 2011. *Myanmar: Major Reform Underway*, Asia Briefing No.127, Jakarta/Brussels, 22 September.

International Harm Reduction Association (IHRA), 2010. *Global State of Harm Reduction 2010 Key issues for broadening the response.* London.

Jelsma, M., Kramer, T. and P. Vervest (Eds.), 2005. Trouble in the Triangle, Opium and Conflict in Burma, Silkworm Books, Chiang Mai, July.

JHA, L., 2003. "BURMA FM CLAIMS PROGRESS TOWARDS DEVELOPMENT GOALS." *IRRAWADDY MAGAZINE*. 22 SEPTEMBER.

Jianwen, Q., 2010. *Summary Report of the Development of Poppy Substitution in the Peripheries of Yunnan Province*. Presented at TNI-GTZ Second Southeast Asia Informal Drugs Policy Dialogue. Bangkok, Thailand, 19-21 April.

Jianwen, Q. 2010b. Yunnan Provincial Document No. 6 (2005), Issued in May 2005.

Kachin Development Networking Group (KDNG), 2010. *Tryants, Tycoons and Tigers: Yuzana company ravages Burma's Hugawng Valley*. Chiang Mai, Thailand.

Kachin Development Networking Group (KDNG) and Kachin Environment Organisation (KEO), 2007. "Damming the Irrawaddy", Chiang Mai, Thailand.

Kachin Networking Group (KNG), 2007. "HVDAPC members forcibly confined to Hugawng Valley." 9 October.

Khin Hnin Htet, 2011. "Court 'cheats' Yuzana land grab victims." *Democratic Voice of Myanmar*. 11 January.

Ko Htwe, 2011. “Kachin farmers fight on.” *Irrawaddy Magazine*. 10 January.

Kramer, T., 2007. *The United Wa State Party: Narco-Army or Ethnic Nationalist Party?* Policy Studies 38 (Southeast Asia), East-West Center, Washington.

Kramer, T., 2009a. *Neither War nor Peace: The Future of the Cease-fire Agreements in Burma*. Transnational Institute, Amsterdam.

Kramer, T., 2009b. *Burma’s Cease-fires at Risk; Consequences of the Kokang Crisis for Peace and Democracy*. Transnational Institute, Amsterdam.

Kramer, T., 2010. *An Assessment of the Impact of the Global Financial Crisis on Sustainable Alternative Development, Key Determinant Factors for Opium Poppy Re-cultivation in Southeast Asia*, United Nations Office on Drugs and Crime (UNODC), May.

Kudo, T. and F. Mieno, 2009. “Trade, foreign investment and Myanmar’s economic development in the transition to an open economy.” In: Fujita, K., Mieno, F., I. Okamoto (Eds.). The Economic Transition in Myanmar After 1988: Market Economy Versus State Control. Pp.103-127. Center for Southeast Asian Studies. Kyoto: Kyoto University.

Kunming government, 2009. “Public announcement: quota application for domestic buy-back of agricultural products and processed product of drug substitution project in 2009.” Kunming City, Yunnan government, China.

Kyaw Hsan, 2011. “Government already acceded to peace proposals of KIO to most possible degree.” *New Light of Myanmar*. 13 August.

Lahu National Development Organization (LNDO), 2002. *Unsettling Moves: The Wa forced resettlment program in Eastern Shan State (1999-2001)*. Chiang Mai, Thailand.

Lahu National Development Organisation (LNDO), 2009. “Rubber Mania: Scrambling to supply China, can ordinary farmers benefit?” *Undercurrents*, Issue 3. Chiang Mai, Thailand.

Le Bail, H. and A. Tournier, 2010. *From Kunming to Mandalay: The New ‘Burma Road’. Developments along the Sino-Myanmar Border Since 1988*. Centre Asie IFRI.

Lintner, B., 1990. *The Rise and Fall of the Communist Party of Burma (CPB).* Cornell Southeast Asia Program, Ithaca.

Lintner, B., 1999. *Burma in Revolt: Opium and Insurgency since 1948.* Chiang Mai, Thailand: Silkworm Books.

Lintner, B., 2011. "What Made Burma Shelve the Chinese Megadam? Hint: it wasn't public opinion." *YaleGlobal*. 5 October.

Liu, Z., Lian, Z., Zhao, C., 2006. "Drug use and HIV/AIDS in China." *Drug Alcohol Rev*iew. March, 25(2):173-5.

Lu, Hong, Terance D. Miethe and Bin Liang, 2009. *China's Drug Practices and Policies,*

*Regulating Controlled Substances in a Global Context*, Ashgate Publishing Ltd., Farnham, England.

Marn Thu Shein and Chan Myae Thu, 2011. "Sixty-five percent of foreign investment

concentrated in resource rich Kachin, Rakhine, Shan States." *Eleven Media Group.* 20 October.

McCoy, Alfred W., 1991.The Politics of Heroin, CIA Complicity in the Global Drug Trade, Lawrence Hill Books, New York.

Milieu Defensie, 2009. *Sanctioned but Not Stopped: Research on timber trade between the European Union and Burma.* Amsterdam.

Ministry of Agriculture and Irrigation (MoAI), 2002. "Master Plan for Agriculture Development (2001-2002 to 2030 – 2031)." Government of Union of Myanmar (GoUM), Yangon, Myanmar.

Ministry of Agriculture and Irrigation (MoAI), 2009. *Myanma Long Term Plantation of Project Office of the State Manager, Kachin State, Myitkyina*. First Quarterly Report on Task Implementation of 2009. Union of Government of Myanmar.

Mizzima News, 2010. "Kachin teacher, land activist to stand in Hpakant for NDF." 24 September.

Mizzima News, 2011. "Burmese activists organize peace committee." 6 December.

Myanmar Agriculture Service (MAS), 2008. Myanmar national statistics on CD-ROM. Yangon, Myanmar.

Myanmar Agriculture Service (MAS), 2010. National Agriculture Statistics. Government of the Union of Myanmar (In Burmese language).

Myanmar Agricultural Consensus (MAC), 2003. "Rural Statistics from Agricultural Census." Settlement and Lands Records Department (SLRD), Ministry of Agriculture and Irrigation (MoAI). Government of the Union of Myanmar (GoUM), Yangon, Myanmar.

National Commission for Environmental Affairs Myanmar (NCEA) and Project Secretariat UN Environmental Programme Regional Resource Centre for Asia and the Pacific, 2006. *Myanmar National Environmental Performance Assessment (EPA) Report*. Asian Development Bank (ADB), Global Environment Facility (GEF), and UN Development Programme (UNDP).

New Light of Myanmar, 2002. "Tanintharyi Division geared towards new oil bowl of Myanmar." 5 January.

New Light of Myanmar, 2011. "Six Agreements Signed at Second Union Level Peace Talk." 29 December.

Noam, Z., 2010. "White Gold Rush." *Irrawaddy Magazine*, Volume 18. No 6.

Office of China National Narcotic Control Commission (NNCC), 2008. *Annual Report on Drug Control in China*. Beijing, China.

Opium Replacement Projects (O.R.P.), 2003. Special Region (2) of Myanmar, 171 Army of Southern Wa, 13 September.

Oxfam, 2011. *Land and Power: The growing scandal surrounding the new wave of investments in land.* 151 Oxfam Briefing Paper. http://www.oxfam.org/en/grow/policy/land-and-power. Downloaded 25 September 2011.

Palaung Youth Network Group (PYNG), 2007. "Under the Boot: The Burma Army clears the way for Chinese dams on the Shweli River". Chiang Mai, Thailand.

Palaung Women's Organisation (PWO), 2006. *Poisoned Flowers, The Impact of Spiralling Drug Addiction on Palaung Women in Burma*. Mae Sod, Thailand.

PWO, 2010. *Poisoned Hills, Opium Cultivation Surges under Government Control in Burma.*

PWO, 2011. *Still Poisoned, Opium Cultivation Soars in Palaung Areas under Burma's New Regime*. October, Mae Sod, Thailand.

Phongpaichit, P. 2003. *Drugs Policy in Thailand*. Senlis Council International Symposium on Global Drugs Policy. Lisbon, 23-25 October.

Poon Kim Shee, 2002. *The Political Economy of China-Myanmar Relations: Strategic and Economic Dimensions*. The International Study Association of Ritsumeikan University.

Qian, Han-Zhu, Schumacher, J., Chen, H.T. and Y. Ruan. 2006. "Injection drug use and

HIV/AIDS in China: Review of current situation, prevention and policy implications." *Harm Reduction Journal*.

Reuters, 2009. "China to build Myanmar oil, gas lines from September." 15 June.
Salween Watch, Southeast Asia Rivers Network (SEARIN), and Center for Social Development Studies, 2004. "The Salween under Threat: Damming the longest free river in Southeast Asia." Chiang Mai, Thailand; Kyaw Thu, 2008. "Kachin hydropower study due in December." *The Myanmar Times*. 24-30 March.

Saw Yan Naing, 2008. "Irrawaddy dam construction begins, human rights abuses begin." *Irrawaddy*. 29 January.

Shan Herald Agency for News (SHAN), 2003. *Show Business: Rangoon's 'War on Drugs' in Shan State.* 2nd Edition. Chiang Mai, Thailand.

SHAN, 2005. *Hands in Glove*, *The Burma Army and the Drug Trade in Shan State*, Chiangmai.

SHAN, 2007. *Shan Drug Watch 2007*, Newsletter, June, issue 1.

SHAN, 2009. *Shan Drug Watch 2009*, Newsletter, June, issue 2.

SHAN, 2010. *Shan Drug Watch 2010*, Newsletter, June, issue 3.

SHAN, 2011. *Drugs Lords in Parliament, Shan Drug Watch 2011*, Newsletter, June, issue 4.

Shi, W., 2008. *Rubber Boom in Luang Namtha: A transnational perspective.* GTZ.

Settlement and Land Records Department (SLRD), Ministry of Agriculture and Irrigation (MoAI), 2007. *Report on Myanmar Census of Agriculture 2003 (Union).* Government of the Union of Myanmar (GoUM). Yangon, Myanmar.

Smith, M., 1999. *Burma: Insurgency and the Politics of Ethnicity*. London: Zed Books.

Smith, M., 2007. *State of Strife: The Dynamics of Ethnic Conflict in Burma*. East-West Center, Washington DC.

Song Qingrun, 2010. *The Improvement of U.S.-Myanmar Relations Processes, Reasons and Prospects*, Asia Paper, Institute for Security and Development Policy, Stockholm, September.

South, Ashley. 2008. *Ethnic Politics in Burma: States of Conflict*. Routledge, London and New York.

Swanström, Niklas and Yin He, 2006. *China's War on Narcotics: Two Perspectives*, Silk Road Paper - Central Asia-Caucasus Institute & Silk Road Studies Program, December.

http://www.silkroadstudies.org/new/docs/Silkroadpapers/2006/0612PRCNarcotics.pdf

Tengchong County Party Committee and the Tengchong County Government, 2007.

"Celebrating the Tengchong-Myitkyina Road's Opening."

Thant Myint-U, 2008. *The River of Lost Footsteps. A personal history of Burma*. Farrar, Straus and Giroux Press.

Thant Myint-U, 2011. *Where China meets India, Burma and the New Crossroads of Asia*, Farrar, Straus and Giroux, New York.

Transnational Institute (TNI), 2003. *Drugs and Conflict in Burma (Myanmar): Dilemmas for Policy Responses.* Martin Jelsma, Tom Kramer, Pietje Vervest, Drugs & Conflict Debate Papers No.9, Amsterdam.

TNI, 2006. *Downward Spiral, Banning Opium in Burma and Afghanistan*, Drugs & Conflict Debate Papers No.12, Amsterdam.

TNI, 2009a. *Withdrawal Symptoms in the Golden Triangle: A Drugs Market in Disarray.* Tom Kramer, Martin Jelsma and Tom Blickman, Amsterdam.

TNI, 2009b. *From Golden Triangle to Rubber Belt? The Future of Opium Bans in the Kokang and Wa Regions*, Tom Kramer, Drug Policy Briefing No. 29, Amsterdam.

TNI, 2010. *Alternative Development or Business as Usual? China's Opium Substitution Policy in Burma and Laos.* Drug Policy Briefing, No.33, Amsterdam.

Transnational Institute-Burma Centrum Netherlands (TNI-BCN), 2010a. *Unlevel Playing Field: Burma's Election Landscape*. Burma Policy Briefing No.3, Amsterdam.

TNI-BCN, 2010b. *A Changing Ethnic Landscape: Analysis of Burma's 2010 Polls*. Burma Policy Briefing No.4, Amsterdam.

TNI-BCN, 2011a. *Ethnic Politics in Burma: The Time for Solutions.* Burma Policy Briefing No. 5. Amsterdam.

TNI-BCN, 2011b. *Conflict or Peace? Ethnic Unrest Intensifies in Burma*. Burma Policy Briefing No. 7, Amsterdam.

United Nations Development Programme (UNDP), 2007. *Integrated Household Living Conditions Survey*. Yangon, Myanmar.

UNDP, 2011. Human Development Report 2011, *Sustainability and Equity: A Better Future for All, Explanatory note on 2011 HDR composite indices Myanmar*,

United Nations Office on Drugs and Crime (UNODC) 2005. *Thematic Evaluation of United Nations Office on Drugs and Crime Alternative Development Initiatives*, Independent Evaluation Unit, November.

United Nations Office on Drugs and Crime (UNODC), 2010b. *South-East Asia Opium Survey 2010: Lao PDR, Myanmar*. Bangkok, Thailand

United Nations Office on Drugs and Crime (UNODC), 2011a. *South-East Asia Opium Survey 2011: Lao PDR, Myanmar.* Bangkok, Thailand.

United Nations Office on Drugs and Crime (UNODC), 2011b. Sub-Regional Action Plan On Drug Control 2011-2013, May.

United States Department of State, 2007. *International Narcotics Control Strategy Report*. Washington DC.

United States Department of State, 2011. *International Narcotics Control Strategy Report*.

Woods, K., 2011a. “Ceasefire Capitalism: Military-private partnerships, resource concessions and military-state building in the Burma-China borderlands.” *Journal of Peasant Studies*, 38(4): 747-770.

Woods, K., 2011b. “Rubber planting and military-state making: Military-private partnerships in northern Burma.” 4 February. http://asiapacific.anu.edu.au/newmandala/2011/02/04/rubber-planting-and-military-state-making-military-private-partnerships-in-northern-burma/.

World Bank, 2010. *Rising Global Interest in Farmland: Can it yield sustainable and equitable benefits?* Washington DC.

World Food Program (WFP), 2010. *An Analysis of the Food Security Situation in Selected Areas Across Kokang.* Vulnerability Analysis and Mapping Unit (VAM). Yangon, Myanmar.

World Food Program (WFP) and National Nutrition Center, 2005. *Nutrition Survey in WFP Project Areas in Magway, Lashio, Kokang and Wa, April to June 2005*. WFP-Myanmar with technical support from National Nutrition Centre. Ministry of Health. Yangon, Myanmar.

World Health Organization (WHO). 2011. Technical Brief 2: Harm reduction and brief intervention for ATS users, Technical Briefs on amphetamine-type stimulants (ATS), Regional Office for the Western Pacific.

Yang, L., 1997. *House of Yang: Guardians of an Unknown Frontier*. Sydney: Bookpress.

Yunnan State Council, 2006. “The Approval of the State Council for the Poppy Substitution Development Programme carried out in Myanmar and Northern Laos.” State Document No.22.

Zhu, Guangsheng, 2001. *A Marvel Benefit to Human Being: Witnessing China’s aid on eradicating opium planting in the golden triangle by substituting restoration.* Yunnan’s People’s Publishing House. Kunming, Yunnan, China.